စိတ်ကူးချိုချိုအနုပညာ

# ဗန်းမော်တင်အောင်

ကြေးစား



ဗန်းမော်တင်အောင်ရာပြည့်အမှတ်တရ

ပြန်လည်ရိုက်နှိပ်ခြင်း

စိတ်ကူးချိုချိုစာအုပ်

# ကြေးစား

ဇန်းမော်တင်အောင်

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၂၀

ကြေးစား၊ ပန်းမော်တင်အောင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၂၈၇++ မျက်နှာ၊ ၁၃ စင်တီ× ၁၉ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ မတ်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၇၅၊ အင်ကြင်းမြိုင်စာပေ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

# ကြေးစား

ဗန်းမော်တင်အောင်

I shall never exchange my fetters for slavish servility. 'Tis better to be chained to the rock than bound to the service of zeus.

**Aeschylus.**
**(from prometheus bound)**

Prometheus is the noblest of saints and martyrs in the calender of philosophy.

**Marx.**
**(from philosophy of Democritus and philosophy of Epicurus.)**

# မာတိကာ


၁။ စည်သာ ၁
၂။ စည်သာမြို့စားကြီး ၁၉
၃။ စည်သာမြို့၏ လှခေါင်မင်း ၃၆
၄။ တောပုန်းကြီး မိုးကျော် ၅၈
၅။ လှခေါင်မင်းနှင့် တောပုန်းကြီး ၇၇
၆။ ဦးခေါင်းပြတ်တစ်လုံးနှင့် မိန်းမလှတစ်ယောက် ၉၄
၇။ စစ်ကဲကြီးနှင့် လူဆိုးငအောင်ကြီး ၁၁၅
၈။ သူ့ကိုယ်သူ စတင်တွေ့ရှိသွားသော အောင်ကြီး ၁၃၅
၉။ တွယ်ရာမဲ့ အောင်ကြီး ၁၅၅
၁၀။ ကြေးစားပုတ်ပြတ် ၁၇၇
၁၁။ လွတ်ရက်မရှိသော ရာဇဝတ်အကျဉ်းသား ၂၀၂
၁၂။ ကြေးစား အောင်ကြီး ၂၂၃
၁၃။ မင်းဝံချောင်းဖျား ၂၃၇
၁၄။ ဗိုလ်တောက်ထွန်း ၂၅၄
၁၅။ ဣန္ဒာရုံနှင့် အနိန္ဒာရုံ ၂၆၉


❐

# စည်သာ

## [ ၁ ]

တောင်ကိုလျှောက်လာခဲ့ပြီးနောက် မြောက်အရပ်တစ်ခွင်သို့ မျှော်ရှုလိုက်လျှင် နှင်းသောက်နေသော ဥတ္တရတောင်ကုန်းတောင်တန်းကြီးများကို ခပ်ရေးရေးတွေ့မြင်နိုင်၏။ ပင်လယ်ရေမျက်နှာပြင်အထက်ပေ ခုနှစ်ထောင်သာသာခန့်မြင့်၏။ ယင်းတောင်ကုန်းတောင်တန်းကြီးများကို ဖုံးလွှမ်းလျက်ရှိသော သစ်တောကြီးများအတွင်း ပြောင်၊ ဆင်များနှင့် ကျားသစ် စသော သားရဲနှင့် တောကောင်ကြီးငယ်များ ထူပြောကျက်စားတတ်၏။ အလွန်တရာ ကြမ်းတမ်းရိုင်းစိုင်းသော အရပ်ဒေသဖြစ်၍ လူသူရောက်ခဲပေါက်ခဲ၏။

ဆောင်းရာသီများတွင် နှင်းဆောင်းလေ့ရှိသော ဥတ္တရတောင်ကုန်းတောင်တန်းများတစ်ဝိုက်တွင် ရွှေမင်းဝံသည် ချောင်းဖျားတိုက်၏။ တောင်ခြေတစ်ဝိုက်တွင် ထူပြောသော ကျောက်ခုတင်နှင့် ကျောက်ဆောင်ကြီးများအကြား ခုန်ပေါက်စီးဆင်းလေ့ရှိ၏။ ထို့နောက် စိမ့်ကြီးမြိုင်ကြီး၍ နေရောင်ပင်ထိုးဖောက်ခြင်းငှာ မတတ်နိုင်သော သစ်တော၊ ဝါးတော

ကြီးများအကြား ဝါးလုံးထိုး ဖြတ်သန်း၏။ ယင်းသို့ သစ်တော၊ ဝါးတော ကြီးများအတွင်း တဝေါဝေါ အော်မြည်စီးဆင်းရင်း တစ်စထက်တစ်စ တောပါးလာပြီးနောက် ညီညာပြန့်ပြူးသောကွင်းအစပ်သို့ ဝင်ရောက်၏။

ယင်းသို့ တစ်စထက်တစ်စ ညီညာပြန့်ပြူးသော လယ်ကွင်းယာတောနှင့် ကိုင်းရုံများ၊ ကျေးရွာများကို ကျော်လွှားဖြတ်သန်းရင်း ရွှေမင်းဝံသည် မိမိ၏ရေအလျဉ်ကို တစ်စထက်တစ်စ ကိုယ်ရှိန်သတ်မှန်းမသိ သတ်ကာ မြန်မာနိုင်ငံကို မြောက်နှင့်တောင် တူးမြောင်းဖောက်၍ တသွင်သွင်စီးဆင်းလျက်ရှိသော မြစ်ကြီးဧရာနှင့် တွေ့ဆုံပေါင်းစည်း၍သွား၏။ မြစ်ချောင်း မင်းဝံနှင့် ဧရာမြစ်မင်းတို့ တွေ့ဆုံပေါင်းစည်းရာ ကိုယ်တူခွဟုလည်း ဆိုရသော မြစ်လျှာစွန်းတွင် စည်သာမြို့ကို မြို့ရိုးများဖြင့်ကောင်းစွာစီရင်ထား၏။ လက်နက်ကိုင်တပ်များနှင့်လည်း ကောင်းစွာကာကွယ်ထား၏။

# [၂]

မဇ္ဈိမခေတ် မြန်မာနိုင်ငံသမိုင်း၏ နောက်ဆုံးမင်းဆက်ဖြစ်သော ကုန်းဘောင်မင်းဘုရင်များ ဘုန်းတန်ခိုးအာဏာ မသစ်ထွန်းမီက စည်သာသည် ဘုရင်အစိုးရအဆက်ဆက် မေ့လျော့ခြင်းခံခဲ့ရသော ကျေးရွာငယ်တစ်ရွာမျှသာဖြစ်၏။ လူနေအိမ်ခြေအစိတ်သုံးဆယ် ခန့်မျှပင်မရတတ်။ အလွန်တရာလည်း ခေတ်နောက်ကျမွဲကျန်၏။ စီးပွားရေးလုပ်ငန်းဆို၍ လက်ညှိုးထိုးပြလောက်စရာမရှိ။ ရေမှုဆိုးနှင့် တောင်ယာပဲခင်း စသော ဝမ်းစာလုပ်ငန်းကလေးမျှလောက်သာရှိ၏။ ထို့ကြောင့်လွှတ်တော်၏ စစ်တမ်းများတွင် စာရင်းအတို့မခံခဲ့ရပေ။

သို့ရာတွင် ကုန်းဘောင်မင်းဆက်ဘုရင်များ နိုင်ငံရေးတန်ခိုးအာဏာ

သစ်ထွန်းလာချိန်လောက်မှ အစပြုကာ စည်သာသည် နေပြည်တော်၏ အရေးထားစာရင်းသွင်းခြင်းကို တစ်စထက်တစ်စ ခံယူရရှိလာ၏။ ကုန်းဘောင်ခေတ် မြန်မာနိုင်ငံတော်၏ မြောက်အရပ်တစ်လွှားတွင် ငြိမ်ဝပ်ပိပြားရေးကိုစောင့်ကြပ်ကြည့်ရှုရန် ရည်မှန်းချက်ဖြင့် ကံကြွေးချဖွဲ့စည်းခြင်းခံရသော စီရင်စုတစ်ခုဖြစ်လာ၏။ လွှတ်တော်စစ်တမ်းများတွင် စာရင်းဝင်လာရ၏။ စည်သာစီရင်စုကို ဘုရင့်တပ်မတော်မှ မြင်းခေါင်းတစ်ဦးက စီရင်ကွပ်ကဲ၏။ လူဦးရေလည်း တစ်စထက်တစ်စ တိုးပွားများပြားလာသဖြင့် ယခင်ကကဲ့သို့ တောင်ယာပဲခင်းလုပ်ငန်းကလေးများလောက်သာမဟုတ်တော့ဘဲ လယ်မြေလုပ်ငန်းများပါ တိုးချဲ့ဖွံ့ဖြိုးလာ၏။ လယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မင်းဝံချောင်းရိုးတစ်လျှောက်တွင် ရွာသိမ်ရွာငယ်များ အလျှိုလျှိုပေါ်ပေါက်လာ၏။ စည်သာ၏စီးပွားရေးသည်လည်း သဘာဝစီးပွားရေးဘဝမှ ကုန်ထုတ်စီးပွားရေးဘဝသို့ တဖြည်းဖြည်းပြောင်းလွှဲလာ၏။ ကုန်ထုတ်စီးပွားရေးဘဝနှင့်တကွ ကုန်သည်ပွဲစားစသော ကြားလူတန်းစားတစ်ရပ်လည်း မသိမသာ မွေးဖွားလာ၏။ သို့ရာတွင် သန်သန်မာမာတော့မဟုတ်၊ လျှောမွေးသာသာလောက်သာဖြစ်၏။

ကုန်းဘောင်ခေတ်လယ်ပိုင်းလောက်တွင်မူကား စည်သာသည် ကာကွယ်ရေးအတွက်မျှလောက်သာ မဟုတ်တော့ဘဲ စီးပွားရေးနှင့် ဘဏ္ဍာရေးများအရပါ တစ်စထက်တစ်စများစွာအရေးပါအရာရောက်သော စီရင်စုကြီးဖြစ်လာ၏။ မြေယာနှင့် သစ်တောထွက် ကုန်စည်များကို အကြောင်းပြုကာ ရွာကြီးရွာငယ် အမြောက်အများ မင်းဝံချောင်းရိုးတစ်လျှောက်တွင် ပေါ်ထွန်း၏။ အချို့သော ရွာကြီးများသည် လူနေအိမ်ခြေနှစ်ရာကျော်၏။ ရွာသိမ်ရွာငယ်များပင်လျှင် အိမ်ခြေငါးဆယ်ထက်မနည်းပေ။ ယင်းသို့ ရွာကြီး၊ ရွာငယ်နှင့် လူဦးရေစုန်ပုံ တိုးပွားလာ

သဖြင့် ဆန်စပါး၊ ကောက်ပဲသီးနှံနှင့် သစ်ဝါးစသော ကုန်စည်အထွက်များလာ၏။ နယ်မြေသုံးစားသည်ထက် များစွာပိုလျှံအောင်ထွက်၏။ ယင်းသို့ ဘုရင်အစိုးရ၏ ရွှေတိုက်နှင့် ကျီတော်များသို့ ဘဏ္ဍာတော်နှင့် ကုန်တော်များ တစ်စထက်တစ်စ တိုးတက်ဖြည့်တင်းပေးနိုင်သော စီရင်စုကြီးတစ်ခုဖြစ်လာသဖြင့် စည်သာကို မြို့ပြအဆင့်သို့ လွှတ်တော်က တိုးမြှင့်ပေးခဲ့၏။ စည်သာသည် မြို့ရိုးများ၊ ပြအိုးများနှင့် အခိုင်အခံ့ဖြစ်လာ၏။ မြို့ပြဖြစ်လာသဖြင့် လွှတ်တော်က အရည်အချင်းရှိသော မြို့ဝန်မင်းအုပ်ချုပ်ရသော စီရင်စုဖြစ်လာသဖြင့် မြို့စောင့်တပ်ဖွဲ့များ၊ မြို့ဝန်မင်းရုံးများ၊ တရားရုံးများ၊ အကျဉ်းထောင်များပင် ရှိလာ၏။ စည်စည်ကားကားလည်းဖြစ်လာ၏။

စည်သာမြို့ကို ကျောထောက်နောက်ခံပေးသော ချောင်းရိုးတစ်လျှောက်နှင့်တစ်ဝိုက်တွင် သစ်ဝါး၊ ကြိမ်လျှော်နှင့် ကညင်ဆီ စသော သစ်တောထွက်ပစ္စည်းများသာမက မြေယာထွက်ဖြစ်သော ဆန်စပါး၊ ဝါဂွမ်း၊ နှမ်း၊ ပဲအမျိုးမျိုး၊ ဆေးနှင့် ပြောင်း စသော ကောက်ပဲသီးနှံအများအပြားထွက်၏။ မိမိသုံးထက် အမြောက်အမြား ပိုလျှံနေအောင်ပင်ထွက်၏။ ထို့ကြောင့် ထိုပိုလျှံသောကုန်စည်များကို စည်သာမြို့မှ စုဆောင်းကာ နေပြည်တော်သို့ ပို့ဆက်ရ၏။ ထို့ကြောင့် စည်သာမြို့သည် တစ်နယ်လုံး၏ ဒိုင်ကြီးအလားဖြစ်လာ၏။ ကုန်ရုံ၊ ပွဲရုံများဖြင့် စည်ကားသည်ထက် စည်ကား၏။ ယင်းသို့ စည်သာက ပို့ဆက်သော ကုန်စည်များကို နေပြည်တော်ကမှတစ်ဆင့် မလုံမလောက်ဖြစ်နေသော အခြားအရပ်ဒေသများသို့လည်းကောင်း၊ ပြည်ပ ဈေးကွက်များသို့လည်းကောင်း မြန်မာဘုရင့်အစိုးရက တင်ပို့ရောင်းချရန် စီမံခန့်ခွဲလေ့ရှိ၏။

ကုန်းဘောင်ခေတ်နောက်ပိုင်း အထူးသဖြင့် ဗြိတိန်–မြန်မာစစ်ပွဲနှစ်ပွဲ အပြီးတွင်မူကား စည်သာသည် ရတနာပုံနေပြည်တော်အတွက်

စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ကာကွယ်ရေးများအရပါ အလွန်တရာ အလေးထားရသော၊ အားကိုးအားထားပြုရသော နယ်ကြီးတစ်နယ်ဖြစ်လာ၏။ ဆန်စပါး၊ ငါးခြောက်၊ ငါးခြမ်း၊ ဆားနှင့် ပင်လယ်အမတော်ခွန်များ များစွာရရှိခဲ့သော မြန်မာနိုင်ငံ တောင်ဘက်တစ်လွှားကို လက်လွှတ်လိုက်ရပြီဖြစ်၍ နိုင်ငံတော်၏ အရပ်ရပ် အသုံးစရိတ်များကို စည်သာနယ်က ဒိုင်ခံ၍ ရှာဖွေပေးလာရ၏။ ထို့ကြောင့် မြန်မာဘုရင့်အစိုးရအဖွဲ့က များစွာ အလေးထား အားပြုလာရ၏။ စေ့စေ့စပ်စပ်နှင့် တင်းတင်းကျပ်ကျပ် ချုပ်ကိုင်ရသော စီရင်စုကြီးတစ်ခုလည်းဖြစ်လာ၏။ ပြည်နယ်ကြီးတစ်နယ်အလားလည်း ဖြစ်လာ၏။ လွှတ်တော်လောက်သာမဟုတ်တော့ဘဲ ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးတို့ကပါ သဘောတူမှုသောအထက်တန်း နိုင်ငံတော် ဝန်ထမ်းတစ်ဦးဦးကိုသော်လည်းကောင်း၊ သို့မဟုတ် ကောင်းစွာစိတ်ချ ယုံကြည်ရသော မင်းသားကြီးတစ်ပါးပါးကိုသော်လည်းကောင်း ဘုရင်ခံအဖြစ်ဖြင့် စည်သာနယ်ကြီးကို စီရင်အုပ်ချုပ်ရန် တာဝန်ပေးခန့်အပ်ခြင်းပြုရသည့်အထိဖြစ်လာ၏။ အရေးပါလာ၏။ ထိုသို့အရှင်နှစ်ပါးနှင့် လွှတ်တော်တို့ညီ၍ တာဝန်ပေးအပ်ခြင်းခံရသော အုပ်ချုပ်ရေးမှူး သို့မဟုတ် အကြီးအကဲကိုလည်း နေဝင်ဘုရင်တစ်ပါးနှင့် မခြားသော အခမ်းအနားအဆောင်အယောင်များသာမက အခွင့်အာဏာများကိုပါ ပေးအပ်လေ့ရှိတတ်ကြ၏။

ထို့ကြောင့် ရတနာပုံနေပြည်တော်ခေတ်တွင် စည်သာအုပ်ချုပ်ရေးမှူးရာထူးနှင့် တာဝန်သည် အလွန်တရာ အရေးကြီးသော တာဝန်နှင့်ရာထူးဖြစ်လာ၏။ မင်းညီမင်းသားများနှင့် လွှတ်တော်ဝန်ကြီးများ၊ အတွင်းဝန်များ ငမ်းငမ်းတက်လိုချင်သော ရာထူးလည်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုတာဝန်ရာထူးဖြင့် ဥစ္စာစီးပွားလည်း အဖြစ်မြန်သောကြောင့်ဖြစ်၏။

# [ ၃ ]

၁၉ ရာစု၏ ဒုတိယရာစုဝက်များ အစပိုင်းလောက်တွင် အိန္ဒိယ တိုက်ငယ်တွင် ကောင်းစွာခြေကုပ်ရရှိထားသော အရှေ့အိန္ဒိယကုမ္ပဏီ နှင့် မြန်မာတို့ ဒုတိယအကြိမ် စစ်ပွဲတစ်ပွဲလည်း ဖြစ်ပွားရပြန်၏။ ထို စစ်ပွဲတွင် မြန်မာတို့ဘက်မှ မရှုမလှရှုံးနိမ့်သွား၏။ ပထမစစ်ပွဲ ရှုံးနိမ့် ရခဲ့စဉ်က ဗြိတိသျှကုမ္ပဏီ အာဏာပိုင်များသည် ရခိုင်နှင့် တနင်္သာရီ တိုင်းကြီးနှစ်တိုင်းကို စာချုပ်စာတမ်းများချုပ်ဆို၍ မြန်မာတို့လက်ဝယ်မှ ဖဲ့ယူသိမ်းပိုက်ခဲ့ကြ၏။ သို့ရာတွင် ဒုတိယ စစ်ပွဲအပြီးတွင်ကား ထိုကဲ့ သို့မဟုတ်တော့ပေ။ ဗြိတိသျှအာဏာပိုင်များ၏ အကြီးအမှူးက ၎င်း၏ သဘော တစ်ခုတည်းနှင့် အောက်မြန်မာနိုင်ငံတစ်လွှားကို ထပ်မံသိမ်း ယူလိုက်ကြောင်း တစ်ဖက်သတ်ကြေညာခဲ့၏။ ထိုသို့တစ်ဖက်သတ် နိုင့်ထက်စီးနင်းလုပ်ကိုင်သွားသော ဗြိတိသျှကုမ္ပဏီ၏ ရိုင်းပျစော်ကား မှုကို မြန်မာဘုရင် အစိုးရသည် လက်တုံ့ပြန်ရန် အားမာန်မရှိသဖြင့် လက်ပိုက်ကြည့်နေခဲ့ရ၏။ ငုတ်တုတ်ခံခဲ့ရ၏။

ဗြိတိန်-မြန်မာ ဒုတိယစစ်ပွဲတွင် ရှုံးနိမ့်ခဲ့သော မြန်မာဘုရင့်အစိုးရ လည်း များစွာ ဂုဏ်သိက္ခာကျဆင်းသွား၏။ ထို့ကြောင့် အစိုးရအဖွဲ့ အပြောင်းအလဲဖြစ်လာ၏။ အသစ်တက်လာသော မြန်မာဘုရင့်အစိုးရ သည် ဗြိတိသျှကုမ္ပဏီက လုယက်သိမ်းပိုက်သွားသော မြန်မာ့နယ်မြေ ကို အသာတကြည်ပြန်ရလိမ့်နိုးနိုးနှင့် မျှော်ကိုးခဲ့ပုံရ၏။ ဘင်္ဂလားမြို့စား ထံ အောက်ကျနောက်ကျခံကာ သံအဖွဲ့များစေလွှတ်၍ အသနားခံခဲ့၏။ ဘင်္ဂလားမြို့စားက မြန်မာဘုရင့်သံအဖွဲ့ကို မင်းတို့ ရူးများရူးနေကြသ လားဟု ခပ်ပြောင်ပြောင် ပြောဆိုလွှတ်လိုက်တော့မှ မြန်မာဘုရင့်အစိုးရ အဖွဲ့သည် ခေတ်လယ်အိပ်မက်မှ ရုတ်တရက် လန့်နိုးလာပုံရ၏။

ယင်းသို့ အိပ်ရာမှ ထိပ်အချခံလိုက်ရသဖြင့် လန့်နိုးလာသောအခါ

မြန်မာဘုရင့်အစိုးရသည် များစွာ ကယောင်ချောက်ချားဖြစ်သွား၏။ ခြေမကိုင်မိ လက်မကိုင်မိလည်း ဖြစ်သွားပုံရ၏။ တစ်ကြိမ်သောအခါက မြန်မာ့နန်းတော်နှင့် လွှတ်တော်များအတွင်း ဘင်္ဂလားမြို့စား ကုလားဖြူငယ်ဟု မလောက်လေး မလောက်စား ပြောဆိုခြင်းပြုခဲ့ကြသော တစ်ဘက်က သတ္တဝါမှာ တော်ရိလျော်ရိ မဟုတ်ဘဲ တော်တော်ကလေး အဆိပ်ပြင်း၍ အန္တရာယ်လည်းပေးနိုင်သော ဧရာမအကောင်ကြီးတစ်ကောင်ဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်နားလည်လာကြပုံလည်း ရ၏။

ခေတ်လယ်အိပ်မက်မှ ထိပ်အချခံလိုက်ရသဖြင့် ရုတ်တရက် လန့်နိုးအလာတွင် မြန်မာအစိုးရအဖွဲ့သစ်သည် ကြွင်းကျန်ရှိနေသေးသော မြန်မာနိုင်ငံတော်တစ်ဝက်တစ်ပိုင်းကို သည်အတိုင်းထားရှိ၍ မဖြစ်တော့ကြောင်း ကိုလည်း ကောင်းစွာ စဉ်းစားတွက်ချက်မိလာ၏။ အိန္ဒိယတိုက်ငယ် တစ်ခုလုံးကို အနုကြမ်းစီးကာ မြန်မာနိုင်ငံတော် တစ်ဝက်တစ်ပိုင်းကိုလည်း တစ်စိတ်ပြီးတစ်စိတ် ဖဲ့ယူခဲ့ပြီဖြစ်သော ဗြိတိသျှကုမ္ပဏီ၏ အန္တရာယ်ကို တားဆီးရန်နှင့် ခုခံကာကွယ်ရန်အတွက် အလေးအနက် စဉ်းစားလာရ၏။ ဘကြီးတော် စစ်ကိုင်းမင်းနှင့် နောင်တော်ပုဂံမင်း အစိုးရအဖွဲ့များ လက်ထက်တွင် ဗြိတိန်သည် မြန်မာတို့အပေါ် ထင်သလို အနိုင်ကျင့်ခဲ့၏။ စီးပွားရေး၊ ဘဏ္ဍာရေး၊ ကာကွယ်ရေးနှင့် စည်းရုံးရေးများအရ မြန်မာတို့ထက် ခေတ်ကာလကြီးတစ်ခုလုံး ရှေ့ရောက်နေသော ဗြိတိန်ကို မြန်မာတို့သည် သူရသတ္တိနှင့် ဇာတိမာန်များဖြင့်လောက်သာ ခုခံရ၏။ ထို့ကြောင့်လည်း အရေးမလှဖြစ်ခဲ့ရသည်မဟုတ်သလော။ တောင်ကုန်းထက်တွင် ကောင်းစွာနေရာယူထားသော စက်သေနတ်ကိုင်ကို တောင်ခြေမှ ဓားသမားများသည် အဘယ်သို့အနိုင်တိုက်နိုင်ပါမည်နည်း။

## [ ၄ ]

ဗြိတိန်-မြန်မာ ဒုတိယစစ်ပွဲအပြီး ကြွင်းကျန် ရှိနေသေးသော မဇ္ဈိမ ခေတ် မြန်မာနိုင်ငံကို ဆက်ခံခဲ့ရသော မင်းတုန်းနှင့် ကနောင်မင်းသား ကြီး အမှူးပြုသော မြန်မာဘုရင့်အစိုးရသည် ကြီးမားသော နိုင်ငံရေး အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ကြရ၏။ နောက်ထပ် အခွင့်အရေးရလျှင် ကျန်မြန်မာနိုင်ငံတော်ကို အပြီးအပိုင် သိမ်းပိုက်ယူငင်ရန် ကြံရွယ်နေသော ဗြိတိသျှကုမ္ပဏီ၏ အန္တရာယ်ကို အဘယ်ပုံအဘယ်နည်း တွန်းလှန် ခုခံကြမည်နည်း။ စစ်တိုက်သည်ဆိုသော ကိစ္စသည် ဇာတိမာန် တစ်ခု တည်းလောက်နှင့် ပြီးစီးသည် မဟုတ်ပေ။ ဓားဓားချင်း၊ တုတ်တုတ်ချင်း ပါ ယှဉ်ပြိုင်နိုင်ဖို့ အရေးကြီး၏။

ထို့ကြောင့် ရန်စွယ် ငေါငေါဖြစ်နေသော ဗြိတိသျှကိုလိုနီ ဝါဒသမား များနှင့် တစ်ဖက်တွင် အသင့်မြတ်နိုင်ဆုံး ဆက်ဆံရင်း အခြားတစ်ဖက် တွင် ဒုတိယစစ်ပွဲအပြီး ကစဥ့်ကလျား ဖြစ်နေသော နိုင်ငံတော်ကို စနစ် တကျ ပြန်လည်ဖွဲ့စည်းကာ မြန်မာတို့၏ ဇာတိမာန်စိတ်ဓာတ်ကိုလည်း နှိုးဆွစုစည်း၍ မြန်မာဘုရင့်အစိုးရသည် အားဆက်ရ၏။ သို့ရာတွင် ထိုမျှကြီးလေးသော အလုပ်သည် တော်ရုံသင့်ရုံလောက်နှင့် ပြီးမြောက် နိုင်ဖွယ်ရာ အကြောင်းမရှိပေ။ ၎င်းအပြင် အချိန်ဆိုသော ပြဿနာက လည်း ရှိသေး၏။

မြန်မာဘုရင် အစိုးရသစ်သည် ဘင်္ဂလားမြို့စားနှင့်သာမဟုတ်၊ ဗြိတိသျှမြန်မာနိုင်ငံ မဟာဝန်ရှင်တော်မင်းကြီးနှင့်ပါ ပြေပြစ်အောင် ဆက်ဆံခြင်းပြု၏။ သံအဖွဲ့များ အပြန်အလှန် စေလွှတ်၏။ တစ်ဖက် တွင်လည်း အခြားအခြားသော တိုင်းနိုင်ငံများနှင့် မိတ်ဖွဲ့ရန်ကြိုးစား၏။ ဥရောပတိုင်းနိုင်ငံ အများအပြားသို့ မြန်မာသံအဖွဲ့များ စေလွှတ်၍ မဟာ မိတ်များ ရှာဖွေခဲ့၏။ ပြည်ပဆက်ဆံရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း



များကို မြန်မာအစိုးရသည် အမြော်အမြင်ရှိရှိ လုပ်ကိုင်ခဲ့သည်ဟု ဆိုနိုင် ရာ၏။ သို့ရာတွင် ပြည်တွင်းရေး ပြဿနာများကို ကိုင်တွယ်ရာတွင် မူကား အပြောလွယ်သလောက် အလုပ်မလွယ်လှချေ။ ခေတ်နောက်ကျ ကျန်ရစ်နေရသည့်အထဲ စစ်နှစ်ကြိမ် ရှုံးခဲ့ရသဖြင့် စိတ်ဓာတ်များကျဆင်း ချင်တိုင်း ကျဆင်းနေသော နိုင်ငံတစ်နိုင်ငံကို ခေတ်မီမီနှင့် အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်း ထူထောင်ရသော အလုပ်သည် အလွန်တရာ ကျပ် တည်းခက်ခဲသော အလုပ်ဖြစ်၏။ အထူးသဖြင့် နိုင်ငံတော်သစ် ပြန်လည် ထူထောင်ရန်အတွက် မရှိမဖြစ်သော ဘဏ္ဍာအရင်းကို အဘယ်သို့ ရှာဖွေ စုဆောင်းကြမည်နည်း။ စစ်နှစ်ကြိမ် ရှုံးခဲ့ရသဖြင့် တိုင်းပြည်သည် စစ် စရိတ်နှင့် စစ်ဒဏ်ကို ကျောကော့နေအောင် ခံနေရသည်မဟုတ်သလော။ လူရုပ်ပင်မပေါ်တော့သော ဆင်းရဲသား ပြည်သူပြည်သားများ၏ လည်ပင်း ကို ညှစ်ဖို့မှတစ်ပါး အခြား အဘယ်နည်းလမ်းများရှိနိုင်သေးသနည်း။ ကြွေးတင်လျှင် ရှင်ဘုရင်ဆပ်လိမ့်မည်ဆိုသော စကားတော့ရှိ၏။ တကယ် လက်တွေ့ ပေးဆပ်ရသူများမှာ ဆင်းရဲသား ကျေးတော်မျိုး ကျွန်တော် မျိုးများသာ ဖြစ်၏။

မည်ကဲ့သို့ပင်ဖြစ်စေ၊ နိုင်ငံတော်၏ နယ်မြေနှင့် အချုပ်အခြာ အာဏာ စသည်တို့ကို ထိန်းသိမ်း ကာကွယ်ရန်အတွက် နိုင်ငံတော်၏ ဗဟိုချက် မဖြစ်သော နေပြည်တော်သစ်ကို အသစ်တစ်ဖန်တည်ရ၏။ ရတနာပုံဟု သမုတ်၏။ နေပြည်တော်ကို တည်ရသောအလုပ်သည် အလွန်တရာ အလုပ်ပျက်သော လုပ်ငန်းဖြစ်၏။ ဘဏ္ဍာကြေးငွေလည်း အကုန်အကျ များပြား၏။ သို့ရာတွင် အချိန်ကုန်၍ အလုပ်အကိုင်ပျက်ရသူများမှာ ဆင်းရဲသားများသာ ဖြစ်ကြ၏။ ဘဏ္ဍာငွေကြေး စုဆောင်းပေးရသူများ မှာလည်း ယင်းငတိများသာ ဖြစ်ကြသည်မဟုတ်သလော။

နိုင်ငံတော်ကို အသစ်တစ်ဖန်ပြန်လည် ထူထောင်ရသော ဖွဲ့စည်းရ

သော လုပ်ငန်းသည် နေပြည်တော်သစ်တည်ရုံနှင့် ပြီးစီးသည်မဟုတ်။ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည်တို့ကိုလည်း အသစ်တစ်ဖန် မွမ်းမံဖွဲ့စည်းရန်နှင့် အားဖြည့်ရန် အစီအစဉ်များ ရေးဆွဲပြုလုပ်ရ၏။ ဖျက်သိမ်းတန်သည်တို့ကို ဖျက်သိမ်း၍ ပြုပြင်တန်သည်တို့ကိုပြုပြင်ရ၏။ အထူးသဖြင့် ခေတ်နောက်ကျနေသော စီးပွားရေးနှင့် ကာကွယ်ရေးလုပ်ငန်းများသည် စရိတ်ကြီးလေး၏။ ခေတ်မီစက်ရုံအလုပ်ရုံများ တည်ထောင်ကာ ခေတ်မီသော ကာကွယ်ရေးတပ်ဖွဲ့များ ဖွဲ့စည်းရသော လုပ်ငန်းသည် အလွန်တရာ ကြီးလေးပင်ပန်း၏။

အခြားနည်းလမ်းလည်း မရှိပြီဖြစ်ရကား မြန်မာဘုရင့်အစိုးရသည် နိုင်ငံပိုင် စက်ရုံအလုပ်ရုံများ တည်ဆောက်ရ၏။ ယင်း စက်ရုံ အလုပ်ရုံများကို ကြီးကြပ်အုပ်ချုပ်ရန်အတွက် လူငယ် လူရွယ်များကိုလည်း ပင်လယ်ရပ်ခြား တိုင်းတစ်ပါးသို့ ပညာတော်သင် စေလွှတ်ရ၏။ ကာကွယ်ရေး တပ်ဖွဲ့များကို ခေတ်မီမီ ပြန်လည်ဖွဲ့စည်းရန်အတွက် တိုင်းတစ်ပါးမှ လက်နက်ခဲယမ်းမီးကျောက်များကို ဝယ်ခြမ်းတင်သွင်းရ၏။ အသစ်အဆန်းဖြစ်သော လက်နက်ကြီးငယ်များကို စနစ်တကျ ကိုင်တွယ်တတ်အောင်လည်း တိုင်းတစ်ပါးမှ စစ်အတတ်ပညာရှင်များကို အဖိုးအခကြီးကြီး ပေးကမ်းငှားရမ်းရ၏။ ထို့ကြောင့် ဘဏ္ဍာငွေကြေးများ လိုသထက် လိုလာ၏။

သို့ရာတွင် ရတနာပုံခေတ် မြန်မာနိုင်ငံတော်သည် ဆီးရွက်လောက်သာရှိ၏။ လူဦးရေကလည်း နည်းပါးရသည့်အထဲ လူတိုင်းလူတိုင်းလိုလို သူဆင်းရဲများသာဖြစ်ကြ၏။ ထိုသို့သေးငယ်မွဲကျန်သော တိုင်းပြည်အတွင်းမှ လိုပြီးရင်းလိုနေသော ဘဏ္ဍာတော်ကို အဘယ်ပုံအဘယ်နည်း စုဆောင်းရှာဖွေကြမည်နည်း။ ဆင်းရဲသား ပြည်သူပြည်သားများအပေါ်



မင်းတိုင်းကြေးနှင့် အခွန်အတုတ်များ ဓိညစ်ကောက်ခံရုံမှတစ်ပါး အခြားနည်းလမ်းမရှိပေ။ ထိုမျှနှင့်လည်း လိုငွေပြေပြီးရင်း ပြနေသောအခါ ကုန်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကိုပါ ဘုရင့်အစိုးရသည် တစ်ဦးတည်းလက်ဝါးကြီးအုပ်ချုပ်ကိုင်ရတော့၏။ ဘုရင့်အစိုးရသည် ဈေးသည်တစ်ဦးဖြစ်လာ၏။ ထို့ကြောင့် နိုင်ငံတော်ထွက်ကုန်စည်အများအပြားပင် ကုန်တော်ဖြစ်လာရ၏။

ယင်းသို့ နိုင်ငံတော်ထွက်အရေးကြီးသော ကုန်စည်များကို ဘုရင့်အစိုးရက ချုပ်ကိုင်ရောင်းဝယ်သော ကုန်တော်ပြုလုပ်လိုက်သောအခါ နေပြည်တော်တွင် ရုံးထိုင်ကြသောလွှတ်တော်ဝန်ကြီးများနှင့် အတွင်းဝန်များကအစ အစွန်အဖျားရှိ မြို့ဝန်၊ မြို့မင်းများပါ ကုန်သည်တစ်ပိုင်း ပွဲစားတစ်ပိုင်း ဖြစ်လာကြတော့၏။ အထူးသဖြင့် နေပြည်တော်နှင့် အလှမ်းဝေးသော မြို့ပြနှင့်ခရိုင်များကို စောင့်ကြပ်ရသော မြို့ဝန်၊ မြို့မင်းများသည် နိုင်ငံရေး၊ ကာကွယ်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အခွင့်အာဏာများလောက်သာလျှင် မကတော့ဘဲ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ တန်ခိုးအာဏာများပါ ရရှိလာကြ၏။

## [ ၅ ]

ရတနာပုံမြို့တည် ဘဝရှင်မင်းတရားကြီးလက်ထက်တော်မှစ၍ နိုင်ငံတော်စီးပွားရေးနှင့်ဘဏ္ဍာရေးများ အရများစွာ တန်ဖိုးရှိလာသော စည်သာနယ်ကြီးသည် သာမန်မြို့ဝန်၊ မြို့မင်းစီရင်အုပ်ချုပ်မှုအောက်မှ နေပြည်တော်မှ အလွန်တရာစိတ်ချအားကိုးရသော အုပ်ချုပ်ရေးမှူးတစ်ဦး၏ လက်အောက်သို့ ရောက်ရှိလာခဲ့၏။ တစ်ခါတစ်ရံ အတွင်းဝန်တစ်ဦးက အုပ်ချုပ်စီရင်ရ၏။ တစ်ခါတစ်ခါတွင်လည်း မင်းသားကြီးတစ်ပါးပါးကို ဘုရင်ခံ သို့မဟုတ် နေဝင် ဘုရင်ခံအဖြစ်ဖြင့် ခန့်အပ်

စေလွှတ်လေ့ရှိ၏။

စည်သာနယ် အုပ်ချုပ်ရေးမှူးရာထူးကို နေပြည်တော်ရှိ ဘုရင့်အစိုးရ အမှုထမ်းအရာထမ်းများနှင့် မင်းညီ မင်းသားများသည် အလွန်တရာ တပ်မက်လေ့ရှိကြ၏။ ငမ်းငမ်းတက် လိုချင်ရချင်ကြ၏။ အဘယ့်ကြောင့်ဆိုသော် ထိုရာထူးသည် အလွန်တရာစီးပွားအဖြစ် မြန်သောကြောင့်ဖြစ်၏။ သို့ရာတွင် ရတနာပုံမြို့တည် ဘဝရှင်မင်းတရားကြီးနှင့် ညီတော် အိမ်ရှေ့ဥပရာဇာကနောင်မင်းသားကြီးတို့၏ လက်ထက်တွင်မူကား အစီရင်အခန့်အခွဲ ကောင်းမွန်၍ ပရမ်းပတာမဖြစ်ခဲ့ပေ။ ဣန္ဒြေရ၏။

သို့ရာတွင် နေပြည်တော်တွင် အလွန်တရာ မလိုလားအပ်သော နန်းတွင်း လုပ်ကြံမှုကြီးတစ်ရပ်ဖြစ်ပွားခဲ့၏။ ငယ်ရွယ်နုနယ်သော မင်းသားနှစ်ဦးတို့က ဘုရင်နှင့် ဥပရာဇာတို့ကို လုပ်ကြံသတ်ဖြတ်၍ ထီးမွေကို သိမ်းပိုက်ရန် မိုက်မိုက်မဲမဲ အားထုတ်ခဲ့သော အရေးအခင်းဖြစ်၏။ နိုင်ငံတော်၏ အကြီးအကဲမှာ လွတ်မြောက်သွားသော်လည်း နိုင်ငံတော်ကို တကယ်တမ်းဦးစီးဦးဆောင်နေသော အိမ်ရှေ့မင်းသားကြီးမှာ အသတ်အဖြတ်ခံသွားရ၏။ လုပ်ကြံမှုသည် မအောင်မြင်သဖြင့် လုပ်ကြံသူမင်းသားများသည် တိုင်းတစ်ပါးသို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြ၏။

ယင်း နန်းတွင်းလုပ်ကြံမှု အရေးအခင်း ဖြစ်ပွားပေါ်ပေါက်ခဲ့ပြီးနောက် မြန်မာဘုရင်အစိုးရသည် အားမာန်လျော့သွား၏။ နိုင်ငံတော် အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းရေးနှင့် ထူထောင်မှု စသော တိုင်းပြုပြည်ပြု အရပ်ရပ်လုပ်ငန်းများလည်း ရပ်ဆိုင်း၍သွား၏။ ရွှေနန်းတွင်း စိတ်ဝမ်းကွဲပြားမှုများလည်း စတင်၏။

ယင်းသို့ မန္တလေးခေတ် မြန်မာနိုင်ငံတော် အားမာန်လျော့လာသည်



နှင့်တစ်ပြိုင်နက် ပင်လယ်ရပ်ခြား တိုင်းတစ်ပါးမှ နေပြည်တော်တွင် သံတဲများလာချထားသော တိုင်းတစ်ပါးသံအဖွဲ့များ၊ ဗြိတိသျှသံအဖွဲ့များသည် ခြေသွက်လာ၏။ လှုပ်ရှားလာ၏။ တန်ခိုးကြီးနိုင်ငံတစ်နိုင်ငံဖြစ်သော ဗြိတိန်က ခြေလှမ်းသွက်လာသောအခါ ယင်းနှင့် ပြိုင်ဘက်ဖြစ်သော အခြားတန်ခိုးကြီးနိုင်ငံတစ်နိုင်ငံဖြစ်သည့် ပြင်သစ်သံအဖွဲ့ကလည်း အပြိုင်အဆိုင်လုပ်လာ၏။ လှုပ်လှုပ်ရွရွနှင့် ခြေပုန်းများခုတ်လာ၏။

မည်ကဲ့သို့ပင်ဖြစ်စေ ရှေ့နောက် မြော်မြင်တိုင်းထွာတတ်သော မင်းတုန်းဘုရင်သည် တန်ခိုးကြီး နိုင်ငံကြီး နှစ်နိုင်ငံတို့၏ အာဏာနိုင်ငံရေးနှင့် သံရေး တမန်ရေး ပရိယာယ်များကို လိမ်လိမ်မာမာ ပါးပါးနပ်နပ် ရှောင်တိမ်းနိုင်ခဲ့သော်လည်း ၎င်းမရှိပြီးနောက် မန္တလေးထီးမွေကို ဆက်ခံသော သီပေါမင်းနန်းတက်သက်တွင်မူကား ထိုသို့မဟုတ်တော့ပေ။ ရတနာပုံနေပြည်တော်၏ နောက်ဆုံးမြန်မာဘုရင်အစိုးရသည် နိုင်ငံရေး အမြော်အမြင် နည်းပါးလှသည်တစ်ကြောင်း၊ ဗြိတိန်၏ ရန်ထောင်မှုကလည်း ဖြောင်ကျသည်ထက် ကျလာသည်ကတစ်ကြောင်းကြောင့် မန္တလေးခေတ် မြန်မာနိုင်ငံတော်သည် သီးခြားလွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ်ဖြင့် ရပ်တည်နိုင်ရန် ခက်ခဲကျပ်တည်းလာ၏။

ရတနာပုံမြို့တည် ဘဝရှင်မင်းတရားကြီး နတ်ရွာစံလွန်တော်မူချိန်တွင် မန္တလေးနေပြည်တော်၌ ရွှေနန်းတွင်းအရှုပ်အထွေးနှင့် အရေးအခင်းများ ဆိုးဆိုးဝါးဝါး ဖြစ်ပွားပေါ်ပေါက်လာ၏။ ယခင်ကကဲ့သို့ နိုင်ငံတော် အားသစ်ရေးနှင့် ထူထောင်ရေးလုပ်ငန်းများဘက်တွင် မြန်မာဘုရင့်အစိုးရသည် အာရုံမစိုက်နိုင်တော့ချေ။ မိမိ၏ တန်ခိုးအာဏာတည်မြဲရေးနှင့် ဘဝစည်းစိမ်ခံရေးဘက်တွင်လောက်သာ လုံးပန်းရင်း အချိန်ကုန်လွန်လျက်ရှိ၏။

ညီတော် ကနောင်မင်းသားကြီး လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရပြီးသည့် နောက်ပိုင်းတွင် မင်းတုန်းဘုရင်သည် နောက်ထပ် နန်းလျာသစ်ကို ရွေးချယ်ခန့်အပ်ခြင်းမပြုခဲ့ချေ။ အလွန်ဘေးအန္တရာယ်များကြောင်း စဉ်းစားတွက်ချက်မိသောကြောင့်ဖြစ်ဟန်တူ၏။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ကွယ်လွန်သောအခါ ယင်း၏အရိုက်အရာကို ဆက်ခံရေးအတွက် ရွှေနန်းတော်နှင့် လွှတ်တော်တို့တွင် ကြီးမားသော နိုင်ငံရေးပြဿနာကြီးတစ်ရပ်နှင့် ရင်ဆိုင်လာခဲ့ရ၏။ အဘယ့်ကြောင့်ဆိုသော် ဘုရင်မင်းမြတ်နတ်ရွာစံချိန်တွင် နေပြည်တော်ရှိ ထီးမွေနန်းမွေကို ဆက်ခံရန် အရည်အချင်းရှိသော မင်းသားကြီးများ အများအပြားရှိနေသောကြောင့်ပင်ဖြစ်၏ ။

ယင်းသို့သော အချိန်အခါနှင့် အခြေအနေတွင် ထီးမွေဆက်ခံရေးအတွက် အဆုံးအဖြတ်ပြုနိုင်သော အရေးအခွင့်သည် ကျန်ရစ်သူ မိဖုရားခေါင်ကြီးနှင့် လွှတ်တော်တို့တွင် ရှိလာ၏။ မိဖုရားခေါင်ကြီးတွင်လည်း သူ့အကျိုးစီးပွားနှင့်သူ ရှိသကဲ့သို့ လွှတ်တော်ဝန်ကြီးများတွင်လည်း ကိုယ့်တွက်ကိန်းနှင့်ကိုယ် ရှိနေကြ၏။ ယင်းသို့ အကျိုးစီးပွားချင်းညီကြသော လွှတ်တော်ဝန်ကြီးများနှင့် ကျန်ရစ်သူ မိဖုရားခေါင်ကြီးတို့အချင်းချင်း ပူးပေါင်းမိကြပြီးလျှင် ထင်ရှားသော မင်းသားကြီးငယ် အများအပြားကို မလိမ့်တပတ်နှင့် ဖမ်းဆီးကာ သူတို့စိတ်ကြိုက်ဖြစ်သော မထင်မရှား မင်းသားငယ်တစ်ဦးကို ဘိသိက်သွန်းကာ ဘုရင်မြှောက်လိုက်ကြ၏။

သီပေါမင်းအမည်ရှိသော အညတရမင်းသားငယ်တစ်ပါးကို ဘိသိက်သွန်းပြီးလျှင်ပြီးချင်း ဖမ်းဆီးထားသော မင်းညီမင်းသားအများအပြား အစုလိုက်အပြုံလိုက် သတ်ဖြတ်သုတ်သင်မှုကြီးဖြစ်ပွား၏။ လွှတ်တော်ဝန်ကြီးများသာမဟုတ်၊ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် မသိလိုက်ဘဲ ထိုသတ်ဖြတ်မှုကြီးဖြစ်ပွားခဲ့သည်ဟုလည်း ဆိုကြ၏။ သို့ရာတွင် တရားခံများမှာ အခြားသူများမဟုတ်ဘဲ ဘုရင်နှင့် မိဖုရားခေါင်ကြီးတို့၏ ကျွန်ယုံများဖြစ်ကြ၏။ ယင်းသို့ မင်းညီမင်းသားများ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီးတွင် မပါဘဲ အချို့မင်းသားများအပြေးကောင်းသဖြင့် လွတ်သွားကြ၏။ အချို့မင်းသားကြီးများသည် ဗြိတိသျှပိုင် မြန်မာနိုင်ငံတော်တွင် သွားၡ၍ခိုလှုံကြ၏။ အချို့မင်းညီမင်းသားများကတော့မူ ၎င်းတို့ကို လိုလားထောက်ခံသော တိုင်းခရိုင်နှင့် ပြည်နယ်များသို့ ထွက်ပြေးတိမ်းရှောင်ကာ ထီးမွေပြန်ရရေးအတွက် ဗိုလ်ဝင်ခံရင်း လက်နက်လူသူစုဆောင်းကြ၏။ အချို့သောအဝေးရောက် မင်းသားကြီးများကလည်း တိုင်းတစ်ပါးမှ အားပေးထောက်ခံမှုကို တောင်းခံကာ ထီးမွေကို ပြန်လည်သိမ်းပိုက်ရန် အကြံထုတ်ကြ၏။



ယင်းသို့ဖြင့် ရတနာပုံနေပြည်တော်ခေတ်၏ နောက်ဆုံးမြန်မာဘုရင့်အစိုးရအဖွဲ့တက်ရောက်လာချိန်တွင် ပြည်ထဲရေးရော ပြည်ပရေး အခြေအနေများသည် အလွန်တရာ နူးညံ့သိမ်မွေ့လာ၏။ တစ်ချိန်တည်းမှာပင် ရှုပ်ထွေးပွေလီမ်လျက်ရှိ၏။ ထိုကဲ့သို့သောအခါ အခွင့်ကောင်းကိုစောင့်ဆိုင်း ချောင်းမြောင်းနေသော ပင်လယ်ရပ်ခြားတိုင်းတစ်ပါးမှ သံအဖွဲ့ဝင်များကလည်း သူတို့၏ အကျိုးစီးပွားကို ထူထောင်ရန်အတွက် ခြေလှမ်းများသွက်သည်ထက် သွက်လာကြကုန်၏။ အထူးသဖြင့် တရုတ်နှင့် အိန္ဒိယ တိုက်ငယ်နှစ်ခုတို့အကြားတွင် သူ့ထက်ငါ အပြိုင်အဆိုင် ဩဇာစက်ဝန်း ထူထောင်ရန် အားသစ်လျက်ရှိကြသော ဗြိတိန်နှင့် ပြင်သစ် သံအဖွဲ့ဝင်များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကွက်ကျော်များရိုက်ကာ ခြေလှမ်းများ ကျဲသည်ထက် ကျဲလာကြ၏။

## [ ၆ ]

ယင်းကဲ့သို့ မြန်မာဘုရင့် အစိုးရအဖွဲ့ အပြောင်းအလွဲဖြစ်ကာ နိုင်ငံတော်၏ အရပ်ရပ် အရေးအခင်းနှင့် အခြေအနေများ ရှုပ်ထွေးသိမ်မွေ့နေချိန်တွင် လွှတ်တော်နှင့် မိဖုရားကြီးတို့ညီ၍ နိုင်ငံတော်အာဏာအပ်နှင်းခဲ့ကြသော ဘုရင်နှင့် မိဖုရားခေါင်ကြီးအသစ်တို့က လွှတ်တော်ဝန်ကြီးများနှင့် မိဖုရားခေါင်ကြီးဟောင်းတို့၏ လက်ဝယ်မှ နိုင်ငံရေးတန်ခိုးအာဏာနှင့် အရှိန်ဩဇာများကို ပြန်လည်သိမ်းပိုက်လိုက်ကြ၏။ နိုင်ငံတော်နှင့် ပြည်သူပြည်သားများ၏ ကြမ္မာကို ၎င်းတို့သဘောအတိုင်း စီရင်ဖန်တီးကြရန် ရမ်းကားလာကြ၏။ တကယ်ဆိုတော့ မြွေပွေးမှန်သမျှ ကြီးငယ်မဟူ အဆိပ်ရှိတတ်ကြသည် မဟုတ်သလော။

အသက်ငယ်ရွယ်၍ အတွေ့အကြုံမရှိသေးသော ဘုရင်နှင့် မိဖုရားတို့သည် လွှတ်တော်ဝန်ကြီးများနှင့် မယ်တော်မိဖုရားခေါင်ကြီးတို့ကို ဘေးချိတ်ကာ သူတို့သဘောနှင့်သူတို့ ထင်ရာစိုင်းလာကြ၏။ နိုင်ငံတော်အုပ်ချုပ်ရေးတွင် အတွေ့အကြုံများပြားရင့်ကျက်သော လွှတ်တော်ဝန်ကြီးများကို ဖယ်ရှားပစ်လိုက်၏။ အကြားအမြင်များပြားကြွယ်ဝသော လွှတ်တော်ဝန်ကြီး ဦးကောင်းတစ်ဦးသာ ရာထူး၌ကျန်၏။ သို့ရာတွင် တန်ခိုးအာဏာများမရှိတော့၊ အမြော်အမြင်ကြီးမားသော ရေနံချောင်းနှင့် ရွှေပြည်ဝန်ကြီးတို့လည်း လွှတ်တော်အပြင်အပသို့ လွင့်စဉ်ရောက်ရှိသွားကြ၏။ နိုင်ငံတော်အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ဘုရင်နှင့်မိဖုရားတို့သည် သူတို့ဟာသူတို့ စိတ်ကူးရသလို ၁၄ ဌာနအုပ်ချုပ်ရေး၊ ၉ ဌာနအုပ်ချုပ်ရေးနှင့် ၁၀ ဌာန အုပ်ချုပ်ရေးစသည်ဖြင့် အမျိုးမျိုးလက်တည့်စမ်းခဲ့ကြ၏။ သို့ရာတွင် အတွေ့အကြုံရှိသော လွှတ်တော်ဝန်ကြီးများကိုလည်း ဘေးဖယ်ထားပြီး သူတို့ကိုယ်၌ကလည်း ဘာအတွေ့အကြုံမျှ ရှိကြသေးသူများမဟုတ်ရကား ဘာတစ်ခုမျှ အကောင်အထည်ပေါ်



မလာချေ။ အိုးနင်းခွက်နင်းဖြစ်၏။

မယ်တော်မိဖုရားခေါင်ကြီးလည်း ဘာဩဇာမျှမရှိတော့၊ ချောင်အထိုးခံရ၏။ ထို့ကြောင့် ပုနေရ၏။ တုတ်တုတ်မျှမလှုပ်ရဲတော့။

နေပြည်တော်နှင့် လွှတ်တော်တို့တွင်သာမက တိုင်းခရိုင်များတွင်ပါ ဘုရင်နှင့်မိဖုရားတို့၏ အကြီးတော်၊ အထိန်းတော်၊ အချော့တော်နှင့် ကျွန်ယုံကနေရာယူလာကြ၏။ တွင်ကျယ်လာကြ၏။ တန်ခိုးဩဇာရှိလာကြ၏။ ယင်းသို့ နိုင်ငံတော်၏ ကြီးလေးလှသော တာဝန်နှင့်ရာထူးကြီးများကို ဆုတော်လာဘ်တော်များအဖြစ်ဖြင့် ရရှိကြသူများတွင် ဘုရင်နှင့်မိဖုရားတို့၏ ကျေးယုံကျွန်ယုံများဟူသော အရည်အချင်းတစ်ရပ်မှလွဲ၍ အခြားသောအရည်အချင်းမျှ ရတတ်ကြသူများလည်းမဟုတ်ပေ။ သို့ရာတွင် အရှင်မွေး နေ့ချင်းကြီးဆိုသော စကားရှိသည့်အတိုင်း ဘုရင်နှင့်မိဖုရားကြီးတို့ လူယုံနှင့် ကျွန်ယုံများသည် နေ့ချင်းဆိုသလို လွှတ်တော်ဝန်ကြီးရာထူးများကအစ တိုင်းခရိုင်များတွင် မြို့ဝန်၊ မြို့မင်းရာထူးကြီးများအထိ ရရှိလာခဲ့ကြ၏။

မန္တလေးခေတ် မြန်မာနိုင်ငံတော်၏ နောက်ဆုံးမြန်မာဘုရင်အစိုးရအဖွဲ့သည် နိုင်ငံတော်အားသစ်ရေး၊ ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးစသောတိုင်းပြုပြည်ပြု အုပ်ချုပ်ရေးကြီးများကို စွမ်းဆောင်လုပ်ကိုင်နိုင်အားမရှိပေ။ မြော်မြင်မှုမရှိသကဲ့သို့ လုပ်ကိုင်နိုင်စွမ်းလည်းမရှိပေ။ မိမိတို့၏ တန်ခိုးအာဏာနှင့် စည်းစိမ်ချမ်းသာ ခိုင်ခံ့တည်မြဲရေးတစ်ခုလောက်သာ အာရုံစိုက်လုံးပန်းနေရ၏။ ကြောင့်ကြစိုက်နေရ၏။ တန်ခိုးအာဏာ တည်မြဲရေးနှင့် စည်းစိမ်ချမ်းသာ ခိုင်ခံ့ရေးအတွက် ဘဏ္ဍာငွေကြေးလို၏။ လိုပြီးရင်းလည်း လို၏။ သို့ရာတွင် ဆင်းရဲမွဲကျန်နေသော နိုင်ငံတော်နှင့်ပြည်သူပြည်သားများထံမှ ထိုဘဏ္ဍာငွေကြေးကို အဘယ်သို့ ထုတ်ယူကြမည်နည်း။

သို့ရာတွင် မြန်မာဘုရင့်အစိုးရတွင် တစ်ချက်လွှတ်အာဏာများရှိသည်မဟုတ်သလော။ ထိုအာဏာကို ထုတ်ပြန်၍ ပြည်သူပြည်သားများ၏ အိတ်ကပ်အတွင်းမှ လိုပြီးရင်း လိုနေသော ဘဏ္ဍာငွေကြေးကို နှိုက်ယူနိုင်၏။ ထို့ကြောင့် လွှတ်တော်ဝန်ကြီးများကအစ မြို့ဝန်၊ မြို့မင်းများသည် ဘုရင့်အစိုးရအတွက် ပြည်သူ ပြည်သားများထံမှ ဘဏ္ဍာငွေကြေးရှာဖွေသူများ၊ တောင်းခံသူများနှင့် လုယက် ယူငင်သူများဖြစ်လာကြ၏။ သို့ ဘုရင့်အစိုးရအဖွဲ့အတွက် နိုင်ငံရေးအာဏာဖြင့် အခွန်ဘဏ္ဍာများစီးကြပ်တောင်းခံရင်း ရောင်တော်ပြန်နှင့် ရောလွှတ်ကာ ကိုယ်ကျိုးစီးပွားအတွက်ပါ နှိုက်ယူကြကုန်၏။

ယင်းကဲ့သို့သော နိုင်ငံရေး ရာသီဥတုနှင့် အချိန်ကာလမျိုးတွင် ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးတို့က ရွေးချယ်ပြီးနောက် လွှတ်တော်ဝန်ကြီးများက အတည်ပြုခန့်အပ်လိုက်ကြသော ဘုရင်မင်းတရား၏ လူယုံတော်တစ်ဦး စည်သာနယ်သို့ အထူးအာဏာအပ်နှင်းခြင်းခံရသော မြို့ဝန်ကြီးရာထူးဖြင့် ရောက်ရှိလာခဲ့ခြင်းပင်ဖြစ်၏။

❐

## စည်သာမြို့စားကြီး

### [ ၁ ]

စည်သာမြို့ကြီးသည် မိုးစင်စင် မလင်းတတ်မီလောက်ကတည်းက အခါတိုင်းနှင့်မတူ တစ်မူထူးခြားကာ လှုပ်လှုပ်ရှားရှားနှင့် ချောက်ချောက်ချားချား ဖြစ်နေ၏။ မြို့စောင့်တပ်မှူး၊ တပ်ကြပ်များနှင့် နယ်ထိန်းတပ်မှူး၊ တပ်သားများသည် အချိန်ရာသီမဟုတ် လက်နက်များကိုင်ဆောင်ကာ တစ်လမ်းဝင်တစ်လမ်းထွက်၊ တစ်အိမ်တက်တစ်အိမ်ဆင်းနှင့် လှုပ်လှုပ်ရှားရှား ဖြစ်နေကြ၏။ အကြောင်းထူး အဘယ်သို့ရှိနေသောကြောင့် ထိုကဲ့သို့ လက်နက်ကိုင် တပ်ဖွဲ့ဝင်များ ပျားပန်းခပ်သည်နှင့်မခြား ယောက်ယက်ခတ်နေရကြောင်းကိုမူကား မြို့သူမြို့သားများသည် အကဲဖမ်းမိကြပုံမရ၊ အရေးအခင်း တစ်ခုခုရှိ၍သာဖြစ်တန်ရာသည်ဟူ၍လောက်သာ အကြမ်းဖျင်း တွက်ချက်လျက်ရှိကြ၏။ သူတို့အချင်းချင်းလည်း တီးတိုးပြောဆိုနေကြ၏။

“ဘာကဘယ်လိုဖြစ်လို့များတုံးဗျ” သူ့ဟာသူ မစဉ်းစားမတွက်ချက်တတ်သောအမူအရာဖြင့် တစ်ယောက်သောသူကို လက်ကုတ်ကာ

နားအနားသို့ကပ်၍ ခပ်တိုးတိုး ခပ်အုပ်အုပ်မေး၏။ မေးမြန်းသူသည်လည်း ကျီးကန်းတောင်းမှောက်ခံရသကဲ့သို့ ဟိုကြည့်သည်ကြည့်ကြည့်၏ ။

“ဘာက ဘာဖြစ်ရောကိုရင်တို့၊ ကျုပ်တို့ ဘာမှတတ်နိုင်တာမှ မဟုတ်တာ၊ သိချင်မနေပါနဲ့တော့ဗျာ” ဟု အမေးခံရသူက စိတ်ဆင်းရဲကျဉ်းကျပ်သော အမူအရာဖြင့် ပြန်လည်ဖြေကြား၏။ သူ၏မျက်စိများကလည်း ဣန္ဒြေမရချေ၊ ဟိုလှမ်းကြည့် သည်လှမ်းကြည့်နှင့်ဖြစ်၏။

“အလုပ်ပျက် အကိုင်ပျက်နဲ့ ခက်များခက်ရချေရဲ့”ဟု တစ်ယောက်သော အိမ်ရှင်မက မတိုးမကျယ် ညည်းတွား၏။

“ခက်မနေနဲ့ ယောက်မရေ… ကိုယ့်ဟာကိုယ် နေတတ်အောင်သာ နေစမ်းပါ”ဟု တစ်ယောက်သော အိမ်ရှင်မက ခပ်တိုးတိုးခပ်အုပ်အုပ် ပြန်လည်ပြောကြား၏။

“လက်မရွံ့ထောင်ကြီးထဲက ရာဇဝတ်သားတစ်ယောက်ယောက်များ ထွက်ပြေးလို့လားမပြောတတ်ဘူး”ဟု တစ်ယောက်သောသူက သူ၏ ထင်မြင်ချက်ကို ပြောဆိုလာသော် –

“အစောင့်အကြပ်တွေ ထူထူထဲထဲချထားတဲ့ လက်မရွံ့ထောင်ထဲက တော့ ထွက်ပြေးဖို့မလွယ်ဘူးထင်တယ်။ ဖြစ်ခြင်းဖြစ်ရင် သူပုန်ဓားပြတွေထဲကဖြစ်ဖြစ်၊ တောပုန်းဓားပြတွေထဲကဖြစ်ဖြစ် မြို့ထဲကို စိမ့်ဝင်နေတာသတင်းရလို့ ခုလောက်အရေးတကြီးနဲ့ တစ်အိမ်တက်ဆင်း မွှေနှောက်ရှာဖွေနေရတာနဲ့ တူပါတယ်”ဟူ၍ တစ်ယောက်သောသူကလည်း သူ၏ထင်မြင်ချက်ကို ပြန်လည်ဖြေကြားခြင်းပြု၏။

သို့ရာတွင် စည်သာမြို့တွင်းရှိ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ တစ်ယောက်မကျန် လှုပ်လှုပ်ရှားရှားနှင့် ယောက်ယက်ခတ်နေကြသော အကြောင်းရင်းကိုမူကား မည်သူမျှတပ်အပ်သေချာမသိရှိကြပေ။ မည်



ကဲ့သို့ပင်ဖြစ်စေ မြို့ကြီးတစ်မြို့လုံးကိုမြေလှန်ရှာဖွေနေကြသော အရေးကိုထောက်၍ အရေးကြီးသောပြဿနာတစ်ခုခုတော့ရှိနေကြောင်း ကောင်းစွာအကဲခတ်မိကြ၏။

စည်သာမြို့၏ လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် တာဝန်ယူစောင့်ကြပ်ရသော မြို့စောင့်တပ်ဖွဲ့ဝင်များက မြို့တွင်း၌ ယောက်ယက်ခတ်လျက်ရှိနေကြစဉ် စည်သာနယ်ကြီးတစ်ခုလုံး၏ ငြိမ်ဝပ်ပိပြားရေးကို ထိန်းကျောင်းနေသော နယ်ထိန်းတပ်ဖွဲ့ဝင်များသည် မြို့ဝင်မြို့ထွက် တံခါးများတွင် လူအဝင်အထွက်ကို ကြပ်မတ်စစ်ဆေးလျက်ရှိကြ၏။ ထို့ကြောင့် မြို့အဝင်အထွက်တံခါးများတွင် မြို့ပြင်မှ မြို့တွင်းသို့ဝင်ရန်ရှိသူများနှင့် မြို့တွင်းမှ မြို့ပြင်သို့ထွက်ရန်ရှိသူများသည် တစ်မျှော်တစ်ခေါ်ကြီးတန်းစီလျက်ရှိနေကြရ၏။ လူများသာမက လှည်းများပါတန်းစီကြရ၏။

“ဘာများဖြစ်လို့ ကျုပ်တို့တစ်တွေကို ခုလိုစစ်စစ်ဆေးဆေး လုပ်နေကြတာလဲဗျာ…”ဟု အထမ်းသမားတစ်ယောက်က နဖူးပြင်က ချွေးသံများကို မျက်နှာသုတ်ပဝါအဟောင်းနှင့် သုတ်ရင်း ၎င်းရှေ့မှအရွက်သမားအမျိုးသမီးကို လက်ကုတ်၍မေး၏။

“မပြောတတ်ပါဘူးတော်…”ဟု လုပ်စားကိုင်စားထဲကနှင့်တူသော ခေါင်းရွက်ဈေးသည်က စိတ်တိုတိုနှင့်ပြန်ပြော၏။

အခြားတန်းစီအစစ်အဆေးခံနေကြရသူများသည်လည်း နှောင့်နှေးကြန့်ကြာနေရသော ကိစ္စနှင့်ပတ်သက်၍ ၎င်းတို့အချင်းချင်း ညည်းတွားပြောဆိုနေကြ၏။ အချို့ကတော့ မကြားတကြား ကျိန်ဆဲလျက်ရှိကြ၏။

နယ်ထိန်း တပ်ဖွဲ့ဝင်များသည် မြို့အဝင်အထွက်ကို မြို့တံခါးပေါက်များမှ တစ်ယောက်မကျန် စေ့စေ့စပ်စပ် စစ်ဆေးလျက်ရှိကြသကဲ့သို့ မြို့စောင့်တပ်သားများသည်လည်း တစ်လမ်းဝင်တစ်လမ်းထွက် ပိတ်ဆို့

ကာ တစ်အိမ်တက်ဆင်း မွှေနှောက်ရှာဖွေလျက် စစ်ဆေးလျက်ရှိကြ၏။ မြို့တွင်းသားများသည် ယင်းသို့သော အရှာဖွေ အစစ်ဆေးခံနေကြရသော်လည်း မည်သည့်ကိစ္စနှင့် မည်သည့်အကြောင်းကြောင့် ထိုကဲ့သို့ အစစ်ဆေးအမေးမြန်းခံနေကြရသည်ကိုကား မသိရှိကြပေ။ တကယ်ဆိုတော့ ထိုအလုပ်သည် သူတို့သိစရာ အလုပ်မဟုတ်ပေ။ သက်ဆိုင်ရာတို့ကသာ သိနိုင်သောနှင့် သိရသောအလုပ်မျှသာဖြစ်သည်မဟုတ်သလော။ အစစ်အဆေး အမေးအမြန်းခံရသောသူသည် ဘာမျှပြန်လှန်မေးမြန်းခွင့်ရှိသည်မဟုတ်၊ မေးသမျှလောက်သာ ဖြေကြားရ၏။

မိုးစင်စင်မလင်းတတ်မီ အချိန်လောက်မှ စတင်ကာ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ အရပ်ရပ်လှုပ်ရှားမှုများကြောင့် လှုပ်လှုပ်ရွရွနှင့် ယောက်ယက်ခတ်နေသော စည်သာမြို့ကြီးသည် နေဝင်မိုးချုပ်တော့မှပင် တစ်စတစ်စ ငြိမ်သက်စပြုလာ၏။ ပုံမှန်လည်းဖြစ်လာ၏။ သို့ရာတွင် အခါတိုင်းနှင့်မတူ တစ်မူထူးခြားသော ထိုအရေးအခင်းနှင့် ပတ်သက်၍မူကား သက်ဆိုင်ရာအာဏာပိုင်များကလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ မသိရှိကြပေ။

[၂]

အရှာဖွေ အစစ်ဆေးများပြီးစီး၍ သက်ဆိုင်ရာအာဏာပိုင်များက လက်နက်ကိုင်တပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းသွားတော့မှပင် မြို့သူမြို့သားများသည် သက်မချနိုင်ကြ၏။ စိတ်အေးသက်သာရှိသွားကြ၏။ ယင်းသို့ အနှောင်အဖွဲ့မှ လွတ်ကျွတ်သွားကြတော့မှပင် မိမိတို့၏ ခံစားချက်များ၊ ထင်မြင်ချက်များနှင့် အတွေးကလေးများ စသည်တို့ကို မတိုးမကျယ် အကောင်အထည်ဖော်ဝံ့လာကြ၏။ သို့ရာတွင် အစုအဝေးလိုက်တော့ကားမဟုတ်ပေ။ မိမိတို့နှင့်နီးစပ်ရာ၊ ခင်မင်ရာနှင့် ယုံကြည်



စိတ်ချရာ အသိုက်အဝန်းကလေးများအတွင်းလောက်၌သာဖြစ်၏။

နေပြည်တော်သို့ အကူးအသန်း အပေါက်အရောက်များပြား၍ မင်းပိုင်းစိုးပိုင်းနှင့် ဆက်နွှယ်နီးစပ်သော ကုန်သည်ပွဲစားများအပိုင်းတွင် မိမိတို့နှင့် စိတ်တူသဘောတူ စုဝေးမိကြသော အစုအဝေးနှင့် စကားဝိုင်းကလေးများအတွင်း ကိုယ်ထင်ရာနှင့် ကိုယ်သန်ရာများကို စိတ်အားထက်သန်စွာ ပြောဆိုလျက်ရှိကြ၏။ သို့ရာတွင် ကျယ်ကျယ်လောင်လောင်တော့ကားမဟုတ်၊ ခပ်တိုးတိုးခပ်အုပ်အုပ်နှင့် နှစ်ကိုယ်သုံးကိုယ်ကြား သာသာမျှလောက်သာဖြစ်၏။

"ဒီကိစ္စဟာ ကေန္တ တိုင်းရေးပြည်ရေးကိစ္စနဲ့ တစ်နည်းမဟုတ် တစ်နည်းတော့ ဆက်နွှယ်နေလိမ့်မယ်ထင်တာပဲ"ဟု ရတနာပုံနေပြည်တော်တွင် ဘုရင့်အစိုးရအဖွဲ့များ အပြောင်းအလွဲဖြစ်ချိန်လောက်အထိ ပွဲအုပ်လုပ်ခဲ့ဖူးသောသူက ရှေးဦးစွာ စတင်ပြောဆိုလိုက်၏။

နေပြည်တော်မှ များမကြာမီက သစ်ဝါးရောင်းချကာ ပြန်လည်ရောက်ရှိလာသော သစ်ကုန်သည်တစ်ဦးကလည်း ပွဲအုပ်၏စကားကို နောက်ယောင်ခံလိုက်ကာ နေပြည်တော်ရှိ ကုန်သည်ပွဲစားတန်းမှ ၎င်းနားစွန်နားဖျားကြားလာခဲ့ရသော ပြည်ထဲရေး သတင်းတစ်ပုဒ်ကို လူတွင်ကျယ်လုပ်ကာ ပြောဆိုလာပြန်၏။

"မြင်ကွန်းကိုယ်တော်ကြီး သတင်းကြားလာခဲ့ရတယ်ဗျ"ဟု သစ်ကုန်သည်ကစလိုက်လျှင် ဖခင်ရော ဦးလေး ယောက္ခမလုပ်သူတို့ကို သတ်ဖြတ်ကာ ထီးဖြူနန်းရပ်ကိုလုယူရန် ပက်ပက်စက်စက်ကြံစည်ခဲ့သော ခေတ်သစ် အဇာတသတ်၏သတင်းကို စကားဝိုင်းပရိသတ်သည်များစွာကြားနာလိုသောဟန်အမူအရာများ ပြသလျက်ရှိကြ၏။ ထို့ကြောင့် မြင်ကွန်းမင်းသား၏ ဝါဒဖြန့်ချိရေးသမားဖြစ်မှန်းမသိဖြစ်နေသော နေပြည်တော်ပြန်က "အခု ကိုယ်တော်ကြီး ယိုးဒယားနိုင်ငံ၊ ဗန်

ကောက်နေပြည်တော်ကို ရောက်နေပြီတဲ့ဗျ"ဟု ဆက်လက်ပြောဆို၏။

"ဒီလိုဆိုရင် ကန္တာရဝတီနဲ့ ဘော်လခဲနယ်တွေ အနီးအနားတောင် ရောက်နေပါပကောလားဗျ"ဟု စကားဝိုင်းမှတစ်ယောက်သော စပါးပွဲစားကြီးက အလန့်တကြား ပြောဆိုလိုက်၏။

"ကန္တာရဝတီနဲ့ ဘော်လခဲနယ်စော်ဘွားတွေသာ မဟုတ်တော့ဘဲ ကြယ်ဖိုးကြီးနယ်စော်ဘွားကတောင် မြင်ကွန်းကိုယ်တော်ကြီးဆီ လူလွှတ်ပြီး အဆက်အသွယ်လုပ်နေကြတယ်ဗျ"ဟု နေပြည်တော်မှတစ်ဆင့် ပြောသံကြားသည့်သတင်းကို သစ်ဝါးကုန်သည်က သူ၏ပရိသတ်ကိုတစ်ဆင့် ဖောက်သည်ချနေ၏။

စကားဝိုင်းပရိသတ်သည် မြင်ကွန်းမင်းသားကြီး၏ သတင်းကို များစွာကြားနာလိုစိတ်ရှိနေကြပုံရ၏။ သူတို့တစ်တွေအဖို့ သီပေါဘုရင့်အစိုးရနှင့် စည်သာမြို့စားကြီးတို့၏ လက်အောက်မှ လွတ်ကျွတ်ရေးသည်သာ အဓိကဖြစ်၏။ ဒိုင်းဝန်ထက်မည်မျှပင် ကဲစေကာမူ နောက်လာသည့် မောင်ပုလဲနှင့် အလျဉ်းသင့်သလို ပေါင်းသင်းရန် အဆင်သင့်ရှိနေကြပုံလည်းရ၏။

"ကရင်နီစော်ဘွားတွေသာ မြင်ကွန်းကိုယ်တော်ကြီးဘက်ပါသွားရင် သီပေါမင်းအဖို့ သိပ်မလွယ်လှဘူးလို့ ပြောသံဆိုသံတွေလည်း ကြားခဲ့ရတယ်ဗျ..."ဟု နေပြည်တော်မှ ငင်းကြားလာခဲ့ရသော ပြည်ထဲရေးသတင်းကို သစ်ဝါးကုန်သည်က နိဂုံးချုပ်ပြောကြားသွား၏။

"မြင်ကွန်းမင်းသားကိုလည်း ကြိုက်လှလို့တော့ မဟုတ်ပါဘူးလေ၊ ပခုံးပြောင်းစမ်းကြည့်ရင် သက်သာမလားလို့ စမ်းကြည့်ချင်သေးတယ်"ဟု ဆန်စပါးကုန်သည်တစ်ဦးက သူ၏သဘောထားကို သွေးတိုးစမ်းသည့်အနေနှင့် မရဲတရဲ ထုတ်ဖော်ပြောကြားလာ၏။

"အပြောင်းအလဲ လုပ်ချင်ကြတာတော့ အမှန်ပါပဲလေ၊ ဒါပေမဲ့



နောက်လာမယ့် မောင်ပုလဲက ဘယ်လိုမောင်ပုလဲမျိုးမှန်းမသိရသေးလို့ ခက်နေတာပေါ့ဗျာ"ဟု ပွဲအုပ်ကလည်း သူ၏အတွေးကို အရောင်ထင်လာအောင် ရှေ့တိုးပြောဆိုလာ၏။

တခြားသော စိတ်တူ သဘောတူ စုဝေးလျက်ရှိနေကြသော စကားဝိုင်းတစ်ဝိုင်းတွင်လည်း ပြည်ထဲရေးလောက်သာမက ပြည်ပရေးသတင်းစကားများအကြောင်းကို ပြောဆိုလျက်ရှိနေကြ၏။ ထိုစကားဝိုင်းထဲတွင် ယခင်မြန်မာဘုရင့်အစိုးရ၏ အမှုထမ်း အရာထမ်းဟောင်းများထဲမှ တော်တော်များ၏။ နေပြည်တော်သို့လည်း အရောက်အပေါက်များပြားသူချည်းလိုလိုဖြစ်၏။

"တိုင်းပြည်အခြေအနေကတော့ သိပ်ကောင်းလှတာမဟုတ်ဘူးလေ... ဒီအထဲက မြို့ဝန်၊ မြို့မင်းတွေက အအုပ်အချုပ် မလိမ္မာရင် အခြေအနေဆိုးသည်ထက် ဆိုးသွားနိုင်တယ်..."ဟု ယခင်လွှတ်တော် ဝန်ကြီးဦးကောင်း သေနတ်ဝန်ဖြစ်စဉ်က အိမ်တော်အမှုထမ်းဖြစ်ခဲ့ဖူးသော သူတစ်ဦးက စကားစ၏။

"လင်းပင်မင်းသားလည်း တောင်ပိုင်းရှမ်းနယ်တွေမှာ ဗိုလ်ဝင်ခံနေတယ် ကြားတယ်"ဟု ရှမ်းနယ်များနှင့် ကုန်ရောင်းကုန်ဝယ်အဆက်အသွယ်ရှိသော သစ်ကုန်သည်တစ်ဦးက သူရထားသော သတင်းကို ပြောဆို၏။ ထိုအခါ နောက်တစ်ယောက်ကလည်း အားကျမခံ "ရှမ်းပြည် မြောက်ပိုင်းတစ်ခွင်မှာလည်း မြင်စိုင်းမင်းသားနဲ့ မက္ခရာမင်းသားကြီး သားတော်တွေ ရောက်နေကြတယ်ဆိုပဲ"ဟု ပြောဆိုလိုက်ပြန်၏။

"ဗန်းမော်ဘက်မှာလည်း တရုတ်စော်ဘွား စစ်ကြင်နဲ့ ကချင်ဒူဝါတွေ ဆူပူလှုပ်ရှားနေကြတယ်လို့ ကြားတယ်ဗျ..."ဟု တရုတ်ကုန်သည်များနှင့် ဝါဂွမ်းအရောင်းအဝယ် လုပ်ကိုင်လျက်ရှိသူတစ်ဦးကလည်း သူရထားသော သတင်းကိုပြော၏။

"တစ်လောကလည်း အင်္ဂလိပ်နယ်ထဲမှာ နိုင်ငံရေးခိုလှုံခွင့်ယူနေကြတဲ့ ညောင်ရမ်းနဲ့ ညောင်အုပ်မင်းသား ဘက်တော်သားတွေက သရက်တောကျောင်းနယ်တွေ ဝင်တိုက်တယ်ဆိုတဲ့ သတင်းကြားရတယ်ဗျ..." နေပြည်တော်ရှိ လွှတ်ရုံးအရာရှိများ အတွင်း သားချင်းပေါက်ဖော်များရှိသော ပဲပွဲစားတစ်ဦးကလည်း သူကြားသိထားရသော သတင်းကိုပြောဆိုလျက်ရှိ၏။

"ဒါကြောင့် တိုင်းပြည်အခြေအနေက သိပ်ကောင်းလှတာမဟုတ်ဘူးလို့ ပြောခဲ့ပြီးပါပကော။ ခုလို အခြေအနေမကောင်းရတဲ့အထဲ တိုင်းပြည်ရဲ့ကြမ္မာကို ချုပ်ကိုင်ပဲ့ပြင်နေကြတဲ့ နိုင်ငံအကြီးအကဲတွေ အချင်းချင်းကလည်း စည်းစည်းလုံးလုံးနဲ့ သင့်သင့်မြတ်မြတ် မဟုတ်ကြဘူးလို့ ကြားကြားနေရတယ်..."ဟု ကင်းဝန်မင်းကြီးအိမ်တော်တွင် အမှုထမ်းခဲ့သူက သူ၏မူလစကားကို ပြန်ကောက်ရင်း အခြားအရေးကြီးလှသော ပြည်ထဲရေးသတင်းတစ်ရပ်ကို စလိုက်ပြန်၏။

"လွှတ်တော်မှာ အစုကြီးသုံးစုတောင် ကွဲနေတယ်ကြားပါကလား..." ဟု တစ်ယောက်သောသူက အားကျမခံသူ့သတင်းကို ထုတ်ဖော်ပြောကြားလိုက်၏။

"အရင်ကတော့ ကင်းဝန်နဲ့ တိုင်တားအစုနှစ်စုလောက်သာ ရှိခဲ့တယ်ကြားရပြီး ခုတော့ လေှသင်းအစုတစ်စု ထပ်ပေါ်လာတယ်လို့ ကြားရတာ ဟုတ်များဟုတ်လေသလား မပြောတတ်ပါဘူးဗျာ..."ဟု တစ်ယောက်သောသူကလည်း အတည်မပြုနိုင်သေးသော သူ၏သတင်းကို ထိန်းထိန်းသိမ်းသိမ်းပြောဆိုသွား၏။

"ခုလို တိုင်းပြည်အခြေအနေမကောင်းတာကို မကောင်းတာထက်မကောင်းအောင်ဖန်တီးပြီး အောက်ပြည်က အင်္ဂလိပ်တွေကလည်း ဝင်တိုက်ဖို့တကဲကဲ လုပ်နေတယ်ဆိုတဲ့ သတင်းလည်းရှိတယ်ဗျ...."ဟု တစ်



ယောက်သောသူက သူရရှိထားသော သတင်းကိုထုတ်ဖော်ပြောဆိုလိုက်သောအခါ စကားဝိုင်းပရိသတ်သည် များစွာတုန်လှုပ်ချောက်ချားသွားပုံရ၏။ ဘယ်သူကမျှ ဆက်လက်စကားပြောဆိုခြင်းမပြုကြတော့ဘဲ ငြိမ်ကျသွား၏။

နေပြည်တော်နှင့်လည်းကောင်း၊ မင်းပိုင်းစိုးပိုင်းနှင့်လည်းကောင်း၊ တိုင်းရေးပြည်ရေးကိစ္စများနှင့်လည်းကောင်း များစွာအလှမ်းကွာဝေးသော ဆင်းရဲသား ကျေးတော်မျိုး ကျွန်တော်မျိုးများအပိုင်းတွင်လည်း သူ့နီးစပ်ရာသူ အစုအဝေးကလေးများဖြစ်လာအောင် တောင်ပြောမြောက်ပြောပြောဆိုလျက်ရှိကြ၏။

"ကနေ့တစ်မြို့လုံး တစ်အိမ်တက်ဆင်းနဲ့ တစ်လမ်းထွက် တစ်လမ်းဝင် ပိုက်စိပ်တိုက်ရှာတာကို ဘယ်လိုများ အကဲခတ်လို့ရကြသလဲဗျာတို့..."ဟု ပွဲရုံတစ်ရုံတွင် အထမ်းအပိုးဘက်တွင်လုပ်ကိုင်ရသော အလုပ်သမားကြီးတစ်ဦးက စကားစ၏။

"ခုလောက် သဲသဲမဲမဲ မစစ်ဆေးမရှာဖွေခဲ့ဖူးတာကိုထောက်တော့ တော်တော်အရေးကြီးတဲ့ အကြောင်းကိစ္စတစ်ခုခုရှိလို့ဖြစ်လိမ့်မယ်ထင်တယ်..."ဟု တစ်ယောက်သော လှေထိုးသားက သူ၏ အကဲဖြတ်ချက်ကို ပြောဆို၏။

"သူတို့ဟာ သူတို့အကြောင်းရှိလို့ ရှာဖွေစစ်ဆေးတာဆိုပေမဲ့ ကျုပ်တို့ လုပ်လုပ်စားစား ဆင်းရဲသားတွေအဖို့ကတော့ အလုပ်ပျက်အကိုင်ပျက်နဲ့ အနေကျပ် အစားကျပ် ဒုက္ခရောက်လှသဗျာ..."ဟု သစ်ဖောင်ဝါးဖောင်များလိုက်ရသော သစ်ဝါးပို့ဆောင်ရေး လုပ်သားကြီးတစ်ဦးက ညည်းညူပြောကြားလျက်ရှိ၏။

"မလှန်နိုင်သေးသမျှတော့ ခံနေကြရဦးမှာပေါ့ဗျာ..." အမှုထမ်းဘဝမှ အကြောင်းအမျိုးမျိုးကြောင့် အပယ်ရှားခံခဲ့ရပြီးနောက် အလုပ်

အကိုင်အတည်တကျမရှိသူတစ်ဦးက လက်သီးဆုပ်ကာ အန်ထုတ်လိုက်၏။

"မလှန်လည်းမလှန်နိုင်... ခံလည်းမခံနိုင်ရင်တော့ လုပ်စရာတစ်ခုပဲရှိတယ်..."ဟု လေ့ထိုးသားက ရှုတ်နောက်နောက် လိုလိုနှင့် အတည်လိုလိုပြောဆို၏။

"ဘာအလုပ်များလဲဗျ..."ဟု အမှုထမ်းဟောင်းက ပြန်မေး၏။

"အင်္ဂလိပ်အုပ်နေတဲ့ အောက်ပြည်အောက်ရပ်ကို ထွက်သွားပြီး ထယ်ထိုးတဲ့အလုပ်လေဗျာ၊ ဒီလိုထွက်သွားတဲ့လူတွေဘယ်လောက်များနေပြီလဲ"

"တတ်နိုင်သေးရင်တော့ ကိုယ့်ရပ်ကိုယ့်ရွာကို မစွန့်ချင်သေးဘူးဗျာ..."

အခြားသောစကားဝိုင်းတစ်ဝိုင်းတွင်လည်း ဆင်းရဲသားမျောက်လောင်းများသည် ၎င်းတို့၏ရင်များထဲတွင် ရှိထားကြသော အစိုင်အခဲများကို မတိုးမကျယ် အန်ထုတ်လျက်ရှိကြ၏။

"ဒီပုံအတိုင်းသာဆိုရင် ရှေ့လျှောက် ကျုပ်တို့ဘာလုပ်စားကြဦးမလဲဗျာ..."ဟု လူမမာရုပ် ပေါက်နေသော ထင်းရောင်းစားသူတစ်ဦးက ညည်းတွား၏။

"ရိုးရိုးသားသား ဖြောင့်ဖြောင့်တန်းတန်း လုပ်ကိုင်စားသောက်မဖြစ်လို့ လူတွေမလွှဲမရှောင်အလုပ်တစ်ခုတော့ ရှိသားပဲ"ဟု လွှတိုက်သမားတစ်ဦးက ခပ်တည်တည်ပြော၏။

"ခင်ဗျားပြောနေတာက ဘယ်အလုပ်လဲဗျ..."ဟု အလုပ်အကိုင်အတည်တကျမရှိသူတစ်ဦးက ဟုတ်နိုးနိုးအထင်ဖြင့် မေး၏။

"သူခိုးဓားပြအလုပ်လေ... ကျုပ်တို့တစ်တိုင်းတစ်ပြည်လုံးလည်း သူခိုး ဓားပြနဲ့ သူခိုးတစ်ပိုင်း ဓားပြတစ်ပိုင်း အလုပ်တွေလုပ်နေကြပြီမဟုတ်လား..."

"ငတ်လာတဲ့ တစ်နေ့ကျတော့လည်း လုပ်သင့် လုပ်ရလိမ့်မယ်..."ဟု သူတစ်ပါးပြောသမျှအားတွင် ငြိမ်သက်စွာ ထိုင်နားထောင်နေသော ပွဲရုံအလုပ်သမားတစ်ဦးက အန်ထုတ်လိုက်၏။

"စလေတို့၊ ပခန်းတို့ဘက်လည်း သူခိုးဓားပြတွေ တယ်ပွတယ်ကြားပါလားဗျ..."ဟု တစ်ယောက်သောသူက တစ်ဆင့်ကြားထားပုံရသော ပြည်ထဲရေး အခြေအနေကို ပြောဆို၏။

"စလေ၊ ပခန်းနဲ့ အောက်မြစ်စဉ်တစ်လျှောက်သာမဟုတ်ဘူး၊ အညာမြစ်စဉ်ခရိုင်နဲ့ ကျုပ်တို့မင်းဝံချောင်းရိုးတစ်လျှောက်ရော သူခိုးဓားပြနဲ့ တောပုန်းတွေ ဘယ်လောက်များနေပြီလဲဗျ..."ဟု သက်ရွယ်ကြီးရင့်သောအလုပ်သမားကြီးတစ်ဦးကလည်း ဝင်ရောက်ပြောဆိုလာ၏။

"ဟုတ်တယ် ဘာကြာသေးတာလိုက်လို့၊ တစ်လောကတွင် မင်းဝံချောင်းရိုးက ပြင်သာရွာကြီးကို တောပုန်း ဓားပြလိုလို၊ သူပုန်လိုလို လူပေါင်းအစိတ်သုံးဆယ်လောက် ဝင်စီးပြီး ဘုရင့်ကုန်တော်တွေ လုယက်ယူငင် သွားကြသေးတယ်မဟုတ်လား..."

"ကျုပ်လည်း သဲ့သဲ့တော့ ကြားလိုက်သလိုရှိတယ်ဗျ..."

"သဲ့သဲ့မဟုတ်ဘူး ကိုရင်ကြီး၊ လွန်ခဲ့တဲ့ သုံးနှစ်သာသာလောက်က မြို့စားကြီးရဲ့ အညှဉ်းပန်းအနှိပ်စက်ကို မခံနိုင်လို့ စည်သာက ထွက်သွားပြီးတော့ တောပုန်းကြီးလုပ်နေတဲ့ ဗိုလ်မိုးကျော်ဂိုဏ်းရဲ့ လက်ချက်လို့ လူအတော်များများက ပြောဆိုနေကြတယ်ဗျ..."ဟု မင်းဝံချောင်းရိုးတစ်လျှောက်နှင့် အဆက်အသွယ်များပြားပုံရသော လေ့ထိုးသားက ပြောဆိုလာ၏။

"ကျုပ်လည်း ကိုရင်ကြီးပြောသလို ကြားလိုက်မိတယ်... ဗိုလ်မိုးကျော်ဂိုဏ်းက တော်တော်အားကောင်းတယ်လို့လည်းပြောသံကြားရ

တယ်... ဆင်းရဲသားတွေအပေါ် သက်ညှာကူညီတဲ့အတွက် ချောင်းဖျားရွာတွေကလည်း သူ့ကိုတော်တော်ကလေးထောက်ခံ ကူညီနေကြတယ်ဆိုပဲ..."

စည်သာမြို့စားကြီး ဦးကျော်ခေါင်၏အမိန့်ဖြင့် တစ်မြို့လုံး မြေလှန်ရှာဖွေစစ်ဆေးပြီးစီး၍ လက်နက်ကိုင်တပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းသွားတော့မှပင် မြို့သူမြို့သားများသည် သက်မကိုချနိုင်ကြပြီးလျှင် သူတို့၏ ခံစားချက်များ၊ ထင်မြင်ချက်များ၊ အတွေးကလေးများ စသည်တို့ကို မိမိတို့နှင့် နီးစပ်ရာ၊ ခင်မင်ရာနှင့် ယုံကြည်စိတ်ချရာ အဝန်းအဝိုင်းကလေးများအတွင်း တီးတိုးတီးတိုးပြောဆိုနေကြခြင်းမျှသာဖြစ်၏။ သို့ရာတွင် မည်သူတစ်ဦးတစ်ယောက်ကမျှတော့ ကျယ်ကျယ်လောင်လောင် ပြောဆိုခြင်းမပြုလုပ်ဝံ့ကြပေ။ ဆူဆူပူပူလည်းမလုပ်ရဲကြပေ။ စည်သာမြို့စွန်ရှိလက်မရွှံ့ထောင်ကြီးကို ကြီးကြပ်ကြသော အကျဉ်းထောင် အမှုထမ်းအရာထမ်းများနှင့် ပါးကွက်အာဏာသားများသည် အလွန်တရာ ကြမ်းတမ်းရိုင်းစိုင်းကြသောကြောင့်ပင်ဖြစ်၏။

## [၃]

လက်နက်ကိုင် အစောင့်အကြပ်များ ကောင်းစွာချထားသော မြို့လယ်ကောင်ရှိ စည်သာမြို့စားကြီး၏အိမ်တော်အတွင်း လူသူတစ်ယောက်တလေမျှ မရှိသကဲ့သို့ ဘာသံမျှ မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ မြို့စားကြီးအိမ်တော်မှာ အုတ်များဖြင့် အခိုင်အခံ့ ဆောက်လုပ်ထားသော နှစ်ထပ်တိုက်ကြီးဖြစ်၏။ အိမ်ပတ်ပတ်လည်တွင် လက်ခုပ်တစ်ဖောင်သာသာမျှ မြင့်မားသော အုတ်တံတိုင်းခတ်ထား၏။ ထို့ကြောင့် ခြံဝင်းအပြင်အပမှ သူစိမ်းတစ်ယောက်ယောက်သည် အိမ်တော်အတွင်းသို့ ချဉ်းကပ်ဝင်ရောက်ရန် မလွယ်ကူလှချေ။



အိမ်တော်အတွင်းသို့ ဝင်ရောက်ရန် တံခါးတစ်ပေါက်မျှသာရှိ၍ ထိုတံခါးပေါက်အဝင်တွင် မြို့စားကြီး၏ ဝင်းတော်မှူးနှင့် လက်နက်ကိုင်တပ်ဖွဲ့များစောင့်ကြပ်နေကြ၏။

မြို့စားကြီး၏ အိမ်တော်အောက်ထပ်ရှိ ရုံးခန်းအတွင်း၌ လူသုံးဦးရှိ၏။ ဖယောင်းတိုင်ကြီးသုံးတိုင်ကို ထွန်းညှိထားသဖြင့် ကောင်းစွာလင်း၏။ သို့ရာတွင် လူသုံးယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် စကားပြောဆိုရန် အကြောင်းအရာမရှိသကဲ့သို့ စကားမပြောဆိုနိုင်ဘဲ ဖြစ်နေကြ၏။

လူသုံးဦးအနက် တစ်ဦးမှာ အိမ်ရှင်မြို့စားကြီး ဦးကျော်ခေါင်ဖြစ်၏။ မြို့စားကြီးသည် အသက် ၅၀ သာသာခန့်မျှ လောက်ရှိပြီဖြစ်သော်ငြားလည်း အာဟာရနှင့် ဆေးကောင်းဝါးကောင်းများကို ဝလင်လုံလောက်စွာ မှီဝဲသုံးဆောင်ရသောကြောင့် များစွာကျန်းမာပျိုမျစ်ဆဲဖြစ်၏။ သို့ရာတွင် သူ၏မျက်နှာအမူအရာနှင့် အင်္ဂါရုပ်အနေအထား စသည်တို့မှာ အလိုရမ္မက်ကြီးသလောက် ခက်ထန်ကြမ်းကြုတ်သော အသွင်လက္ခဏာများဆောင်၏။ မြို့စားကြီးသည် သျှောင်တစောင်း ထုံးထား၏။ ပဝါရစ်ပတ်ခြင်းမရှိ၊ သူ၏နှုတ်ခမ်းမွေးမှာလည်း ကျင်စွယ်နှင့်ဖြစ်၏။ သို့ရာတွင် ယခု ညဥ့်ဦးပိုင်းတွင်မူကား မြို့စားကြီးဦးကျော်ခေါင်၏ မျက်နှာနှင့် ကိုယ်နှုတ်အမူအရာများသည် အလွန်တရာ ခက်ထန်ကြမ်းတမ်းသော အသွင်ကိုဆောင်နေ၏။ တစ်စုံတစ်ခုသောအရေးအခင်းအတွက် အလွန်တရာ ဒေါသူပုန်ထနေပုံလည်းပေါ်၏။

မြို့စားကြီးထိုင်နေသော စာရေးစားပွဲ၏ ရှေ့တည့်တည့်လောက်တွင် စည်သာမြို့၏ အုပ်ချုပ်ရေးနှင့် လုံခြုံရေးများဆိုင်ရာ အထက်တန်းအရာရှိကြီးနှစ်ဦးသည် မတုန်မလှုပ်ရပ်နေကြ၏။ ထိုအရာရှိကြီးနှစ်ဦးသည် နေပြည်တော်ရှိ မြန်မာဘုရင့်ကိုယ်စား စည်သာနယ်ကြီးကို တာဝန်

ယှုထိန်းသိမ်းအုပ်ချုပ်နေရသော တာဝန်ခံအရာရှိကြီး နှစ်ဦးနှင့်မတူ၊ မြို့စားကြီးကို ပြားပြားဝပ်နေရအောင် ကျိုးနွံကြောက်ရွံ့ရသော အမှုထမ်းကလေးနှစ်ဦးကဲ့သို့ ထင်ရ၏။

ယင်းအရာရှိကြီးနှစ်ဦးအနက် တစ်ဦးမှာ စစ်ကဲကြီး ဦးရွှေနောင်းဖြစ်၍ ကျန်တစ်ဦးမှာ မြို့စောင့်တပ်မှူးကြီး ဗလကျော်ထင်ဆိုသူဖြစ်၏။ သူတို့နှစ်ဦးစလုံးလည်း မြို့စားကြီးနှင့် သက်တူရွယ်တူများဖြစ်ကြ၏။ သို့ရာတွင် ဦးကျော်ခေါင်ကဲ့သို့ ဘုရင်နှင့် မိဖုရားကြီးတို့က ယုံစားခန့်အပ်ခြင်းခံကြရသူများမဟုတ်ပေ။ လွှတ်တော်ဝန်ကြီးများကိုလာဘ်ထိုး၍ သူတို့၏ ရာထူးများကို ရရှိထားကြသူများဖြစ်၏။ ထို့ကြောင့်လည်း ဘုရင်နှင့် မိဖုရားခန့် မြို့စားကြီးကို အလွန်တရာကျိုးနွံကြောက်ရွံ့ရခြင်းပင်ဖြစ်ဟန်တူ၏။

သူတောင်းခံထားသောအဖြေကို ကြာမြင့်စွာ စောင့်ဆိုင်းနေခဲ့သည့်တိုင်အောင် ဘာမျှပေးနိုင်ပုံမရသော စစ်ကဲကြီးနှင့် တပ်မှူးကြီးတို့ကို တစ်ချက်စီ မျက်စောင်းထိုးကြည့်လိုက်ပြီးနောက် ဦးကျော်ခေါင်သည် တောက်တစ်ချက် ကျယ်လောင်စွာခေါက်လိုက်၏။ မြို့စားကြီး တောက်ခေါက်လိုက်သဖြင့် စစ်ကဲကြီးနှင့် တပ်မှူးကြီးနှစ်ဦးသည် များစွာခါယမ်းလှုပ်ရှားသွားကြ၏။ သို့ရာတွင် ဦးကျော်ခေါင်သည် သူ၏ဒေါမာန်ကို ချုပ်တီးခြင်းမပြုနိုင်သကဲ့သို့ သူ့ရှေ့တည့်တည့်တွင်ရှိသော စာရေးစားပွဲကိုလည်း လက်ယာဘက် လက်သီးဖြင့် ဝုန်းခနဲမြည်သွားအောင် ခပ်ပြင်းပြင်းထုလိုက်ပြန်၏။ စားပွဲထုသံကြောင့် ရုံးခန်းတစ်ခန်းလုံး တုန်ခါသွားသလားထင်ရ၏။ အရာရှိကြီးနှစ်ဦးစလုံးသည်လည်း ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားကြ၏။

"ခင်ဗျားတို့ နှစ်ယောက်စလုံးကို ဘုရင့်အစိုးရက ခုလောက် လစာနဲ့ စည်းစိမ်တွေ ချီးမြှင့်ထားပြီး ခုလို ရာထူးကြီးတွေခန့်အပ်ထားတာ ဒါလောက်ဟာကလေးမှ အသုံးမချရရင် ဘာအသုံးကျဦးမှာလဲဗျ..."



ဟု ထိုင်နေရာမှ ဝုန်းခနဲထကာ ပြောကြားရင်း မြို့စားကြီးသည် ပြတင်းပေါက်ဘက်သို့ လျှောက်သွား၏။ ထို့နောက် ပြတင်းပေါက်အပြင်သို့ ထွီခနဲ တံတွေးထွေးထုတ်လိုက်၏။

စစ်ကဲကြီးနှင့် တပ်မှူးကြီးတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် မသိမသာလှမ်းကြည့်လိုက်ကြ၏။ သို့ရာတွင် ဘာမျှတော့ ပြန်လည်ထုချေပြောဆိုခြင်းမပြုကြပေ။

"မြို့လည်းတံတိုင်းခတ်ထားပြီး အစောင့်တပ်သားတွေလည်း ဒါလောက်ချထားတဲ့ကြားထဲက ဒီမိန်းကလေးတစ်ယောက် ခုလိုပျောက်သွားရတာ မလွန်လွန်းဘူးလားဗျ..."ဟု လက်နှစ်ဖက်ကိုနောက်ပစ်ကာ ကျောခိုင်းထားရာမှ မြို့စားကြီးက မကျေမချမ်းပြောဆိုလိုက်ပြန်၏။

စည်သာမြို့ဝန်ထမ်းအရာရှိကြီးနှစ်ဦးတို့သည် တစ်ယောက်မျက်နှာကိုတစ်ယောက် လှမ်းကြည့်လိုက်ကြပြန်၏။ သို့ရာတွင် ပါးစပ်ကိုတော့ မဟကြသေးချေ။

ကျောခိုင်းထားရာမှ ဦးကျော်ခေါင်သည် ချာခနဲပြန်လှည့်လာပြန်၏။ သို့ရာတွင် သူ့နေရာတွင် ပြန်မထိုင်နိုင်သေး။ စစ်ကဲကြီးနှင့် တပ်မှူးကြီးတို့ကို တစ်လှည့်စီ စူးစူးဝါးဝါး ကြည့်နေ၏။

ယင်းသို့ အကြည့်ခံရသဖြင့် အရာရှိကြီးနှစ်ဦးတို့သည် များစွာအနေရအထိုင်ရ ဆင်းရဲပင်ပန်းနေပုံရ၏။ သို့ရာတွင် ဘာမျှတော့ မပြောဝံ့ကြချေ။

"ဘယ်လိုလဲဗျ စစ်ကဲကြီး... ကျုပ်ရဲ့ လက်ထပ်မယ့်ဆဲဆဲ သတို့သမီးကို ခင်ဗျားတို့အစွမ်းအစနဲ့ ဘယ်လိုမှရှာမပေးနိုင်ကြတော့ဘူးလား..."မြို့စားကြီးသည် စစ်ကဲကြီး၏ ပခုံးကိုခတ်ဆတ်ဆတ်ကလေးပုတ်ခတ်ရင်း မေးမြန်းလိုက်ပြန်၏။

နံနက်ဝေလီဝေလင်းကတည်းက စည်သာတစ်မြို့လုံး မြေလှန်ရှာဖွေခဲ့သော်လည်း ပျောက်ချင်းမလှပျောက်သွားသော မြို့စားကြီး၏

ကြင်ရာတော်လောင်းကို အစအနလောက်မျှ မတွေ့ခဲ့ရသော စစ်ကဲကြီး ဘာမျှပြန်မပြောတတ်သဖြင့် ဦးခေါင်းကို ငုံ့ထားလိုက်၏။ များစွာ အနေရ ဆင်းရဲကျပ်တည်းနေပုံလည်းရ၏။

ယင်းသို့ စစ်ကဲကြီးထံမှ အကြောင်းပြန်ကြားချက် မရရှိသောအခါ မြို့စားကြီးသည် မြို့စောင့်တပ်မှူးကြီး ဗလကျော်ထင်အနီးသို့ လျှောက်သွားပြီးလျှင် "တပ်မှူးကြီးကကော ဘယ်လိုလဲဗျ"ဟု မေးမြန်းလျက်ရှိပြန်၏။

"ကျွန်တော်တို့လည်း မြို့စားကြီးသိရှိတော်မူတဲ့အတိုင်း မြို့ဝင်မြို့ထွက်မှာရော၊ မြို့တွင်းမှာရော တစ်နေကုန် တစ်နေခန်း ပိုက်စိပ်တိုက် ရှာခဲ့ကြတာပါပဲခင်ဗျာ"ဟု ဗလကျော်ထင်က ၎င်း၏ လုပ်ဆောင်ချက်ကို ပြန်လည်ပြောကြားခြင်းပြုလိုက်၏။

"ရှာကြတာတော့ ကျုပ်လည်းအမြင်သား၊ အသိသားပေါ့။ ဒါပေမဲ့ ကျုပ်ကြင်ရာလောင်းကို ခင်ဗျားတို့တွေ့အောင်ရှာနိုင်ကြရဲ့လားဗျ"ဟု ဦးကျော်ခေါင်သည် စားပွဲကို ခပ်ဆတ်ဆတ်လေး ပုတ်ခတ်ပြောဆိုလိုက်၏။

တပ်မှူးကြီးသည် ဦးခေါင်းကိုငုံ့ထားလိုက်၏။ သူ့တွင် နောက်ထပ် ပြောဆိုရန် အကြောင်းအရာမရှိချေ။

"မြို့စားကြီးနှင့် လက်ထပ်မယ့်ဆဲဆဲ သတို့သမီးပျောက်သွားတာကိုရအောင် မရှာနိုင်ကြဘူးဆိုတာတော့ နေပြည်တော်က ကြားသွားလို့မှမတော်တဲ့ ကိစ္စကြီးပါလားဗျ..."အလွန်တရာ မကျေမချမ်းဖြစ်နေပုံရသော ဦးကျော်ခေါင်သည် စားပွဲကို လက်ဝဲဘက် လက်သီးဖြင့် ခပ်ပြင်းပြင်းထုရင်း ပြောဆိုခြင်းပြုပြန်၏။

"ကနေ့တစ်နေ့လုံးပဲ မြို့စောင့်တပ်ဖွဲ့ဝင်တွေရော နယ်ထိန်းတပ်ဖွဲ့ဝင်တွေပါမကျန် မြို့စားကြီးရဲ့ ကြင်ရာလောင်းကို ရှာခဲ့ကြတာလည်း သိတော်မူတဲ့ အတိုင်းပါပဲခင်ဗျာ... ဒါပေမဲ့ ကနေ့အဖို့တော့ အချိန်မရှိ



တော့လို့ မနက်ဖြန်ကျမှ ကျွန်တော်တို့ ဆက်လက်ရှာကြံပါရစေဦး မြို့စားကြီး"ဟု စစ်ကဲကြီးက မရဲတရဲနှင့် ပြောဆိုလိုက်၏။

"ဟုတ်ပါတယ် မြို့စားကြီး၊ ကျွန်တော်တို့လည်း မတွေ့တွေ့အောင် ရှာပို့ပါ့မယ်"ဟု တပ်မှူးကြီးကလည်း အားဖြည့်ပြောကြားခြင်းပြု၏။

မြို့စားကြီး ဦးကျော်ခေါင်သည် အတန်ကြာမျှ ငိုင်နေ၏။ သူ၏ လက်ထောက်နှစ်ဦးတို့ကို ဆက်လက်ဆူပူကြိမ်းမောင်းနေ၍ အကြောင်း ဘယ်သို့ထူးလာဦးမည်နည်း။ သူ့အနေနှင့် ဆူပူတန်သလောက် ဆူပူ၊ ကြိမ်းမောင်းတန်သလောက် ကြိမ်းမောင်းခဲ့ပြီဖြစ်သည်မဟုတ်သလော။ သူအလွန်တရာတပ်မက်၍ မရရသည့်နည်းနှင့် သိမ်းပိုက်ယူငင်ရန် ကြံစည်ခဲ့ရသော ကြင်ရာလောင်းကို ပြန်လည်ရရှိဖို့ အရေးသာ သူ့အဖို့ အရေးဖြစ်၏။ ထိုအရေးကိစ္စတွင် သူ့ကိုကောင်းစွာ ထောက်ပံ့ကူညီနိုင်ကြသူများမှာ စစ်ကဲကြီးနှင့် တပ်မှူးကြီးနှစ်ဦးတို့သာဖြစ်သည်မဟုတ်သလော။ ယင်းသို့ သူ၏ အကျိုးစီးပွားအတွက် ကူညီထောက်ပံ့နိုင်ကြသူများကို ဆက်လက် ဆူပူကြိမ်းမောင်းနေခြင်းအားဖြင့် အကျိုးပွားစီးနိုင်စရာ အကြောင်းမရှိကြောင်း မြို့စားကြီးသည် ဆင်ခြင်စဉ်းစားမိလာပုံရ၏။ ထို့ကြောင့် မြို့စားကြီးသည် သက်ပြင်းကိုချရင်း 'ခင်ဗျားတို့နှစ်ယောက်စလုံး တော်တော်ပင်ပန်းနေကြပြီ။ ဒီတော့ ကနေ့ညစာ ကျုပ်အိမ်မှာပဲ စားသွားကြပါ၊ ဒေါင်းသားဆီပြန်နဲ့ ဆတ်သားကြော်ချက်ချက်ထားတာတော့ရှိတယ်၊ ဪ... တစ်လောက နေပြည်တော်က ပြင်သစ်သံအဖွဲ့က လက်ဆောင်ပါးလိုက်တဲ့ ကော့ညက်ဆိုတဲ့ အရက်လည်း အမောပြေသုံးဆောင်သွားကြပါဦးဗျာ..."ဟု မြို့စားကြီးက ၎င်း၏ လက်ထောက်နှစ်ယောက်ကို ချွေးသိပ်ပြောဆိုပြီးနောက် အိမ်တော်အမှုထမ်းများကို ညစာစားဖို့ ပြင်ဆင်တည်ခင်းရန် အချက်ပေးလိုက်၏။

❐

## စည်သာမြို့၏ လှခေါင်မင်း

### [ ၁ ]

သူနှင့် လက်ဆက်ရတော့မည့်ဆဲဆဲ သတို့သမီး ခင်အုံပျောက်ခြင်းမလှ ပျောက်သွားသောနေ့က တစ်နေ့လုံး ယောက်ယက်ခတ်နေခဲ့ရသကဲ့သို့ ထိုနေ့ည တစ်ညလုံးလည်း မြို့စားကြီးဦးကျော်ခေါင်သည် အဘယ်သို့မျှ အိပ်စက်၍ မရနိုင်လောက်အောင် ဖြစ်နေ၏။ မြို့စားကြီးသည် အိပ်ရာထက်တွင် လှဲနေလိုက်၊ ယင်းသို့ အိပ်ရာထဲတွင် လှဲမရပြန်သဖြင့် အိပ်ရာထက်မှဆင်းကာ သူ၏အိပ်ခန်းအတွင်း ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်နှင့် သူ့ကိုယ်သူလည်း ဆောက်တည်ရာ မရနိုင်အောင် လူးလာခတ်နေ၏။ တောင်ကူးမြောက်ပြေး ရှာဆော်ကြီး ခွေးအလားလည်း ဖြစ်နေ၏။

သူလို နေဝင် ဘုရင်တစ်ပါးက ပန်းသုံးတိုင်း ရာဇမတ်ကာရံသတ်မှတ်ထားသော ကြင်ရာတော်လောင်းသည် စည်သာကဲ့သို့ မြို့ကြီးတွင် အဘယ်သို့ အဘယ်ပုံ ပျောက်သွားရသနည်း။ တံတိုင်းအုတ်ရိုးခတ်ထားသော မြို့ကြီးအတွင်းမှ အဘယ်ကဲ့သို့သော ရန်သူမျိုးက ဆောင်



ကြဉ်းသွားသနည်း။

စည်သာမြို့ကြီးတစ်မြို့လုံးလည်း မြေလှန်ခဲ့ကြပြီ။ တစ်လမ်းဝင်တစ်လမ်းထွက်၊ တစ်အိမ်တက် တစ်အိမ်ဆင်းနှင့် ရစရာမရှိအောင် မွှေနှောက်ခဲ့ကြပြီ။ သို့ရာတွင် မြို့စားကြီး ကြင်ရာလောင်း၏ အရိပ်အယောင်မျှပင် မတွေ့ခဲ့ရပေ။ မြို့တံခါးလေးပေါက်မှ မြို့ဝင်မြို့ထွက်များကိုလည်း တစ်ကောင်တစ်မြီးမှ မကျန်ရအောင် စစ်ဆေးခဲ့ကြပြီ။ သို့ရာတွင် ခင်အုံကို ရထားပျံနှင့်များ ဆောင်ကြဉ်းသွားလေသလော။

မြို့စားကြီးသည် ဆွေ့ဆွေ့ခုန်လျက်ရှိ၏။ သူသည် စစ်ကဲကြီးနှင့် တပ်မှူးကြီးကအစ သူ၏ အိမ်တော်ကျွန်များပါမကျန် ဆူပူကြိမ်းမောင်းခဲ့ပြီးပေပြီ။ ထိုမျှသာမကသေး သူ၏ ယောက္ခမလောင်းများဖြစ်ကြသော ခင်အုံ၏မိဘနှစ်ပါးတို့ကိုပါ အကြပ်အမတ် အစောင့်အရှောက် ပေါ့လျော့ရကောင်းလားဆိုကာ မြည်တွန်တောက်တီးခဲ့၏။ သို့ရာတွင် ပျောက်ခြင်းမလှ ပျောက်သွားသော ခင်အုံ၏ သတင်းအစအနကိုကား မရခဲ့ပေ။

တစ်နေ့ခင်းလုံး စိတ်လှုပ်ရှားခဲ့ရပြီးနောက် ညပိုင်းတွင်လည်း မြို့စားကြီးသည် စိတ်ငြိမ်သက် နားနေခြင်းကို မရ။ ပို၍ လှုပ်ရှား၏။ ယောက်ယက်လည်း ခတ်၏။ တကယ်ဆိုတော့ ရည်းစား လူလု၊ ရွှေဥကြမ်းညှပ်၊ မျက်စပ်ပိုးဝင်ဆိုသော စကားလည်း အရှိသားမဟုတ်လား။

မြို့စားကြီး၏ တစ်ကိုယ်လုံးလည်း ချွေးများပြန်ထွက်လျက်ရှိ၏။ ထို့ကြောင့် ဦးကျော်ခေါင်သည် ချွေးအထွက် ရပ်သွားစေရန်အတွက် ပိတ်ထားသော ခေါင်းရင်းပြတင်းတံခါးပေါက်ကို ဝုန်းခနဲဖွင့်လိုက်၏။ အပြင်ဘက်တွင် စည်သာ၏ညသည် မှောင်မိုက်စွတကား။

အပြင်မှလေသည် ပွင့်သွားသော ခေါင်းရင်းပြတင်းပေါက်မှ အခန်းတွင်းသို့ တရကြမ်းတိုးဝှေ့ ဝင်ရောက်လာ၏။ ယင်းသို့ လေဝင်လာ

သဖြင့် လျောင်နေသောအခန်းတွင်း အေးမြသန့်ပြန့်စပြုလာ၏။ သို့ရာတွင် မယားလောင်း လူအလုခံထားရသော မြို့စားကြီး၏ ရင်ထဲ၊ နှလုံးထဲ၌ကား အဘယ်သို့ ကြည်လင်အေးမြခြင်း ရှိနိုင်ပါမည်နည်း။

မြို့စားကြီးသည် ပြတင်းပေါက်ဝတွင် ရပ်ကာ လေညင်းခံရင်း စည်သာ၏ညကို လှမ်းကြည့်လိုက်၏။ အာကာသဟင်းလင်းပြင်တွင်ကား ငွေလမင်းနှင့် ကြယ်တာရာများ မရှိကြ၊ ပျောက်ကွယ်နေကြ၏။ ထို့ကြောင့် မှောင်မိုက်ခြင်းကိုသာတွေ့ရ၏။ အတန်ကြာမျှ လေညင်းခံနေသည့်တိုင်အောင် အာခေါင်များ ခြောက်ကပ်မြဲ ခြောက်ကပ်ကာ ရင်ထဲ၌လည်း ပူစပ်ပူလောင်မြဲ ပူလောင်လျက်ရှိနေသောကြောင့် သူသည် ခုတင်ဘေးသို့ လျှောက်လာခဲ့၏။ ထို့နောက် မြို့စားကြီးသည် ယွန်းနှင့် လှပစွာ ပြုလုပ်ထားသော ရေတကောင်းမှ ငွေဖလားနှင့် ရေတစ်ဖလားငှဲ့ကာ ကွတ်ကွတ်မြည်အောင် အားရပါးရ သောက်ချလိုက်၏။

ရေတစ်ဖလားသည် ခဏချင်းပင် ကုန်သွား၏။ ယင်းသို့ အာပေါ်နှင့် ဝါယောဓာတ်များ ဖြည့်တင်းရရှိလိုက်တော့မှ မြို့စားကြီးသည် အနေရအထိုင်ရ သက်သာချောင်ချိသွားပုံရ၏။ သို့ရာတွင် ဦးခေါင်းထဲ၌ ပူနေသောကိစ္စ သို့မဟုတ် ဝေဒနာမှုကား သက်သာခြင်း မရှိသေးပေ။

ထို့ကြောင့် ကုလားထိုင်တစ်လုံးထက်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်ရင်း မြို့စားကြီးသည် စာရေးစားပွဲကို လက်ယာဘက်လက်သီးဖြင့် ဝုန်းခနဲ ထုလိုက်ပြန်၏။ ထို့နောက် ရင်တွင်းမှလေပူ၊ လေပုပ်များကိုလည်း ပါးစပ်မှ မှုတ်ထုတ်နေ၏။

## [ ၂ ]

ခင်အုံသည် စည်သာမြို့၏ လှခေါင်မင်းဖြစ်၏။ ယောကျ်ားအပေါင်းတို့၏ ငမ်းငမ်းတက် ကြည့်ရှုခြင်းမျှလောက်သာမက ကြီးမား



သော သိက္ခာများကို ပင်ပင်ပန်းပန်း ထမ်းဆောင်နေကြရသော ရဟန်းတော်များပင် ဆွမ်းခံရင်း စောင်းငဲ့ကြည့်ရှုရသည်အထိ ဖြစ်၏။ လှခေါင်မင်းသည် အဆင်းကောင်းသလို အချင်းလည်းကောင်း၏။ လောကီဆိုင်ရာ စာပေဗဟုသုတဘက်တွင်သာမက လောကုတ္တရာဘက်တွင်လည်း နှံ့စပ်ကြွယ်ဝ၏။ ခန္ဓာငါးပါးနှင့် ရုပ်နာမ်တရားများအကြောင်း ဓမ္မဝိုင်းများတွင် ကြားရသူ ငေးစိုက်နားထောင် ရလောက်အောင် ပြောဆိုဆွေးနွေးနိုင်စွမ်းရှိသကဲ့သို့ ကဗျာလင်္ကာဘက်တွင်လည်း အရေးအစပ်အသီအကုံးကောင်း၏။ စောင်းတီးရာတွင်လည်း အလွန်တရာညက်ညောပိရိ၏။

ခင်အုံ၏ မိဘမျိုးရိုးသည် သန့်ပြန့်ကောင်းမွန်၏။ အသည်မျိုး၊ ကုန်သည်မျိုးထဲကဖြစ်၍ ဓနဥစ္စာလည်းရတတ်၏။ ပေါက်ဖော်သားချင်းလည်း ခိုင်ခံ့အားကောင်း၏။ ထိုကဲ့သို့ အဘက်ဘက်တွင် တောင့်တင်းအားကောင်းလှသော မိန်းမချော၊ မိန်းမလှတစ်ယောက်ကို အဘယ်ယောကျ်ားသားတစ်ဦးသည် ကြင်ရာမယားအဖြစ်ဖြင့် မတပ်မက် မလိုချင်ဘဲရှိပါမည်နည်း။ မပေါင်းဖော်မဆက်ဆံဘဲ နေလိုပါမည်နည်း။

ခင်အုံသည် အသက်အရွယ်အားဖြင့်လည်း ပျိုမျစ်အားကောင်းဆဲဖြစ်၏။ နှစ်ဆယ်ကျော်အစိတ်တွင်းဖြစ်၏။ ထို့ကြောင့် ကျန်းမာစိုပြည်၏။ သန့်ရှင်းလတ်ဆတ်၏။ ဦးခေါင်းဆေးပြီး၍ ဆံကေကိုဖြန့်ချလိုက်သောအခါ ခြေမျက်စိအနီးသို့ ဆန့်၏။ ဆံကေသည် အားကောင်းရှည်လျား ရုံမျှသာမဟုတ်သေး။ များလည်းများ၊ နက်လည်းနက်၏။ ထိုမိန်းမလှ ကိုရှေ့ကကြည့်ကြည့်၊ နောက်ကကြည့်ကြည့်၊ သို့မဟုတ် ဘေးကပဲကြည့်ကြည့် အကြည့်ခံ၏။ အဝေးကပဲကြည့်ကြည့်၊ အနီးကပ်၍ပဲကြည့်ကြည့်ခံနိုင်စွမ်းရှိ၏။ ထို့ကြောင့် စည်သာမြို့ရှိ ကြေးရတတ်လူပျိုကာလသားများသည် လှခေါင်မင်းကို တွေ့ရနိုးနိုးမြင်ရနိုးနိုးနှင့်

သူ့မိဘများနေအိမ် မလှမ်းမကမ်းမှ လမ်းသလားတတ်ကြ၏။ ယင်းသို့ လမ်းသလားဖန်များသဖြင့် လမ်းသည် ဖုန်တထောင်းထောင်း ထသောဟူ၏။

ခင်အုံသည် နေမှုထိုင်မှုတွင် များစွာသိပ်သည်းပိရိသော မိန်းကလေးတစ်ဦးဖြစ်၏။ ဣန္ဒြေရှင်ပီပီ ကျစ်ကျစ်လျစ်လျစ်ရှိ၏။ အပြောအဆို အဆက်အဆံတွင်လည်း ယဉ်ကျေးသိမ်မွေ့၏။ ထို့ကြောင့် လမ်းသလားကြသော လူပျိုကာလသားများသည် လှခေါင်မင်းကို အလွန်တရာတွေ့ရမြင်ရခဲ၏။ တကယ်ဆိုတော့ တွေ့ရမြင်ရခဲသော လှဘုရင်မကို လူတို့သည် ပိုမို၍ ကြည့်လိုရှုလိုတွေ့မြင်လိုတတ်ကြသည် မဟုတ်သလော။

သို့ရာတွင် ခင်အုံသည် မိန်းမသားတစ်ဦးပီပီ အိမ်တွင်းအလုပ်နှင့်သာ အချိန်ကုန်လွန်လျက် ရှိသူဖြစ်သောကြောင့် စည်သာမြို့ရှိ လူပျိုကာလသားများက သူ့အပေါ် ဘယ်မျှငမ်းငမ်းတက်ဖြစ်နေကြသည်ကိုကား သိရှိသည် မဟုတ်ပေ။ အိမ်တွင်း အလုပ်အကိုင်များ ပြီးစီးသောအခါ ပေထုပ်၊ ပုရပိုက်နှင့် စာအုပ်များဖြင့်လောက်သာ အချိန်ကုန်လွန်တတ်၏။ တစ်ခါတစ်ရံ စောင်းတီးလေ့ရှိ၏။ စိတ်ကူးစိတ်သန်းများရရှိသောအခါ ကဗျာလင်္ကာများ စပ်တတ်၏။

ခင်အုံသည် ကြေးရတတ်မိဘများ၏ တစ်ဦးတည်းသောသမီးဖြစ်၏။ ထို့ကြောင့် ဆန်စပါး၊ ဝါဂွမ်း၊ ပဲနှင့် အခြားကောက်ပဲသီးနှံ အရောင်းအဝယ်လုပ်ငန်းများဖြင့် ခနဉစ္စာချမ်းသာကြွယ်ဝသော သူ၏ မိဘများက အရိပ်တကြည့်ကြည့်နှင့် ရှိနေတတ်၏။ အဆင်းရော အချင်းပါ သတင်းကြီးသော ခင်အုံကို ၁၆ နှစ်သမီး အရွယ်လောက်မှစ၍ သားရှင် အများအပြားက စပ်ခဲ့ဟပ်ခဲ့ကြ၏။ ထိုသို့စပ်ဟပ်ကြသော သားရှင်များထဲတွင် အသည်နှင့် ကုန်သည်ပိုင်းမှ ပါရှိသလို မင်းမှုထမ်း ရာထမ်းပိုင်းမှလည်း



ပါဝင်၏။ သို့ရာတွင် သမီးဖြစ်သူကို ကြည့်မဝ ရှုမငြီးနိုင်ဟန်ရှိနေကြသော ခင်အုံ၏မိဘများက ယဉ်ယဉ်ကျေးကျေးငြင်းပယ်ခဲ့ကြ၏။ သမီးကညာ အခါမလင့်ရာဆိုသော ရှေးထုံးစကားကို မေ့လျော့ခဲ့ကြရာ၏။

# [ ၃ ]

ယင်းသို့ စည်သာမြို့တွင် လှခေါင်မင်း၏ သတင်းကြီးနေချိန်ဝယ် ရတနာပုံနေပြည်တော်မှ မြို့စားကြီး ဦးကျော်ခေါင်သည် ထိုအရပ်ဒေသကို စီရင်အုပ်ချုပ်ရန်အတွက် တန်ခိုးအာဏာပိုင်တစ်ဦးအနေနှင့် ရောက်ရှိလာခဲ့ခြင်းဖြစ်၏။ ဣတ္ထိယ သိုက်တူးရာတွင် အထုံဝါသနာ အားကြီးလှသော မြို့စားကြီး ဦးကျော်ခေါင် စည်သာမြို့ကို ရောက်ရှိလာပြီးနောက် များမကြာမီပင် လှခေါင်မင်းအဖြစ်ဖြင့် ကျော်ကြားနေသော ခင်အုံ၏သတင်းကို ကြားသိသွားပုံရ၏။ ထို့ကြောင့် ခင်အုံကို လူချင်းတွေ့ဖူး၊ မြင်ဖူးသည်ရှိရအောင် အကြောင်းမရှိ အကြောင်းရှာကာ ထိုမိန်းကလေး၏ မိဘများနေအိမ်သို့ မျက်နှာပြောင်ပြောင်နှင့် အလည်သွားရောက်ခဲ့ခြင်းဖြစ်၏။ ထိုသို့ မြို့စားကြီး အလည်အပတ်သွားနိုင်အောင် စစ်ကဲကြီး ဦးရွှေနှောင်းက အခြေအနေများကို စီရင်ဖန်တီးပေးရ၏။

ကုန်သည်မျိုးရိုးများထဲမှ ဖြစ်ကြသော ခင်အုံ၏မိဘများသည် မင်းစိုးရာဇာများနှင့် ဆက်ဆံပေါင်းသင်းဖူးကြသူများမဟုတ်ပေ။ ထိုလူတန်းစားများနှင့် ဆက်ဆံရမည့်အရေးကို ကြောက်လန့်ကြသဖြင့် အတတ်နိုင်ဆုံးရှောင်ကွင်းနိုင်ကြသူများဖြစ်၏။ ထို့ကြောင့် အကြောင်းကိစ္စအထူးအထွေမရှိဘဲ မြို့စားကြီးက သူတို့နေအိမ်သို့ တကူးတက အလည်အပတ်လာလိုကြောင်း ကြားသိရသောအခါ ထိတ်ထိတ်ပျာပျာဖြစ်သွားကြ၏။ အရေးအခင်း တစ်စုံတစ်ရာရှိနေ၍ စစ်ဆေးမေးမြန်းရအောင် လာခြင်းများဖြစ်လေမည်လားဟု တွေးမိတွေးရာတွေးရင်း ထိတ်လန့်ပူပန်

လျက်ရှိကြ၏။ သို့ရာတွင် မြို့စားကြီးသည် သူတို့၏ သမီးအလှကို ငမ်းရန်လာရောက်လည်ပတ်ခြင်းဖြစ်သည်ကိုကား မရိပ်စားမိကြပေ။ ရိပ်စားမိစရာလည်း အကြောင်း မရှိချေ။ အဘယ်ကြောင့်ဆိုသော် မြို့စားကြီး ဦးကျော်ခေါင်သည် ခင်အုံ၏ဖခင်ဖြစ်သူနှင့် မတိမ်းမယိမ်းရှိနေသောကြောင့်ဖြစ်၏။

ခင်အုံတို့အိမ်သို့ ပထမအကြိမ် အလည်အပတ်သွားရောက်ခြင်းပြုစဉ်က မြို့စားကြီးသည် သူ့ကိုယ်သူ ကာလသားကလေးတစ်ယောက်ဟူ၍များ အထင်ရောက်နေသလားမသိ၊ အစွမ်းကုန်ခြယ်မှုန်းပြင်ဆင်သွား၏။ နေပြည်တော် အရပ်များ၌ ပွဲနေ့ပွဲထိုင်များတွင်သာ ဆင်မြန်းလေ့ရှိကြသော ပန်းနုရောင်အချိတ်ပုဆိုးစည်း၏။ အင်္ကျီမှာလည်း စိန့်တိုင်းမှလာသော ကျစ်ပိုးဖြစ်၏။ ကြက်သွေးရောင် ကတ္တီပါပုံတော်ဖိနပ်ကို စီးနင်း၍ ပြင်သစ်လုပ်ရေမွှေးကိုလည်း ဆွတ်သွား၏။ မြို့စားကြီးသည် သူနှင့်အတူ စစ်ကဲကြီးကို လက်စွဲတော်အဖြစ်ဖြင့် ခေါ်ဆောင်၏။

ခင်အုံ၏မိဘများသည် လိုလေသေးမရှိရအောင် ပျူပျူငှာငှာဧည့်ခံကြ၏။ ရတတ်သော စားကောင်းသောက်ဖွယ်များနှင့် ကျွေးမွေးပြုစုကြ၏။ သို့ရာတွင် မြို့စားကြီး ပထမတစ်ကြိမ်သွားရောက်လည်ပတ်စဉ်က ခင်အုံ၏အရိပ်အယောင်မျှပင် မမြင်ခဲ့ရပေ။ ထိုမိန်းကလေး၏ မိဘနှစ်ပါးလောက်နှင့်သာ အာလာပသလ္လာပစကားများကို ပြောဆိုကာ ပြန်လာခဲ့ရ၏။

ရာဇက္ကာ်ဌေမျှ မထောက်ထား မငဲ့ကွက်နိုင်ဘဲ သူ့မိဘများအိမ်သို့ သွားရောက်လည်ပတ်ခဲ့သော်လည်း လှခေါင်မင်း၏ အရိပ်အယောင်လောက်မျှ မတွေ့ခဲ့၊ မမြင်ခဲ့ရသော မြို့စားကြီးသည် များစွာ အခံရခက်၊ အနေရခက် လာခဲ့ပုံရ၏။ ထို့ကြောင့် မိမိအသက်အရွယ်နှင့် ရာထူးများကိုပင် ထည့်သွင်းစဉ်းစားခြင်းမပြုနိုင်တော့ဘဲ ဦးကျော်ခေါင်သည်



လှခေါင်မင်း၏ မိဘများနေအိမ်သို့ အခေါက်ခေါက်အခါခါ အလည်အပတ်သွား၏။ ယောကျ်ားကြိုက်တော့ စိုက်စိုက်လာဆိုသော စကားလည်းအရှိသားမဟုတ်လား။ တစ်ခါတစ်ရံ ခရီးသွားဟန်လွှဲအနေနှင့် ဝင်၏။ အိမ်ရှင်များကလည်း မလွှဲမရှောင်သာ လက်ခံရ၏။

ယင်းသို့ မိမိ၏အသက်အရွယ်နှင့်အလုပ်တာဝန်ကိုလည်း မထောက်၊ အရှက်အကြောက်မရှိ အလည်အပတ်သွားဖန်များသောအခါ မြို့စားကြီးသည် လှခေါင်မင်းကို လူချင်းတွေ့မြင်သွား၏။ ယင်းသို့တွေ့မြင်သွားသောနေ့မှစ၍ ထိုအချောအလှကိုမှမရလျှင် ငါကိုယ်တော်ရူးရချေရဲ့ဆိုသော မယ်ဥမ္မာဇာတ်လာ မယားတရူးကြီးအတိုင်း မြို့စားကြီး ဦးကျော်ခေါင် မယားတရူးကြီးဖြစ်နေသော အတွင်းရေးကိုသိရှိသူနှစ်ဦးမျှသာရှိ၏။ ထိုနှစ်ဦးမှာ အခြားသူများတော့မဟုတ်၊ စစ်ကဲကြီးဦးရွှေနှောင်းနှင့် မြို့စောင့်တပ်မှူးကြီး ဗလကျော်ထင်တို့ဖြစ်ကြ၏။

“ဘယ်လိုထင်သလဲ စစ်ကဲကြီး... ကျုပ်ကို ခင်အုံက ကြိုက်နိုင်မယ်ထင်သလားဗျ...”ဟု အရက်မူးမူးနှင့် ဦးကျော်ခေါင်က ဦးရွှေနှောင်းကိုမေးသောအခါ “မြို့စားကြီးလို ပုဂ္ဂိုလ်မျိုးမှမကြိုက်ရင် မိုက်ရာကျတော့မှာပေါ့ခင်ဗျာ...”ဟု စစ်ကဲကြီးက ခပ်ပင့်ပင့်ပြန်ပြောတတ်၏။ ထိုသို့အမြှောက်အပင့်ခံရသောအခါများတွင် ဦးကျော်ခေါင်သည် ဦးနှောက်မရှိသောသတ္တဝါကြီးတစ်ကောင်အလား သဘောအကျကြီးကျကာ ပြုံးပြုံးကြီး လုပ်နေတတ်၏။

“ကျုပ်နဲ့ ခင်အုံနဲ့ ရှေ့သွားနောက်လိုက် ညီပါတယ်နော်... တပ်မှူးကြီး...”ဟု ဦးကျော်ခေါင်က သူ့ဟာသူ စိတ်ကူးယဉ် ဖဲ့ရိုက်ရင်း မြို့စောင့်တပ်မှူးကြီးကိုလည်း တီးခေါက်ကြည့်တတ်၏။ မယားတရူးနေသူတစ်ဦးအတွက် အခြားဘာမျှပြောစရာ စကားမရှိသော ဗလကျော်ထင်က အိမ်ရှင် ရက်ရက်ရောရော တည်ခင်းသော အီတလီဝိုင်အရက်ကို

မော့ရင်း "နေနဲ့လ–ရွှေနဲ့မြပေါ့ မြို့စားကြီး"ဟု အဆင်းတွင် တွန်းအားပေးလား ပေးတတ်၏။

တကယ်ဆိုတော့ မြို့စားကြီး ဦးကျော်ခေါင်သည် အမျိုးသမီးများနှင့်ပတ်သက်၍ အဆက်အဆံ အတွေ့အကြုံမရှိဖူးသော ကာလသားအရိုင်းအစိုင်းကလေး တစ်ဦးမဟုတ်ပေ။ များစွာ ရှုပ်ပွေကြွယ်ဝသောသူတစ်ဦးဖြစ်၏။ ကျွမ်းကျင်လည်ပတ်သူတစ်ဦးလည်းဖြစ်၏။ ဗုဒ္ဓဘာသာ မြန်မာတို့၏ တရားဥပဒေနှင့် ယဉ်ကျေးမှု အစဉ်အလာများအရ ဦးကျော်ခေါင်သည် တရားဝင်မယားသုံးဆက်မျှ ပေါင်းဖော်ဆက်ဆံခဲ့ဖူးသူဖြစ်၏။ ယင်းအိမ်ထောင်သုံးဆက်အနက် တစ်ဆက်သာ သေကွဲ ကွဲခဲ့ရပြီး ကျန်နှစ်ဆက်မှာ ရှင်ကွဲ ကွဲကြရသော အိမ်ထောင်ဖက်များဖြစ်၏။

ဦးကျော်ခေါင်၏ ပထမ အိမ်ထောင်ဖက်မှာ သူအိမ်နိမ့်စံဘဝနှင့် ရရှိခဲ့သော အမျိုးသမီးဖြစ်၏။ ဆင်းရဲဖော် ဆင်းရဲဖက် မယားလည်းဖြစ်၏။ ထိုမယားနှင့် သားတစ်ယောက် သမီးတစ်ယောက်ရ၏။ သို့ရာတွင် ကလေးနှစ်ယောက်နှင့် ပထမအိမ်ထောင်ဖက်ကို တောတွင်ပစ်ထားခဲ့ပြီးနောက် ဦးကျော်ခေါင်သည် ရတနာပုံ နေပြည်တော်သို့ တက်လာခဲ့၏။ သို့ရာတွင် ဦးကျော်ခေါင်သည် စာတတ်ပေတတ် တစ်ဦးမဟုတ်ချေ။ သတ်ရဲဖြတ်ရဲသော အရည်အချင်းတစ်ခုတော့ရှိ၏။ ထို့ကြောင့် သူသည် မြန်မာဘုရင့် အမြဲတမ်း လက်နက်ကိုင် တပ်မတော်တွင် ဝင်ရောက်အမှုထမ်းရင်း အသက်မွေးဝမ်းကျောင်းခဲ့၏။ ဘုရင့် တပ်မတော်တွင် တပ်ကြပ်ဖြစ်လာသောအခါ သူသည် ဒုတိယအကြိမ် အိမ်ထောင်ပြုခဲ့၏။ ထိုဒုတိယအိမ်ထောင်ဖက်နှင့် သီပေါမင်းသား အိမ်တော်တွင် အမှုထမ်းခဲ့ရသည်အထိ ဆက်ဆံပေါင်းသင်း၏။



သီပေါမင်းသားနှင့် မြတောင်မင်းသမီးတို့ ဓားထက်လာသောအခါ ဦးကျော်ခေါင်သည် အိမ်တော်အမှုထမ်းဘဝမှ အလွန်တရာ အရေးပါ အရာရောက်သော နိုင်ငံတော်ဝန်ထမ်းတစ်ဦးဖြစ်လာ၏။ ထိုအခါ အိမ်နိမ့်စံဘဝနှင့် ပေါင်းသင်းလာခဲ့သော ဒုတိယအိမ်ထောင်ဖက်ကို ကွာရှင်းကာ တတိယအိမ်ထောင် ထူထောင်၏။ သူ၏ တတိယအိမ်ထောင်ဖက်မှာ စာတော်ဖတ်တစ်ဦးဖြစ်၍ စာပေ ပရိယတ္တိတွင် သူ့ထက်များစွာသာလွန်၏။

သီပေါမင်း နန်းတက်ပြီး မကြာမီ မင်းညီမင်းသားများ အစုလိုက်အပြုံလိုက် သတ်ဖြတ်ပွဲကြီးဖြစ်ပွားခဲ့၏။ သီပေါမင်းသားထက် အဘက်ဘက်တွင် သာလွန်သော မင်းသားကြီးများ အများအပြားပါဝင်၏။ ထိုလူသတ် ရှင်းလင်းပွဲကြီးတွင် တိုင်တားမင်းကြီး၊ ရနောင်မောင်မောင်တုတ် စသူတို့နှင့် ဦးကျော်ခေါင်သည် အရှင်နှစ်ပါးအမှုတော်ကို ကောင်းစွာထမ်းဆောင်ခြင်းပြုခဲ့၏။

လွှတ်တော်၏ အာဏာကို ဘုရင်နှင့် မိဖုရားကြီးတို့က သိမ်းယူပြီးစီးကြသောအချိန်တွင် အရှင်နှစ်ပါး အကျိုးကိုသက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့သော ငယ်ကျွန်ကြီးဦးကျော်ခေါင်ကို စည်သာနယ်၏ ဘုရင်ခံမြို့စားကြီးအဖြစ်ဖြင့် ခန့်အပ်လိုက်ခြင်းဖြစ်၏။ သို့ရာတွင် မြို့စားကြီးဦးကျော်ခေါင် နေပြည်တော်မှ စည်သာသို့ မထွက်မီ သူ၏ တတိယအိမ်ထောင်ဖက်ရုတ်တရက်နာမကျန်းဖြစ်ကာ ကွယ်လွန်သွား၏။

ဤသို့ ဗုဒ္ဓဘာသာမြန်မာတို့၏ တရားဥပဒေနှင့် ယဉ်ကျေးမှုအစဉ်အလာအရ တရားဝင်မယားသုံးဆက်မျှ ဆက်ဆံပေါင်းသင်းခဲ့သော်လည်း တရားဥပဒေနှင့် ယဉ်ကျေးမှုအပြင်အပတွင် ဦးကျော်ခေါင် တိတ်တခိုးဆက်ဆံ ပေါင်းသင်းခဲ့သောအမျိုးသမီး တစ်ဒါဇင်ထက် မနည်းရှိ၏။ ထိုအမျိုးသမီးများထဲတွင် အပျိုနှင့် တစ်ခုလပ် စသော အိမ်ထောင်

ကြီး မရှိသူများ ပါဝင်သလို လင်ကြီးငုတ်တုတ်နှင့် အမျိုးသမီးများလည်း ပါဝင်၏။ ထိုသို့ တိတ်တခိုးထားရှိခဲ့သော အမြှောင်မယားများသည် လက်ရုံးအားကိုးဖြင့်လည်းကောင်း၊ တန်ခိုးအာဏာကိုအသုံးချ၍လည်းကောင်း အနိုင့်အထက်အရယူခဲ့သော မယားအငယ်အနှောင်းများသာ ဖြစ်ကြ၏။ ထို့ကြောင့် အမျိုးသမီးများကိစ္စနှင့် ပတ်သက်လာလျှင် ဦးကျော်ခေါင်သည် လူလွန်မသားကြီးတစ်ဦးဖြစ်သည်ဟု ဆိုနိုင်ရာ၏။

## [ ၄ ]

ဤကဲ့သို့ လက်ရုံးအားကိုးဖြင့်လည်းကောင်း၊ တန်ခိုးအာဏာဖြင့်လည်းကောင်း ရမ်းချင်တိုင်းရမ်း၊ စော်ကားချင်တိုင်း စော်ကားလာခဲ့သော လူလွန်မသားကြီးတစ်ဦးကို မြန်မာဘုရင်အစိုးရက ကန်တတ်၊ ခုန်တတ်၊ ပေါက်တတ်၊ ကိုက်တတ်သော မြင်းဆိုးကြီးတစ်ကောင်ကို ချုတပ်ပေးလိုက်သည်နှင့်မခြား အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အုပ်ချုပ်ရေးမှူးကြီး တစ်ဦးအဖြစ်ဖြင့် စည်သာနယ်ကြီးကို စိတ်ရှိတိုင်း စီရင်အုပ်ချုပ်ရန် ခန့်အပ်ချီးမြှောက်လိုက်သောအခါ အဘယ်ဆိုဖွယ်ရာ ရှိပါတော့မည်နည်း။ မြို့စားကြီးဦးကျော်ခေါင်ကို တရားဥပဒေပြုရေး၊ စီရင်အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာအရပ်ရပ်များကို မြန်မာဘုရင့်အစိုးရက ၎င်းအားအပ်ထား၏။ ယင်းပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းတွင် အာဏာကုန်လွှဲအပ်ထားခြင်းမှာ ကြုံတောင့်ကြုံခဲသော အရေးအခင်းဖြစ်၏။ သို့ရာတွင် ဘုရင်နှင့် မိဖုရားကြီးတို့ ကိုယ်တော်တိုင်က ကောင်းစွာစိတ်ချ ယုံကြည်၍သာ ထိုသို့နှင်းအပ်ခြင်းဖြစ်၏။ ယုံကြည်စိတ်ချ၍ အာဏာကုန်လွှဲအပ်ခြင်းပြုရာ၌ ဘုရင့်အစိုးရတွင် ရည်မှန်းချက်တစ်ခုရှိ၏။ ယင်းမှာ အခြားမဟုတ်၊ အသုံးအစွဲ လွန်ကဲကြီးမားလှသည့်အတွက် ထီများဖွင့်လှစ်ကာ နိုင်ငံတော်အသုံးစရိတ် ရှာဖွေနေသည့်



အကြားမှ အလျှဉ်မမီနိုင်အောင်ရှိနေသောကြောင့် ဖြစ်၏။ ထို့ကြောင့် မြို့စားကြီး၏ အဓိကတာဝန်မှာ ၎င်းစီရင်အုပ်ချုပ်ရသော စည်သာနယ်ပြည်သူပြည်သားများထံမှ မရရသည့်နည်းနှင့် ဘုရင့်အစိုးရအတွက် လိုပြီးရင်းလိုနေသော အခွန်ဘဏ္ဍာနှင့် ကုန်တော်များကို စည်းကြပ်ကောက်ခံပေးရန်ပင်ဖြစ်၏။ ထိုသို့သာ စည်းကြပ်ရှာဖွေပေးနိုင်ပါက မြို့စားကြီးသည် ၎င်းစီရင်ခန့်ခွဲရသောနယ်တွင် ဘုရင်ငယ်တစ်ပါးနှင့်မခြား ထင်ရာစိုင်းခွင့်များရှိ၏။ မြို့စားကြီးသည် ပြည်သူပြည်သားတစ်ဦး၏ ဓနဥစ္စာကို အချိန်မရွေးသိမ်းဆည်းနိုင်သကဲ့သို့ ဖမ်းဆီးချုပ်နှောင်ခြင်းလည်း ပြုနိုင်၏။ ထိုမျှသာလျှင်မဟုတ်သေး၊ ပြည်သူပြည်သားတစ်ယောက်ကို အဆုံးစီရင်နိုင်ခွင့်ပါရှိ၏။

မြို့စားကြီးသည် စည်သာမြို့သို့ အုပ်ချုပ်ရေးမှူးကြီးအဖြစ်ဖြင့် ရောက်ရှိလာသောအချိန်ကာလပိုင်းလောက်မှစတင်ကာ ဘုရင့်အစိုးရ၏ သစ္စာတော်ခံ အမှုထမ်းကောင်းတစ်ဦးပီပီစည်သာနယ်ကြီးအတွင်း ဘုရင့်အစိုးရ၏ အာဏာတော်ပျံ့နှံ့ရေးနှင့် ထက်မြက်ခိုင်မြဲရေး စသည်တို့အတွက် ရှေးဦးစွာ ဆူးပြောင့်ခလုတ်ထင်သမျှကို ပြင်းပြင်းထန်ထန်နှင့် ရက်ရက်စက်စက် ရှင်းလင်းပယ်ရှားခြင်းပြု၏။ ဘုရင်မင်းမြတ်နှင့် အတိုက်အခံဖြစ်နေဖြစ်ခဲ့ကြသော အခြားမင်းညီမင်းသားများနှင့်လည်းကောင်း၊ ဝန်ကြီးများနှင့်လည်းကောင်း အဆက်အစပ်ရှိခဲ့ကြသူမှန်သမျှကို ပြစ်ချက်မပြဘဲ ထောင်သွင်း အကျဉ်းထား၏။ ထို့ကြောင့် စည်သာနယ်သား အများအပြား အင်္ဂလိပ်အုပ်ချုပ်ရေးရှိရာ အောက်အရပ်ဒေသများသို့ ရှောင်တိမ်းထွက်ပြေးသွားကြ၏။ အချို့လည်း မြို့စားကြီး၏ တန်ခိုးအာဏာစက် ကောင်းစွာပျံ့နှံ့ခြင်းမရှိသေးသော တောကြိုအုံကြားများသို့ တိမ်းရှောင်ထွက်ပြေးသွားကြ၏။

ယင်းသို့ နိုင်ငံရေး ဆူးပြောင့်ခလုတ်နှင့် အန္တရာယ်များကို ရှင်းလင်း

ပယ်ရှားပြီးမှ ဘုရင့်အစိုးရ၏ ရှေ့တိုက်နှင့် ကျီတိုက်တော်များအတွက် လိုပြီးရင်းလိုနေသော အခွန်ဘဏ္ဍာနှင့် ကုန်တော်များကို ကုန်သည်ပွဲစားနှင့် ဆင်းရဲသား ကျွန်တော်မျိုးများထံမှ လက်ကုန်နှိုက်၏။ အကြမ်းရော အနုနည်းပါ မရမကနှိုက်၏။ မြို့စားကြီးသည်နိုင်ငံရေး တန်ခိုးအာဏာကို သူ၏ကိုယ်ကျိုးစီးပွားနှင့် ကောင်းကျိုးချမ်းသာအတွက်ပါ အသုံးပြုတတ်သူတစ်ဦးလည်းဖြစ်ရကား ယင်းသို့ ဘုရင့်အစိုးရအတွက် လက်ကုန်နှိုက်သလို ၎င်း၏ အိတ်ကပ်ထဲသို့လည်း အပြည့်ထည့်ရန် ကောင်းစွာနှိုက်ယူတတ်၏။ သူ့သဘော တစ်ခုတည်းနှင့်ခွဲတမ်းချသတ်မှတ်လိုက်သော မင်းတိုင်းကြေးနှင့် အခွန်အတုတ်များကို ပြည်သူပြည်သားများအနေနှင့် ပေးနိုင်၊ သွင်းနိုင်သည်ကိုလည်း မြို့စားကြီးသည် ထည့်သွင်းစဉ်းစားခြင်းမပြုတတ်။ ဘုရင့်အစိုးရ၏ ဘဏ္ဍာတော်တိုက်နှင့် သူ့အိတ်ကပ်ပြည့်ဖို့လောက်သာ အဓိကထားလုပ်ကိုင်တတ်၏။ ထိုသို့လုပ်ကိုင်ရာတွင်လည်း ဘယ်အခါမျှ နောက်မတွန့်တတ်၊ အလွန်တရာတိကျခိုင်ခံ့၏။ ရက်စက်ကြမ်းကြုတ်၏။

သူစီရင်ပြဋ္ဌာန်းသော မင်းတိုင်းကြေးနှင့် အခွန်အတုတ်များ ပြည်သူပြည်သားတစ်ဦးက အကြောင်းအမျိုးမျိုးကြောင့် ပေးသွင်းရန် ပျက်ကွက်ခဲ့လျှင် ထိုသို့ပျက်ကွက်သူအား မြို့စားကြီးသည် အရေးယူရန် အဆင်သင့်ရှိ၏။ ဝန်လေးခြင်းလည်းမရှိ၊ စည်သာမြို့စွန်တွင် အုတ်ရိုးတံတိုင်းများနှင့် ဆောက်လုပ်ထားသော လက်မရွံ့ထောင်ကြီးရှိ၏။ ထိုအဆောက်အအုံအတွင်း အမှုတော်ထမ်းနေကြသော ထောင်ပိုင်၊ ထောင်မှူးများနှင့် အာဏာပါးကွက်သားများသည်လည်း အမှုထမ်းကောင်းများဖြစ်ကြ၏။ သူတို့သည် ရာဇဝတ်သားတစ်ယောက်ကို အမဲဖျက်ရန် စိတ်ဆိုးနေကြသလား မပြောတတ်ပေ။ သူတို့သခင် မြို့စားကြီးက ရာဇဝတ်သားဟူ၍ သတ်မှတ်စီရင်လိုက်သူ တစ်ဦးဦးကို ရုပ်ပျက်ဆင်းပျက်ဖြစ်သွား



လောက်အောင် အာဏာပြရန် လက်မြန်၏။ လက်ရွံ့ခြင်းမရှိတတ်။ သေဆုံးမည့်နေ့ရက် ကာလများတိုင် အဘယ်သို့မျှ မေ့ပျောက်ခြင်းငှာ မပြုနိုင်လောက်အောင် ကိုင်တွယ်တတ်၏။ ဆုံးမကွပ်ညှပ်တတ်၏။

တစ်ခါက ဝါကြီးသုဉ်း၍ လယ်နှင့်ယာများ ကြွက်ကျပျက်စီး၏။ ထိုအခါ မင်းတိုင်းကြေးနှင့် ကျီတော်များကို ခွဲတမ်းကျ ကောက်ပဲသီးနှံများ လယ်သမားအများအပြား ပျက်ကွက်ခဲ့ကြ၏။ ပေးစရာမရှိ၍ ပျက်ကွက်ကြသော တောင်သူလယ်သမားများကို မြို့စားကြီးက ရာဇဝတ်သားများ အဖြစ်ဖြင့် စီရင်ဆုံးဖြတ်၏။ ထိုခေတ်ရာဇဝတ်သားများသည် လက်မရွံ့ထောင်ကြီးအတွင်းမှ ရာဇဝတ်သားများပြန်ထွက်လာကြသောအခါ အသက်အရွယ်အိုမင်းကြီးရင့်သော တောင်သူသုံးဦးသည် အသက်မြော့မြော့ကလေးလောက်သာ ပါလာ၏။ ကျန်ရာဇဝတ်သားများမှာလည်း လူစဉ်မှုပင်မမီကြတော့၊ သားမယားများနှင့် ဆွေမျိုးညာတကာများကပင် မမှတ်မိနိုင်တော့လောက်အောင် ရုပ်ပျက်ဆင်းပျက်ဖြစ်လာကြ၏။

## [ ၅ ]

ယင်းသို့ စည်သာနယ်သူနယ်သားများက ရွံ့ရှာကြောက်ရွံ့နေရသော မြို့စားကြီးဦးကျော်ခေါင်သည် တစ်ဖက်မှ မိန်းကလေးနှင့် သူ၏မိဘများက သူ့အပေါ် အဘယ်သို့ သဘောထားနေကြသည်ကိုလည်း အလေးမထားဘဲ စည်သာမြို့၏ လှခေါင်မင်းကို မရမက လက်ထပ်သိမ်းပိုက်ရန် သူ့ဟာသူ ခွဲတမ်းချဆုံးဖြတ်လိုက်၏။ သို့ရာတွင် အမျိုးသမီးတစ်ဦး၏ ရင်ထဲနှလုံးထဲ၌ သူ့သဘောသူဆောင်၍ ဖြစ်တတ်၊ ရှိတတ်သော မေတ္တာတရားကို တန်ခိုးအာဏာနှင့်သော်လည်းကောင်း၊ အကြမ်းဖက်၍သော်လည်းကောင်း ခွဲတမ်းချရနိုင်ကောင်းသလော။ ငါ

ရှင်ဘုရင်ဘယ်နှပတ် လှည့်လှည့်ဟု သဘောပိုက်ထားပုံရသော မြို့စားကြီးသည် လူတို့၏ သဒ္ဓါတရား၊ မေတ္တာတရား စသည်တို့၏ စွမ်းပကားနှင့် သတ္တိတို့ကိုလည်း အလေးမထား၊ ထည့်သွင်းစဉ်းစားရကောင်းမှန်းမသိတတ်။ အသက်အရွယ်အားဖြင့် သူ့သမီးအရွယ်မျှလောက်သာရှိသော မိန်းကလေးတစ်ဦးကို သူ့တွင်ရှိရှိသမျှတန်ခိုးအာဏာများကို အစွမ်းကုန်အသုံးပြုကာ သိမ်းပိုက်ယူငင်ရန် ဆုံးဖြတ်လိုက်ခြင်းလည်း ဖြစ်ပုံရ၏။

သူအငမ်းမရအလိုရှိနေသော အမျိုးသမီးတစ်ဦးကို သိမ်းပိုက်ယူငင်ဖို့ ဝါယမစိုက် ကြိုးပမ်းခြင်းပြုရာတွင် မြို့စားကြီးသည် စံတင်လောက်၏။ အုပ်ချုပ်သူ လူတန်းစားကောင်းတစ်ဦးပီပီ ဦးကျော်ခေါင်သည် အကြမ်းရော အနုနည်း နှစ်နည်းစလုံးကို ကျွမ်းကျွမ်းကျင်ကျင် အသုံးပြု၏။ သူ၏မျက်နှာရိပ် မျက်နှာခြည်ကိုကြည့်ကာ အမှုထမ်းနေကြရသော စစ်ကဲကြီးဦးရွှေနှောင်းနှင့် မြို့စောင့်တပ်မှူးကြီး ဗလကျော်ထင်တို့သည် မလွှဲသာ မရှောင်သာ မြို့စားကြီးနှင့် အလိုတူအလိုပါများဖြစ်လာကြ၏။ မင်းလိုလိုက် မင်းကြိုက်မတတ်လျှင် ဒုက္ခနှင့် လှလှကြီးတွေ့ရတတ်သောအဖြစ်ကို ကောင်းစွာနားလည်ထားကြသူများဖြစ်သည်မဟုတ်သလော။

စစ်ကဲကြီး ဦးရွှေနှောင်းသည် မြို့ပြအုပ်ချုပ်ရေးဌာနတွင် အကြီးအမှူးဖြစ်ရကား အနုနည်းကို ဦးစီးပဲ့ကိုင်ရ၏။ တပ်မှူးကြီး ဗလကျော်ထင်မှုကား ကာကွယ်ရေးဆိုင်ရာတွင် အကြီးအမှူးဖြစ်သဖြင့် အကြမ်းနည်းကို ဦးဆောင်ရ၏။ သူတို့နှစ်ဦးသည် နိုင်ငံတော်၏ အရပ်ရပ်တာဝန်ဝတ္တရားများ ထမ်းဆောင်ရန်အတွက် ဘုရင့်အစိုးရနှင့် လွှတ်တော်တို့က ခန့်အပ်ခြင်းခံရသူများပင်ဖြစ်ကြ၏။ ပြည်သူပြည်သားများထံမှ စည်းကြပ်ကောက်ခံရရှိသော အခွန်ဘဏ္ဍာတော် ကြေးငွေများထဲမှ လစာ



ရိက္ခာများ ထုတ်ယူနေကြရသူများလည်း ဖြစ်၏။ သို့ရာတွင် စည်သာနယ်မှ ထိုထိပ်တန်းအရာရှိကြီးနှစ်ဦးတို့သည် နိုင်ငံတော်နှင့် ပြည်သူများဆိုင်ရာ အလုပ်တာဝန်များ ထမ်းဆောင်ဖို့ထက် မြို့စားကြီး၏ ကိုယ်ရေးကိုယ်တာ ကိစ္စမျှသာ ဖြစ်သော မိန်းကလေးတစ်ယောက်ကို အတင်းအဓမ္မသိမ်းပိုက်ရေးလုပ်ငန်းတာဝန်ကို အဓိကထား ထမ်းဆောင်ခဲ့ကြရ၏။ တကယ်ဆိုတော့ ထိုအရာရှိကြီး နှစ်ဦးတို့သည် သူတို့လုပ်နေကိုင်နေရသော အလုပ်တာဝန်များသည် ဟုတ်မဟုတ်နှင့် သင့်မသင့်သူတို့ဟာသူတို့ ဘူးလုံးနားမထွင်းဖြစ်နေကြသူများတော့ကား မဟုတ်တန်ရာပေ။ ကောင်းစွာသိရှိနားလည်ထားကြပြီးသာဖြစ်ရာ၏။ သို့ရာတွင် ဓားထက်နေသော သူတို့အထက်မှ အရာရှိကြီးတစ်ဦးက ငြိုငြင်မည့်အရေးကို အဘယ်သို့ ခံနိုင်ကြပါမည်နည်း။

လှခေါင်မင်းကို မြို့စားကြီး၏ ရင်ခွင်တွင်းသို့ ကျုံးသွင်းရန်အတွက် ရှေးဦးစွာ မင်းသားနှုကြီး အဖြစ်ဖြင့် စစ်ကဲကြီးဦးရွှေနှောင်းက ပွဲဦးထွက်၏။ မလွှဲမကင်းသာ၍သာ မင်းသားနှုလုပ်ရသော်လည်း စစ်ကဲကြီးသည် သူ့ကိုယ်သူ မလုံလှပေ။ သမီးအရွယ်လောက်သာရှိသော အပျိုမကလေးတစ်ဦးကို အဖေလောက်ရှိသော "သုံးခုလပ်ကြီး" နှင့် ဆွယ်ရသော အလုပ်မှာ အလွန်တရာ "ကြောင်" လှသကဲ့သို့ မျက်နှာလည်း ပူစရာကောင်းလှ၏။ သို့ရာတွင် သူ့ဆန်စား ရဲမှုဆိုသော စကားလည်းအရှိသားမဟုတ်လား။

စစ်ကဲကြီးသည် ခင်အုံ၏မိဘများကို တစ်လှည့်၊ ခင်အုံ့မိဘများအပေါ် သြဇာညောင်းသော ဆွေမျိုးသားချင်းများကိုတစ်လှည့် အကြိမ်ကြိမ်ချဉ်းကပ်ကာ နားချခဲ့၏။ မက်လုံးများပေးကာလည်း မြှူဆွယ်ခဲ့၏။ မြို့စားကြီးတွင် ရွှေချိန် အခွက်သုံးဆယ်ကျော်ရှိကြောင်း၊ စိန်၊ ပတ္တမြားနှင့် အဖိုးတန်ကျောက်မျက်ရတနာများလည်း ပေါကြွယ်လှ

ကြောင်းနှင့် ဆင်၊ မြင်း၊ ကျွဲ၊ နွားနှင့် အိမ်များရှိကြောင်း စသည်ဖြင့် တစ်ဖက်သား မညွတ်ညွတ်လာအောင် မက်လုံးများပြခဲ့၏။ သို့ရာတွင် သမီးမိန်းကလေးရှင်ဘက်မှ လူကြီးမိဘများက အကြိမ်ကြိမ်ပယ်ချခဲ့သဖြင့် သုံးလေးလခန့်အကြာတွင် စစ်ကဲကြီးဦးရွှေနှောင်းသည် လက်မြှောက်လိုက်ရ၏။ ယင်းသို့ သူလက်လျှော့လိုက်သည့်အကြောင်းကိုလည်း မြို့စားကြီး ဦးကျော်ခေါင်ကို မျက်နှာအောက်ချကာ အစီရင်ခံလိုက်၏။

စစ်ကဲကြီး၏ အရပ်ရပ် အစီရင်ခံချက်များကို ကောင်းစွာကြားနာပြီးစီးသောအခါ မြို့စားကြီး ဦးကျော်ခေါင်သည် သူ၏စရိုက်အတိုင်း တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ကာ စားပွဲကို လက်သီးဖြင့် ဝုန်းခနဲ မြည်ဟည်းသွားအောင် ခပ်ကြမ်းကြမ်းထုလိုက်၏။ "မိသားဖသားကောင်းပီပီ ယဉ်ယဉ်ကျေးကျေးနဲ့ အသာတကြည်ပြောလို့မရရင်လည်း ရတဲ့နည်းနဲ့ လုပ်ရတော့မှာပေါ့လေ...။ မောင်မောင်ခေါ်လို့ ဗျာမထူးချင်တဲ့ လူစားမျိုးကို အောင်ကျော်ပဲ ခေါ်ရလိမ့်မယ်ထင်တယ်..."ဟုလည်း ဆက်လက်ကြုံးဝါးပြောဆို၏။

စစ်ကဲကြီးလက်မြှောက်သွားသောအခါ မြို့စားကြီးသည် မြို့စောင့်တပ်မှူးကြီးကို ဆင့်ခေါ်ကာ တာဝန်ပေး၏။ တာဝန်နှင့် တစ်ပါတည်း အာဏာပါပေး၏။ သူသည် စကားကို တိုတိုတုတ်တုတ်နှင့် လိုရင်းရောက်အောင်သာပြောဆို၏။

"ခင်အုံ့မိဘများနဲ့ သားချင်းများက သူတို့မိန်းကလေးကို ကျုပ်နဲ့သဘောတူ ပေးစားပါ့မယ်ဆိုတဲ့ ခံဝန်စကားရအောင် ဖြစ်တဲ့နည်း၊ ရတဲ့နည်းနဲ့သာ လုပ်ပေတော့ တပ်မှူးကြီး... ဒါပဲ ပြောလိုက်မယ်"

ယင်းသို့ အခွင့်အာဏာရော တာဝန်ပါပေးအပ်ခြင်းခံရသော မြို့စောင့်တပ်မှူးကြီးသည် သူလုပ်ရ ကိုင်ရမည့် အလုပ်သည် အလွန်တရာ



တရားမျှတခြင်း မရှိသောအလုပ်မျိုး မသိရှိသူတစ်ယောက်မဟုတ်ပေ။ ကောင်းစွာသိ၏။ သို့ရာတွင် မင်းမှုထမ်းတစ်ဦးသည် ကိုယ့်သဘောနှင့်ကိုယ် လွတ်လွတ်လပ်လပ် နေထိုင်လုပ်ကိုင်ခွင့်ရှိသူမဟုတ်ပေ။ အထက်အမိန့်ကို မဖြစ်ဖြစ်အောင် အကောင်အထည်ဖော်ရသူတစ်ဦးသာဖြစ်သည်မဟုတ်သလော။

မြို့စောင့်တပ်မှူးကြီး ဗလကျော်ထင်သည် စစ်ကဲကြီးဦးရွှေနှောင်းလို ကဗျာရွတ်ဖတ်ကာ ဝိပဿနာအလုပ်လုပ်သူမဟုတ်ပေ။ သူသည် လက်နက်ကိုင်သူတစ်ဦးမျှသာဖြစ်၏။ ထို့ကြောင့် ခင်အုံကို သူ၏အထက်လူကြီးဖြစ်သူ မြို့စားကြီး၏ ရင်ခွင်အတွင်းသို့ ကျုံးသွင်းရာ၌ ကာရန်နှင့် နဘေများသော်လည်းကောင်း၊ ခန္ဓာငါးပါးနှင့် ရုပ်နာမ်တရားများကိုသော်လည်းကောင်း ကိုင်တွယ်ချဉ်းကပ်တတ်သူ မဟုတ်ပေ။ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းဖြစ်၏။ သူသည် အကြောင်းမရှိ အကြောင်းရှာကာ ခင်အုံ၏ ဖခင်နှင့် ဦးကြီးလုပ်သူတို့ကို ရှေးဦးစွာ ထောင်သွင်းအကျဉ်းထားလိုက်၏။ ထောင်ပိုင်၊ ထောင်မှူးနှင့် ပါးကွက်အာဏာသားများကိုလည်း မျက်စပစ်ပြထား၏။ အပြင်လူများနှင့်တွေ့ခွင့်မပေးရန် တားမြစ်ပိတ်ပင်ထား၏။

ခင်အုံနှင့်တကွ အပြင်လူများသည် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိလောက်အောင် ဖြောင်းဆန်လျက်ရှိကြ၏။ အဖမ်းအဆီးခံနေရသူများမည်သည့်ပြစ်မှုကိစ္စနှင့် အဖမ်းခံကြရမှန်းလည်းမသိကြပေ။ ထို့ကြောင့် ဘယ်ကစ၍ ဘာကိုလိုက်ရမှန်းမသိနိုင်အောင် ဖြစ်နေကြ၏။

လက်မရွံ့ထောင်အတွင်းမှ ထောင်ပိုင်၊ ထောင်မှူးများသည် ဖမ်းထားသော ခင်အုံ၏အဖနှင့် ဦးကြီးတို့၏ ထောင်တွင်းအခြေအနေများကို နေ့စဉ်နှင့်အမျှ မြို့စောင့်တပ်မှူးကြီးထံ အစီရင်ခံရ၏။ ထို့နောက်ထိုသို့ ဖမ်းဆီးထားသူများကို အဘယ်သို့ အဘယ်ပုံ ကိုင်တွယ်ရမည့်

အကြောင်းကိုလည်း မြို့စောင့်တပ်မှူးကြီးထံမှ အမိန့်ကိုတောင်းခံရ၏။

ယင်းသို့ ထောင်အတွင်းမှလူရော ထောင်အပြင်မှလူများရော ခြောက်လခန့်မျှညှဉ်းလိုက်လျှင်ပင် မြို့စောင့်တပ်မှူးကြီး အလိုရှိသော အကွက်ထဲသို့ ခင်အုံနှင့်တကွ သူ၏မိဘများရော ဆွေမျိုးသားချင်းများပါ စုပြုံ၍ ဝင်လာကြရတော့၏။ ဖမ်းဆီးထားသောသူများကို လွှတ်ပေးလျှင် ခင်အုံက မြို့စားကြီးအလိုဆန္ဒအတိုင်း လိုက်ပါတော့မည်ဆိုသော ကတိခံဝန်ချက်ပင်ဖြစ်၏။

သူ၏အလုပ်တာဝန် ထမ်းဆောင်ပြီးစီးသောနေ့တွင် မြို့စောင့်တပ်မှူးကြီးသည် မြို့စားကြီးဦးကျော်ခေါင်၏ အိမ်တော်သို့ဝင်၏။ ထို့နောက် မြို့စားကြီးကို မင်္ဂလာရက်ရွေးချယ်သတ်မှတ်ရန် အစီရင်ခံ၏။

"တယ်ဟုတ်လိုက်ပါကလား... မြို့စောင့်တပ်မှူးကြီး..."ဟု မြို့စားကြီးသည် မြို့စောင့်တပ်မှူးကြီး၏ ကျောကိုသပ်ရင်း ချီးမွမ်းထောမနာပြု၏။ ထို့နောက် ပြင်သစ်သံအဖွဲ့မှ မေတ္တာလက်ဆောင်ရရှိထားသော ကော့ညက်အရက်ပုလင်းကိုဖွင့်ကာ မြို့စောင့်တပ်မှူးကြီးအား ဂုဏ်ပြုတည်ခင်း၏။

## [ ၆ ]

စည်သာမြို့ လှခေါင်မင်းကို မြို့စားကြီးသည် ဤသို့ကြံစည်ခဲ့ခြင်းဖြစ်၏။ အဘယ်သို့ကြံစည်ရသည်ဖြစ်စေ သူ့အဖို့ သူအလိုရှိသော ဥစ္စာပစ္စည်းကိုရဖို့အရေးသည်သာ အရေးဖြစ်သည် မဟုတ်သလော။ ဤလောကဦ ဘယ်သူဘယ်ဝါတွေ ဘာဖြစ်၍နေနေ ကိုယ့်အလိုပြည့်ဖို့အရေးသည်သာ အရေးဖြစ်သည်မဟုတ်သလော။

သူအရှုံးတစ်ပိုင်းဖြစ်ကာ အငမ်းမရ အလိုရှိနေသောခင်အုံက သူအလိုဆန္ဒရှိသည့်အတိုင်း လက်မြှောက်လိုက်သောအခါ မြို့စားကြီး



ဦးကျော်ခေါင်သည် မိုးမမြင် လေမမြင် ဖြစ်နေ၏။ သူ့ကိုယ်သူလည်း တယ်ဟုတ်တဲ့ငါ၊ တယ်တော်တဲ့ ငါဆိုကာ သောက်လိုက်စားလိုက်နှင့် ပျော်တပြုံးပြုံးနှင့် မော်မဆုံးဖြစ်နေပုံရ၏။ သို့ရာတွင် သူအနိုင်ကျင့်သမျှ ငုံ့ခံလိုက်ရသော အခြားတစ်ဖက်တွင် အဘယ်သို့ ရှိနေ၊ ဖြစ်နေကြလိမ့်မည်ကိုမူကား မြို့စားကြီးသည် ယောင်၍မျှ ထည့်သွင်းစဉ်းစားခြင်းပြုမိပုံမရပေ။ အလားတူပင် ဘေးပရိသတ်ကြီးကလည်း သူလုပ်လိုက်ကိုင်လိုက်ပုံကို အဘယ်သို့ ရှုမြင်နေကြသည်ကိုလည်း အလေးထားရကောင်းမှန်း သိပုံမရပေ။ သူ့ဟာနှင့်သူ အဟုတ်ကြီးထင်နေ၏။

အဖေလောက်ရှိသော သေခါနီး အရွယ်လူကြီးတစ်ယောက်က တန်ခိုးအာဏာအသုံးပြုကာ နိုင့်ထက်စီးနင်းပြုလုပ်ခြင်းခံခဲ့ရသောတစ်ဖက်မှ ကာယကံရှင်များသည် နာနာကြည်းကြည်းနှင့် များစွာအခံရခက်၊ အနေရခက်နေကြလိမ့်မည်သာ ဖြစ်၏။

ဘယ်သို့မျှ လှန်လည်းမလှန်ဝံ့၊ တတ်လည်း မတတ်နိုင်ကြ၍သာလျှင် ငုံ့ခံနေကြရသည်သာဖြစ်၏။ လူ့လောကဦ မနိုင်၍ သည်းညည်းခံရသော ဝေဒနာလောက် ခံခက်ဆိုးရွားသော ဝေဒနာအမျိုးအစားရှိသေးသလော။

သူတို့အပေါ် နိုင်ချင်တိုင်း နိုင်နေသဖြင့် သောက်မြင်ကတ်နေရသည့်အထဲ သမီးလောက်အရွယ် မိန်းကလေးတစ်ယောက်ကို နိုင့်ထက်စီးနင်းသိမ်းပိုက်ရန် လုပ်နေကိုင်နေသော မြို့စားကြီးကို ဘေးပရိသတ်ကလည်း ဘယ်လိုမှကြည့်မရအောင်ဖြစ်နေကြ၏။ သို့ရာတွင် သူတို့အဖို့ ပုဆိုးခြုံထဲမှ လက်သီးပြရုံမှတစ်ပါး အခြားဘာများကောတတ်နိုင်ဦးမည်နည်း။ သူတို့အချင်းချင်း မေးငေါ့မဲ့ရွဲ့ရုံမှတစ်ပါး အခြားဘာနည်းလမ်းများ ရှိနိုင်သေးသနည်း။ အထူးသဖြင့် မိန်းမသားများ အပိုင်းက ဆွေ့ဆွေ့ခုန်ကြ၏။

လှခေါင်မင်းအပေါ် ယင်းသို့ အနိုင်ရရှိလိုက်ပြီးနောက် သူနှင့် ခင်အုံ့တို့၏ မင်္ဂလာလက်ထပ်ပွဲကို စည်သာမြို့တွင် တခမ်းတနားနှင့် ကြီးကြီးကျယ်ကျယ် ဆင်ယင်ကျင်းပရန် မြို့စားကြီးဦးကျော်ခေါင်သည် သူ၏အမှုထမ်းအရာထမ်းများနှင့် စီစဉ်ပြင်ဆင်လျက်ရှိ၏။ စည်သာတစ်မြို့လုံး မီးခိုးတိတ်ကျွေးမွေးရန်အတွက်လည်း သူ၏အဝယ်တော်များလည်း နယ်များသို့ဆင်းကာ ရသမျှစုဆောင်းဝယ်ခြမ်းလျက်ရှိကြ၏။ နေပြည်တော်သို့လည်း အထူးအဝယ်တော်များကို ငွေကြေးအလုံ အလောက်နှင့် စေလွှတ်ကာ နိုင်ငံခြားအရက်များကို ရသမျှအဝယ်ခြမ်း ခိုင်း၏။ ယင်းသို့ သူအလိုရှိနေသော မိန်းကလေးတစ်ယောက်ကိုအတင်းရော အဓမ္မပါ လက်ထပ်သိမ်းပိုက်ရန် ရက်သတ္တတစ်ပတ်ခန့် အလိုတွင် ထိုသတို့သမီးသည် စည်သာမြို့မှ ပျောက်ခြင်းမလှ ပျောက်သွားခြင်းပင် ဖြစ်၏။

ခင်အုံ့နေအိမ်မှ ပျောက်သွားသော ညတွင်းချင်းပင် တာဝန်ရှိနေကြသော သူ၏မိဘများက မြို့စားကြီးထံ လာရောက်အကြောင်းကြားခဲ့ကြ၏။ ထိုသတင်းစကားကိုကြားနာရလျှင် ကြားနာရချင်း မြို့စားကြီးသည် ယမ်းပုံမီးကျဖြစ်သွား၏။ ထိုသတင်းကို လာရောက်ပြောကြားသော ခင်အုံ့၏မိဘနှစ်ပါးကိုဆဲဆိုကြိမ်းမောင်းကာ သူ့အိမ်ပေါ်မှ ရိုင်းရိုင်းပျုပျနှင်ချ၏။ ထို့နောက် ညတွင်းချင်းပင် စစ်ကဲကြီးနှင့် မြို့စောင့်တပ်မှူးကြီးများကို ဆင့်ခေါ်ကာ ပျောက်ဆုံးသွားသော သူ၏ကြင်ရာလောင်းရှာပုံတော်ကြီးကို စတင်ဖွင့်လှစ်၏။ ထိုနေ့ ဝေလီဝေလင်းလောက်မှ စတင်ခဲ့သော ခင်အုံ့ပျောက်ရှာပုံတော်ကြီးသည် နေဝင်၍ မိုးသာချုပ်ခဲ့၏။ သတင်းအစအနမျှလောက်ပင် မရခဲ့ချေ။

မြို့စားကြီးသည် ယင်းသို့ခံလိုက်ရခြင်းအတွက် အလွန်တရာ ခံပြင်းနေပုံရ၏။ အထူးသဖြင့် ခင်အုံ့၏ မိဘဆွေမျိုးများကိုလည်းကောင်း၊ သူ၏ စစ်ကဲကြီးနှင့် မြို့စောင့်တပ်မှူးကြီးတို့ကိုလည်းကောင်း တာဝန်



ဝတ္တရားပေါ့လျော့ရကောင်းလားဆိုကာ မကျေမချမ်းဖြစ်နေ၏။ ခင်အုံ့၏မိဘများနှင့် ဆွေမျိုးသားချင်းများသည် မြို့စားကြီး၏ အထင်လွဲမှားမှုနှင့် အငြိုအငြင်မခံကြရအောင် သူတို့လက်လှမ်းမီသမျှ လိုက်လံစုံစမ်းကြ၏။ အလားတူပင် စစ်ကဲကြီးနှင့် မြို့စောင့်တပ်မှူးကြီးတို့သည်လည်း တာဝန်လစ်ဟင်းသည်ဟု အပြောအဆို အကြိမ်းအမောင်း မခံရအောင် စည်သာမြို့ကြီးကို အလုံပိတ်ကာ မြေလှန်ရှာဖွေခဲ့ကြပြီး ဖြစ်သည်မဟုတ်သလော။ သို့ရာတွင် ခင်အုံ့၏သတင်းအစအနနှင့် အရိပ်အယောင်မျှ မတွေ့ရ၊ မကြားရချေ။ ထို့ကြောင့် တစ်နေ့လုံးယောက်ယက်ခတ်နေခဲ့ရသော မြို့စားကြီးသည် တစ်ညလုံးလည်း လူးလာခတ်နေရခြင်းပင် ဖြစ်၏။

❐

## တောပုန်းကြီး မိုးကျော်

[ ၁ ]

စည်သာမြို့စောင့်တပ်သားများက မြို့ဝင် မြို့ထွက်နှင့် တစ်အိမ်တက်ဆင်း မွှေနှောက်ခဲ့ကြစဉ်က မည်ကဲ့သို့ပြုလုပ်ခဲ့ကြသည်ကို မြို့သူမြို့သားများသည် မသိရှိခဲ့ပေ။ ထူးခြားသော အကြောင်းတစ်ခုခုရှိ၍သာလျှင် လက်နက်ကိုင်တပ်ဖွဲ့များကို ယင်းသို့အသုံးပြုခဲ့ခြင်းဖြစ်တန်ရာသည်ဟု အကြမ်းဖျင်းတွက်ဆခဲ့ကြ၏။ မိမိတို့၏ အတွက်အဆနှင့် ထင်မြင်ချက်များကို မိမိတို့စိတ်သဘောထားတူညီသူများ အချင်းချင်းလောက်သာ တီးတိုးပြောဆိုခဲ့ကြ၏။ သို့ရာတွင် ရက်သတ္တတစ်ပတ်သာသာခန့် အကြာလောက်တွင် စည်သာမြို့ကြီးကို မြို့စောင့်တပ်သားများပိုက်စိပ်တိုက်မြေလှန်ခဲ့ကြသော သတင်းသည် မြို့သူ မြို့သားများအကြား တောမီးအလား ပျံ့နှံ့သွား၏။

သမီးလောက်အရွယ် မိန်းကလေးတစ်ဦးကို နိုင့်ထက်စီးနင်းလက်ထပ်သိမ်းပိုက်ရန် အားထုတ်ကြံစည်ခြင်းပြုကတည်းက မြို့သူမြို့သားများသည် ၎င်းတို့၏ မြို့စားကြီးကို နှလုံးနာရွံရှာလျက်ရှိကြ၏။ တရား



မျှတခြင်းမရှိသော အလုပ်ကိုအဘယ်သူသည် သာစုခေါ်လိမ့်မည်နည်း။ မြို့သူမြို့သားများသည် စိတ်တူသဘောတူ လူချင်းစုမိသောအခါများတိုင်း သမီးလောက်အရွယ်မိန်းကလေးတစ်ယောက်ကို ခရုခါးတောင်းကျိုက်ဖမ်းသလို လုပ်ကိုင်နေသော ဦးကျော်ခေါင်ကို မဲ့ကာရွဲ့ကာ ကဲ့ရဲ့သင်္ဂြိုဟ်ခဲ့ကြ၏။ ကျိန်ဆဲသူများကလည်း ကျိန်ဆဲခြင်းပြုလုပ်ကြ၏။ သို့ရာတွင် မြို့စားကြီးတစ်ယောက်ကတော့မူ လူအများ၏ ရှေ့တွင် သူလုပ်ကိုင်နေသောအမှုကိစ္စ တော်သည် မတော်သည်၊ တရားသည် မတရားသည်များကို အလျှင်းအလေးထားရှိသူမဟုတ်။ လူအများ၏ သဘောထားနှင့် အာဘော်ကိုလည်း ဂရုစိုက် ရကောင်းမှန်းမသိ။ တရားသည် မတရားသည်အပထား။ သူဖြစ်ချင်ရာကို မဖြစ် ဖြစ်သည့်နည်းနှင့် လုပ်တတ်သူတစ်ဦးသာဖြစ်၏။

သို့ရာတွင် သက်ကျားအိုမြို့စားကြီးက ခင်အုံကို လက်ထပ်သိမ်းပိုက်ရန် ရက်သတ္တတစ်ပတ်ခန့်အလိုလောက်တွင် သတို့သမီးလောင်းပျောက်ခြင်းမလှပျောက်သွားသောသတင်း ပျံ့နှံ့လာသောအခါ မြို့သူမြို့သားများသည် ဝမ်းမြောက်ဝမ်းသာဖြစ်ကြရ၏။ သာစုခေါ်သူများကခေါ်ကြ၏။ စိတ်တူသဘောတူသော လူအများစုမိကြသောအခါတိုင်းထိုသတင်းကို မြိန်ရေရှက်ရေပြောဆိုလျက်ရှိကြ၏။ ခင်အုံတစ်ယောက်လွတ်ရာကျွတ်ရာသို့ ထွက်ပြေးလျှင်လည်း သူပြေးလိုရာအရပ်သို့ ဘေးမသီ၍ ရန်မခရောက်ရှိစေရန် မေတ္တာပို့ကြ၏။ ထိုသို့မဟုတ်ဘဲ သူ့ချစ်သူနှင့် ထွက်ပြေးလျှင်လည်း လွတ်ရာကျွတ်ရာသို့ ရောက်ပါစေဟု ဆုတောင်းကြ၏။

မြို့စားကြီး ဦးကျော်ခေါင်နှင့် လက်ထပ်ထိမ်းမြားရမယ့်ဆဲဆဲ သတို့သမီးလောင်း ခင်အုံပျောက်သွားသဖြင့် ဝမ်းသာသူများက ဝမ်းသာ၍ဆုတောင်းမေတ္တာပို့သူများက ပို့နေချိန်တွင် ရွှေဥကြမ်းအညှပ်ခံနေရသည်

ထက် အခံရကျပ်နေသော မြို့စားကြီးသည် ဒေါသူပုန်ထကြွချင်တိုင်း ထကြွလျက်ရှိ၏။ သူ၏သတို့သမီးလောင်းကို ပြန်ရှာပေးနိုင်ဖို့ နေနေသာသာ ဘာသတင်းအစအနမျှလောက်ပင် ပေးနိုင်စွမ်းမရှိသေးသော ၎င်း၏စစ်ကဲကြီးနှင့် တပ်မှူးကြီးနှစ်ယောက်တို့ကို နေ့ရှိသ၍ ဆူပူကြိမ်းမောင်း၍သာနေ၏။ မြို့တွင်းမြို့ပြင်များသို့ အထောက်တော်များ အမြောက်အမြား စေလွှတ်ထောက်လှမ်းခိုင်းထားသည့်တိုင်အောင် ဘာသတင်းအစအနလောက်မျှ မရရှိသေးသော စစ်ကဲကြီးနှင့် တပ်မှူးကြီးတို့ခမျာ များမှာလည်း မြို့စားကြီး ဆူပူကြိမ်းမောင်းသမျှကို ခေါင်းငုံ့ခံနေကြရသော ဘဝအခြေတွင်ရှိနေကြ၏။

"ဘယ်လိုလဲဗျ စစ်ကဲကြီး... ခင်ဗျားအထောက်တော်တွေဆီက ခုထက်ထိ ဘာသတင်းအစအနကလေးလောက်မှ မရသေးဘူးလားဟင်..." သူ၏ အမူအကျင့်အတိုင်း စားပွဲကို လက်သီးဖြင့် တဝုန်းဝုန်းနေအောင် ထုရင်း မြို့စားကြီးက ဦးရွှေနှောင်းကို အော်ငေါက်မေးမြန်း၏။

"မင်းဝံချောင်းရိုးတစ်လျှောက် အထောက်တော် တစ်ကျိပ်သာသာလောက် လွှတ်ထားပါတယ်... ဒါပေမဲ့ ခုထက်ထိတော့ ဘာမှသတင်းမရသေးလို့ပါ"ဟု စစ်ကဲကြီးက မျက်လွှာကိုချကာ ပြန်လည်ပြောကြား၏။

"ကနေ့ပါနဲ့ဆိုရင် ခင်အုံပျောက်သွားတာ ဆယ်ရက်တောင်ရှိသွားပြီ စစ်ကဲကြီး၊ ဒီအတောအတွင်း ခင်ဗျားလွှတ်ထားတဲ့ အထောက်တော်တစ်ကျိပ်သာသာ အထောက်တော်တွေဟာ ဘာသတင်းအစနကလေးလောက်တောင်မှ ပြန်မပို့နိုင်ကြသေးဘူးဆိုရင် ဒီအထောက်တော်တွေကို ဘယ်မှာသွားအသုံးချနိုင်ပါဦးမလဲ... တော်တော်ညံ့တဲ့ အကောင်တွေပေါ့၊ ခင်ဗျားယုံကြည်စိတ်ချပြီး အသုံးပြုစေလွှတ်ထားတဲ့ အထောက်တော်တွေ ညံ့နေရင် ခင်ဗျားမှာကော တာဝန်ရှိမနေဘူးလားဗျ... စစ်ကဲကြီး"



မြို့စားကြီး ပြောဆိုသမျှကို စစ်ကဲကြီးသည် ခေါင်းမဖော်ဝံ့ဘဲ ကျောက်ရုပ်ကြီးအလား တုတ်တုတ်မျှမလှုပ်ဘဲ နားထောင်နေရ၏။

"ဘုရင်မင်းမြတ် အစိုးရအဖွဲ့က လစာနဲ့ ရိက္ခာတော်ပေးကမ်းထားတဲ့ ကျေးဇူးသစ္စာတော်ကိုမှ မထောက်၊ တော်တော့်ကို အမှုထမ်းပေါ့လျော့ကြတာကိုး..." မြို့စားကြီးသည် ဆက်လက်မြည်တွန်တောက်တီးလျက်ရှိ၏။

"မြို့စားကြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာနေပါ၊ မနက်ဖြန်ကျရင် အလွန်အားကိုးယုံကြည်ရတဲ့ အထောက်တော်တွေထဲက လူတစ်ကျိပ်လောက် ကျွန်တော်ကိုယ်တိုင်ရွေးချယ်စေလွှတ်ဖို့ စီစဉ်နေပါတယ်..." နားမခံသာ၍ စစ်ကဲကြီး ဦးရွှေနှောင်းသည် ၎င်း၏နောက်ထပ်အစီအစဉ်ရှိနေသေးကြောင်း အစီရင်ခံလိုက်၏။

"နောက်ထပ် အထောက်တော်တစ်ကျိပ်မကလို့ ခင်ဗျားလိုအပ်တယ်ထင်ရင် တစ်ရာပဲလွှတ်လွှတ်၊ တစ်ထောင်ပဲလွှတ်လွှတ် လွှတ်နိုင်ပါတယ်၊ ငွေတိုက်ထဲမှာရှိတဲ့ ငွေတွေကို ခင်ဗျားသဘောအတိုင်း အသုံးပြုနိုင်တယ်လို့ ခွင့်ပြုထားတယ်လေ... ကျုပ်အဖို့အရေးကြီးဆုံးကတော့ ခင်အုံကို အမြန်ဆုံးပြန်ရဖို့မဟုတ်လား..."

"ကောင်းပါပြီမြို့စားကြီး... စိတ်ချသာနေပါ"

"ခင်အုံကိုသာရတဲ့နည်းနဲ့ ပြန်ရအောင် ကြံစည်ပါ၊ ခင်ဗျားကို လွှတ်တော်ဝန်ထောက်ကြီး ရာထူးခန့်အပ်ပေးဖို့ ကျုပ်ကိုယ်တိုင် နေပြည်တော်သွားပြီး ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးတို့ကို သံတော်ဦးတင်ပေးပါ့မယ်..."

"အတိုင်းထက် အလွန်ပါပဲ မြို့စားကြီး... ခင်အုံကိစ္စကိုလည်း စိတ်အေးချမ်းသာထားပါ... မရရတဲ့နည်းနဲ့ ကျွန်တော်ကြံစည်ပါ့မယ်..."ဟု ပြောဆိုပြီးနောက် စစ်ကဲကြီးသည် မြို့စားကြီးအိမ်တော်မှ ပြန်ထွက်လာ

ခဲ့၏။

စစ်ကဲကြီးအလှည့် ပြီးစီးသွားသောအခါ မြို့စောင့်တပ်မှူးကြီးအလှည့်သို့ ရောက်ရှိလာ၏။ အလှည့်ရောက်၍သော တပ်မှူးကြီးသည် မြို့စားကြီး အိမ်တော်သို့သတင်းပို့ရန် ဝင်ရောက်ခြင်းပြုရသော်လည်း မျက်စိမျက်နှာ မကောင်းလှပေ။

အဆင်သင့် စောင့်ဆိုင်းနေပုံရသော မြို့စားကြီးနှင့် သူ၏ရုံးအတွင်းမှာပင် တွေ့ရ၏။ မြို့စောင့်တပ်မှူးကြီး သူ့အခန်းအတွင်းသို့ ဝင်လာလျှင်လာချင်း "ဘယ်လိုလဲဗျ... မြို့စောင့်တပ်မှူးကြီး..."ဟု မြို့စားကြီးက မေးလိုက်၏။

မြို့စားကြီးအလိုရှိသော အဖြေ သူ့ထံတွင်အဆင်သင့်မရှိသေးသဖြင့် မြို့စောင့်တပ်မှူးကြီးသည် ဘာမျှပြန်မပြောတတ်အောင် ဖြစ်နေပုံရ၏။

သူ့အမေးကို ဘာမျှပြန်လည်ဖြေကြားခြင်းမပြုသည့်အတွက် မြို့စားကြီးသည် ပိုမို၍ စိတ်တိုတောင်းသွားပုံရ၏။ ထို့ကြောင့် စားပွဲကို တဝုန်းဝုန်းနေအောင် လက်သီးဖြင့်ထုရင်း "ကျုပ်မေးနေတာ မကြားဘူးလားဗျ တပ်မှူးကြီး..."ဟု အော်ငေါက်မေးမြန်းလိုက်ပြန်၏။

"ကြားပါတယ်... မြို့စားကြီး..."ဟု တပ်မှူးကြီးက အသံခပ်ခြောက်ခြောက်နှင့် ပြန်လည်ဖြေကြား၏။

"ကြားရက်သားနဲ့ ကျုပ်မေးနေတာကို ဘာပြုလို့ ပြန်မဖြေရတာလဲဗျ... ကျုပ်အကြောင်းလည်း တပ်မှူးကြီး အသိသားမဟုတ်လား" မြို့စားကြီးသည် သူ၏လက်နှစ်ဖက်ကို နောက်ပစ်ကာ ရုံးခန်းအတွင်း ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ပြောဆို၏။

"ကျွန်တော် ဟိုဟိုသည်သည် လွှတ်ထားတဲ့ အထောက်တော်တွေ တစ်ယောက်မှပြန်ရောက်မလာကြသေးလို့... သတင်းဘယ်လိုမှ မထူးသေးလို့ပါ မြို့စားကြီး..."ဟု မြို့စောင့်တပ်မှူးကြီးက သူ၏ အခြေ



အနေကို မရဲတရဲအစီရင်ခံ၏။

"တပ်မှူးကြီးလည်း စစ်ကဲကြီးလိုပါပဲလားဗျ... ဒီထက်သာတဲ့ ကောင်းတဲ့ အဖြေကလေးများ မပေးနိုင်တော့ဘူးလား"ဟု မြို့စားကြီးက ခပ်ထေ့ထေ့ကလေး ပြောဆိုလိုက်သောအခါ တပ်မှူးကြီးသည် မျက်နှာမထားတတ်အောင်ဖြစ်သွားပုံရ၏။ မြို့စားကြီးသည် လက်နှစ်ဖက်ကို နောက်ပစ်ကာ သူ့ရုံးခန်းအတွင်း ခေါက်တုံ့ခေါက်ပြန်လျှောက်မြဲလျှောက်နေ၏။ အထေ့ခံထားရသော လက်နက်ကိုင် တပ်မှူးကြီးသည် သူ၏ပြေးပေါက်ကို ကြည့်ရှုရှာဖွေနေပုံရ၏။ သူသည် တုတ်တုတ်မျှ ပင်မလှုပ်၊ ကျောက်ရုပ်နှင့်မခြား ငြိမ်သက်စွာရပ်နေ၏။

စိတ်ဂနာမငြိမ်တိုင်း ခေါက်တုံ့ခေါက်ပြန်လျှောက်နေရာမှ "ကျုပ်နောက်ဆုံးစကားတစ်ခွန်းပြောလိုက်မယ်... ခင်အုံကိုပြန်ရဖို့အတွက် လူပေါင်းဘယ်လောက်ပဲ စတေးရစတေးရ ခင်ဗျားသဘောနဲ့ ခင်ဗျားစတေးနိုင်တယ်၊ ကျုပ်အနေနဲ့ ခင်ဗျားလုပ်သမျှ တာဝန်ယူတယ်၊ ခင်အုံကိုသာ ပြန်လာပါစေ"ဟု မြို့စားကြီးက ပြောဆိုလိုက်၏။

"ကောင်းပါပြီ မြို့စားကြီး... ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့မယ်..."ဟု ဝန်ခံစကား ပြောဆိုပြီးနောက် မြို့စောင့်တပ်မှူးကြီးသည် မြို့စားကြီး၏ရုံးခန်းအတွင်းမှ ပြန်လှည့်ထွက်လာတော့မည်အပြု "ခဏလောက်နေပါဦး တပ်မှူးကြီး..."ဟု မြို့စားကြီးက တစ်စုံတစ်ရာအမှာစကားပြောကြားလိုဟန်ဖြင့် ဟန့်တားပြောဆိုလိုက်၏။

မြို့စောင့်တပ်မှူးကြီးသည် မြို့စားကြီးဘက်သို့ မျက်နှာပြန်မူကာ "အမိန့်ရှိပါဦး မြို့စားကြီး..."ဟု နောက်ထပ် ကြားနာရန်ရှိနေသေးပုံရသော အမိန့်ကိုတောင်းခံလိုက်၏။

"ကျုပ် ကြင်ရာလောင်းကိုသာ ပြန်ရအောင်ကြိုးစားပါ... ကျုပ်အလိုပြည့်ရင် နေပြည်တော်မှာ ခင်ဗျားရာထူးကောင်းကောင်းရဖို့အတွက်

ဘုရင်မင်းမြတ်နဲ့ မိဖုရားခေါင်ကြီးတို့ကို ကျုပ်ကိုယ်တိုင် သံတော်ဦး တင်ပေးပါ့မယ်..."

"အတိုင်းထက် အလွန်ပါပဲ မြို့စားကြီး... ခင်အုံ့ကိစ္စအတွက် စိတ်အေးအေးချမ်းချမ်းသာ နေပါခင်ဗျား... မဖြစ်ဖြစ်တဲ့နည်းနဲ့ ကျွန်တော် သယ်ပိုးဆောင်ကြဉ်းပါ့မယ်..."ဟု ဝန်ခံစကား ပြောကြားပြီးနောက် တပ်မှူးကြီးသည် မြို့စားကြီးကို အလေးပြုကာ အိမ်တော်မှ ပြန်ထွက်လာခဲ့၏။

[ ၂ ]

မြို့စားကြီး ဦးကျော်ခေါင်နှင့် ထိမ်းမြားလက်ထပ်တော့မည်ဆဲဆဲတွင် မြို့ရိုးတံတိုင်း ခတ်ထားသော စည်သာမြို့ကြီးအတွင်းမှ သတို့သမီးလောင်း ခင်အုံပျောက်ခြင်းမလှပျောက်သွားခဲ့ပြီးနောက် သီတင်းလေးပတ်သာသာ ငါးပတ်ခန့်အကြာလောက်တွင် ထိုမိန်းမလှနှင့် ပတ်သက်သော သတင်းအစအနများ တစ်စတစ်စ စုဆောင်းရရှိလာ၏။ စည်သာမြို့ပြင်လေးရပ်မှ ထိုသတင်းအစအနများကို ဟိုကတစ်စ သည်ကတစ်စ ထောက်လှမ်းလာခဲ့ကြသူများမှာ စစ်ကဲကြီးဦးရွှေနှောင်းနှင့် မြို့စောင့်တပ်မှူးကြီး ဗလကျော်ထင်တို့စေလွှတ်ထားခဲ့ကြသော ထောက်လှမ်းရေးသမားများပင်ဖြစ်၏။

ယင်းသို့ မြို့ပြင်လေးရပ်မှ သူတို့နည်း သူတို့ဟန်များနှင့် စုဆောင်းရရှိခဲ့ကြသော အရပ်ရပ်သတင်းအစအနများကို စုစည်းယှက်သွယ်ကြည့်ကြရန်အတွက် မြို့စားကြီးအိမ်တော်တွင် စစ်ကဲကြီးနှင့်မြို့စောင့်တပ်မှူးကြီးတို့သည် မြို့စားကြီးဦးကျော်ခေါင်နှင့် ခေါင်းချင်းဆိုင်လျက် ရှိနေကြ၏။ မြို့စားကြီးသည် သူ၏လက်ထောက် အကြီးအကဲနှစ်ဦးတို့ကို နိုင်ငံခြားဖြစ် အရက်အဖိုးတန်များနှင့် ဧည့်ခံခြင်းပြုသဖြင့် စိုစိုပြည်



ပြည်ရှိ၏။ အာသွက်လျှာသွက်လည်း ရှိကြ၏။

အီတာလီသံအဖွဲ့မှ လက်ဆောင်မွန်အဖြစ်ဖြင့် ရရှိထားသော စပျစ်သီးဝိုင်အရက်ပုလင်းကို ဖွင့်ကာ စစ်ကဲကြီးနှင့် မြို့စောင့်တပ်မှူးကြီးတို့၏ ဖန်ခွက်များအတွင်းသို့ ကိုယ်တိုင်ငှဲ့ပေးရင်း "စစ်ကဲကြီးနဲ့ တပ်မှူးကြီးတို့ စေလွှတ်လိုက်ကြတဲ့ အထောက်တော်တွေဆီက ရလာတဲ့ အရပ်ရပ်သတင်းတွေကို စုစည်းပြီး ဘယ်လိုများနိဂုံးချုပ်မိကြသလဲဗျ..." ဟု မြို့စားကြီးသည် သူအလွန်တရာစိတ်ဝင်စားသိရှိလိုသော အကြောင်းကို စလိုက်၏။

တိုင်းတစ်ပါးဖြစ် အရက်သေစာကို များစွာနှစ်လိုတပ်မက်ပုံရသော စစ်ကဲကြီးသည် စပျစ်သီးနှင့်ဖောက်သော ဝိုင်အရက်ကို တစ်ငုံစာသုံးဆောင်ရင်း "ကျွန်တော့်အထောက်တော်တွေဆီက သတင်းအရပ်ရပ်ကို စုစည်းလိုက်ရင်တော့ မြို့စားကြီးရဲ့ ကြင်ရာလောင်းကို မင်းဝံချောင်းဖျားတစ်ဝိုက်မှာ ထကြွသောင်းကျန်းနေကြတဲ့ တောပုန်းကြီး မိုးကျော်အဖွဲ့က အကောင်တွေ ဖမ်းဆီးခေါ်ဆောင်သွားကြတယ်လို့ နိဂုံးချုပ်နိုင်လိမ့်မယ်ထင်ပါတယ်..."ဟု သူ၏ ကောက်ချက်ကို အခိုင်အမာ ပြောဆို၏။

မြို့စားကြီးသည် ဦးခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရာမှ "စစ်ကဲကြီးရဲ့ ကောက်ချက်ကိုတော့ ကြားရပြီ၊ တပ်မှူးကြီးကကော ဘယ်လိုလဲဗျ..."ဟု အီတလီစပျစ်ဝိုင်ကို တဖြည်းဖြည်းချင်းစုပ်နေသော မြို့စောင့်တပ်မှူးကြီးကို လှမ်းမေးလိုက်ပြန်၏။

"ကျွန်တော်က အထူးအားကိုးရတဲ့ အထောက်တော်တွေစုဆောင်းလာခဲ့တဲ့ အရပ်ရပ်သတင်းတွေကို စုစည်းလိုက်ပြန်တော့ စစ်ကဲကြီးဦးရွှေနှောင်းဆိုသွားတဲ့ ကောက်ချက်အတိုင်းပဲ ထွက်နေပါတယ် မြို့စားကြီး..."ဟု မြို့စောင့်တပ်မှူးကြီး ဗလကျော်ထင်ကလည်း စစ်ကဲကြီး

နှင့် တစ်လေတည်း တစ်သံတည်း ထွက်လာ၏။

လက်ထောက်အကြီးအကဲနှစ်ဦးတို့ထံမှ တစ်သံတည်း ထွက်လာသော ကောက်ချက်ကိုကြားနာပြီးနောက် မြို့စားကြီးဦးကျော်ခေါင်သည် အတန်ကြာမျှငိုင်၍ စဉ်းစားနေ၏။ နောက်မှ ဧည့်သည်များ၏ ဖန်ခွက်များတွင် တက်တက်ပြောင်နေသောအဖြစ်ကို သတိရကာ စပျစ်ဝိုင်ကို ညီတူညီမျှ ထပ်ငှဲ့ပေးရင်း "စစ်ကဲကြီးနဲ့ တပ်မှူးကြီးတို့ရဲ့ ကောက်ချက်တွေကိုတော့ ကြားရပါပြီ... ဒါပေမဲ့ တံတိုင်းခတ်ထားပြီး မြို့တံခါးတွေလည်း အလုံပိတ်ထားကြတဲ့ကြားထဲက တောပုန်းငမိုးကျော်ရဲ့လူတွေက ဘယ်ပုံဘယ်နည်းနဲ့ မြို့တွင်းရောက်အောင်ဝင်လာပြီး ကျုပ်ကြင်ရာလောင်းကို ဆွဲထုတ်သွားနိုင်ရသလဲဆိုတာကိုတော့ ကျုပ်အနေနဲ့ ဘယ်လိုမှ စဉ်းစားလို့မရဘူးဗျ..."ဟု သူ၏သံသယကို ထုတ်ဖော်ပြောကြားသွား၏။

"ဒီအကြောင်းနဲ့ပတ်သက်ပြီး ကျွန်တော်ကိုယ်တိုင် ဂရုတစိုက်လိုက်လံစစ်ဆေးကြည့်တော့ တောပုန်းမိုးကျော်ရဲ့ တပည့်တပန်းတွေဟာ ညသန်းခေါင်ကျော်အချိန်လောက်မှာ လူပြတ်တဲ့ တစ်နေရာရာတစ်ထောင့်ထောင့်က အလစ်ကျော်ဝင်ပြီး မြို့စားကြီးရဲ့ ကြင်ရာလောင်းကို တိတ်တဆိတ် ဝင်ဆွဲသွားကြတာဖြစ်ကြောင်း ခြေရာ လက်ရာတွေကို တွေ့ထားပါတယ်..."ဟု မြို့စောင့်တပ်မှူးကြီးသည် မြို့စားကြီး၏ သံသယကို ချေဖျက်ပြောကြားလိုက်၏။

မြို့စားကြီးသည် ဦးခေါင်းတညိတ်ညိတ်နှင့် နားစိုက်ထောင်၍နေရာမှ "တပ်မှူးကြီးပြောသလို မိုးကျော်ရဲ့ အကောင်တွေက ဝင်ဆွဲတာကို ခင်အုံကပြန်မအော်ဘဲငြိမ်ခံနေပါ့မလားဗျ..."ဟု သံသယမရှင်းနိုင်သေးသော အမူအရာဖြင့်မေး၏။

"ပြန်မအော်နိုင်၊ မဟစ်နိုင်အောင် ပါးစပ်ကို အတင်းအဓမ္မအာစေး



ဆို့ပြီး တရကြမ်းဆွဲခေါ်သွားတာဖြစ်လိမ့်မယ်လို့ ကျွန်တော်တွက်ဆထားပါတယ် မြို့စားကြီး"ဟု မြို့စောင့်တပ်မှူးကြီးက သူ၏ အတွက်အဆကို ပြောကြားသွား၏။

"မြို့စောင့်တပ်မှူးကြီးရဲ့ အတွက်အဆကိုကော စစ်ကဲကြီးက သဘောတူနိုင်ပါ့မလားဗျ..."ဟု ကြက်အသည်းအမြစ်ကြော်များ ပြည့်ပြည့်မောက် ထည့်ထားသော ပန်းကန်ပြားကို ရှေ့သို့တိုးပေးရင်း စပျစ်ဝိုင်အရက်ကို များစွာခံတွင်းလိုက်နေဟန်ရှိသော စစ်ကဲကြီးအား မြို့စားကြီးက လှမ်းမေးလိုက်ပြန်၏

"မြို့စားကြီးရဲ့ ကြင်ရာလောင်းကို တောပုန်းမိုးကျော်ရဲ့လူတွေက ဘယ်ပုံဘယ်နည်း မြို့တွင်းဝင်ဆွဲသွားခဲ့ကြတာကိုတော့ ကျွန်တော်မစုံစမ်းမလေ့လာရသေးလို့ မိမိသဘောထားနဲ့ ထင်မြင်ချက်ကို မပြောပါရစေနဲ့ဦး မြို့စားကြီး။ ဒါပေမဲ့ မြို့စားကြီးရဲ့ ကြင်ရာလောင်း ခင်အုံတစ်ယောက် မိုးကျော်လက်ထဲရောက်နေတယ်ဆိုတာကတော့ ဧကန်အမှန်ဖြစ်ကြောင်း ကျွန်တော်ရဲရဲကြီးပြောနိုင်တယ်..."စပျစ်ဝိုင်၏ အာနိသင်ကြောင့် စစ်ကဲကြီးက ရဲရဲတင်းတင်းနှင့် ကျယ်ကျယ်လောင်လောင်ကလေး ပြောဆိုသွား၏။

"ကျုပ်ကြင်ရာလောင်း ခင်အုံတစ်ယောက် တောပုန်းမိုးကျော်တို့လူသိုက်လက်ထဲရောက်နေတယ်ဆိုတဲ့ အချက်နဲ့ပတ်သက်ပြီး တပ်မှူးကြီးအနေနဲ့ကော ပြောချင်ဆိုချင်တာများရှိသေးသလားဗျ..."ဧည့်သည်များ၏ ဖန်ခွက်များထဲသို့ နောက်ထပ်စပျစ်ဝိုင်များကို ရက်ရက်ရောရောနဲ့ ဖောဖောသီသီငှဲ့ပေးရင်း မြို့စားကြီးက တပ်မှူးကြီး၏ သဘောထားကို တောင်းခံလျက်ရှိ၏။

"စစ်ကဲကြီးနဲ့ ကျွန်တော်နဲ့ ဒီကိစ္စမှာ ထပ်တူထပ်မျှပါပဲ မြို့စားကြီး... ချောင်းဖျားတစ်ဝိုက်မှာရှိတဲ့ ကျေးရွာအုပ်စုတွေကို စောင့်ကြည့်

ဖို့ ၄ား‌ရမ်းထားတဲ့ ကျွန်တော့်သတင်းပေးနှစ်ယောက်စလုံးကပဲ မိုးကျော်တို့စခန်းမှာ အမျိုးသမီးတစ်ယောက်ရောက်နေတယ်လို့ သတင်းပို့ကြပါတယ်..."ဟု မြို့စောင့်တပ်မှူးကြီးသည် ဝိုင်အရက်ကို တစ်ငုံစာငုံရင်း ပြောဆို၏။

## [၃]

မြို့စားကြီးသည် အတန်ကြာမျှ ငိုင်စဉ်းစားနေပြီးနောက် "ကျုပ်ကြင်ရာလောင်း ခင်အုံကို တောပုန်းမိုးကျော်တို့လူသိုက် ခုလိုမြို့တွင်းဝင်ဆွဲခေါ်သွားကြတဲ့ကိစ္စရဲ့ ရည်ရွယ်ချက်ကိုစဉ်းစားကြဖို့ လိုလိမ့်မယ်ထင်တယ်..."ဟု ခပ်လေးလေး၊ ခပ်ဖြည်းဖြည်းပြောဆိုလိုက်၏။

"ဟုတ်ပါတယ် မြို့စားကြီး"ဟု စစ်ကဲကြီးက ပြောဆို၏။ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် "ကျွန်တော်လည်း ဒီကိစ္စကို စဉ်းစားနေပါတယ် မြို့စားကြီး..."ဟု မြို့စောင့်တပ်မှူးကြီးကလည်း ပြောဆို၏။

"ကျုပ်တို့ဒီကိစ္စကို အေးအေးပေါ့ပေါ့ သဘောထားလို့မဖြစ်ဘူးထင်တယ်၊ တရားဥပဒေပြင်ပရောက်ပြီး ဆိုးသွမ်းသောင်းကျန်းနေတဲ့တောပုန်းဓားပြတွေက ဘုရင့်အစိုးရရဲ့ အုပ်ချုပ်ရေးစိုက်ထူထားတဲ့ မြို့တွင်းကိုထင်သလိုဝင်လာပြီး သူတို့သဘောအတိုင်း လုပ်ချင်ရာလုပ်သွားကြတဲ့ကိစ္စကို နေပြည်တော်ကသာ သိသွားကြားသွားရင် ခင်ဗျားတို့ကျုပ်တို့တစ်တွေကို ဘာပြောမလဲ..."ဟု မြို့စားကြီးက ခင်အုံ အဆွဲခံရသော ကိစ္စကို လေးနက်စေလိုသောဟန်ဖြင့် လေးလေးနက်နက်ပြောဆိုသွား၏။

"မြို့စားကြီး အမိန့်ရှိတာ မှန်ပါတယ်ခင်ဗျာ..."ဟု စစ်ကဲကြီးသည် ကြက်မြစ်ကြော်တစ်တုံးကို မြုံ့နေရာမှ ပြောဆို၏။

"ဟုတ်ပါတယ်... စည်သာနယ်မှာ ဘုရင်မင်းမြတ် အုပ်ချုပ်ရေးကို



မကြာခဏ အနှောင့်အယှက်ပေးလေ့ရှိတဲ့ တောပုန်းမိုးကျော်ဂိုဏ်းကို ကျူပြင်ခုတ် ကျူငုတ်မှမကျန်အောင် သုတ်သင်ရှင်းလင်းမှဖြစ်တော့မယ်ထင်ပါတယ် မြို့စားကြီး..."ဟု မြို့စောင့်တပ်မှူးကြီးသည်လည်း သူ၏သဘောထားကို တိတိလင်းလင်း ထုတ်ဖော်ပြောကြားလာ၏။

"ဘာကြာသေးလဲ၊ တစ်လောကပဲ မင်းဝံချောင်းရိုးက ဘုရင့်အစိုးရရဲ့ ကုန်တော်တွေကို မိုးကျော်တို့ လူသိုက်လုယက်ယူငင်သွားကြသေးတယ်မဟုတ်လား..."ဟု မြို့စားကြီးက တောပုန်းမိုးကျော်၏ သောင်းကျန်းရမ်းကားမှုတစ်ရပ်ကို ထုတ်ဖော်ပြောကြားလိုက်၏။

"ဒီအကောင့်ဂိုဏ်းကို ကျွန်တော်တို့ အမြန်ဆုံးနှိမ်နင်းမှ ဖြစ်တော့မယ်ထင်တယ် မြို့စားကြီး..."ဟု စစ်ကဲကြီးက အလေးထားပြောဆိုသွား၏။

"စစ်ကဲကြီး အကြံပေးတဲ့အတိုင်း အမြန်ဆုံးနှိမ်နင်းဖို့လိုလာပြီထင်ပါတယ်။ ကျွန်တော့် ထောက်လှမ်းရေးသမားတွေဆီက သတင်းရထားသလောက် တောပုန်းမိုးကျော်ဂိုဏ်းမှာ လူပေါင်း ငါးဆယ်လောက် ရှိတယ်လို့ဆိုတယ်။ တူမီးသေနတ်ငါးလက်နဲ့ အင်္ဂလိပ်လုပ်သေနတ် သုံးလက်လောက်ပဲရှိတယ်ဆိုတယ်၊ ဒါလောက်အတင့်ရဲ သောင်းကျန်းလှတဲ့ တောပုန်းတွေကို ခုထက်အင်အားမကြီးခင် ဖြိုခွဲနှိမ်နင်းထားမှ တော်လိမ့်မယ် မြို့စားကြီး"ဟု မြို့စောင့်တပ်မှူးကြီးကလည်း သူ၏သဘောထားကို တင်ပြလျှက်ရှိ၏။

"အရင်ကတော့ မိုးကျော်ဟာ မင်းဝံချောင်းဖျားတစ်ဝိုက်လောက်မှာပဲ ကျက်စားနေရာက အခုဆိုရင် စည်သာနယ်ကြီးရဲ့ အချက်အချာဖြစ်တဲ့ စည်သာမြို့တွင်းကိုတောင် တိုးချဲ့လာပြီမဟုတ်လား။ စည်သာမြို့တွင်းကိုဝင်တာတောင် သူ့ဟာသူ လုဖို့ယက်ဖို့လောက်သာမဟုတ်တော့ဘဲ ကျုပ်ကြင်ရာလောင်းကို အတင်းအဓမ္မဝင်ဆွဲဝံ့တဲ့အထိ အတင့်ရဲ

လာပြီလေ..."ဟု ပုလင်းထဲတွင်ကျန်ရှိနေသေးသော စပျစ်ဝိုင်များကို ဧည့်သည်များ၏ ဖန်ခွက်များထဲသို့ အညီအမျှခွဲဝေငှဲ့ပေးရင်း မြို့စားကြီး ဦးကျော်ခေါင်က တောပုန်းကြီးမိုးကျော်၏ လုပ်ရပ်များကို သုံးသပ်ပြောဆို၏။

သူတို့အထက် အကြီးအကဲဖြစ်သူ၏ သုံးသပ်ပြောဆိုချက်များကို မြို့စားကြီး၏ လက်ထောက်အရာရှိကြီး နှစ်ဦးတို့သည် ငြိမ်သက်စွာ နားထောင်လျက်ရှိကြ၏။

"အဲဒီတော့ တောပုန်းဓားပြဂိုဏ်းကြီးရဲ့ ခေါင်းဆောင်ဖြစ်တဲ့ မိုးကျော်ကို အသေရရ အရှင်ရရ ဖမ်းဆီးမိဖို့ အရေးကြီးလာပြီ၊ စည်သာလို မြို့ကြီးထဲကို မခန့်လေးစားဝင်ပြီး လုယူသွားတဲ့ ကျုပ်ကြင်ရာလောင်း ခင်အုံ့ကိုလည်း မရရတဲ့နည်းနဲ့ ပြန်ယူဖို့အရေးကြီးလာပြီ"

"ဟုတ်ကဲ့မြို့စားကြီး..."ဟု စစ်ကဲကြီးနှင့် မြို့စောင့်တပ်မှူးကြီး နှစ်ဦးစလုံးက သံပြိုင်ပြောဆိုလိုက်ကြ၏။

"ကျုပ်နဲ့လက်ထပ်ထိမ်းမြားတော့မယ့်ဆဲဆဲ ကြင်ရာလောင်းကို တောပုန်းဓားပြမိုးကျော်က ခုလိုမြို့တွင်းဝင်ပြီး အတင့်ရဲရဲနဲ့ ဆွဲသွားတဲ့ ကိစ္စနဲ့ပတ်သက်လို့ ဒီကောင့်မှာ ရည်ရွယ်ချက်နှစ်ခုရှိနိုင်တယ်၊ ပထမ ရည်ရွယ်ချက်က ဘုရင့်အစိုးရရဲ့ စည်သာနယ်အုပ်ချုပ်ရေးကို ခြိမ်းခြောက်တာဖြစ်နိုင်တယ်၊ ဒုတိယရည်ရွယ်ချက်ကတော့ ကျုပ်ကို သက်သက်မဲ့ မလိုမုန်းထားလို့ ခုလိုလုပ်တာလည်း မဖြစ်နိုင်ဘူးလားဗျာ"

"မြို့စားကြီးတွက်ဆတာ ဖြစ်နိုင်ပါတယ်..."ဟု စစ်ကဲကြီးက ပြောဆို၍ ရှေ့ဆင့်နောက်ဆင့် ဆိုသလိုပင် မြို့စောင့်တပ်မှူးကြီးကလည်း "မြို့စားကြီး အမိန့်ရှိတာ မှန်ပါတယ်ခင်ဗျာ..."ဟု ပြောဆို၏။

မြို့စားကြီး ဦးကျော်ခေါင်သည် များစွာနှစ်သိမ့်ကျေနပ်သွားပုံရ၏။ ထို့ကြောင့် သူ၏အိမ်တော် အမှုထမ်းတစ်ယောက်ကို လှမ်းခေါ်ပြီးနောက်



နောက်ထပ် စပျစ်ဝိုင်တစ်ပုလင်း ထပ်ယူလာခဲ့ရန် မှာကြားလိုက်၏။

"ဒီလိုဆိုရင် စောစောက မြို့စောင့်တပ်မှူးကြီးပြောသွားသလို ဒါလောက်အတင့်ရဲ သောင်းကျန်းလှတဲ့ တောပုန်းဓားပြမိုးကျော်တို့ လူသိုက်ကို ခုထက်အင်အားမကြီးခင် လက်စတုံးနှိမ်နင်းပစ်လိုက်ဖို့ အရေးဖြစ်လာပြီ၊ အဲဒီတော့ ဓားပြဗိုလ်မိုးကျော်ကို အရှင်ရရ အသေရရ ဖမ်းမိဖို့နဲ့ ကျုပ်ကြင်ရာလောင်း ခင်အုံ့ကို ဒီသတ္တဝါတွေလက်ထဲက အမြန်ဆုံး ရွေးနုတ်ကယ်တင်ဖို့ အရေးကြီးလာပြီ"

"မှန်ပါတယ်ခင်ဗျာ..." စစ်ကဲကြီးက ပြောဆို၏။ အလားတူပင် မြို့စောင့်တပ်မှူးကြီးကလည်း "သင့်ပါတယ် မြို့စားကြီး"ဟု ပြောဆိုခြင်းပြု၏။

ထိုအခိုက် မြို့စားကြီး၏ အိမ်တော်အမှုထမ်းသည် စပျစ်ဝိုင်အရက်တစ်ပုလင်းကို ယူလာ၏။ ထို့နောက် ပိတ်ထားသော ပုလင်းကိုဖွင့်ပေး၏။

မြို့စားကြီးသည် ဧည့်သည်များ၏ ဖန်ခွက်များထဲသို့ စပျစ်ဝိုင်ကို ငှဲ့ပေးပြီးနောက် သူ့ဖန်ခွက်ထဲသို့လည်း အတော်အသင့်ငှဲ့၏။ ယင်းသို့ နောက်ထပ် စပျစ်ဝိုင်များ ထပ်မံဖြည့်တင်းထားသော သူ၏ဖန်ခွက်ကို မြို့စားကြီးသည် လှမ်းယူကာ တစ်ငုံစာမျှ ငုံလိုက်ပြီးနောက် "တောပုန်းမိုးကျော်ကို အမြန်ဆုံးရှင်းလင်းပြီး ကျုပ်ကြင်ရာလောင်း ခင်အုံ့ကို ကယ်တင်ဖို့အတွက် အလုပ်စခန်းကို စကြတော့မှထင်တယ်"ဟု နှိုးဆော်လိုက်၏။

"ကျွန်တော့်ကို ဒီအရေးအတွက် တာဝန်ပေးရင် ပေးတဲ့တာဝန်ကို ယူဖို့ အဆင်သင့်ရှိပါတယ် မြို့စားကြီး..."ဟု စစ်ကဲကြီးသည် သူနှင့်တိုက်ရိုက် သက်ဆိုင်ခြင်းမရှိလှသော တာဝန်ကိုယူငင်ရန် အဆင်သင့်ရှိကြောင်း ပြောကြားရင်း စပျစ်ဝိုင်အပြည့်ငှဲ့ပေးထားသော သူ၏ဖန်ခွက်ကို လှမ်းယူ၏။

"စစ်ကဲကြီး ဦးရွှေနှောင်းက ခုလို တာဝန်ယူဖို့ အဆင်သင့်ရှိတယ် ဆိုတာ ကြားရလို့ အများကြီး အားရမိပါတယ်... ဒီကိစ္စနဲ့ပတ်သက်လို့ မြို့စောင့်တပ်မှူးကြီးကကော ပြောချင်ဆိုချင်တာများရှိသေးသလားဗျ" ဟု မြို့စားကြီးသည် တပ်မှူးကြီး၏ ဖန်ခွက်ကိုယူကာ လှမ်းပေးရင်း မေးမြန်းလိုက်ပြန်၏။

"တောပုန်းမိုးကျော်ကို ကျွန်တော်ကိုယ်တိုင် ဖမ်းခွင့်ပေးစေချင်ပါတယ်။ လက်နက်ကိုင်တပ်သားများများတောင် မလိုပါဘူး... နယ်ထိန်းတပ်ဖွဲ့ထဲက တပ်ကြပ်တပ်သား တစ်ရာလောက်ဆိုရင် ကိစ္စပြီးနိုင်ပါတယ်... စစ်ကဲကြီးကသာ ကျွန်တော်နယ်ထွက်နေတုန်းရှိတဲ့ လက်နက်ကိုင်တပ်သားတွေနဲ့ မြို့ရဲ့လုံခြုံရေးကိုသာ တာဝန်ယူပေးစေချင်ပါတယ်" ဟု မြို့စားကြီးက လှမ်းပေးသော ဝိုင်အရက်ခွက်ကို လက်ခံယူငင်ရင်း မြို့စောင့်တပ်မှူးကြီးက ပြောဆိုသွား၏။

မြို့စားကြီးသည် ဝိုင်အရက်ကို နောက်ထပ် တစ်ငုံစာငုံရင်း စဉ်းစား ချိန်ဆနေပုံရ၏။ စစ်ကဲကြီး ဦးရွှေနှောင်းသည် ယခင်က စစ်မှုထမ်းဟောင်းတစ်ဦးဖြစ်သည်ကားမှန်၏။ သို့ရာတွင် မြို့ပြအုပ်ချုပ်ရေးဘက်သို့ပြောင်းရွှေ့အမှုထမ်းနေခဲ့သည်မှာ နှစ်ကာလအတန်ကြာသွားပြီဖြစ်သည် မဟုတ်သလော။ မြို့စောင့်တပ်မှူးကြီး ဗလကျော်ထင်မူကား လက်နက်ကိုင်တပ်ဖွဲ့များတွင် အစဉ်တစိုက် အမှုထမ်းနေရသူတစ်ဦးဖြစ်၏။ ထိုသို့ တာဝန်ပေးရမည် အမှုထမ်းနှစ်ဦးတို့၏ ကိုယ်ရေးရာဇဝင်များကို နှိုင်းယှဉ်စဉ်းစားပြီးနောက် "မိုးကျော်ဆိုတဲ့အကောင်ကို တောပုန်းဓားပြသက်သက်ဆိုပြီး ပေါ့ပေါ့ဆဆနဲ့ မခန့်လေးစားလုပ်လို့တော့ မဖြစ်သေးဘူး ထင်တယ်ဗျ..." ဟု မြို့စားကြီးက ပြောဆိုလိုက်၏။

"မြို့စားကြီး အမိန့်ရှိတာ မှန်ပါတယ်..." ဟု စည်သာမြို့မှ ရောင်တိမ်းမသွားမီက မိုးကျော်အကြောင်း သိတန်သလောက်သိ၍ ကြားတန်



သလောက် ကြားဖူးနားဝရှိထားသော စစ်ကဲကြီးက ပြောဆို၏။

မြို့စောင့်တပ်မှူးကြီးသည် ဘာမျှ ပြောဆိုခြင်းမရှိဘဲ ဝိုင်အရက်ကိုသာ စုပ်နေ၏။

"မိုးကျော်ဆိုတဲ့ အကောင်ဟာ မိုက်ရူးရဲသက်သက်နဲ့ လူဖျင်းလူညံ့ တစ်ယောက်တော့ မဟုတ်ဘူးဆိုတာကို ကျုပ်တို့ အလေးအနက် နှလုံးသွင်းထားကြဖို့ လိုလိမ့်မယ်ထင်တယ်ဗျ" ဟု ၎င်းတို့ ရင်ဆိုင်ခြင်းပြုရမည့်ရန်သူ၏ အကြောင်းကို မြို့စားကြီးက လေးလေးနက်နက် ပြောဆိုလိုက်သောအခါ စစ်ကဲကြီးနှင့် မြို့စောင့်တပ်မှူးကြီးတို့သည် ငြိမ်သက်စွာ နားထောင်နေကြ၏။ သို့ရာတွင် တောပုန်းဓားပြမိုးကျော်လို သတ္တဝါတစ်ကောင်ကိုကား သူတို့အနေဖြင့် များစွာ အလေးဂရုပြုလှပုံ မရပေ။ ဘုရင်တို့ဘုန်း မိုးသို့ချွန်း သူပုန်တောမှာ မနေသာဆိုသော စကားလည်းအရှိသား မဟုတ်လား။

"ဒီကောင့်အဖေဟာ အိမ်ရှေ့စံ ကိုယ်တော်ကြီးနဲ့ ရွှေပြည်ဝန်ကြီးများရဲ့ အိမ်တော်တွေမှာ နှစ်အတော်ကြာ အမှုထမ်းခဲ့ဖူးလို့ အပေါင်းအသင်းနဲ့ အကြားအမြင်တော်တော်များကြောင်း ပြောသံဆိုသံကြားဖူးတယ်..."

"သူ့အဖေဟာ မြင်ကွန်းမြင်းခုံတိုင် ထကြွမှုအရေးအခင်းတုန်းက အိမ်ရှေ့စံ ကနောင်မင်းသားကြီးနဲ့အတူ အသတ်ဖြတ်ခံသွားရလို့ ရွှေပြည်ဝန်ကြီးက ကောက်ယူမွေးစားပြီး ပညာသင်ပေးခဲ့တယ်လို့ ဆိုတယ်။ ... ရွှေပြည်ဝန်ကြီးရာထူးက ဖယ်ရှားခံရတော့မှ နေပြည်တော်မှာ နေထိုင်မဖြစ်လို့ သူ့အမေဘက်က သားချင်းပေါက်များရှိရာ စည်သာကို လာရောက်ခိုကပ်နေတဲ့ အကောင်တစ်ယောက်မဟုတ်လား... ဒီအကောင့်မှာ အကြံအစည်တစ်ခုခုမရှိဘူးလို့ မပြောနိုင်ဘူး..." မြို့စားကြီးသည် သူ၏ ကိုယ်ရေးရာဇဝင်နှင့် နောက်ကြောင်းများကို သူစုဆောင်း လေ့လာထားမိသလောက် ပြန်ပြောင်းပြောကြားလျက်ရှိ၏။

"ဟုတ်ပါတယ် မြို့စားကြီး၊ မိုးကျော်ဆိုတဲ့အကောင်ဟာ သူ့အမိဘက်က သားချင်းများရှိရာစည်သာမှာ လာလျှိုနေတယ်ဆိုပေမဲ့လည်း သူ့ဟာသူ အေးအေးဆေးဆေးနေထိုင်ပြီး လုပ်ကိုင်စားသောက်တဲ့ အကောင်လည်းမဟုတ်ဘူး... သူ့ ဆရာသမား ရွှေပြည်ဝန်ကြီး ရေးသားထားတဲ့ ရာဇဓမ္မသင်္ဂဟကျမ်းလာ နိုင်ငံရေးသဘောတရားတွေကို လူတွေ့တိုင်း တီးတိုးဝါဒဖြန့်ပြီး ရသမျှလူစုရင်း အခွင့်သာလာတဲ့အချိန်မျိုးမှာ ဘုရင့်အစိုးရကို လုပ်ကြံထောင်ထားဖို့ ကြိုးစားနေတဲ့ အကောင်သာဖြစ်တယ်..." စစ်ကဲကြီးကလည်း သူသိမီလိုက်သော စည်သာမြို့တွင် မိုးကျော်၏ အရပ်ရပ်လှုပ်ရှားမှုများအကြောင်းကို ပြန်ပြောင်းပြောကြားသွား၏။

မြို့စောင့်တပ်မှူးကြီးမှုကား တောပုန်းကြီး မိုးကျော်၏ အကြောင်းကို မြို့စားကြီးနှင့် စစ်ကဲကြီးတို့လောက် ကြားဖူးနားဝရှိသူတစ်ဦးမဟုတ်ချေ။ သူသည် များမကြာမီလောက်ကမှ စည်သာသို့ ရောက်ရှိလာသူဖြစ်၏။ ထို့ကြောင့် ဝိုင်အရက်ကို အရသာခံစုပ်ရင်း မြို့စားကြီးနှင့် စစ်ကဲတို့နှစ်ဦးအချီအချပြောဆိုနေကြသော မိုးကျော်အကြောင်းကိုငြိမ်သက်စွာ နားထောင်လျက်ရှိ၏။

"စစ်ကဲကြီး ပြောသွားတာတွေ အားလုံး အမှန်ချည်းပဲ... မိုးကျော်ဆိုတဲ့အကောင် ခုလို ရာဇဓမ္မသင်္ဂဟကျမ်းကိုင်ပြီး မဟုတ်မတရားဝါဒဖြန့်နေတာတွေ၊ တိတ်တဆိတ်စည်းရုံးလှုပ်ရှားနေတာတွေကိုသာ ခပ်ကြာကြာ ခွင့်ပြုထားမယ်ဆိုရင် စည်သာနယ်ရဲ့ ငြိမ်ဝပ်ပိပြားရေးနဲ့ တရားဥပဒေအုပ်စိုးရေးပျက်ပြားသွားနိုင်တယ် မဟုတ်လားဗျ..."

"မြို့စားကြီး အမိန့်ရှိတဲ့အတိုင်းပါပဲ ခင်ဗျာ... ဒီအကောင်က စည်သာတွင်မကဘူး မင်းဝံချောင်းရိုးတစ်လျှောက်တောင် တိတ်တဆိတ်သွားရောက်လှုပ်ရှားနေခဲ့တာမဟုတ်လား..."



"ဒီအကောင့်ကို ခုလိုကြာရှည်လေးမြင့်လွှတ်ပေးထားလို့မဖြစ်တော့တဲ့အဆုံးမှာ ကျုပ်တို့ဖမ်းဆီးအရေးယူမလို့လုပ်တုန်း ရှောင်တိမ်းထွက်ပြေးသွားတာသာ ဖြစ်တယ်မဟုတ်လားဗျ... စစ်ကဲကြီး"

"မြို့စားကြီး အမိန့်ရှိတာမှန်ပါတယ်ခင်ဗျာ..." စစ်ကဲကြီးသည် အသည်းကြော်တစ်တုံးကို လှမ်းယူရင်း ထောက်ခံပြောဆို၏။

"အဲဒီတော့ မိုက်ရူးရဲသက်သက်နဲ့ လူညံ့တစ်ယောက်မဟုတ်တဲ့ တောပုန်းမိုးကျော်ကို မြို့စောင့်တပ်မှူးကြီးက အလိုရှိသလောက် တပ်သားတွေ စည်သာက ယူသွားပြီး သတိဝီရိယနဲ့ ဖမ်းဆီးဖို့ပါပဲလေ..." မြို့စားကြီးသည် မြို့စောင့်တပ်မှူးကြီး၏ ဖန်ခွက်ထဲသို့ စပျစ်ဝိုင်အရက်များထပ်မံငှဲ့ပေးရင်း နိဂုံးချုပ်ပြောကြားလိုက်၏။

"မိုးကျော်အတွက် စိတ်အေးချမ်းသာသာနေပါ မြို့စားကြီး၊ ကျွန်တော်ကိုယ်တိုင် ချီတက်ပြီး ဒီအကောင်ကို အရှင်ရရ အသေရရ ဖမ်းဆီးပြပါ့မယ်..." မြို့စောင့်တပ်မှူးကြီးက စိတ်ချယုံကြည်စွာ အာမခံပြောကြားလျက်ရှိ၏။

"တောပုန်းမိုးကျော်ကို အရှင်ရရ အသေရရ မပြီးဘူးနော် မြို့စောင့်တပ်မှူးကြီး..."ဟု မြို့စားကြီးက ကြက်သားကြော် ပန်းကန်ကို တပ်မှူးကြီးရှေ့သို့ စေတနာဗရပွနှင့် ချပေးရင်း သတိပေးစကားပြောကြား၏။

"ကျွန်တော် နားလည်ပါတယ် မြို့စားကြီး... မြို့စားကြီး ကြင်ရာလောင်းကို မရမချင်း စည်သာကို ကျွန်တော်ပြန်မလာပါဘူး..." ကြက်ရင်အုံကြော်တစ်ခုကိုနှိုက်ယူကိုက်ဝါးရင်း မြို့စောင့်တပ်မှူးကြီးက ထပ်မံကတိပေးစကားပြောကြားလိုက်ပြန်၏။

မြို့စားကြီးသည် သူ၏တပ်မှူးကြီး နောက်ဆုံးပြောကြားသွားသော ကတိစကားကို များစွာ အားရကျေနပ်သွားပုံရ၏။ ထို့ကြောင့် ပုလင်းထဲတွင် ကျန်ရှိနေသေးသော စပျစ်ဝိုင်အရက်များကို တပ်မှူးကြီး၏

ဖန်ခွက်ထဲသို့အကုန်ငှဲ့ပေးရင်း "ကျုပ်ကြင်ရာလောင်း ခင်အုံကိုသာ စည်သာပြန်ရောက်အောင် ဆောင်ကြဉ်းပေးနိုင်မယ်ဆိုရင်တော့ တပ်မှူးကြီးကို ရာထူးတိုးပေးဖို့အတွက် ကျုပ်ကိုယ်တိုင် နေပြည်တော်ကိုသွားပြီး ဘုရင်မင်းမြတ်နဲ့ မိဖုရားခေါင်ကြီးတို့ကို သံတော်ဦးတင်ပေးပါ့မယ်" ဟု အားပေးစကားပြောဆို၏။

"မိုးကျော်ကို မမိတောင် မြို့စားကြီးရဲ့ ကြင်ရာလောင်းကို မရအရ ဆောင်ကြဉ်းလာခဲ့ရမယ်ဆိုတာကို ကျွန်တော် ကောင်းကောင်းကြီး သဘောပေါက်နားလည်ပါတယ်ခင်ဗျား..."ဟု ဝိုင်အရက်၏ တန်ခိုးအာနိသင်ကြောင့် တပ်မှူးကြီးသည် ရဲရဲတင်းတင်းနှင့် ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြားလိုက်၏။

ဇက်ကျိုးနေသော စစ်ကဲကြီးကို တစ်ချက်မျှလှမ်းကြည့်လိုက်ပြီးနောက် "အခုလို တပ်ထွက်ရမယ့်အခိက ရည်ရွယ်ချက်ကို တပ်မှူးကြီးကောင်းကောင်းသဘောပေါက်ရင်ပြီးတာပါပဲလေ..."ဟု မြို့စားကြီးက ခပ်တိုးတိုး ခပ်အုပ်အုပ်ပြောဆိုသွားပြီးနောက် သူ၏ အိမ်တော်အမှုထမ်းကို လှမ်းခေါ်ကာ နောက်ထပ်စပျစ်ဝိုင်အရက်တစ်ပုလင်း ထပ်မံတည်ခင်းပေးရန် အမိန့်ပေးလိုက်၏။

❐

## လှခေါင်မင်းနှင့် တောပုန်းကြီး

### [ ၁ ]

စည်သာ၏ကျေးလက်ဖြစ်သော မင်းဝံချောင်းရိုးတစ်ဝိုက်တွင် လုယက်တိုက်ခိုက်ကာ ဆူပူသောင်းကျန်းလျက်ရှိသည်ဆိုသော တောပုန်းကြီးမိုးကျော်၏ ဂိုဏ်းကြီးကို ချီတက်နှိမ်နင်းရန် စည်သာမြို့စောင့်တပ်မှူးကြီး ဗလကျော်ထင် ဦးစီးကွပ်ကဲသော ဘုရင့်လက်နက်ကိုင် တပ်ဖွဲ့ကြီးတစ်ဖွဲ့ စည်သာမြို့တံခါးမှ မထွက်မီ သီတင်းတစ်ပတ်သာသာခန့်လောက်ကတည်းကပင် တစ်ယောက်တစ်ပေါက် လက်ဆင့်ကမ်း ပြောကြားကြရင်း ထိုသတင်းသည် စည်သာမြို့ပြင်သို့ ထွက်သွား၏။ တောပုန်းစားပြဆိုသူများကို ချီတက်တိုက်ခိုက်ရန်အတွက် ဘုရင့်လက်နက်ကိုင်တပ်သားများသည် သူတို့၏ စားနပ်ရိက္ခာနှင့် လက်နက်ခဲယမ်းမီးကျောက်များကို ထုပ်ပိုးပြင်ဆင်၍မှ မပြီးစီးကြသေးမီ ထိုစစ်ဆင်ရေးသတင်းသည် မင်းဝံချောင်းရိုးတစ်လျှောက် တောမီးအလား ကူးစက်ပျံ့နှံ့သွား၏။ သို့ရာတွင် အလွန်တရာအရေးကြီးလှသော သတင်းတစ်ရပ် မလိုလားအပ်ဘဲ ယင်းသို့ ပျံ့နှံ့ပေါက်ကြားနေသော ကိစ္စကိုမူကား

စည်သာမြို့ အာဏာပိုင်များသည် သိရှိကြပုံမရသေး။ သူတို့ မူလချမှတ်ထားသော အစီအစဉ်အတိုင်း ဆက်လက်လုပ်ကိုင်မြဲ လုပ်ကိုင်နေကြ၏။

တောပုန်းကြီးမိုးကျော်ကို ချီတက်နှိမ်နင်းမည်ဆိုသော စစ်ရေးစစ်ရာသတင်းကို စည်သာမြို့၏ အာဏာပိုင်များသည် သက်ဆိုင်ခြင်းမရှိသူများသို့ ပေါက်ကြားမှုမရှိစေရန် အလေးမထားကြသူများတော့မဟုတ်ပေ။ တင်းတင်းကျပ်ကျပ်ပိတ်ပင်ထားကြ၏။ စစ်ဆင်မည့်သတင်းကို တစ်ဖက်မှရန်သူများ လုံးဝမရိပ်မိ မသိရှိရအောင် တာဝန်ရှိသူများသည် အတတ်နိုင်ဆုံး စောင့်စည်းလျှို့ဝှက်ထားကြရမည်ဖြစ်သည် မဟုတ်သလော။ သို့မှသာ မိမိ၏ရန်သူကို အလစ်တွင် အငိုက်ဖမ်းနိုင်လိမ့်မည်ဖြစ်သည်မဟုတ်သလော။ စစ်ဆင်ရေးတစ်ရပ်တွင် အဘက်ဘက်မှ လျှို့ဝှက်ကျစ်လျစ်ခြင်းရှိမှသာလျှင် မိမိ၏ရန်သူကို အငိုက်ဖမ်းနိုင်ကြရာ၏။ သို့ရာတွင် စစ်ဆင်ရသော အလုပ်သည် တစ်ဦးကောင်းတစ်ယောက်ကောင်း လုပ်ကိုင်၍ရနိုင်သော အလုပ်ကားမဟုတ်ပေ။ အစုအသင်းနှင့် လုပ်ကိုင်လှုပ်ရှားရသော အလုပ်အမျိုးအစားဖြစ်၏။ ထို့ကြောင့် မတတ်ထောင်သားများ၏ ပါးစပ်ပေါက်တိုင်းကို အာစေးအဘယ်မျှဆို့ဆို့ လုံအောင် ပိတ်နိုင်ခဲ၏။

မင်းဝံချောင်းဖျားသို့ထိ များမကြာမီအတွင်း ဘုရင့်တပ်မတော်သားများချီတက်၍ တောပုန်းကြီးမိုးကျော်ကို အသေရရ အရှင်ရရ ဖမ်းဆီးကြတော့မည်ဆိုသော သတင်းသည် ရှေးဦးစွာ အကြပ်တစ်ဦးကသူ၏ ရည်းစားထံသို့ပေါက်ကြားသွား၏။ ထိုတပ်ကြပ်သည် သူ၏ချစ်သူနှင့် ရက်အတန်ကြာ ခွဲခွာရမည့်အကြောင်းကို အလွမ်းသယ်ပြောကြားရင်း သူစောင့်စည်းရမည့်သတင်းကို ထုတ်ဖော်ပြောကြားလိုက်မိပုံရ၏။ ထိုအကြပ်၏ ရည်းစားကလည်း ထိုစစ်ဆင်ရေးသတင်းကို သူ့



ဟာသူ နားထဲတွင်မထားနိုင်။ သူနှင့်နီးစပ်ရာ တစ်ယောက်မှ နှစ်ယောက်အထိ တီးတိုးပြောဆိုလိုက်ပြန်၏။ ထိုသတင်းကို တစ်ဆင့်ကြားသွားကြသော သူနှစ်ဦးတို့ကလည်း သူတို့ဟာသူတို့ အေးအေးမနေလိုက်ကြသေး။ သူတို့နှင့်နီးစပ်ရာများသို့ စပ်စပ်စုစု လက်ဆင့်ကမ်းပေးလိုက်ကြပြန်၏။ ဤသို့ဖြင့် တောပုန်းကြီးမိုးကျော်ကို ဘုရင့်တပ်မတော်သားများ ချီတက်ဖမ်းဆီးကြတော့မည်ဆိုသော သတင်းသည် စည်သာဈေးကြီးသို့ ရောက်ရှိသွား၏။

ဈေးဆိုသည်မှာ ကိုယ့်အကြောင်းနှင့်ကိုယ် မြို့တွင်းမြို့ပြင်မှ လူအမျိုးမျိုး စုရုံးရာအရပ်နေရာဖြစ်သည် မဟုတ်သလော။ ယင်းသို့ အရပ်လေးမျက်နှာမှ အမျိုးမျိုး အစားစား ဆုံစည်းရာ အရပ်နေရာသို့ ရောက်ရှိလာသော ထူးခြားသော သတင်းတစ်ရပ်သည် အချိန်ကာလအနည်းငယ်အတောအတွင်း တောမီးအလား ပျံ့နှံ့မသွားနိုင်သလော။ မြို့တွင်းမှ မြို့ပြင်သို့ လက်ဆင့်ကမ်းပြီးရင်းကမ်းသွားသော သတင်းမျိုးသည် သက်ဆိုင်သူများနှင့် စိတ်ဝင်စားသူများအတွက် များစွာတန်ဖိုးရှိသော သတင်းမျိုးဖြစ်နိုင်သည်လည်း မဟုတ်သလော။ တောပုန်းကြီး မိုးကျော်နှင့် အကျိုးစီးပွားချင်းညီသောသူများ၏ နားသို့ ယင်းသတင်းပေါက်ကြားသွားသည်နှင့်တစ်ပြိုင်နက် ထိုသတင်းသည် မိုးကျော်ထံသို့ဖြစ်စေ၊ သူ့ကိုတစ်ဆင့် လက်ဆင့်ကမ်းနိုင်သူများထံသို့ဖြစ်စေ တစ်မုဟုတ်ချင်း ရောက်ရှိသွားနိုင်ရာ၏။

သို့ရာတွင် စည်သာမြို့စားကြီးနှင့် ၎င်း၏အရာရှိကြီးများသည် သူတို့၏ အစီအစဉ်နှင့် လျှို့ဝှက်ချက်များကို လုံခြုံလှလေပြီဟု ထင်နေကြ၏။ ထို့ကြောင့် သူတို့၏ မူလအစီအစဉ်များအတိုင်း လုပ်ဆောင်စရာရှိသည်တို့ကို လုပ်ဆောင်နေကြ၏။ ဘာမှ ပြင်ဆင်ပြောင်းလဲခြင်းမရှိပေ။ ရိက္ခာနှင့် စားအိုးစားခွက်များကို စုဆောင်းပြင်ဆင်သူများက

ပြင်ဆင်၍ ခေါင်းလုံ့များသွေးသူကသွေး၊ သေနတ်ပြောင်းတိုက်သူများက တိုက်နှင့် ဣန္ဒြေမပျက် လုပ်ကိုင်လျက်သာရှိနေကြ၏။

## [ ၂ ]

သူ့ကြင်ရာလောင်း လူအလုခံရသဖြင့် ဒေါသူပုန်ထနေသော စည်သာမြို့စားကြီး ဦးကျော်ခေါင်က သူ၏လက်ရင်းမြို့စောင့်တပ်မှူးကြီးကို တပ်မင်းခန့်၍ သူ့ကို အသေရရ အရှင်ရရ ဖမ်းဆီးရန် စေလွှတ်တော့မည်ဆိုသော သတင်းကို သူ့အဆက်နှင့်သူ တောပုန်းကြီးမိုးကျော်သည် ရက်ကာလ အတန်ကြာကပင် ကြိုတင်ရရှိထား၏။ မြို့စားကြီးတွင် ဘုရင့်အစိုးရဘဏ္ဍာတော်တိုက်မှ လစာရိက္ခာထုတ်ပေးထားသော တပည့်တပန်းနှင့် အမှုထမ်းများရှိသလို တောပုန်းကြီးမိုးကျော်တွင်လည်း သူ့အထိုက်အလျောက် မိတ်သင်္ဂဟများ ရှိနိုင်ရာ၏။

ယင်းသို့ မြို့စားကြီးက လူသူအလုံးအရင်းနှင့် သူ့ကိုဖမ်းဆီးတော့မည်ဆိုသော သတင်းစကား စတင်ရရှိကတည်းက တောပုန်းကြီးမိုးကျော်သည် သူ၏အနေအထိုင်၊ အသွားအလာ၊ အထွက်အဝင်၊ အအိပ်အနေနှင့် အရပ်ရပ်လှုပ်ရှားမှုများကို ပြင်ဆင်ပြောင်းလွဲလျက်ရှိ၏။ သူ၏ တပည့်တပန်းနှင့် နောက်လိုက်ငယ်သားများကိုလည်း အလုပ်တာဝန် ခွဲဝေချ၍ ပေး၏။ တကယ်ဆိုတော့ မိမိထက် အဘက်ဘက်တွင် သာလွန်များပြားသော ရန်သူကို မခန့်လေးစားနှင့် တော်ရိ လျော်ရိလုပ်၍ကား မဖြစ်ပေ။ အလေးအနက်နှင့် စေ့စေ့စပ်စပ်ကိုင်တွယ်ရလိမ့်မည် ဖြစ်၏။ စစ်ဆင်ရေးတစ်ခု၌ ရန်သူအပေါ် အလေးထားခြင်းမပြုဘဲ မလောက်လေး မလောက်စားလုပ်လျှင် ကိုယ့်သေတွင်း ကိုယ်တူးရာ မကျသလော။

ယင်းသို့ မြို့စားကြီးက လိုချင်တပ်မက်၍ မရ ရသည့်နည်းနှင့်



လက်ထပ်ထိမ်းမြားရန် စီစဉ်ထားသော ကြင်ရာလောင်းခင်အုံကို စည်သာမြို့ကြီးအတွင်းသို့ မခန့်မညား ဝင်ရောက်ကာ ဆွဲငင်ခေါ်ဆောင်ခြင်းပြုခဲ့ကတည်းက မြို့စားကြီး ဦးကျော်ခေါင်၏ တစ်နည်းမဟုတ်တစ်နည်းနည်း လက်တုံ့ပြန် အရေးယူခြင်းခံရတော့မည်ဆိုသော အချက်ကို တောပုန်းကြီးမိုးကျော်သည် ကောင်းစွာ စဉ်းစားတွက်ချက်ထားပြီး ဖြစ်တန်ရာ၏။ တကယ်ဆိုတော့ မိုးကျော်သည် အစဉ်းစား အဆင်ခြင်မရှိသော မိုက်ရူးရဲတစ်ဦးမဟုတ်ပေ။ စဉ်းစားဆင်ခြင်မှု အားနည်းနေသေးသော ကလေးသူငယ်တစ်ဦးလည်းမဟုတ်ပေ။ သူစီးနေသော မြင်းသည် မည်ကဲ့သို့သော လိင်အမျိုးအစားထဲကဖြစ်ကြောင်း ကောင်းစွာ စူးစမ်းသိရှိထားသူဖြစ်၏။ အစဉ်းစား အဆင်ခြင်ရှိသော မိုးကျော်ကဲ့သို့လူစားမျိုးသည် ဘေးအန္တရာယ်အား ဖိတ်ခေါ်သော အလုပ်အကိုင်မျိုးကို တဇောက်ကန်းတော့မလုပ်မကိုင်တန်ရာ။ ကောင်းစွာ စဉ်းစားတွက်ချက်ပြီးမှ လုပ်သင့်လုပ်ထိုက်သည်ထင်၍သာ ရဲရဲဝံ့ဝံ့ ပြုလုပ်လိုက်ခြင်းဖြစ်ရာ၏။

မြို့စားကြီး၏ရန်ကြောင့် စည်သာမြို့မှ ကိုယ်လွတ်ရုန်းထွက်မလာမီက မိုးကျော်သည် ခင်အုံကို လူချင်းတွေ့ဖူး မြင်ဖူးရုံမျှလောက်သာရှိ၏။ တစ်ဦးနှင့်တစ်ဦး အဆက်အဆံ မရှိခဲ့ဖူးပေ။ သို့ရာတွင် ကာယကံရှင် မိန်းကလေးကလည်း အလိုမတူ၊ ထိုမိန်းကလေးနှင့် သက်ဆိုင်ရာလူကြီးမိဘများကလည်း သဘောမတူကြသော ကိစ္စကြီးတစ်ခုကို တန်ခိုးအာဏာကို မတရားသဖြင့် အသုံးပြုကာ အတင်းရောအဓမ္မပါ အနိုင်ကျင့်လာသော မြို့စားကြီးဦးကျော်ခေါင်၏ အဓမ္မမှုကို ဆန့်ကျင်ကန့်ကွက်လိုသော ရည်ရွယ်ချက်ကြောင့်သာ မိုးကျော်သည် အန္တရာယ်ကြီးမားများပြားသော အလုပ်ကြီးတစ်ခုကို မရှောင်မလွှဲသာ လုပ်ကိုင်ခဲ့ရခြင်းဖြစ်၏။ အဓမ္မမှုများ၌ မွေ့လျော်ခြင်း ရှိတတ်သူတစ်ဦးကို နှုတ်ပိတ်

ကာ လက်ပိုက်၍ကြည့်နေခြင်းသည် အဓမ္မမှုကို အလိုတူရာ၊ အားပေး ထောက်ခံရာ ရောက်မနေသလော။

မြို့စားကြီး ဦးကျော်ခေါင်သည် စည်သာမြို့၏ အလှဘုရင်မကလေးကို အဘယ်ထိ ငမ်းငမ်းတက်ဖြစ်နေကြောင်း စည်သာမြို့သူမြို့သားများသာမက မင်းဝံချောင်းရိုးတစ်လျှောက်မှ လူအများအပြားကပါ ကောင်းစွာသိရှိနေကြသော ကိစ္စဖြစ်၏။ ခင်အုံကရော သူ၏ မိဘသားချင်းများကပါ သဘောမတူကြသည့်အကြားမှ ကိုယ်အလိုရှိသော ထိုအမျိုးသမီးကို သိမ်းပိုက်ရရှိနိုင်ရေးအတွက် မြို့စားကြီးက အဘယ်မျှ ပက်ပက်စက်စက် ကြံစည်ခဲ့သော အဖြစ်အပျက်နှင့် လုပ်ရပ်များကိုလည်း မသိသူမရှိသလောက်ဖြစ်၏။ မြို့စားကြီး၏ ယင်းအဓမ္မမှုကို လူတိုင်းလူတိုင်းက ကဲ့ရဲ့သဂြိုဟ်ခြင်းပြုခဲ့ကြ၏။ ရှုတ်ချခြင်းလည်း ပြုခဲ့ကြ၏။ သို့ရာတွင် လူသိရှင်ကြားနှင့် ကျယ်ကျယ်လောင်လောင်တော့ကား မဟုတ်ပေ။ တီးတိုးမျှသာဖြစ်၏။ ရုံးတစ်လုံး ဓားတစ်စင်းနှင့် ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက် လုပ်နေသော လူလွန်မသားတစ်ဦးကို အဘယ်သူသည် လက်နက်မဲ့ကန့်ကွက်ဝံ့ပါမည်နည်း။

ငါ့မင်းငါ့ချင်း လုပ်တတ်သော မြို့စားကြီး ဦးကျော်ခေါင် ငမ်းငမ်းတက်ဖြစ်ကာ မိုက်မိုက်ကန်းကန်း ပြုလုပ်ထားသော အစီအစဉ်ကြီးတစ်ခုကို ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးလိုက်လျှင် ထိုလူကြီးတစ်ယောက် ယမ်းပုံမီးကျသည်ထက် ဆိုးရွားခြင်းရှိမည့်အကြောင်း တောပုန်းမိုးကျော်သည် ကောင်းစွာ စဉ်းစားတွက်ချက်နိုင်သူဖြစ်၏။ တွက်ချက်ပြီးသားလည်းဖြစ်၏။ သို့ရာတွင် ငါရှင်ဘုရင် ဘယ်နှပတ်လှည့်လှည့်ဟူသော အနေနှင့် အလိုမတူသော မိန်းကလေးတစ်ဦးအပေါ် ထိုမျှနိုင်လိုမင်းထက်ပြုမူရန် ကြံစည်သော အဓမ္မမှုကြီးကို မည်သို့မျှ လက်ပိုက်ကြည့်မနေသင့်ဟု ထင်မြင်သောကြောင့် သူ့ဟာသူ တောတောင်



များအကြား ရှောင်တိမ်းပုန်းအောင်းနေရသူ မိုးကျော်သည် ကျားမြီးကို မရှောင် မလွှဲသာ ဝင်ဆွဲခဲ့ရခြင်းဖြစ်ဟန်တူ၏။ တကယ်ဆိုတော့ ကျားနှင့်ကစားရသော အလုပ်အကိုင်မျိုးကို အဘယ်ခုနစ်ရက်သားသမီးသည် အပျော်တမ်း သို့မဟုတ် အပျင်းပြေလုပ်ငန်းတစ်ရပ်အနေနှင့် လုပ်ကိုင်ခြင်း ပြုလိုပါမည်နည်း။

## [ ၃ ]

ရာဇဝတ်ဘေး ပြေးနိုင်မှလွတ်ဆိုသော စကားရှိသည့်အတိုင်း စည်သာမြို့မှ တိမ်းရှောင်ထွက်ပြေးလာရပြီးကတည်းက မိုးကျော်သည် မင်းဝံချောင်းရိုးတစ်ဝိုက်တွင် တစ်ရွာဝင် တစ်ရွာထွက်၊ တစ်တောဝင် တစ်တောထွက်နှင့် ဝရမ်းပြေးနေရသူတစ်ဦးဖြစ်၏။ အစ ပထမက သူ့လို ရာဇဝတ်ဘေးပြေးနေရသူတစ်ဦးတစ်ယောက်ကို သူစိမ်းများကိုထားဘိဦး၊ သွေးသားမကင်းသော ပေါက်ဖော်သားချင်းများကပင် တစ်ရက်နှစ်ရက် သူတို့နေအိမ်များတွင် လက်ခံထားဝံ့ကြသည်မဟုတ်ပေ။ ရာဇဝတ်သားတစ်ဦးကို လက်ခံထားသူသည် အလိုတူအလိုပါဖြစ်သည်မဟုတ်သလော။ တရားရုံးများတွင် ထိုသူသည် အမှုတွဲဖြစ်နိုင်၏။

ငုပ်မိသဲတိုင်ဆိုသော မြန်မာစကား တစ်ခွန်းရှိ၏။ ရှေးလူဟောင်းများ၏ ဩဝါဒစကားလည်းဖြစ်၏။ ထို့ကြောင့် သူခိုးကြီးလျှင် ဓားပြ၊ ဓားပြကြီးလျှင် သူပုန်၊ သူပုန်ကြီးလျှင် အစိုးရဆိုသော စကားကို မိုးကျော်သည် တစ်စတစ်စ နှလုံးသွင်းလာရတော့၏။ မင်းပြစ်မင်းဒဏ်မှ သူ့ဟာသူ တစ်ယောက်ကောင်း ပြေးနေ၍ ဘာအဓိပ္ပာယ်ရှိသနည်း။ သေဆုံးသော နေ့ရက်များတိုင် ယခုကဲ့သို့ ဝရမ်းပြေးဘဝ၊ တောပုန်းဘဝနှင့်သာ အရိုးထုတ်ရတော့မည်လော။ ထိုသို့သာ အရိုးထုတ်ရမည်ဆိုလျှင် သူ၏ဘဝကြီးသည် ဘာများအဓိပ္ပာယ်ရှိပါဦးမည်နည်း။

တောပုန်းမိုးကျော် ဝရမ်းပြေး၊ တောပုန်းဖြစ်ရခြင်း၌ သူ့အဖို့ ခိုင်ခံ့သော အကြောင်းအချက်များ မရှိသည်မဟုတ်ပေ၊ ကောင်းစွာရှိ၏။ များစွာလည်း ရှိ၏။

စည်သာမြို့စားကြီးနှင့် ၎င်း၏အုပ်ချုပ်ရေးအဖွဲ့ဝင်များက ဝါဒဖြန့်သတင်းလွှင့်ကြသလို၊ ရစရာမရှိအောင် သိက္ခာချနေကြသလို မိုးကျော်သည် မင်းဝံချောင်းရိုးတစ်လျှောက်တွင် သက်သက်မဲ့ဆိုးခိုးတိုက်ခိုက်နေသော ဓားပြကြီးတစ်ဦးသော်လည်းကောင်း၊ အကြောင်းမဲ့ ဆူပူသောင်းကျန်းနေသော လူဆိုးကြီးတစ်ဦးသော်လည်းကောင်း အလျှင်းမဟုတ်ပေ။ သူသည် ဆင်းရဲသားပြည်သူ ပြည်သားများထံမှ နိုင်ထက်စီးနင်းလုယက်ကာ ဗိုလ်ကျချင်တိုင်းကျနေသော သောင်းကျန်းသူလူရမ်းကားကြီးတစ်ဦးလည်း မဟုတ်ပေ။

မိုးကျော်သည် မိကောင်းဖခင်သားသမီးထဲမှဖြစ်၏။ သူ၏ ဖခင်မှာ မင်းမှုထမ်း မျိုးရိုးမှ ဆင်းသက်ပေါက်ဖွား၏။ သူ၏အမိမူကားကုန်သည်မျိုးထဲမှဖြစ်၏။ သူ့ကို ရတနာပုံနေပြည်တော်တွင် မွေးဖွား၍ဆရာကောင်းသမားကောင်းများထံပါးတွင် ပညာသင်ကြားခဲ့ဖူးသူဖြစ်၏။ ထို့ကြောင့် အကြားအမြင်ကြွယ်ဝများပြား၏။ အိမ်ရှေ့စံ ကနောင်မင်းသားကြီး အလုပ်ကြံခံရပြီးနောက် သူသည် သူ့ဖခင်၏ ကျေးဇူးရှင်ဆရာသမားဖြစ်သူ ဝန်ကြီးဦးဘိုးလှိုင်အိမ်တွင် မှီခိုနေထိုင်ရ၏။ ထိုပညာရှိသုခမိန်ကြီးထံမှလည်း မိုးကျော်သည် အသိအလိမ္မာတရားများ များစွာစုဆောင်းရရှိခဲ့သူဖြစ်၏။

ရတနာပုံမြို့သည် မင်းတုန်းမင်းနတ်ရွာစံ၍ ရွှေနန်းတွင်း အာဏာသိမ်းပွဲများဖြစ်ပွားစဉ်ကလည်း မိုးကျော်သည် နေပြည်တော်တွင်ရှိ၏။ ဝန်ကြီး ဦးဘိုးလှိုင်အိမ်တွင် အမှုထမ်းရ၏။ ထို့ကြောင့် အသစ်တက်လာသော မြန်မာဘုရင့်အစိုးရအဖွဲ့၏ တရားလက်လွတ်မှုနှင့် အဓမ္မမှုများကို သူသည် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရ၏။ အချို့အဖြစ်အပျက်နှင့် အကြောင်းအရာများကိုလည်း နားနှင့် ဆတ်ဆတ်ကြားခဲ့ရ၏။



တရားမျှတခြင်းနှင့် လွတ်လပ်ခြင်းကို များစွာ တန်ဖိုးထားတတ်သော လူငယ်လူရွယ်တစ်ဦးဖြစ်ရကား အသစ်တက်လာသော မြန်မာဘုရင့်အစိုးရက မင်းညီမင်းသား အများအပြားကို လူကြား၍မှ မလျော်လှအောင် အစုလိုက်အပြုံလိုက် သုတ်သင်ရှင်းလင်းခြင်း ပြုသောအခါသူသည် ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ရန်အထိပင် စိတ်ရှုးများထခဲ့၏။ ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်ကာ ထီးနန်းကို ပြန်လည်သိမ်းယူရန် ကြံစည်နေကြသည်ဆိုသော မင်းသားကြီးတစ်ဦးဦးထံ အမှုထမ်းရန်အထိ စဉ်းစားကြံစည်ခဲ့၏။ သို့ရာတွင် အတွေ့အကြုံများပြား ကြွယ်ဝ၍ အသိအလိမ္မာတရား ကြီးမားသော လူကြီးသူမများ၏ ကိုယ့်ကြမ္မာကို ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးများ၏ ကြမ္မာနှင့်သာ နှောင်ဖွဲ့တတ်သည်ဆိုသော ဆုံးမဩဝါဒစကားကြောင့်သာ တိုင်းတစ်ပါးသို့ မရောက်ရှိသွားခြင်းဖြစ်၏။

ထို့နောက် မြန်မာဘုရင့်အစိုးရသစ်၏ ပြည်သူပြည်သားများအပေါ် တာဝန်မဲ့မှုများ၊ တရားလက်လွတ်မှုများနှင့် အဓမ္မမှုများသည် တစ်စထက်တစ်စ ဆိုးရွားများပြားလာ၏။ ဘုရင်နှင့် မိဖုရားကြီးတို့၏ လူယုံတော်များသည် ရမ်းကားချင်တိုင်း ရမ်းကားလျက်ရှိ၏။ နောက်ဆုံးသူ၏ မှီခိုအားထားရာ ကျေးဇူးရှင်ဖြစ်သော ဦးဘိုးလှိုင် ရာထူးမှ နုတ်ပယ်ခြင်းခံရသည်အထိ ဖြစ်လာ၏။ ထိုအခါ သူ့တွင် ရတနာပုံနေပြည်တော်၌ အားကိုးစရာ မှီခိုစရာမရှိတော့ပေ။ ထို့ကြောင့် သူ့အမိဘက်မှသားချင်းပေါက်ဖော်များရှိရာ စည်သာသို့ မထင်မရှားလာရောက်ခိုကပ်နေခဲ့ရခြင်းဖြစ်၏။

ယင်းသို့ စည်သာမြို့သို့ရောက်လာသောအခါတွင်လည်း ထိုအရပ်

ဒေသတွင် သက်ဦးဆံပိုင် နေဝင်ဘုရင်တစ်ပါးနှင့်မခြား မင်းမူရမ်းကားနေသော မြို့စားကြီးဦးကျော်ခေါင်နှင့် မိုးကျော် မလွှဲမရှောင်သာ ရင်ဆိုင်ခြင်းပြုရပြန်၏။ ပြည်သူပြည်သားများအပေါ် နိုင့်ထက်စီးနင်း ဆက်ဆံကွပ်ညှပ်မှုများကို မတွေ့ချင်အဆုံး၊ မကြားလိုအဆုံး တွေ့လာ၊ ကြားလာရ၏။ ထို့ကြောင့် အကြားအမြင်များပြား၍ မဟုတ်မခံတတ်သော မိုးကျော်နှင့် စည်သာမြို့ အာဏာပိုင်များ တစ်စထက်တစ်စ ပဋိပက္ခဖြစ်ပွားလာခဲ့ရ၏။ ပြည်သူပြည်သားများဘက်မှ အစဉ်တစိုက် ရပ်တည်ခုခံလေ့ရှိသော မိုးကျော်ကို စည်သာမြို့စားကြီးသည် မရှုဆိတ် ဖြစ်လာ၏။ သူ့အုပ်ချုပ်ရေး၏ ဆူးငြောင့်ခလုတ်အဖြစ်ဖြင့် မြင်လာ၏။ ထို့ကြောင့် မိုးကျော်ကို ထောင်သွင်းအကျဉ်းချထားဖို့ ကြိုးစားခြင်းပြုရာမှ မိုးကျော်သည် စည်သာမြို့မှ တိတ်တဆိတ်ရှောင်တိမ်းထွက်လာခဲ့ရခြင်း ဖြစ်၏။ စည်သာမြို့မှ ထွက်လာခဲ့ရပြီးနောက် သူ့တွင် ပြေးလွှား ရှောင်တိမ်းစရာ မရှိရာကား သားချင်းများရှိရာ မင်းဝံချောင်းဖျားဘက်သို့ ထွက်လာခဲ့ရခြင်းလည်းဖြစ်၏။

## [ ၄ ]

စည်သာမြို့စားကြီးနှင့် ၎င်း၏ လက်မရွံ့ထောင်မှူးများ၏ ညှဉ်းပန်းနှိပ်စက်မှုကို ဇက်စင်းမခံလို၍ မင်းဝံချောင်းဖျားတစ်ဝိုက်သို့ ကိုယ်လွတ်ရန်းထွက်လာရစဉ်က မိုးကျော်တွင် ကြီးမားသော ရည်မှန်းချက်များမရှိပေ။ သူ့ဘာသာသူ လွတ်လွတ်လပ်လပ်နှင့် အေးအေးချမ်းချမ်း နေထိုင်လိုသော ဆန္ဒလောက်သာရှိ၏။ တတ်နိုင်၊ ဖြစ်နိုင်လျှင် သားချင်းတစ်ဦး၏ အရိပ်အာဝါသတွင် ခိုကပ်ကာ အလုပ်အကိုင် တစ်ခုခုလုပ်ကိုင်စားသောက်နေထိုင်ရန် ရည်ရွယ်၏။ သို့ရာတွင် စည်သာမြို့စားကြီးအလိုရှိနေသော ဝရမ်းပြေးတစ်ဦးကို မည်သည့်သားချင်းများကမျှ



တစ်ရက်က နှစ်ရက်အထိ လက်မခံဝံ့ကြသောအခါ မိုးကျော်သည် သူ့အကျပ်အတည်းနှင့် သူ့ဘဝကို ပြန်လည်စဉ်းစားလာရ၏။

မင်းပြစ်မင်းဒဏ် ရှောင်တိမ်းရင်း တစ်ရွာဝင်တစ်ရွာထွက်၊ တစ်အိမ်တက်တစ်အိမ်ဆင်း လုပ်နေ၍ ဘာအဓိပ္ပာယ်ရှိသနည်း။ ထိုကဲ့သို့ကော သူသည် အဘယ်မျှကြာကြာ လှုပ်ရှားနေထိုင်နိုင်မည်နည်း။ တပ်တောင်တာ ဗိုလ်ထုများပြားသော မြန်မာဘုရင့်အစိုးရနှင့် မြို့စားကြီး ဦးကျော်ခေါင်တို့ကို သူသည် တစ်ကိုယ်ကောင်း၊ တစ်ယောက်ကောင်းဘဝနှင့် အဘယ်သို့ရင်ဆိုင်မည်နည်း။ အံတုနိုင်မည်နည်း။ တစ်ယောက်ကောင်းက တစ်သောင်းဗိုလ်ခြေညက်ညက်ကြေဆိုသော စကားရှိ၏။ သို့ရာတွင် ထိုစကားသည် စကားအတိုင်း ကျင့်သုံး၍ဖြစ်သည်မဟုတ်။ သဘောကိုသာကျင့်သုံးရသည် မဟုတ်သလော။

မိုးကျော်သည် လူငယ်တစ်ဦးမျှသာဖြစ်၏။ အသက် ၃၀ မျှပင် မပြည့်တတ်သေး။ ထို့ကြောင့် သူ့တွင် ကိုယ်ကာယအရရော စိတ်ဓာတ်အရပါ အားမာန်များ တက်နေဆဲဖြစ်၏။ အားကောင်းနေဆဲလည်းဖြစ်၏။ ထိုအားမာန်ကို သူ၏တစ်ကိုယ်ကောင်းအတွက်သာ အသုံးပြုရာသလော။ စည်သာမြို့စားကြီး၏ အဓမ္မမှုကို ခေါင်းငုံ့ခံနေကြရသော ပြည်သူပြည်သားများ၏ အကျိုးစီးပွားအတွက် အသုံးပြုလျှင် ပို၍မကောင်းသလော။ အများ၏ အကျိုးစီးပွားအတွက် မိမိကိုယ်ကို အသုံးပြုခြင်းသည် မိမိအတွက်ပါ ပါရှိပြီးသား ဖြစ်သည်မဟုတ်သလော။

ယင်းကဲ့သို့ စဉ်းစားရင်း မင်းဝံချောင်းရိုးတစ်ဝိုက်တွင် မြို့စားကြီးဦးကျော်ခေါင်၏ အဓမ္မမှုများကို တွန်းလှန်ရန်အတွက် ခုခံရေးတံခွန်ကို ရဲရဲဝံ့ဝံ့လွှင့်ထူရန် ကောင်းစွာသဘောပေါက်လာ၏။ မင်းဝံချောင်းရိုးတစ်လျှောက်တွင် ကျေးရွာကြီးငယ်ပေါင်း အမြောက်အမြားပင်ရှိ၏။ ထိုကျေးရွာကြီးငယ်များတွင် မြို့စားကြီးဦးကျော်ခေါင်၏ နိုင့်ထက်စီးနင်း

အုပ်ချုပ်မှုကို မခံမရပ်နိုင်လောက်အောင် ရှိနေကြသော ရွာသူရွာသား
အများအပြားရှိ၏။ ထိုသို့စည်သာမြို့စားကြီး၏ အဓမ္မမှုများကို မကျေ
မနပ်နှင့် မခံမရပ်နိုင်အောင် ဖြစ်နေကြသော ကျေးရွာများနှင့် ရွာသူရွာ
သားများသည် သူ၏ခုခံရေးတံခွန် စိုက်ထူရန်အတွက် ရေခံကောင်း
မြေခံကောင်းများ မဖြစ်နိုင်ရာသလော။

မိုးကျော်သည် ထိုသို့ စဉ်းစားတွက်ချက်ကာ သူ၏ခုခံရေးတံခွန်
ကို မင်းဝံချောင်းဖျားတစ်ဝိုက်တွင် စတင်လွှင့်ထူခဲ့ခြင်းလည်းဖြစ်၏။
အစပထမတွင် မိုးကျော်၏ အလံအောက်သို့ဝင်ရောက်သူ အလွန်တရာ
နည်းပါး၏။ မင်းပြစ်မင်းဒဏ်မှ ရှောင်တိမ်းပြေးလွှားနေကြသော ရာဇ
ဝတ်မှုနှင့် မကင်းရာ မကင်းကြောင်းများထဲကသာဖြစ်၏။ သူပုန်ထရ
သော အလုပ်သည် ဥပုသ်ဇရပ်တွင် တရားဓမ္မအကြောင်း ညှိနှိုင်းဆွေး
နွေးကြသော အလုပ်အကိုင်မျိုးမဟုတ်ပေ။ ထို့ကြောင့် မိုးကျော်သည်
ဘုရားဒကာ၊ ကျောင်းဒကာများနှင့် ဥပုသ်သည်များလို ပုဂ္ဂိုလ်မျိုးများကို
မျှော်လင့်၍ မဖြစ်ပေ။ တိုက်ရဲခိုက်ရဲ၊ သတ်ရဲလှန်ရဲသူမှန်သမျှကို လက်
ခံသိမ်းသွင်းခြင်းပြုရ၏။ ထိုလူများကို ပြည်သူပြည်သားများ၏ အကျိုး
စီးပွားဘက်မှ ရပ်တည်လာကြအောင် မိုးကျော်သည် တစ်စတစ်စ စည်း
ရုံးသိမ်းသွင်းခြင်းပြုခဲ့ရာမှ မိုးကျော်တွင် တစ်စတစ်စ အင်အားများပြား
ကောင်းမွန်လာ၏။ အစပထမတွင် ဓားလောက်၊ လှံလောက်သာ ကိုင်
စွဲနိုင်သော လူအပေါင်းတစ်ကျိပ်ခန့်မျှပင် မရတတ်သော်လည်း စည်သာ
မြို့စားကြီးက ရွာသူရွာသားများထံမှ နိုင့်ထက်စီးနင်း စည်းကြပ်ကောက်
ခံထားသော ဓနဥစ္စာများကို လုယက်တိုက်ခိုက်ရင်း၊ ထိုသို့လုယက်တိုက်
ခိုက်၍ရရှိသော ဥစ္စာပစ္စည်းများကို မရှိနွမ်းပါးဆင်းရဲသားများအား မျှ
တဝေပေးရင်း မိုးကျော်၏အင်အားသည် ကြီးမားခိုင်ခံ့လာခဲ့၏။ စတင်
စည်းရုံးခဲ့စဉ်ကလို ဓားနှင့်လှံများလောက်သာ မဟုတ်တော့ဘဲ ခေတ်မီ



သေနတ်များပါရှိလာ၏။ နှစ်ကာလ အနည်းငယ်ခန့်အတွင်း မူလလူ
ပေါင်းတစ်ကျိပ်ခန့်လောက်မှ လူပေါင်း ၅၀ ကျော်ကျော်အထိ တိုးပွား
များပြားလာ၏။ ပြည်သူပြည်သားများ၏ အကျိုးစီးပွားဘက်မှ ရပ်တည်
ကာ တရားမျှတသော အလုပ်အကိုင်ကို လုပ်ကိုင်နေခြင်းဖြစ်ရကား မင်းဝံ
ချောင်းရိုးတစ်လျှောက်ရှိ ကျေးရွာအများအပြားနှင့် ရွာသူ ရွာသား
အမြောက်အမြား၏ အားပေးထောက်ခံမှုများ တစ်စထက် တစ်စ ရရှိ
လာခဲ့ခြင်းလည်းဖြစ်၏။ စည်သာမြို့အာဏာပိုင်များက မိုးကျော်နှင့်
၎င်း၏နောက်လိုက် နောက်ပါများကို ရစရာမရှိအောင် သိက္ခာချကာ
သူခိုး၊ ဓားပြများအဖြစ်ဖြင့် ဝါဒဖြန့်သတင်းလွှင့်နေကြသော်လည်း မင်းဝံ
ချောင်းရိုးတစ်လျှောက်မှ ရွာသူရွာသားများကတော့မူ မိုးကျော်ကိုဆိုသကဲ့
သို့ မှတ်ယူခြင်းမပြုကြ၊ တောပုန်းကြီး ဗိုလ်မိုးကျော်ဟူ၍ လေးလေး
စားစားအမှတ်ပြုကြ၏။ တတ်နိုင်သမျှလည်း ကူညီထောက်ပံ့ကြ၏။
ထို့ကြောင့် တောပုန်းကြီး ဗိုလ်မိုးကျော်နှင့် တပ်သားများသည် စည်သာ
မြို့စားကြီး လက်လှမ်းမမီနိုင်သော ဥတ္တရတောင်ခြေတွင် အမြဲတမ်း
စခန်းများ ထားရှိနေထိုင်ကြသော်လည်း မင်းဝံချောင်းရိုးတစ်လျှောက်
ရှိ ကျေးရွာအများအပြားသို့ အချိန်မရွေးသွားလာဝင်ထွက်နိုင်ကြကုန်၏။
သူတို့အလိုရှိသော အကူအညီများကို လွယ်လင့်တကူတောင်းခံနိုင်သကဲ့
သို့ သူတို့ကလည်း အပြန်အလှန်အကူအညီ ပေးတတ်ကြ၏။

## [ ၅ ]

သူခဲခဲယဉ်းယဉ်း ကြိစည်၍ လက်ထပ်သိမ်းပိုက်တော့မည့်ဆဲဆဲ
ကြင်ရာလောင်း ခင်အုံ၏ အရေးနှင့်ပတ်သက်၍ ဒေါသအမျက် ခြောင်း
ခြောင်း ထွက်ကာ ယမ်းပုံမီးကျဖြစ်နေပုံရသော စည်သာမြို့စားကြီးက
မြို့စောင့်တပ်မှူးကြီး ဗလကျော်ထင်ကို တပ်မင်းခန့်အပ်ကာ လက်နက်

ကိုင်တပ်ဖွဲ့တစ်ဖွဲ့ စေလွှတ်၍ သူ့ကို မရအရ ဖမ်းဆီးခြင်းပြုတော့မည်ဆိုသောသတင်းကို တောပုန်းကြီးမိုးကျော်သည် ကြိုတင်ရရှိခဲ့၏။ တကယ်ဆိုတော့ မြို့စားကြီးဦးကျော်ခေါင်၏ စစ်ဆင်ရေးသည် သူ့ကို ဖမ်းဆီးကာ သူ့အင်အားစုများကို နှိပ်ကွပ်ဖျက်ဆီးဖို့အရေးထက် သူ့ကြင်ရာလောင်းခင်အုံကို ပြန်လည်ရရှိရေးသည်သာ အဓိကဖြစ်၏။ ထိုလူကြီးသည် ရတနာပုံနေပြည်တော်ရှိ ဘုရင့်အစိုးရကိုယ်စား သူတာဝန်ယူနေရသော စည်သာနယ်ကြီး၏ ငြိမ်ဝပ်ပိပြားရေးထက် သူ၏ အတ္တနှင့် ကိုယ်ကျိုးစီးပွားများအတွက်လောက်သာ အဓိကထားရှိသူဖြစ်၏။ ဘုရင့်အစိုးရက နှင်းအပ်ထားသော တန်ခိုးအာဏာနှင့် သူ၏ကောင်းစားရေးနှင့် ကြီးပွားချမ်းသာရေးအတွက်သာ လုပ်ကိုင်နေသူဖြစ်၏။ အကယ်၍ သူအပူတပြင်း အလိုရှိနေသော စည်သာမြို့၏ လှခေါင်မင်းကိုသာ ပြန်လွှတ်ပေးလိုက်မည်ဆိုပါက ထိုသတ္တဝါကြီးသည် သူ၏စစ်ဆင်ရေးကို ပြန်လည်ဖျက်သိမ်းလိုက်မည်သာဖြစ်၏။ တကယ်တော့မူ သူ့ကိုမရအရဖမ်း၍ သူ့အင်အားစုများကို တစ်ကောင်တစ်မြီးမျှ မကျန်အောင် တိုက်ခိုက်ချေမှုန်းရေးအတွက် စစ်ဆင်တော့မည်ဆိုခြင်းမှာ နေပြည်တော်ရှိ ဘုရင့်အစိုးရနှင့် လူအများကို အကြောင်းပြကောင်းအောင် ဝါဒဖြန့်ခြင်းမျှသာဖြစ်၏။ ယင်းစစ်ဆင်ရေးကြီးတစ်ခုလုံး၏ အဓိကရည်မှန်းချက်မှာ သူ၏ ကြင်ရာလောင်းခင်အုံကို ပြန်လည်ရရှိရေးအတွက်သာ ဖြစ်သည်မဟုတ်သလော။

တောပုန်းကြီး မိုးကျော်သည် သူ့ဟာသူ အကျိုးသင့် အကြောင်းသင့် စဉ်းစားဆင်ခြင်တတ်သူတစ်ဦးဖြစ်၏။ ထို့ကြောင့် သူရင်ဆိုင်ခြင်းပြုရတော့မည့် မြို့စားကြီး ဦးကျော်ခေါင်၏ စစ်ဆင်ရေး ရည်မှန်းချက်ကို ကောင်းစွာ စဉ်းစားတွက်ချက်နိုင်ရာ၏။ လက်နက်လူသူအင်အားကြီးကြီးမားမားနှင့် ချီတက်လာသော မြို့စောင့်တပ်မှူးကြီးဗလကျော်ထင်



ကို ရင်ဆိုင်မည်လော၊ သို့မဟုတ် မြို့စားကြီး၏ အလိုရှိနေသော ခင်အုံကို ပြန်လွှတ်ပေးလိုက်မည်လော၊ ထိုလောနှစ်လောကို သူသည် အဆုံးအဖြတ်ပေးရလိမ့်မည်ဖြစ်၏။

စည်သာမြို့၏ လှခေါင်မင်းကို တံတိုင်းခတ်၍ အစောင့်အကြပ်များ ထူထပ်စွာချထားသော စည်သာမြို့အတွင်းသို့ စွန့်စွန့်စားစား ဝင်ရောက်ကာ ဆွဲခေါ်လာခဲ့သော သူ၏လုပ်ရပ်နှင့် ရည်ရွယ်ချက်ကို တောပုန်းကြီးမိုးကျော်သည် မစဉ်းစား မသုံးသပ်၍ မဖြစ်ပေ။ ကျားမြီးကို ဆွဲခဲ့ရသော သူ၏ လုပ်ငန်းနှင့်ပတ်သက်၍ တောပုန်းမိုးကျော်တွင် မြင့်မားသော ရည်ရွယ်ချက်များရှိ၏။ သူသည် ခင်အုံကိုသိမ်းပိုက်ယူငင်လို၍ ထိုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းကား မဟုတ်ပေ။ စည်သာမြို့တွင် ငါရှင်ဘုရင်ဖြစ်သည်။ ဘယ်သူဘာပြောပြော ငါလုပ်ချင်ရာလုပ်မည်ဟူသော အနေနှင့် လုပ်ချင်ရာလုပ်နေသော မြို့စားကြီး ဦးကျော်ခေါင်၏ ငါ့မင်း ငါ့ချင်းဝါဒနှင့် လုပ်ရပ်များကို ကန့်ကွက်ဆန့်ကျင်ဖို့ လိုအပ်သည်ထင်မြင်၍ ထိုသို့လုပ်ဆောင်ခဲ့ရခြင်းဖြစ်၏။

မြို့စားကြီး ဦးကျော်ခေါင်၏ အနိုင့်အထက်သိမ်းယူခြင်းခံရတော့မည့်ဆဲဆဲ စည်သာမြို့ကြီးအတွင်းသို့ စွန့်စွန့်စားစားဝင်ရောက်၍ ခင်အုံကိုဆွဲခေါ်ခြင်းပြုခဲ့စဉ်က သူနှင့်ခင်အုံတို့ အပြန်အလှန်ပြောဆိုခဲ့ကြသော စကားများကို မိုးကျော်သည် ပြန်လည်သတိရ စဉ်းစားလျက်ရှိ၏။ ညကြီးအချိန်မဟုတ် မိန်းမပျိုကလေးတစ်ဦး အိပ်စက်နေထိုင်သော အခန်းတွင်းသို့ သူဝင်ရောက်သွားသောအခါ ခင်အုံသည် အလန့်တကြား အော်ဟစ်မည်ပြု၏။ ထို့ကြောင့် “အသံမပြုနဲ့ မိန်းကလေး၊ ကျုပ်တို့ဟာ မိန်းကလေးကို ရန်ပြုရအောင် လာတာမဟုတ်ဘူး... အကူအညီပေးတာကိုလက်ခံရင် အကူအညီပေးရအောင် စွန့်စွန့်စားစားလာခဲ့ရတာ၊ မိန်းကလေးရဲ့ မိတ်ဆွေတွေပါ...”ဟု မိုးကျော်က ရှင်းလင်းပြောဆိုခဲ့၏။

အကူပေးခြင်းကို လက်ခံမည်ဆိုလျှင် အကူအညီပေးဖို့အတွက် စွန့်
စွန့်စားစားလာရောက်သောမိတ်ဆွေများဖြစ်ပါသည်ဆိုသောစကားကို
ကြားရသောအခါ စည်သာမြို့၏ လှခေါင်မင်းသည် အသံပြုရန် အား
မထုတ်တော့။ မိုးကျော်နှင့် သူ့တပည့်နှစ်ယောက်တို့ကို အသာတကြည်
လက်ခံ၏။ မိတ်ဆွေများဆိုသော်လည်း မည်သူမည်ဝါတွေမှန်း မသိရ
သေးသဖြင့် ခင်အုံက "ရှင်တို့က ဘယ်သူတွေလဲ... ဘယ်ကလဲ..."ဟု
ပြန်လည်မေးမြန်း၏။

"မိုးကျော်ပါ မိန်းကလေး..."ဟု မိုးကျော်က သူဘယ်သူဘယ်ဝါ
ဖြစ်ကြောင်း ဖြေကြားလိုက်၏။

"တောပုန်းမိုးကျော်ဆိုတာလား..."ဟု ခင်အုံက သဲသဲကွဲကွဲသိရှိလို
၍ ပြန်လည်စစ်မေး၏။

"ဟုတ်တယ်... မြို့စားကြီး ဦးကျော်ခေါင်ရဲ့ ရန်ကလွတ်ချင်ရင်တော့
ကျုပ်တို့နဲ့ အတူလိုက်ခဲ့ဖို့ပဲ... မိန်းကလေးကို ကျုပ်တို့လက်ဖျားနဲ့တောင်
မတို့ဘူး... မြို့စားကြီးရဲ့ အန္တရာယ်နဲ့ လွတ်တဲ့အရပ်မှာ ထားပေးမှာ
ပါ..." ဟု မိုးကျော်က သူ၏အစီအစဉ်ကို ထုတ်ဖော်ပြောကြားလိုက်၏။

"ရှင့်စကားအတိုင်းတည်ရင်တော့ ရှင်တို့နဲ့ ခင်အုံအတူလိုက်ပါ့မယ်"
ဟု ခင်အုံက ပြန်လည်ပြောကြားပြီးနောက် သူ၏အဝတ်အစားနှင့် ပစ္စည်း
အနည်းအကျဉ်း ယူငင်ကာ သူ၏နောက်သို့ စိတ်ချယုံကြည်စွာ လိုက်ပါ
လာခဲ့ခြင်းဖြစ်၏။

စည်သာမြို့စားကြီး၏ နိုင့်ထက်စီးနင်း သိမ်းမှုကို မခံလို၍ တရား
ဥပဒေအုပ်စိုးမှု၏ အပြင်အပတွင် ရောက်ရှိနေကြသူများနောက်သို့
စိတ်ချယုံကြည်စွာ စွန့်စွန့်စားစားလိုက်ပါလာခဲ့သော ခင်အုံကို တော
ပုန်းကြီးမိုးကျော်သည် မင်းဝံချောင်းဖျားရှိ သူတို့၏ အမာခံရွာတစ်ရွာ
တွင် ကောင်းစွာစောင့်ရှောက်ထားပေးခဲ့၏။ ခင်အုံသည် ထိုချောင်းဖျား



ရွာတွင် လွတ်လပ်အေးချမ်းစွာနေထိုင်ရ၏။ ထိုမျှသာမဟုတ်သေး၊ စည်
သာမြို့ရှိ သူ၏မိဘနှစ်ပါးနှင့်ပင် စာချင်းဆက်သွယ်နိုင်အောင် တော
ပုန်းကြီးမိုးကျော်က သူ့လူများနှင့် စီစဉ်ပေးထား၏။

သို့ရာတွင် ယခုအခါ ယမ်းပုံမီးကျဖြစ်နေသော စည်သာမြို့စားကြီး
သည် သူနှပ်အပစ်ခံလိုက်ရသော ကိစ္စကြီးကိုလက်တုံ့ပြန်ရန်အတွက်
စီမံစိုင်းပြင်းလျက်ရှိလေပြီ။ တောပုန်းကြီးမိုးကျော်ကို မရအရ ဖမ်းဆီး၍
သူ့ကြင်ရာလောင်းကိုလည်း မရအရဆွဲခေါ်နိုင်ရန် လက်နက်ကိုင်တပ်
များကို စေလွှတ်တော့မည်ဖြစ်၏။ အကယ်၍ သူ့ကြင်ရာလောင်း ခင်
အုံကို အသာတကြည်ပြန်လည်ရရှိသွားပါက တောပုန်းမိုးကျော်ကို ဖမ်း
ဆီးရေးကိစ္စသည် သူ့အတွက် အရေးကိစ္စမဟုတ်တော့၊ ခင်အုံသည်သာ
သူ့အတွက် တကယ့်အရေးဖြစ်သကဲ့သို့ မဟာအရေးလည်းဖြစ်၏။

တောပုန်းကြီးမိုးကျော်သည် ထိုလော နှစ်လောကို အပြန်အလှန်
စဉ်းစားရ၏။ သူ၏ သက်သာမှုအတွက် အမွေသမားကြီးက တောင်း
ဆိုလျက်ရှိသော ထိုမိန်းကလေးကို စတေးလိုက်မည်လော။ တကယ်ဆို
တော့ အမွေဝါဒီများကို အလျှော့ပေးခြင်းသည် အမွေဝါဒဆိုးကို သွယ်
ဝိုက်၍ အားပေးနှစ်သိမ့်ခြင်းမမည်သလော။ အချိန်ကြာမြင့်စွာ အပြန်ပြန်
အလှန်လှန် စဉ်းစားတွက်ချက်ပြီးနောက် အမွေသား မြို့စားကြီး၏ စစ်
ဆင်ရေးကို သူရသတ္တိရှိရှိဖြင့် တွန်းလှန်တိုက်ခိုက်ရန်အတွက် တောပုန်း
ကြီးမိုးကျော်သည် ကောင်းစွာစဉ်းစားဆုံးဖြတ်လိုက်၏။

❐

## ဦးခေါင်းပြတ်တစ်လုံးနှင့် မိန်းမလှတစ်ယောက်

[ ၁ ]

သူ့ကို အသေရရ အရှင်ရရ ဖမ်းဆီးမည်ဆိုကာ တပ်မှူးကြီး ဗလကျော်ထင်နှင့် ၎င်း၏ လက်နက်ကိုင်တပ်များ စည်သာမြို့တံခါးများမှ ထွက်ကာ မင်းဝံချောင်းဖျားသို့ ချီတက်မလာကြမီ သုံးရက်ခန့်လောက်ကပင် တောပုန်းကြီးမိုးကျော်နှင့် သူ၏ လက်နက်ကိုင် တပ်မှူး၊ တပ်သားများသည် ရန်သူကို မည်ကဲ့သို့သော နည်းပရိယာယ်များနှင့် မည်သို့မည်ပုံ ရင်ဆိုင်ခြင်းပြုကြမည်ဆိုသော အရပ်ရပ်အခင်းအကျင်းများကို အကွက်စေ့စေ့ ပြင်ဆင်ထားရှိကြပြီးဖြစ်၏။ မိမိတို့ထက် လူသူရောလက်နက်အင်အားတွင်ပါ သာလွန်သောရန်သူကို အဘယ်ကဲ့သို့အခြေအနေများ ဖန်တီးကာ အဘယ်သို့အခွင့်ကောင်းယူ တိုက်ခိုက်ကြရမည်ဆိုသော အဓိကသော့ချက်ကို တိုက်ပွဲတွင်ပါကြရမည့် တပ်မှူး၊ တပ်ကြပ်နှင့် တပ်သားတိုင်း အလေးအနက်သဘောပေါက်အောင် အပြန်ပြန်အလှန်လှန် ဆွေးနွေးညှိနှိုင်းထားကြပြီးလည်းဖြစ်၏။

စစ်တိုက်ကြရာတွင် ရန်သူ့အနေအထားနှင့် လှုပ်ရှားမှု သတင်းများ



သည် အလွန့်ထက် အလွန်အရေးကြီး၏။ ကိုယ့်ရန်သူ၏အကြောင်းကို မသိရှိပါဘဲနှင့် အဘယ်စစ်သူကြီးသည် စစ်အနိုင်တိုက်နိုင်သနည်း။ မင်းဝံချောင်းရိုး စစ်ဆင်ရေးတွင် စီစဉ်သူ မြို့စားကြီးရော၊ လက်တွေ့ဦးဆောင် တိုက်ခိုက်ရမည့် တပ်မှူးကြီးဗလကျော်ထင်ပါ သူတို့ဖမ်းဆီးလိုသော ရန်သူမိုးကျော်၏ အကြောင်းကို ဆုပ်ဆုပ်ကိုင်ကိုင် ဘာမျှမသိရှိကြပေ။ သူတို့၏ ကြေးစားထောက်လှမ်းရေးသမားများထံမှ ရရှိထားသော သတင်းများသည်လည်း ဘာမျှရေရာတိကျခြင်းရှိလှသည် မဟုတ်ပေ။ မသဲမကွဲ မပီမပြင်ဖြစ်၏။ ထို့ကြောင့် တပ်မှူးကြီး ဗလကျော်ထင်သည် ဟိုမေးသည်မေးနှင့် စမ်းတဝါးဝါး အလုပ်လုပ်ရသူမျှသာဖြစ်၏။ သို့ရာတွင် တောပုန်းကြီးမိုးကျော်ဘက်မှမူ ထိုကဲ့သို့မဟုတ်ချေ။ ကျေးရွာအများအပြားနှင့် လူအများအပြား၏ နှစ်လိုထောက်ခံမှုကို ကောင်းစွာရရှိထားသူဖြစ်ရကား သူ၏ ရန်သူသည် အင်အားမည်မျှနှင့် မည်သည့်လမ်းခရီးမှ ချီတက်လာကြမည့်သတင်းများကို အသေးစိတ်ရရှိထားပြီးဖြစ်၏။ ထို့ကြောင့် ရန်သူ့တပ်များကို မည်သည့်အချိန်၊ မည်သည့်နေရာနှင့် မည်ကဲ့သို့သော အခြေအနေမျိုးတွင် မည်သို့မည်ပုံ စီးနင်းတိုက်ခိုက်ကြမည့် အစီအစဉ်များကိုပါ အသေးစိတ်ရေးဆွဲထားကြပြီးဖြစ်၏။ တပ်ဖွဲ့ကလေးများအလိုက်လည်း နေရာယူထားကြပြီးဖြစ်၏။

မြို့စားကြီးဦးကျော်ခေါင်၏ ထိုးစစ်ကို ရိုက်ချိုးဖျက်ဆီးရန်အတွက် ယင်းသို့ သူ၏ လက်နက်ကိုင်တပ်ဖွဲ့များကို ကောင်းစွာခင်းကျင်းစီစဉ်ထားခဲ့ပြီးနောက် တပ်မှူးကြီး ဗလကျော်ထင်ဦးစီးသော စစ်ကြောင်း စည်သာမြို့မှမထွက်မီ တစ်နေ့က တောပုန်းကြီးမိုးကျော်သည် ခင်အုံကိုထားရှိရာ ချောင်းဖျားဘက်ရှိ ညောင်နီပင်ရွာကလေးသို့ မြင်းတစ်စီးနှင့် တစ်ယောက်တည်းထွက်လာခဲ့၏။ ထိုအရပ်ဒေသသည် သူတို့၏

ခိုင်ခံ့သော နယ်မြေဖြစ်၍ အဖော်တစ်ယောက်တလေမျှပင် ခေါ်မလာ။ သို့ရာတွင် သတိဝီရိယရှိသူ စစ်သားကောင်းတစ်ဦးဖြစ်သည့်အတိုင်း သူ၏မြင်းကုန်းနှီးတွင် ရေတစ်ဘူး၊ ထမင်းခြောက်တစ်ဘူး၊ သေနတ်တစ်လက်နှင့် ဓားတစ်ချောင်းတော့ ပါလာ၏။

ညောင်နီပင်သည် စည်သာမြို့စားကြီး ညှဉ်းပန်းနှိပ်စက်မှုအောက်မှ လွတ်မြောက်သော ရွာတစ်ရွာဖြစ်၍ စည်စည်ကားကားနှင့် ဖွံ့ဖွံ့ဖြိုးဖြိုးရှိ၏။ အိမ်ကြီးအိမ်ကောင်း အများအပြားရှိ၏။ ရွာသူရွာသားများ ဆောက်လုပ်ထားသော ဘုန်းတော်ကြီးကျောင်းမှာလည်း သစ်ကြီးဝါးကြီးများနှင့် အခိုင်အခံ့ဖြစ်၏။ ရွာလယ်လမ်းမကြီး တစ်လျှောက်တွင် ကျန်းမာဝဖြိုးသော ကလေးသူငယ်များ မြူးထူးဆော့ကစားနေကြသည်ကို တွေ့မြင်ရသကဲ့သို့ ရက်ကန်းစင်များမှ ရက်ကန်းခတ်ရင်း တေးဆိုနေကြသော လုံမပျိုတို့၏ တေးသံများကိုလည်း ကြားနိုင်၏။

အုန်းခွံ့ရောင် မြင်းဆိုးကြီးစီး၍ ရွာဦးပိုင်းမှ တောပုန်းကြီးမိုးကျော် ရွာလယ်လမ်းမကြီးအတိုင်း ခပ်ဖြည်းဖြည်း ခပ်မှန်မှန် ဝင်လာသောအခါ သစ်ပင်ရိပ်များတွင် သူငယ်တို့ဘာသာဘာဝ ခုန်ပေါက်ကစားနေကြသော ကလေးသူငယ်များက "ဟေး... ဟိုမှာ ဗိုလ်မိုးကျော် လာတယ်ဟေ့..."ဟု သူတို့ အချင်းချင်း လှမ်းပြောကြရင်းက စကားရပ်ကာ ငေးမောကြည့်ရှုနေကြ၏။ မိုးကျော်သည် ကလေးသူငယ်များကို လက်ဝှေ့ယမ်းပြသနှုတ်ဆက်သွား၏။ တောပုန်းကြီးမိုးကျော်ကို ကလေးသူငယ်များကအစ ကောင်းစွာသိရှိ၍ ခင်မင်ကြပုံရ၏။ အလားတူပင် အိမ်အောက်ထပ်ရှိ ရက်ကန်းစင်များတွင် ရက်ကန်းခတ်နေကြသော လုံမပျိုကလေးများကလည်း တရားဥပဒေ ပြင်ဘက်သို့ ရောက်ရှိနေရသော တောပုန်းကြီးကို ခင်မင်လေးစားသော မျက်လုံးကြီးများဖြင့် ငေးမောကြည့်ရှုနေကြရင်းက "ဗိုလ်ကြီးမိုးကျော်ပါလား" ဟု သူတို့အချင်းချင်း



တီးတိုးပြောဆိုနေကြ၏။ တောပုန်းကြီးသည် ရက်ကန်းစင်မှ မိန်းကလေးများကို သတိပြုမိဟန်မရှိပေ။ ရွာလယ်လမ်းမကြီးတစ်လျှောက် တွေ့မြင်ရသော ကလေးသူငယ်များကိုသာ အလေးထားနှုတ်ဆက်သွား၏။

ရွာလယ်ပိုင်းရှိ ခြံနှင့်ဝင်းနှင့်ဖြစ်သော ပျဉ်ထောင်ပျဉ်ခင်း နှစ်ထပ်အိမ်ကြီးတစ်ဆောင်ရှေ့သို့ မိုးကျော်ရောက်ရှိလာသောအခါ ခြံဝင်းအတွင်းမှ ထွားကျိုင်းသန်မာသော ခွေးသမင်ကြီးတစ်ကောင်သည် အသံပြုရင်း ပြေးထွက်လာ၏။ သို့ရာတွင် ရန်ထောင်ခြင်းမပြု၊ မိုးကျော်သည် မြင်းကုန်းနှီးထက်မှ ပေါ့ပါးစွာဆင်းလိုက်ပြီးလျှင် "ဟဲ့... ရန်လုံပါလား..." ဟု ခွေးသမင်ကြီးကို ပွတ်သပ်နှုတ်ဆက်ပြီးနောက် မြင်းကိုဆွဲကာ ခြံဝင်းအတွင်းသို့ ဝင်လာခဲ့၏။

[ J ]

သူ့အိမ်ရှေ့တွင် လူသံနှင့် မြင်းသံများကြားရသဖြင့် အိမ်ရှင်နှင့်တူသူ အသက်ငါးဆယ်ခန့် သျှောင်တစောင်းထုံးထားသော လူကြီးတစ်ယောက်သည် အိမ်အပေါ်ထပ်ပြတင်းပေါက်မှ ခေါင်းပြူ၍ ထွက်ကြည့်၏။ အိမ်ရှင်သည် သန်မာတောင့်တင်းဆဲ လူကြီးဖြစ်၏။ ကြည့်၍လည်း များစွာ ခံ့ညားခြင်းရှိ၏။

"ဗိုလ်မိုးကျော်ပါလားဟေ့... တစ်ယောက်တည်းပဲလား... မင်းလက်စွဲဗိုလ်တောက်ထွန်းတစ်ယောက်ကော ပါမလာပါလား"ဟု အိမ်ရှင်လူကြီးက ခြံဝင်းအတွင်းရှိ သစ်ပင်ရိပ်တစ်ခုတွင် သူ့မြင်းကိုချည်နေသော တောပုန်းကြီးမိုးကျော်ကို ဆီးကြိုနှုတ်ဆက်မေးမြန်း၏။

"ဟုတ်တယ်ဦးလေး၊ ဗိုလ်တောက်ထွန်းကို အခြားအရေးကြီးတဲ့ အလုပ်တာဝန်တစ်ခု ပေးထားရလို့ ကျွန်တော်နဲ့ ပါမလာတာပါ"ဟု မိုးကျော်က ပြန်လည်ရှင်းလင်းပြောကြားပြီး အိမ်ပေါ်ထပ်သို့ တက်လာ

ခဲ့၏။

တောပုန်းမိုးကျော် အိမ်ပေါ်ထပ်သို့ ရောက်ရှိလာသောအခါ အိမ်ရှင်အမယ်ကြီးနှင့်တူသော အဘွားကြီးသည် မီးဖိုချောင်မှ ပျာပျာသလဲ ထွက်လာကာ ဖျာခင်းပေးရင်း "ဗိုလ်မိုးကျော်တစ်ယောက်လည်း ခုမှပဲ ပေါ်လာဖော်ရတော့တယ်"ဟု နှုတ်ဆက်၏။

"အလုပ်တာဝန်တွေကပိနေလို့ ဒေါ်လေး... ဒါထက် အိမ်သူအိမ်သားတွေ အားလုံး နေထိုင်ကောင်းကြပါတယ်နော်"ဟု မေးမြန်းပြောဆိုရင်း မိုးကျော်သည် အိမ်ဦးခန်းဘက်တွင် ခင်းပေးသော ဖျာပေါ်တွင် ထိုင်လိုက်၏။ အိမ်ရှင်လူကြီးသည်လည်း မိုးကျော်ထိုင်လိုက်သော ဖျာပေါ်တွင် ဝင်၍ထိုင်ရင်း "ပြည်ထဲရေးအခြေအနေတွေကကော ဘာများထူးသေးသလဲကွဲ့ ဗိုလ်မိုးကျော်..."ဟု ၎င်းစိတ်ဝင်စားသိရှိလိုသော ပြည်ထဲရေးကိစ္စကို မေး၏။

"ပြည်ထဲရေးကိစ္စတွေကတော့ ဖြစ်ချင်သလို ဖြစ်ပြီး သပွတ်အူ လိုက်ချင်တိုင်း လိုက်နေပြီဦးလေး... ကျွန်တော်တို့တစ်မျိုးလုံးလည်း သူ့ကျွန်ဖြစ်ဖို့ သိပ်မဝေးလှတော့ဘူး ထင်တယ်"ဟု မိုးကျော်က မပြောချင်သော အကြောင်းအရာတစ်ရပ်ကို ပင်ပင်ပန်းပန်း ပြောကြားလိုက်၏။

အိမ်ရှင်လူကြီးသည် သက်ပြင်းကိုချရင်း ဦးခေါင်းကို ခါယမ်းနေ၏။

ထိုအခိုက် အိမ်ရှင်အမယ်ကြီးသည် လက်ဖက်ရည်ကြမ်းအိုးနှင့် ထန်းလျက်ဖြူဆုပ်များ လာ၍တည်ခင်းရင်း "လက်ဖက်ရည်နှင့် ထန်းလျက် သုံးဆောင်ပါဦး"ဟု ပြောဆိုပြီးနောက် မီးဖိုချောင်ဘက်သို့ ပြန်ထွက်သွား၏။

အိမ်ရှင်အမယ်ကြီး ပြန်ထွက်သွားတော့မှ "တစ်မျိုးလုံး သူ့ကျွန်ဖြစ်ဖို့ သိပ်မဝေးလှတော့ဘူးဆိုတဲ့ စကားက ကြောက်စရာကြီးပါလား ဗိုလ်မိုးကျော်ရဲ့..."ဟု စောစောက တောပုန်းကြီးမိုးကျော်၏ စကားစကို



အိမ်ရှင်အဘိုးကြီးက ပြန်ကောက်လိုက်၏။

မိုးကျော်သည် ထန်းလျက်ဖြူတစ်ခဲကို လှမ်းနှိုက်ရင်း သက်ပြင်းချလျက်ရှိ၏။

"ဦးလေးဖြင့် မင်းစကားကြားရတာနဲ့ ကြက်သီးများတောင် ထမိတယ်ကွာ..."ဟု အိမ်ရှင်သည်ဆက်လက်ညည်းတွား၍ နေ၏။

"ဘုရင်နဲ့ မိဖုရားကလည်း သူတို့ထင်သလို စိုင်းနေကြတယ် ဦးလေး... ပြီးတော့ လွှတ်တော်ဝန်ကြီးတွေနဲ့ အတွင်းဝန်တွေကလည်း အသင်းသင်း အစုစု ကွဲနေကြပြီလေ..."ပင့်သက်ရှူရင်း မိုးကျော်သည် ပြည်ထဲရေးအကြောင်းကို ရှင်းလင်းပြောကြားရ၏။

"ထင်ရာစိုင်းဆို ဘုရင်ကော မိဖုရားပါ ငယ်ငယ်ရွယ်ရွယ်ကလေးတွေကိုး..."

"ဒါတင်မကသေးဘူး ဦးလေး... တချို့ လွှတ်တော်ဝန်ကြီးတွေဟာ တပည့်တပန်းတွေမွေး... ဓားပြတိုက်ခိုင်းပြီး စီးပွားရှာနေကြတယ်ဆိုတဲ့ သတင်းတွေလည်း ကြားရတယ်"

"ဟုတ်လား... ဟင်..."အိမ်ရှင်သည် တော်တော်ကလေး တုန်လှုပ်သွားရ၏။

"နေပြည်တော်မှာ ခုလိုဖြစ်ချင်တိုင်းဖြစ်နေကြသလို တိုင်းခရိုင်တွေမှာလည်း အုပ်ချုပ်ရေးဆိုတာပျက်စီးသလောက်နီးနီးဖြစ်နေကြပြီလို့ ပြောနေကြတယ် ဦးလေး..."

"ဒါဖြင့် တို့တိုင်းပြည်ကြီး ဒီဒဏ်ကို ခံနိုင်ပါ့ဦးမလားကွယ်တို့..."

"ပြီးတော့ နေပြည်တော်မှာ စိုက်ထားကြတဲ့ တန်ခိုးကြီးနိုင်ငံတွေက သံအဖွဲ့တွေကလည်း ကျွန်တော်တို့ ပြည်ထဲရေးကို ခလောက်ဆန်ချင်တိုင်းဆန်နေကြသတဲ့..."

"ဘုရား... ဘုရား"

"တိုင်းပြည်အပြင်ရောက်နေတဲ့ မင်းသားကြီးတွေထဲက အချို့က အင်္ဂလိပ်လက်ရောက်ပြီး အချို့ကတော့ ပြင်သစ်လက်ရောက်နေကြပြီ တဲ့ ဦးလေးရဲ့"

အိမ်ရှင်သည် ပါးစပ်အဟောင်းသား နားထောင်နေ၏။ အသံကား ထွက်မလာတော့ပေ။

"ဦးလေးကတော့ ကိုယ့်လူမျိုးနဲ့ ကိုယ့်တိုင်းပြည်အတွက် သောက မကင်းလို့ ပြည်ထဲရေးသတင်းကို မေးတာပဲ၊ အကုန်ပြောရရင် မကောင်း တော့လို့ ကျွန်တော်တို့ တစ်မျိုးလုံး သူ့ကျွန်ဖြစ်ဖို့ သိပ်မဝေးလှတော့ ဘူးလို့ ပြောခဲ့ရတာပါဦးလေး..." မိုးကျော်သည် ပြည်ထဲရေးသတင်းကို ဆက်လက်ပြောကြားရန် ပင်ပန်းခြင်းရှိသကဲ့သို့ စကားစ သိမ်းပြော ကြားရင်း အိမ်ရှင်ငှဲ့ပေးထားသော လက်ဖက်ရည်ပန်းကန်ကိုလှမ်းယူ ကာ သောက်နေ၏။

အိမ်ရှင်အဘိုးကြီးကတော့မှု ပြည်ထဲရေးကိစ္စနှင့်ပတ်သက်၍ နောက် ထပ် မေးမြန်းပြောကြားခြင်းပြုဖို့အရေးကို အလွန်တရာ ထိတ်လန့်တုန် လှုပ်ကာ ဦးခေါင်းကို တစ်ခါတည်း ခါနေ၏။

# [၃]

ယင်းသို့ အိမ်ရှင်နှင့် တောပုန်းကြီး ဗိုလ်မိုးကျော်တို့ ပြည်ထဲရေး အကြောင်း ပြောကြားရင်း ကိုယ့်အတွေးနှင့်ကိုယ် စကားပြတ်သွားကြ ခိုက် ရွာဦးဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းအုပ်အပို့သွားရာမှ ပြန်လာ သော မိန်းမပျိုတစ်ယောက်သည် အိမ်အပေါ်ထပ်သို့ ဆွမ်းအုပ်ပိုက်၍ တက်လာ၏။

"ဪ... ဗိုလ်မိုးကျော် ရောက်နေသလား..."ဟု ဆွမ်းအုပ်နှင့် မိန်း မပျိုက နှုတ်ဆက်လိုက်တော့မှ တောပုန်းကြီးမိုးကျော်သည် မိန်းမပျို



ကိုလှမ်းကြည့်ရင်း "ဒါခင်အုံဆွမ်းအုပ်သွားပို့ရာက ပြန်လာတာလား...." ဟု ပြန်လှန်နှုတ်ဆက်လိုက်၏။

"ရောက်နေတာ ကြာပလား၊ ခဏနေဦးနော်..."ဟု ခင်အုံသည် ခွင့်တောင်းစကားပြောဆိုကာ မီးဖိုချောင်ထဲသို့ ဝင်သွား၏။

ခင်အုံမီးဖိုချောင်ထဲသို့ဝင်သွားလျှင် "မနက်က ဆရာတော်ဘုရားက ကပ္ပိယကြီးလွှတ်ပြီးမှာထားလို့ ဘုန်းတော်ကြီးကျောင်းကို ဦးလေးခဏ လောက် သွားလိုက်ဦးမယ်... ခင်အုံနဲ့ အေးအေးဆေးဆေး စကားပြော နေရစ်ဦးနော်၊ ဟုတ်လားဗိုလ်မိုးကျော်"ဟု အမှာစကား ပြောကြားပြီး နောက် အိမ်ရှင်အဘိုးကြီးသည် အဝတ်အစားလဲလှယ်ကာ အိမ်ပေါ်မှ ဆင်းသွား၏။

အိမ်ရှင်အဘိုးကြီး အိမ်ပေါ်မှဆင်းသွားပြီး မကြာမီ မီးဖိုချောင်မှ အိမ်ရှင်အမယ်ကြီး ထွက်လာကာ "အေးအေးဆေးဆေး စားသောက်ပြီးမှ ပြန်နော် ဗိုလ်မိုးကျော်..."ဟု နံနက်စာ စားသောက်ပြီးစီးမှ သွားလိုရာ ခရီးသွားရန်ပြောကြားပြီးနောက် တစ်စုံတစ်ခုသော ဟင်းလျာကို ချက်ပြုတ် သည်အတွက်ရှာဖွေရန် အိမ်ထက်မှဆင်းမည်ပြု၏။

"ထမင်းစားဖို့ ကျွန်တော်အချိန်မရဘူး ဒေါ်လေး... ခင်အုံကို အရေး ကြီးတဲ့ကိစ္စတစ်ခုပြောစရာရှိလာလို့ ခရီးသွားဟန်လွှဲဝင်လာခဲ့တာပါ..." ဟု မိုးကျော်သည် ၎င်း၏အခြေအနေကို ပြန်လည်ပြောကြားရ၏။

"ရောက်ခဲလာခဲတဲ့အခါ ထမင်းကလေးတစ်လုတ်လောက်တော့ စား သွားဦးမှပေါ့ကွယ်..." အိမ်ရှင်အမယ်ကြီးသည် ရောက်ခဲလာခဲသော ချည့်ကောင်း စောင်ကောင်းများစွာ ကျွေးမွေးဝတ်ပြုလိုသော စေတနာ နှင့် သစ္စာတရားများရှိပုံရ၏။

"နောက်တစ်ခေါက်လာတော့မှပဲစားပါရစေ ဒေါ်လေး၊ ကျွန်တော့် မှာ တခြားအရေးကြီးတဲ့ကိစ္စတစ်ခုလည်း ခရီးဆက်စရာရှိနေသေးလို့

ပါ..."ဟု မိုးကျော်သည် စေတနာရှင်စိတ်ကျေနပ်မှုရှိအောင် အကျိုးအကြောင်း ပြောကြားရ၏။

"ဒီလိုဆိုရင်လည်း ခင်အုံနဲ့ စကားပြောရစ်ကြဦး... ဟုတ်လား... ဒေါ်လေးခြံထဲ ဆင်းလိုက်ဦးမယ်..."ဟု နှုတ်ဆက်ပြောကြားကာ အမယ်ကြီးသည် အိမ်ထက်မှဆင်းသွား၏။

ခင်အုံနှင့် လူချင်းတွေ့စကားပြောဆိုရန် အခွင့်အလမ်းကို စောင့်ဆိုင်းရင်း မိုးကျော်သည် သူ၏ ဆေးတံကိုထုတ်ကာ ဆေးတစ်အိုးစာဖြည့်ပြီးနောက် မီးညှိကာဖွာ၏။ သူသည် ထိုမိန်းမပျို၏ ရှေ့ရေးနှင့် ကြမ္မာများအကြောင်းကို စဉ်းစားလျက်ရှိ၏။

စည်သာမှ ခင်အုံကိုခေါ်ဆောင်လာခဲ့ပြီးနောက် မြို့စားကြီးဦးကျော်ခေါင် လက်လှမ်းမမီနိုင်သဖြင့် လုံခြုံရေးအတွက် ကောင်းစွာစိတ်ချရသော ညောင်နီပင်ရွာသို့ ပို့ပေးထားခဲ့၏။ ယင်းသို့ ပို့ဆောင်ပေးထားခဲ့သော အချိန်မှ ယခုတစ်ခေါက်မလာ မရောက်မီကြားကာလအတွင်း သူသည် ညောင်နီပင်သို့ နှစ်ခေါက်ရောက်ရှိခဲ့၏။ ထိုသို့ မလွဲမကင်းသာ၍လာရောက်ခြင်းပြုရသောအခါများတွင်လည်း ခင်အုံရှိရာညောင်နီပင်တွင် မိုးကျော်သည် ညဥ့်အိပ်ညဥ့်နေ နေထိုင်အိပ်စက်တတ်သောအလေ့မရှိ၊ သူပြောဆိုစရာကိစ္စနှင့် လုပ်ကိုင်စရာကိစ္စများကို ပြောဆိုလုပ်ကိုင်ပြီးစီးလျှင် ဖင်နွေးအောင်မျှမနေ၊ ပြန်ထွက်လာတတ်၏။

တကယ်ဆိုတော့ မိုးကျော်သည် လူငယ်တစ်ဦးမျှသာဖြစ်၏။ အိမ်ထောင်ဖက်မရှိသေးသော သူတစ်ဦးလည်းဖြစ်၏။ ထို့ကြောင့် ခင်အုံကဲ့သို့ မိန်းမချော မိန်းမလှတစ်ယောက်ကို ညွတ်နူးသာယာကောင်း သာယာနိုင်စရာ၏။ သို့ရာတွင် သူလုပ်ကိုင်နေသော အလုပ်သည် ပြည်သူပြည်သား အများနှင့်သက်ဆိုင်နေသော အလုပ်ကြီးအကိုင်ကြီး ဖြစ်သည်မဟုတ်သလော။ ထိုကဲ့သို့ ပြည်သူပြည်သားများ၏ အကျိုးစီးပွားကို



ထမ်းရွက်သယ်ပိုးနေရသူတစ်ဦးသည် မိမိ၏ ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားကို အများ၏ အကျိုးစီးပွားလက်အောက်တွင် မြှုပ်နှံထားရှိနိုင်စွမ်းရှိရမည်ဖြစ်သည် မဟုတ်သလော။

စည်သာမြို့စားကြီးက အမျိုးမျိုးဝါဒဖြန့် သတင်းလွှန့်နေသလို မိုးကျော်သည် ဆင်းရဲသားပြည်သူများကို လက်နက်အားကိုးနှင့် အနိုင့်အထက်ပြုမူဆက်ဆံနေသော တောပုန်းဓားပြကြီးတစ်ဦးသော်လည်းကောင်း၊ သက်သက်မဲ့ဆူပူသောင်းကျန်းနေသူတစ်ဦးသော်လည်းကောင်း မဟုတ်ပေ။ သူ့ကိုယ်ကိုသူ အလွန်တရာ ခြိုးခြံထားရှိသူဖြစ်၏။ စည်းကမ်းစောင့်ထိန်းသူတစ်ဦးလည်းဖြစ်၏။ ထို့ကြောင့်သာ သူသည် လူအများအကြားတွင် ပေါ့ပေါ့ပါးပါး လှုပ်ရှားသွားလာနိုင်ခြင်းဖြစ်သည်မဟုတ်သလော။ သူတို့ကိုနိုင်လိုမင်းထက် ပြုမူဆက်ဆံတတ်သူတစ်ဦးကို ပြည်သူပြည်သားများသည် ယင်းကဲ့သို့ လက်ခံခွင့်ပြုထားကြဖွယ်ရာ အကြောင်းမရှိပေ၊ တစ်နည်းမဟုတ်လျှင် တစ်နည်းနည်းနှင့် ရှင်းလင်းဖယ်ရှားလိုက်ကြလိမ့်မည်သာဖြစ်၏။ သူနှင့်တကွ သူ၏ နောက်လိုက်တပည့်တပန်းများ အနေအထိုင်အဆက်အဆံ မှန်ကန်ကောင်းမွန်ကြ၍သာလျှင် သူတို့တစ်တွေသည် ဘုရင့်အစိုးရ၏ တရားဥပဒေနှင့် အာဏာစက်အဝန်းအဝိုင်းအပြင်အပတွင် သူတို့ဟာသူတို့ နေနိုင်ကြခြင်းဖြစ်၏။

မိုးကျော်သည် ဆေးတံကိုဖွာရင်း ခင်အုံ၏ လောလောလတ်လတ်လုံခြုံရေးနှင့် အနာဂတ်အရေးများအကြောင်း ရှည်ရှည်ဝေးဝေးတွေးတောစဉ်းစားနေခိုက် စည်သာမြို့၏ လှခေါင်မင်းသည် ဆွမ်းအုပ်ကိုဆေးကြောသန့်စင်ပြီးစီးသဖြင့် မီးဖိုချောင်ထဲမှ ပြန်ထွက်လာခဲ့ပြီးလျှင် မိုးကျော်နှင့် ခပ်လှမ်းလှမ်းတွင် ပုဆစ်တုပ်ထိုင်ရင်း "ဗိုလ်မိုးကျော်ပေါ်မလာတာကြာသွားလို့ နေလို့ထိုင်လို့များမှ ကောင်းရဲ့လားလို့ မနေ့တစ်

နေ့ကပဲ ခင်အုံစဉ်းစားမိသေးတယ်..."ဟု ခင်အုံက လောကဝတ်စကား ပြောဆိုလာ၏။

"ဒီမှာနေရထိုင်ရတာ စိတ်ချမ်းသာကိုယ်ချမ်းသာတော့ရှိရဲ့မဟုတ် လား..."ဟု မိုးကျော်သည် ဆေးတံမှ ပြာများကို ခေါက်ထုတ်ရင်း ပြော ဆို၏။

"အိမ်သားတွေကရော ရွာသူရွာသားတွေကရော ကောင်းကြလို့ နေရ ထိုင်ရတာ ချမ်းသာပါတယ်..."

"စည်သာက မိဘများနဲ့ကော စာအဆက်အသွယ်မှန်မှန်ရရဲ့ မဟုတ် လား"

"ရပါတယ်..."

"ခင်အုံမှာ ကျုပ်ကိုပြောစရာဆိုစရာ ကိစ္စများရှိသေးသလားဟင်..."

"မရှိပါဘူး... ဗိုလ်မိုးကျော်... ခုလို ခင်အုံ့ကို ကယ်ဆယ်စောင့် ရှောက်ထားတာကိုပဲ ကျေးဇူးတင်လို့ မဆုံးနိုင်ပါဘူး" ခင်အုံသည် မျက် လွှာချကာ ခပ်တိုးတိုး ခပ်အုပ်အုပ်ပြောဆို၏။ "ဒါဖြင့် ကျုပ်ခုလာခဲ့တဲ့ ကိစ္စနဲ့ပတ်သက်လို့ ခင်အုံကြိုကြိုတင်တင် သိရှိထားရအောင် ပြောရဦး မယ်..."

"ပြောစရာရှိတာပြောပါ ဗိုလ်မိုးကျော်..." ခင်အုံသည် တောပုန်း ကြီးမိုးကျော်ကို မျက်လွှာပင့်၍ ကြည့်ရင်းပြောဆို၏။

"ကိစ္စကတော့ အရေးကြီးတဲ့ ကိစ္စတစ်ခုပဲ... ဒါပေမဲ့ စိုးရိမ်တကြီး ဖြစ်စရာတော့ မဟုတ်ပါဘူး... နည်းနည်းပါးပါး... သတိဝီရိယကလေး ထားဖို့လောက်ပါ" မိုးကျော်သည် ဆေးတံထဲသို့ ဆေးတစ်အိုးစာထပ် ဖြည့်ရင်း အေးအေးဆေးဆေးပြော၏။

"သတိထားရမယ့် ရှင့်ကိစ္စကိုသာ ပြောပဲပြောစမ်းပါဦး"

"ကိစ္စကတော့ တခြားမဟုတ်ပါဘူး... ခင်အုံနဲ့ ကျုပ်ကို မရအရ



ဖမ်းဖို့အတွက် စည်သာမြို့စားကြီးက မင်းဝံချောင်းရိုးကို သူ့စစ်သား တွေ လွှတ်တော့မယ်ဆိုတဲ့သတင်းပေါ့..." ဆေးတံကို မီးညှိရင်း မိုး ကျော်က သူပြောစရာရှိသော ကိစ္စကို ပြောဆိုသွား၏။

ခင်အုံသည် ခေတ္တမျှငိုင်သွား၏။

"မြို့စားကြီးဦးကျော်ခေါင် လွှတ်လိုက်တဲ့တပ်သားတွေ ခင်အုံရှိတဲ့ ညောင်နီပင်အထိ ရောက်လာနိုင်စရာ အကြောင်းမရှိဘူးထင်ပါတယ်... ဒါပေမဲ့ လိုရမည်ရ သတိဝီရိယကလေးထားနိုင်အောင် ခုလို လာသတိ ပေးရတာပါလေ..."

"ဟင် မြို့စားကြီးတပ်တွေ လာတော့မလို့တဲ့လား..." ခင်အုံသည် သူ့ဟာသူ အန္တရာယ်ကို တွေးကြောက်ကာ အလန့်တကြား မေးမြန်းခြင်း ပြုလိုက်ဟန် တူ၏။

"ခင်အုံရှိရာ မရောက်မလာနိုင်အောင် ကျုပ်တို့ ခုခံကြမှာပါ"

"ရှင်တို့ မခုခံနိုင်လို့ ရောက်လာရင်လည်း သင်းတို့လက်တော့ အပါ မခံပါဘူး။ ခင်အုံကိုယ်ခင်အုံ အဆုံးစီရင်လိုက်ဖို့ စဉ်းစားထားပြီးသား ပါ"

"စိတ်ချပါခင်အုံ... ဒီကိုမြို့စားကြီးတပ်တွေ ရောက်မလာစေရပါဘူး လို့ ကျုပ်တာဝန်ခံပါမယ်။ တကယ်လို့များ ရောက်လာရင်တော့ ကျုပ် ခေါင်းကိုဖြတ်၊ ကျုပ်အလောင်းကို ကျော်နင်းပြီးမှသာ ရောက်လာနိုင် ကြမှာပါ..."ဟု အာမခံပြောကြားရင်း တောပုန်းကြီးမိုးကျော်သည် ထိုင် ရာမှ ဆတ်ခနဲထလိုက်၏။

"ဟင်... ရှင်ခု ပြန်တော့မလို့လား..." ခင်အုံသည် ပုဆစ်တုပ်ထိုင် နေရာမှ ကတိုက်ကရိုက်ထကာ မေးမြန်းလျက်ရှိ၏။

"ဟုတ်တယ်ခင်အုံ... ကျုပ်မပြန်ရင် မဖြစ်သေးလို့ ပြန်ရလိမ့်မယ်..." မိုးကျော်သည် ခင်အုံကိုကျောခိုင်းရင်း ပြောဆို၏။

"ရှင်... ထမင်းကလေးလောက်မှ မစားသွားနိုင်တော့ဘူးလားဟင်"

"မနက်ဖြန်ဆိုရင် မြို့စားကြီး ဦးကျော်ခေါင်ရဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေ စည်သာမြို့တွင်းက စထွက်လာကြတော့မှာမို့... ထမင်းစားနေဖို့ အချိန်မရလှဘူး၊ ဒါကြောင့် ကျုပ်ကိုသွားခွင့်ပြုပါဦး..."ဟု ခွင့်ပန်ပြောကြား၍ ထွက်အလာတွင် "ရှင်... ဘယ်တော့လောက် ရွာကိုပြန်လာဦးမလဲဟင်၊ ဗိုလ်မိုးကျော်"ဟု ခင်အုံက စကားစမပြတ်ချင်သေးသော အမူအရာဖြင့် မေးနေပြန်၏။

တောပုန်းကြီး မိုးကျော်သည် အိမ်အပေါ်ထပ်မှ ဆင်းတော့မည်ပြုနေရာမှ မေးခွန်းရှင်ကို စောင်းငဲ့၍ ကြည့်ရင်း "ကိစ္စတွေ အေးချမ်းသွားရင် လာခဲ့ဦးမယ်လေ..."ဟု တစ်ဖက်သားကျေနပ်သွားအောင် ဖြေသိမ့်ပြောကြား၏။

"ဒီတစ်ခါလာရင် ရှင့်လက်စွဲ ဗိုလ်တောက်ထွန်းကြီးလည်းပါအောင် ခေါ်လာခဲ့ပါ... ဒီလူကြီးက ရယ်စရာမောစရာပြောတတ်တော့ ရယ်ရမောရလို့ပါ"ဟု ခင်အုံက မှာကြားသောအခါ တောပုန်းကြီးမိုးကျော်သည် ဦးခေါင်းကိုသာ ညိတ်ပြပြီးနောက် အိမ်ပေါ်ထပ်မှ ဆင်းလာခဲ့၏။

## [ ၄ ]

မြို့စောင့်တပ်မှူးကြီး ဗလကျော်ထင် ဦးစီးကွပ်ကဲ၍ တောပုန်းကြီး မိုးကျော်နှင့် သူ၏နောက်လိုက်နောက်ပါများကို ချေမှုန်းဖျက်ဆီးရန်အတွက် တိုက်စည်တိုက်မောင်းများဖြင့် စည်သာမြို့မှ ချီတက်လာခဲ့ကြပြီးနောက် စည်သာမြို့နှင့် ခရီးတစ်သောင်းခွဲသာသာခန့် တစ်နေရာတွင် တိုက်ပွဲကြီးတစ်ပွဲဖြစ်ပွား၏။ စည်သာမြို့တံခါးဖွင့်၍ ထွက်လာခဲ့ကြပြီးနောက် သုံးရက်ခန့်အကြာဖြစ်ပွားရသော တိုက်ပွဲသည် အလွန်တရာကြီးမားပြင်းထန်သော တိုက်ပွဲလည်းဖြစ်၏။ ထိုတိုက်ပွဲတွင် ဘုရင့်တပ်



မတော်ကို ဦးစီးကွပ်ကဲသော တပ်မှူးကြီး ဗလကျော်ထင် ဦးခေါင်းပြုတ်ထွက်သွားရုံမျှသာမက တပ်သားအစိတ်သာသာခန့်မျှ ကျဆုံးကာ လူပေါင်း သုံးဆယ်ခန့် အနာတရ ဒဏ်ရာရရှိသွားခဲ့ကြ၏။ လက်နက်ခဲယမ်းမီးကျောက်များလည်း အတော်များများ လက်လွတ်ဆုံးရှုံးလိုက်ရ၏။ ယင်းသို့ အထိအခိုက် အကျအဆုံးများပြားလှရကား တပ်ပျက်သလောက် ဖြစ်သွား၏။ စစ်မြေပြင်မှ ကစဥ့်ကလျားနှင့် စွတ်မိစွတ်ရာသို့ ထွက်ပြေးကြသော တပ်ကြပ်တပ်သားများကို ကျဆုံးသွားသော တပ်မှူးကြီး ဗလကျော်ထင်၏ လက်ထောက်တပ်မှူးကြီးသည် ပတ်တုတ်၍ မရနိုင်လောက်အောင်ဖြစ်ခဲ့ရ၏။ ထိခိုက်ဒဏ်ရာရရှိကြသော တပ်သားများကိုလည်း ကြည့်ရှုမည့်သူ မရှိသလောက်အထိ ဖြစ်ပွားခဲ့၏။

တောပုန်းဆိုသူများနှင့် ဖြစ်ပွားရသော ထိုတိုက်ပွဲကို တပ်မှူးကြီး ဗလကျော်ထင်သည် သူ့အနေနှင့် မည်ကဲ့သို့မျှ မျှော်လင့်ထင်မှတ်ခြင်း မပြုနိုင်သော အချိန်၊ နေရာနှင့် အခြေအနေမျိုးတွင် ဘာမှ အဆင်သင့်ပြင်ဆင်ခြင်းမရှိဘဲ မြုန်းစားကြီး ရင်ဆိုင်တိုက်ခိုက်ရခြင်းဖြစ်၏။ လက်ဦးမှုကို သူ၏ ရန်သူများက ကောင်းစွာ ရယူသွားခဲ့ကြ၏။ ထိုသို့ ရယူသွားခဲ့သော အခွင့်အရေးကိုလည်း ကောင်းကောင်းကြီး အသုံးချနိုင်ခဲ့၏။ တိုက်ပွဲတစ်ပွဲတွင် အချိန်၊ နေရာနှင့် အခြေအနေတို့ကို ကျွမ်းကျွမ်းကျင်ကျင် လိမ်လိမ်မာမာ အသုံးချနိုင်သောဘက်သည် တစ်ပန်းသာပြီးသား ဖြစ်သည်မဟုတ်သလော။ မိမိကပါ အဆင်သင့်မရှိဘဲ အငိုက်မိခံလိုက်ရသောအခါတွင်ကား အဘယ်ဆိုဖွယ်ရာရှိပါတော့မည်နည်း။

တပ်မှူးကြီးဗလကျော်ထင်သည် စည်သာမြို့မှ ထွက်လာခဲ့ပြီးနောက် မင်းဝံချောင်းရိုးတစ်လျှောက် ရွာစဉ်အတိုင်း တစ်စခန်းပြီးတစ်စခန်းချကာ ချီတက်လာခဲ့၏။ သူတိုက်ခိုက်ဖမ်းဆီးရမည့် ရန်သူများ၏ သတင်းကိုလည်း ဟိုကသည်ကရသလောက် ထောက်လှမ်းစုဆောင်း၏။ သို့ရာ

တွင် ရွာသူရွာသားများ၏ စေတနာနှင့် မေတ္တာကို ခံယူခြင်းမရှိသော ကြောင့် သူသည် ရန်သူ့သတင်းများကို မှန်မှန်ကန်ကန် မရရှိနိုင်ပေ။ သူရသမျှ သတင်းများသည် တလွဲချည်းသာဖြစ်နေ၏။ ထိုအခါ သူသည် စိတ်တိုလာပုံရ၏။ စိတ်တိုလာသော တပ်မှူးတစ်ယောက်သည် သူစဉ်းစားတွက်ချက်ရမည့် ကိစ္စရပ်များကို ဦးခေါင်းအေးအေးထားရှိကာ မှန်မှန်ကန်ကန် တွက်ချက်စဉ်းစားနိုင်အားမရှိတော့ချေ။ ရမ်းရမ်းကားကား ဖြစ်လာ၏။ အောက်ခြေလည်း လွတ်၏။ စိတ်တို၍ ရမ်းကားကား၊ ရမ်းကားသဖြင့် အောက်ခြေလွတ်နေသော တပ်မှူးကြီးတစ်ဦးသည် စစ်ပွဲတစ်ပွဲကို ဦးဆောင်တိုက်ခိုက်ရန်အတွက် အရည်အချင်းများ လျော့နည်းသွား၏။ အခြေအနေကို မှန်မှန်ကန်ကန် မတွက်ချက် မသုံးသပ်နိုင်တော့ဘဲ စိတ်လိုက်မာန်ပါ လုပ်တတ်၏။ ရန်သူနောက်သို့ ကမူးရှူးထိုး လိုက်တတ်သော တပ်မှူး၏ ရလဒ်မှာကား ပျက်စီးဆုံးရှုံးရခြင်းပင်ဖြစ်၏။ အင်းဝခေတ် မြန်မာစစ်သူကြီး မင်းရဲကျော်စွာသည် ထိုကြမ္မာမျိုးနှင့် တိုးခဲ့ဖူးပြီ မဟုတ်သလော။

တောပုန်းကြီးမိုးကျော်၏ လှုပ်ရှားသွားလာမှုနှင့်ပတ်သက်သော သတင်းများကို သုံးရက်တိုင်တိုင် ဘာအစအနကလေးလောက်မျှ မရရှိသောအခါ တပ်မှူးကြီး ဗလကျော်ထင်သည် သည်းညည်းမခံနိုင်လောက်အောင် ဖြစ်လာပုံရ၏။ ရန်သူ၏ သတင်းဘာမျှမရရှိသဖြင့် အဘယ်သို့ လိုက်လံရှာဖွေတိုက်ခိုက်ရမှန်းမသိနိုင်အောင် ဖြစ်နေသော တပ်မှူးကြီးသည် မင်းဝံချောင်းဖျားဘက်ရှိ ရွာဆိုးကုန်းတစ်နေရာတွင် စခန်းချတပ်စွဲ၏။ ထိုစခန်းမှနေ၍ အနီးအနားတစ်ဝိုက်ရှိ ကျေးရွာများမှ ရွာသားများကို ဆင့်ခေါ်ကာ ရနိုင်သမျှ ရန်သူ့သတင်းများကို ခပ်စပ်စပ် ခပ်နာနာကလေး ကွပ်ညှပ်၍ နှိုက်ထုတ်ရန် ပြုလုပ်ခဲ့၏။ သို့ရာတွင် ရွာသားများထံမှ တောပုန်းမိုးကျော်၏ လှုပ်ရှားထွက်ဝင်မှုသတင်းဆို၍



ဘာမျှမရခဲ့ပေ။ ထိုညသန်းခေါင်ကျော် လင်းအားကြီး အချိန်ပိုင်းလောက်တွင် ကင်းများပါ အိပ်မောကျနေသော တပ်မှူးကြီး ဗလကျော်ထင်၏ တပ်ကို တောပုန်းများက အလုံးအရင်း အားကောင်းကောင်းဖြင့် တရကြမ်းဝင်ရောက်စီးနင်းသွားကြ၏။ ကြောင်ကကြွက်ကို အနိုင်ကျင့်သလို တောပုန်းဓားပြအခေါ်ခံရသူများက ဘုရင့်တပ်မတော်သားများကို စိတ်ထင်တိုင်း လုပ်ကိုင်သွားကြခြင်းလည်းဖြစ်၏။

ယင်းရွာဆိုးကုန်းတိုက်ပွဲတွင် တောပုန်းများဘက်မှ ရှေ့ဆောင်ဦးစီး ဗိုလ်မိုးကျော်ပင်မဟုတ်၊ ၎င်း၏ လက်ထောက် ဗိုလ်တောက်ထွန်းဆိုသူဖြစ်၏။ ဗိုလ်တောက်ထွန်းသည် လက်နက်ကိုင်လူပေါင်းနှစ်ရာနီးပါးခန့်ဖြင့် အမြဲတမ်းတပ်မှူးကြီးနှင့် တပ်သားများကို လှလှပပအနိုင်ယူသွားခြင်းဖြစ်၏။ သို့ရာတွင် ၎င်း၏ လက်နက်ကိုင်တပ်သားနှစ်ရာခန့်အတွင်း အမြဲတမ်း တပ်သားအစိတ်ခန့်လောက်သာပါရှိ၏။ ကျန်တပ်သားများမှာ အနီးအနားတစ်ဝိုက်မှ ရွာသားများသာဖြစ်ကြ၏။ ယင်းသို့ ဘေးမှ ရွာသူရွာသားများများစားစား ပါဝင်လာကြခြင်းမှာ တောပုန်းကြီးမိုးကျော်နှင့် တောက်ထွန်းတို့ အစည်းအရုံးသိမ်းသွင်းကောင်းမွန်သည်ထက် စည်သာမြို့စားကြီးနှင့် ၎င်း၏တပ်မှူးကြီးတို့က အတင်းအဓမ္မ တွန်းပို့ပေးကြသောကြောင့် ဖြစ်၏။

စည်သာမြို့စောင့်တပ်မှူးကြီး ဗလကျော်ထင် ခေါင်းပြတ်၍ ဘုရင့်အစိုးရ၏ လက်နက်ကိုင်တပ်ဖွဲ့ကြီးတစ်ဖွဲ့လုံး အကျအဆုံး အထိအခိုက်များပြားစွာဖြင့် ကစဥ့်ကလျားဖြစ်သွားသည်ဆိုသော သတင်းသည် နေ့ချင်းညချင်း မင်းဝံချောင်းရိုးတစ်လျှောက်တွင် ပျံ့နှံ့၍သွား၏။ အသက်မသေဘဲ ကျန်ရစ်သော လက်ထောက်တပ်မှူးကြီးသည် ၎င်း၏တပ်သားများကို ရနိုင်သမျှ ကောက်သင်းကောက် စုဆောင်းကာ စည်သာသို့ သေပြေးရှင်ပြေး ပြေးရ၏။ စစ်ပျက်ရသောအလုပ်သည် အလွန်ဆိုးရွား

သော အလုပ်တစ်လုပ်ဖြစ်၏။ အသက်ကို ထားစရာနေရာ ရှာမရအောင်
ဖြစ်တတ်၏။ သွေးအပျက်ကြီးပျက်သဖြင့် ကိုယ့်ကိုယ်ကိုယ်လည်း အယုံ
အကြည်မရှိတော့။ သေချင်စော်နံ၏။

ဒဏ်ရာရရှိလာသော တပ်သားများနှင့် သွေးပျက်ချောက်ချားနေ
သော တပ်သားများကို သယ်ပိုးဆောင်ကြဉ်းကာ စည်သာမြို့တံခါးဝသို့
ရောက်ရှိလာသောအခါ လက်ထောက်တပ်မှူးကြီးသည် စည်သာမြို့စား
ကြီး ဦးကျော်ခေါင်၏ အကြိမ်းအမောင်း၊ အဆူအပူနှင့် အကန်အ
ကျောက် အကွပ်အညှပ်ခံရမည့်အရေးကို အလွန်တရာကြောက်ရွံ့လှ
ရကား ရှေးဦးစွာစစ်ကဲကြီး ဦးရွှေနှောင်းအိမ်သို့ တိတ်တခိုးဝင်ရ၏။
ဘုရင့်တပ် အပျက်ကြီးပျက်လာသော သတင်းကို ကြိုတင်ကြားသိထား
ပြီးဖြစ်သော စစ်ကဲကြီးသည် စစ်ရှုံးတပ်မှူးကို မသက်မသာလက်ခံတွေ့
ဆုံ၍ အရပ်ရပ်အစီရင်ခံချက်များကို ကြားနာခြင်းပြုရ၏။

"ကျွန်တော်တို့ကို ကယ်ပါဦး စစ်ကဲကြီး..." ဟု လက်ထောက်တပ်
မှူးကြီးက အကူအညီတောင်းခံလာသောအခါ စစ်ကဲကြီးသည် လက်
နှစ်ဖက်ကို ကျောနောက်သို့ပစ်၍ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်
နေရာမှ သက်ပြင်းကို ချလိုက်၏။ အဘယ့်ကြောင့်ဆိုသော် စစ်ရှုံးလာ
သော လက်ထောက်တပ်မှူးကြီးကို ကူညီဖို့ထက် သူ့ကိုယ်သူ ကူညီရန်
ပင် နည်းလမ်းမတွေ့ရှိရသေးသောကြောင့် ဖြစ်ဟန်တူ၏။

[ ၅ ]

တောပုန်းဓားပြမိုးကျော်၏ ဂိုဏ်းကို တိုက်ခိုက်ရှင်းလင်းရန် လက်
နက်ခဲယမ်းမီးကျောက် အစုံအလင်နှင့် စေလွှတ်လိုက်သော တပ်ဖွဲ့ကြီး
ကစဥ့်ကလျားဖြစ်သွားခဲ့ရရုံမျှသာမက ယင်းတပ်ဖွဲ့ကြီးကို ဦးစီးကွပ်ကဲ
သော တပ်မှူးကြီးဖြစ်သူပါခေါင်းအဖြတ်ခံလိုက်ရသော အစီရင်ခံချက်



ကို ကြားလိုက်ရကတည်းက စစ်ကဲကြီး ဦးရွှေနှောင်းသည် မျက်စိပျက် မျက်နှာပျက်ဖြစ်နေ၏။ ဣန္ဒြေလုပ်ကာ နားထောင်နေရသော်လည်း သွေးပျက်လျက်ရှိ၏။

"မင်းတို့ဟာ တကယ်ပေါ့လျော့တာကိုးကွ" ဟု ဟန်လုပ်၍သာ စစ်ရှုံးတပ်မှူးကို မာန်လိုက်မဲလိုက်ရသော်လည်း စစ်ကဲကြီး၏ အသံ တွင် အားမာန်မပါ ခပ်ခြောက်ခြောက်ဖြစ်နေ၏။

အစီရင်ခံစရာ ရှိသမျှကို အစီရင်ခံပြီးစီး၍ စစ်ရှုံးတပ်မှူး သူ့အိမ် ထက်မှပြန်ဆင်းသွားသောအခါ စစ်ကဲကြီးသည် သူ့နည်းနှင့်သူ၊ သူ့ အဆက်အသွယ်နှင့်သူ ရရှိထားသော နိုင်ငံခြားဖြစ် အရက်တစ်ခွက်ကို ကတိုက်ကရိုက်ငှဲ့၍ သောက်လိုက်ရ၏။ ပျက်နေသောသွေးကို အရက် ဖြင့်ထိန်းရန် အားထုတ်ခြင်းဖြစ်ပုံရ၏။

မြို့စားကြီးသည် တပ်ပျက်သွားခဲ့ရသော အရေးနှင့်ပတ်သက်၍ မကြာမီ သူ့ကို ဆင့်ခေါ်လိမ့်မည်ဖြစ်သည်မဟုတ်သလော။ သူထင်ရာ စွတ်၍ တဇောက်ကန်းလုပ်တတ်ကိုင်တတ်သော ထိုသတ္တဝါကြီးကို သူ သည် အဘယ်သို့ရင်ဆိုင်ရမည်နည်း၊ သူအငမ်းမရလိုချင်နေသော ခင် အုံနှင့် သူ၏ ပွဲကြီးပွဲကောင်းကို ဖျက်ဆီးခဲ့သော တောပုန်းကြီးမိုးကျော် ၏ ဦးခေါင်းတို့ကို မရမချင်း အငြိမ်နေနိုင်လိမ့်မည်မဟုတ်သော စည် သာမြို့စားကြီး၏ အကြောင်းကို စစ်ကဲကြီးသည် ကောင်းစွာသိရှိနား လည်ထားသူဖြစ်၏။ ထိုလူကြီးသည် ဇွတ်တရွတ်သမားကြီးလည်းဖြစ် ၏။ အကျိုးသင့်အကြောင်းသင့်ပြောဆို၍ ရသူလည်းမဟုတ်၊ စစ်ကဲ ကြီးသည် သူ၏အိမ်ပေါ်ထပ်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေ ရာမှ နိုင်ငံခြားအရက်တစ်ခွက်ကို ငှဲ့ကာသောက်လိုက်ပြန်၏။

သူထင်ရာစွတ်လုပ်တတ်သော မြို့စားကြီးမိုက်မဲမှုကြောင့် ဘာမ ဟုတ်သော မိန်းကလေးတစ်ယောက်အတွက်နှင့် မြို့စောင့်တပ်မှူးကြီး

တစ်ယောက်လုံး ခေါင်းပြတ်ကာ တပ်လည်းအပျက်ကြီး ပျက်ခဲ့ရပြီဖြစ်
၏။ သို့ရာတွင် ထိုမျှ အထိနာခဲ့ရသည့်တိုင်အောင် ထိုလူကြီးသည်
သူ၏အမှားကို စဉ်းစားရကောင်းမှန်း သိရှိလိမ့်ဦးမည်မဟုတ်ပေ။ ယခု
တစ်ကြိမ်တပ်ပျက်လျှင် နောက်တစ်ကြိမ်တပ်ဖွဲ့၍ မင်းဝံချောင်းဖျားတစ်
ဝိုက်သို့ မုချမလွဲစေလွှတ်လိမ့်ဦးမည်သာဖြစ်၏။ တပ်သားများမရှိလျှင်
ဘုရင့်အစိုးရအမိန့်ကို အသုံးပြုကာ ရသည့်ဖြစ်သည့်နည်းနှင့်ရှာဖွေ
စုဆောင်းလိမ့်မည်ဖြစ်၏။ ယင်းသို့ တပ်သားများ ထပ်မံစုဆောင်း၍
နောက်တစ်ကြိမ်စေလွှတ်ခြင်းပြုသောတပ်ဖွဲ့ကို စစ်ရှုံးခဲ့သူလက်ထောက်
တပ်မှူးကြီးအား ဦးစီးကွပ်ကဲခွင့်ပေးလိမ့်မည်မဟုတ်၊ သူမှတစ်ပါး ထို
တပ်ဖွဲ့ကို ကွပ်ကဲရန်အခြားဘယ်သူ့ကို တပ်မင်းခန့်အပ်လိမ့်မည်နည်း၊
တာဝန်ပေးလိမ့်မည်နည်း။

စစ်ကဲကြီးဦးရွှေနှောင်းသည် သန်မာဖျတ်လတ်စဉ်က စစ်မှုထမ်းတစ်
ဦးဖြစ်၏။ စစ်မှုထမ်းမျိုးရိုးမှ ဆင်းသက်ပေါက်ပွားလာခဲ့သူဖြစ်၍ ဘုရင့်
အစိုးရ၏ လက်နက်ကိုင်တပ်ဖွဲ့များတွင် တပ်သား၊ တပ်ကြပ်နှင့် တပ်
မှူးများအဖြစ်ဖြင့် နှစ်ကာလအတန်ကြာမျှ စစ်မက်ရေးရာ တာဝန်များ
ထမ်းဆောင်ခဲ့ရ၏။ နိုင်ငံတော်၏ လွတ်လပ်ရေးအတွက် တွန်းလှန်ခုခံ
ရသော စစ်ပွဲကြီးများကိုသာ မဆင်နွှဲခဲ့ရဘူးသော်လည်း ဘုရင့်အစိုးရ၏
အာဏာစက်တည်တံ့ခိုင်မြဲရေးအတွက် ခိုးသား ဓားပြများနှင့် သူပုန်
သူကန်များကိုမူကား တိုက်ခိုက်နှိမ်နင်းခဲ့ရဖူး၏။ မိုးနဲ ရှမ်းသူပုန်နှင့်
ကချင်သူပုန်များကို တပ်ကြပ်တပ်မှူးရာထူးများဖြင့် နှိပ်ကွပ်ခဲ့ရဖူး၏။

တကယ်ဆိုတော့ စစ်တိုက်ရသောအလုပ်သည် ကောင်းမွန်သက်
သာသော အလုပ်အကိုင် တစ်ရပ်မဟုတ်ပေ။ ပျော်ရွှင်ချမ်းမြေ့စရာ
ကောင်းလှသော အလုပ်အကိုင် အမျိုးအစားထဲကလည်း မဟုတ်ချေ။
သူသေသေ၊ ကိုယ်သေသေ ပစ်ရခတ်ရ၊ ခုတ်ရထစ်ရ၊ သတ်ရဖြတ်ရ
သော အလုပ်အကိုင်ကြမ်းဖြစ်၏။ သွေးရဲရဲ သံရဲရဲ အလုပ်အကိုင်မျိုး



ဖြစ်၏။ အသက်နုနယ်ငယ်ရွယ်စဉ် အခါကာလများက လက်ပြတ်ခြေ
ပြတ်နှင့် ခေါင်းပြတ်ကြီးများကို ကြည့်ရမြင်ရသော အလုပ်သည် သွေး
ပျက်စရာ မဟုတ်သော်လည်း တစ်စတစ်စ အသက်အရွယ်ရရှိလာသော
အခါ ကတုန်ကယင်ဖြစ်လာ၏။ အသက်က စကားပြောလာခြင်း ဖြစ်ပုံ
ရ၏။ အသိတရားကလည်း သတိပေးလာခြင်း ဖြစ်ဟန်တူ၏။ ထို့
ကြောင့် များမကြာမီကမှ သူသည် ထိုကဲ့သို့သော အလုပ်အကိုင်မျိုးကို
ရှောင်ကွင်းလိုသောကြောင့် စစ်မှုထမ်းဘဝမှ အုပ်ချုပ်ရေးဘက်သို့
ပြောင်းရွှေ့ခဲ့သူတစ်ဦးဖြစ်သည် မဟုတ်သလော။ ယင်းသို့ သွေးရဲရဲ
သံရဲရဲ အလုပ်အကိုင်များကို အသက်အရွယ်ရရှိလာသဖြင့် မလုပ်လို
မကိုင်လို၍ အုပ်ချုပ်ရေးဘက်သို့ ပြောင်းရွှေ့လာခဲ့ပြီးကာမှ ထိုအလုပ်
အကိုင်မျိုးကို စစ်ကဲကြီး ဦးရွှေနှောင်းသည် မယားတရှူးမြို့စားကြီး ဦး
ကျော်ခေါင်အတွက် လုပ်နေကိုင်နေရဦးမည်လော၊ နိုင်ငံတော်ကာကွယ်
ရေးအတွက် သူသေသေကိုယ်သေသေ တိုက်ရခိုက်ရသော အလုပ်အ
ကိုင်မျိုးကို လုပ်ကိုင်ခြင်းပြုရန် အပန်းမကြီးလှသော်လည်း စည်သာမြို့
စားကြီး၏ ကိုယ်ကျိုးစီးပွားသက်သက်အတွက်လောက်နှင့်တော့ သူ
သည် အသေလည်း မခံချင်တော့သလို သတ်ဖြတ်ရသော အလုပ်ကို
လည်း မလုပ်ကိုင်လိုတော့ပေ။

သို့ရာတွင် စစ်ကဲကြီးဦးရွှေနှောင်းသည် စည်သာမြို့စားကြီးကို
အဘယ်သို့ ရင်ဆိုင်ခြင်းပြုရမည်နည်း။ သို့မဟုတ် အဘယ်ပုံအဘယ်
နည်း ရှောင်ကွင်းရပါမည်နည်း။ မြို့စားကြီး ဦးကျော်ခေါင်သည် ဘုရင်
မင်းမြတ်နှင့် မိဖုရားခေါင်ကြီးတို့၏ ကျွန်တော်ရင်း တစ်ဦးဖြစ်၏။
ရွှေနားတော်ပေါက်ကြားအောင် လျှောက်ထားပြောကြားနိုင်သူလည်း
ဖြစ်၏။ ထို့ကြောင့် ထိုလူကြီးနှင့်သာ အဆင်ပြေညီညွတ်မှုမရှိလျှင်
လှလှကြီး ဒုက္ခများရကြောင်း မရှိနိုင်သလော။

စစ်ကဲကြီး ဦးရွှေနှောင်းသည် များစွာ စိတ်ဓာတ်ကျဆင်းလျက်ရှိ

၏။ သို့အလွန်တရာငြီးငွေ့၍ မလုပ်ချင်၊ မကိုင်ချင်သော အလုပ်အကိုင်ကို မလုပ်ရ၊ မကိုင်ရအောင် အဘယ်သို့ပြုလုပ်ရမည်နည်း။ တစ်ချိန်တည်းမှာပင် စည်သာမြို့စားကြီး၏ အမျက်တော်မသင့်အောင်လည်း အဘယ်သို့ လုပ်ဆောင်ရပါမည်နည်း။

စစ်ကဲကြီးသည် လက်နှစ်ဖက်ကို ကျောနောက်သို့ပစ်ကာ ခေါက်တုန့်ခေါက်ပြန်လျှောက်လျက်ရှိ၏။ ယင်းသို့ ဂနာမငြိမ်ဖြစ်ကာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း သူ၏ ဦးနှောက်ကိုလည်း အတင်းဖျစ်ညှစ်နေပုံရ၏။ တကယ်ဆိုတော့ သူရင်ဆိုင်နေရသော အလုပ်သည်အလွန်တရာ ဘေးရောနံပါကျပ်လှသော အလုပ်မဟုတ်သလော။

စည်သာမြို့စားကြီးသည် သူလက်ထပ်သိမ်းပိုက်တော့မည့်ဆဲဆဲဖြစ်သော ကြင်ရာလောင်းကို လုယက်ယူငင်သွားပြီးနောက် သူ၏မြို့စောင့်တပ်မှူးကြီးတစ်ယောက်လုံးကိုလည်း ခေါင်းဖြတ်ကာ သူ့လက်နက်ကိုင်တပ်ဖွဲ့ကြီးတစ်ဖွဲ့ကိုပါ ရစရာမရှိလောက်အောင် ဖျက်ဆီးပစ်လိုက်သော မိုးကျော်အမည်ရှိသော တောပုန်းကြီး၏ ဦးခေါင်းကိုအပူတပြင်း အလိုရှိနေလိမ့်မည်သာဖြစ်၏။ တစ်ချိန်တည်းမှာပင် သူတပ်မက်မြတ်နိုးလှသော ကြင်ရာလောင်းခင်အုံကိုလည်း ငမ်းငမ်းတက်အလိုရှိနေလိမ့်မည်သာဖြစ်၏။ ထို့ကြောင့် တောပုန်းကြီး မိုးကျော်၏ ဦးခေါင်းပြတ်နှင့် စည်သာမြို့၏ လှခေါင်မင်းတို့ကိုသာ မည်သည့်နည်းနှင့်ပင်ဖြစ်ဖြစ် သူ့ရှေ့တော်အရောက်ဆောင်ကြဉ်းပေးနိုင်မည်ဆိုလျှင် စစ်ကဲကြီးဦးရွှေနှောင်းအဖို့ ချမ်းသာရာသက်သာရာ ရနိုင်၏။ ယခုထက် တစ်ဆင့်မြင့်သော ရာထူးကိုပင် နေပြည်တော်၌ ရနိုင်စရာအလားအလာကောင်းများလည်း ရှိနိုင်၏။ သို့ရာတွင် ဦးခေါင်းပြတ်တစ်လုံးနှင့် မိန်းမလှတစ်ယောက်တို့ကို အဘယ်နည်းနှင့် ဆောင်ကြဉ်းရပါမည်နည်း။

စစ်ကဲကြီးဦးရွှေနှောင်းသည် များစွာခေါင်းခဲလျက်ရှိ၏။

❒

# စစ်ကဲကြီးနှင့် လူဆိုးငအောင်ကြီး

## [ ၁ ]

စည်သာမြို့စားကြီး၏ မျက်နှာသည် ရှစ်ခေါက်ချိုးနှင့်ဖြစ်၏။ နီမြန်းလျက်ရှိ၏။ နဖူးနှင့် နားထင်ကြောကြီးများသည်လည်း ထိုးထိုးထောင်ထောင် ဖြစ်နေ၏။ ထိုမျှသာမဟုတ်သေး၊ သူ၏ခန္ဓာကိုယ်အတ္တဘောကြီးတစ်ခုလုံးသည်လည်း နတ်ကျသည့်အလား တဆတ်ဆတ်တုန်နေ၏။

သူ၏မျက်လုံးနှစ်လုံးသည် မီးခိုးများပင် ထွက်လာတော့မလောက်ဖြစ်နေ၏။ အလွန်တရာဒေါသူပုန် ထနေပုံလည်းရ၏။ သူ၏စိတ်လှုပ်ရှားမှုကို ထိန်းသိမ်းနိုင်စွမ်းရှိသူ တစ်ဦးမဟုတ်သဖြင့် သူ့ရှေ့ရှိစားပွဲကိုလည်း မကြာမကြာ တဝုန်းဝုန်းနှင့်ထု၏။ အလွန်အမင်း စိတ်လှုပ်ရှားလာသောအခါများတွင် စားပွဲပေါ်ရှိပစ္စည်းများနှင့် ဟိုပစ်သည်ပစ် လုပ်တတ်သည်အထိ သောင်းကျန်း၏။

မြို့စားကြီးဦးကျော်ခေါင်၏ ရုံးခန်းအတွင်း စစ်ရှုံးစစ်သူကြီးတစ်ဦးလည်းရှိ၏။ ထိုစစ်သူကြီးသည် စစ်သားနှင့်မတူဘဲ ကြွက်စုတ်ကလေး

အလားဖြစ်နေ၏။ စစ်သားနှင့်မတူအောင် တောင့်တောင့်ရောင့်ရောင့်မရှိ၊ ပျော့စိပျော့ဖတ် ဖြစ်နေ၏။

မင်းဝံချောင်းဖျားတွင် တပ်ပျက်သွားသော အရေးအခင်းနှင့်ပတ်သက်၍ သူ့တွင်တာဝန်ရှိသည့်အတိုင်း လာရောက်သတင်းပို့သော လက်ထောက်တပ်မှူးကြီးကိုသာမက စစ်အပျက်တွင် ဦးခေါင်းပါကိုယ်နှင့်အိုးစားကွဲသွားခဲ့ရသော မြို့စောင့်တပ်မှူးကြီး ဗလကျော်ထင်ကိုပါ စည်သာမြို့စားကြီးသည် ရစရာမရှိလောက်အောင် ဆဲရေးကြိမ်းမောင်းလျက်ရှိ၏။ လူကြားသူကြား၍မျှ မလျော်လှအောင် ညစ်ညစ်ညမ်းညမ်း တိုင်းထွာခြင်းလည်းပြု၏။

"ဘာမဟုတ်တဲ့ တောပုန်းဓားပြကလေးတွေလောက်မှ နိုင်အောင်မတိုက်နိုင်ဘူးတဲ့လား... ဒါတွင်မကသေးဘူး တပ်ပါအပျက်ခံလိုက်ရသတဲ့လားကွ... ငါ့ချီး... ဘာသောက်သုံးကျတဲ့ တပ်မှူးတွေလဲကွ..."

မြို့စားကြီး ရွတ်ချပြောဆိုသမျှကို စစ်ရှုံးစစ်သူကြီးသည် ဘာတစ်ခွန်းတစ်ပါဒမျှ ဆင်ခြေမကန်ဘဲ ဇက်စင်း၍ခံနေ၏။ ရန်သူများနှင့်သူသေသေကိုယ်သေသေ တိုက်ခိုက်ရသော လက်နက်ကိုင်တပ်သားများကို ဗိုလ်လုပ်အုပ်ချုပ်ရသော စစ်သူကြီးသည် မြို့စားကြီး ဦးကျော်ခေါင်ရှေ့တွင် မိုးမိထားသော ကြွက်စုတ်ကလေးတစ်ကောင်နှင့်မခြားဖြစ်နေ၏။

"ဒီတိုက်ပွဲမှာ ငါသာဦးစီးလိုက်ရရင် မင်းတောပုန်းဓားပြတွေ တစ်ကောင်တစ်မြီးမှ မကျန်အောင် အရှင်ဖမ်းနိုင်တယ်ကွ၊ ခုတော့ မင်းတို့တပ်မှူးတွေ သောက်ပျင်းကြီးလို့သာ ခုလိုမရှုမလှ ခံလိုက်ရတာမဟုတ်လား..." စည်သာမြို့စားကြီးသည် သူ့အိမ်တော်ဝင်းအတွင်းမှ အပြင်သို့သာ မထွက်သော်လည်း သူ့ကိုယ်သူ ကိုယ်ရည်သွေးပြောဆိုရင်း စားပွဲကို လက်သီးနှင့်တဝုန်းဝုန်းထုလိုက်ပြန်၏။



လက်နှစ်ဖက်ကို နောက်သို့ပစ်ကာ ဦးခေါင်းကိုငုံ့၍ထားရာမှ လက်ထောက်တပ်မှူးကြီးသည် မြို့စားကြီးဦးကျော်ခေါင်ကို မရဲတရဲနှင့် မျက်လွှာပင့်၍ ကြည့်လိုက်၏။ သို့ရာတွင် ကြာကြာတော့မဟုတ်။ ခဏငယ်မျှလောက်သာဖြစ်၏။ စစ်မြေပြင်တွင် စစ်ပွဲတစ်ပွဲလောက်မျှ ဟုတ်တိပတ်တိ မတိုက်ဖူး၊ မခိုက်ဖူးခဲ့ဘဲနှင့် ဘုရင်နှင့် မိဖုရားတို့၏ ကျွန်ယုံဖြစ်၍သာ မြို့စားကြီးရာထူးရရှိလာခဲ့သူတစ်ဦးက တောပုန်းဓားပြများကိုတစ်ကောင်တစ်မြီးမျှ မလွတ်ရအောင် အရှင်ဖမ်းနိုင်သည်ဟုဆိုလာသောအခါ စစ်မြေပြင်တွင် မချိမဆံ့ ခံလာခဲ့ရသော စစ်သားကြီး တစ်ယောက်အနေနှင့် ဘာပြောစရာ ရှိသေးသနည်း။ သူသည် ဝမ်းထဲ၌သာပြုံးလိုက်ရ၏။

"ဘုရင်မင်းမြတ်အစိုးရရဲ့ လစာရိက္ခာတွေကို အခံ့သားထုတ်စားပြီးဘာမဟုတ်တဲ့ သူခိုးဓားပြကလေးတွေလောက်မှ နိုင်အောင်မတိုက်နိုင်ရင်ဒီလို တပ်ဗိုလ်တပ်မှူးတွေကို ဘယ်လိုနေရာမျိုးမှာ သွားပြီးအသုံးချရဦးမှာလဲကွ... ပြောစမ်းပါဦး..." အသက်မရှိသဖြင့် သည်းခံနိုင်စွမ်းရှိသောစားပွဲကိုထုကာ စည်သာမြို့စားကြီးသည် ကြိမ်းမောင်းပြီးရင်း ကြိမ်းမောင်း၍နေပြန်၏။

စစ်ရှုံးသူတပ်မှူးကြီးသည် ဒေါသူပုန်ထကြွနေသော မြို့စားကြီးကိုသူတို့တပ်များ ပျက်ခဲ့ရပုံနှင့်စပ်လျဉ်း၍ အကျိုးသင့်အကြောင်းသင့် ရှင်းလင်းပြောကြားရန် တာဝန်ရှိသကဲ့သို့ ဆန္ဒလည်းရှိ၏။ သို့ရာတွင် လက်အောက်အရာထမ်း တစ်ဦးကို စကားပြောခွင့်မပေးဘဲ သူကချည်းသာတစ်ကြိမ်းတည်းကြိမ်း၍ ဆဲရေးတိုင်းထွာနေသော မိမိအထက်လူကြီးကိုမပြောဝံ့ မပြောရဲဖြစ်နေပုံရ၏။ စွန့်စွန့်စားစားနှင့် အကျိုးအကြောင်းရှင်းလင်းပြောကြားခြင်းကို လက်ခံကြားနာလျှင်ကား တော်ပါ၏။ ယင်းသို့မဟုတ်ဘဲ သူ့ကို မခန့်မညား ပြန်ပြောသည်ထင်ကာ အလုပ်မှထုတ်

ပယ်ပစ်လိုက်ပါက မခက်သလော။ ထိုရာထူးအဆင့်ရောက်ရှိဖို့အရေးအတွက် သူသည် နှစ်ပေါင်းများစွာ ကြိုးကြိုးစားစား အမှုထမ်းခဲ့ရသူဖြစ်၏။ ဒဏ်ရာရခဲ့ပေါင်းလည်း များလှပြီဖြစ်၏။ အသက်မသေတတ်သေး၍သာ ယခုကဲ့သို့ ရာထူးကြီးမြင့်လာခဲ့ခြင်းလည်းဖြစ်၏။ ယင်းသို့ သူတစ်သက်လုံးမွေးလာခဲ့ရသော ကြက်ကို အဘယ်လူမိုက်သည် တစ်မနက်တည်းနှင့် အရိုက်စားခံနိုင်ပါ့မည်နည်း။

"ဟေ့ကောင်... မင်းမှာ ပါးစပ်ပေါက်မပါဘူးလားကွ..."

တစ်ချိန်လုံးလိုလို သူကချည်းသာ ကြိမ်းမောင်းပြောဆိုနေရခြင်းကိုပါ သည်းညည်းမခံနိုင်ဖြစ်လာပုံရသော စည်သာမြို့စားကြီးက စားပွဲကို တဝုန်းဝုန်းထုရင်း အော်ဟစ်မေးမြန်းလိုက်ပြန်၏။

စစ်ရှုံးခဲ့ရသော လက်ထောက်တပ်မှူးကြီးသည် တစ်ကိုယ်လုံးအကြောအလိုက် ခံရသူတစ်ဦးအလား တုန်ခါလှုပ်ယမ်း၍သွား၏။ အထက်လူကြီးတစ်ဦး၏ အဆူအပူ၊ အကြိမ်းအမောင်းနှင့် အအော်အငေါက်ခံရဖန်များလာသောအခါ သူသည် လက်အောက်အရာထမ်းတစ်ဦးအနေနှင့် ဘာကစ၍ ဘာပြန်ပြောရမှန်းမသိလောက်အောင် ဖြစ်နေပုံပေါ်၏။

"ဟေ့... ပါးစပ်ပေါက်မရှိတဲ့အကောင်၊ မင်းလိုသောက်သုံးမကျတဲ့အကောင်ရဲ့မျက်နှာမျိုး ငါနောက်ထပ်မကြည့်ချင်ဘူး... သွား... သွား... ငါ့အိမ်အောက်ထပ်မှာ သွားစောင့်နေ... မင်းလိုအကောင်နဲ့ သင့်တော်တဲ့ အပြစ်ဒဏ်ကို မကြာခင် ငါပေးမယ်..."

စည်သာမြို့စားကြီးက သူ့ရုံးခန်းအတွင်းမှ ယင်းသို့ အော်ဟစ်မောင်းထုတ်လိုက်သောအခါ စစ်မြေပြင်တွင် အသက်မသေဘဲ ပြန်လာခွင့်ရသော စစ်သားကြီးသည် သွားမရှိတော့သော ခွေးအိုကြီးတစ်ကောင်အလား အမြီးကုပ်၍ လှည့်ထွက်လာခဲ့ရ၏။



## [ J ]

သူ၏ရုံးခန်းအတွင်းမှ စစ်ရှုံးသူစစ်သားကြီး ထွက်သွားပြီးနောက် စည်သာမြို့စားကြီးသည် သူ၏အိမ်တော်အမှုထမ်းသားတစ်ဦးကို လှမ်းအော်ခေါ်လိုက်ပြန်၏။ ဒေါသူပုန်ထနေသော သူတို့၏အရှင်သခင်အကြောင်း ကောင်းစွာသိရှိနားလည်ထားပုံရသော အိမ်တော်အမှုထမ်းသားတစ်ဦးသည် လက်အုပ်ချီကာ ရုံးခန်းအတွင်းသို့ ခါးကလေး ခပ်ကုန်းကုန်းနှင့် ဝင်လာ၏။ ထို့နောက် မြို့စားကြီးနှင့် ခပ်လှမ်းလှမ်းတွင် ကျုံ့ကျုံ့ကလေးရပ်၍ အမိန့်ကို စောင့်ဆိုင်းနေ၏။

"လက်မရွှေထောင်ကို မင်းခပ်မြန်မြန်ကလေးသွားစမ်း"

"ဟုတ်ကဲ့..."ဟု မတိုးမကျယ် ပြန်ပြောလိုက်၏။

"ငါ့စကားကို ဆုံးအောင်များ နားထောင်စမ်းပါဦး... တစ်ဆိတ်ရှိ ဟုတ်ကဲ့ပဲ..."ဟု မြို့စားကြီးက စားပွဲကိုထုရင်း အော်ငေါက်လိုက်၏။

အိမ်တော်အမှုထမ်းသားသည် ဟုတ်ကဲ့ဟု အသံထွက်မသွားစေရန်အတွက် သူ့ကိုယ်သူ တော်တော်ကြီး စောင့်စည်းထိန်းသိမ်းထားရပုံပေါ်၏။

"လက်မရွှေထောင်ကို ခပ်မြန်မြန်လေးသွားပြီး....ထောင်ပိုင်မြတ်ထွန်းနဲ့ ထောင်မှူးချစ်လှရော နှစ်ယောက်စလုံးကို အရေးကြီးတဲ့ ရာဇဝတ်သားတစ်ယောက် အပ်စရာရှိနေလို့ ခုချက်ချင်းအိမ်တော်ကိုလာကြဖို့ သွားဆင့်စမ်း"ဟု မြို့စားကြီးက အမိန့်ပေးလိုက်၏။

အရှင်သခင်၏ အမိန့်ကိုရလျှင်ရချင်း အိမ်တော်အမှုထမ်းသားသည် ရုံးခန်းအတွင်းမှ ချာခနဲ လှည့်ထွက်သွားတော့မည်ပြု၏။ စေသည့်ကျွန်ဆိုသော စကားလည်း အရှိသားမဟုတ်လား။

"ဟေ့ကောင်လူမိုက်... နေဦး..."ဟု မြို့စားကြီးက ဟန့်လိုက်၏။

အိမ်တော်အမှုထမ်းသားသည် ချာခနဲပြန်လှည့်၍ လက်အုပ်ချီ၏။

"လက်မရှ္ဲထောင်ကအပြန် စစ်ကဲကြီး ဦးရွှေနှောင်းအိမ်ကိုဝင်ပြီး ညနေဘက် အိမ်တော်ကို လာဖြစ်အောင်လာဖို့ ငါမှာလိုက်တဲ့အကြောင်း ပြောခဲ့...ကြားလား"ဟု စည်သာမြို့စားကြီးက နောက်ထပ်တာဝန်တစ် ခုပေးလိုက်ပြန်၏။ သည်တော့မှ အိမ်တော်အမှုထမ်းသားသည် ချာခနဲ လှည့်ကာ လွတ်လွတ်ကျွတ်ကျွတ်ထွက်သွားနိုင်၏။

အိမ်တော်အမှုထမ်းကို ထောင်အာဏာပိုင်များ စေလွှတ်အခေါ်ခိုင်း လိုက်ပြီးနောက် စည်သာမြို့စားကြီးသည် သူ၏အခန်းတွင်း၌ လက်နှစ် ဖက် ကျောနောက်သို့ပစ်ကာ ခေါက်တုံ့ခေါက်ပြန်လျှောက်ပြန်၏။ သူသည် များစွာ စိတ်လှုပ်ရှားနေပုံရ၏။ သည်အတိုင်းသာဆိုလျှင် သူ မရမနေနိုင်ဖြစ်နေသော ခင်အုံကို ပြန်ရရေးသည် ပထမလည်းဖြစ်၊ အဓိကလည်းဖြစ်၏။ တောပုန်းကြီးမိုးကျော် ဖမ်းရေးနှင့် ၎င်း၏ဂိုဏ်း ကို ဖျက်ဆီးရေးဆိုသည်မှာ ခင်အုံပြန်ရရေး အစီအစဉ်တွင် လူကြား ကောင်း၊ လူမြင်ကောင်းအောင် ဆင်ယင်ထုံးဖွဲ့ထားသော ကိစ္စမျှသာဖြစ် ၏။ ယခုအခါ သူ၏ဘာသာတရားသည် ခင်အုံကို ဖြစ်သည့်နည်းနှင့် ပြန်ရရေးပင်ဖြစ်၏။ ခင်အုံကိုပြန်ရရေး လှုပ်ရှားမှုတွင် ခရီးသွားဟန်လွှဲ အနေနှင့် မိုးကျော်၏ ဦးခေါင်းကိုရနိုင်လျှင် သာ၍မကောင်းသလော။ ထိုသို့မရလျှင်လည်း သူ့အဖို့ အရေးမဟုတ်။

သူသည် လက်မရှ္ဲထောင်မှ ထောင်ပိုင်၊ ထောင်မှူးများကို ဆင့်ခေါ် ထားခဲ့ပြီဖြစ်၏။ အထူးရာဇဝတ်သား ဆိုသည်မှာလည်း အခြားသူတော့ မဟုတ်၊ စစ်ရှုံးသော လက်ထောက်တပ်မှူးကြီးပင်ဖြစ်၏။ အမှုတော် ကို ယင်းသို့ ပေါ့ပေါ့ဆဆ ထမ်းဆောင်သောသူများကို မှတ်လောက် သားလောက်အောင် ဆုံးမရမည်ဖြစ်သည်မဟုတ်သလော။ ယင်းသို့ စံပြ ပြုလုပ်ပြသထားမှသာ ကျန်အမှုထမ်း၊ အရာထမ်းများသည် အမှုတော် ကို ထမ်းဆောင်ရာတွင် လေးလေးစားစားနှင့် ကျိုးကျိုးနွံနွံရှိကြလိမ့်မည်



ဖြစ်သည် မဟုတ်သလော။ ယင်းသို့သော အဘိဓမ္မာဖြင့် စည်သာမြို့ စားကြီးသည် အုပ်ချုပ်တတ်၏။

လက်မရှ္ဲထောင်သို့ သွားရောက်ပြီးနောက် စစ်ကဲကြီးနေအိမ်သို့ သွားရောက်သတင်းပို့ရန် မြို့စားကြီးသည် သူ၏ အိမ်တော်အမှုထမ်း ကို မှာကြားလိုက်၏။ သူသည် စစ်ကဲကြီးနှင့် ညနေပိုင်းတွင် နိုင်ငံခြား အရက်များ အတူသောက်ရင်း အရေးတကြီး တိုင်ပင်လိုသော ကိစ္စများ ရှိနေ၏။ တကယ်ဆိုတော့ ဘုရင်နှင့် မိဖုရားတို့က ချီးမြှောက်၍သာ သူသည် စည်သာနယ်ကြီးတစ်ခုလုံးကို အစီအရင်အအုပ်အချုပ်ပြုနေ ရသော အကြီးအကဲတစ်ယောက်ဖြစ်နေရသော်လည်း စစ်ကဲကြီးဦးရွှေ နှောင်းလောက် အစီအရင် အအုပ်အချုပ်ဘက်ဆိုင်ရာ အတွေ့အကြုံ များရှိသူမဟုတ်ပေ။ ထိုအကြောင်းကို မြို့စားကြီး ဦးကျော်ခေါင်သည် ကောင်းစွာသိရှိနားလည်ထားသူဖြစ်၏။ ထို့မျှလောက်တော့ မြို့စားကြီး သည် လိမ္မာရေးခြားခြင်းရှိ၏။

တကယ်ဆိုတော့ စစ်ကဲကြီး ဦးရွှေနှောင်းသည် စစ်ဘက်နယ်ဘက် အတွေ့အကြုံများကို နှစ်ပေါင်း ၃၀ သာသာခန့် ဖြတ်သန်းခဲ့ဖူးသူဖြစ် ၏။ ရတနာပုံမြို့တည် မင်းညီနောင်များ လက်ထက်မှစ၍ အမှုတော် ထမ်းခဲ့သူဖြစ်သည် မဟုတ်သလော။ ထို့ကြောင့် အအုပ်ချုပ်အစီရင်တွင် သူ့ထက်များစွာ ပါးနပ်သာလွန်၏။ နည်းပရိယာယ်လည်း ပျော့ပျောင်း ကြွယ်ဝသူဖြစ်၏။

သူ့ကြင်ရာလောင်းခင်အုံကို ရလိုဇောတစ်ခုတည်းဖြင့် သူရေးဆွဲ စီစဉ်ခဲ့သော အစီအစဉ်ကြီးတစ်ခုသည် မရှုမလှ ပျက်စီးသွားခဲ့၏။ ထို ကိစ္စကို အသရေပြန်ဆည်ရန်လို၏။ တစ်ချိန်တည်းမှာပင် ခင်အုံကိုပြန်ရ ရေးသည်လည်း အရေးကြီး၏။ သူသည် ထိုအရေးကိစ္စကို နောက်ထပ် သယ်ပိုးဆောင်ကြဉ်းရန်အတွက် စစ်ကဲကြီး၏ အကြံဉာဏ်များကိုသာ

မက စွမ်းပကားကိုပါ အသုံးချ၍ ရနိုင်က အသုံးချလို၏။ ထိုသို့ အသုံး ချနိုင်ရေးအတွက် သူ့ထက်အလိမ္မာကြီးသော ထိုလူကြီးကိုကိုင်တွယ်ရ အိမ်တော်အမှုထမ်းသားနှင့် မှာကြားလိုက်ခြင်းလည်းဖြစ်၏။

ထို့ကြောင့် စစ်ကဲကြီး ဦးရွှေနှောင်း အိမ်တော်သို့ ညနေချမ်းဘက် တွင် လာရောက်သောအခါ ထိုလူကြီးကြိုက်နှစ်သက်တတ်သော တိုင်း တစ်ပါးဖြစ် အရက်သေစာများ တည်ခင်းရင်း ဘာကစ၍ ဘယ်လိုကိုင် တွယ်ရမည့် အခင်းအကျင်းများကို စဉ်းစားတွေးတောနေခိုက် လက်မရွဲ့ ထောင်မှ အာဏာပိုင်နှစ်ယောက်တို့သည် သူ၏ ရုံးခန်းအတွင်းသို့ ခပ် ကုပ်ကုပ်နှင့် ဝင်လာကြ၏။ သို့ရာတွင် ထိုအာဏာပိုင်နှစ်ဦးတို့သည် အုတ်ရိုးလေးဖက်ချထားသော လက်မရွဲ့အကျဉ်းထောင်ကြီးအတွင်း၌ သာ နေဝင်ဘုရင်များလုပ်နေကြသော်လည်း မြို့စားကြီး၏ ရုံးခန်းအ တွင်း၌မူကား ရေမြွေကလေးများဖြစ်နေကြ၏။ ရုံးတော်မှ ဆင့်ခေါ်၍ သူတို့လာရောက်ရသော အကြောင်းကိုပင် သတင်းမပို့ဝံ့ မပို့ရဲသကဲ့သို့ တစ်ယောက်ကိုတစ်ယောက် လက်ကုပ်ကာ နှုတ်တုံ့လျက်ရှိနေကြပုံရ၏။

ဉာဏ်နီဉာဏ်နက်များထုတ်ရင်း သူ့အတွေးနှင့်သူ နစ်မွန်းနေဟန် ရှိသော မြို့စားကြီးသည် တော်တော်ကလေး ကြာသွားမှ အမြီးမှ မလှုပ် တတ်လောက်အောင် ငြိမ်နေကြသော သူ၏ဒေါက်ဖြုတ်ပါးကွက်သား နှစ်ဦးကို တွေ့၏။ "မင်းတို့ ရောက်လာကြမှကိုး"ဟု အစချီရင်း သူ့ ကုလားထိုင်ထက်တွင် ထိုင်လိုက်၏။

"ကျွန်တော်များ အခုပဲရောက်ကြတာပါ"ဟု အရာထမ်းနှစ်ဦးတွင် ပို၍ တာဝန်ကြီးသော ထောင်ပိုင်ကြီးဦးမြတ်ထွန်းက အစီရင်ခံ၏။

"မင်းတို့အရပ်ကော ငြိမ်ငြိမ်သက်သက် အေးအေးချမ်းချမ်းရှိရဲ့ မဟုတ်လား"ဟု မြို့စားကြီးက စည်သာအကျဉ်းထောင်၏ အခြေအနေ ကို မေးမြန်း၏။



"အေးချမ်းငြိမ်သက်ပါတယ် မြို့စားကြီး"ဟု ထောင်မှူးကြီး ဦးချစ် လှက သူ၏ တာဝန်ပိုင်းအတွက် ပြန်လည်ဖြေကြားခြင်းပြု၏။

"တန်းထဲမှာကော လူဆိုးတွေ ချုပ်နှောင်ထားရသေးလားကွ..."

အကျဉ်းထောင်များတွင် သက်ဆိုင်ရာ စည်းကမ်းဥပဒေများကို ချိုး ဖောက်တတ်သော အကျဉ်းသားလူဆိုးများကို သီးသန့်ထားရှိရသော ထောင့် အပြင်တန်းအခြေအနေကို စိတ်ဝင်စားသိရှိလိုပုံရသော အကြီး အကဲက စစ်မေးလျက်ရှိ၏။

"ထုံးစံအရ တန်းထဲမှာထည့်ပိတ်ထားရတဲ့ ထောင်ပြေးရာဇဝတ် အကျဉ်းသား လူဆိုးတစ်ဦးတော့ရှိပါတယ် မြို့စားကြီး"

အကျဉ်းထောင်အတွင်း အရပ်ရပ် အုပ်ချုပ်ရေးကို တာဝန်ခံရသော ထောင်ပိုင် ဦးမြတ်ထွန်းက မြို့စားကြီး စိတ်ဝင်စားသိရှိလို၍ စေ့စေ့စပ် စပ် စစ်ဆေးမေးမြန်းနေသော ကိစ္စကို အစီရင်ခံ၏။

"ဘယ်က ထောင်ပြေးအကျဉ်းသားလဲကွ... မင်းတို့ထောင်မှာ ထောင်ဖောက်ပြေးဖို့ ကြံစည်တဲ့အကြောင်း အစီရင်ခံချက်ကိုလည်း ငါမသိရပါကလားဟေ့"ဟု စည်သာမြို့စားကြီးက တန်းထဲထည့်ပိတ် ထားရသော ထောင်ပြေးအကျဉ်းသားအကြောင်းကို ဆက်လက်စစ်မေး ၏။

"ကျွန်တော်တို့ စည်သာထောင်က မဟုတ်ပါဘူး မြို့စားကြီး၊ တစ်လောက ရတနာပုံနေပြည်တော် ရာဇဝတ်အကျဉ်းထောင်မှာ ဓားပြ ဗိုလ်ငရန်မင်းထကြွ လှုပ်ရှားခဲ့တဲ့ အရေးအခင်းနဲ့ ပတ်သက်နေလို့ ကျွန်တော်တို့ စည်သာလက်မရွဲ့ထောင်ကို ပြောင်းလိုက်တဲ့ ထောင်ပြေး ရာဇဝတ်အကျဉ်းသားလူဆိုးကြီး ငအောင်ကြီးဆိုတဲ့သူပါ မြို့စားကြီး" ဟု ထောင်မှူးကြီးဦးချစ်လှက ဝင်ရောက်ဖြေကြား၏။

"ဩော်... ရတနာပုံနေပြည်တော်က ထောင်ပြောင်းလိုက်တဲ့ လူဆိုး

အောင်ကြီးတဲ့လား... အေးလေ အောင်ကြီးကိစ္စကိုတော့ ထားပါတော့... မင်းတို့နှစ်ယောက်ကို နောက်ထပ် အမိန့်ပေးစရာရှိတယ် နာခံကြစမ်း"

"ဟုတ်ကဲ့ မြို့စားကြီး" ထောင်ပိုင်ရော၊ ထောင်မှူးပါ သံပြိုင်ပြောဆို လိုက်ကြ၏။

"ငါ့အိမ်တော်အောက်ထပ်မှာ မြို့စောင့်လက်ထောက်တပ်မှူးဟောင်း ငမြမင်းရှိတယ်၊ ဒီအကောင်ကို ငါ့ထံက နောက်ထပ်အမိန့်မရမချင်း တန်းထဲထည့်ပိတ်ထားလိုက်ကြစမ်း ဟုတ်လား" ဟု စစ်မြေပြင်တွင် မသေမိဘဲ စစ်ရှုံးပြန်လာခဲ့သူ ငမြမင်းကို ရက်အကန့်အသတ်မရှိ တန်းထဲ ထည့်ပိတ်ထားရန် မြို့စားကြီးက စီရင်ချက်ချမှတ်လိုက်၏။

စေသည့်ကျွန်ဆိုသော စကားရှိသည့်အတိုင်း မြို့စားကြီး၏ အမိန့်ကို နာခံဆောင်ရွက်ရန်အတွက် လက်မရွံ့ထောင်အာဏာပိုင်များသည် ရုံးခန်းအတွင်းမှ ပြန်ထွက်သွားကြ၏။ သူတို့တွင် ချစ်ခြင်း၊ မုန်းခြင်း ဆိုသော တရားများမရှိကြ။ ငရဲကြီးခြောက်ထပ်ကို အစိုးရသော ယမမင်း၏ လုပ်ထုံးအတိုင်း သူ့အပြစ်နှင့်သူ ရောက်ရှိလာကြသော ရာဇဝတ် အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်ကြရသူများသာ ဖြစ်သည်မဟုတ် သလော။

## [ ၃ ]

"ကျွန်တော့်ကိုကယ်ပါဦး..." ဟု မျက်နှာမွဲကလေးနှင့် စည်သာမြို့စောင့် လက်ထောက်တပ်မှူးကြီး မြမင်းက သူ့ထံသို့ ရှေးဦးစွာ ဝင်ရောက် အကူအညီတောင်းခံသွားခဲ့ကတည်းက စစ်ကဲကြီး ဦးရွှေနောင်းသည် မကြာမြင့်မီ ရောက်လာနိုင်စရာရှိသော သူ၏ အလှည့်ကို ရင်တမမနှင့် စောင့်ဆိုင်းနေရသူဖြစ်၏။ သူ့ထက် စည်သာမြို့စားကြီး၏ စိတ်နေ သဘောထားနှင့် ရိုင်းစိုင်းယုတ်ကန်းမှုများကို အဘယ်သူတစ်ဦးသည်



ပိုမိုသိရှိနိုင်မည်နည်း။

ထိုလူကြီးသည် သူငမ်းငမ်းတက်ရချင်နေသော မိန်းကလေးတစ်ဦး အတွက် အဘယ်မျှ မတော်မတရားလုပ်ခဲ့ပြီနည်း။ တပ်မှူးကြီးဗလ ကျော်ထင်နှင့် တပ်သားပေါင်းများစွာ၏ အသက်ကိုလည်း စတေးပြီးခဲ့ ပြီဖြစ်၏။ သို့ရာတွင် ထိုသတ္တဝါကြီးသည် သူအလိုရှိနေသော ထိုမိန်း ကလေးတစ်ယောက်ကို ပြန်မရမချင်း လက်လျှော့လိမ့်မည်မဟုတ်သကဲ့ သို့ လက်တွန့်ခြင်းလည်း ရှိလိမ့်မည်တော့ မဟုတ်ပေ။ ဘာပဲလုပ်ရ လုပ်ရ ဇွတ်တရွတ်နှင့် မိုက်မိုက်ကန်းကန်း ပြုလုပ်လိမ့်မည်ဖြစ်၏။

ထိုကဲ့သို့ စိတ်နေသဘောထားရှိကာ လုပ်ချင်ရာစွတ်ရွတ်၍ အစဉ်း စား အဆင်ခြင် တရားမရှိ လုပ်တတ်ကိုင်တတ်သော အထက်လူကြီး တစ်ဦးနှင့် မလွဲမကင်းသာ တာဝန်ယူနေရသော စစ်ကဲကြီးသည် မကြာ မီ ရောက်ရှိလာမည့် သူ့အလှည့်ကို လိမ်လိမ်မာမာ ရှောင်ကွင်းနိုင်ရန် အတွက် နည်းလမ်းများကို စဉ်းစားရှာဖွေနေ၏။ အကြံအစည်များ ထုတ် နေ၏။ သို့ရာတွင် တောပုန်းကြီးမိုးကျော်၏ ဦးခေါင်းပြတ်နှင့် စည်သာ မြို့၏ လှခေါင်မင်းကို ပြန်မရမချင်း အေးအေး နေလိမ့်မည် မဟုတ် သော သူ့အထက်လူကြီးက အပူတပြင်း အလိုရှိနေသော အရာဝတ္ထုများ ကို သူသည် အဘယ်သို့ရှာဖွေ ဖန်တီးပေးရပါမည်နည်း။

လိုလျှင်ကြံဆ နည်းလမ်းရဆိုသော စကားရှိ၏။ သူ့အဖို့ ကြံစည် နိုင်လျှင် နည်းလမ်းတစ်ခု မဟုတ် တစ်ခုတော့ မရနိုင်သလော။

လက်ထောက်တပ်မှူးကြီးမြမင်း မြို့စားကြီး ဦးကျော်ခေါင် အိမ်တော် သို့ အသွားတွင် သူ့အိမ်သို့ ဝင်ရောက်၍ အရပ်ရပ်အခြေအနေများကို အစီရင်ခံပြောကြားသွားပြီးကတည်းက စစ်ကဲကြီးသည် သူ၏ ဦးနှောက် ကို များစွာအလုပ်ပေးနေခဲ့၏။ ထို့ကြောင့် ဦးခေါင်းတစ်ခုလုံးသည် များစွာ ထူပူလျက် ရှိနေပုံရ၏။ ယင်းသို့ ဦးခေါင်းပူနေခိုက် ထောင်သွင်း

အကျဉ်းခံလိုက်ရသော လက်ထောက်တပ်မှူးကြီး၏ မယားနှင့်သမီး နှစ်ယောက်တို့သည် သူ့အိမ်သို့ ဦးဆံဖားလျားနှင့် ရောက်လာကြပြန်၏။ သည်တော့မှ မြို့စားကြီးက စစ်ရှုံးခဲ့ရသည့်အတွက်နှင့် မြမင်းကို ထောင်သွင်းထားလိုက်သော သတင်းကို ဦးရွှေနှောင်း သိရှိရ၏။

"ကျွန်မတို့ သားအမိတစ်တွေရဲ့ ဒုက္ခကို ကြည့်နေတော့မလို့လား စစ်ကဲကြီးရဲ့… ကယ်နိုင်ရင် ကယ်ပါဦး"

လက်ထောက်တပ်မှူးကြီးဘဝမှ ချက်ချင်း လက်ငင်း ရာဇဝတ် အကျဉ်းသားဘဝသို့ ကျရောက်သွားခဲ့ရသူ မြမင်းမယား၏ ငိုကြွေး မြည်တမ်းသံကို စစ်ကဲကြီးသည် နားကြားရ၏။ တကယ်ဆိုတော့ မင်း ခစားယောကျ်ားကမ်းနားသစ်ပင် ဆိုသော စကားအရှိသားမဟုတ်လား။ ယခုအခါ မြမင်း၏ မယားနှင့်သမီးများသည် ဦးဆံဖားလျားနှင့် ငိုကြွေး မြည်တမ်းနေကြရ၏။ နောက်တစ်ခါတွင် သူ၏ သားမယားများသည် လည်း အလားတူကြုံရမျိုးနှင့် မတိုးဟု အဘယ်သူ အာမခံနိုင်သနည်း။

ယခုအခါ စည်သာမြို့စားကြီးသည် အလွန်တရာ မွန်ထူနေချိန် ဖြစ်၏။ ထိုသို့ မွန်ထူကာ စိတ်လိုက်မာန်ပါ ပြောဆိုလုပ်ကိုင်နေသော အချိန်ကာလမျိုးတွင် သူ့အနေနှင့် မြမင်းကိစ္စကို ကြားဝင်၍ မသင့်သေး ကြောင်း အတွေ့အကြုံ ကြွယ်ဝများပြားသော စစ်ကဲကြီးသည် ကောင်း စွာ စဉ်းစားချင့်ချိန်နိုင်သူ ဖြစ်၏။ ထို့ကြောင့် မြမင်း၏ သားမယားများ ကို နှစ်သိမ့်စကားပြောကြားကာ ပြန်လွှတ်လိုက်၏။ ထို့နောက် ဘဝတူ ဘုရင့်အစိုးရ အမှုထမ်းချင်းဖြစ်သော မြမင်းကို လက်မရွှံ့ထောင်သို့ သွားရောက်တွေ့ဆုံကာ အကျိုးအကြောင်း မေးမြန်းရင်း နှစ်သိမ့်စကား အားပေးစကားများ ပြောကြားရန်အတွက် ပြင်ဆင်နေခိုက် မြို့စားကြီး ဦးကျော်ခေါင်၏ အိမ်တော်အမှုထမ်းသား ရောက်ရှိလာ၏။

မြို့စားကြီးအိမ်တော် အမှုထမ်းသားသည် စစ်ကဲကြီး အိမ်အပေါ်



ထပ်သို့ သတင်းပို့ရန် တက်လာသောအခါ ထိုသူကို ကောင်းစွာ မျက်မှန်း တန်းမိသော စစ်ကဲကြီးက "ဟေ့ မင်း မြို့စားကြီး အိမ်တော်က အမှု ထမ်းမဟုတ်လားကွ…"ဟု လှမ်း၍ နှုတ်ဆက်လိုက်၏။

အိမ်တော်အမှုထမ်းသားသည် မြို့စားကြီး၏ မှာကြားခိုင်းစေချက် များကို စစ်ကဲကြီးအား ပြောကြားပြီးနောက် ပြန်ထွက်သွား၏။

သူ့အလှည့်ရောက်လာပြီဖြစ်သည်မဟုတ်သလော။ သို့ရာတွင် အချိန်မှာ စောသေးသဖြင့် စစ်ကဲကြီးသည် လှည်းယာဉ်နှင့် မြို့စွန်တွင် ရှိသော လက်မရွှံ့အကျဉ်းထောင်ဘက်သို့ မူလအစီအစဉ်အတိုင်း ထွက် လာခဲ့၏။ လမ်းခရီးတွင်လည်း ဦးနှောက်ကို အလုပ်ပေးလာခဲ့၏။ ယင်း သို့ သူရင်ဆိုင်နေရသော အကျပ်အတည်းမှ အထိအခိုက် အပိတ်အပင် မရှိဘဲ ထွက်မြောက်နိုင်ရေးအတွက် တွေးတောစဉ်းစားလာရသောကြောင့် အကျဉ်းထောင်ဘူးဝသို့ သူ့လှည်းယာဉ်ရောက်ရှိလာမှန်းကိုပင် စစ်ကဲကြီး သည် သတိမထားလိုက်မိပေ။ "အကျဉ်းထောင်ဘူးဝကို ရောက်နေပါပြီ စစ်ကဲကြီး"…"ဟု လှည်းသမားက ထောက်ပြသတိပေးတော့မှ သူသည် သတိဝင်လာကာ လှည်းပေါ်မှ ဆင်းနိုင်၏။

စစ်ကဲကြီးကို လက်မရွှံ့ထောင်ပိုင်နှင့် ထောင်မှူးတို့က ဘူးဝသို့ထွက် ၍ ကြိုဆိုကြ၏။ အကျဉ်းထောင်သို့ အကြောင်းကြီးငယ်မရှိဘဲ ရောက် ခဲပေါက်ခဲလှသော စစ်ကဲကြီးလာရောက်သော အကြောင်းကိစ္စကိုလည်း မေးမြန်းခြင်းပြုကြ၏။

"မြို့စားကြီးအပြစ်ဒဏ် ပေးလိုက်တဲ့ ဗိုလ်မြမင်းကို ငါစကားပြော စရာရှိလို့ သူ့ကို ဘယ်မှာများထားလို့ ငါဘယ်လိုလုပ်တွေ့ရမလဲဟေ့…" ဟု စစ်ကဲကြီးသည် သူလာခဲ့ရခြင်း၏ အကြောင်းနှင့် သူအလိုရှိသော ကိစ္စကို တိုတိုတုတ်တုတ်ပြော၏။

"ခုနကလေးကတင် ကျွန်တော်တို့ နှစ်ယောက်ကို မြို့စားကြီးက

သူ့အိမ်တော်ကို ဆင့်ခေါ်ပြီး အကျိုးအကြောင်း ဘာမှမပြောဆိုဘဲ လက်ထောက်တပ်မှူးကြီးကို နောက်ထပ်သူ့အမိန့်မရမချင်း တန်းထဲ ထည့်ပိတ်ထားရမယ်လို့ အမိန့်ချလိုက်တာနဲ့ ကျွန်တော်တို့ ဝတ္တရားအတိုင်း လုပ်ထားရပါတယ် စစ်ကဲကြီး..." ဟု ထောင်မှူးက သူအရေးယူထားသော ကိစ္စကို ရှင်းလင်းပြောကြား၏။

"ဟော... ဟုတ်ကဲ့လား... ဒီလို ဆိုရင်တော့ မြို့စားကြီး တော်တော်စိတ်ဆိုးနေပြီနဲ့တူတယ်..." ဟု စစ်ကဲကြီးက အကျဉ်းထောင် အရာရှိများထံမှ မြို့စားကြီး၏ အခြေအနေကို တီးခေါက်၍ ကြည့်လိုက်၏။

"ဟုတ်ပါလိမ့်မယ် စစ်ကဲကြီး... မျက်နှာကြီးတစ်ခုလုံးလည်း နီရဲနေတာပဲ..."ဟု ထောင်ပိုင်က မြို့စားကြီး၏ အခြေအနေကို သူအကဲခတ်ရသလောက် ပြောကြား၏။

"လူကြီးဆိုတာ စိတ်ဆိုးတဲ့အခါလည်းဆိုးတတ်တာပေါ့ကွာ... သူစိတ်ဆိုးပြေလောက်တော့မှ ငါလည်းတတ်နိုင်သလောက် ပြောကြည့်ရဦးမှာပေါ့ကွာ..."ဟု ပြန်လည်ပြောဆိုရင်း ထောင်မှူးကြီး လှမ်းဖွင့်ပေးသော ထောင်ဘူးဝတံခါးမှ အကျဉ်းထောင်အတွင်းသို့ စစ်ကဲကြီးဝင်လာခဲ့၏။ အကျဉ်းထောင်အာဏာပိုင်နှစ်ဦးနှင့် အာဏာပါးကွက်သား သုံးယောက်တို့က နောက်မှ လိုက်ပါလာကြ၏။

အကျဉ်းထောင် ဘူးတံခါးဝမှ ဝင်လာခဲ့ကြပြီးနောက် နောက်ထပ်တံခါးကြီးတစ်ပေါက်ကို ဖြတ်ကြရ၏။ ထိုသို့ဖြတ်ပြီးတော့မှ လက်မရှိထောင်ကြီးအတွင်းသို့ ရောက်ရှိကြ၏။ ထောင်အတွင်းသို့ ရောက်ရှိသောအခါ ထောင်မှူးကြီးနှင့် ပါးကွက်အာဏာသားနှစ်ဦးတို့က ရှေ့မှလမ်းရှင်းခေါ်ဆောင်သွားရ၏။ စစ်ကဲကြီးနောက်မှ ထောင်ပိုင်နှင့် ပါးကွက်အာဏာသားတစ်ဦးတို့က အစောင့်အရှောက် အကာအရံအဖြစ်ဖြင့် လိုက်ပါလာကြ၏။



ထောင်ဆိုသောအရပ်သည် စာသင်ကျောင်း၊ ပွဲခင်းနှင့် ဈေးများလိုမဟုတ်၊ လူ့ရပ်လူ့ရွာနှင့် တသီးတခြား ထူထောင်ထားသော အရပ်နေရာဖြစ်၏။ ထိုအရပ်နေရာတွင် မိန်းမသားများမရှိ၊ ယောကျ်ားများသာ ရှိ၏။ ထိုအရပ်နေရာသို့ အကြောင်းတစ်မျိုးမဟုတ်လျှင် တစ်မျိုးမျိုးနှင့် ရောက်ရှိလာသော သူများသည် သက်သက်သာသာနှင့် အေးအေးချမ်းချမ်းနေထိုင်ခွင့်မရကြ။ နာကျင်ခြင်း၊ ပင်ပန်းခြင်း၊ ညည်းတွားခြင်းနှင့် ငိုကြွေးမြည်တမ်းခြင်းများအကြားတွင် ဝဲလှည့်ကြရ၏။ လူသား၏အသား နာကျင်စုတ်ပြတ်အောင် ရိုက်နှက်ညှဉ်းပန်းသော ကြိမ်ရိုက်စင်များရှိ၏။ စိတ်ဓာတ်ခိုင်မာသော သူများ၏ ဝိညာဉ်ကို အခိုးအငွေ့ဖြစ်အောင် နှိပ်စက်သော အမှောင်ခန်းနှင့် တန်းများရှိ၏။ အမှောင်ခန်းနှင့်တန်းများအတွင်း အပိတ်အလှောင်ခံရသော သူသည် ကမ္ဘာလောကကြီးတစ်ခုလုံးနှင့် တစ်ခါတည်း အဆက်အသွယ်ပြတ်သွား၏။ အလင်းရောင်ကို မတွေ့မမြင်ရတော့၊ ဘာအသံဗလံမျှလည်း မကြားရတော့။ ထိုအရပ်နေရာထက် ဆိုးဝါးသော နေရာမှုကား လူသားကိုသတ်ဖြတ်သော ကားစင်နှင့် ကြိုးစင်များဖြစ်၏။ ကားစင်အတင်ခံရသူနှင့် ကြိုးစင်တက်ရသူများသည် အသက်နှင့် ပြန်ဆင်းလာခွင့်မရှိ။ ရုပ်ကလာပ်ကြွင်းများ အဖြစ်ဖြင့်သာ ပြန်ချခြင်းခံကြရ၏။

ထောင်မှူးကြီးသည် အခြားအခြားသော ရာဇဝတ်အကျဉ်းသားများနှင့် တသီးတခြား ချုပ်နှောင်ထားရသော လူဆိုးနှင့် အထူးအကျဉ်းသားများ သတ်သတ်ထားရှိရာ တန်းဘက်သို့ ရှေ့ဆောင်သွားလာလျက်၏။ ၎င်း၏နောက်မှ စစ်ကဲကြီးနှင့် ထောင်ပိုင်တို့သည် လိုက်ပါလာကြ၏

တန်းသို့ မရောက်မီ အုတ်ရိုးတံတိုင်းတစ်ခုရှိ၏။ တံခါးပေါက်ဝတွင် ပါးကွက်သားတစ်ယောက် ဓားထမ်းစောင့်၏။

ထောင်မှူး၏ အမိန့်ပေးလိုက်လျှင် ဓားကိုင်ထားသော ပါးကွက်

သားသည် တံခါးကို ပျာပျာသလဲ ဖွင့်ပေး၏။ ထိုတံခါးပေါက်မှဖြတ်၍ တန်းသို့ သွားကြရ၏။

တန်းအဆောက်အအုံသည် အုတ်တိုက်ဖြစ်၏။ မြေကြီးထဲတွင် တစ်ပိုင်းရှိ၍ မြေပြင်ပေါ်တွင် တစ်ပိုင်းဖြစ်၏။ အထက်လူကြီးများ သူ တာဝန်ယူရသော တန်းဘက်သို့ ဝင်လာကြရလျှင်ရချင်း ကြေးဝါသော့ ခလောက်ကြီးကို ဖွင့်ပေးလိုက်၏။

တန်းအတွင်း၌ ရှိနေကြသော အကျဉ်းသားနှစ်ဦးတို့သည် အပြင်မှ အားကောင်းကောင်းနှင့် ဝင်လာသော အလင်းရောင်၏ ဒဏ်ကို မခံနိုင်ကြသဖြင့် သူတို့၏ မျက်စိများကို လက်ဝါးများဖြင့် အုပ်ထားကြရ၏။ စစ်ကဲကြီးသည် ထောင်အာဏာပိုင်နှင့် ပါးကွက်သားများကို တန်းအပြင်ဘက်တွင် စောင့်နေခဲ့ကြရန် အမိန့်ပေးမှာကြားပြီးနောက် သူတစ်ယောက်တည်း အတွင်းသို့ ဝင်လာ၏။

## [ ၄ ]

"ကျွန်တော့်ကို ကယ်ပါဦး" ဟု မြို့စားကြီးထံ ဝင်ရောက်၍ သတင်းမပို့မီ သူ့အိမ်သို့ ရှေးဦးစွာ ဝင်ရောက် အကူအညီတောင်းခံသွားခဲ့သော လက်ထောက်တပ်မှူးဟောင်းသည် အလင်းရောင်၏ ဒဏ်ကို မခံနိုင်၍ မျက်နှာကို လက်ဝါးဖြင့် အုပ်ဆိုင်းထားသောကြောင့် "ဟော့... ဗိုလ်မြမင်း၊ မျက်လုံးများလည်း ဖွင့်ပြီးကြည့်စမ်းပါဦး" ဟု စစ်ကဲကြီးက အသံပြုရင်း တန်းအပြင်တွင် စောင့်ကျန်ရစ်ခဲ့ကြသူများအနက် ထောင်ပိုင်နှင့် ထောင်မှူးနှစ်ယောက်တို့ကို လှမ်းခေါ်လိုက်၏။ စစ်ကဲကြီးက သူနှင့်အတူ ရှိနေစေလို၍ ခေါ်သောကြောင့် အကျဉ်းထောင်အာဏာပိုင်နှစ်ဦးတို့သည် တန်းထဲသို့ဝင်လာကြ၏။ ထို့နောက် စစ်ကဲကြီး၏သဘော တစ်ဖက်တစ်ချက်စီတွင် နေရာယူလိုက်ကြ၏။



စစ်ကဲကြီး ဦးရွှေနှောင်း၏ အသံမှန်း ကျက်မိလျှင် ကျက်မိချင်း ထိုလူကြီး၏ ခြေထောက်ကို တစ်အားကျုံးဖက်လိုက်ပြီးနောက် "ကျွန်တော့်ကို မကယ်နိုင်တော့ဘူးလား စစ်ကဲကြီး" ဟု ဗိုလ်မြမင်းက ဝမ်းနည်းဝမ်းသာ ပြောဆို၏။ ယခုကဲ့သို့ ကိုးကွယ်ရာ ကင်းမဲ့ကာ ဆင်းရဲဒုက္ခရောက်နေရချိန်တွင် သူလို ရာဇဝတ်အကျဉ်းသားတစ်ဦးကို ထောင်ထဲတန်းထဲသို့ လာရောက်ကြည့်ရှုခြင်းပြုသော စစ်ကဲကြီးကို ဗိုလ်မြမင်းသည် သူ၏ ခိုလှုံရာ၊ ကိုးကွယ်ရာ တန်ခိုးတော်ရှင်ကြီး တစ်ဦးကဲ့သို့ ထင်မှတ်နေပုံရ၏။ ရေနစ်သူသည် ကောက်ရိုးမျှင်ကိုပင် အားကိုးတကြီး လှမ်းဆွဲတတ်သည်မဟုတ်သလော။

"စစ်မှုထမ်းတစ်ယောက်ပဲ ဗိုလ်မြမင်းရာ၊ ကိုယ့်ကိုယ်ကိုယ်လည်း တင်းထားဦးမှပေါ့" ဟု အလွန်တရာအားလျော့ သိမ်ငယ်နေပုံရသော တပ်မှူးဟောင်း၏ ဦးခေါင်းကို ပွတ်သပ်ပေးရင်း စစ်ကဲကြီး ဦးရွှေနှောင်းသည် အကြီးအကဲပီသစွာ အားပေးစကားပြောကြား၏။

"ဘုရင်မင်းမြတ် အစိုးရရဲ့ သစ္စာတော်ကို စောင့်သိပြီး အမှုတော်ကိုလည်း သက်စွန့်ဆံဖျား ထမ်းရွက်လာခဲ့တဲ့ အမှုထမ်းတစ်ဦးကို ခုလို မထောက်မညှာလုပ်တာကို ဝမ်းနည်းလွန်းလို့ပါ စစ်ကဲကြီးရာ..." စစ်ကဲကြီးကို မော့ကြည့်ရင်း သူ၏ နာကျင်ခံစားရချက်များကို မြမင်းသည် ဝမ်းနည်းပက်လက် ပြောကြားလျက်ရှိ၏။

"မြို့စားကြီးစိတ်ဆိုးပြီး စိတ်အခန့်မသင့်တုန်းမို့ ခုလိုဖြစ်ရတာပါလေ... သူစိတ်ပြေသွားတဲ့အခါကျတော့ မင်းကိစ္စအတွက် ငါမြို့စားကြီးကို ပြောဆိုပေးပါ့မယ်ကွာ... ဒီအတောအတွင်းတော့ မင်းကိုယ်မင်း စိတ်ချမ်းသာ၊ သက်သာအောင် ကြည့်နေပေါ့... ဟုတ်လား။ ဗိုလ်မြမင်း..." ဟု စစ်ကဲကြီးသည် စစ်ရှုံးစစ်သူကြီးကို နှစ်သိမ့်စကား ပြောဆိုပြီးနောက် ထောင်အာဏာပိုင်နှစ်ဦးဘက်သို့လှည့်ကာ "ဗိုလ်မြမင်းကို အတတ်နိုင်ဆုံး

ကြည့်ရှုထားပေးကြပါကွာ…” ဟု အမှာစကားပြောကြား၏။

ယင်းသို့စည်သာမြို့၏ စစ်ကဲကြီး ဦးရွှေနှောင်းနှင့် လက်ထောက်မြို့စောင့်၊ တပ်မှူးပြုတ်ဗိုလ်မြမင်းတို့ စကားပြောဆိုနေကြခြင်းကို မျက်လုံးများလက်ဝါးဖြင့် အပ်ကာ ဘေးမှကြားနေရသော ကျန်အကျဉ်းသားသည် စစ်ကဲကြီး ဦးရွှေနှောင်း၏ အသံကို ကြားနာယဉ်ပါးသလို ရှိသဖြင့် ယခင်က သူနှင့်ဆက်ဆံသိကျွမ်းဖူးသူ တစ်ဦးဦးထဲက ဖြစ်လေမည်လား အထင်ဖြင့် မျက်လုံးများဖွင့်ကြည့်ရန် ကြိုးစား၏။ အလင်းရောင်နှင့် မတွေ့ထိ၊ မယဉ်ပါးခဲ့ရသည်မှာ ကာလကြာမြင့်သွားပြီဖြစ်၍ အလွန်တရာ အားနည်းနေပုံရသော သူ၏မျက်လုံးများသည် အားရှိလာ၏။ သို့ရာတွင် စစ်ကဲကြီးကို သူသည် တစ်ကြိမ်က ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ဖူးသည်လောက်ကိုသာ အမှတ်ရသလိုရှိပြီး မည်သည့်အရပ်၊ မည်သည့်နေရာ၊ မည်သည့် အချိန်ကာလတုန်းက မည်ကဲ့သို့သော အရေးအကြောင်းများနှင့် ပတ်သက်ဆက်ဆံခဲ့ရသည်ကိုကား စဉ်းစား၍မရနိုင်လောက်အောင် ဖြစ်နေပုံရ၏။ ထို့ကြောင့် ရာဇဝတ်အကျဉ်းသားသည် စစ်ကဲကြီးကို စူးစိုက်ကြည့်ရှုနေမိ၏။

အလားတူပင် စစ်ကဲကြီးသည် တပ်မှူးဟောင်းမြမင်းကို လာရောက်အားပေးစကားပြောကြားပြီးနောက် တန်းထဲမှ ပြန်ထွက်တော့မည် အပြုတွင် သူ့ကိုစူးစိုက် ကြည့်ရှုနေသော အခြား ရာဇဝတ်အကျဉ်းသားကို အမှတ်မထင် လှမ်းကြည့်လိုက်မိ၏။ သို့ဖြင့် တစ်ဦးနှင့်တစ်ဦး အကြည့်ချင်းဆုံနေကြ၏။

စစ်ကဲကြီး ဦးရွှေနှောင်းသည် တပ်မှူးဟောင်း မြမင်းနှင့်အတူ တန်းထဲရောက်ရှိနေသော ရာဇဝတ်အကျဉ်းသားကို တစ်ကြိမ်ကြိမ်က မြင်တွေ့ဆက်ဆံဖူးဟန်ဖြင့် အတန်ကြာမျှ ဇဝေဇဝါကြည့်ရှုနေ၏။ သို့ရာတွင် ထိုရာဇဝတ်သားကိုတော့မူ မည်သည့်အရပ်နေရာနှင့် မည်သည့်အချိန်



အခါက မည်ကဲ့သို့သောအကြောင်းကိစ္စနှင့် ဆက်ဆံခဲ့ရဖူးကြောင်းကိုကား ရုတ်တရက် စဉ်းစား၍မရဘဲ ဖြစ်နေ၏။ ထို့ကြောင့် ထောင်ပိုင်နှင့် ထောင်မှူးများဘက်သို့ လှည့်ကြည့်ရင်း “ဒီရာဇဝတ်အကျဉ်းသားက ဘယ်သူတဲ့လဲ…” ဟု လှမ်းမေးလိုက်၏။

“ငအောင်ကြီးလို့ ခေါ်ပါတယ် စစ်ကဲကြီး…” ဟု ထောင်ပိုင်က ပြောကြား၏။

စစ်ကဲကြီးသည် တွေ၍သွား၏။ ထိုမျက်နှာနှင့် ထိုနာမည်ကို ဆက်စပ်မိသည့်တိုင်အောင်လည်း သူသည် ထိုရာဇဝတ်အကျဉ်းသားနှင့် တွေ့ဆုံ ဆက်ဆံခဲ့ရဖူးသော အကြောင်းကိစ္စကို စဉ်းစား၍မပေါ်။

“နေပြည်တော် အကျဉ်းထောင်မှာ တစ်လောက ဓားပြဗိုလ်ငရန်မင်း ထောင်ထတဲ့အရေးအခင်းနဲ့ ပတ်သက်ပြီး ထောင်အပြောင်းခံရတဲ့ ရာဇဝတ် အကျဉ်းသားပါ စစ်ကဲကြီး…” ဟု ထောင်မှူးကြီးက ထိုရာဇဝတ်အကျဉ်းသား၏ နောက်ကြောင်းရာဇဝင်ကို သိရှိထားရသမျှလောက် ဖြည့်စွက်ပြောကြား၏။

“ဩော်… ဟုတ်လား…” ဟုသာ ပြန်လည် ပြောဆိုခြင်းပြုလိုက်ရသည် တိုင်အောင် ရတနာပုံ နေပြည်တော်မှာရော ဗြိတိသျှပိုင် အောက်အရပ်ဒေသ တစ်ခွင်များမှာပါ ဟိုးလေးတကျော်ဖြစ်ကာ ပွက်ပွက်ရိုက်သွားခဲ့သော ဓားပြဗိုလ်ငရန်မင်း ဦးဆောင်သော ထောင်ထမှုကြီးထက် စစ်ကဲကြီးသည် နေပြည်တော်မှ ပြစ်ချက်များနှင့် စည်သာ လက်မရှိ့ထောင်သို့ ပြောင်းရွှေ့လာရသည်ဆိုသော ရာဇဝတ်အကျဉ်းသား လူဆိုးငအောင်ကြီးကိုသာ စိတ်ဝင်စားနေပုံရ၏။

လူဆိုး ငအောင်ကြီးသည် စစ်ကဲကြီး ဦးရွှေနှောင်းနှင့် ရွယ်တူတန်းတူထဲကတော့ မဟုတ်။ ဆယ်နှစ်သာသာခန့်လောက် နုနယ်ငယ်ရွယ်၏။ အလွန်ဆုံးရှိမှ လေးဆယ်ခန့်လောက်သာ ရှိနိုင်လိမ့်ဦးမည်ဖြစ်၏။

သို့ရာတွင် လူလုံးလူပေါက်အနေနှင့် အလွန်တရာခိုင်ခံ့ တောင့်တင်းသူဖြစ်၏။ အရပ်အမောင်းကောင်း၍ ပခုံးကျယ်၏။ ပါးရိုးမေးရိုးများလည်း များစွာ ကြံ့ခိုင်မာကျောပုံရ၏။ ရင်အုပ်ကျယ်၍ လက်ဖျံရိုးများ သန်စွမ်းပုံရ၏။

မြန်မာအမျိုးသားများအတွင်း သူ့လို ဥပမိရုပ်ရော အလုံးအပေါက်ပါ အလွန်တရာ ရှားပါးလှသော လူဆိုးငအောင်ကြီးကို အတန်ကြာကြည့်ရှုစဉ်းစားနေပြီးမှ အကျဉ်းထောင်မှ အပြန်တွင် စည်သာမြို့စားကြီး၏ လူလွှတ်မှာကြားချက်အရ သူ၏ အိမ်တော်သို့ ဝင်ရောက်ခြင်း ပြုရမည့် အရေးကိစ္စကို ရုတ်ခနဲ သတိရလာသဖြင့် စစ်ကဲကြီးသည် တန်းထဲမှ ချာခနဲပြန်လှည့်ကာ ထွက်လာခဲ့၏။

❐

## သူ့ကိုယ်သူ စတင်တွေ့ရှိသွားသော အောင်ကြီး

### [ ၁ ]

စစ်ရှုံးသဖြင့် ထောင်သွင်းအကျဉ်းခံရသော စည်သာမြို့စောင့် တပ်မှူးဟောင်းကို အားပေးစကား ပြောကြားပြီးနောက် မြို့စားကြီး အိမ်တော်သို့ သွားရောက်ရန် ရှိနေသေးသဖြင့် အကျဉ်းထောင်အာဏာပိုင်များခြံရံကာ စည်သာစစ်ကဲကြီးသည် တန်းထဲမှ ပြန်ထွက်လာခဲ့၏။ တန်းမှ အထွက်ဖြစ်သော တံခါးမကြီးအဝသို့ ရောက်ရှိသောအခါ ဦးရွှေနှောင်းသည် နောက်ကြောင်းသို့ ပြန်လှည့်ကြည့်ရင်း "ငါအခုမြို့စားကြီး အိမ်တော်ကို သွားလိုက်ဦးမယ်ဟေ့ ဗိုလ်မြမင်း... အထဲမှာမင်းကြာကြာမနေရစေပါဘူးကွာ..." ဟု နှုတ်ဆက်စကား ပြောကြားလျက် ရှိပြန်၏။ တကယ်သာဆိုတော့ စစ်ကဲကြီးသည် တပ်မှူးဟောင်း မြမင်းကို ယင်းသို့ နှုတ်ဆက်စကား ပြောကြားလျက် ရှိသော်လည်း သူ၏မျက်လုံးများသည် မြမင်းကို ကြည့်ရှုခြင်းမရှိ၊ သူ့စိတ်ထဲတွင် မသဲမကွဲနှင့် ဇဝေဇဝါဖြစ်နေသော ကျန်အကျဉ်းသားတစ်ဦးကိုသာ ကြည့်ရှုနေ၏။

ယင်းသို့ရာဇဝတ်အကျဉ်းသားလူဆိုး ငအောင်ကြီးဆိုသူကို အတန်

ကြာရှုးစိုက်ကြည့်ရှုနေပြီးမှ "စိတ်ချမ်းချမ်းသာသာနေပါကွာ၊ မင်းကို
ကို အမြန်ဆုံးပြီးစီးသွားအောင် ငါကြိုးစားပေးမယ်ပော့ မြမင်း..." ဟု
သူ့ကိုအားကိုးအားထား ပြုသော မျက်လုံးကြီးများဖြင့် ငေးမောကြည့်
နေသော တပ်မှူးပေါင်းကို နောက်ဆုံးအကြိမ် အားပေးစကားပြောကြာ
ပြီးလျှင် တန်းထဲမှ ပြန်ထွက်သွား၏။

တန်းအပြင်မှ စောင့်ကြပ်နေသော တန်းစီးသည် ထူထဲလေးလံသော
တံခါးမကြီးကို ဒိုင်းခနဲမြည်သွားအောင် ခပ်ကြမ်းကြမ်းဆွဲပိတ်လိုက်၏။
ထို့နောက် အပြင်မှနေ၍ ကြေးသော့ခလောက်ကြီးကို ခတ်လိုက်၏။

ရာဇဝတ်အကျဉ်းသားနှစ်ဦးတည်းသာရှိသော တန်းထဲတွင် မှောင်
ကျ၍သွား၏။ လေသလပ်မှုမရှိတော့သဖြင့်လည်း မွန်းကျပ်၍သွား၏။
သို့ရာတွင် စည်သာစစ်ကဲကြီး တန်းထဲသို့ ကိုယ်တိုင်ကိုယ်ကျ လာ
ရောက်အားပေးစကား ပြောဆိုခြင်းနှင့် နှစ်သိမ့်ခြင်းခံရသဖြင့် တစ်ဦး
သော အကျဉ်းသားသည် များစွာ စိတ်ချမ်းသာရာ သက်သာရာ ရရှိသွား
ပုံရ၏။ စောစောကလို ထိုင်းထိုင်းမှိုင်းမှိုင်း မဟုတ်တော့ဘဲ သွက်လက်
လန်းဆန်းလာ၏။ ကျန်တစ်ဦးသော အကျဉ်းသားကတော့မူ သူ့ဟာသူ
တစ်ယောက်တည်း ငိုင်စဉ်းစားနေပုံရ၏။ သူနှင့်အတူရှိနေသော ရာဇဝတ်
အကျဉ်းသားသည် ရက်ကာလများမကြာမီအတွင်း ဤအရပ်နေရာမှ
လွတ်မြောက်ရန်အတွက် အလားအလာများ ကောင်းမွန်လျက် ရှိသ
လောက် သူ့အနေနှင့်မူကား လွတ်ရက်မရှိသော အကျဉ်းသားတစ်ဦး
မျှသာဖြစ်သည် မဟုတ်သလော။

မှောင်မည်းတိတ်ဆိတ်နေသော တန်းအတွင်း၌ ရာဇဝတ်အကျဉ်း
သားနှစ်ဦးတို့သည် မိမိတို့ အတွေးနှင့် မိမိတို့အတန်ကြာမျှ ငြိမ်သက်
လျက်ရှိနေခဲ့ကြရာမှ "ဒါထက် စောစောက ဗိုလ်မြမင်းကို တကူးတကန့်
လာတွေ့သွားတဲ့ စစ်ကဲကြီးဆိုတဲ့ လူရဲ့နာမည်က ဘယ်သူတဲ့လဲဗျ..."



ဟု ထောင်ထမှုကြောင့် နေပြည်တော်မှ ထောင်အပြောင်းခံခဲ့ရသော
အကျဉ်းသားက စတင်မေးမြန်းလိုက်၏။

"စစ်ကဲကြီး နာမည်က ဦးရွှေနှောင်းလို့ ခေါ်တယ်ဗျ ကိုအောင်ကြီး၊
လူကြီးကတော့ အင်မတန် စိတ်ကောင်း၊ နှလုံးကောင်း ရှိပါတယ်..."
ဟု မြမင်းကစည်သာ စစ်ကဲကြီး၏ နာမည်ကိုသာမက လူ၏သဘာဝ
ကို အဆစ်ထည့် ပြောကြားသွား၏။

"ဩော်... ဦးရွှေနှောင်းတဲ့လား...၊ ဒီနာမည်ကို ကြားဖူးသလိုရှိပြီး
လူကိုလည်း တွေ့ဖူးမြင်ဖူးသလိုတော့ ရှိသားဗျ... ဒါပေမဲ့ ဘယ်တုံးကနဲ့
ဘယ်နေရာမှာဆိုတာသာ စဉ်းစားလို့ မရတာ..."ဟု ထောင်ပြောင်း
အောင်ကြီးက မြမင်းကို ပြောသလိုလို၊ သူ့ကိုယ်သူပဲ ပြောသလိုလို
ခပ်တိုးတိုး ပြောကြားနေ၏။

"ကိုအောင်ကြီးက အမှုထမ်းဖူးလို့လား..." ဟု မြမင်းက မေး၏။

"အမှုထမ်းဖူးသလားလို့ မေးလာတော့ ကျုပ်အနေနဲ့ အဖြေရခပ်
ကျပ်ကျပ်မို့ ဘယ်လိုပြန်ဖြေရမှန်းတောင် မသိတော့ပါဘူးဗျာ..." ဟု
လေခပ်အေးအေးနှင့် ပြန်လည်ဖြေကြားရင်း သူ့အကြောင်းသူ စဉ်းစား
မိလာပုံရသော အောင်ကြီးက အသံကလေးများ ထွက်အောင်ပင် ရယ်
မောလျက်ရှိ၏။

"အမှုထမ်းဖူးရင်လည်း ထမ်းဖူးတယ်ပေါ့။ မထမ်းဖူးဘူးဆိုရင်လည်း
မထမ်းဖူးဘူးလို့ ဖြေရုံပဲရှိတယ်မဟုတ်လား ကိုအောင်ကြီးရဲ့... ခုတော့
ခင်ဗျားဟာကလည်း အဖြေရခပ်ကျပ်ကျပ်မို့ ဘယ်လိုပြန်ဖြေရမှန်းတောင်
မသိတော့ပါဘူးဆိုတာက ဘယ်လိုဟာလဲဗျ... ခင်ဗျားစကားက တော်
တော်အဆန်းသားပါကလား..." အမှုထမ်းမျိုးရိုးမှ ဆင်းသက်ပေါက်ဖွား
လာခဲ့သဖြင့် အရွယ်ရောက်ချိန်မှစ၍ အမှုထမ်းလုပ်ကိုင်စားသောက်လာ
ခဲ့ရသူ မြမင်းသည် တစ်ဖက်သား၏ စကားကို နားမလည်နိုင်ဟန်ဖြင့်

ပြန်လည်ပြောဆိုလိုက်၏။

အောင်ကြီးသည် စကားမဆက်ဘဲ နှုတ်ပိတ်ထားလိုက်၏။ ယင်းသို့ လူနှစ်ယောက်တည်းသာရှိသော တန်းထဲတွင် စကားစပ်မိစပ်ရာ ပြောဆို ကြရင်း သူသည် သူ၏ဘဝကို ပြန်ပြောင်းစဉ်းစားရမှန်း သတိရလာ ဟန်တူ၏။ တကယ်ဆိုတော့ အရှယ်ရောက်ချိန်လောက်မှအစပြုကာ အောင်ကြီးသည် သူ၏ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် မရှိမဆုံ့နှင့် မအိပ်မနေရုန်းကန်လှုပ်ရှားကာ အသက်မွေးလာခဲ့ရသော သတ္တဝါတစ် ကောင်မျှသာဖြစ်၏။ သူ့ဘဝတွင် သက်သက်သာသာ နားနေချိန်များ မရှိခဲ့စဖူးပေ။ အမြဲတစေ လှုပ်ရှားနေရသော ဘဝဖြစ်၏။ နာကျင်ခြင်းနှင့် ပင်ပန်းခြင်းများနှင့်သာ ယှဉ်သောဘဝလည်းဖြစ်၏။ ယင်းသို့ မိမိ၏ အသက်တစ်ချောင်းအတွက် နာနာကျင်ကျင်နှင့် ပင်ပင်ပန်းပန်း ရုန်းကန် လှုပ်ရှားနေရသော သတ္တဝါတစ်ကောင်အဖို့ သူ၏ဘဝအကြောင်း ပြန် ပြောင်းစဉ်းစားရန် အချိန်အဘယ်သို့ ရရှိနိုင်ပါ့မည်နည်း။ ချမ်းချမ်းသာ သာနှင့် ပြည့်ပြည့်စုံစုံ ကြွယ်ကြွယ်ဝဝ နေထိုင်နိုင်စွမ်းရှိကြသူများလောက် သာ သူတို့၏ ပစ္စက္ခဘဝများအကြောင်းကိုပါ အားအားယားယားစဉ်း စားနိုင်စွမ်း၊ ဓာချဲ့နိုင်စွမ်း ရှိသည်မဟုတ်သလော။

"အဖြေရကျပ်ကျပ်မို့ ဘယ်လိုပြန်ဖြေရမှန်းတောင် မသိတော့ပါဘူး ဆိုတာ ဘယ်လိုဟာလဲဗျ... ခင်ဗျားစကားက တော်တော်အဆန်းသားပါ ကလား"

အမှုထမ်းသား မြမင်း၏စကားကို သူသည် အဘယ်သို့ ပြန်လည် ဖြေကြားရပါမည်နည်း။ ထို့ကြောင့် အောင်ကြီးသည် စကားမဆက်ဘဲ နှုတ်ပိတ်ထားရခြင်းဖြစ်၏။ ယင်းသို့ လူသတ္တဝါနှစ်ကောင်တည်းသာ ရှိနေသော တန်းထဲတွင် စကားစပ်မိစပ်ရာ ပြောကြဆိုကြရင်းက ရာဇဝတ် သား အောင်ကြီးဆိုသူသည် သူ၏ ဘဝအကြောင်းကို ပြန်ပြောင်းစဉ်းစား



ခြင်း ပြုကြည့်ရန် သူ့ဘဝတွင် ပထမဆုံးအကြိမ် သတိရရှိလာခဲ့ခြင်း ဖြစ်၏။

သူနှင့်ဘဝတူ အကျဉ်းသားက နှုတ်ပိတ်ထားသောအခါ အမှုထမ်း သား မြမင်းသည် သူ့ဟာသူ တစ်ကိုယ်ကောင်း၊ တစ်ယောက်ကောင်း စဉ်းစားစရာနှင့် စိတ်ကူးယဉ်စရာ အကြောင်းအရာများရှိနေသဖြင့် ပြန် လည်နှုတ်ပိတ်ထားလိုက်၏။ စည်သာစစ်ကဲကြီး အားပေးစကား ပြော ကြားသွားခဲ့သည့်အတိုင်း ရက်ကာလများမကြာမီ ဤလောကငရဲအတွင်း မှ လွတ်ကျွတ်ခွင့်ရတော့မည့်အကြောင်းကို အတွေးနယ် ချဲ့၍နေ၏။ ထို့ကြောင့် အမှောင်တိုက်ဖိစီး ညှဉ်းပန်းလျက်ရှိသော တန်းအတွင်း၌ လူသတ္တဝါနှစ်ကောင်ရှိသော်ငြားလည်း တစပြင်နှင့်မခြား တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေခြင်းဖြစ်၏။

## [၂]

အောင်ကြီးတွင် လူမှန်းသူမှန်းသိတတ်စပြုသော အသက်အရွယ် ပိုင်းလောက်မှအစပြုကာ မိဘနှစ်ပါး မရှိတော့ပေ။ ကိုယ့်ခြေထောက်နှင့် ကိုယ် ခိုင်ခိုင်ခံ့ခံ့မရပ်နိုင်မီ မိဘနှစ်ပါးသည် သတ္တဝါတစ်ကောင်အတွက် အလွန်တရာ အရေးကြီးသော မှီခိုရာအားထားရာဖြစ်၏။ အထူးသဖြင့် နှစ်ပရိစ္ဆေဒ အတန်ကြာသည့်တိုင်အောင် လူလားမမြောက်နိုင်သော လူ သတ္တဝါအတွက် သာလွန်၍အရေးကြီး၏။ အခြား၊ အခြားသောသတ္တဝါ များသည် အမိဝမ်းမှကျွတ်လွတ်ပြီးနောက် ရက်လနှင့် နှစ်ကာလအနည်း ငယ်ခန့်အတွင်း သူ့ခြေထောက်နှင့်သူ ရပ်နိုင်ကြ၏။ လူသတ္တဝါမှုကား ထိုသို့မဟုတ်ပေ။ ဆယ်လီစုနှစ်စု နည်းပါးခန့်မျှ အချိန်ယူရ၏။

မိဘများ မရှိခဲ့ကြသကဲ့သို့ အောင်ကြီးတွင် ညီအစ်ကို မောင်နှမ များသော်လည်းကောင်း၊ မိကြီးဖကြီးနှင့် သားချင်းပေါက်ဖော်များသော်

လည်းကောင်း မရတတ်ချေ။ ညီအစ်ကိုနှင့် သားချင်းဆိုသူများကို ဆွေအားမျိုးအား ခေါ်တတ်ကြ၏။ သို့ရာတွင် အောင်ကြီးသည် ဆွေအားမျိုးအား အလွန်တရာဆင်းရဲခေါင်းပါးသော တစ်ကောင်ကြွက်မျှသာဖြစ်၏။

မိဘနှင့်သားချင်းဆွေမျိုးမရှိသော တစ်ကောင်ကြွက်သည် အဘယ်သို့ အတတ်ပညာ ရနိုင်ပါမည်နည်း။ နေဥစ္စာကော ရတတ်စရာ လမ်းရှိနိုင်ပါဦးမည်လော။

အောင်ကြီး ဆယ်နှစ်သား သာသာခန့်တွင် တောင်သူယာလုပ် ဓားမခုတ်များဖြစ်ကြသော သူ၏မိဘ နှစ်ပါးသည် တစ်ဦးပြီးတစ်ဦး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြ၏။ အဆင်းရဲလွန်ကဲသော ရောဂါဆိုးကြောင့်ဖြစ်၏။ သို့ရာတွင် ဗုဒ္ဓယဉ်ကျေးမှု ထွန်းကားသော တိုင်းပြည်ဖြစ်၍ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် ကျောင်းသားကပ္ပိယငယ်အဖြစ်ဖြင့် မှီခိုရင်း အောင်ကြီးသည် တစ်စတစ်စ လူဖြစ်ကြီးပြင်းရ၏။

ဘုန်းကြီးကျောင်းတွင် ကျောင်းသား ကပ္ပိယဆိုရသော်လည်း ဆင်းရဲသော ရွာ၏ ဘုန်းကြီးကျောင်းဖြစ်၍ ကျောင်း၏ ဝေယျာဝစ္စလောက်သာ မဟုတ်၊ ရွာ၏ ဝေယျာဝစ္စကိုလည်း အောင်ကြီးသည် သူ့အားနှင့်သူ တန်သလောက် လုပ်ကိုင်ရ၏။ ရွာရှိ အိမ်တိုင်း၊ အိမ်တိုင်းသည် တစ်ကျောင်းတည်းနှင့် တစ်ပါးတည်းသာ ရတတ်သော ကျောင်းနှင့် ဆရာဘုန်းကြီး၏ ဒကာများဖြစ်ကြ၏။ ထို့ကြောင့် ကျောင်းနှင့် ဘုန်းတော်ကြီးကို ထောက်ပံ့လျက် ရှိကြသော အိမ်တိုင်း၊ အိမ်တိုင်းနှင့် ကျောင်းသား ကပ္ပိယလုပ်နေသော အောင်ကြီးသည် နှောင်ဖွဲ့ရင်းနှီး၏။ ခိုင်းစရာရှိလျှင် အောင်ကြီးကို မျက်နှာမရွေးခေါ်ခိုင်းတတ်၏။ ကျွေးစရာရှိလျှင်လည်း ခေါ်ကျွေးတတ်၏။ အောင်ကြီးသည် ကျေးရွာ၏ လုပ်ငန်းများကို လူလားမမြောက်မီကပင် လုပ်ကိုင်တတ်၏။



အောင်ကြီး ကျောင်းသား ကပ္ပိယအဖြစ် ခိုလှုံနေရသောကျောင်း၏ ကျောင်းထိုင်ဘုန်းတော်ကြီးသည် ငယ်ဖြူမဟုတ်၊ တောထွက်ဖြစ်၏။ ဘုန်းတော်ကြီးသည်မူလက အမှုထမ်းမျိုးရိုးထဲမှဖြစ်၏။ အမှုထမ်းဆိုရာတွင် ရိုးရိုးမဟုတ်၊ စစ်မှုထမ်းဖြစ်၏။ စစ်မှုထမ်းအဖြစ်ဖြင့် နှစ်ပေါင်းနှစ်ဆယ်ခန့်အမှုထမ်းရသောအခါ ထိုအလုပ်ကို စက်ဆုပ်ငြီးငွေ့လာဟန်တူ၏။ အသက်နှင့်သာ ရင်းနှီးခြင်းပြုရပြီး စီးပွားလည်းမဖြစ်၊ လူမွေးလူတောင်လည်း မပေါက်နိုင်သော ထိုအသက်မွေးဝမ်းကျောင်း အလုပ်အကိုင်မျိုးကို အဘယ်သူ ပျော်ပိုက်နိုင်သနည်း။ ရန်သူဟု ဦးခေါင်းထဲတွင်ထားရသော တစ်ဖက်သားကို သေကျေနာကျင်အောင် သတ်ဖြတ်ထိုးခုတ်ရသော အလုပ်အကိုင်ကို နှစ်ပေါင်းများစွာ လုပ်ကိုင် လာရသောအခါ ငြီးငွေ့ရုံမျှလောက်သာမက သွေးပါပျက်လာ၏။ ထို့ကြောင့် တိုက်ပွဲတစ်ပွဲမှအပြန် အသက်မျှ မမီလိုက်သော သူ့မယား၏ မြေပုံကို သွားရောက်ကြည့်ရှုပြီးနောက် ဘုရင့်တပ်မတော်အမှုထမ်းဘဝမှ ထွက်ပြေးလာခဲ့၏။ သွေးပျက်နေသော သူ့ကိုယ်သူ သွေးကြည်သွား၊ သန့်သွားအောင် ရဟန်းဘဝသို့ တက်လှမ်းကူးပြောင်းရန် နည်းလမ်းရှာဖွေ၏။ ယင်းသို့ ရှာဖွေရင်း အလွန်တရာခေါင်သော ထိုအရပ်သို့ ပြေးလွှားရောက်ရှိလာခဲ့ခြင်း ဖြစ်၏။ သူသည် အရပ်ရှိ ဘုန်းတော်ကြီးကျောင်းတွင် ရှေးဦးစွာ ကိုရင်ဝတ်၏။ ထိုကျောင်းမှ ကျောင်းထိုင်ဘုန်းတော်ကြီး ပျံလွန်တော်မူသောအခါ အခြားရဟန်းတစ်ပါးမျှ မရတတ်သောကြောင့် ရွာသူရွာသားများက ထိုကိုရင်ကြီးကို ရဟန်းခံပေးကြ၏။ ထိုနည်းဖြင့် စစ်ပြေးတစ်ယောက်သည် ကျောင်းထိုင်ဘုန်းကြီးဘဝသို့ တက်လှမ်းရောက်ရှိလာခဲ့ခြင်းပင်ဖြစ်၏။

အသက်လေးဆယ်ကျော်မှ တောထွက်ရသူဖြစ်၍ ဘုန်းတော်ကြီးသည် ဒါနခန်း၊ သီလပေးနှင့် ရေစက်ချသော အလုပ်များလောက်သာ

တတ်ကျွမ်း၏။ တစ်ခါတစ်ခါ ရေစက်ချရာတွင် တရားလည်နေတတ်
သဖြင့် တရားနာပရိသတ် ကသိကအောက်ဖြစ်၏။ ယင်းကဲ့သို့သော
တောထွက်ဘုန်းတော်ကြီးတစ်ပါး ကျောင်းထိုင်သောကျောင်းတွင်
ကျောင်းသားကပ္ပိယအဖြစ် ခိုလှုံကပ်ရပ်ခြင်းပြုခဲ့ရသူ အောင်ကြီးသည်
အဘယ်သို့လျှင် အတတ်ပညာရနိုင်ပါ့မည်နည်း။ သင်္ကြိုဟ်လောက်မှပင်
သူ့ဆရာ ဘုန်းတော်ကြီးသည် နိုင်နိုင်နင်းနင်းမရှိသောအခါ တပည့်
ကျောင်းသားအောင်ကြီးသည် အဘယ်သို့ ရပ်တွက်တတ် ပါတော့မည်
နည်း။ မင်္ဂလသုတ်ကိုပင် အနိုင်နိုင်သင်ယူခဲ့ရ၏။

သို့ရာတွင် အောင်ကြီး၏ဆရာဘုန်းတော်ကြီးသည် စစ်သား
လူထွက်ဖြစ်၏။ ထို့ကြောင့် တစ်နည်းအားဖြင့် အောင်ကြီးအဖို့
ကံကောင်းထောက်ပံ့သည်ဟု ပြောဆိုနိုင်မည်လား မပြောတတ်ပေ။
ဆရာဘုန်းကြီးသည် သားသမီးလည်း ထွန်းကားခဲ့ဖူးသူ မဟုတ်သဖြင့်
မိဘဆွေမျိုး မရှိ၍ သူ၏ကျောင်းတွင် ကပ္ပိယကျောင်းသား လာလုပ်
နေရသူ အောင်ကြီးအပေါ် တော်တော်ကလေး သံယောဇဉ်ငြိတွယ်ခဲ့
ပုံရ၏။ အင်္ဂါရပ်ရော လူလုံးလူဖန်ရော အလွန်တရာ ကောင်းမွန်သော
တပည့်ကျောင်းသား၏ ကြီးပွားရာ ကြီးပွားကြောင်းအတွက် သူတတ်
ကျွမ်းသော လောကီရေးဆိုင်ရာ ပညာရပ်များကို သင်ကြားပေးရန်
စီစဉ်၏။ သို့ရာတွင် ရွာသူရွာသားများမြင်လျှင် မတော်သဖြင့် ညည
ဘက်များတွင် တိတ်တဆိတ် သင်ကြားပေးရ၏။ အထူးသဖြင့် ယောကျ်ား
ကောင်းများတတ်အပ်သော အရပ်ရပ်ကိုယ်ခံပညာရပ်များကို ကိုယ်ဖိရင်ဖိ
လေ့ကျင့်သင် ကြားခြင်းပြု၏။ ထို့ကြောင့် ထိုဆရာ ဘုန်းတော်ကြီး
ပျံလွန်တော်မမူမီ အောင်ကြီးသည် သိုင်းနှင့်ဗန်တို၊ ဗန်ရှည် စသော
ပညာရပ်များ၊ နပန်းနှင့် လက်ဝှေ့စသော ပညာရပ်များနှင့် ဓားခုတ်
လှံထိုး စသော အတတ်ပညာရပ်များကို ကောင်းစွာ သင်ကြားတတ်



မြောက်လာခဲ့၏။

ဤကဲ့သို့ ကိုယ်ခံအတတ်ပညာရပ်များကို တတ်မြောက်ထားသည့်
အပြင် အားခွန်ဗလရော လူလုံးလူဖန်ပါ ကောင်းမွန်လှသဖြင့် ရွာတွင်းရှိ
သူနှင့် သက်တူရွယ်တူလူငယ် လူရွယ်များ၏ ရိုသေလေးစားခြင်းကို
အောင်ကြီးခံရ၏။ အားကိုးအားထားပြုခြင်းကိုလည်း ခံရ၏။ သူ၏
အားခွန်ဗလနှင့် ကိုယ်ခံပညာရပ်များကြောင့် အများက ခန့်ညားရိုသေကြ
သည့်တိုင်အောင် အောင်ကြီးသည် ငယ်ရွယ်သူတို့ဘာဝ အောက်ခြေလွတ်
ခြင်းမရှိခဲ့၊ သူ့ကိုယ်သူများစွာ နှိမ့်ချတတ်၏။ တကယ်ဆိုတော့ သူသည်
တစ်ကောင်ကြွက်မျှသာဖြစ်သည် မဟုတ်သလော။

အသက်ဆယ့်ခြောက်နှစ်သားသာသာခန့်အသက်အရွယ်လောက်
တွင် သူ့အားသူ့မာန်နှင့် ကိုယ်ခံပညာရပ်များကို လက်တွေ့စမ်းသပ်
ကြည့်ရှုခြင်းပြုရသော ပွဲကြီးပွဲကောင်းတစ်ခုနှင့် အောင်ကြီးတွေ့ရ၏။
ထိုကဲ့သို့သော ပွဲမျိုးကို ရင်ဆိုင်ရလိမ့်မည်ဟု အောင်ကြီးသည် မျှော်လင့်
မထားသဖြင့် သူ့ကိုယ်သူ စဉ်းစားထားခြင်းသော်လည်းကောင်း၊ ပြင်ဆင်
ထားခြင်းသော်လည်းကောင်း အလျှင်းမရှိပေ။ သူငယ်တို့ဘာသာဘာဝ
ခရီးသွားဟန်လွှဲ တွေ့ကြုံဆင်နွှဲခဲ့ရခြင်းမျှသာလျှင် ဖြစ်၏။

## [၃]

တစ်ခါသော် သူတို့ရွာနှင့် ခရီးတစ်သောင်း ကျော်ကျော်ဝေးကွာ
သော ဧရာဝတီမြစ်ကမ်းပါးရှိ မြို့တစ်မြို့သို့ အောင်ကြီးသည်သူ၏
ဆရာဘုန်းကြီးနှင့်အတူ ရက်အတန်ကြာခရီးသွားရ၏။ ကိစ္စမှာ သူ့ဆရာ
ဘုန်းကြီးနှင့် သက်ဆိုင်သော သုဓမ္မာဂိုဏ်းကြီး၏ လက်ထောက်ဂိုဏ်း
ချုပ် ဆရာတော်ကြီးတစ်ပါး ပျံလွန်တော်မူ၍ ဖုတ်ကြည်းသင်္ဂြိုဟ်သော
ကိစ္စနှင့် ပတ်သက်၍ဖြစ်၏။

လက်ထောက်ဂိုဏ်းချုပ် ဆရာတော်ကြီးသည် သက်ကြီးဝါကြီးဖြစ်
သည့်အပြင် စာပေတတ်ကိုယ်တော်ကြီးတစ်ပါးပါဖြစ်ရကား အရပ်ရပ်
အနယ်နယ်တွင် တပည့်တပန်းနှင့် ဒကာ ဒကာမများ အလွန်ပေါများ
၏။ ထို့ကြောင့် ဘုန်းကြီးပျံကို ငွေကြေးအကုန်အကျခံကာ ၎င်း၏
တပည့်တပန်းနှင့် ဒကာ၊ ဒကာမများက ဆင်ယင်ကျင်းပကြ၏။
နေပြည်တော်မှ ထင်ရှားကျော်ကြားသော ဇာတ်သဘင် အဖွဲ့ကြီးတစ်ဖွဲ့
ကို ငှားရမ်း၏။ ပဉ္စလက်ပြပွဲများအပြင် လက်ဝှေ့ပွဲ၊ နပန်းပွဲများလည်း
ပါဝင်၏။

ထို့ကြောင့် အရပ်ရပ်အနယ်နယ်မှ လူအများအပြား လှည်းများနှင့်
ညဥ့်အိပ် ညဥ့်နေ လာရောက်ကြရာ အလွန်တရာ စည်ကား၏။

အောင်ကြီးသည် သူမွေးဖွား လူဖြစ်ရာ ရပ်ရွာ၏ ရွာနီးချုပ်စပ်
သုံးလေးရွာလောက်မှလွဲ၍ အခြား တစ်ပါးသို့ ရောက်ဖူးပေါက်ဖူးသူ
တစ်ယောက်မဟုတ်ပေ။ ထိုဘုန်းကြီးပျံသို့အသွား သူသည် ပထမဦးဆုံး
အကြိမ် မြို့ဆိုသော အရပ်သို့ ရောက်ဖူး၍ မြစ်ကိုလည်း တွေ့ဖူးမြင်ဖူး
ခြင်း ဖြစ်၏။ အလွန်တရာ လူစည်ကားများပြားလှသော ပွဲလမ်းကိုလည်း
ကြုံကြိုက်ဖူးခြင်းဖြစ်၏။

မရောက်ဖူးသော အရပ်ဒေသနှင့် မတွေ့မြင်ဖူးသော ပွဲသဘင်မျိုးနှင့်
ပထမအကြိမ် ကြုံကြိုက်ရခြင်းဖြစ်သဖြင့် ကျေးတောသား အောင်ကြီး
သည် အလွန်တရာ ရင်သပ်အံ့သြလျက် ရှိ၏။ ကျေးလက်မှ ကျော့မွဲ
များ၊ မြို့အရပ်မှ တောက်ပပြောင်လက်သူများကို နှိုင်းယှဉ်စဉ်းစားရင်း
အဘယ်သို့မျှ နားမလည်တတ်အောင် ဖြစ်ရ၏။ တစ်နှစ်ပတ်လုံးပင်
ပင်ပန်းပန်း အလုပ်လုပ်လုပ်ကိုင်ခြင်းပြုရလျက် ဆင်းရဲမွဲကျန်နေရသော
ကျေးတောသားများနှင့် အဘယ်မျှ အလုပ်လုပ်သည်သာမသိရသော်
လည်း ချမ်းချမ်းသာသာ နေနိုင်ပုံရသော မြို့သားများ၏ ဘဝကိုနှိုင်း



ယှဉ်စဉ်းစားမိ၏။ မြို့သားများ၏ ဘဝကိုလည်း အားကျတောင့်တမိ
၏။

ဘုန်းကြီးပျံကို သုံးရက်တိုင်တိုင် ပျော်ပွဲလမ်းပွဲများနှင့် စည်စည်ကားကား ဆင်ယင်ကျင်းပ၏။ ထို့ကြောင့် အောင်ကြီးသည် ဘုန်းကြီးပျံမှ ဇာတ်သဘင်နှင့် ပဉ္စလက်ပြပွဲများကို ရှုကြည့်ရင်းအလွန်တရာပျော်ရွှင်၏။ အံ့သြ၍မဆုံးနိုင်အောင်လည်း ရှိ၏။ ထိုကဲ့သို့သော ဖျော်ဖြေမှုများသည် မြို့ကြီး ရပ်ကြီးများ၌သာ ရှိသည် မဟုတ်သလော။ ကျေးလက်တောရွာများတွင်ကား အဘယ်သို့မျှ တွေ့မြင်ရလိမ့်မည်ကား မဟုတ်ပေ။

ဘုန်းကြီးပျံ၌ အောင်ကြီး အထူးစိတ်ဝင်စားသော ပွဲနှစ်ပွဲရှိ၏။ တစ်ပွဲမှာ လက်ဝှေ့ပွဲဖြစ်၏။ ကျန်တစ်ပွဲမှာ နပန်းပွဲဖြစ်၏။ လက်ဝှေ့ပွဲတွင်ရော နပန်းပွဲတွင်မှာပါ လက်ဝှေ့နှင့် နပန်းသမား အကျော်အမော်များ ထိုးသတ်ကြသည်ကို အသက်ရှူရန်မျှ သတိမရဘဲ ငေးမောကြည့်ရှုခဲ့ရ၏။ ပထမနှင့် ဒုတိယနေ့များတွင် ကျေးတောသားအောင်ကြီးသည် ပွဲကြည့်ပရိသတ် တစ်ဦးဖြစ်၏။ သို့ရာတွင် တတိယနှင့် နောက်ဆုံးနေ့တွင်မူကား သူသည် ပရိသတ်အလယ်ကောင်တွင် ပွဲကြည့်သူတစ်ဦးအဖြစ်နှင့် မနေနိုင်တော့ချေ။ လက်ဝှေ့ထိုးသတ်ရာစင်မြင့်ထက်မှ တဖြောင်းဖြောင်း လက်ခမောင်းခတ်ကာ ပရိသတ်အတွင်းမှ သူနှင့်ယှဉ်ပြိုင်ထိုး သတ်ဝံ့သူရှိလျှင် စင်ပေါ်သို့ တက်လာခဲ့ရန် စိန်ခေါ်နေသော လက်ဝှေ့ကျော်၏ အပြောအဆိုနှင့် အမူအရာကို သည်းညည်းမခံနိုင်လောက် အောင် ဖြစ်လာပုံရ၏။ တကယ်ဆိုတော့ လက်ဝှေ့ထိုးသတ်ရာစင်မြင့်ပေါ်မှ စိန်ခေါ်နေသော လက်ဝှေ့သမားသည် သူ၏ အသက်မွေးဝမ်းကျောင်းအလုပ်ကို လုပ်ရိုးလုပ်စဉ် လုပ်ကိုင်နေခြင်းမျှသာ ဖြစ်သည်မဟုတ်သလော။ ထိုသူသည် ကြေးစားလက်ဝှေ့သမားတစ်ဦးမျှသာ

ဖြစ်၏။ သို့ရာတွင် ငယ်ရွယ်သော ကျေးတောသား အောင်ကြီးသည်ထိုကြေးစားလက်ဝှေ့သမား၏ လုပ်ရိုးလုပ်စဉ်အလုပ်အကြောင်းကို နားမလည်ပေ။ ထိုကြောင့် သူသည် လက်ဝှေ့ပွဲကြည့်ပရိသတ်အတွင်း၌အခြားအခြားသော ပွဲကြည့်ပရိသတ်များကဲ့သို့မနေ၊ စင်မြင့်ပေါ်မှ စိန်ခေါ်နေသူကို ယှဉ်ပြိုင်ထိုးသတ်ရန်အတွက် ဝုန်းခနဲ ထလိုက်၏။

ဧရာဝတီ မြစ်ရိုးတစ်လျှောက်တွင် ပြိုင်ဘက် လက်ဝှေ့သမားပေါင်းငါးဆယ်နည်းပါးခန့်ကို ကြည့်ရှု၍ မကောင်းလောက်အောင် ရပ်ပျက်ဆင်းပျက် ထိုးသတ်ခဲ့သော နာမည်ကျော် ကြေးစားလက်ဝှေ့သမားကြီးဗျိုင်းကလေးကို တော်ရုံလူထဲက အဘယ်သူ ယှဉ်ပြိုင်ထိုးသတ်ဝံ့သနည်း။ ဗျိုင်းကလေးသည် အသက်သုံးဆယ်သာသာခန့်မျှသာ ရှိသေး၏။ သန်တုန်းမြန်တုန်းဖြစ်သည်မဟုတ်သလော။ လူလုံးလူဖန်အနေနှင့်သန်သန်မာမာ ထွားထွားကျိုင်းကျိုင်းကြီးထဲကသာ မဟုတ်စေကာမူအလွန်တရာ သက်လုံကောင်းသည်ဟု ကျော်ကြား၏။ ဒူးပုန်းနှင့် ဖဝါးခတ်ကောင်းသလောက် လက်သီးချက်ပြင်းကာ အတိမ်းအရှောင်တွင်လည်း အလွန်တရာလျင်မြန်ဖျတ်လတ်၏။

ဘုန်းကြီးပျံစတင်သော ပထမနေ့က ဗျိုင်းကလေးသည် သူနှင့်ယှဉ်ပြိုင်ဘက်နှစ်ဦးတို့ကို တစ်ဦးပြီးတစ်ဦး နှာနှပ်၍ ထမ်းထုတ်သွားရအောင် ပညာသားပါပါ လက်သီးစွမ်းပြခဲ့၏။ သူ၏ ပြိုင်ဘက်များသည်အပျော်တမ်းသမားများထဲက မဟုတ်ကြပေ။ သည်လိုပွဲကြီးပွဲကောင်းများကို လိုက်လံရှာဖွေနေကြသော ကြေးစားများ ဖြစ်ကြ၏။ တစ်ယောက်မှာမွန်အမျိုးသား တလိုင်းစိန်ဆိုသူ ဖြစ်၏။ သူသည် ရာမညတိုင်းတွင်ထင်ရှားကျော်ကြားသော လက်ဝှေ့သမားတစ်ဦးဖြစ်၏။ သို့ရာတွင် ဗျိုင်းကလေးနှင့် ထိုးရသောအခါ ဒုတိယသာ ရရှိခဲ့၏။ ပွဲခင်းအပြင်ရောက်မှသတိပြန်လည်လာသောဟူ၏။



ဒုတိယတစ်ယောက်မှာ ရှမ်းအမျိုးသား အိုက်ခန်းဆိုသူဖြစ်၏။လူလုံးလူဖန် မထွားကျိုင်းလှသော်လည်း အလွန် တရာပေါ့ပါးသွက်လက်၏။ လူတစ်ရပ်ခန့် ခုန်ပျံ၍ တစ်ဖက်သားကို တိုက်ခိုက်ကန်ကျောက်နိုင်စွမ်းရှိ၏။ သို့ရာတွင် အလွန်တရာပေါ့ပါးသော အိုက်ခန်းတစ်ယောက်ခမျာလည်း ဗျိုင်းကလေးနှင့် ကျသောအခါ စန့်စန့်ကြီးခံသွားရ၏။ မျက်နှာလည်း စုတ်ပြတ်သွား၏။ ထို့ကြောင့် ဒုတိယနေ့တွင်ဗျိုင်းကလေး၏ စိန်ခေါ်ခြင်းကို ပြန်ထူးသူမရှိ သလောက် ဖြစ်သွား၏။သို့ရာတွင် ဒိုင်လူကြီးများက ပွဲဖြစ်အောင်အစွမ်းကုန်ကြိုးစားကြသဖြင့်သူနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် မြန်မာအမျိုးသား လက်ဝှေ့သမားတစ်ဦးရရှိလာ၏။ ဒိုးကလေးဆိုသော မြစ်ညာပိုင်းမှ ကြေးစားလက်ဝှေ့အကျော်အမော်တစ်ဦးဖြစ်၏။ လူလုံး လူဖန်သာ ကောင်းရုံမက အခုန်အပျံရော အကန်အကျောက်ပါ သွက်လက်ပေါ့ပါး သူဖြစ်၏။ ဗျိုင်းကလေးနှင့် ဒိုးကလေးတို့သည် ငါးချီတိတိ ထိုးသတ်ကြရ၏။ တစ်ယောက်မျှမကျွဲ၊ သို့ရာတွင် ဆဋ္ဌမအချီတွင် ဗျိုင်းကလေးက ဒူးပုန်းနှင့် အဘယ်သို့တိုက်လိုက်သည်မသိ၊ ဒိုးကလေးသည် မျက်ဖြူလန်ကာ ဆန့်ငင်ဆန့်ငင်ဖြစ်နေ၏။ ထို့ကြောင့် ထမ်းထုတ်သွားရ၏။

ယင်းသို့ ပထမနှင့် ဒုတိယပွဲရက်များအတွင်း ကြေးစားလက်ဝှေ့အကျော်အမော်သုံးယောက်တို့ကို ထမ်းထုတ်ယူသွားရအောင် လက်သီးစွမ်းပြ ထိုးသတ်ခဲ့သော ဗျိုင်းကလေးကို ပရိသတ်အလယ်မှ ဘယ်ကမှန်းမသိသော လူငယ်တစ်ဦးက ယှဉ်ပြိုင်ထိုးသတ်ရန် ဝုန်းခနဲထလိုက်သောအခါ လက်ဝှေ့ပွဲကြည့်ရန် အားခဲစောင့်မျှော်နေကြသော လူထုပရိသတ်ကြီးပါမက ဗျိုင်းကလေးကိုယ်တိုင်ကရော ဒိုင်လူကြီးများကပါ များစွာလှုပ်ရှားအံ့ဩသွားကြပုံရ၏။ အားလုံးသောမျက်လုံးများသည် အောင်ကြီးကို စူးစိုက်စုပြုံ၍ ကြည့်နေကြ၏။ တချို့ကလည်း "ဟုတ်မှလည်း

လုပ်ပါကွာ" ဟု သူတို့ဟာသူတို့ တီးတိုး ပြောဆိုလျက် ရှိကြ၏။

"ဗျိုင်းကလေးနဲ့ ကျွန်တော် စမ်းချင်တယ်..." ဟု အောင်ကြီးက လှမ်းအော်၍ ပြောဆိုလိုက်၏။ ထိုအခါ ပရိသတ်သည် နနယ်ငယ်ရွယ် သူ အောင်ကြီးကို ကြည့်ရှုနေကြရာမှ ရှဲခနဲဖြစ်သွား၏။ လက်ဝှေ့ ထိုးသတ်ရာ စည်းဝိုင်းတွင်း၌ ရှိနေကြသော ဗျိုင်းကလေးနှင့် ကြက်ဆွဲ နှစ်ယောက်တို့သည်လည်း ထိုသူငယ်ကို ယုံရခက်ခက်ဖြစ်နေကြပုံရ၏။ ထို့ကြောင့် အောင်ကြီးကို သံသယမျက်လုံးများဖြင့် စူးစိုက်ကြည့်ရှုနေ ကြ၏။

"လူမှန်ရင် ဗိုလ်မထားဘူးဆိုတဲ့ ဗျိုင်းကလေးနဲ့ ကျွန်တော်ပြိုင်ချင် တယ်ဗျ..." ဟု အောင်ကြီးသည် သူ၏ တုံ့ပြန်ချက်ကို အေးတိအေးစက် လုပ်နေပုံရသည်ထင်သော တာဝန်ရှိသူများကို ဒုတိယအကြိမ် အော်ဟစ် ပြောဆိုလိုက်၏။ ထိုသို့ ပြောဆိုလိုက်တော့မှ စောစောက ငြိမ်ကြည့်နေ ကြသော ပရိသတ်သည် လက်ခုပ်တဖြောင်းဖြောင်း တီးလိုက်ကြ၏။

သူ့ကို ပွဲတောင်းသည့်အနေနှင့် လက်ခုပ်တီးပေးနေကြသော ပရိ သတ်ကို တစ်ချက်မျှ ကြည့်ရှုလိုက်ပြီးနောက် အောင်ကြီးသည် လက်ဝှေ့ ထိုးသတ်ရသော စည်းဝိုင်းဘက်သို့ ပရိသတ်အကြားမှ တဖြည်းဖြည်း တိုးဝှေ့၍ ထွက်လာခဲ့၏။ စည်းဝိုင်းအပြင်မှ ဒိုင်လူကြီးများသည် သူတို့ မျက်လုံးကို သူတို့ဟာသူတို့ သံသယဖြစ်နေသေးသော အမူအရာများ ဖြင့် စည်းဝိုင်းအတွင်းသို့ တိုးဝှေ့ဝင်လာသော အောင်ကြီးကို ငေးမော ကြည့်ရှုနေကြဆဲပင် ဖြစ်၏။ ကြက်ဆွဲနှစ်ယောက်တို့ကလည်း မျက်လုံး များပြူးနေကြသလို စိန်ခေါ်သူ ဗျိုင်းကလေးကလည်း ပါးစပ်အဟောင်း သား ဖြစ်နေကြ၏။

လက်ဝှေ့ထိုးသတ်ခြင်းပြုရသော စည်းဝိုင်းအတွင်းသို့ ရောက်ရှိသော အခါ အောင်ကြီးသည် သူ၏ ဖျင်အင်္ကျီကို ချွတ်လိုက်ပြီးနောက် ပုဆိုးကို



အောက်ပိုးကျိုက်၏။ ထို့နောက် ကာလပျက်တော့မလား ထင်ရလောက် အောင် တဖြောင်းဖြောင်းလက်ခမောင်းခတ်ပြ၏။ သူ့ထက် ဦးခေါင်း တစ်လုံး သာသာခန့်မြင့်သော အောင်ကြီးကို ဗျိုင်းကလေးသည် မျက် တောင်မခတ်ဘဲ စိုက်ကြည့်နေ၏။ အရပ်ထဲမှ ထိုကလေးသူငယ်တစ် ယောက်ကို သူသည် အဘယ်သို့ ထိုးသတ်ရမည်နည်း။

ကြက်ဆွဲနှစ်ယောက်အနက် တစ်ယောက်သည် အောင်ကြီးအနီးသို့ ကပ်လာပြီးလျှင် "ဟေ့ သူငယ်၊ မင်း လက်ဝှေ့ထိုးဖူးလို့လားကွဲ့..." ဟု ခပ်တိုးတိုး ခပ်အုပ်အုပ် မေး၏။

"ခုလို လူရှေ့သူရှေ့မှာတော့ မထိုးဖူးသေးပါဘူး၊ ဒါပေမဲ့ ဗျိုင်း ကလေးနဲ့တော့ ထိုးချင်တယ်" ဟု အောင်ကြီးက ပြန်ဖြေကြား၏။

ထိုအခိုက်မှာပင် ဒိုင်လူကြီးလုပ်သူတစ်ဦးသည် လက်ဝှေ့စည်းဝိုင်း အတွင်းသို့ ဝင်လာ၏။ ထို့နောက် "မင်းဒီလိုပွဲကြီးတွေမှာ တစ်ခါမှ မထိုးဖူး၊ မသတ်ဖူးဘဲ ထိုးလို့ဖြစ်ပါ့မလားကွယ်" ဟု စိုးရိမ်မကင်းဖြစ်ကာ မေးမြန်း၏။

"ဘယ်သူမှ မထိုးရဲ၊ မသတ်ရဲတဲ့ ဗျိုင်းကလေးနဲ့ ထိုးချင်လို့ ဝိုင်းထဲ ဝင်လာတဲ့လူကို စစ်နေဆေးနေစရာ လိုသေးသလား ဦးလေးရဲ့" ဟု အောင်ကြီးက ပြန်ပြော၏။

"မင်းမှာ သုံးစရာစွဲစရာ မုန့်ဖိုးပဲဖိုးမရှိရင်လည်း ဦးလေး အိတ်ထောင် ထဲက ပေးလိုက်ပါရစေ လူကလေးရယ်... ကြေးစားဝိုင်းတွေထဲ မဝင်ဖူးဘဲ နဲ့တော့ ဗျိုင်းကလေးနဲ့ မထိုးချင်၊ မသတ်ချင်ပါနဲ့ကွယ်..." ဟု ဒိုင်လူကြီး က အောင်ကြီးအတွက် သောကမအေးနိုင်သော လေသံဖြင့် ချော့မော့ ပြောဆို၏။

"ဗျိုင်းကလေးနဲ့ သူကွဲကိုယ်ကွဲ ထိုးသတ်ချင်လို့ လက်ဝှေ့စည်းဝိုင်း ထဲ မရောက်ရောက်အောင် ဝင်လာတဲ့ ကျွန်တော့်ကို မုန့်ဖိုးပဲဖိုးပေးမနေ

ချင်နဲ့တော့ ဦးလေးရယ်... ဗျိုင်းကလေးနဲ့ ကျွန်တော့်ကိုသာ ခပ်မြန်မြ
လွှတ်ပေးစမ်းပါ”ဟု ပြန်လည်ပြောဆိုပြီးနောက် အောင်ကြီးသည် လက်
ခမောင်းခတ်နေ၏။

ထိုအတောအတွင်း “လက်ဝှေ့ပွဲစပါတော့ဗျို့ ”ဟု ပွဲကြည့်ပရိသတ်
ကလည်း တစ်ယောက်တစ်ပေါက် တိုးတိုးတစ်ဖုံ၊ ကျယ်ကျယ်တစ်နည်း
အော်ဟစ်တောင်းဆိုလာကြ၏။ ထို့ကြောင့် ဒိုင်လူကြီးသည် စည်းဝိုင်း
အပြင်သို့ ပြန်ထွက်လာခဲ့ပြီးလျှင် အခြားဒိုင်လူကြီးနှစ်ယောက်နှင့် တစ်ဖု
တစ်ရာတီးတိုးပြောဆို၏။ ထို့နောက် ထိုဒိုင်လူကြီးကပင် လက်ပိုက်၍
ရပ်နေသော ဗျိုင်းကလေးရှိရာသို့ ထလာခဲ့ပြီးလျှင် တီးတိုး၊ တီးတိုးပြော
ဆို၏။ ဗျိုင်းကလေးက မဲ့ပြုံးပြုံးကာ ဦးခေါင်းညိတ်လိုက်လျှင်လိုက်ချင်း
နာမည်ကျော် ကြေးစားလက်ဝှေ့သမားကြီး ဗျိုင်းကလေးနှင့် ထနောင်း
ကုန်းရွာမှ မောင်အောင်ကြီးဆိုသူတို့နှစ်ဦး ထိုးသတ်ကြသော လက်ဝှေ့
ပွဲစတော့မည့်အကြောင်း ပရိသတ်ကို သတင်းပေး၏။ ပရိသတ်ကလည်း
လက်ခုတ်တဖြောင်းဖြောင်း တီး၍ ဩဘာပေး၏။

ထိုသို့ ပရိသတ်က လက်ခုတ်ဩဘာပေးသလောက် ဘေးကျပ်
နံကျပ်ဖြစ်နေသူမှာ သူနှင့် ပြိုင်ဘက် ကြေးစားလက်ဝှေ့သမားကြီး
သုံးယောက်တို့ကို နှစ်ရက်အတွင်း ထမ်းထုတ်သွားရအောင် အနိုင်ယူထိုး
သတ်ခဲ့သော ဗျိုင်းကလေးပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူ၏
ပြိုင်ဘက်အသစ်မှာ ဘာမျှမထင်ရှားသည့်အပြင် အလွန်တရာ နုနယ်
ငယ်ရွယ်သော လူငယ်ကလေးတစ်ဦး ဖြစ်နေသောကြောင့်ပင် ဖြစ်၏။
ထိုလူငယ်ကို သူ၏အနေနှင့် အဘယ်သို့မျှ ရှုံးနိမ့်စရာအကြောင်းမရှိပေ။
သို့ရာတွင် အနိုင်ရသည့်တိုင်အောင်ကော သူ့အဖို့ အဘယ်သို့ ထူးခြား
စရာအကြောင်း မရှိပါမည်နည်း။ ဂုဏ်တက်စရာ အကြောင်းကော ရှိပါ
မည်လော။



ဆိုင်းသမားများသည် သူတို့၏လုပ်ငန်းတာဝန်ကို ကောင်းစွာ ထမ်းဆောင်လျက်ရှိကြပြီ။ ကြက်ဆွဲနှစ်ယောက်နှင့် စိန်ခေါ်သူကို ဖြေကြားရန် စည်းဝိုင်းထဲသို့ ရောက်ရှိနေသော ပြိုင်ဘက်သည်လည်း အဆင်သင့်ရှိနေလေပြီ။ ထို့ကြောင့် ကြေးစားဗျိုင်းကလေးသည် နောက်ဆုံးတွင် မရှောင်သာသည့် အမှုအရာမျိုးဖြင့်လည်းကောင်း စိန်ခေါ်ထားသော လူသစ်ကလေးကို ရင်ဆိုင်ရ၏။

ပထမအချီတွင် တစ်ဦးနှင့်တစ်ဦး ချက်ကောင်း တစ်ချက်မှ မထိကြပေ။ တစ်ဦး၏လက်သီးနှင့် တစ်ဦး၏ဒူးကို တစ်ဦးကရှောင်ရင်း ကြက်ဆွဲများက အနားပေးသဖြင့် ရပ်သွား၏။ ဒုတိယအချီတွင် ဗျိုင်းကလေးသည် သူထိုးသတ်နေသောလူသစ်ကို ပေါ့ပေါ့ဆဆနှင့် ကလေးကလားလုပ်၍ မရနိုင်ကြောင်း ရိပ်မိလာပုံရ၏။ ထို့ကြောင့် တတိယအချီစသောအခါ လူသစ်ကို ဖြိုဖျက်နိုင်ရန်အတွက် လက်သီးနှင့် ဒူးများလောက်သာ မဟုတ်တော့ဘဲ ဦးခေါင်းနှင့် ခြေဖျားများကိုပါ ခပ်ကြမ်းကြမ်းခပ်ရမ်းရမ်း အသုံးပြုလာရ၏။ သို့ရာတွင် လူသစ်မှာ မျက်စိလျင်သလောက် အရှောင်အတိမ်းပါကောင်း၏။ ထို့ကြောင့် တစ်ချက်မျှ မထိလိုက်၊ မမိ လိုက်ပေ။ ယင်းသို့ သူကသာ မမိလိုက်သော်လည်း တစ်ဖက်လူသစ်က သူ၏နံဘေး တစ်ဖက်တစ်ချက်စီတွင် လက်သီးပြင်းနှစ်လုံးသွင်းသွား၏။ ထို့ကြောင့် ဗျိုင်းကလေးသည် တော်တော်ကလေးခံလိုက်ရ၏။ အသက်ကိုပင် တော်တော်ကလေးအားပြု၍ရှူရ၏။

စတုတ္ထအချီစသောအခါ သူ့ထက်ပို၍ သက်လုံကောင်းပုံရသော အောင်ကြီး၏ ဖိစီးထိုးသတ်မှုကို ဗျိုင်းကလေးသည် မချိမဆံ့ခံလာရ၏။ လူရိုင်းသက်သက်သာ ဖြစ်သော်လည်း အလွန်တရာ လျင်မြန်ဖျတ်လတ်လှသော အောင်ကြီးကိုလည်း ရင်သပ်အံ့ဩလျက်ရှိကြ၏။ ပရိသတ်ကြီးကတော့မူ ငယ်ရွယ်သူ လူသစ်ဘက်မှ အားပေးအားမြှောက် ပြုနေ

ကြ၏။

ပဥ္စမအချီ စလျှင်စချင်း သူ၏ ပြိုင်ဘက်ကို အပြီးအပိုင် ဖြိုလဲရ
ဖျိုင်းကလေးသည် အားနှင့်မာန်နှင့် တရကြမ်းလိုက်၏။ ဖျိုင်းကလေး၏
လက်သီးနှင့် ဒူးများကို အောင်ကြီးသည် လျင်မြန်ပေါ့ပါးစွာ ရှောင်ရှ
သွား၏။ ယင်းသို့ ရှောင်ရှားရင်း ဖျိုင်းကလေး၏ လက်ဝဲနံဘေးက
လက်သီးပြင်းပြင်း သုံးလုံးဆက်တိုက်ပစ်သွင်းလိုက်၏။

ကြေးစားလက်ဝှေ့သမားကြီးတစ်ဦးအနေနှင့် သူယှဉ်ပြိုင်ထိုးသတ်
ခဲ့ရသူများကို ငါးချီထက်ပို၍ မထိုးသတ်ခဲ့ရဖူးဘဲ အနိုင်ရရှိလာခဲ့သော
ဖျိုင်းကလေးသည် ဆဋ္ဌမအချီ ထိုးသတ်ရသောအခါ လက်ပန်းခြေပန်
ကျနေ၏။ သူက ထိုးသတ်ဖို့နေနေသာသာ အခံဘက်၊ အရှောင်ဘက်က
ချည်းလိုလိုလည်း ဖြစ်လာ၏။ ထို့ကြောင့် အောင်ကြီးကသာ ဖိ၍ ဖိ
လိုက်၏။ ထို့ကြောင့် သတ္တမအချီစလျှင်စချင်း ရှေးဦးစွာ တစ်အားကု
၍ ပင့်တင်လိုက်သော အောင်ကြီး၏ လက်သီးဒဏ်ကို ဖျိုင်းကလေ
သည် ခံနိုင်ရည် မရှိတော့ပေ။ သူ့ကိုယ်သူပင် ခြေနှစ်ချောင်းပေါ်၌ ရ
နိုင်ရန် အနိုင်နိုင်ဖြစ်နေ၏။ ထိုအခွင့်အလမ်းကောင်းကို ကောင်းစွ
အသုံးပြုရန် အောင်ကြီးသည် လက်နှေးသူတစ်ဦးမဟုတ်ပေ။ သူ၏
ခြေနှစ်ချောင်းပေါ်တွင် ခနော်ခနဲ့ရပ်နေသော ဖျိုင်းကလေး၏ ပါးချိတ
ကို ဝိုက်လက်သီး တစ်လုံးသွင်းထည့်လိုက်၏။ ဘုန်းကြီးပျံ၏ ပထ
နှင့် ဒုတိယနေ့များတွင် ကြေးစားလက်ဝှေ့သမားကြီး သုံးယောက်တို့
ဖြိုလှဲခဲ့သော ဖျိုင်းကလေးသည် တတိယနှင့် နောက်ဆုံးနေ့တွင် ကော
ကောင်းကြီးဝဠ်လည်၏။ သူ့သားလောက်၊ တူလောက်ရှိသော လူသ
ကလေး၏လက်ချက်ဖြင့် လက်ဝှေ့စည်းဝိုင်းအတွင်း လဲပြို၍ကျသွ
၏။ စည်းဝိုင်းအပြင်သို့ ထမ်းထုတ်သွားခြင်း ခံရ၏။ နာနပ်၍ပင် တေ
တော်နှင့် သတိပြန်မလည်လာ။



ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် တစ်ပွဲတလေမျှ အရှုံးမရှိဘဲ ကျော်ကြားနေသော ကြေးစားလက်ဝှေ့သမားကြီး ဖျိုင်းကလေးကို အလဲထိုးပြလိုက်သော အောင်ကြီးကို ပွဲကြည့်သူပရိသတ်များထက် ဒိုင်လူကြီးများနှင့် ကြက်ဆွဲများက ပို၍အံ့သြလေးစားသွားကြ၏။ သူ၏ပြိုင်ဘက်ကို မြေကြီးပေါ်သို့ တုံးလုံးပက်လက်ဖြစ်သွားအောင် ထိုးလှဲလိုက်ပြီးသည့်နောက်ပိုင်းမှာပင် ထိုသူငယ်သည် လန်းဆန်းပေါ့ပါးလျက် ရှိနေဆဲဖြစ်၏။ နောက်ထပ် ပြိုင်ဘက်တစ်ယောက်ပေါ်လာလျှင် ထိုးသတ်ခြင်းပြုရန်အဆင်သင့် ရှိနေသကဲ့သို့ ထင်မှတ်ရ၏။

ဖျိုင်းကလေးကို နိုင်သူပေါ်လျှင် ပုဆိုးတစ်ကွင်း၊ ပဝါတစ်ပိုင်နှင့် ငွေ အစိတ်သားပေးမည်ဟု ကြေညာထားသည့်အတိုင်း အောင်ကြီးသည် ထိုဆုများကို လက်ခံယူငင်ရ၏။ သူ၏ဘဝတွင် ငွေသားတစ်မတ် ငါးပဲသားထက်ပို၍ မကိုင်ဖူးသော အောင်ကြီးအတွက် ငွေအစိတ်သားသည် ဇရာမငွေလုံး ငွေရင်းကြီးကဲ့သို့ဖြစ်၏။ ပုဆိုးမှာလည်း မြို့ကြီးရပ်ကြီးများတွင် လူချမ်းသာကြေးရတတ်များလောက်သာ ဝတ်ဆင်လေ့ရှိသော ပုဆိုးဖြစ်၏။ ပဝါမှာလည်း ရွှေချည်ထိုး ပဝါဖြစ်၏။

အသက်ဆယ့်ခြောက်နှစ်သားသာသာခန့် အသက်အရွယ်လောက်တွင် သူ့အား သူ့မာန်နှင့် ကိုယ်ခံပညာရပ်များကို လက်တွေ့စမ်းသပ်ကြည့်ရှုခြင်းပြုရသောပွဲကြီးပွဲကောင်းတစ်ခုကို အောင်ကြီးသည် ယင်းသို့ မိုက်မိုက်ကန်းကန်း တွေ့ခဲ့ရခြင်းဖြစ်၏။ သူသည် ဖျိုင်းကလေးကို ထိုးသတ်နိုင်လျှင် ပေးမည်ဆိုသော ဆုငွေကို စိတ်ဝင်စားတပ်မက်၍ ယင်းသို့ ကြေးစားလက်ဝှေ့သမားကြီးတစ်ဦးကို ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်းကား မဟုတ်ပေ။ ငယ်ရွယ်သူတို့ ဘာသာဘာဝ မခံချင်စိတ်ကလေးတစ်ခုတည်းနှင့် ဘေးအန္တရာယ်ကို မစဉ်းစားဘဲ ထိုကဲ့သို့ ကမူးရှူးထိုးလုပ်ကိုင်ခဲ့ခြင်းမျှသာဖြစ်၏။ ထိုသို့ ရမ်းလိုက်သည့်အတွက် အောင်ကြီး

သည် သူ့အား သူ့မာန်နှင့် သူ့ကိုယ်ခံပညာရပ်များလောက်သာ မဟုတ်
တော့ဘဲ သူ့ကိုယ်သူပါ ဘွားခနဲတွေ့ရှိသွားခဲ့ခြင်းပင် ဖြစ်လေသည်
တကား။

❑

## တွယ်ရာမဲ့ အောင်ကြီး

[ ၁ ]

အမှောင်တိုက်များ လွှမ်းမိုးကြီးစိုးလျက် ရှိနေသော တန်းအတွင်းရှိ မင်းဒဏ်သင့်နေသော ရာဇဝတ်အကျဉ်းသားနှစ်ဦးတို့ ရှိကြ၏။ သို့ရာတွင် တစ်ယောက်နှင့်တစ်ယောက် စကားပြောဆိုခြင်းမပြုဘဲ ရှိနေကြသဖြင့် တန်းအတွင်း ဆိတ်ငြိမ်ခြင်းကသာ ဖိစီးလျက်ရှိနေ၏။

"ကိုအောင်ကြီးက အမှုထမ်းဖူးလို့လား..." ဟု တစ်ယောက်သော ရာဇဝတ်သားက သူစိတ်ဝင်စားသိရှိလိုသော အကြောင်းကို မေးမြန်းလိုက်၏။ သူ၏မေးခွန်းသည် ရိုးသားရှင်း၏။ ကျစ်ကျစ်လျစ်လျစ်လည်း ရှိ၏။ သို့ရာတွင် ကျန်အကျဉ်းသားသည် ထိုမေးခွန်းအတွက် ပြန်လည်ဖြေကြားရန် အဖြေ အဆင်သင့်ရှိဟန်မတူပေ။ ထို့ကြောင့် အဖြေကို ရှာဖွေစဉ်းစားနေပုံရ၏။ သို့ရာတွင် လွယ်လွယ်နှင့် ရှာမရသောအခါ "အဖြေရခပ်ကျပ်ကျပ်မို့ ဘယ်လိုပြန်ဖြေရမှန်းတောင် မသိပါဘူးဗျာ..." ဟု ဝန်ခံပြောဆိုလိုက်၏။ ထို့နောက် သူ့အဖြေကို သူသဘောကျသွားသကဲ့သို့ အသံကလေးများ ထွက်လာအောင်ပင် ရယ်မောလိုက်မိ၏။

ကျန်အကျဉ်းသားသည် များစွာ အံ့သြသွားပုံရ၏။ သို့ရာတွင် "ခင်ဗျားစကားက တော်တော်အဆန်းသားပါကလား..." ဟူ၍လောက် သာ ယဉ်ယဉ်ကျေးကျေး ပြန်လည်ပြောဆို၏။

နောက်ထပ်ပြောကြားရန် စကားမရှိသဖြင့် အောင်ကြီးသည် စကား မဆက်ဘဲ နှုတ်ပိတ်ထားလိုက်၏။ စကားပြောဆိုရန် အကြောင်းအရာ မရှိဘဲ အဘယ်သူ စကားပြောဆိုနိုင်သနည်း။ ကျန်ရာဇဝတ်အကျဉ်း သားကတော့မူ သူ၏အဖော်စကားဆက်လိမ့်နိုးနိုးနှင့် သည်းညည်းခံ စောင့်ဆိုင်းနေတန်ရာ၏။ သို့ရာတွင် နှစ်ယောက်တည်းသာရှိသောအခါ အမှုထမ်းသား မြမင်းသည် သူ့ဟာသူ တစ်ကိုယ်ကောင်း၊ တစ်ယောက် ကောင်း စဉ်းစားစရာနှင့် စိတ်ကူးယဉ်စရာ အကြောင်းအရာများရှိနေ သဖြင့် ပြန်လည်နှုတ်ပိတ်ထားလိုက်၏။ မကြာမီကလေးကမှ စည်သာ စစ်ကဲကြီးကိုယ်တိုင်ကိုယ်ကျ လာရောက်ကာ အားပေးစကား ပြောကြား သွားခဲ့သည့်အတိုင်း ရက်ကာလများမကြာမီ ဤလောကငရဲ အတွင်းမှ ကျွတ်လွတ်ခွင့်ရတော့မည့် အကြောင်းကို အတွေးနယ်ချဲ့လျက် ရှိ၏။

ယင်းသို့ ရာဇဝတ်အကျဉ်းသား နှစ်ယောက်တည်းသာ လှောင်ပိတ် ထားသော တန်းထဲတွင် စကားစပ်မိစပ်ရာ ပြောဆိုကြရင်းက အောင်ကြီး သည် သူအမှုထမ်း ဟုတ်၊ မဟုတ်ဆိုသော အဖြေကို ရှာဖွေရင်း သူ၏ ဘဝနောက်ကြောင်းကို ပြန်ပြောင်းစဉ်းစားရမှန်း သတိရလာဟန်တူ၏။ တကယ်ဆိုတော့ အရွယ်ရောက်ချိန်လောက်မှ အစပြု၍ အောင်ကြီး သည် သူ၏သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် မချိမဆံ့ ပြေးလွှားရန်းကန် နေခဲ့ရသူဖြစ်၍ သူ၏အကြောင်းကို အချိန်ပေးစဉ်းစားနေရန်အတွက် အချိန်မရှိခဲ့ပေ။ သူသည် အမြဲတစေ လှုပ်ရှားရုန်းကန်နေရသော သတ္တဝါ တစ်ကောင်မျှသာ ဖြစ်၏။ ထို့ကြောင့် အောင်ကြီးသည် ပစ္စုပ္ပန်သာရှိ ၍ အတိတ်နှင့် အနာဂတ်များမရှိသလောက် ဖြစ်နေခဲ့၏။ အတိတ်မရှိ



သော သူတစ်ယောက်အတွက် လွမ်းဆွတ်စရာ မရှိချေ။ အလားတူပင် အနာဂတ်မရှိသူအတွက်လည်း မျှော်လင့်စရာမရှိဖြစ်ချေ၏။

ယင်းသို့လျှင် အတိတ်နှင့် အနာဂတ်များမရှိဘဲ ပစ္စုပ္ပန်၌သာ လှုပ်ရှား ရုန်းကန်နေခဲ့ရသော သတ္တဝါတစ်ကောင်ကို အခြားသတ္တဝါတစ်ကောင် က သူ၏အတိတ်ဘဝအကြောင်း ကောက်ကာငင်ကာ မေးလိုက်သော အခါ အမေးခံရသော သတ္တဝါသည် အဘယ်သို့ ပြန်လည် ဖြေကြားရန် အဆင်သင့် ရှိနိုင်ပါမည်နည်း။ တစ်ယောက်တည်းသာ ရတတ်သော သူ၏ တိုးတိုးဖော်က နှုတ်ပိတ်မြဲ ပိတ်ထားသောအခါ တပ်မှူးဟောင်း မြမင်းသည် သူ၏ အတ္တ ကမ္ဘာလောကလေးထဲသို့ ငုပ်လျှိုး၍ ဝင်သွား ၏။ ထိုကမ္ဘာလောကလေးထဲတွင် ငုပ်ချည်တစ်ခါ ပေါ်ချည်တစ်လှည့်၊ စုန်ချည်ကတစ်ခါ ဆန်ချည်ကတစ်လှည့်နှင့် ဝဲကတော့ ထိုးလျက်ရှိနေ ၏။ အောင်ကြီးတစ်ယောက်သာလျှင် သူ၏အတိတ်ကမ္ဘာထဲသို့ နောက် ကြောင်းပြန်လျက်ရှိနေခြင်းမျှသာ ဖြစ်၏။

## [ ၂ ]

အလွန်တရာ နာမည်ကျော်ကြားနေသော ကြေးစားလက်ဝှေ့သမား ကြီး ဗျိုင်းကလေးကို လက်ဝှေ့ထိုးသတ်ရာ စည်းဝိုင်းအတွင်းမှ ထမ်းထုတ် သွားရအောင် အလဲထိုးလိုက်သော အောင်ကြီး၏ သတင်းသည် တစ်မုဟုတ်ချင်း ပွဲခင်းတစ်ခုလုံးပျံ့နှံ့၍ သွား၏။ ထိုသတင်းသည် ဟုတ် နိုင်ပါမည်လော။ အဘယ်သို့ ဖြစ်နိုင်ပါမည်နည်း။ အထူးသဖြင့် လက် ဝှေ့သမားလောကအတွင်း ထိုသတင်းကို ယုံတမ်းစကားအလား တအံ့ တသြ ပြောနေကြ၏။

"အောင်ကြီးဆိုတဲ့ ကောင်ကလေးက ငယ်ငယ်နုနုကလေးတဲ့၊ အသက် တောင် ၁၇ နှစ် မပြည့်တတ်သေးဘူးဆိုဘဲ"

"လူလုံး လူဖန်ကတော့ တယ်ထွား၊ တယ်သန်ဆိုပါကလား... ဒီအတိုင်းသာ ဆိုရင်တော့ တော်တော် အလားအလာရှိတဲ့ ကောင်လေးပဲ

"ကြည့်ခဲ့၊ မြင်ခဲ့ရတဲ့ လူတွေက ပြောလို့သာ ကြားလိုက်ရတယ် ဗျိုင်းကလေးလို လက်ဝှေ့သမားကြီးတစ်ယောက်ကို နှာနှပ်ယူရလောက် အောင် အနိုင်ထိုးလိုက်တယ်ဆိုတဲ့ စကားကို ယုံရခပ်ကျပ်ကျပ်ပဲ"

"ခြောက်ချီအထိ ထိုးတာတောင် ဒီကောင်လေးက မျက်နှာတစ်ချက် မှ မညိုးဘူးတဲ့..."

"ကောင်လေးရဲ့ လက်သီးကလည်း တော်တော် ပြင်းဆိုပဲ...၊ တော် တော် ခံနိုင်ရည်ရှိတဲ့ ဗျိုင်းကလေးလို လူတောင် ရှုံ့ရှုံ့မဲ့မဲ့ခံရသတဲ့လေ..."

"အကောင်ကလေးက အထိုးအသတ်လောက်သာ ကောင်းတာ မဟုတ်သေးဘူး... အခုအခံရော အရှောင်အတိမ်းပါ တယ်မြန်ဆိုပါက လား..."

"ဒီအတိုင်းသာဆိုရင်တော့ ဒီကောင်ကလေး အသက်နှစ်ဆယ် အစိတ်လောက်မှာ သတ်ဝံ့တဲ့လူတောင်ရှိမှ ရှိပါတော့မလား မပြောနိုင် ဘူး..." အစရှိသည်ဖြင့် လက်ဝှေ့ပွဲကို ဝါသနာအားကြီးသူများသည် သူတို့အချင်းချင်း စိတ်ပါလက်ပါဝင်စားစွာ ပြောဆိုလျက်ရှိကြ၏။

သို့ရာတွင် လက်ဝှေ့ထိုးသတ်ရေးလုပ်ငန်းကို အကြောင်းပြုကာ အသက်မွေးဝမ်းကျောင်းပြုနေကြသူများနှင့် စီးပွားရေးရှာနေကြသူများ အသိုင်းအဝိုင်းတွင်မူကား ထိုသို့မဟုတ်ပေ။ တစ်မျိုးတစ်ဖုံဖြစ်၏။ ထို လူစားများသည် ကြေးစားလက်ဝှေ့သမားကြီးတစ်ယောက်ကို အလဲထိုး နိုင်စွမ်းရှိသော အောင်ကြီးကို ရင်သပ်အံ့သြစရာလူငယ်လူရွယ်တစ်ဦး အနေနှင့် မရှုမမြင်၊ သူတို့၏အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေး လုပ်ငန်းများ ရှုထောင့်မှသာ ရှုမြင်ကြ၏။

"အောင်ကြီးဆိုတဲ့ ကောင်ကလေးကိုတော့ သူများထက် လူဦး



အောင်ခေါ်မွေးပြီး အသုံးချဖို့ လိုလိမ့်မယ်...၊ နောက်ကျနေလို့ မဖြစ် ဘူး... တော်တော်ကြာ တခြားအကောင်တွေ ဝင်အုပ်စားသွားဦးမယ်..."

"ဒီအသက်အရွယ်ကလေးမှာတောင် ဘာအလေ့အကျင့်နဲ့ အတွေ့ အကြုံမှ မရှိသေးဘဲ ဗျိုင်းကလေးလို ကြေးစားကြီးတစ်ယောက်ကို အခု လို အလဲထိုးနိုင်တာဟာ သာမည လက်ဝှေ့သမားတစ်ယောက်မဟုတ် နိုင်ဘူး၊ ရှေ့လျှောက် အများကြီးအလားအလာရှိတယ်..."

"နေပြည်တော်ကို ချော့မော့ခေါ်သွားပြီး အသုံးချရရင်တော့ ကျိန်း သေပွမှာပဲ..."

"ဒီကောင်ကလေးဟာ ရှိလှရင်အလွန်ဆုံး ၁၆ နှစ်သာသာ ၁၇ နှစ်လောက်ပဲရှိနိုင်လိမ့်ဦးမယ်၊ ဒီအသက်အရွယ်လောက်ကသာ အသုံး ချရမယ်ဆိုရင်တော့ အနှစ်နှစ်ဆယ်သာသာ အစိတ်လောက်တော့ ကောင်းကောင်းကြီး အသုံးချနိုင်တာပေါ့..."

"အောင်ကြီးဆိုတဲ့ ဒီကောင်ကလေးဟာ ဘယ်ကတဲ့လဲ၊ ဘယ်သူ ဘယ်ဝါရဲ့ သားတဲ့လဲ၊ ဒါတွေကို အမြန်ဆုံး စုံစမ်းထားဖို့လိုတယ်... သိထားဖို့အရေးကြီးတယ်..."

"ဟုတ်တယ်... ဟုတ်တယ်၊ စုံစမ်းသိထားရုံလောက်နဲ့ မပြီးသေး ဘူး။ ကျုပ်တို့လက်ထဲရောက်အောင် အခုကတည်းက လိုက်ကြမှဖြစ် လိမ့်မယ်။ ခပ်ပေါ့ပေါ့လုပ်နေရင် တခြားလူတွေလက်ထဲ ပါသွားလိမ့် မယ်..."ဟု လက်ဝှေ့လုပ်ငန်းနှင့်ပတ်သက်၍ အသက်မွေးဝမ်းကျောင်း ပြုနေကြသူများနှင့် စီးပွားရှာနေကြသူများ အဝန်းအဝိုင်းအတွင်း အရေး တကြီးတိုင်ပင်ဆွေးနွေးလျက်ရှိနေကြ၏။

တစ်သက်နှင့်တစ်ကိုယ်တွင် သူ၏ကိုယ်စွမ်းကိုယ်စဖြင့် တစ်ခါမျှ မရရှိခဲ့ဖူးသော ငွေသားအစိတ်သား၊ ပိုးပုဆိုး တစ်ထည်နှင့် ပဝါတစ် ပိုင်ကို ဆုလာဘ်အဖြစ် ရရှိလိုက်သော ငယ်ရွယ်သူ အောင်ကြီးသည်

လက်ဖွေ့ပွဲပြီးစီးလျှင် ပြီးစီးချင်း သူအာဂန္တုကာ တည်းခိုနေနေရသော ဘုန်းကြီးကျောင်းသို့ သုတ်ခြေတင်ပြန်ပြေး၏။ ထို့ကြောင့် ပွဲခင်းပြင် တွင် သူ့အကြောင်း ဘယ်သူတွေက ဘာတွေပြောဆိုကာ ဘယ်သူဘယ် ဝါတွေက သူ့ကို အပူအတပြင်းလိုက်လံစုံစမ်းရှာဖွေနေကြကြောင်း မသိ ပေ၊ စိတ်ဝင်စားမှုလည်း မရှိပေ။ ငယ်ရွယ်သူတို့ဘာဝ သူ့ဆရာဘုန်း ကြီးကို အကျိုးအကြောင်းပြောပြချင်၏။ သူဆုလာဘ်ရရှိခဲ့သော ပစ္စည်း များပြသအပ်နှံချင်၏။

"ဟဲ့... နင်ဒါလောက်များများငွေသားနဲ့ ပစ္စည်းတွေကို ဘယ်က ဘယ်လိုလုပ်ရလာခဲ့တာလဲဟင်... အောင်ကြီး..."ဟု ဆရာဘုန်းကြီးက အောင်ကြီးယူလာသော ပစ္စည်းများကို တအံ့တသြကြည့်ရှုရင်း နား မလည်နိုင်သော အမူအရာဖြင့်မေး၏။

အောင်ကြီးသည် လက်ဖွေ့ဝိုင်းတွင် တိုင်းကျော် ပြည်ကျော် ဗျိုင်း ကလေးနှင့် သူအဘယ်သို့ ထိုးသတ်အနိုင်ရရှိခဲ့ရာမှ ယင်းပစ္စည်းများ ဆုလာဘ်အဖြစ် ရရှိလာခဲ့သည်အကြောင်းကို အစအဆုံးလျှောက်တင် လိုက်၏။

"ဟဲ့... ဒါ နင် ဗျိုင်းကလေးကို အနိုင်ရလာခဲ့တယ်... ဟုတ်မှ ဟုတ် ရဲ့လား အောင်ကြီးရယ်..."ဟု ဘုန်းကြီးက ဗျိုင်းကလေးလို နိုင်ငံကျော် ကြေးစားလက်ဖွေ့သမားကြီးတစ်ယောက်ကို အနိုင်ထိုးလာခဲ့သည်ဆို သော အောင်ကြီး၏ စကားကိုလက်ခံယုံကြည်ရန် ခက်ခဲကျပ်တည်းနေ သော အမူအရာဖြင့် စစ်မေးလျက်ရှိ၏။

"တင်ပါဘုရား..." အောင်ကြီးသည် အမှန်အတိုင်းလျှောက်ထား ၏။

"ဟုတ်နိုင်ပါ့မလား အောင်ကြီးရဲ့... နင့်ဟာက ဟုတ်မှလည်း ပြော ပါကွယ်"



ဗျိုင်းကလေးအကြောင်းကို ကောင်းစွာ ကြားဖူးနားဝရှိရုံမျှသာ မက ထိုကြေးစားလက်ဖွေ့သမား ထိုးသတ်သော ပွဲကြီးပွဲကောင်း သုံးလေး ချီမျှ ကြည့်ရှုခဲ့ဖူးသော ပုဂ္ဂိုလ်ဖြစ်၍ ဘုန်းကြီးသည် မယုံကြည်နိုင်သေး သော အမူအရာဖြင့် မေးမြန်းမြဲ မေးမြန်းနေ၏။

"အရှင်ဘုရား မယုံရင်တော့ တပည့်တော်လည်း နောက်ထပ် မလျှောက်ထားတတ်တော့ဘူး... ဗျိုင်းကလေးကို ခြောက်ချီမှာ တပည့် တော်အလဲထိုးပစ်ခဲ့တာ အမှန်ပဲဘုရား..."

"နင်က ဗျိုင်းကလေးကို အလဲထိုးပစ်ခဲ့တယ်... ဟုတ်ရဲ့လား အောင် ကြီးရဲ့... နင့်ဟာက ဟုတ်မှလည်း လုပ်ပါကွယ်..."

နိုင်ငံကျော် လက်ဖွေ့သမားကြီးတစ်ဦးနှင့် ခြောက်ချီမျှ ထိုးသတ် ခဲ့ပြီးနောက် မျက်နှာမျက်ခွက်တို့တွင် ဒဏ်ရာဒဏ်ချက်တစ်ခုတလေ လောက်မျှ မတွေ့မမြင်ရသော အောင်ကြီး၏ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်ရှုရင်း ဘုန်းကြီးကပြောဆိုလျက်ရှိ၏။

"အရှင်ဘုရား မယုံကြည်ရင်လည်း ဒီထက်တော့ တပည့်တော် မလျှောက်တတ်တော့ဘူး ဘုရား"ဟု အောင်ကြီးက ပြောဆိုလိုက်၏။

ဘုန်းကြီးသည် အောင်ကြီးကိုတစ်လှည့်၊ သူ့ရှေ့တွင်ပုံထားသော ပစ္စည်းများကိုတစ်လှည့်၊ တစ်လှည့်စီ ကြည့်ရှုရင်း သူ့ကျောင်းသား ကပ္ပိယငယ်တင်လျှောက်သော အကြောင်းစကားကို လက်ခံယုံကြည်နိုင် အောင် ကြိုးစားနေရပုံပေါ်၏။ ထိုကိစ္စသည် အဘယ်သို့ ဖြစ်နိုင်ကောင်း သနည်း။ သို့ရာတွင် ထိုကျောင်းသားသူငယ် ဆုလာဘ်အဖြစ်ရရှိလာ ခဲ့သော ပစ္စည်းများသည် သူ၏မျက်စိအောက်တွင်ရှိနေ၏။ ထိုထက် သက်သေခံပစ္စည်းများသည် အောင်ကြီး၏စကားကို အခိုင်အခံ့ ထောက်ခံ လျက် ရှိနေကြသည်မဟုတ်သလော။

"နင်ဗျိုင်းကလေးကို အလဲထိုးခဲ့တယ်ဆိုတာ တကယ်နော်... ဟုတ်

လား အောင်ကြီး" ဘုန်းကြီးသည် စောစောကထက် တိုးတက်လာဟ
ဖြင့် မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် မေးမြန်း၏။

အောင်ကြီးသည် ဟုတ်မှန်သည့် အတိုင်းတစ်ကြိမ်မက ရှင်းလင်း ဖြေကြားခဲ့ပြီးဖြစ်၍ နောက်ထပ်ဘာမှ ပြောဆိုခြင်းမပြုတော့ပေ။ သောက် ရေအိုးစင်ရှိရာဘက်သို့ ထသွားပြီးလျှင် ရေအေးတစ်မှုတ်ကို ကွတ်ကွတ် မည်အောင် သောက်နေ၏။

ထိုကဲ့သို့ အောင်ကြီး ရေသောက်နေခိုက်တွင် ဟိုမေးသည်မေးနှင့် အနံ့ခံလိုက်လာခဲ့ကြဟန်တူသော လက်ဖွေ့လုပ်ငန်းဆိုင်ရာ စီးပွားရေး သမားသည် ဘုန်းကြီးကျောင်းပေါ်သို့ ရောက်ရှိလာခဲ့ကြခြင်းဖြစ်၏။

စောစောက လက်ဖွေ့ပွဲတွင် ဖျိုင်းကလေးအား အလဲထိုးသတ်သွား သော အောင်ကြီးဆိုသော သူငယ်နှင့် သူ့ဆရာဘုန်းတော်ကြီးကို တွေ့ ဆုံရန် လာခဲ့ရကြောင်း စုံစမ်းပြောဆိုသံများ ကြားလာရ၏။ သူနှင့် သူ၏ကျောင်းသား ကပ္ပိယငယ် အောင်ကြီးတို့ကို တွေ့ဆုံစကားပြော ဆိုရန်လာရောက်ရပါသည်ဆိုသော လူများကို တွေ့ရတော့မှ ဘုန်းကြီး သည် သူ့တပည့်ကျောင်းသား၏စကားကို တဖြည်းဖြည်းယုံကြည်လက် ခံစပြုလာ၏။ ထိုသို့ယုံကြည်လက်ခံစပြုလာနိုင်သည်နှင့်တစ်ပြိုင်နက် သူလေ့ကျင့်သင်ကြားပေးခဲ့ရသော သူငယ်၏ အနာဂတ်ဘဝကြီးတစ်ခု လုံးအတွက်ပါ စဉ်းစားမျှော်ခေါ်ရတော့၏။ အဘယ်ဆရာကောင်း သမားကောင်းသည် မိမိတပည့်၏ ကြီးပွားကောင်းစားရေးနှင့် တိုးတက် စည်ပင်ရေးကို မရှုမမြင်လိုသနည်း။ ထိုကဲ့သို့ အစွမ်းအစနှင့် အလား အလာများစွာရှိနေသော သူငယ်ဖော်တစ်ဦး၏အနာဂတ်ကို တောစွန် ကျေးဖျားအရပ်တွင် အလဟဿအဖြစ်ခံမည်လော။ သူ့စွမ်းသူ့စနှင့် သူ့ ကုသိုလ်ကံအလျောက် လွှတ်ပေးလိုက်ရမည်လော။

လက်ဖွေ့လုပ်ငန်းဖြင့် စီးပွားရှာနေကြသော ဒကာကြီးများက မိဘ



နှင့် သားချင်းပေါက်ဖော်မရှိဆိုသော အောင်ကြီးကို သူတို့မွေးမြူစောင့် ရှောက်လိုကြောင်း နားပူနားဆာလျှောက်ထား တောင်းခံလျက်ရှိနေကြ ၏။ ဆရာဘုန်းကြီးကိုလည်း ကောင်းစွာ ကျေးဇူးဆပ်ပါမည့်အကြောင်း ဝေဝေဆာဆာပြောဆိုလျက်ရှိကြ၏။ ယင်းသို့ နားမခံနိုင်လောက်အောင် ပူဆာပြောဆိုကြသဖြင့် "ကာယကံရှင်အောင်ကြီး မေးကြည့်ပါဦးမယ်... သူသဘောတူရင်လည်း ပြီးတာပါပဲလေ..."ဟု ပြောဆိုကာ စကား ပိတ်လိုက်၏။

## [၂]

ဆရာဘုန်းကြီးနှင့်အတူ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူး၊ မပေါက် ဖူးသော မြို့အရပ်သို့ လိုက်ပါလာခဲ့ပြီးနောက် ဘုန်းတော်ကြီးပျံတစ်ခု တွင် နိုင်ငံကျော်ကြေးစားလက်ဝှေ့သမားကြီး ဖျိုင်းကလေးဆိုသူကို ပွဲ ခင်းထဲမှ ဝုန်းခနဲထကာ အလဲထိုးသတ်လိုက်သောပွဲသည် တစ်ကောင် ကြွက် အောင်ကြီးဘဝတွင် အလွန်တရာကြီးမားသော အလှည့်အပြောင်း ကြီးဖြစ်သွား၏။ တကယ်ဆိုတော့ မိမိက ဘာမျှမပြောပလောက်။ သို့ မဟုတ် မဖြစ်စလောက်ဟု အောက်မေ့ထင်မှတ်လျက်ရှိသော သာမည အဖြစ်အပျက်နှင့် အကြောင်းအရာကလေးများသည် တစ်ခါတစ်ခါတွင် မိမိ၏ဘဝကြီးတစ်ခုလုံး၏ ကြမ္မာကိုစီရင်ဆုံးဖြတ်ခြင်းပြုတတ်ကြသည် မဟုတ်သလော။ ပုဂံရာဇဝင်၌ အနော်ရထာမင်းသားကို ချစ်စနိုးနှုတ် ဆော့ကစားလိုက်မိသော နောင်တော် စုက္ကတေးမင်းသားကြီးသည် ထီး နန်းစည်းစိမ်နှင့်တကွ အသက်ပါဆုံးခဲ့ရ၏။

မိဘဆွေမျိုးလည်းမရှိ၊ ခနဥစ္စာလည်းခေါင်းပါး၊ စာပေ ပရိယတ္တိ ပညာလည်း ဘာမျှသင်ကြားခွင့်မရရှိခဲ့သော်ငြားလည်း တစ်ကောင်ကြွက် အောင်ကြီးသည် အလွန်တရာခေါင်သော ကျေးလက်တောစွန်အရပ်မှ

မျက်စိကြီး နားကြီးများစုရုံးရာ နေပြည်တော်သို့ လွှားခနဲ ခုန်ပျံရောက်
ရှိလာ၏။ အသက် ၁၇ နှစ်မျှ မပြည့်တတ်မီကပင် ဧရာဝတီမြစ်ရိုးတ
လျှောက် ကြေးစားလက်ဖွေ့သမား အများအပြားက ဖိမ့်ဖိမ့်တုန်ကြောက်
ရွံ့နေခဲ့ကြရသော ဗျိုင်းကလေးကို နှာနှပ်ယူရလောက်အောင် အလဲထို
ပြလိုက်သော ကျေးတောသား အောင်ကြီးသည် လူငယ်ငယ်နှင့် နာမည်
တေတ်ကြီးဖြစ်လာခဲ့၏။

မိမိတပည့်ကျောင်းသား၏ ကြီးပွားရာ ကြီးပွားကြောင်းအတွက်
ဆရာဘုန်းတော်ကြီးသည် အောင်ကြီး၏သဘောထားကို မေးမြန်းပြီး
နောက် နေပြည်တော်မှ လက်ဖွေ့စီးပွားရေးသမားများနှင့် ထည့်ပေးလိုက်
၏။ ငယ်ရွယ်သူဘဝ နေပြည်တော်သို့ လိုက်ရမည်ဖြစ်၍ အောင်ကြီး
သည် များစွာ ရွှင်လန်းဝမ်းမြောက်နေပုံရ၏။ နေပြည်တော်တွင် ရွှေ
နန်းတော်ကို တွေ့မြင်ရလိမ့်မည်ဖြစ်သည်မဟုတ်သလော။ ထိုအရပ်တွင်
ဆယ့်နှစ်ရာသီစလုံး ပွဲလမ်းသဘင်များ တခြိမ့်ခြိမ့်ကျင်းပလေ့ရှိကြောင်း
ပြောသံများကြားဖူး၏။ ငယ်ရွယ်သော အဘယ်ကျေးတောသားသည်
ထိုကဲ့သို့သော အရပ်သို့မသွားရောက်မနေထိုင်လိုဘဲ ရှိပါမည်နည်း။

ဝတ္တရားရှိသည့်အတိုင်း အမှာစကားများ ရှည်ရှည်လျားလျား ပြော
ကြားပြီးနောက် အောင်ကြီး၏ ဆရာဘုန်းကြီးသည် သူခိုအောင်းနေ
သော အရပ်သို့ တစ်ပါးတည်း ပြန်ကြွလာ၏။ တပည့်ကျောင်းသား
ပြန်ပါမလာသဖြင့် မေးကြမြန်းကြသော ရွာသူရွာသားများကို အထိုက်
အလျောက် ရှင်းလင်းပြောကြားခြင်းပြုရ၏။

ဆရာဘုန်းကြီးကို ကန်တော့ပြီးနောက် အောင်ကြီးသည် လူလူချင်း
ထိုးသတ်ခိုင်းသော လက်ဖွေ့လုပ်ငန်းဖြင့် စီးပွားရှာနေကြသူများနှင့်
အတူလိုက်ပါလာခဲ့၏။ ထိုအသက်အရွယ်အထိ မြစ်ကြီးဧရာဝတီ
အကြောင်း ပြောသံဆိုသံများလောက်သာကြားဖူးလျက် တစ်ကြိမ်တစ်ခါ



မျှ အောင်ကြီးသည် တွေ့ဖူး၊ မြင်ဖူးသူမဟုတ်ပေ။ ရေအလွန်ရှားပါးသော ကုန်းခေါင်ခေါင် အရပ်တွင် လူဖြစ်လာခဲ့ရသူမျှသာဖြစ်၏။ သို့ရာတွင် ပထမအကြိမ် ထိုမြစ်ကြီးကို မြင်ရသောအခါ သူသည် မြင်ဖူးရုံမျှလောက်သာမက ထိုမြစ်ကြောင်းကို ဆန်တက်ခုတ်မောင်းလျက်ရှိသော မီးသင်္ဘောကိုပါ စီးနင်းခဲ့ရ၏။ ထို့ကြောင့် ငယ်ရွယ်သူတို့ဘဝ မြူးထူးရွှင်ပျနေပုံရ၏။ သူမွေးဖွားကြီးပြင်းရာ အရပ်နှင့် သူ့ဆရာဘုန်းကြီးကိုပါ အမေ့ကြီး မေ့နေ၏။

သူတို့၏ စီးပွားရေးလုပ်ငန်းတွင် အကျိုးစီးပွားဖြစ်ထွန်းစရာ အလားအလာကောင်းများရှိသော ကျေးတောသား အောင်ကြီးကို နေပြည်တော်သား လုပ်ငန်းရှင်များ၏ ဝတ်ကောင်းစားလှများ ဝယ်ခြမ်းပေးကြ၏။ လိုလေးသေးသည်မရှိရအောင်လည်း ပြုစု၏။ တကယ်ဆိုတော့ မိမိခိုင်းစားရမည့် နွားကို နှမ်းဖတ်ကျွေးရသည် မဟုတ်သလော။ နွားနေမကောင်းလျှင် အလုပ်ထိခိုက်မည်ဖြစ်သည့်အတွက် ခြင်မကိုက်ရအောင် ခြင်ထောင်များပင် ထောင်ပေးတတ်ကြသူများရှိ၏။

နေပြည်တော်သို့ ရောက်ရှိသောအခါ သူ၏လုပ်ငန်းရှင်များက ကျေးတောသားအောင်ကြီးကို တန်ခိုးကြီးဘုရားများလိုက်လံပြသ၏။ ဈေးချိုတော်သို့ ခေါ်ဆောင်သွားပြီးလျှင် သူ့အတွက် ပုဆိုးကောင်းအင်္ကျီကောင်းများ ဝယ်ခြမ်းပေး၏။ မွေးကတည်းက ဖိနပ်စီးရကောင်းမှန်းမသိခဲ့သော အောင်ကြီးကို ကတ္တီပါဖိနပ်ပင် ဈေးကြီးပေးဝယ်ခြမ်းပေး၏။

ယင်းသို့လျှင် လူကြီးတစ်ယောက်လုံးကို မြေပြင်ပေါ်သို့ အရုပ်ကြိုးပြတ်ကာ ပုံလဲကျသွားအောင်ထိုးသတ်နိုင်စွမ်းရှိသော အရည်အချင်းတစ်ခုရှိသောကြောင့် ကျေးတောသားအောင်ကြီးသည် ဇနပုဒ်မှ မင်းနေပြည်တော်သို့ လွှားခနဲခုန်ပျံရောက်ရှိလာခဲ့ရခြင်းပင်ဖြစ်၏။ ခြေတုံးလုံးနှင့် အင်တိုင်းကုန်းနှင့် ခယောင်းတောများအကြား သွားလာလှုပ်ရှားနေခဲ့ရ

ရာမှ ကတ္တီပါဖိနပ်စီးနင်းကာ ပြလမ်းမကြီးများပေါ်တွင် သွားလာလှု
ရှားခွင့်ရရှိခဲ့ခြင်းလည်းဖြစ်၏။

ကျေးလက်တွင်နေထိုင်ခြင်းပြုခဲ့ရစဉ်က အောင်ကြီးတွင် အိမ်မရှိ
ရွာကပိုင်းဝန်းဆောက်လုပ်ထားသော ဘုန်းကြီးကျောင်းတွင် ကျောခင်
ရ၏။ ကျောင်း၏ ဝေယျာဝစ္စများသာမဟုတ် ရွာ၏အလုပ်ပါ လုပ်
ကိုင်ရ၏။ အောင်ကြီးသည် ယာထွန်ကာတောတက်၍ ထင်းဝါးခုတ်
သော အလုပ်ကြမ်းများလည်းလုပ်ခဲ့ရ၏။ စားရသောအခါတွင်မူ အလွ
တရာဆင်းရဲ၏။ ဆီပြားပါသော ဟင်းမျိုးကိုကြုံရခဲ၏။ ထမင်းမူကာ
ဆန်ချည်းသန့်သန့်နှင့် ချက်သော ထမင်းဟူ၍ မစားရဖူး။ လူးများ
ဆတ်များနှင့်ရောနှောထားသော နှစ်လွန်းတင်၊ သုံးလွန်းတင်များ သာ
ဖြစ်၏။

နေပြည်တော်သို့ ရောက်ရှိလာသောအခါ အိမ်နှင့်ဝင်းနှင့် နေထိုင်
လာရ၏။ အိပ်စက်ရန်အတွက် ခြင်ထောင်၊ မွေ့ရာများလည်းရှိ၏။ စား
သောက်ရသော ထမင်းဟင်းမှာလည်း ကျေးလက်နှင့် လားလားမျှမဆိုင်၊
ဆီပြားများနှင့်ဖြစ်၏။ ထမင်းမှာလည်း ဆန်ကောင်းဆန်မွှန်များထဲကဖြစ်
၏။ အချိုပွဲအချဉ်ပွဲများပင် ပါသေး၏။ အလုပ်အကိုင် အနေနှင့်လည်း
ဘာမျှမည်မည်ရရမရှိလှ။ သက်လုံကောင်းကာ အမောအပန်း ခံနိုင်
အောင်နှင့် အထိုးအသတ်လျင်မြန်သန်စွမ်းအောင် တစ်နေ့လျှင် တစ်နာ
ရီ၊ နှစ်နာရီခန့် အလေ့အကျင့်လုပ်ရသော လုပ်ငန်းကလေးများလောက်
သာရှိ၏။

ရတနာပုံ နေပြည်တော်သို့ အောင်ကြီးရောက်ရှိလာခဲ့ပြီးနောက် နှစ်
လသာသာခန့်အကြာတွင် ကိုယ်စွမ်းကိုယ်စကို လက်ဝှေ့သမားများ
လောကက လက်ဖျားခါယူကြရအောင် ပြသခွင့်ရရှိလိုက်သော ဧရာမ
ပွဲကြီးပွဲကောင်း တစ်ခုနှင့်ကြုံ၏။ ထိုပွဲသည်ကား ဘဝရှင်မင်းတရားကြီး



၏ ကောင်းမှုတော်ဖြစ်သော ကျောက်တော်ကြီးဘုရားပွဲတော်ပင်ဖြစ်၏။ အလွန်တရာထင်ရှားသော ပွဲတော်ကြီးဖြစ်ရကား ရှမ်းပြည်၊ ကယားပြည်နှင့် ချင်းတောင်၊ ကချင်တောင်များမှသာမက အင်္ဂလိပ်ပိုင် အောက်အရပ်ဒေသများမှ ဘုရားဖူးများရော စီးပွားရေးသမားများပါ လာရောက်ကြ၏။ ထို့ကြောင့် ကြက်ပျံမကျ စည်ကား၏။

ကျောက်တော်ကြီး ဘုရားပွဲတော်သို့ ယှဉ်ပြိုင်ထိုးသတ်ရန် အရပ်ရပ်အနယ်နယ်မှ အလုအယက်လာရောက် စာရင်းပေးသွင်းကြသော လက်ဝှေ့သမား အလွန်များပြား၏။ ထိုပွဲကြီးပွဲကောင်းများတွင် စီးပွားဖြစ် လောင်းကစားကြရန် ငွေထုပ်ပိုက်၍ ရောက်လာကြသူများမှာလည်း မနည်းလှပေ။ လက်ဝှေ့ထိုးသတ်ရန် စာရင်းပေးသွင်းကြသူများ များပြားလှရကား တစ်ရက်လျှင် သုံးလေးဆိုင်းခွဲ၍ နေ့တစ်ပွဲ၊ ညတစ်ပွဲ ကျင်းပခြင်းပြုရ၏။ လက်ဝှေ့ထိုးသတ်ရန် စာရင်းပေးသွင်းကြသူများထဲတွင် အင်္ဂလိပ်ပိုင် အောက်အရပ်ဒေသများမှ လာရောက်ကြသော မွန်နှင့် မြန်မာ လက်ဝှေ့ကျော်များအပြင် ရှမ်းတောင်ရိုးမှ ဆင်းလာကြသော သိုင်းဗန်ဒိုသမားများလည်း အများအပြားပင်ဖြစ်၏။ ယင်းလက်ဝှေ့ပွဲများကို အကြောင်းပြု၍ ငွေထုပ်ပိုက်၍ စီးပွားရှာရန် လာရောက်ကြသူများတွင် မြန်မာများသာမက ရှမ်းနှင့် တရုတ်အမျိုးသားများလည်းပါရှိ၏။

မမျှော်လင့်ဘဲ ကောက်တွေ့လာခဲ့ရသော ကျေးတောသားကို အသုံးချရန် နေပြည်တော်သို့ ခေါ်လာခဲ့ကြသူများက သူတို့တွက်ကိန်းနှင့်သူတို့ အောင်ကြီးကို လျှို့ထားခဲ့ကြ၏။ အောက်မြစ်စဉ်မြို့ကလေးတစ်မြို့၏ ဘုန်းကြီးပျံတွင် လက်ဝှေ့ကျော်ဖျိုင်းကလေးကို နှာနှပ်ယူရအောင် အလဲထိုးခဲ့သော ကိစ္စကို ဖုံးကွယ်ထားကြ၏။ ထို့ကြောင့် အောင်ကြီး၏ နာမည်ကိုလည်းကောင်း၊ လူစွမ်းလူစကိုလည်းကောင်း မည်သူမျှ မသိ

ရှိကြပေ။ သို့ရာတွင် နှစ်လသာသာခန့် ကောင်းစွာ ကျွေးမွေးလေ့ကျ
ထားသဖြင့် အောင်ကြီးသည် ပုခုံးနှစ်ဖက်အကြား ခေါင်းပေါက်သူမှ
သမျှနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် အဆင်သင့်ရှိနေ၏။ ထိုးချင်သတ်ချင်၍
တလှုပ်လှုပ်တရွရွလည်းဖြစ်နေ၏။

ဘုရားပွဲတော်ကို ထိုနှစ်က ခုနစ် ရက်ကြာမျှ ကျင်းပ၏။ နေ့ဘက်
တွင် နေ့ပွဲများနှင့် စည်ကားသကဲ့သို့ ညဘက်များတွင်လည်း ညပွဲများ
နှင့် လူပြည့်၏။ ပွဲတော်စတင်၍ ငါးရက်မြောက်သောနေ့အထိ အောင်
ကြီးသည် လက်ဝှေ့စည်းဝိုင်းအတွင်းသို့ မဝင်ရပေ။ ထိုးသတ်သူများ
နှင့် ထိုးသတ်ပုံ ထိုးသတ်နည်းများကို စည်းဝိုင်းနှင့် မလှမ်းမကမ်းလောက်
မှ ကြည့်ရှုလေ့လာခြင်းပြုရ၏။ ထို့ကြောင့် နောင်သောအခါ သူထိုးသတ်
ရမည့်သူများ၏ အနေအထားနှင့် အထာကို ကောင်းစွာ လေ့လာခွင့်
ရရှိလိုက်၏။

ပွဲတော်၌ ဆဋ္ဌမမြောက်နေ့တွင် အောင်ကြီးသည် လက်ဝှေ့စည်းဝိုင်း
အတွင်းသို့ စဝင်ရ၏။ ထိုရက်များအတွင်း လက်ဝှေ့သမားများ ဆန်ခါ
တင်ပြီးသွားပြီဖြစ်ရကား အကျော်အမော် လေးငါးဦးလောက်သာကျန်
၏။ ထိုလေးငါးဦးမှာလည်း မည်သူမျှ မထိုးသတ်၊ မယှဉ်ပြိုင်ဝံ့၍ ဆန်ခါ
တင်ကျန်ရစ်ခြင်းဖြစ်၏။ လက်ဝှေ့ပွဲများတွင် ကြေးကြီးကြီးလောင်းကစား
သူများက တစ်လေးသုံးလေးပေးကာ စိန်ခေါ်နေကြသူများလည်းဖြစ်၏။

ဘုရားပွဲတော်၏ ဆဋ္ဌမမြောက်နေ့တွင် အောင်ကြီးသည် လက်ဝှေ့
စည်းဝိုင်းတစ်ခုအတွင်းသို့ ပထမအကြိမ်ဝင်ရ၏။ သူရင်ဆိုင်ရသူမှာ
ကုန်ခဲ့သောငါးရက်အတွင်း အရပ်ရပ်အနယ်နယ်မှ လက်ဝှေ့ကျော်ငါး
ဦးတို့ကို ရပ်ပျက်ဆင်းပျက်ဖြစ်ကာ အဘယ်သို့မျှကြည့်မကောင်း၊ မြင်
မကောင်းလောက်အောင် ထိုးခွဲထိုးလှဲပစ်လိုက်သော ကျွဲပေါက်ဆိုသူ
ဖြစ်၏။ ထိုလက်ဝှေ့ကျော်သည် ကျွဲပေါက်ဆိုသောအမည်နှင့်လိုက်



အောင် သန်မာထွားကျိုင်း၏။ အသက် ၃၀ သာသာခန့်မျှလောက်သာ ရှိနိုင်ပါလိမ့်ဦးမည်ဖြစ်၍ သက်လုံလည်းစေ့၏။

အောင်ကြီးသည် ကျွဲပေါက်ကြီး၏ ထိုးပုံသတ်ပုံနှင့် ခုခံကာကွယ်ပုံများကို ကောင်းစွာကြည့်ရှုလေ့လာထားပြီးသူဖြစ်၏။ ထို့ကြောင့် သူ့အကြောင်း ဘာဆိုဘာမျှမသိရှိသေးသော သူ၏ယှဉ်ပြိုင်ဘက်ထက် သူသည် တစ်ပန်းသာ၏။ ၎င်းအပြင် သူနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဆိုကာ စည်းဝိုင်းအတွင်းသို့ ဝင်လာသူ အောင်ကြီးကို ကျွဲပေါက်ကြီးက မလောက်လေးမလောက်စား သဘောထားလိုက်သေး၏။ အဘယ်ကြောင့်ဆိုသော် အောင်ကြီးသည် ကလေးသူငယ် အကြီးစားမျှသာဖြစ်သည် မဟုတ်သလော။

ယင်းသို့ ကလေးနှင့် လူကြီး ယှဉ်ပြိုင်ထိုးသတ်ကြရသောပွဲတွင် ကျွဲပေါက်ကြီးဘက်မှ တစ်လေး လေးလေးအထိ စိန်ခေါ်သူအများအပြား ရှိ၏။ ထိုသို့စိန်ခေါ်သူများအားလုံးကို အောင်ကြီးအား မွေးမြူလေ့ကျင့်ထားကြသူများက တစ်ယောက်မကျန် ဖြေကြား၏။ အရပ်ရပ် လောင်းကြေးမှာ သုံးထောင်ခန့်ရှိလိမ့်မည်ဖြစ်၏။

အောင်ကြီးနှင့် ကျွဲပေါက်ကြီးတို့၏ ထိုးသတ်ပွဲကို သုံးချီမျှသာ ကျင်းပရ၏။ ပထမအချီတွင် မခန့်လေးစားလုပ်နေသော ကျွဲပေါက်ကြီးကို လျင်မြန်ဖျတ်လတ်သော အောင်ကြီးက လက်သီးနှစ်လုံးနှင့် ဒူးတစ်လုံးပစ်သွင်းလိုက်၏။ ဒုတိယအချီတွင် မွှန်ထူကာ ဒေါထနေသော ကျွဲပေါက်ကြီးက အောင်ကြီးကို တရကြမ်းလိုက်ဝှေ့၏။ မျက်စိလျင်၍ အရှောင်အတိမ်းကောင်းသော အောင်ကြီးသည် ကျွဲချိုတစ်ချက်မျှ မခတ်မခံရအောင် ကျင်ကျင်လည်လည် ရှောင်တိမ်းသွား၏။ ကျွဲပေါက်ကြီးသည် ဟောဟဲ ဟောဟဲ ဖြစ်သွား၏။ တတိယနှင့် နောက်ဆုံးအချီတွင် မောဟိုက်နေသော ကျွဲပေါက်ကြီးကို အောင်ကြီးက ပယ်

ပယ်နယ်နယ် ထိုးသတ်ခြင်းပြု၏။ ဒူးပုန်းနှစ်ချက်နှင့် လက်သီးတ
ချက်ကောင်းကောင်းကြီး မိလိုက်လျှင်ပင် ကျွဲပေါက်ကြီးသည် မြေပြ
ပေါ်သို့ ဝုန်းခနဲလဲကျသွား၏။ သူ့ဟာသူလည်း ပြန်မထနိုင်တော့။

ကျွဲပေါက်ကြီး သတိလစ်နေချိန်တွင် အောင်ကြီးသည် လက်ဝှေ
ရေးပြရင်း ကျန်လက်ဝှေ့ကျော်များကို စိန်ခေါ်၏။ ကျွဲပေါက်ကြီးကိ
လက်ဝှေ့စည်းဝိုင်းအတွင်းမှ ထမ်းထုတ်သွားသောအခါ ကျန်ခဲ့သော ငါ
ရက်အတွင်း သူ၏ပြိုင်ဘက် ငါးယောက်တို့ကို လှလှပပကြီး အနိုင်ယ
ခဲ့သော ကျားပျံဆိုသော လက်ဝှေ့ကျော်သည် စည်းဝိုင်းအတွင်းသို့ မထ
တရှိန့်နှင့် မခန့်လေးစားဝင်ချလာ၏။ မိမိနှင့်ယှဉ်ပြိုင်ထိုးသတ်မည့် သူရဲ
ကောင်းတစ်ဦးပေါ်လာသည့်အတွက် အောင်ကြီးသည် များစွာဝမ်းသာ
သွားပုံရ၏။

သူ့သဘောနှင့်သူ လုပ်လိုက်သော အောင်ကြီး၏ လုပ်ပုံကိုင်ပုံကို
သူနှင့်စီးပွားရှာနေကြသူများသည် နားမလည်နိုင်အောင် ဖြစ်သွားကြပုံ
ရ၏။ လက်ဝှေ့တစ်ပွဲထိုးပြီး၍မှ ကောင်းစွာအမောမဖြေရသေးမီ ထို
သတ္တဝါကလေးသည် အဘယ်ကြောင့် ဤသို့ရမ်းကားရသနည်း။ အောင်
ကြီး၏လုပ်ရပ်ကို သူတို့ကတော့ မိုက်မဲ၍ဟုမြင်ကြ၏။ သို့ရာတွင်
ခြေလွန်လက်လွန်ဖြစ်သွားပြီးကာမှ ဘာတတ်နိုင်ဦးမည်နည်း။

လက်ဝှေ့ပွဲကြည့်နေကြသော ပရိသတ်ကြီးသည် ငယ်ရွယ်သူအောင်
ကြီးကို များစွာအံ့ဩနေကြ၏။ မထင်မရှား ထိုသူငယ်သည် ကျွဲပေါက်
ကဲ့သို့ ထိပ်တန်းလက်ဝှေ့သမားကြီးတစ်ဦးကို ထိုးလှဲပြီးစီး၍ ဘာမျှ
မကြာသေးမီ နောက်ထပ်ထိပ်တန်းလက်ဝှေ့သမားကြီးတစ်ဦးဖြစ်သူ
ကျားပျံနှင့် အဘယ်သို့ထိုးသတ်နိုင်မည်နည်း။ ကျားပျံသည် ထိုညအဖို့
လူသစ်တစ်ဦးဖြစ်၏။ အောင်ကြီးမူကား တစ်ပွဲထိုးခဲ့ရပြီးလေပြီ။

ယင်းသို့ ထိုညအဖို့ တစ်ပွဲတစ်ချီမျှ မထိုးသတ်ရသေးသဖြင့် အင်



အားအပြည့်ရှိနေသော ထိပ်တန်းလက်ဝှေ့သမားကြီးတစ်ဦးနှင့် တစ်ချီတစ်ပွဲ ထိုးသတ်ခဲ့ရပြီးဖြစ်သဖြင့် အင်အားကုန်သလောက် ကုန်နေပြီဖြစ်သော ရွှေကြာပင်လက်ဝှေ့သမားတစ်ဦးတို့၏ တိုက်ပွဲတွင် ဘေးမှလောင်းကစားကြသူများသည် မည်သည့်ဘက်မှ အလေးပေးကစားကြမည်နည်း။ သာမန်လောင်းကစားသူများ ထားဘိဦး၊ အောင်ကြီးကို မွေးမြူထားကြသူများကပင် သူတို့လူဘက်မှ လောင်းကစားခြင်းမပြုဝံ့ကြပေ။ ထို့ကြောင့် ကျားပျံနှင့် အောင်ကြီးတို့ပွဲတွင် အလောင်းအစားမရှိသလောက်ဖြစ်နေ၏။ ကြည့်ချင်ပွဲသက်သက်လည်း ဖြစ်နေ၏။

ကျားပျံနှင့် အောင်ကြီးတို့ စတင်ထိုးသတ်ကြသော ပထမအချီတွင် အောင်ကြီးသည် အခံဘက်ကဖြစ်၏။ သူ၏ပြိုင်ဘက်ကို ကုန်လွန်သွားသော ရက်များအတွင်းက ကောင်းစွာကြည့်ရှုလေ့လာထားခဲ့ပြီးဖြစ်သဖြင့် အောင်ကြီးသည် သူ့တွက်ကိန်းနှင့်သူ ဖြစ်ပုံရ၏။ ဒုတိယအချီစသောအခါတွင်လည်း အောင်ကြီးသည် ခံစစ်က ထိုးစစ်သို့ ကူးပြောင်းတော့မည်ကဲ့သို့ အယောင်ပြပြီးနောက် ခံစစ်ဘက်ကသာ နေ၏။ တတိယအချီတွင်လည်း သူသည် အပြောင်းအလဲမရှိ၊ ပထမနှင့် ဒုတိယအချီများထိုးသတ်ခဲ့ရစဉ်က နည်းပရိယာယ်ကိုသာ တစ်သမတ်တည်းကိုင်စွဲလျက်ရှိ၏။ ထို့ကြောင့် အောင်ကြီးကို မွေးစားကြသူများကရောပွဲကြည့်ပရိသတ်ကြီးကပါ သူ့အပေါ် ဟန်ပုံမပေါ်တော့ဟု တွက်လာကြ၏။ သူနှင့်ယှဉ်ပြိုင်ဘက်ဖြစ်သူ ကျားပျံကြီးကလည်း သူ့အပေါ် မလောက်လေးမလောက်စား သဘောထားလာ၏။

သို့ရာတွင် စတုတ္ထအချီထိုးသတ်ရသောအခါတွင်မူကား သူ၏ပြိုင်ဘက်နှင့်အတူ ပရိသတ်များရော ကြက်ဆွဲနှင့် ဒိုင်လူကြီးများပါမကျန်မျက်လုံးပြူးသွားရလောက်အောင် အောင်ကြီးသည် သူ၏ထိုးသတ်ပုံနည်းပရိယာယ်ကို ပြောင်းပြန်လှန်ပြလိုက်၏။ သုံးချီမျှ ဆက်တိုက်အား

သွန်တိုက်ခိုက်ခဲ့သော ကျားပျံကြီးသည် လက်ပန်းကျစပြုလာပြီဖြစ်
ကား အောင်ကြီးသည် တရကြမ်းတိုက်စစ်ဆင်လျက်ရှိ၏။ လက်သီးနှ
ဒူးများဖြင့်သာမဟုတ်ဘဲ ဦးခေါင်း၊ တံတောင်နှင့် ခြေဖျားများကိုပါ
အဆက်မပြတ်အသုံးပြုလိုက်၏။ ကျားပျံကြီးသည် ရင်ညွန့်နှင့် နံဘေ
တို့တွင် လေးငါးချက်မျှအထိနာသွား၏။ ထို့ကြောင့် ပဉ္စမအချီထိုးသတ်
ရသောအခါ ပေါ့ပေါ့ပါးပါးမလှုပ်ရှားနိုင်တော့။ များစွာ လေးလံလာ
၏။ ယင်းသို့လေးလံလာသည်နှင့်အမျှ အောင်ကြီး၏ အကန်အကြောက်
ကို မသက်မသာခံနေရ၏။

ဆဋ္ဌမအချီ မထိုးသတ်ကြမီပင် အောင်ကြီးကို မွေးစားနေကြသူများ
သည် သူတို့အမှားအတွက် များစွာနောင်တရလျက်ရှိနေကြ၏။ သူတို့
မွေးမိသော သတ္တဝါကလေးမှာ သူလို ငါလို မဟုတ်ဘဲ လူလွန်မသား
ကလေးတစ်ဦး ဖြစ်နိုင်စရာရှိကြောင်း ရိပ်စားမိလာကြပုံရ၏။ ဆဋ္ဌမအ
ချီ စသတ်ကြသောအခါ ကျားပျံကြီးသည် မှိုင်းမိထားသော လင်းတကြီး
နှင့်မခြား ရှိနေလျက် အောင်ကြီးကတော့မူ ဇောင်းမှလွှတ်လိုက်သော
မြင်းဆိုးတစ်ကောင်အလား ရှိနေ၏။ ထို့ကြောင့် အောင်ကြီးကချည်းသာ
တစ်ဖက်သတ် ထိုးကြိတ်လျက်ရှိပြီး ကျားပျံကြီးကတော့မူ ဘာမျှပြန်
မလှန်နိုင်တော့ပေ။ နောက်ဆုံး မြေကြီးပေါ်သို့ ဗုန်းဗုန်းလဲကျသွားသည်
အထိ အောင်ကြီးလုပ်သမျှကို ခံသွားရ၏။

ပရိသတ်ကြီးသည် ရင်မလျက်ရှိကြ၏။

တစ်ညအတွင်း လက်ဝှေ့စည်းဝိုင်းတစ်ခုတည်းတွင် ထိပ်တန်းလက်
ဝှေ့ကျော်နှစ်ဦးတို့ကို တစ်ယောက်ပြီးတစ်ယောက် ရှေ့ဆင့်နောက်ဆင့်
ထိုးလှဲပြလိုက်သော လူသစ်အောင်ကြီးကို နောက်ထပ် အဘယ်သူယှဉ်
ပြိုင်ထိုးသတ်ကြဦးမည်နည်း။ ယှဉ်ပြိုင်ထိုးသတ်ခြင်းကော ပြုဝံ့ပါဦးမည်
လော။ ရတနာပုံနေပြည်တော်၏ လက်ဝှေ့သမားလောကကြီးတစ်ခုလုံး



ပင် တုန်လှုပ်ချောက်ချားသွား၏။

"တို့မြန်မာလက်ဝှေ့သမိုင်းမှာ လက်ဝှေ့သမားတစ်ယောက်က ခုလို စည်းဝိုင်းတစ်ခုတည်းမှာ ထိပ်တန်းလက်ဝှေ့ကျော်နှစ်ယောက်ကို တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက် ထိုးလှဲလိုက်တာမျိုး တစ်ခါမှလည်း မကြုံဖူး၊ မကြားဖူးပါဘူးကွာ..."

"ဒီကောင်ကလေးဟာ လူလုံးလူဖန်က ကောင်းရတဲ့အထဲ လျင်မြန်ဖျတ်လတ်ပြီး ပေါ့ပါးလိုက်တာကလည်း လွန်ပါရောလား"

"ဒီသတ္တဝါကလေးနာမည်က အောင်ကြီးတဲ့လား... လက်ဝှေ့သမားလောကမှာ အောင်ကြီးဆိုတဲ့ နာမည်နဲ့ လက်ဝှေ့သမား တစ်ခါမှ မကြားဖူးပါဘူးကွာ..."

"ဒီကောင်ကလေးဟာ လူကမွေးတာမှ ဟုတ်ရဲ့လားကွာ"

လက်ဝှေ့သမားလောကတစ်လွှားတွင် နှစ်ညအတွင်း ဟိုးဟိုးကျော် လက်ဝှေ့ကျော် သုံးဦးတို့ကို မယုံကြည်နိုင်လောက်အောင် ထိုးလှဲခဲ့သော အောင်ကြီးနှင့်ပတ်သက်၍ သူတို့အသီးသီး၏ သဘောထားနှင့် ထင်မြင်ချက်များ အမျိုးမျိုးပေးလျက်ရှိနေကြ၏။ အချို့သောသူများက အောင်ကြီးကို အိမ်တိုင်လာရောက် အကဲခတ်ကြည့်ရှုကြ၏။ အောင်ကြီး၏ လက်ဖျံရိုးကိုလည်း ကိုင်တွယ်စမ်းသပ်ကြည့်ကြ၏။ သူတို့ စိတ်ဝင်စားသလိုရှိသော အကြောင်းအချက်များကိုလည်း မေးမြန်းကြည့်ကြ၏။

ကြေးစားလက်ဝှေ့စည်းဝိုင်းအတွင်းသို့ နှစ်ကြိမ်မျှသာ ဝင်ဖူး၍ သူနှင့်ယှဉ်ပြိုင်ရသူ သုံးဦးစလုံး အလဲထိုးအနိုင်ရရှိလိုက်သည့်အကြောင်း အရိုးခံအတိုင်း အောင်ကြီးက ရှင်းလင်းပြောပြလိုက်သောအခါ ထိုသူများသည် မျက်လုံးပြူးသွားကြ၏။ တစ်ယောက်သောသူက "လက်ဝှေ့သမားသေလို့ ဝင်စားလာတာနဲ့တူတယ်"ဟု ရယ်မောပြောဆို၏။

ကျောက်တော်ကြီးဘုရားပွဲ၏ နောက်ဆုံးညတွင် အသက် ၁၇ နှစ်

မျှပင်မပြည့်တတ်သေးဘဲ လက်ဖွေ့စည်းဝိုင်းအတွင်းသို့ နှစ်ကြိမ်မျှသ
ဝင်ရောက်ထိုးသတ်ဖူးသော အောင်ကြီးအမည်ရှိ လူလွန်မသားကလေ
နှင့် ယှဉ်ပြိုင်ထိုးသတ်ဝံ့သူ တစ်ယောက်တလေမျှ မရှိတော့ချေ။ ထိ
တန်းလက်ဖွေ့ကျော် အများအပြားပင် ခပ်ဝေးဝေးက ရှောင်ပြေးကြ၏
သူ၏လက်ဖွေ့သက်တမ်းတစ်လျှောက် လူပေါင်းတစ်ကျိပ်ကျော်ထက်
မနည်း ထိုးလှဲပစ်ခဲ့သော ကြေးစားလက်ဖွေ့သမားကြီးတစ်ဦးကမူ "ကျ
မြီးပဲဆွဲရဆွဲရ၊ ဝံနဲ့ပဲ နပန်းလုံးရလုံးရ အပန်းမကြီးလှပါကွာ။ ဒါပေမဲ့
အောင်ကြီးဆိုတဲ့ သတ္တဝါကလေးတစ်ကောင်နဲ့တော့ မထိုးမသတ်ရပါ
စေနဲ့ဟေ့..."ဟူ၍ လူသိရှင်ကြား ဝန်ခံပြောကြားသောဟူ၏။

## [၄]

ဗျိုင်းကလေးအမည်ရှိ နာမည်ကျော် ကြေးစားလက်ဖွေ့သမားကြီး
တစ်ဦးကို အောက်မြစ်စဉ် မြို့ကလေးတစ်မြို့၏ ဘုန်းကြီးပျံတစ်ခုတွင်
ထမ်းထုတ်သွားပြီးနောက် နှာနှပ်ယူရလောက်အောင် အလဲထိုးသတ်ခဲ့
မိရာမှ ကျေးတောသား အောင်ကြီးသည် မျှော်လင့်မထားသော ရတနာ
ပုံနေပြည်တော်သို့ လွင့်ပါးရောက်ရှိလာခဲ့ရသူဖြစ်၏။ သူ၏ဆရာဘုန်း
တော်ကြီးထံမှ အောင်ကြီးကို နေပြည်တော်သို့ စရိတ်စက အကုန်အကျ
ခံကာဆောင်ကြဉ်းလာခဲ့ကြသူများကတော့မူ သူတို့အစီအစဉ်နှင့် သူတို့၊
သူတို့တွက်ကိန်းနှင့် သူတို့ဖြစ်ကြ၏။ အလွန်တရာ အလားအလာ
ရှိသော အောင်ကြီးကဲ့သို့ လက်ဖွေ့သမားတစ်ဦးကို သူတို့အစီအစဉ်နှင့်
သူတို့ အသုံးသာချလိုက်ရလျှင် တော်တော်ကလေး စီးပွားဖြစ်နိုင်စရာ
ရှိကြောင်း တွက်ချက်မိထားကြပြီးဖြစ်ဟန်လည်းတူ၏။ ထို့ကြောင့်
နေပြည်တော်သို့ရောက်သောအခါ အောင်ကြီးကို ကောင်းစွာ ကျွေးမွေး
လေ့ကျင့်ပေးခဲ့ကြ၏။ အောင်ကြီး၏ အစွမ်းအစကိုလည်း လျှို့ထားခဲ့



ကြ၏။

သို့ရာတွင် နေပြည်တော်၌ ပထမအကြိမ် အောင်ကြီးကို ပွဲထုတ်လိုက်သောအခါ သူတို့၏အစီအစဉ်ထက်လွန်၍ ထိုသတ္တဝါက လက်စွမ်းပြလိုက်၏။ ယင်းသို့ ညတွင်းချင်းနှင့်ပင် စည်းဝိုင်းတစ်ခုတည်းအတွင်း ထိတ်ထိတ်ကြဲ လက်ဖွေ့သမားကြီးနှစ်ဦးတို့ကို တစ်ယောက်ပြီးတစ်ယောက် ရှေ့ဆင့်နောက်ဆင့် ထိုးလှဲပစ်လိုက်သောအခါ ကျေးတောသား အောင်ကြီးသည် သူ၏စားပေါက်စားလမ်းကို သူ့ဟာသူ ပိတ်ပစ်လိုက်ခြင်းပင်ဖြစ်၏။ တကယ်ဆိုတော့ လက်ဖွေ့ထိုးသတ်သော လုပ်ငန်းသည် စီးပွားရေးလုပ်ငန်းတစ်ရပ်မျှသာ ဖြစ်သည်မဟုတ်သလော။ စီးပွားရေး လုပ်ငန်းမှန်သမျှ စီမံကိန်း၊ တွက်ကိန်း စသည်တို့နှင့် လုပ်ရကိုင်ရသည်သာ ဖြစ်သည်မဟုတ်သလော။ အောင်ကြီးသည် သူ၏လုပ်ငန်းရှင်များ၏ စီမံကိန်းနှင့် တွက်ကိန်းများကို ဘာမှန်းမသိဘဲ သူ့သဘောနှင့်သူ လုပ်ခဲ့ ကိုင်ခဲ့မိပြီဖြစ်၏။ ယှဉ်ပြိုင်ထိုးသတ်မည့်သူမရှိသော ကြေးစားလက်ဖွေ့သမားတစ်ဦးကို အဘယ်သူက စရိတ်စက အကုန်အကျခံကာ မွေးမြူထားဦးမည်နည်း။

ကျောက်တော်ကြီးဘုရားပွဲပြီးစီး၍ သီတင်းတစ်ပတ်ခန့်အကြာတွင် အောက်မြစ်စဉ်မြို့ကလေးမှ နေပြည်တော်သို့ သူ့ကိုခေါ်ဆောင်လာခဲ့ကြသူများက အောင်ကြီးကို ဆက်လက်အသုံးချရန် အကြောင်းမရှိတော့သဖြင့် ဒေါင်းတံဆိပ် ဒင်္ဂါးပြား ငါးဆယ်တိတိ ထုတ်ပေးရင်း ရွာသို့ ခေတ္တခဏလောက် ပြန်လည်နေထိုင်ရန်ပြောဆိုလာကြ၏။ နောင်အလုပ်ကိစ္စရှိတော့မှ လာရောက်ခေါ်ငင်မည့်အကြောင်းလည်း ချွေးသိပ်ပြောဆိုခြင်းပြု၏။ ယင်းသို့ကြေးစားလက်ဖွေ့သမားအောင်ကြီးကို ငွေဒင်္ဂါးငါးဆယ်မျှသာ အခပေးကာ နှင်လွှတ်လျက်ရှိသော်လည်း သူတို့မူကား ထောင်နှင့်ချီ၍ အမြတ်အစွန်းရရှိခဲ့ကြပြီဖြစ်၏။

သူအားပြုရှုနေရသော အလုပ်ရှင်များက လောလောဆယ်တွင် အလုပ်အကိုင်မရှိသေးသဖြင့် သူ၏ရွာသို့ ခေတ္တခဏလောက် ပြန် လည်နေထိုင်ခြင်းပြုရန် ပြောဆိုလာကြသောအခါ အောင်ကြီးသည် များ စွာစိတ်အားငယ်သွား၏။ စိတ်အနှောင့်အယှက်လည်း ဖြစ်သွားပုံရ၏။ အလွန်တရာ ဆင်းရဲမွဲခေါင်သော၊ ချောင်ကျသောသူ၏ ချက်မြှုပ်ရာ တောအရပ်သို့ကား အောင်ကြီးသည် မပြန်လိုတော့ပေ။ သူသည် မိမရှိ ဖမရှိ တစ်ကောင်ကြွက် ဖြစ်သည်မဟုတ်သလော။ ထို့ကြောင့် မွေးရပ် မြေကို သံယောဇဉ်တွယ်တာစရာ ဘာတစ်ခုမှမရှိချေ။ ၎င်းအပြင် နှစ်လ သာသာ သုံးလခန့်မျှနေထိုင်ခဲ့ရပြီဖြစ်သော နေပြည်တော် အရပ်တွင် သူသည် အလွန်တရာမွေ့လျော်ပျော်ပိုက်လျက်ရှိနေပြီလည်းဖြစ်သည် မဟုတ်သလော။ ရတနာပုံနေပြည်တော်၏ လေနှင့် မိုင်းများလည်း ကောင်းကောင်းကြီး အမိခံထားခဲ့ရပြီဖြစ်၏။ ငရဲမှ နတ်ဘုံသို့ တက်လာ ခဲ့ရပြီးသော သတ္တဝါတစ်ဦးသည် ငရဲသို့ပြန်လိုပါဦးမည်လော။

သူတို့၏ အရိပ်အာဝါသတွင် ဆက်လက်ထားရှိရန် အောင်ကြီး သည် အမျိုးမျိုးတောင်းပန်ပြောကြား၏။ သို့ရာတွင် သူတို့တွက်ကိန်း အရ ရေ့လျှောက်အသုံးချရန် ဘာအလားအလာမျှ မရှိသောသူတစ် ယောက်ကို အဘယ်သူ စိတ်ဝင်စားဦးမည်နည်း။ ရွာသို့ပြန်ရန် တင်းတင်း မာမာပြောဆိုမြဲပြောဆိုလျက်ရှိသောအခါ သူ့မာနကလေးနှင့်သူဖြစ်သော အောင်ကြီးသည် သူပိုင်ပစ္စည်းကလေးများကို ထုပ်ပိုးကာ လုပ်ငန်းရှင် များအိမ်ထက်မှ ဆင်းချလာခဲ့၏။ သို့ရာတွင် သူသည် ရွာသို့ပြန်ရန် ကား စိတ်ကူး၍ပင် မရတော့ချေ။ ရတနာပုံနေပြည်တော်၌သာ ဖြစ်တတ် သလို နေထိုင်ကာ သူ၏ အသက်တစ်ချောင်းကို မွေးမြူရန် ကောင်းစွာ ပြဋ္ဌာန်းထားရှိပြီးဖြစ်၏။

❐

## ကြေးစားပတ်ပြတ်

**[ ၁ ]**

"ဗျို့... ဗိုလ်မြမင်း... ခင်ဗျား အိပ်များ ပျော်နေသလားဗျ..."

သူ၏အတွက်ကို လှန်လှောဖွေရှာ၍ နေခဲ့ရာမှ ပင်ပန်းညောင်းညာ လာဟန်ရှိသော အောင်ကြီးသည် ဆိတ်ငြိမ်ခြင်းကို ခွဲပစ်လိုက်၏။ မှောင် မည်းတိတ်ဆိတ်နေသော တန်းအတွင်းပြန်လည်၍ အသက်ဝင်လာ၏။ မကြာမီကလေးကမှ စည်သာစစ်ကဲကြီး ကိုယ်တိုင်ကိုယ်ကျ လာရောက် ကာ အားပေးစကားပြောကြားသွားခဲ့သဖြင့် ရက်ကာလများမကြာမီ ဤ လောကငရဲအတွင်းမှ လွတ်ကျွတ်ခွင့်ရတော့မည့်အကြောင်း စိတ်ကူး ယဉ်အတွေးနယ်ချဲ့လျက်ရှိနေခဲ့ရာမှ တပ်မှူးဟောင်း ရာဇဝတ်အကျဉ်း သားသည်လည်း လူးလွန့်လှုပ်ရှားလာ၏။

"တောင်စဉ်းစား မြောက်စဉ်းစားနဲ့ ရောက်တတ်ရာရာ စဉ်းစားနေ တာပါဗျာ... အိပ်မပျော်ပါဘူး..."ဟု ဗိုလ်မြမင်းက သူအိပ်ပျော်သူ မဟုတ်ကြောင်း သတင်းပြန်ပေး၏။

"အေးဗျာ... ခင်ဗျားမှာတော့ ကြည့်ရှုမစမယ့် စစ်ကဲကြီးတစ်ယောက်

လုံးရှိနေသေးတယ်မဟုတ်လား... ဘာမှ စိတ်အားငယ်စရာ အကြောင်း မရှိပါဘူး... ကျုပ်တစ်ယောက်သာ လွတ်ရက်မရှိသေးတာပါဗျာ..." သူ့ ဘဝနောက်ကြောင်းကို ပြန်ပြောင်းစဉ်းစားနေခဲ့ရာမှ လွတ်ရက်မရှိဘဲ ထောင်တစ်သက်မျှ စံနေရသော သူ၏လောလောဆယ်ဘဝကို ဆင်ခြင် မိဟန်ဖြင့် အောင်ကြီးက ပြောကြားလိုက်၏။

"အလို... ကိုအောင်ကြီးက လွတ်ရက်မရှိတဲ့ အကျဉ်းသားလား..." ဟု ဗိုလ်မြမင်းက အလန့်တကြား ပြန်၍မေး၏။ သူ့အသိတွင်လည်း ကရုဏာလှိုင်းများရိုက်ခတ်နေ၏။

ထောင့်တစ်သက် လွတ်ရက်မရှိသော အကျဉ်းသားများ၏ဘဝသည် ဘာမျှမျှော်လင့်စရာမရှိသော ဘဝဖြစ်၏။ သူတို့သည် အကျဉ်းထောင် များအတွင်း အရိုးထုတ်ကြရတော့မည့်သတ္တဝါများလည်းဖြစ်၏။ သေ ဆုံးရမည့်နေ့ရက်သည် သူတို့၏လွတ်မြောက်သောနေ့ပင်ဖြစ်သည် မဟုတ်သလော။ သူတို့တစ်တွေသည် ရည်မှန်းချက်မရှိ၊ အဓိပ္ပာယ်လည်း မရှိဘဲ အသက်ရှင်နေကြရသူများသာဖြစ်၏။

"ဟုတ်တယ် ဗိုလ်မြမင်း... ကျုပ် တစ်ယောက်ကတော့ အသက်ရှင် ရက်နဲ့ သေနေရတဲ့သတ္တဝါ တစ်ကောင်ပါပဲလေ" အကျဉ်းသားအောင် ကြီးက သူ၏ ပစ္စက္ခဘဝကို လေးလေးနက်နက် စဉ်းစားဆင်ခြင်မိဟန် ဖြင့် နာနာကြည်းကြည်းပြောဆိုလိုက်၏။

"ဘယ်လောက်ကြီးမားတဲ့ ရာဇဝတ်မှုမျိုးကျူးလွန်ခဲ့လို့ ခုလောက် ကြီးမားတဲ့ အပြစ်ဒဏ်မျိုးကို တရားရုံးတော်က စီရင်ချက်ချမှတ်လိုက်ရ တာလဲဗျ ကိုအောင်ကြီး" ဟု ဘဝတူချင်းများစွာ စာနာသောစိတ်ထား ဖြင့် ဗိုလ်မြမင်းက ပြန်မေး၏။

"ကျူးလွန်ခဲ့တဲ့ ပြစ်မှုဆိုတာကတော့ ကြီးလေးတယ်ဆိုရင်လည်း ဖြစ်နိုင်သလို ဘာမှမဖြစ်လောက်ဘူးဆိုရင်လည်း ဖြစ်နိုင်တာပဲဗျ...



ဗိုလ်မြမင်း... ဒါပေမဲ့ ဒီအကြောင်းတွေ ပြန်ပြောရရင်တော့ ရှည်ဝေး လှပါတယ်ဗျာ... ပြီးတော့ ခေါင်းရှုပ်စရာကြီးမို့ ကြားလည်းမကြားချင် ပါနဲ့တော့လေ..."သူ့အကြောင်း သူပြောကြားရမည့်ကိစ္စကို ဝန်လေး ခြင်းရှိလှသလို အောင်ကြီးက ညည်းညူပြောကြားသွား၏။

"ခင်ဗျားဟာက ပြောပဲမပြောရသေးဘူး မကြားချင်ပါနဲ့တော့ဆိုတာ က အရင်ပဲလားဗျ..."ဟု ဗိုလ်မြမင်းက အောင်ကြီး၏ပခုံးကို ရင်းရင်း နှီးနှီး လှမ်းပုတ်ကာပြောဆို၏။

"အတ္တနဲ့မကင်းတဲ့ လူသားတွေဟာ ကိုယ့်အကြောင်းကိုယ်ပြောချင် ကြတာပါပဲ ဗိုလ်မြမင်းရာ၊ ဒါပေမဲ့ ကျုပ်တစ်ယောက်အကြောင်းကတော့ ပြောလို့ကို မကောင်းတတ်လို့ မကြားချင်ပါနဲ့လို့ တောင်းပန်လိုက်ရတာ ပါဗျာ..."

"ကိုအောင်ကြီးက စာတတ်ပေတတ်ထဲကနဲ့တူတယ်... ဟုတ်လား ဗျ"

"ကျောင်းစာအနေနဲ့ကတော့ ကျုပ်မင်္ဂလသုတ်အထိလောက်သာ သင်ခဲ့ရဖူးပါတယ်ဗျာ... ဒါပေမဲ့ ဘဝတိုက်ပွဲအတွေ့အကြုံကတော့ တယ် ပြီးမနည်းလှဘူးလို့ ပြောနိုင်လိမ့်မလားမသိဘူး"

"ခင်ဗျားစကားတွေဟာ တော်တော်ရင့်ကျက်လေးနက်တဲ့ စကား အမျိုးအစားတွေပါပဲကလား ကိုအောင်ကြီးရဲ့...၊ ခင်ဗျားအကြောင်းများ ကြားရရင် တော်တော်စိတ်ဝင်စားစရာ ကောင်းလိမ့်မယ်ထင်တယ်" ကျောင်းစာအနေနှင့် မင်္ဂလသုတ်အထိလောက်သာ သင်ကြားခွင့်ရရှိခဲ့ သော်လည်း အတ္တနှင့်မကင်းသော လူသား၊ ဘဝတိုက်ပွဲ အတွေ့အကြုံ အစရှိသော ဝေါဟာရ အသုံးအနှုန်းများ သုံးစွဲပြောဆိုသွားသော လွတ် ရက်မရှိသူ အကျဉ်းသားကို ပိုမိုစိတ်ဝင်စားသိရှိလိုဟန်ဖြင့် ကျန်အကျဉ်း သားက လေးလေးစားစား ပြောဆို၏။

အောင်ကြီးသည် ဦးခေါင်းကို ခါယမ်းရင်း သက်ပြင်းလည်းချလိုက်၏။ တကယ်ဆိုတော့ အကျဉ်းထောင်အတွင်း၌သာ သူ၏ နောက်ဆုံးထွက်သက်ရှူထုတ်ရမည့်အချိန်နာရီကို စောင့်ဆိုင်းနေရစေကာမူ အောင်ကြီးသည် အတ္တနှင့် လွတ်ကင်းသော သတ္တဝါတစ်ကောင်တော့ကား မဟုတ်သေးပေ။ ထို့ကြောင့် “ပြောရမယ်သာဆိုရင်တော့ ခင်ဗျား ခပ်စောစောက ကျုပ်ကို အမှုထမ်းလားလို့ မေးခဲ့တဲ့မေးခွန်းကပါအစက ပြန်ကောက်ရလိမ့်မယ် ဗိုလ်မြမင်း”ဟု အောင်ကြီးက သူ၏အလုပ်ကို စ၍ ဖြေ၏။

“စောစောကတော့ အဖြေရကျပ်ကျပ်မို့ ဘယ်လိုပြန်ဖြေရမှန်းတောင် မသိဘူးလို့ ခင်ဗျား ပြောခဲ့တယ် မဟုတ်လားဗျ” ဟု ဗိုလ်မြမင်းက အောင်ကြီးကို နားမလည်နိုင်သော အမူအရာဖြင့် လှမ်းကြည့်ကာ ပြောဆို၏။

“ကျုပ်အကြောင်းက တော်တော်တော့ အဆိုးသားကလားဗျ...”

“ဆိုးတာကတော့ ဟုတ်ပါပြီ၊ ဘယ်ပုံဘယ်နည်းဆိုးတာလဲ ပြောဦးမှပေါ့ ကိုအောင်ကြီးရဲ့...”ဟု ဗိုလ်မြမင်းက တိုက်တွန်းပြောကြား၏။

“တိုတိုပြောရမယ်ဆိုရင်တော့ ကျုပ်ဘဝနဲ့ကျုပ် အသိတရားနဲ့ ပဋိပက္ခပဲဗျ ဗိုလ်မြမင်း...”

“ဘာဗျ... ဘဝနဲ့ အသိတရားနဲ့ ပဋိပက္ခဆိုလား... အဲဒါက ဘာပြောချင်တာလဲ ကိုအောင်ကြီးရဲ့... ကျုပ်က အရွယ်ရောက်လာချိန်ကစပြီး စစ်သားလုပ်လာခဲ့ရတဲ့ လူတစ်ယောက်ဆိုတော့ ခင်ဗျား ခုပြောသွားတဲ့ စကားတွေကို ဘာမှန်းနားမလည်လိုက်ဘူးဗျ...”

“ဒီထက် ရှင်းအောင်၊ လွယ်အောင် ပြောရမယ်ဆိုရင်တော့ ကျုပ်ဘဝက စီရင်ပြဋ္ဌာန်းထားတဲ့ လမ်းကြောင်းအတိုင်း မှန်မှန်အေးအေး လျှောက်



မလိုက်ဘဲ မကြာမကြာ ဘေးဖဲ့ဖဲ့ပြီး ထွက်တတ်လွန်းလို့ ကျုပ်ဒုက္ခရောက်ခဲ့ပေါင်း များလှတဲ့အကြောင်းကို ပြောချင်တာပါဗျာ...”

“ခုလိုဆိုတော့ ကျုပ်နားလည်သလိုလို ရှိသွားပဲဗျ...၊ ဒါပေမဲ့ ပီပီပြင်ပြင်တော့ မရှိလှသေးဘူး ကိုအောင်ကြီး... တတ်နိုင်ရင် ခုပြောခဲ့တာထက် ရှင်းအောင်၊ လွယ်အောင် ပြောစမ်းပါဗျာ...”ဟု စစ်သားဟောင်းက တောင်းပန်စကား ပြောကြားရှာ၏။

အောင်ကြီးသည် အတန်ကြာမျှ ငိုင်စဉ်းစားနေပြီးမှ “မူလကတော့ ကျုပ်ဟာ ကျေးတောသား တစ်ယောက်ပဲဗျ... ဗိုလ်မြမင်း...၊ ကျုပ်ကို မွေးတဲ့ ရွာကလည်း မြစ်နဲ့အလွန်ဝေး၊ အလွန်ခေါင်တဲ့ အရပ်နေရာပေါ့ဗျာ။ ပြီးတော့ ကျုပ်မှာလည်း မိဘသားချင်းတို့၊ ဆွေမျိုးဉာတကာတို့ဆိုလို့ တစ်ယောက်မှ ရှိတာမဟုတ်ဘူး... ဥတစ်လုံး တစ်ကောင်ကြွက်ဆိုပါတော့ဗျာ...”ဟု သူ့ဘဝ မြစ်ဖျားခံရာမှ စတင်ပြောဆို၏။

“သြော်... သြော်... သြော်”

“တစ်နေ့တော့ အောက်မြစ်စဉ်မြို့ကလေးတစ်မြို့က ဘုန်းကြီးပျံကို ကျုပ်ဆရာဘုန်းကြီးနဲ့အတူ ကျောင်းသား ကပ္ပိယလုပ်လိုက်လာရင်း လက်ဝှေ့ဝိုင်းတစ်ခုမှာ ဗျိုင်းကလေးဆိုတဲ့ ကြေးစားလက်ဝှေ့သမားကြီး တစ်ယောက်ကို ကျုပ်ထိုးလှဲပစ်လိုက်တယ်ဗျ... အဲဒီတုန်းက ကျုပ် ၁၇ နှစ်သားတောင် မရှိတတ်သေးဘူး...”

“ဘုရား... ဘုရား” တပ်မှူးဟောင်းသည် တော်တော်ကလေး အံ့သြလှုပ်ရှားသွားပုံရ၏။

“အဲဒီ ဘုန်းကြီးပျံမှာ ကျုပ်လက်စလက်နကို မြင်တွေ့သွားပြီး ကျုပ်ကို အသုံးချခိုင်းစားချင်ကြတဲ့ လူစုက ရတနာပုံနေပြည်တော်ကို ခေါ်လာခဲ့ကြရာက ကျုပ်ဘဝအစပြုရတော့တာပါပဲလေ”ဟု အစချီကာ သူ၏မွေးရပ်မြေမှ ရတနာပုံနေပြည်တော်သို့ သူရောက်ရှိလာခဲ့ရပုံကို

အောင်ကြီးသည် ရှင်းလင်းပြောကြားသွား၏။

[ ၂ ]

အောင်ကြီးပြောဆိုသွားသမျှကို ငြိမ်သက်စွာ နားထောင်နေခဲ့ရာမှ "ခုလို ခင်ဗျားကို ငွေကလေး ငါးဆယ်လောက်သာပေးပြီး ခင်ဗျားအလုပ် ရှင်တွေက သူတို့အိမ်ပေါ်က နှင်ချလိုက်တော့ ရွာကိုမပြန်ဘူးလား" ဟု သူ၏ ဇာတ်ကြောင်းကို အလွန်တရာ စိတ်ပါဝင်စား သိရှိလိုဟန်ဖြင့် ထောက်၍မေးလိုက်၏။

"ရွာမှာ နေခဲ့ရတုန်းက ဘုန်းကြီးကျောင်းမှာ ကျောင်းသားကပ္ပိယ လုပ်ပြီးနေခဲ့ရတာ အောက်ကျ နောက်ကျနိုင်ပြီး ဆင်းရဲလွန်းလို့ ကိုယ့် ရပ်ကိုယ့်ရွာ ပြန်ဖို့ ဘယ်လိုမှစိတ်ကူးလို့ မရခဲ့ပါဘူးဗျာ။ ပြီးတော့လည်း ကျုပ်က တစ်ကောင်ကြွက်မဟုတ်လား..."

"ဩော်... ဩော်... ဩော်..."

"ကိုယ့်မှာရှိတဲ့ အားခွန်ဗလလေးကို အရင်းအနှီးလုပ်ပြီး နေပြည် တော်မှာဘဲ ရရာအလုပ် လုပ်ကိုင်စားသောက်တော့မယ်ဆိုပြီး နေခဲ့ရ တာပေါ့လေ"

"ဘာ အလုပ်အကိုင်တွေများ လုပ်ကိုင်စားသောက်လာခဲ့ရသလဲဗျ ... ကိုအောင်ကြီး"

"ရွာမှာတုန်းကတော့ ယာခုတ်၊ ထင်းတိုက်စတဲ့ အလုပ်ကြမ်းမျိုးတွေ လောက်သာ လုပ်ကိုင်ခဲ့ဖူးတယ်။ ဒါပေမဲ့ နေပြည်တော်မှာတော့ အဲသလို အလုပ်အကိုင်မျိုးတွေကမရှိတော့ ရရာကျပန်းအလုပ်အကိုင်ကလေးတွေ လုပ်ခဲ့ကိုင်ခဲ့ရသပေါ့ဗျာ..."

"နေပြည်တော်မှာ ခင်ဗျား အသိအကျွမ်းထဲက ရှိသလားဗျ"

"ဘယ်ရှိပါ့မလဲ ဗိုလ်မြမင်းရာ၊ ရွာတုန်းကလို ဘုန်းကြီးကျောင်း



တိုက်တစ်တိုက်မှာ အကျိုးအကြောင်းလျှောက်ထားပြီး ခိုကပ်နေခဲ့ရသ ဗျ"

"အိမ်ထောင်ရက်သားများကော မကျခဲ့ဘူးလား...၊ ခင်ဗျားလို လူ လုံး လူဖန် ကောင်းကောင်းနဲ့ လူရည်သန့်မျိုးကိုတော့ ကြိုက်ကြမယ့် အမျိုးသမီးတွေ အများကြီးရှိလိမ့်မယ်ထင်ပါတယ်၊ ဟုတ်လားဗျ ကို အောင်ကြီး"

"ရွတ်မနေစမ်းပါနဲ့ ဗိုလ်မြမင်းရာ၊ ကျုပ်လို ခြေသလုံးအိမ်တိုင်လုပ် နေရတဲ့ သတ္တဝါတစ်ကောင်ကို ဘယ်မိန်းကလေးရဲ့ မိဘနဲ့ ဆွေမျိုး သားချင်းတွေက စာရင်းသွင်းပါ့မလဲ၊ ပြီးတော့ ကျုပ်ကိုယ်၌ကလည်း ကိုယ့်ဝမ်းကို အပြေးအလွှား ကျောင်းနေရတဲ့လူဆိုတော့ လူမျိုးဆက် ရေးကိစ္စမှာ ယောင်လို့မှ မစဉ်းစားနိုင်ခဲ့ပါဘူးဗျာ"ဟု အောင်ကြီးသည် အရိုးခံအတိုင်း ဝန်ခံပြောကြားသွား၏။

"ဩော်... ဒီအသက်အရွယ်အထိတောင် ကိုယ့်အိုးကိုယ့်အိမ် မထောင်ခဲ့ရသေးဘဲကိုး"ဟု တပ်မှူးပေါင်း မြမင်းက ကရုဏာသက် သော လေသံဖြင့် ညည်းတွားပြောဆို၏။

"လွတ်တဲ့ငါးကြီးတယ်လို့ ပြောတာတော့ မဟုတ်ပါဘူး ဗိုလ်မြမင်း ရာ၊ ကျုပ်လို လူစားမျိုး အိမ်ထောင်ရက်သားမကျခဲ့တာ ကျုပ်မှာ မရှိ ခဲ့ရတဲ့ သားမယားတွေအတွက်ရော ကျုပ်အတွက်ပါ ကံကောင်းတယ် လို့ မဆိုနိုင်ပေဘူးလားဗျာ" အောင်ကြီးသည် အဖြစ်အပျက်တစ်ခုကို အဆိုးဘက်မှ ကြည့်တတ်သလို အကောင်းဘက်မှလည်း ရှုမြင်ဆင်ခြင် တတ်သူတစ်ဦးကဲ့သို့ လေအေးအေးနှင့် ပြောဆိုသွား၏။

တပ်မှူးပေါင်းမြမင်းသည် အောင်ကြီးစကားကြောင့် ငိုင်၍သွား၏။ ခပ်စောစောကပင် သူသည်မျက်ကွယ်ရာ၌ ကျန်ရစ်ခဲ့ကြသော သူ၏ သားမယားများအတွက် အဘယ်မျှ စိတ်ဆင်းရဲဒုက္ခရောက်ခဲ့ရမည်နည်း။

သူ၏မယားသည် စစ်ကဲကြီး ဦးရွှေနှောင်းအိမ်သို့ ဆံပင်ဖားလျားနှ
ပြေးသွားတောင်းပန်ခဲ့ရသည် မဟုတ်သလော။ သူ၏ သားငယ်၊ သမီး
ငယ် ကလေးများသည်ကော အဘယ်မျှ ညှိုးငယ်နေကြလိမ့်မည်နည်း။

"လုံးချင်းသမားဆိုတာ ထောင်လိုက်ကျကျ ပြားလိုက်ကျကျ
ပြဿနာ မရှိဘူးဗျ ဗိုလ်မြမင်း၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် ခေါင်းဝင်နိုင်ရင်
ကိုယ် ဆံ့တာပဲမဟုတ်လား"

တပ်မှူးဟောင်းမြမင်းသည် ဘာမျှပြန်လှန်ပြောဆိုခြင်းမပြုနိုင်ဘဲ
ငိုင်နေဆဲဖြစ်၏။ မင်္ဂလသုတ်လောက်အထိသာ စာသင်ကြားခဲ့ဖူးသူ
တစ်ဦးက ပြောဆိုသွားသောစကားများကို နားလည်နိုင်အောင် တော်
တော်ကလေး အားပြုနေရပုံလည်းပေါ်၏။

"ကျုပ်တို့ ဘဝရှင်မင်းတုန်းမင်းတရားကြီးဟာ သာသနာကို အား
ပေးချီးမြှောက်တဲ့ မင်းကောင်းမင်းမြတ်ဆိုတော့ ရတနာပုံနေပြည်တော်
မှာ ဘုန်းကြီးကျောင်းတိုက်တွေ အလွန်ပေါတယ်မဟုတ်လားဗျ..."ဟု
လုံးချင်းသမားနှင့် ဘဝရှင်မင်းတရားကြီးကို အမြီးအမောက် မတည့်
အောင် စကားဆက်လိုက်သော ဤအကျဉ်းသား ဤစကားဆက်ကို
စစ်သားဟောင်း အကျဉ်းသားသည် ဦးခေါင်းရှုပ်သွား၏။ ထို့ကြောင့်
ငိုင်မြဲငိုင်နေ၏။

"နေပြည်တော်မှာ ဘုန်းကြီးကျောင်းတိုက်တွေကလည်း အပေါသား
ဆိုတော့ ဘုန်းကြီးကျောင်းတိုက်တွေမှာ တစ်တိုက်ပြီးတစ်တိုက် ကျောင်း
သားကပ္ပိယလိုလို၊ ခရီးသွား အာဂန္တုလိုလိုနဲ့ မှီခိုကပ်ရပ်ရင်း ကျုပ်သုံး
နှစ်လောက် နေခဲ့ရသဗျ ဗိုလ်မြမင်း..."ဟု တစ်ကောင်ကြွက် အောင်
ကြီးက ပြောဆိုလိုက်တော့မှ လုံးချင်းသမား၏ ခေါင်းဝင်ကိုယ်ဆံ့ဆိုသော
စကားကို တပ်မှူးဟောင်း မြမင်းသည် ကောင်းစွာနားရှင်းသွား ပုံရ၏။
ထို့ကြောင့် ဦးခေါင်းကိုညိတ်ရင်း "သြော်... ဒီလိုကိုး..."ဟု သူသည်



အာမေဋိတ်သံပြုလိုက်၏။

"ကျောခင်းစရာ တစ်နေရာအတွက်လောက်သာ ဘုန်းကြီးကျောင်းတိုက်တွေမှာ ဟိုတစ်လှည့် ဒီတစ်လှည့် မှီခိုနေခဲ့ရပေမဲ့ သာသနာတော်အတွက် လူတွေက ချွေးနဲ့စာနဲ့ လှူကြတန်းကြတဲ့ ပစ္စည်းတွေဆိုတော့ ကျုပ်လက်ဖျားနဲ့တောင် မတို့ခဲ့ပါဘူးဗျ... အလုပ်မလုပ်ဘဲ သူတစ်ပါးပစ္စည်းကို စားရတာလောက် သိက္ခာမရှိတဲ့အလုပ် ဘယ်မှာရှိပါဦးမလဲ... ကျုပ် တစ်ဝမ်းတစ်ခါးအတွက် အပြင်က ရရာကျပန်းအလုပ်အကိုင်ကလေးတွေ ရှာဖွေလုပ်ကိုင်ခဲ့တယ်လေ"

"ဘယ်လို ကျပန်းအလုပ်မျိုးတွေများ လုပ်ခဲ့ကိုင်ခဲ့သတုံးဗျ ကိုအောင်ကြီး..."ဟု တပ်မှူးဟောင်း မြမင်းက စိတ်ဝင်စားသိရှိလိုဟန်ဖြင့် မေးမြန်း၏။

"အလုပ်ကတော့ စုံလို့ပါပဲဗျာ... လှေထိုးလိုက်ရတဲ့အလုပ်ကတော့ အများဆုံးလုပ်ခဲ့ရလို့ အထက်မြစ်စဉ်ဆိုရင် ကျောက်မြောင်း၊ အောက်မြစ်စဉ်ဆိုရင် သရက်မြို့တို့အထိ မကြာမကြာ ရောက်ခဲ့ဖူးတယ်"

"လှေထိုးလိုက်ရတဲ့ အလုပ်ဆိုတာ တော်တော်ပင်ပန်းမှာဘဲနော်..."

"လေမရလို့ ရေဆန်ကိုထိုးရဆွဲရတဲ့အခါ သေချင်စော်နံတဲ့အလုပ်ပေါ့ဗျာ၊ ကုန်အပါများရင် အသက်ထွက်မလားထင်ရတယ်"

"တစ်ခေါက်တစ်ခေါက် လှေထိုးလိုက်ရင် ဘယ်လိုအခရသလဲဗျ..."

"လှေသူကြီးတွေက ကျုပ်ကို သူတို့ရဲ့လခစားအဖြစ်နဲ့ ခေါ်ထားချင်ကြတယ်... ဒါပေမဲ့ ကျုပ်က ကိုယ့်ကိုအသေချုပ်ထားတဲ့ အလုပ်မျိုး မလုပ်ချင်လို့ ပုတ်ပြတ်ကြေးစားအလုပ်မျိုးပဲ လုပ်ခဲ့တယ်"

"ဒီ့ပြင်ကော ဘာအလုပ်များ လုပ်ခဲ့ကိုင်ခဲ့သလဲ ကိုအောင်ကြီး"

"လှေထိုးလွှတိုက် လူမိုက်အားကိုးဆိုတဲ့ စကားအတိုင်း အားခွန်ဗလလောက်သာရှိပြီး အခြားအတတ်ပညာ ဘာမှမရှိတဲ့ လူတစ်ယောက်

ဆိုတော့ သစ်ခုတ်တို့၊ လွှတိုက်တို့ဆိုတဲ့ အလုပ်မျိုးတွေပဲ တောင်ထဲတော ထဲမှာ လုပ်ကိုင်ခဲ့ဖူးပါတယ်"

"ခင်ဗျားကျင်လည်ခဲ့ရတဲ့ ဘဝကတော့ တော်တော်ကြမ်းတယ်နော်"

"လှေထိုးလိုက်ရတဲ့ အလုပ်ထက် သစ်တော၊ ဝါးတောကြီးတွေထဲ ဝင်ပြီး သစ်ခုတ်သစ်ရွေးရတဲ့ အလုပ်ကပိုပြီးပင်ပန်းတဲ့အပြင် ဘေး အန္တရာယ်ကလည်း ပိုများတယ်ဗျ..."

"အခကြေးငွေကတော့ ကောင်းကောင်းရပါလိမ့်မယ်နော်..."

"ကျုပ်ကတော့ အလုပ်ရှင်ရဲ့ အချည်အနှောင် အချုပ်အချယ်ခံရတဲ့ လုပ်ခစားမျိုး မလုပ်တတ်ဘူးဗျ ဗိုလ်မြမင်း... ကိုယ့်အားနဲ့ကိုယ် လွတ် လွတ်လပ်လပ်လုပ်ခွင့် ကိုင်ခွင့်ရမှလုပ်တတ်တဲ့ လူစားကိုးလေ..."

"လုပ်ခကိုင်ခကော တော်တော်ရရဲ့လားဗျ..."

"ကျုပ် ပုတ်ပြတ်သမားဆိုတော့ ကိုယ်လုပ်နိုင်သလောက်တော့ ရ ပါတယ်... ဒါပေမဲ့ ကျုပ်စောစောက ပြောခဲ့သလို ဘေးအန္တရာယ်က များလှပါတယ်ဗျာ..."

"ဘယ်သစ်တောတွေများ ရောက်ခဲ့ပေါက်ခဲ့ဖူးသလဲ ကိုအောင် ကြီး..."

"တောတွေကတော့ အနှံ့ပါပဲဗျာ... နန်းတော်တိုင်ခုတ်တဲ့ သ တောတို့... ကသာဘက်က ကောက်ကွေ့သစ်တောတို့တောင် ရောက်ခဲ ဘူးတယ်... ဒါပေမဲ့ ငှက်ဖျားနဲ့ သားရဲအန္တရာယ်တွေက ကြီးလွန်းလ ကျုပ်နှစ်ဆောင်းနဲ့ တစ်နွေပဲလုပ်ကိုင်ပြီး နောက်ထပ်သစ်အလုပ် ဆက် မလုပ်တော့ဘူးဗျာ..."

"ခင်ဗျားကတော့ အလုပ်တော်တော်စုံတဲ့လူပဲ"

"ဒါတွေ ထားပါတော့ဗျာ၊ ခုတွင်က ပြောလက်စနဲ့ ဘုန်းကြီးကျောင် တွေမှာ မှီခိုကပ်ရပ်နေထိုင်ရင်း ကျုပ်မှာ အကျိုးအမြတ်တွေ တော်တော်



လာထွက်ခဲ့ကြောင်းပြောရဦးမယ်ဗျ"ဟု အောင်ကြီးက စောစောက ပြတ် သွားသော စကားစကို ပြန်ကောက်၏။

"ဘယ်လို အကျိုးအမြတ်တွေများလဲဗျ ကိုအောင်ကြီး"

"ကျုပ်ကို မွေးတဲ့ရွာမှာတုန်းကတော့ မင်္ဂလသုတ်ကုန်အောင် အနိုင် နိုင်သင်ခဲ့ရပေမဲ့ နေပြည်တော်က ဘုန်းကြီးကျောင်းတိုက်တွေမှာ သုံး နှစ်လောက် နေထိုင်ခဲ့ရတော့ လောကီဆိုင်ရာ စာပေယဉ်ကျေးမှုတွေရော လောကုတ္တရာဆိုင်ရာ စာပေပရိယတ္တိတွေပါ ကျုပ်တော်တော်ကလေး နားယဉ်လာခဲ့ရတယ်လေ..."

"ဩော်... ဩော်... ဩော်..."

"ဗေဒင်နဲ့ ဆေးကျမ်းတွေအကြောင်း တီးခေါက်တန်သလောက် တီး ခေါက်မိတယ်ဗျ..."

"အင်း... အင်း... အင်း..."

"လောကုတ္တရာဆိုင်ရာ စာပေ ပရိယတ္တိဘက်မှာတော့ ပဋ္ဌိစ္စသမုပ္ပါဒ်၊ ပဋ္ဌာန်းစတဲ့ တရားဓမ္မတွေရဲ့ အတိမ်အနက်ကိုပါ ကျုပ်တော်တော်က လေး နားရည်ဝလာခဲ့သပေါ့ဗျာ..." ဟု အောင်ကြီးကပြောကြားသွား သောအခါ အဝိဇ္ဇာ၊ ပစ္စယာ၊ သင်္ခါရာနှင့် ဟေတုပစ္စယော ဟူသော စကားပိုဒ်များလောက်သာ ကြက်တူရွေးစကားပြောသလို ရွတ်တတ်ဆို တတ်သော တပ်မှူးဟောင်း မြမင်းသည် များစွာလှုပ်ရှားသွားပုံရ၏။ အမှောင်ထုသည် ကြီးစိုးလွှမ်းမိုးလျက်ရှိသောကြောင့် ထိုအကျဉ်းသား ကို ပီပီပြင်ပြင် မတွေ့မြင်ရသော်လည်း သူသည် ပါးစပ်အဟောင်းသား နှင့် ငေးမောကြည့်ရှုနေမိ၏။ တစ်ချိန်တည်းမှာပင် ထိုလွတ်ရက်မရှိသော အကျဉ်းသားသည် သူ့ထက် အဘက်ဘက်တွင် သာလွန်ခြင်းရှိရုံမျှသာ မက ဦးခေါင်းတစ်လုံးသာသာခန့် မြင့်မားနေသူဖြစ်ကြောင်း တဖြည်း ဖြည်း သဘောပေါက်နားလည်စပြုလာ၏။ ထိုရာဇဝတ်အကျဉ်းသား

ပြောသွားဆိုသွားသော စကားများကို အလေးထားနာကြားခြင်းအားဖြင့် သူ့အတွက် အလွန်တရာ အဖိုးထိုက်အဖိုးတန်သော အကြောင်းအရာများ ရရှိနိုင်ကြောင်းလည်း နှလုံးသွင်းလာမိ၏။

## [၃]

ကသာနယ်ဘက်တွင်ရှိသော ကောက်ကွေ့ချောင်းသစ်တောသည် အလွန်တရာ တောနက်၏။ ထိုမျှသာ မဟုတ်သေး ကြီးလည်းကြီး၍ ကြမ်းလည်းကြမ်း၏။ လူကို ရန်ထောင်တတ်သော သားရဲကြီးငယ်များ ထူပြောသည့်အပြင် ငှက်ကလည်း ကြီး၏။ ထို့ကြောင့် ကောက်ကွေ့သစ်တောအတွင်း သစ်အလုပ်လုပ်ကိုင်ရသူများအတွက် အစားအသောက် အအိပ်အနေအမှားမခံ၊ အစားနှင့်အအိပ်မှားလျှင် တစ်ခါတည်း ငှက်ဖျားဝင်၏။ အနေမှားလျှင် သားရဲနှင့်တိုး၏။ သားရဲများထဲတွင် ကျားကျားသစ်၊ ဝံနှင့် ပြောင်ကြီးများအပြင် ဆင်ရိုင်းနှင့် မြွေဆိုးကြီး များသည် အသောင်းကျန်းဆုံးဖြစ်၏။ လုပ်ခကောင်းကောင်းပေး၍ ခေါ်ယူငှားရမ်းလာသဖြင့် အောင်ကြီးသည် ယင်းသို့ တောနက်သည်၊ ကြီးသည်နှင့် ကြမ်းသည်ဟု ကျော်ကြားလျက်ရှိသော ကသာနယ် ကောက်ကွေ့ချောင်းဖျားသို့တက်၍ သစ်ခုတ်၏။ သို့ရာတွင် ကြာကြာမခုတ်ရ၊ ညွှတ်နှင့်ထောင်၍ရသော တောကြက်တစ်ကောင်ကို မီးမြှိုက်၍ ချက်စားမိသဖြင့် ငှက်ဖျားဝင်၏။ ငှက်ဖျားသည် တုန်၍ တုန်၍ တက်တတ်သော အဖျားအမျိုးအစားဖြစ်၏။ အပူရှိန်လည်း များစွာ တက်တတ်၏။ ထို့ကြောင့် ရက်အနည်းငယ်အတွင်း အားအင်ကုန်ခန်းကာ မူးကျသွားတတ်၏။

စိမ့်မြိုင်ကြီးသော ချောင်းဖျားတွင် ဆက်နေ၍မဖြစ်သောကြောင့် အောင်ကြီးသည် အသက်ကိုလု၍ ပြန်ဆင်းလာခဲ့ရ၏။ ချောင်းဖျားသို့ တက်လာခဲ့ရစဉ်က သုံးညမျှသာ ကြာသော်လည်း အပြန်ခရီးတွင် သီ



တင်းတစ်ပတ်ခန့် အချိန်ပေးခဲ့ရ၏။ ကသာအောက်ကျသော ထီးချိုင့်တွင် အောင်ကြီးသည် သူ့ကိုယ်သူ အဖျားပြတ်သွားအောင်နှင့် နာလန်ပြန်ထနိုင်အောင် အချိန်တော်တော်ကြာမျှ ကုစားခြင်းပြုရ၏။ သမားတော်နှင့် ဆေးဝါးကောင်းများကလည်းမရှိ၊ လိုအပ်သော အာဟာရကိုလည်း မှီဝဲရန်မတတ်နိုင်သဖြင့် ထီးချိုင့်ရှိ သစ်ခေါင်းအိမ်တွင် သုံးလခန့်မျှ ကြာသွား၏။ အဖျားပြတ်၍ နာလန်ထစပြုသောအချိန်တွင် အောင်ကြီးသည် နေပြည်တော်သို့ ပြန်ရန် စရိတ်မျှပင် မကျန်တော့ပေ။ ထို့ကြောင့် ထီးချိုင့်တွင်ပင် သူလုပ်နိုင်သော ရရာအလုပ်အကိုင်လေးများကို ရှာဖွေလုပ်ကိုင်ရင်း လမ်းစရိတ်စုဆောင်းရ၏။

သို့ရာတွင် ငှက်ဖျားပြတ်ခါစနှင့် နာလန်ထနေရသော အချိန်အခါမျိုးတွင် သင့်တင်လျောက်ပတ်သော အာဟာရကလေးလောက်မှ မသုံးစား မမှီဝဲရဘဲ ရရာအလုပ်ကိုချည်း ကုန်းရုန်းလုပ်ကိုင်နေရသူတစ်ဦးသည် နာလန်ထဘဝမှ အဘယ်သို့ လွတ်မြောက်နိုင်ပါဦးမည်နည်း။ နေပြည်တော်သို့ အပြန်စရိတ်ကလေးရဖို့အရေးအတွက် ရရာအလုပ်ကလေးတစ်ခုခုကို ပင်ပင်ပန်းပန်း လုပ်ကိုင်လိုက်မိသည်နှင့်တစ်ပြိုင်နက် အောင်ကြီးသည် ပစ်၍ ပစ်၍လဲ၏။ ထိုသို့လဲသော အခါများတိုင်း မုံးစုပဲစု စုထားသော လမ်းစရိတ်ငွေကြေးကလေးများကို ထိုင်စားရင်းဖြင့် အောင်ကြီးသည် လုံးချာလိုက်နေ၏။

ထီးချိုင့်တွင် ထိုကဲ့သို့ သူ့ခြေထောက်နှင့်သူ ပြန်ရပ်နိုင်အောင် ရုန်းရင်းကန်ရင်း ချာချာလည်နေခိုက် အောင်ကြီးသည် မျှော်လင့်ထင်မှတ်စရာမရှိသော လူတစ်ယောက်နှင့်တွေ့ရ၏။ ထိုသူမှာ အခြားသူတော့မဟုတ်၊ လွန်ခဲ့သော သုံးနှစ်ကျော်လွန်လောက်က အောက်မြစ်စဉ်ဘက်ရှိ မြို့ကလေးတစ်မြို့၏ ဘုန်းကြီးပျံ့၌ သူ့ဘဝတွင် ပထမဦးဆုံးအကြိမ်ထိုးသတ်ခြင်းပြုခဲ့ရသော ကြေးစားလက်ဝှေ့သမား ဗျိုင်းကလေးပင်ဖြစ်

၏။ ဗျိုင်းကလေးကို ထီးချိုင့်တွင် ပြန်တွေ့ရသောအခါတွင် ထိုလူကြီးသည် လက်ဖွေ့သမားမဟုတ်တော့၊ စစ်ဝတ်စစ်စားများဆင်မြန်းထားသော စစ်သားတစ်ဦးဖြစ်နေ၏။

အောင်ကြီးသည် စစ်သားဖြစ်နေသော ဗျိုင်းကလေးကို မမှတ်မိတော့၊ သို့ရာတွင် ငှက်ဖျားမိထားသော အောင်ကြီးကိုမူကား ဗျိုင်းကလေးက ကောင်းစွာမှတ်မိ၏။

"ဟော့... မင်းအောင်ကြီးမဟုတ်လားဟင်... ဒါထက် ဒါလောက်ခေါင်တဲ့အရပ်ကို ဘယ်လိုက ဘယ်လိုဖြစ်ပြီး မင်းရောက်နေရတာလဲကွ" တစ်ကြိမ်က သူ့ကိုလှလှပပကြီး အလဲထိုးသွားခဲ့ဖူးသော လက်ဖွေ့သမားလူသစ်ကို နာမည်ပါ ရင်းရင်းနှီးနှီးခေါ်ငင်ကာ ဗျိုင်းကလေးက နှုတ်ဆက်မေးမြန်းလိုက်သောအခါ အောင်ကြီးသည် ဇဝေဇဝါဖြစ်နေ၏။ ထိုသူကို မှတ်မိသလိုလိုတော့ ရှိသည်ထင်၏။ သို့ရာတွင် ဘယ်သူ ဘယ်ဝါနှင့် ဘယ်အရပ် ဘယ်နေရာတွင် လူချင်းတွေ့ဆုံဆက်ဆံခဲ့ရဖူးကြောင်းကိုကား စဉ်းစား၍မရနိုင်စွမ်းရှိနေ၏။

"ငါဗျိုင်းလေးပါကွာ၊ မင်းမမှတ်မိတော့ဘူးလား..."ဟု စစ်ဝတ်စစ်စားနှင့် လူက သူ့နာမည်နာမကိုပါ ထုတ်ဖော်ပြောဆိုလိုက်တော့မှ အောင်ကြီးသည် တစ်ကြိမ်ကသူနှင့် လက်ဖွေ့စည်းဝိုင်းတစ်ခုအတွင်း သူလဲကိုယ်ကွဲ အကြိတ်အနယ်ထိုးသတ်ခဲ့ရသူတစ်ဦးကို ကောင်းစွာသတိရ မှတ်မိလာ၏။ "ဟား... ကိုကြီးဗျိုင်းပါလား... ဒါထက် လက်ဖွေ့သမားတစ်ယောက်က ဘယ်လိုလုပ်ပြီး စစ်သားဖြစ်လာရတာလဲဗျ..."ဟု ဝမ်းသာအားရနှုတ်ဆက်စကားပြောကြားရင်း အကျိုးအကြောင်းပြန်လည်မေးမြန်းလိုက်ရ၏။

"ငါလည်း လက်ဖွေ့လောကမှာ ဘယ်သူကမှ မသုံးကြတော့လို့ ဘုရင့်တပ်မတော်ထဲဝင်ပြီး အမှုထမ်းနေရတာ နှစ်ခါလည်လောက်ရှိ



သွားပြီကွ... ဒါက ခုတပ်ဖွဲ့ကြီး နေပြည်တော်က ကချင်နယ်တွေဘက်ချီတက်လာရင်း မင်းနဲ့မမျှော်လင့်ဘဲ ခုလိုတွေ့ရတာပေါ့ကွာ..."ဟု သူ၏နောက်ကြောင်းကို ပြန်ရောက်ရင်း... ပစ္စက္ခအခြေအနေကိုပါ ဗျိုင်းကလေးက ပြောကြား၏။

"ကချင်နယ်တွေဆိုတော့ ဘယ်အထိများတောင် ကိုကြီးဗျိုင်းတို့တပ်တွေက ချီကြရမှာလဲဗျာ..."

"ဗန်းမော်တို့၊ မိုးကောင်းတို့အထိ ချီတက်ရလိမ့်မယ်ထင်တယ်"

"ဒါဖြင့် ဘယ်တော့လောက်မှ နေပြည်တော်ကိုပြန်ရောက်လိမ့်မယ်ထင်သလဲ ဟင်..."

"သုံးလေးလလောက်တော့ ပြန်ရောက်လိမ့်မယ်ထင်တယ်၊ သြော်... ဒါထက် ကျောက်တော်ကြီး ဘုရားပွဲတော်မှာတုန်းက တစ်ညတည်းမှာ လက်ဖွေ့ကျော်ကျွဲပေါက်ကြီးနဲ့ ကျားပုံကြီးတို့ နှစ်ယောက်စလုံးကို မင်းရှေ့ဆင့်နောက်ဆင့် အလဲထိုးပစ်လိုက်တယ်ဆိုတာ တကယ်ပဲလားဟေ့..."

"ဟုတ်တယ် ကိုကြီးဗျိုင်း... ဒီလို တစ်ညတည်း လူနှစ်ယောက်အလဲထိုးလိုက်မိတဲ့အတွက် ကျွန်တော်နဲ့ ပြိုင်သတ်မယ့်သူမရှိလို့ ကျွန်တော့်ကို ဘယ်သူမှမသုံးကြတော့ဘူး"

"မင်းက ငယ်သေးတော့ လက်ဖွေ့သမားလောကအကြောင်း ဘာမှမသိလို့ အခုလိုဖြစ်သွားရတာပေါ့ကွာ... ဒါထက် မင်းက ဒီအရပ်ကို ဘာလုပ်ပြီးရောက်လာရတာလဲဟေ့"

"အလုပ်အကိုင်မရှိတာနဲ့ ကောက်ကွေ့သစ်တောကို သစ်ခုတ်တက်ရင်း ငှက်ဖျားမိလာခဲ့ပြီး စရိတ်ပြတ်နေလို့ ဒီအရပ်မှာ သောင်တင်နေရတာပေါ့... ကိုကြီးဗျိုင်း..."

"ခုလို အလုပ်အကိုင်လည်း မရှိ တစ်ရပ်တစ်ကျေးမှာ စားစရိတ်ပြတ်

ပြီးဒုက္ခခံနေမယ့်အစား တို့တပ်ထဲမင်းဝင်ပါလားကွ…" ဖျိုင်းကလေးက စစ်သားစုဆောင်းရေးစကားမျိုး ပြောဆိုလာ၏။

အောင်ကြီးသည် သူတစ်ပါး၏ အနှောင်အတည်းခံရသော အလုပ်အကိုင်မျိုးကို လုပ်ကိုင်ရန် အလွန်တရာ ဝန်လေးပင်ပန်းသူတစ်ဦးဖြစ်၏။ ရှော့ပတ္တမြား… ရှော့နဂါးလုပ်ရသော ပုတ်ပြတ်အလုပ်အကိုင်မျိုးကိုသာ လုပ်ကိုင်တတ်သော အထုံအလွန်ဝါသနာပါသူဖြစ်သည် မဟုတ်လော။

"ဘယ်လိုလဲကွ အောင်ကြီး…"ဟု ဖျိုင်းကလေးက သူ၏ပခုံးကို ရင်းရင်းနှီးနှီးဖက်ကာ နောက်ထပ်မေးမြန်းလိုက်ပြန်၏။

ပုတ်ပြတ်လုပ်၍ မဖြစ်နိုင်သော စစ်သားအလုပ်ကို အဘယ်သို့ကြောင့် အောင်ကြီးသည် လက်ခံလုပ်ကိုင်ရပါမည်နည်း။ တစ်ဖက်တွင်လည်း သူ့တွင် အကျပ်အတည်းများရှိနေ၏။ ထို့ကြောင့် ဖျိုင်းကလေးတောင်းသော အဖြေကို မပေးသေးဘဲ ငိုင်မြိငိုင်နေခြင်းဖြစ်၏။

"ဟော့ကောင်… အောင်ကြီး ဘာတွေများ ဒါလောက်တောင် စဉ်းစားနေရတာလဲကွ…"ဟု ဖျိုင်းကလေးက သူ၏ ပခုံးကိုပုတ်ရင်း မေးမြန်းလိုက်သောအခါ "စစ်တပ်ထဲ အလုပ်လုပ်ရတယ်ဆိုတာ အင်မတန်အချုပ်အချယ်များပြီး စည်းကမ်းကလည်း တင်းကျပ်တယ်မဟုတ်လားဗျ… ကိုကြီးဖျိုင်း"ဟု အောင်ကြီးက စဉ်းစားနေဟန်တူသော အချက်အလက်ကို ပြန်ပြော၏။

"စည်းကမ်းမရှိတဲ့ တပ်ဆိုရင်လည်း ပျက်ကရောပေါ့ ငါ့ညီရာ…"ဟု ဖျိုင်းကလေးက သူ့အတွေ့အကြုံနှင့် နားလည်ချက်ကို လေခပ်အေးအေးနှင့် ပြောဆိုသွား၏။

"တပ်ထဲဝင်ရတဲ့အလုပ်ကို ပုတ်ပြတ်အနေနဲ့ လုပ်လို့ကိုင်လို့ ရနိုင်ရင်တော့ ကျွန်တော့်အနေနဲ့ မလုပ်နိုင်စရာအကြောင်းမရှိပါဘူး ကိုကြီး



ဖျိုင်းရဲ့…"ဟု အောင်ကြီးက သူ၏ လိုလားချက်ကို ပြန်လည်ပြောဆိုလိုက်၏။

"ဟေ… မင်းဟာက ဘယ်လိုပုတ်ပြတ်အနေနဲ့ လုပ်ချင်တာလဲကွ… မင်းနဲ့ကျမှသာ ဒီစကားမျိုး ငါကြားဖူးရတယ်ကွာ…"ဟု ဖျိုင်းကလေးက မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ပြောဆို၏။ ဖွင့်ဆိုချက်ကိုလည်း တောင်းခံလျက်ရှိ၏။

"ကိုကြီးဖျိုင်းတို့တပ်ဖွဲ့က ဗန်းမော်တို့၊ မိုးကောင်းတို့အထိ ချီတက်ပြီးရင် နေပြည်တော်ကို ပြန်ကြရမယ် မဟုတ်လားဗျ…"

"အင်းလေ… ဒါဘာဖြစ်လဲ…"

"ဗန်းမော်နဲ့ မိုးကောင်းအထိ ချီတက်ပြီးစီးသွားလို့ နေပြည်တော်ကို ပြန်ရတဲ့ အချိန်အထိ ကျွန်တော် ကိုကြီးဖျိုင်းတို့တပ်ဖွဲ့နဲ့ လိုက်မယ်ဗျာ၊… ဒါပေမဲ့ နေပြည်တော်ကို ပြန်ရောက်တဲ့အခါကျတော့ ကျွန်တော့်ကို တပ်ထဲက ထွက်ခွင့်ပေးနိုင်မလားဟင်"ဟု အောင်ကြီးက သူ၏လိုလားချက်ကို တောင်းခံပြောဆို၏။

ဖျိုင်းကလေးသည် အောင်ကြီး၏ အမေးကို ရုတ်တရက်ပြန်လည်ဖြေကြားခြင်းမပြုနိုင်ဘဲ ငိုင်နေ၏။ ထိုအခွင့်အာဏာသည် သူ့တွင် မရှိချေ။ သူတို့၏တပ်မှူးကြီးထံတွင်သာရှိ၏။ သို့ရာတွင် သေနတ်ဝန်၏ အမိန့်အရ သူတို့တပ်ဖွဲ့ နေပြည်တော်မှ ထွက်ခွာလာခဲ့ပြီးနောက် လမ်းခုလတ်တွင် တပြေးတည်းပြေးနေကြသော တပ်သားများကြောင့် တပ်ဖွဲ့အင်အားများစွာ လျော့ပါးလျက်ရှိ၏။ နေပြည်တော်က ချီတက်လာခဲ့စဉ်က တပ်သားခုနစ်ရာသာသာခန့်ရှိ၏။ သို့ရာတွင် အောင်ကြီးနှင့် လူချင်းပြန်တွေ့ရသော ထီးချိုင့်သို့ရောက်ရှိလာသောအခါ တပ်သားငါးရာမျှပင် မရှိတော့ချေ။ ဒီအချိုးအတိုင်းသာ ချီတက်ရမည်ဆိုလျှင်တော့ ဗန်းမော်သို့ ရောက်သောအခါ သူတို့တပ်ဖွဲ့တွင် ဗိုလ်နှင့် အကြပ်များ

လောက်သာ ကျန်ရှိပြီး တပ်သားတစ်ယောက်တလေမျှပင်ရှိပါဦးမည်
လော။ ထိုအကြောင်းကို သူတို့တပ်မှူးကြီးသည် လမ်းခရီးတစ်လျှောက်
လုံး မကြာခဏ ညည်းတွားခဲ့၏။ လမ်းခရီးတွင် ရနိုင်သမျှ စစ်သာ
များစုဆောင်းရမည့်အကြောင်းလည်း တပ်မှူး၊ တပ်ကြပ်များကို မကြ
မကြာ အမိန့်ပေး၏။ သို့ရာတွင် အလွန်တရာဝေးခေါင်သော ဗန်းမော်
နှင့် မိုးကောင်း စသော အရပ်ဒေသများသို့ အဘယ်သူ လိုက်ချင်ပါမည်
နည်း။ ထို့ကြောင့် အချို့သောရွာများတွင် သူတို့သည် ငယ်ရွယ်သူများ
ကို အမဲလိုက်သလို လိုက်လံဖမ်းဆီးကာ တပ်ထဲသို့အတင်းဆွဲသွင်းခဲ့
ကြ၏။ သစ္စာနှင့် စေတနာမပါသော သူတစ်ယောက်ကို ကိုယ်အလိုရှိ
တိုင်း ခိုင်းစေ၍ ရနိုင်ကောင်းသလော။ တပ်ထဲသို့အတင်းအကျပ်ဆွဲ
အသွင်းခံရသူများသည် လစ်သည်နှင့်တစ်ပြိုင်နက်ထွက်၍ ပြေးကြ၏။

ဖျိုင်းကလေးသည် အတန်ကြာမျှ ငိုင်၍ စဉ်းစားလျက်ရှိနေပြီးမှ
"မင်းပြောသလို ဖြစ်နိုင်မဖြစ်နိုင်သိရအောင် တို့တပ်မှူးကြီးနဲ့ လူချင်းတွေ့
စကားပြောရအောင် ငါနဲ့အခုလိုက်ခဲ့ပါလားကွ"ဟု အောင်ကြီးကို သူ
နှင့်အတူ တစ်ပါတည်း လိုက်လာရန် ဆွဲဆောင်ခြင်းပြု၏။

အောင်ကြီးသည် ငိုင်၍စဉ်းစားနေပြန်၏။

"ဘာတွေများ စဉ်းစားနေရပြန်တာလဲ ငါ့ညီရာ... တို့တပ်မှူးကြီးနဲ့
လူချင်းတွေ့ စကားပြောဆိုပြီးသွားလို့ မင်းလုပ်နိုင်ရင်လည်း လုပ်ပေါ့
... မင်းလိုလားချက်မရလို့ မလုပ်ချင်လည်း တို့တပ်ထဲမှာချက်ထားတဲ့
ဆိတ်သားဟင်းနဲ့ ထမင်းစားပြီး ပြန်ပေါ့ကွာ..."ဟု သူ၏ပခုံးကို ရင်းရင်း
နှီးနှီးပုတ်ရင်း ဖျိုင်းကလေးက ပြောဆိုလိုက်သောအခါ အောင်ကြီးသည်
နောက်ထပ် ဘာမှမေးမြန်းပြောဆိုခြင်းပြုမနေတော့ဘဲ ကောက်ကောက်
ပါသွား၏။ အလွန်တရာ စားချင်သောက်ချင်ဖြစ်နေသော နာလန်ထ
အောင်ကြီးသည် အဖျင်းဆုံး ဆိတ်သားဟင်းနှင့် ထမင်းတစ်နပ်လောက်



တော့ စားရမည်မဟုတ်သလော။

[ ၄ ]

ရတနာပုံနေပြည်တော်မှ ကချင်နယ်များဖြစ်သော ဗန်းမော်၊ မိုးကောင်းသို့ ချီတက်လာခဲ့သော မြန်မာ့ဘုရင့်တပ်မတော်၏ စစ်ကြောင်းတစ်ကြောင်းတွင် သူပုတ်ပြတ်ကြေးစားစစ်သားဝင်လုပ်ခဲ့ဖူးသော အကြောင်းအရာနှင့် အဖြစ်အပျက်များကို အောင်ကြီးက လုံးစေ့ပတ်စေ့ ပြောဆိုသွားသောအခါ တပ်မှူးဟောင်းမြမင်းသည် ပါးစပ်အဟောင်းသားနှင့် ငေးမောနားထောင်လျက် ရှိနေခဲ့ရာမှ "ဗန်းမော်နဲ့ မိုးကောင်းနယ်တွေဘက်မှာ တိုက်ပွဲတွေ ဘာတွေများ တိုက်ခဲ့ခိုက်ခဲ့ရသေးသလားဗျ... ကိုအောင်ကြီးရဲ့..."ဟု သူစိတ်ဝင်စား ကြားနာလိုသောအကြောင်းအရာကို ကောက်၍မေးလိုက်၏။

"ဘာတိုက်ပွဲတစ်ပွဲမှတော့ မတိုက်ခဲ့ရပါဘူး ဗိုလ်မြမင်းရာ၊ ဒါပေမဲ့ ဗန်းမော်ဘက်ရောက်တော့ ကျုပ်ဘေးပေါက်လုပ်ခဲ့ကိုင်ခဲ့ရတဲ့ ပုတ်ပြတ်ကလေးအကြောင်းတော့ ပြောရဦးမယ်ဗျ..."ဟု သူ၏ စွန့်စားခန်းတစ်ခုကို ပြန်ပြောင်းပြောကြားလိုဟန်ဖြင့် စကားစလိုက်၏။

"အဲဒီဘေးပေါက်လုပ်ခဲ့တဲ့ ပုတ်ပြတ်လုပ်ငန်းဆိုတာက ဘယ်လိုလုပ်ငန်းလဲဗျ... ခင်ဗျားကတော့ တော်တော်စုံတဲ့ လူတစ်ယောက်ပဲ..."

"အဲဒီတုန်းက ဗန်းမော်မှာ တရုတ်လူမျိုးကုန်သည်တွေ အတော်များများရှိကြတယ်ဗျ... များသောအားဖြင့် ဗန်းမော်ကနေပြီး ယူနန်နယ်ကို လားဝန်တင်တွေနဲ့ ဝါဂွမ်းတင်ပို့ကြတဲ့ လောပန်းတွေပေါ့ဗျာ"

"လောပန်းဆိုတာ ဘာလဲဗျ... ကိုအောင်ကြီးရဲ့၊ ခင်ဗျားလည်း စကားသစ်စကားဆန်းတွေ တော်တော်စုဆောင်းမိထားတဲ့ လူတစ်ယောက်ပါလား..."

"လောပန်းဆိုတာ လုပ်ငန်းရှင် ဒါမှမဟုတ် သူဌေးကို ခေါ်ဝေါ်ကြတဲ့ ဝေါဟာရ စကားပါဗျ... ဗန်းမော်တို့၊ မိုးကောင်းတို့ဘက်မှာ အသုံးများတယ်"

"ဩော်... ဩော်... ဩော်..."

"ဗျိုင်းကလေးနဲ့ ကျွန်တော်တို့ပါလာကြတဲ့ စစ်ကြောင်း ဗန်းမော်ကိုမရောက်ခင် သုံးလေးရက်လောက်ကပဲ ဝန်တင်လားအကောင်တစ်ထောင်လောက်ပိုင်တဲ့ လောပန်းတစ်ယောက်ရဲ့ သားကလေးတစ်ယောက်ကို တောပုန်းတရုတ်တစ်စုက မြို့ထဲဝင်လာပြီး ပြန်ပေးဆွဲသွားကြတယ်။ ဒီလိုဆွဲသွားကြပြီး ဆယ်ရက်အတွင်း ငွေသားအချိန်ပိဿာငါးဆယ်နဲ့ ပြန်ရွေးဖို့ အကြောင်းကြားဈေးခေါ်သတဲ့၊ ဆယ်ရက်အတွင်း လာမရွေးရင်တော့ အဲဒီကလေးရဲ့ အသက်အတွက် အာမမခံနိုင်ဘူးလို့လည်း အကြောင်းကြားသတဲ့ဗျ"

"လောပန်းတွေက တော်တော်ချမ်းသာလို့ ဒါလောက်တောင်းတာဖြစ်တော့မပေါ့"

"တရုတ်လူမျိုးတွေဟာ သားယောကျ်ားကလေးကို အင်မတန် တန်ဖိုးထားကြသတဲ့ဗျ... အဲဒီတော့ သားပြန်ပေးအဆွဲခံရတဲ့ လောပန်းကြီးက ဝတ္တရားရှိတဲ့အတိုင်း သူ့သားပြန်ပေးအဆွဲခံရတဲ့အကြောင်းကို ဗန်းမော်မြို့ဝန်မင်းကို တစ်ဖက်က တရားဝင်တိုင်ကြားပြီး တခြားတစ်ဖက်ကလည်း သူ့သားကိုပြန်ရဖို့အရေးအတွက် တရုတ်လောပန်းတွေနဲ့ အဆက်အသွယ်လုပ်ဖို့ တိတ်တဆိတ်ကြံစည်သတဲ့ဗျ"

"ဩော်... ဩော်... ဩော်..."

"ဗန်းမော်မြို့ဝန်မင်းကလည်း သူ့တာဝန်ယူအုပ်ချုပ်နေရတဲ့ နယ်မြေအတွင်းမှာ မြို့ထဲဝင်ပြီး ပြန်ပေးအဆွဲခံလိုက်ရတဲ့ကိစ္စနဲ့ပတ်သက်ပြီး သူ့အနေနဲ့ ပြန်ရအောင် လုပ်မပေးနိုင်ဘူးသာဆိုရင် သူတစ်ယောက်



အနေနဲ့လောက်သာမဟုတ်ဘဲ မြန်မာဘုရင့်အစိုးရရဲ့ ဂုဏ်သိက္ခာပါညှိုးနွမ်းကျဆင်းစရာ အကြောင်းရှိနေတော့ တရုတ်ကုန်သည်ကြီးရဲ့သားကလေးကို တောပုန်းပြန်ပေးတွေလက်ထဲက ပြန်ရဖို့ သူ့မှာရှိတဲ့ လက်နက်ကိုင်အင်အားနဲ့ အစွမ်းကုန်ကြိုးစားခဲ့သတဲ့"

"အင်း... အင်း... အင်း..."

"တရုတ်တောပုန်းတွေက ပြန်ရွေးဖို့ ဆယ်ရက်လောက်သာ ပေးထားတဲ့အချိန်အတွင်း ဗန်းမော်မြို့ဝန်မင်းအနေနဲ့ သုံးလေးရက်လောက် ကြိုးပမ်းတာတောင် ဘာမှအရာမထင်တဲ့အခါ သူ့သားပြန်ပေးအဆွဲခံထားရတဲ့လောပန်းကြီးက သူ့သားကို အသက်နဲ့ပြန်ရဖို့အတွက် သူ့ဟာသူဖြစ်တဲ့နည်းနဲ့ လုပ်ကိုင်ခွင့်ပြုဖို့ ပြောလာသတဲ့"

"အင်း... အင်း... အင်း"

"ဗန်းမော်မြို့ဝန်မင်း အဲသလို ဘေးကျပ်နံကျပ်ဖြစ်နေတုန်း ကျုပ်တို့တပ်ဖွဲ့ဗန်းမော်ကို ရောက်သွားကြတာကိုးဗျ"

"ဆိုစမ်းပါဦးဗျ"

"အကြံကုန်နေတဲ့ မြို့ဝန်မင်းက ကျုပ်တို့တပ်မှူးကြီးကို ဇာတ်ကြောင်းအကုန်လှန်ပြီး အကြံဉာဏ်ဖြစ်ဖြစ်၊ အကူအညီဖြစ်ဖြစ်ပေးနိုင်ရင်ပေးဖို့ တောင်းခံလာတော့တာကိုး၊ တပ်မှူးသိရင် တပ်သားတွေလည်း သိခွင့်ရတဲ့အတိုင်း ကျုပ်လည်း သိခွင့်ရတာပေါ့ဗျာ"

"အဲဒီတော့"

"အဲဒီတော့ ဒီလိုအခွင့်အလမ်းကောင်းမျိုး စောင့်နေတဲ့ကျုပ်က ဗျိုင်းကလေးကို အဖော်ရအောင်ဆွယ်ပြီး ဘယ်သူ့ကိုမှ အသိလည်းမပေး၊ အကြောင်းလည်းမကြားဘဲနဲ့ ပြန်ပေးဆွဲသွားကြတဲ့ တရုတ်တောပုန်းတွေခိုအောင်းနေတယ်လို့ သတင်းသန့်သန့်ရထားတဲ့ တပိန်ချောင်းရိုးဘက်ကို တစ်ရွာဝင် တစ်ရွာထွက် စုံစမ်းပြီး ထွက်လာခဲ့ကြတယ်"

"တကယ့် လူတွေပါပဲလား… ကျုပ်တို့ကိုယ်ကျုပ်တို့ ရှမ်းအမျိုး သားယောင်ဆောင်ပြီး တပိန်ချောင်းရိုးကို သုံးလေးရက်လောက် မြေ လိုက်ရင်ပဲ ဗန်းမော်က လောပန်းကြီးရဲ့ သားကလေးကို ဝှက်ထားတဲ့ ရွာရောက်သွားကြတော့တာပေါ့"

"အင်း… အင်း… အင်း…"

"အဲဒီရွာမှာလည်း တရုတ်တောပုန်းတွေ များများစားစား မတွေ့ ရပါဘူး။ လေးငါးခြောက်ယောက်လောက်ပဲ ရှိတယ်ဗျ… ကြည့်ရတာ ကတော့ တရုတ်တောပုန်းတွေ တပိန်ချောင်းရိုးတစ်လျှောက် သွားလာ လှုပ်ရှားရင်း တစ်ခါတစ်ခါ စတည်းချလေ့ရှိတဲ့ ရွာနဲ့တူတယ်"

"ဟုတ်ကဲ့"

"အဲသလိုတွေ့ရတဲ့ တရုတ်တောပုန်း လေးငါးခြောက်ယောက်က လည်း ဘိန်းစားတွေချည်းပဲဆိုတော့ ညဦးပိုင်းလောက်မှာ သူတို့ဘိန်း ရှူပြီး ဘိန်းမှိန်းနေကြတုန်း ပြန်ပေးအဆွဲခံရတဲ့ လောပန်းကြီးရဲ့ သား ကလေးကို ပြန်ဆွဲလာရတာပေါ့ဗျာ"

"ဒီလိုဝင်ဆွဲတော့ ဘိန်းစားတောပုန်းတွေက ထမလိုက်ကြဘူးလား ဗျ"

"ဘိန်းမှိန်းနေကြတဲ့ သတ္တဝါတွေမို့လားတော့ မပြောတတ်ပါဘူး ဗျာ… သူတို့ဘာမှတောင် သိလိုက်ကြပုံ မရပါဘူး"

"သြော်… သြော်… သြော်"

"ဒါနဲ့ ရရာ မိန်းကောလေ့ကလေးတစ်စင်းနဲ့ ဗန်းမော်ကို ညတွင်း ချင်း စုန်ပြေးလာရတာပေါ့ဗျ"

"တကယ့်လူတွေပါပဲလားဗျ"ဟု ဗိုလ်မြမင်းက များစွာအံ့သြလေး စားသော အမူအရာဖြင့် ချီးမွမ်းပြောဆိုလိုက်၏။

"ကျုပ်အနေနဲ့ကတော့ အဲသလို စွန့်စွန့်စားစားနဲ့ မိုက်မိုက်ကန်းကန်း



နဲ့ လုပ်ကိုင်ရတဲ့ အလုပ်အကိုင်မျိုးကိုလုပ်ဖို့ ဝါသနာပါတယ်…ပျော် လည်းပျော်တယ်"

"သြော်… သြော်… သြော်"

"အဲသလို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့တဲ့အတွက် ဗန်းမော်မြို့ဝန် မင်းက ကျုပ်တို့နှစ်ယောက်ကို ဆုတွေလာဘ်တွေချတယ်… ကျုပ်ကို လည်း သူနဲ့အမှုထမ်းဖို့ ဆွယ်သေးတယ်"

"ခင်ဗျားက လက်မခံလိုက်ဘူးလားဟင်"

"ကျုပ်က ပုတ်ပြတ်အလုပ်မျိုးလောက်သာ ကိုယ့်သဘောနဲ့ကိုယ် လွတ်လွတ်လပ်လပ် လုပ်ချင်ကိုင်ချင်တဲ့ လူစားဆိုတော့ ဘယ်လက်ခံ ပါ့မလဲဗျ… နောက်ပြီးတော့ သားပြန်ရတဲ့ လောပန်းကြီးကလည်း သူ့ အိမ်မှာကျုပ်တို့နှစ်ယောက်ကို လေးငါးဆယ်ရက်လောက် ဧည့်ခံကျွေး မွေးပြီး တစ်ယောက်ကို ငွေသုံးပိဿာစီ ကန်တော့လိုက်သေးတယ်လေ"

"အင်း… အင်း… အင်း"

"ဗန်းမော်မြို့ဝန်မင်းရဲ့ ထောက်ခံချက်ရလို့ သီပေါမင်းနန်းတက်ခါ စက အစုလိုက်အပြုံလိုက်အသုတ်သင် အသတ်ဖြတ်ခံသွားခဲ့ကြရတဲ့ မင်းသားအတော်များများနဲ့ ကျုပ်ပုတ်ပြတ်အလုပ်တွေလုပ်ဖူးတယ်… ညောင်ရမ်းမင်းသားကြီးတို့၊ သုံးဆယ်မင်းသားကြီးတို့၊ မက္ခရာမင်းသား ကြီးတို့နဲ့လည်း အရေးကြီးတဲ့ အလုပ်တွေ လုပ်ခဲ့ကိုင်ခဲ့ရဖူးသပေါ့ဗျာ"

"တော်တော်စုံတဲ့ လူတစ်ယောက်ပါပဲလားဗျ…"

"စုံတာကတော့ ပြောမနေနဲ့တော့ ဗိုလ်မြမင်း၊ မြန်မာဘုရင့်အစိုးရ က အရေးတကြီးအလိုရှိနေတဲ့ ဓားပြဗိုလ်ကြီး ငဖျောဆိုတဲ့လူကိုတောင် သူထွက်ပြေးတိမ်းရှောင်နေတဲ့ အင်္ဂလိပ်ပိုင်နက်ထဲ ကျုပ်ဝင်ပြီးဖမ်းပေး ခဲ့ဖူးသေးတယ်ဗျ…"

"ဒါထက် ခင်ဗျား ခုနောက်ဆုံး ထောင်ထဲရောက်လာခဲ့ရတဲ့အမှုက

ဘယ်လိုအကြောင်းကိစ္စမျိုးကြောင့်လဲဗျ... ကိုအောင်ကြီး"ဟု စိတ်ဝ စားသိရှိလိုဟန်ဖြင့် ဗိုလ်မြမင်းက မေးလိုက်၏။

"အမှုကိစ္စကတော့ အသေးအဖွဲ့ကလေးပါပဲ ဗိုလ်မြမင်းရာ၊ ဒါပေမဲ့ အာဏာရတဲ့လူတွေက သောက်မြင်ကတ်ကတ်နဲ့ ပုံကြီးချဲ့လိုက်တဲ့အခါ ကျတော့ ဧရာမအမှုကိစ္စကြီးဖြစ်သွားရတော့တာပေါ့"

"ဘယ်လိုဖြစ်လာခဲ့ရတာလဲဗျာ"

"သူတို့သခင် အားကိုးနဲ့ နေပြည်တော်မှာ စွာကျယ်စွာကျယ်လုပ် နေတဲ့ တိုင်တားမင်းကြီးရဲ့အိမ်တော် အမှုထမ်းတွေထဲက လူနှစ်ယောက် ကို ကျုပ်ဆွဲထိုးမိလိုက်ခဲ့တယ်ဗျ၊ တစ်ကောင်က မျက်နှာစုတ်သွားပြီး တစ်ကောင်က နားရွက်ပြတ်သွားတယ်"

"ဩော်... ဒီလိုလား"

"အဲဒီတော့ တိုင်တားမင်းကြီးက ကျုပ်အပေါ် တော်တော်ကလေး အာဃာတထားပြီး ဒီအောင်ကြီးဆိုတဲ့အကောင်ဟာ အရင်က ညောင် ရမ်းမင်းသားအိမ်တော်မှာ အမှုထမ်းဖူးသူဖြစ်တယ်၊ ဒါကြောင့် ညောင် ရမ်းမင်းသားလွတ်မြောက်သွားတဲ့ အရေးမှာလည်း သင်းပယောဂပါ တယ်ဆိုပြီး ခုလိုထောင်တစ်သက် လွတ်ရက်မရှိစေရဆိုတဲ့ အပြစ်ဒဏ်ကို စီရင်ချမှတ်လိုက်တာပေါ့ဗျာ"

ဤကဲ့သို့ ရာဇဝတ်အကျဉ်းသားနှစ်ဦး တိုးတိုး၊ တိုးတိုးနှင့် စကား ကောင်းနေခိုက် တန်းအပြင်မှ သော့ခလောက်ဖွင့်သံများကိုကြားသဖြင့် စကားဆက်ပြတ်သွားကြ၏။ ထို့နောက် ထောင်မှူးနှင့် အာဏာသား တစ်ဦးတို့ တံခါးဖွင့်ကာ တန်းအတွင်းသို့ဝင်လာကြ၏။ အာဏာသား ၏လက်ထဲတွင် ထမင်းထုပ်နှစ်ထုပ် ပါလာ၏။ ယင်းသို့ပါလာသော ထမင်းထုပ် နှစ်ထုပ်အနက် ခပ်သေးသေးအထုပ်ကို အာဏာသားလက် မှ ယူငင်ကာ ထောင်မှူးက အောင်ကြီးကိုပစ်၍ပေး၏။ ကျန်ခပ်ကြီး



ကြီး အထုပ်တစ်ထုပ်ကိုတော့ တပ်မှူးဟောင်းမြမင်းအား လေးလေး စားစားလှမ်းပေးရင်း "စစ်ကဲကြီးက ဗိုလ်မြမင်းသုံးဆောင်ဖို့အတွက် အပို့ လွှတ်လိုက်တဲ့ ထမင်းထုပ်ပါ"ဟု ယဉ်ယဉ်ကျေးကျေးပြောကြားပြီးနောက် ပြန်လှည့်ထွက်သွား၏။

ထောင်အာဏာပိုင်များ ပြန်ထွက်သွားကြသောအခါ အပြင်မှနေ ကာ စောင့်ကြပ်နေသော တန်းစီးက တန်းတံခါးမကြီးကို ဂျိန်းခနဲ ဆွဲ ပိတ်သော့ခတ်လိုက်၏။

ဗိုလ်မြမင်းသည် စစ်ကဲကြီးအိမ်မှ အပို့လွှတ်လိုက်သော သူ၏ ထမင်းထုပ်ကိုဖွင့်၏။ ကျန်အကျဉ်းသားသည်လည်း အကျဉ်းထောင်မှ ပေးသော သူ၏ပုံစံထမင်းထုပ်ကိုဖြေ၏။ စစ်ကဲကြီးအိမ်မှပို့လိုက်သော ထမင်းထုပ်ထဲတွင် ရွှေဘိုခွန်နီဆန်နှင့် ချက်ထားသော ထမင်းအပြင် ကြက်ပေါင်ကြော်တစ်ခုနှင့် ကြက်အသည်းကြော်တစ်တုံးပါရှိ၏။ ကျန် ထမင်းထုပ်ထဲတွင်မူကား သုံးလွန်းတင်ထမင်းနှင့် ငရုတ်သီးထောင်းသာ ပါ၏။

တပ်မှူးဟောင်းမြမင်းသည် သူ့အဖို့ လေးစားခန့်ညားလောက်စရာ ဖြစ်သော ကျန်အကျဉ်းသား၏ ထမင်းထုပ်ထဲသို့ ကြက်အသည်းကြော် တစ်တုံးထည့်ပေးလိုက်၏။ ထို့နောက် ကြက်ပေါင်ကြော်ကိုလည်း ဖဲ့၍ ပေးလိုက်သေး၏။

❒

## လွတ်ရက်မရှိသော ရာဇဝတ်အကျဉ်းသား

### [ ၁ ]

စည်သာမြို့၏ လက်မရွံ့ထောင်ကြီးအတွင်းရှိ တန်းထဲ၌ ရာဇဝတ်အကျဉ်းသားနှစ်ဦးတို့သည် မိမိတို့ အသီးသီး၏ ရှေးဟောင်းနှောင်းဖြစ်များအကြောင်း စကားတပြောပြောနှင့် ညစာစားသောက်လျက်ရှိနေကြခိုက် စည်သာမြို့စားကြီး၏ အိမ်ကြီးအတွင်း၌လည်း အိမ်ရှင်မြို့စားကြီးနှင့် စစ်ကဲကြီး ဦးရွှေနှောင်းတို့နှစ်ဦးသည် အီတလီနိုင်ငံမှ တင်သွင်းရသော အဖိုးတန်ဝိုင်အရက်များနှင့် အမြီးများသောက်စားကြရင်း စကားကောင်းနေကြ၏။

"ဘုရင့်တပ်မတော်ကို ခုလိုမခန့်လေးစား ဖက်ပြိုင်အံတုလာတဲ့ တောပုန်းဓားပြမိုးကျော်ဆိုတဲ့ အကောင်ကို ကျုပ်တို့ဒီအတိုင်းလွှတ်ပေးထားပြီး ကြည့်နေလို့ မဖြစ်တော့ဘူးဗျ" မြို့စားကြီးသည် စစ်ကဲကြီး၏ ဖန်ခွက်ထဲသို့ ဝိုင်အရက်များ ငှဲ့ပေးရင်း မကျေမချမ်းပြောကြားလျက်ရှိ၏။

"မြို့စားကြီးအမိန့်ရှိတာ မှန်ပါတယ်ခင်ဗျာ... မိုးကျော်ဆိုတဲ့သတ္တဝါ



ကို တစ်နည်းမဟုတ်ရင် တစ်နည်းနည်းနဲ့တော့ စာရင်းရှင်းဖို့ လိုအပ်နေပါပြီ" မြို့စားကြီးငှဲ့ပေးသော ဝိုင်အရက်ခွက်ကို လှမ်းယူရင်း စစ်ကဲကြီးက လေအေးအေးနှင့် ပြန်ပြော၏။

"ဘုရင့်အစိုးရရဲ့ အာဏာစက်အပြင်အပမှာ သူ့သဘောနဲ့သူ လုပ်ချင်ရာ လျှောက်လုပ်နေတဲ့ တောပုန်းဓားပြတစ်ယောက်ကိုလောက်မှ ကျုပ်တို့ ခင်ဗျားတို့ စာရင်းမရှင်းနိုင်ကြဘူးဆိုရင် နေပြည်တော်က ပြောစရာဆိုစရာ ရှိလာနိုင်တယ်ဗျ"

"ဒါလောက်တင်ဘယ်ကပါ့မလဲ မြို့စားကြီးရဲ့... စည်သာနယ်သူနယ်သားတွေအားလုံးကပါ တစ်စထက်တစ်စ မြို့စားကြီးအမှူပြုတဲ့ အုပ်ချုပ်ရေးကိုပါ အထင်အမြင်သေးလာပြီး မခန့်မညားဖြစ်လာနိုင်စရာအကြောင်းရှိနိုင်တယ် မဟုတ်လား"

"စစ်ကဲကြီးပြောတာလည်း တော်တော်စဉ်းစားစရာကောင်းတဲ့အချက်ပဲဗျ၊ ဒါပေမဲ့ ဒီတောပုန်းအကောင်ကို ကျုပ်တို့ ဘယ်လို အရကိုင်ကြမလဲဆိုတာကတော့ လောလောဆယ် ပြဿနာပဲမဟုတ်လား"

"မြို့စားကြီး စဉ်းစားထားတာရှိရင် အမိန့်ရှိစေချင်ပါတယ်... ဒီလို အမိန့်ရှိတော့မှလည်း ကျွန်တော့်အနေနဲ့ ဘယ်လိုတာဝန်ယူရမလဲဆိုတာကို စဉ်းစားနိုင်ပါလိမ့်မယ် ထင်ပါတယ်"

"ပထမတစ်ကြိမ် တပ်မှူးကြီး ဗလကျော်ထင်ဦးစီးတဲ့တပ်ဖွဲ့တစ်ဖွဲ့စေလွှတ်ခဲ့တာတော့ ကျုပ်တို့ဘက်က အတော်ကလေး အထိနာသွားတယ်ဗျ... တပ်မှူးကြီးပါ ခေါင်းပြုတ်သွားတဲ့အပြင် တပ်သားအတော်များများလည်း ကျခဲ့ရတယ်။ ဒီထက်ဆိုးဝါးတာကတော့ ကျန်တဲ့တပ်သားတွေ စိတ်ဓာတ်ချောက်ချောက်ချားချားဖြစ်သွားခဲ့ရတဲ့ ကိစ္စပဲပေါ့ဗျာ"

"အလစ်မှာ ကျွန်တော်တို့လူတွေ အငိုက်အဖမ်းခံလိုက်ကြရတာ

ကိုး…"

"နောက်တစ်ချီတော့ ခုဖြစ်သွားခဲ့ရသလို ဘယ်လိုနည်းနဲ့မှ အဖြစ်မခံရဖို့ အရေးကြီးတယ်ဗျ… စစ်ကဲကြီး"ဟု မြို့စားကြီးက ပြောဆိုလာသောအခါ အတွေ့အကြုံ ကြွယ်ဝများပြားလာခဲ့ပြီဖြစ်သော စစ်ကဲကြီးသည် ထိုလူကြီး၏ နောက်ထပ်အစီအစဉ်ကို ကောင်းစွာ စဉ်းစားတွက်ချက်မိလိုက်ပုံရ၏။ အကဲခတ်မိပုံလည်းရ၏။ ထို့ကြောင့် မဆိုင်းမတွဘဲ "တောပုန်းမိုးကျော်ကို စာရင်းရှင်းဖို့အတွက် နောက်ထပ် စစ်ကြောင်းတစ်ကြောင်း ထပ်မံစေလွှတ်ဖို့အထိ မြို့စားကြီး စဉ်းစားနေပါသလားခင်ဗျာ"ဟု စစ်ကဲကြီးက စကားနှိုက်လိုက်၏။

သူ၏ဖန်ခွက်ထဲသို့ ဝိုင်အရက်များနောက်ထပ် ဖြည့်တင်း၍နေရာမှ "လက်နက်ကိုင် သောင်းကျန်းနေတဲ့ တောပုန်းဓားပြတွေကို စာရင်းရှင်းနိုင်ဖို့အတွက် ကျုပ်တို့ဘက်က သူတို့ထက် အဘက်ဘက်က သာလွန်အားကောင်းတဲ့လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့ကို မစေလွှတ်ဘဲဖြစ်နိုင်ပါ့မလား စစ်ကဲကြီးရဲ့…"ဟု မြို့စားကြီးက သူ၏ စဉ်းစားပုံ၊ စဉ်းစားနည်းကို ထုတ်ဖော်ပြောကြားခြင်းပြုလာ၏။

စစ်ကဲကြီးသည် သူ့အတွက် ငှဲ့ပေးထားသော ဝိုင်အရက်ကို ခပ်ဖြည်းဖြည်းစုပ်ရင်း တစ်စုံတစ်ရာကို စဉ်းစားနေပုံရ၏။ ထို့ကြောင့် မြို့စားကြီး၏ စဉ်းစားပုံ၊ စဉ်းစားနည်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြောကြားခြင်းမပြုဘဲ ငြိမ်နေလိုက်၏။

"စစ်ကဲကြီးပဲ စဉ်းစားကြည့်တော့လေ… ကျုပ်တို့တပ်တွေကို ကစဉ့်ကလျားဖြစ်သွားအောင် လုပ်လွှတ်လိုက်တဲ့တောပုန်းဓားပြတွေကို ဒီအတိုင်းလွှတ်ပေးထားလို့ ဖြစ်ပါဦးမလားဗျ"

"မြို့စားကြီးအမိန့်ရှိတာလည်း မှန်ပါတယ်… ဒါပေမဲ့ နောက်တစ်ကြိမ် ကျွန်တော်တို့ဆီက လွှတ်မယ့်တပ်ဖွဲ့ကလည်း အောင်ပွဲရမယ်



မရဘူးဆိုတာကို ကံသေကံမပြောနိုင်တာ မဟုတ်တော့ သေသေချာချာ စဉ်းစားတွက်ချက်ဖို့လိုလိမ့်မယ် ထင်ပါတယ်…"

"ခင်ဗျားအနေနဲ့ကော စဉ်းစားထားတာများရှိလို့လား စစ်ကဲကြီး"

"ဒီလိုလည်း မရှိသေးပါဘူး မြို့စားကြီး… အခု ကျွန်တော်တို့ လုပ်ရကိုင်ရမယ့်ကိစ္စက တော်တော်ကလေး သိမ်မွေ့နေတော့ အချိန်နည်းနည်းယူ စဉ်းစားတွက်ချက်ပြီးမှ လုပ်ရကိုင်ရရင် ကောင်းမလားလို့ အကြံပေးချင်ပါတယ်"

"အချိန်ယူ စဉ်းစားတာကိုတော့ ကျုပ်အနေနဲ့ ဘာမှ ပြောစရာမရှိပါဘူး စစ်ကဲကြီး… ဒါပေမဲ့ အချိန်ကိုတော့ ကြာကြာယူလို့ မဖြစ်ဘူးထင်တယ်… တော်တော်ကြာ တောပုန်းမိုးကျော်ကို ကျုပ်တို့က ထွက်မတိုက်ရဘဲ သူကကျုပ်တို့မြို့ကိုလာတိုက်မှာတောင် စိုးရိမ်လာရလိမ့်မယ်ထင်တယ်…"ဟု မြို့စားကြီးက များစွာသဘောမတွေ့လှသော အမူအရာဖြင့် ခပ်ထန်ထန်၊ ခပ်မာမာကလေး ပြောဆိုသွား၏။

စည်သာမြို့စားကြီး၏ တကယ့်စိတ်ရင်း သဘောထားနှင့် အကြံအစည်များကို အကဲခတ်လေ့လာနိုင်ရေးအတွက် စစ်ကဲကြီး ဦးရွှေနှောင်းသည် သူ၏အထက်လူကြီး ပြောဆိုသမျှကို ငြိမ်သက်စွာနားထောင်၍နေလိုက်၏။ စကားထဲက ဓာတိပြဆိုသော စကားလည်း အရှိသားမဟုတ်လား။

"မိုးကျော်ဆိုတဲ့အကောင်ကို ခင်ဗျားတို့ ကျုပ်တို့ကသာ တောပုန်းဓားပြလို့ ခပ်တည်တည်နဲ့ လူရှေ့သူရှေ့မှာ ပြောနေဆိုနေရပေမဲ့… ဒီအကောင်ဟာ ပြည်ထဲရေးအရ ဘယ်အထိအန္တရာယ်ရှိနိုင်တယ်ဆိုတာ ဝမ်းထဲကတော့ တွက်ချက်ထားရှိကြပြီးသား မဟုတ်လားဗျ…"

စစ်ကဲကြီးသည် နှုတ်ကဘာမျှပြန်မပြောသော်လည်း ထိုအချက်ကို ကောင်းစွာသဘောပေါက်ထားသည့်အနေနှင့် ဦးခေါင်းကိုသာ ညိတ်ပြ

လိုက်၏။

"မိုးကျော်ရဲ့ အန္တရာယ်ဟာ ဒီအတိုင်းလွှတ်ထားပေးမယ်ဆိုရင် တစ်နေ့တခြား ကြီးမားသည်ထက် ကြီးမားမလာနိုင်ပေဘူးလား စစ်ကဲကြီးရဲ့"

စစ်ကဲကြီးသည် ပုတ်သင်ညိုကိုစံပြုကာ ဦးခေါင်းကိုသာ ညိတ်ပြလျက်ရှိ၏။

"ဒါကြောင့် ကျုပ်တို့မှာ ကျန်ရှိနေသေးတဲ့ လက်နက်ကိုင်တပ်တွေကို အမြန်ဆုံးလက်နက် တပ်ဆင်ပြီး ဒီအကောင်ကို တွေ့ရာသင်္ချိုင်းခေါမဆိုင်းရှင်းမှဖြစ်တော့မယ်...။ အဲဒီတော့ ကျုပ်က တပ်တွေကို ဦးစီးပြီး ထွက်ရှင်းရရင် ခင်ဗျားက မြို့ကို စောင့်ရလိမ့်မယ်။ ဒါမှမဟုတ် စစ်ကဲကြီးက တပ်တွေကိုဦးစီးပြီး မိုးကျော်ကိုအရ ဖမ်းမယ်ဆိုရင်လည်း ကျုပ်အနေနဲ့ မြို့စောင့်ရမှာပေါ့ဗျာ... အဲဒီနှစ်လမ်းအနက် ခင်ဗျားကြိုက်ရာလမ်းကိုသာ ရွေးချယ်ပေတော့..."

"မနေ့တစ်နေ့ကပဲ ကျွန်တော်တို့တပ်တွေ အထိနာပြီး ကစဥ့်ကလျားဖြစ်ခဲ့ရတာကိုလည်း နည်းနည်းလောက်တော့ စဥ်းစားဖို့လိုလိမ့်မယ်ထင်တယ် မြို့စားကြီး...."ဟု ငြိမ်သက်စွာနားထောင်နေရာမှ ဦးခေါင်းကိုညိတ်ပြီးရင်းညိတ်နေခဲ့သော စစ်ကဲကြီးက ပြောဆိုလိုက်၏။

"ခင်ဗျားစဥ်းစားထားတဲ့ အစီအစဥ်ရှိရင်လည်း ပြောစမ်းပါဦးဗျ"

"အခုလို ကျွန်တော်တို့ဘက်က တပ်မှူးကြီးလည်းကျ... လက်ထောက်တပ်မှူးကြီးလည်း ထောင်အတွင်းအကျဥ်းခံနေရတဲ့အခိုက်မှာ ကျွန်တော်တို့တပ်သားတွေဟာ တော်တော်ကြီးစိတ်ဓာတ်ကျနေစရာအကြောင်းရှိသလောက် မိုးကျော်ဘက်ကတော့ စိတ်ဓာတ်တက်နေစရာအကြောင်းရှိပါတယ်...။ ဒါကြောင့် စိတ်ဓာတ်အရ အဆင်သင့်မရှိသေးတဲ့ တပ်သားတွေကို ကျွန်တော်ပဲဖြစ်ဖြစ်၊ မြို့စားကြီးကိုယ်တိုင်ပဲဖြစ်



ဖြစ် ဦးစီးလို့ သိပ်အကြောင်းထူးလှမယ် မထင်သေးဘူးခင်ဗျ... စိတ်ဓာတ် ချောက်ချားရင် အကျွဘ်ကြီတပ်ကြီးမျိုးတောင် ပျက်တတ်တယ်ဆိုတဲ့ စကားလည်းရှိပါတယ်..."ဟု စစ်ကဲကြီးက လေအေးအေးနှင့်ပြောဆို၏။

စည်သာမြို့စားကြီးသည် ငိုင်၍သွား၏။ တကယ်ဆိုတော့ ဦးကျော်ခေါင်သည် ဘုရင်နှင့် မိဖုရားခေါင်ကြီးတို့၏ လူယုံဖြစ်၍သာ ယခုကဲ့သို့ မြို့ဝန်ကြီး ရာထူးကိုခပ်ချောင်ချောင် ရရှိခဲ့သူတစ်ဦးမျှသာဖြစ်၏။ သူသည် စစ်သားတစ်ဦးအနေနှင့် ဘာမျှပြောပလောက်သော အတွေ့အကြုံရှိသူမဟုတ်၊ ဖမ်းဆီးတုပ်နှောင်ထားသော မင်းသားများကို သတ်ဖြတ်ဖူးသော အတွေ့အကြုံမျိုးလောက်သာ ရှိသူဖြစ်၏။

"ခပ်စောစောက ကျွန်တော်သတိပေးခဲ့တဲ့ အချိန်နည်းနည်းယူဖို့ဆိုတဲ့ကိစ္စဟာ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ စိတ်ဓာတ်အရပါ ပြန်လည်ပြင်ဆင်ဖို့ ပြောချင်တာပါမြို့စားကြီး..."

"ကျုပ်တို့ကိုယ်ကျုပ်တို့ ခင်ဗျားပြောဆိုသလို ပြင်ဆင်နေတုန်း မိုးကျော်က မြို့ကိုလာဝိုင်းရင်ကောဗျာ..."

"မြို့ရိုး အခိုင်အခံ့ရှိနေပြီး စားနပ်ရိက္ခာရော လက်နက်ခဲယမ်းမီးကျောက်ပါ တောင့်တောင့်တင်းတင်းနဲ့ လုံလုံလောက်လောက် ရှိထားတဲ့ စည်သာလို မြို့ကြီးတစ်မြို့ကို တောပုန်းခေါ်ပြတပ်လောက်က လာမဝိုင်းနိုင်သေးပါဘူး မြို့စားကြီးရဲ့၊ ပြီးတော့လည်း နေပြည်တော်တစ်ခုလုံး ကျွန်တော်တို့နောက်ကျောမှာရှိနေသေးတယ် မဟုတ်လား"ဟု စစ်ကဲကြီးဦးရွှေနှောင်းက အကျိုးအပြစ်နှင့် ရှင်းလင်းပြောဆိုလိုက်သောအခါ...

"ဒါတွေကို ရှည်ရှည်ဝေးဝေး လျှောက်ပြီးပြောမနေပါနဲ့တော့ စစ်ကဲကြီးရာ... ကျုပ်အဖို့ အရေးတကာ့ အရေးအကြီးဆုံးကိစ္စကိုး၊ တိုတိုနဲ့လိုရင်းရောက်အောင် ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင်တော့ ကျုပ်ကြင်

ရာလောင်းခင်အုံကို အမြန်ဆုံးပြန်ရဖို့နဲ့ ဖြစ်နိုင်ရင် တောပုန်းမိုးကျော် ခေါင်းပြတ်ကိုပါ ရဖို့ပါပဲဗျာ...”ဟု စောစောကလို ဇီဇာချဲ့ကာ သိုင်းသိုင်း ဝိုင်းဝိုင်း လုပ်မနေတော့ဘဲ သူ၏လိုရင်းကိစ္စကိုသာ မြို့စားကြီး ဦးကျော် ခေါင်က ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်၏။

စစ်ကဲကြီးဦးရွှေနှောင်းသည် မသိမသာ ပြုံးရင်း သက်ပြင်းချလိုက် ၏။ သူ၏ရင်ထဲတွင်လည်း များစွာပေါ့ပါးသွားပုံရ၏။

“ကျုပ်အလိုရှိတဲ့ကိစ္စ ပြီးအောင် လုပ်ဆောင်ဖို့အတွက် စစ်ကဲကြီး သဘောအတိုင်း ကြိုက်သလိုစီစဉ်လုပ်ကိုင်နိုင်တယ်၊ အာဏာကုန်လွှဲ လိုက်တယ်ဆိုပါစို့ဗျာ...”ဟု မြို့စားကြီးသည် ခပ်ကျယ်ကျယ်လောင် လောင်ကလေး ပြောဆိုလိုက်ပြန်၏။

စစ်ကဲကြီးဦးရွှေနှောင်းသည် သူ၏မျက်နှာတစ်ပြင်လုံးကြည်လင် တောက်ပသွားအောင် ပြုံးလိုက်၏။ သူ၏ရင်ထဲတွင်လည်း များစွာရွှင် မြူးချမ်းမြေ့သွားပုံရ၏။

## [ ၂ ]

တောပုန်းမိုးကျော်၏ ဦးခေါင်းပြတ်ထက် သူနှင့် လက်ထပ်ရတော့ မည့်ဆဲဆဲ ကြင်ရာလောင်းခင်အုံကို အမြန်ဆုံးပြန်လည်ရရှိရေးတစ်ခု တည်းသာ အဓိကအရေးဖြစ်နေသော စည်သာမြို့စားကြီး၏ အထူး အာဏာများ အပ်နှင်းခြင်းခံခဲ့ရပြီး နောက်တစ်နေ့ မိုးစင်စင်လင်းလျှင်ပင် စစ်ကဲကြီးဦးရွှေနှောင်းသည် သူ၏အလုပ်တာဝန်ကို စတင်ပြင်ဆင်၏။ အလုပ်တာဝန်ကို လက်ခံကာ မြို့စားကြီးအိမ်တော်မှ ပြန်လာခဲ့ပြီးနောက် သူလုပ်ကိုင်ရတော့မည့်လုပ်ငန်းနှင့်ပတ်သက်၍ စစ်ကဲကြီးသည် တစ်ည လုံးလိုလို အိပ်စက်ခြင်းမပြုဘဲ စဉ်းစားကြံစည်ခဲ့၏။ လေ့ကျင့်သား ကောင်းစွာ ရရှိထားသော တပ်မှူးကြီးတစ်ဦး ရှေ့ဆောင်ဦးစီးသောလက်



နက်ကိုင်တပ်ဖွဲ့ကြီးတစ်ဖွဲ့နှင့် သွားရောက်ဖမ်းဆီးရန် ကြိုးစားအားထုတ် ခဲ့ရာတွင် အကြံအထမမြောက်ဘဲ ကိုယ့်တပ်သာပျက်ခဲ့ရသော အရေး တွင် သူ့အနေနှင့် ဘယ်ပုံဘယ်နည်း လုပ်ကိုင်ဦးမည်နည်း။ သို့ရာတွင် လိုလျှင်ကြံဆနည်းလမ်းရဆိုသော စကားရှိသည်မဟုတ်သလော။ စစ် တပ်ကြီးတစ်တပ်နှင့် သယ်ပိုးဆောင်ကြဉ်း၍မရသော အလုပ်တစ်ခုကို တစ်ခါတစ်ရံ လူတစ်ယောက်ကောင်း၊ နှစ်ယောက်ကောင်းဖြင့် လုပ်ရကိုင် ရသည်မဟုတ်သလော။ တစ်ယောက်ကောင်းက တစ်သောင်းဗိုလ်ခြေ ညက်ညက်ကြေသည်ဆိုသော စကားလည်းရှိ၏။

စည်သာမြို့စားကြီးသည် သူအပူတပြင်းအလိုရှိနေသော မိန်းက လေးတစ်ယောက် ပြန်လည်ရရှိရေးအတွက် ဘုရင်အစိုးရ၏ တပ်ဖွဲ့ကြီး တစ်ဖွဲ့ကို အဆင်အခြင် အတိုင်းအဆမရှိ မိုက်မိုက်မဲမဲ အသုံးပြုခဲ့၏။ သို့ရာတွင် သူအငမ်းမရ အလိုရှိနေသော ထိုမိန်းကလေးတစ်ဦးကို ပြန် ရဖို့ဝေးစွ၊ တပ်မှူးတစ်ဦးနှင့် တပ်သားအတော်များများ ဆုံးပါးခဲ့ရ၏။ တပ်ကြပ်တပ်သားအများအပြားပင် စိတ်ဓာတ်အရ ကစဉ့်ကလျားနှင့် ချောက်ချောက်ချားချားဖြစ်ခဲ့ရ၏။ စည်သာမြို့စားကြီးသည် သူ၏ကိုယ် ကျိုးစီးပွားအတွက် ထိုကဲ့သို့ ရမ်းကားပြီးခဲ့သည့်တိုင်အောင် အသိတရား မရရှိသေး၊ နောက်ထပ် စစ်ကြောင်းတစ်ကြောင်း ထပ်မံစေလွှတ်ရန်အထိ ကြံဆ၏။

စည်သာနယ်တစ်ဝိုက်တွင် မြန်မာဘုရင့်အစိုးရ၏ အာဏာစက်ကို စိုက်ထူရာ၌ မြို့စားကြီးဦးကျော်ခေါင်ကလွဲရင် သူသည် ဒုတိယ တာဝန် အရှိဆုံး အရာထမ်းဖြစ်၏။ သူ့အထက်မှ အရာရှိကြီးသည် အုပ်ချုပ်ရေး အတွေ့အကြုံနှင့် အစဉ်းစားအကြံအစည်မရှိတိုင်း မိုက်မဲရမ်းကားနေခဲ့ သော် သူ့တွင်တာဝန်မရှိသလော။ ထို့ကြောင့် သူသည် မလွှဲသာ မရှောင် သာ ကြားဝင်ခဲ့ရခြင်းဖြစ်၏။ ယင်းသို့ ကြားဝင်ခဲ့ပြီးသည့်နောက်ပိုင်း

တွင် အရပ်ရပ်တာဝန်များ သူ၏ပခုံးထက်သို့ကျလာ၏။ ထိုတာဝန်များကို သူ့အနေနှင့် စဉ်းစဉ်းစားစားနှင့် ရဲရဲဝံ့ဝံ့ထမ်းဆောင်ရန်မှတစ်ပါး အခြားနည်းလမ်းမရှိတော့။ သို့ရာတွင် သူထမ်းဆောင်ရမည့်တာဝန်မှာ သေးငယ်လွယ်ကူသော ကိစ္စတော့ကားမဟုတ်။ ခက်ခဲကြီးလေး၏။

မတတ်သာ၍သာ ကြားဝင်ရခြင်းဖြစ်သော်လည်း သူထမ်းဆောင်ခြင်းပြုရမည့်တာဝန်မှာ နိုင်ငံတော်၏ အကျိုးစီးပွားနှင့် သက်ဆိုင်ခြင်းမရှိလှပေ။ မြို့စားကြီးဦးကျော်ခေါင်၏ ကိုယ်ရေးကိုယ်တာကိစ္စနှင့် အကျိုးစီးပွားများလောက်သာ ဖြစ်သည်မဟုတ်သလော။ သို့ရာတွင် ထိုလူကြီးသည် သူ၏ကိုယ်ကျိုးစီးပွားအတွက် ဘုရင်အစိုးရက အပ်နှင်းထားသော အခွင့်အာဏာများကို လွယ်လွယ်ကူကူနှင့် ရမ်းရမ်းကားကား အသုံးပြုရန် ဝန်မလေး။ အလွန်တရာ မြန်ဆန်သွက်လက်၏။ ထို့ကြောင့် ဒုတိယတာဝန်အရှိဆုံး အရာရှိကြီးတစ်ဦးအနေနှင့် အတတ်နိုင်ဆုံး ထိန်းသိမ်းရန်အတွက် စစ်ကဲကြီး ဦးရွှေနှောင်းသည် ယခုကဲ့သို့ ကြားဝင်လိုက်ရခြင်းဖြစ်၏။

ဘုရားဝတ်ပြုရှိခိုးပြီးစီး၍ သူ၏ရုံးခန်းတွင် ထိုင်လျှင်ထိုင်ချင်း စစ်ကဲကြီးသည် စည်သာလက်မရှု့ထောင်မှ ထောင်ပိုင်နှင့် ထောင်မှူးနှစ်ယောက်တို့ကို လူလွှတ်၍အခေါ်ခိုင်းလိုက်၏။ အလွန်တရာအရေးကြီး၍ ခုချက်ချင်း လိုက်လာခဲ့ပါဟုလည်း သေသေချာချာ မှာကြားပြောဆိုလိုက်၏။ သူစဉ်းစားကြံဆထားသောလုပ်ငန်းတွင် များစွာအထောက်အကူရရှိကာ ကောင်းစွာအသုံးဝင်နိုင်စရာလည်းရှိသော လက်ထောက်တပ်မှူး ဗိုလ်မြမင်းကို အကျဉ်းထောင်မှ ထုတ်ယူ၍ အသုံးချလိုသောကြောင့်ဖြစ်၏။ ဗိုလ်မြမင်းသည် ရာထူးမှပြုတ်၍ ထောင်အသွင်းခံထားရသူတစ်ဦးဖြစ်သည်မဟုတ်သလော။ ထိုကဲ့သို့သော လူစားမျိုးကို ထောင်မှထုတ်လွှတ်၍ အလုပ်တာဝန်တစ်ခုခုပေးအပ်မည်ဆိုလျှင် သက်



စွန့်ဆံဖျား ထမ်းဆောင်စရာအကြောင်းများရှိ၏။ ၎င်းအပြင် တပ်မှူးဟောင်းမြမင်းသည် မင်းဝံချောင်းရိုးအကြောင်း ကောင်းစွာ သိကျွမ်းနားလည်ထားသူတစ်ဦးဖြစ်သည် မဟုတ်သလော။

မကြာမီ လက်မရှု့ထောင်ပိုင်နှင့် ထောင်မှူးနှစ်ဦးတို့ ရေးကြီးသုတ်ပျာ ရောက်ရှိလာကြ၏။ စစ်ကဲကြီး၏ အမိန့်ကိုနာခံလျက်ရှိကြ၏။

"ဩော်... မင်းတို့နှစ်ယောက် ရောက်လာကြမှကိုး... ကိစ္စကတော့ တခြားမဟုတ်ပါဘူးကွာ... မနေ့က မြို့စားကြီးစိတ်ဆိုးလို့ ထောင်သွင်းထားတဲ့ လက်ထောက်တပ်မှူးကြီး ဗိုလ်မြမင်းကို ငါ့အိမ်ကိုပြန်ပို့ပေးဖို့ကိစ္စပါကွာ..."ဟု စစ်ကဲကြီးက အမိန့်ပေးလိုက်သောအခါ အာဏာပိုင်နှစ်ယောက်သည် မျက်လုံးပြူးသွားကြ၏။ စစ်ကဲကြီး၏ အမိန့်ကိုအဘယ်သို့နာခံဆောင်ရွက်ရမှန်းမသိသဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက် မသိမသာ လှမ်းကြည့်နေကြ၏။

"ဒါပဲဟေ့... မင်းတို့ မြန်မြန်ကလေးပြန်ပြီး ဗိုလ်မြမင်းကို ငါ့အိမ်ရောက်အောင် ခပ်သုတ်သုတ်ကလေးသာ လွှတ်လိုက်ကြစမ်းကွာ"ဟု စစ်ကဲကြီးအမိန့်ပေးပြီးစီးသွားပြီဖြစ်၍ သူတို့ကိုပြန်လွှတ်လိုက်သောအခါ စစ်ကဲကြီး၏အိမ်ဝင်းအတွင်းမှ ယောင်ချာချာနှင့် ပြန်ထွက်လာခဲ့ကြရသည့်တိုင်အောင် အာဏာပိုင်နှစ်ယောက်တို့သည် သူတို့ဟာသူတို့ ဘာလုပ်၍ဘာကိုင်ရမှန်းမသိအောင် ဖြစ်နေကြပုံရ၏။ တကယ်ဆိုတော့ မြို့စောင့်လက်ထောက်တပ်မှူးဟောင်း ဗိုလ်မြမင်းကို တန်းထဲသို့ ထည့်သွင်းထားရန် အမိန့်ပေးသူမှာ မြို့စားကြီးကိုယ်တိုင်ဖြစ်၏။ ယင်းသို့ မြို့စားကြီး စီရင်ချမှတ်ထားသော အမှုကိစ္စကြီးတစ်ရပ်ကို စစ်ကဲကြီးသည် ရွေးနုတ်ပိုင်ခွင့်ရှိသလော။ မည်ကဲ့သို့ပင်ဖြစ်စေ စစ်ကဲကြီးက သူတို့နှစ်ဦးအား တန်းထဲရှိ ဗိုလ်မြမင်းကို သူ့အိမ်သို့ အမြန်ဆုံးလွှတ်လိုက်ရန် အမိန့်ပေးခဲ့ပြီးလေပြီ။

"ဘယ်လိုလုပ်ကြမလဲ ထောင်ပိုင်ကြီး..."ဟု စစ်ကဲကြီး၏ခြံဝင်း တံခါးမှ အထွက်တွင် ထောင်မှူးကြီးက သူ့ထက်တာဝန်ရှိသော ထောင် ပိုင်လုပ်သူကို မေးမြန်းလိုက်၏။

"တော်တော်တော့ ကျပ်တဲ့အလုပ်ပဲဗျာ..."ဟု ထောင်ပိုင်ကြီးက ညည်းတွားပြောဆို၏။

"မြို့စားကြီးက တစ်နေ့မေးလာရင် ကျွန်တော်တို့ တာဝန်ကင်း အောင် သူ့အိမ်တော်ဝင်ပြီး သတင်းပို့ရရင် မကောင်းဘူးလားခင်ဗျာ..." ဟု ထောင်မှူးက သူရလာသော စိတ်ကူးကို ထုတ်ဖော်ပြောဆိုလိုက်၏။

"ဒါပဲရှိတော့တာပဲဗျာ..."ဟု ထောင်ပိုင်က ပြန်လည်ပြောကြား ပြီးနောက် စစ်ကဲကြီး၏အမိန့်ကို နာခံထမ်းဆောင်ခြင်းမပြုမီ မြို့စား ကြီး အိမ်တော်ဘက်သို့ ခပ်သုတ်သုတ်လျှောက်လာခဲ့ကြ၏။

မြို့စားကြီးအိမ်တော်သို့ ရောက်ရှိသောအခါ နံနက်လင်းကတည်းက သောက်စားနေဟန်ရှိသော အကြီးအကဲကို အဆင်သင့်တွေ့ရ၏။ သူက မဆင့်မခေါ်ဘဲ သူ့အိမ်တော်သို့ ဝင်လာကြသော ထောင်အာဏာပိုင် နှစ်ယောက်ကို နားမလည်နိုင်သော အမူအရာဖြင့် အတန်ကြာစူးစိုက် ကြည့်ရှုနေပြီးမှ "ဘယ်လိုအကြောင်းကိစ္စများ ရှိလာကြပြန်ပြီလဲဟေ့..." ဟု မြို့စားကြီးက ခပ်တည်တည်နှင့်မေး၏။

ထောင်ပိုင်နှင့် ထောင်မှူးတို့သည် တစ်ယောက်မျက်နှာကို တစ် ယောက် လှမ်းကြည့်လိုက်ပြီးနောက် "မြို့စားကြီးက တန်းထဲသွင်းအထား ခိုင်းတဲ့ ရာဇဝတ်အကျဉ်းသားဗိုလ်မြမင်းကို စစ်ကဲကြီးက တန်းထဲက ထုတ်ပြီး သူ့အိမ်လွှတ်လိုက်ဖို့ ကျွန်တော်တို့နှစ်ယောက်ကို ခေါ်ပြီး အမိန့်ပေးတဲ့အကြောင်း သတင်းဝင်ပို့တာပါ မြို့စားကြီး..."ဟု ပို၍တာ ဝန်ရှိသော ထောင်ပိုင်က အစီရင်ခံ ပြောကြားလိုက်၏။

"အော်... စစ်ကဲကြီး ဦးရွှေနှောင်းက တပ်မှူးဟောင်း ငမြမင်းကို



အလိုရှိလို့ သူ့အိမ်ကို ပို့ပေးရမယ်လို့ မင်းတို့ကို အမိန့်ပေးသတဲ့လား..."

"ဟုတ်ပါတယ် မြို့စားကြီး... ကျွန်တော်တို့ အခုတင်ပဲ စစ်ကဲကြီး အိမ်ပေါ်က ထွက်လာခဲ့ကြတာပါ..."ဟု ထောင်မှူးက ဝင်ရောက်ပြော ကြား၏။

"အေး... ဒီလိုဆိုရင်လည်း စစ်ကဲကြီးက အလိုရှိနေတဲ့ ဗိုလ်မြမင်း ကို မင်းတို့ကိုယ်တိုင် သူ့အိမ်တိုင်ရာရောက် သွားပို့ပေးလိုက်ကြပေါ့ ကွာ ဟုတ်လား..."

"ကောင်းပါပြီခင်ဗျာ..."ဟု ထောင်ပိုင်က ပြန်လည်ပြောဆိုကာ နှစ်ယောက်သား ပြန်လှည့်ထွက်လာကြတော့မည်အပြု "ဟေ့... နေကြ ဦးကွ..."ဟု မြို့စားကြီးက လှမ်း၍ပြောဆိုလိုက်သဖြင့် ထောင်အာဏာ ပိုင် နှစ်ဦးတို့သည် မူလအနေအထားသို့ ချာခနဲ ပြန်လှည့်လိုက်ကြ၏။

"မင်းတို့နှစ်ယောက် နောက်ထပ် ဒုက္ခခံပြီး ငါ့ဆီကို ခဏခဏလာ သတင်းမပို့ရအောင် ငါခုထဲက တစ်ခါတည်းမှာထားလိုက်မယ် ကြား လား..."

"ဟုတ်ကဲ့ပါ မြို့စားကြီး..."

"မင်းတို့တာဝန်ယူအုပ်ချုပ်နေကြရတဲ့ အကျဉ်းထောင်ထဲက နက် ဖြန်ထုတ်သတ်ရမယ့်ဆဲဆဲ အကျဉ်းသားပဲဖြစ်ဖြစ်... စစ်ကဲကြီးကသာ အလိုရှိတယ်ဆိုရင် အချိန်မရွေးထုတ်ပေးလိုက်... ငါပြောတာ ကြားကြ ရဲ့ မဟုတ်လား..."

"ဟုတ်ကဲ့... ကြားပါတယ် ခင်ဗျာ..."ဟု နှစ်ယောက်သား သံပြိုင် ပြန်ပြောကြားကာ ကိစ္စပြီးစီးလောက်ပြီထင်၍ ပြန်လှည့်ထွက်လာကြ တော့မည်အပြုတွင် "ဟေ့... နေကြစမ်းပါဦးကွ"ဟု မြို့စားကြီးက ထပ်မံ ၍ တားမြစ်ပြောဆိုလိုက်ပြန်၏။ ထို့ကြောင့် ထောင်အာဏာပိုင်နှစ်ဦး သည် ချာခနဲပြန်လှည့်လိုက်ကြရပြန်၏။

"မင်းတို့ကို နောက်ထပ်မှာစရာရှိသေးတယ်ကွ...၊ တယ်လည် အရင်လိုတဲ့ အကောင်တွေပါလား..."ဟု မြို့စားကြီးက ခပ်ငေါက် ငေါက်ကလေး ပြောဆိုလိုက်သဖြင့် ရာဇဝတ်အကျဉ်းသားများအပေါ် အနိုင်ယူချင်တိုင်း ယူလေ့ရှိကြသော အာဏာပိုင်နှစ်ဦးသည် ခေါင်းငုံ့၍ နာခံလျက်သားရှိနေကြ၏။

"ငါပြောတာ သေသေချာချာလည်း မှတ်ထားကြဟေ့... ငါတစ် ယောက်ကလွဲပြီး စည်သာတစ်နယ်လုံးမှာရှိတဲ့ ဘယ်သူ့ကိုပဲဖြစ်ဖြစ် စစ် ကဲကြီးကသာ ထောင်သွင်းအကျဉ်းချထားလိုက်စမ်းလို့ အမိန့်ပေးခဲ့ရင် မင်းတို့ တစ်သဝေမတိမ်းနာခံကြရမယ်... ဟုတ်လား၊ ကိုင်းမင်းတို့ပြန်နိုင် ပြီ..."ဟု မြို့စားကြီးက သူမှာကြားစရာရှိသည်တို့ကို မှာကြားပြောဆို ကာ ပြန်ခွင့်ပြုတော့မှ ထောင်အာဏာပိုင်နှစ်ယောက်တို့သည် မြို့စား ကြီး အိမ်ဝင်းအတွင်းမှ ယောင်ချာယောင်ချာနှင့် ထွက်လာခဲ့ကြ၏။ နာရီပိုင်းအတွင်း သူတို့ကြားနာခဲ့ကြရသော စစ်ကဲကြီးနှင့် မြို့စားကြီး တို့၏ အမိန့်များကို မလွဲမသွေ ထမ်းဆောင်ကြရမည်ဖြစ်သော်လည်း သူတို့အနေနှင့် ဘယ်လိုဆက်စပ်နားလည်ရမှန်း မသိနိုင်အောင်ဖြစ်နေ ကြပုံလည်းရ၏။

[ ၃ ]

လက်မရွံ့ထောင်အာဏာပိုင်များက ထောင်သွင်းအကျဉ်းခံနေခဲ့ရ သော တပ်မှူးဖောင်း ဗိုလ်မြမင်းကို လှည်းယာဉ်ကလေးတစ်စီးနှင့် လာရောက်ပို့ဆောင်ပေးသွားပြီးနောက် စစ်ကဲကြီး ဦးရွှေနှောင်း၏အိမ် တွင် များစွာအသက်ဝင်လှုပ်ရှားလာ၏။ ယခင်ကလို တိတ်တိတ်ဆိတ် ဆိတ်မဟုတ်တော့ဘဲ စကားပြောဆိုသံများ ကျယ်ကျယ်လောင်လောင် ဖြစ်လာ၏။



ဗိုလ်မြမင်း ရောက်ရှိမလာမီက စစ်ကဲကြီးသည် သူ၏အထက်လူ ကြီး အငမ်းမရအလိုရှိနေသော မိန်းကလေးတစ်ယောက်ကို တောပုန်း ကြီးမိုးကျော်လက်ဝယ်မှ ပြန်လည်လုယူရှိနိုင်ရေးအတွက် နည်းလမ်းနှင့် အစီအစဉ်များကို သူ့ဟာသူ တစ်ခေါင်းတည်း စဉ်းစားခဲ့ရ၏။ ထို့ကြောင့် စဉ်းစားအားများစွာမရှိလှ။ ယခုအခါတွင်မူ တစ်ခေါင်းက နှစ်ခေါင်း အထိဖြစ်လာပြီ ဖြစ်ရကား စဉ်းစားအားနှင့် ကြံစည်အားများ ပိုမိုကောင်း မွန်လာ၏။ တိုးတက်လာ၏။

"မြို့စားကြီး အမိကနဲ့ အပူတပြင်း အလိုရှိနေတာက တောပုန်း ကြီးမိုးကျော်ရဲ့ ခေါင်းပြတ်မဟုတ်ဘူး... မိုးကျော်လက်ထဲရောက်နေတဲ့ သူ့ကြင်ရာလောင်း ခင်အုံကွဲ့ ဗိုလ်မြမင်းရဲ့..."

"အစကတော့ ကျွန်တော်သဘောမပေါက်ခဲ့ဘူး... အခု စစ်ကဲကြီး ရှင်းပြတော့မှ သဘောပေါက်တော့တယ် ခင်ဗျာ..."

သူ့အငမ်းမရဖြစ်နေသော မိန်းကလေးတစ်ဦးအတွက် တပ်ဖွဲ့ကြီး တစ်ဖွဲ့ကို မိုက်မိုက်မဲမဲအသုံးချခဲ့သော မြို့စားကြီး၏ ပရိယာယ်ကို ကောင်းစွာ သဘောပေါက်လာသောမြမင်းက ပြန်လည်ပြောဆို၏။

"ပထမအကြိမ် တပ်ဖွဲ့ကြီးတစ်ဖွဲ့ ဆုံးရှုံးခဲ့ရတာတောင် အသိ အလိမ္မာတရားမရသေးဘဲ ဒုတိယအကြိမ် တပ်ဖွဲ့တစ်ဖွဲ့ထပ်လွှတ်ဖို့ စဉ်း စားနေသေးတာကွဲ့ ဗိုလ်မြမင်း... အဲဒါကို ငါကမနည်းဝင်တားခဲ့ရတာ..."

"တားခဲ့တာကတော့... မှန်ပါပြီ စစ်ကဲကြီး... ခင်အုံကို မိုးကျော် လက်ထဲက ပြန်လုယူဖို့ကိစ္စအတွက် ဘယ်လိုများစဉ်းစားကြံရွယ်ထား တာရှိပါသလဲခင်ဗျာ..."ဟု မြမင်းက စစ်ကဲကြီး၏ အကြံအစည်နှင့် အစီအစဉ်များကို ကြားနာသိရှိလို၏။

"ငါ့မှာ အကြမ်းဖျင်း စဉ်းစားထားတာ တစ်ခုတော့ရှိတယ်။ လက် တွေ့လုပ်လို့ဖြစ်နိုင်၊ မဖြစ်နိုင်နဲ့ ရနိုင်၊ မရနိုင်ဆိုတာကိုတော့ မင်းလည်း

ဝိုင်းကူ စဉ်းစားကြည့်ပေါ့... ငါအကြမ်းဖျင်းစဉ်းစားထားတာကို မင်း အနေနဲ့ ဖြည့်စွက်ပြင်ဆင်စရာရှိရင်လည်း ဖြည့်စွက်ပြင်ဆင်ပေးစေချင် တယ်...၊ ဒါမှမဟုတ် မင်းဟာမင်း စဉ်းစားထားတဲ့ အစီအစဉ်များရှိရင် လည်း ငါ့ကိုပြောစမ်းပါကွာ..."

"စစ်ကဲကြီး အကြမ်းဖျင်း စဉ်းစားထားတဲ့ အစီအစဉ်အကြောင်း ကျွန်တော်ကြားပါရစေလား... ခင်ဗျာ"

"တောပုန်း၊ ဓားပြတွေက မြို့ထဲဝင်ပြီး ဆွဲခေါ်သွားတဲ့ မိန်းကလေး တစ်ယောက်ကို ပြန်ရဖို့အရေးအတွက် စစ်တပ်ကြီးတစ်တပ် လွှတ်ရ တယ်ဆိုတာ လူကြားသူကြားလို့ ကောင်းတဲ့ကိစ္စလည်း မဟုတ်ပါဘူး ကွာ..."

"ကျွန်တော် သိခဲ့ရတာကတော့ တောပုန်းမိုးကျော်ဂိုဏ်းကို နှိမ်နင်း ဖို့အတွက်လို့ သိခဲ့ရတာပဲလေ..."

"ဒီအတွင်း သတင်းကိုတော့ ကျသွားခဲ့တဲ့မင်းတို့ တပ်မှူးကြီးတစ် ယောက်ကိုသာ မြို့စားကြီးက ငါ့ရှေ့မှာ ကျိတ်မှာလိုက်တဲ့ကိစ္စဆိုတော့ မင်းဘယ်သိနိုင်ပါ့မလဲကွာ... ဒါပေမဲ့ အခုမင်းနားလည်ပြီမဟုတ်လား"

"ဟုတ်ကဲ့... အခုတော့ ကျွန်တော် ကောင်းကောင်းသဘောပေါက်ပါ ပြီ..."

"အဲဒီတော့ တောပုန်းမိုးကျော်တို့လက်ထဲရောက်နေတဲ့ ခင်အုံကို ပြန်ရဖို့အတွက် သတ္တိကောင်းကောင်းနဲ့ လုပ်ရည်ကိုင်ရည်ရှိတဲ့ လူနှစ် ယောက်၊ သုံးယောက်လောက်ကို မင်းဝံချောင်းဖျားဘက် ဘယ်သူမှမရိပ် မိ မသိရှိရအောင် တိတ်တဆိတ်စေလွှတ်ပြီး ဒီကောင်တွေအလစ်မှာ ခပ်သုတ်သုတ်ကလေး ပြန်ဆွဲခေါ်လာခဲ့ရင်ကော မဖြစ်နိုင်ဘူးလားကွာ..." ဟု စစ်ကဲကြီးသည် သူတစ်ညလုံး စဉ်းစားကြံဆခဲ့ရသော အစီအစဉ်ကို ဖွင့်ဟပြောကြားသွား၏။



မြမင်းသည် စစ်ကဲကြီး၏ အစီအစဉ်ကို ကောင်းစွာသဘောပေါက် နားလည်၏။ လက်ခံခြင်းလည်း ပြုနိုင်၏။ မိမိတို့ဘက်မှ ထုနှင့်ထည် နှင့် ထိုးဖောက်ဝင်ရောက်ခြင်းပြုရန် မလွယ်ကူသော သို့မဟုတ် အခြေ အနေမပေးသော ရန်သူ့ဒေသအတွင်းသို့ ကျစ်လျစ်သိပ်သည်း၍ ထက် မြက်ခြင်းရှိသော အဖွဲ့ငယ်ကလေးတစ်ဖွဲ့ကို ပိပိရိရိစေလွှတ်၍ ကိုယ် လုပ်ဆောင်လိုသောလုပ်ငန်းကို လုပ်ဆောင်စေရခြင်းသည် အကောင်း ဆုံးနှင့် အဖြစ်နိုင်ဆုံးသော နည်းပင်ဖြစ်သည်မဟုတ်သလော။

မြမင်းသည် လက်မရှုံ့ထောင်၏ တန်းအတွင်း ရာဇဝတ်အကျဉ်း သားအဖြစ်ဖြင့် ခေတ္တခဏနေထိုင်ခဲ့ရစဉ် ဘဝတူအဖြစ် နေထိုင်ခဲ့ရသော အောင်ကြီးကို သတိရမိ၏။ အောင်ကြီးပြောဆို၍ သူကြားနာခဲ့ရသော သူ၏ပုတ်ပြတ်ကြေးစား လုပ်ငန်းများအကြောင်းကိုလည်း သတိရလာ ၏ ။

ထိုသတ္တဝါသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း သို့မဟုတ် တစ်ခုကောင်းသာ လုပ်ကိုင်ရသော အလုပ်အကိုင်မျိုးတွင် အထုံဝါသ နာအားကြီး၏။ ထက်မြက် ရဲရင့်ခြင်းလည်း ရှိ၏။ စွမ်းပကားလည်း ရှိ၏။ ကြေးကောင်းကောင်းရဖို့သာလို၏။ သူသည် ဗန်းမော်ဘက်တွင် တရုတ်တောပုန်းများပြန်ပေးဆွဲသွားသော လောပန်းကြီးတစ်ဦး၏သား ငယ်ကို မရရအောင် ခရီးသွားဟန်လွှဲ ပြန်လည်ရွေးလွှတ်ခဲ့သူဖြစ်၏။ မြန်မာဘုရင့်အစိုးရ၏နယ်မြေတွင် ဓားပြတိုက်ပြီးနောက် ဗြိတိသျှပိုင် နယ်မြေတွင် ခိုကပ်ပုန်းအောင်းနေခဲ့သော ဓားပြဗိုလ်ကြီး ငဖျော်ကို သူ့ နည်းနှင့်သူ သွားရောက်ဖမ်းဆီးပေးခဲ့သူလည်းဖြစ်၏။ ထိုကဲ့သို့ အထုံ ဝါသနာလည်းရှိ၍ လုပ်ရည်ကိုင်ရည်ပါ ပြည့်သော အောင်ကြီးလိုသတ္တဝါ တစ်ကောင်ကို ယခုကဲ့သို့ အရေးအခင်းမျိုးတွင် အသုံးချရပါက အဘယ် မျှ ထိရောက်လိမ့်မည်ဖြစ်သနည်း။

ထိုကဲ့သို့ အောင်ကြီးကို သတိရစဉ်းစားမိလျှင် မိချင်း "စစ်ကဲကြီး စဉ်းစားထားတဲ့ အစီအစဉ်ဟာ အဖြစ်နိုင်ဆုံးနဲ့ အကောင်းဆုံးပဲထင်ပါတယ်... ဒါထက် အဲဒီ အစီအစဉ်ကို အကောင်အထည်ဖော်ဖို့အတွက် စစ်ကဲကြီးရွေးချယ်ထားပြီးသားလူများကော ရှိပြီလားခင်ဗျာ"ဟု မြမင်းက ပြန်၍မေးလိုက်၏။

"စဉ်းစားရုံပဲ စဉ်းစားထားသေးတယ်... ဒီအစီအစဉ်ကို မင်းနဲ့တိုင်ပင်ကြည့်ပြီးတော့မှ လွှတ်ဖို့ လူရွေးမလားလို့..."

"ဒီအလုပ်အကိုင်မျိုး လုပ်ဖူးကိုင်ဖူးတဲ့အတွက် အင်မတန်သင့်လျော်လိမ့်မယ်ထင်ရတဲ့ လူတစ်ယောက်တော့ ကျွန်တော်တွေ့ထားတာ ရှိပါတယ် စစ်ကဲကြီး"

"ဘယ်သူများလဲကွ... ပြောစမ်းပါဦး"ဟု စစ်ကဲကြီးက စိတ်ပါဝင်စားစွာ မေးမြန်းလိုက်၏။

"ဒီလူက ဗန်းမော်နယ်ဘက်မှာ တရုတ်တောပုန်းတွေ ပြန်ပေးဆွဲသွားတဲ့ တရုတ်သူဌေးကြီး သားကလေးတစ်ယောက်ကို သူ့နည်းနဲ့သူ ပြန်ရအောင် လုပ်ပေးဖူးရုံတင်မကသေးဘူး မြန်မာနယ်က အင်္ဂလိပ်နယ်ကို ဓားပြတိုက်ပြီး ရှောင်တိမ်းထွက်ပြေးနေတဲ့ ဓားပြဗိုလ်ကြီး ငဖျော်ကိုလည်း သူ့နည်းနဲ့သူ လိုက်ဖမ်းပေးဖူးတယ်လို့ ဆိုတယ်"

"ဟော... ဗန်းမော်နယ်ဘက်မှာ တရုတ်တောပုန်းတွေ ပြန်ပေးဆွဲသွားတဲ့ လောပန်းကြီးရဲ့ သားကလေးကို ပြန်ရအောင် လုပ်ခဲ့တဲ့လူတဲ့လား ... ဒီလိုဆိုရင် ဒီအကောင်ဟာ နေပြည်တော်က ဗန်းမော်၊ မိုးကောင်းအထိ ငါတပ်တွေ အုပ်ချုပ်ပြီး ချီတက်ခဲ့ရတုန်းက လမ်းခုလတ်က တပ်ထဲဝင်လိုက်လာတဲ့ သတ္တဝါများဖြစ်နေမလားဘဲ" ဟု စစ်ကဲကြီးသည် ထိုအရေးအခင်းကို ပြန်လည်သတိရလာဟန်ဖြင့် ပြောဆို၏။

"သူကလည်း အဲသလိုပဲ ပြောဆိုပါတယ် စစ်ကဲကြီး"



"ဟာ... ဒီအကောင်မျိုးသာရလို့ အသုံးချရရင်အတိုင်းနဲ့အလွန်ပေါ့ကွာ... ဒါထက် ဒီသတ္တဝါကို မင်းဘယ်မှာတွေ့ထားသလဲဟင် မြမင်း" ဟု စစ်ကဲကြီးက အလွန်တရာ စိတ်ပါဝင်စားလာသော အမူအရာဖြင့် အလောတကြီးမေး၏။

"စစ်ကဲကြီးထောင်ထဲဝင်လာပြီး ကျွန်တော့်ကို တွေ့တုန်းက ကျွန်တော့်အနားက လူပေါ့ခင်ဗျာ"

"ဟုတ်လိမ့်မယ်ဟေ့... ငါလည်း ဒီသတ္တဝါကောင်ကို တစ်နေရာရာမှာ တွေ့ဖူးမြင်ဖူးတယ်ရှိပါတယ်လို့ အောက်မေ့နေတာ။ လက်စသတ်တော့ ငါ ဗန်းမော်၊ မိုးကောင်းနယ်တွေဘက်ကို တပ်မှူးအဖြစ်နဲ့ ချီခဲ့ရတုန်းက ထီးချိုင့်မှာလား၊ ကသာမှာလားတော့ မမှတ်မိဘူး၊ ငါ့တပ်နဲ့ပါလာတဲ့ အကောင်ဟာ လက်စသတ်တော့ ဒီသတ္တဝါကိုး"

"တစ်ခုတော့ရှိတယ် စစ်ကဲကြီး"ဟု အကြောင်းအရာတစ်ခုကို ပြောကြားရန်ရှိသကဲ့သို့ ဗိုလ်မြမင်းက စကားကြောင်း ပြောင်းလိုက်၏။

"ဘာတစ်ခုလဲကွ မင်းဟာက"

"ဒီလူက ထောင်တစ်သက် လွှတ်ရက်မရှိတဲ့ ရာဇဝတ်အကျဉ်းသားတစ်ယောက်ဖြစ်နေတယ် စစ်ကဲကြီး၊ စည်သာထောင်ကိုပြောင်းလာရတာကလည်း မန္တလေးထောင်မှာ ဓားပြဗိုလ်ငရန်မင်း ထောင်ထမှုနဲ့ ပတ်သက်နေတယ် ဆိုတယ်..."

"ဒါတွေက အရေးမကြီးပါဘူးကွာ... ငါ့သဘောနဲ့ ပြီးပါတယ်... ဒါထက် ဒီအကောင်နာမည်က ဘယ်သူတဲ့လဲကွ..."

"အောင်ကြီးလို့ခေါ်ပါတယ် စစ်ကဲကြီး"

"အေး... ဒါဖြင့် မင်းလည်း မင်းအိမ်ကို ခဏလောက်ပြန်ပြီး မင်းသားမယားတွေနဲ့ သွားတွေ့လိုက်ဦး ဟုတ်လား၊ သိပ်ကြာကြာလည်း မနေနဲ့ဦး... ခပ်မြန်မြန်ကလေး ပြန်လာခဲ့ ဟုတ်လား၊ မင်းပြောတဲ့

အောင်ကြီးဆိုတဲ့ သတ္တဝါကို ငါစကားပြောကြည့်ချင်လို့ အခေါ်ခိုင်းလိုက်ဦးမယ်ဟေ့"ဟု ဗိုလ်မြမင်းကိုမှာကြားပြောဆိုပြီးနောက် သူ၏ အိမ်တော်အမှုထမ်းတစ်ဦးကို လက်မရွံ့ထောင်ပိုင်နှင့် ထောင်မှူးတို့ကို သူ့အိမ်သို့အမြန်ဆုံးလိုက်လာရန် သွားရောက်ဆင့်ခေါ်ဖို့အရေးတကြီး စေလွှတ်လိုက်၏။ မြို့စားကြီးအမိန့်နှင့် တန်းထဲထည့်လှောင်ထားရသော စစ်ရှုံးသူ လက်ထောက်တပ်မှူးကြီး ဗိုလ်မြမင်းကို အရေးတကြီးလာပို့ပေးရမည်ဆို၍ အိမ်တိုင်ရာရောက်ပို့ဆောင်ပေးပြီးနောက် နာရီပိုင်းလောက်အတွင်း စည်သာစစ်ကဲကြီးက လူလွှတ်၍ဆင့်ခေါ်လိုက်ပြန်သောအခါ စည်သာမြို့အကျဉ်းထောင် အာဏာပိုင်များသည် ထမင်းစားဖို့ပင် အချိန်မရဘဲ စစ်ကဲကြီးနေအိမ်သို့ ကတိုက်ကရိုက် ထလိုက်လာရပြန်၏။ နောက်ထပ်မည်ကဲ့သော အမိန့်ထူး၊ အမိန့်ဆန်းများကို နာခံထမ်းဆောင်ရဦးမည်နည်းဟူ၍ စဉ်းစားတွေးတောလာခဲ့ကြပုံရ၏။ တကယ်ဆိုတော့ မြို့စားကြီးကိုယ်တိုင် ရက်အကန့်အသတ်မရှိ ချုပ်နှောင်ခိုင်းထားသော ရာဇဝတ်အကျဉ်းသားတစ်ဦးကို တစ်ညမျှသာသိပ်ပြီး ပြန်ထုတ်နိုင်စွမ်းရှိသော စစ်ကဲကြီးကို အကျဉ်းထောင်အာဏာပိုင်နှစ်ဦးတို့သည် အဘယ်သို့ နားလည်ကြပါဦးမည်နည်း။

စစ်ကဲကြီး၏ ရုံးခန်းအတွင်းသို့ ဝင်မိကြလျှင် "လာကြဟေ့၊ မင်းတို့နှစ်ယောက်ကို နောက်ထပ်အရေးတကြီး တာဝန်တစ်ခုပေးစရာအကြောင်းပေါ်လာပြန်လို့ ထပ်အခေါ်ခိုင်းလိုက်ရတာပေါ့ကွယ်..."ဟု စစ်ကဲကြီးကလှမ်း၍ ပြောဆို၏။

"အမိန့်ရှိပါ စစ်ကဲကြီး..." အကျဉ်းထောင်အာဏာပိုင်နှစ်ဦးသည် ဇာတ်တိုက်ထားကြသကဲ့သို့ သံပြိုင်ပြောဆိုလိုက်ကြ၏။

"ကိစ္စကတော့ အခြားမဟုတ်ပါဘူး... မန္တလေးထောင်က ထောင်ထကြွ ဆူပူမှုနဲ့ စည်သာထောင်ကို ပြောင်းလိုက်တဲ့ ရာဇဝတ်အကျဉ်း



သားတစ်ယောက် ငါတွေ့ချင်လို့ကွ"ဟု စစ်ကဲကြီးက သူအလိုရှိသော ကိစ္စကို တိုတိုတုတ်တုတ် ပြောဆို၏။

"မန္တလေးထောင်က ကျွန်တော်တို့ထောင်ကို ထောင်ဆူပူမှုနဲ့ ထောင်ပြောင်းလိုက်တဲ့ ရာဇဝတ်အကျဉ်းသားက တစ်ယောက်တည်းရှိပါတယ် စစ်ကဲကြီး... ထောင်ပြောင်း ရာဇဝတ်အကျဉ်းသားဖြစ်တဲ့အတွက် အကျဉ်းထောင်ရဲ့ စည်းကမ်းဥပဒေနဲ့ လုပ်ထုံးအရ တန်းထဲထည့်လှောင်ထားရပါတယ်..."ဟု ထောင်မှူးက စစ်ကဲကြီးတွေ့လိုသော အကျဉ်းသားနှင့်ပတ်သက်၍ သူတို့အရေးယူဆောင်ရွက်ထားသော အကြောင်းအရာများကို ရှင်းလင်းပြောကြားသွား၏။

"အဲဒီ ရာဇဝတ် အကျဉ်းသားနာမည်က အောင်ကြီးဆိုမဟုတ်လား ... ပြီးတော့ ထောင့်တစ်သက် လွတ်ရက်မရှိတဲ့ ရာဇဝတ်အကျဉ်းသားဆိုမဟုတ်လား..." ဟု စစ်ကဲကြီးက မေးခွန်းနှစ်ခုကို အသက်မျှပင်မရှူဘဲ ဆက်တိုက်မေးလိုက်၏။

"စစ်ကဲကြီး အမိန့်ရှိသွားတာ မှန်ပါတယ် ခင်ဗျာ..."ဟု ထောင်ပိုင်လုပ်သူက ကြားဝင်ပြောကြား၏။

"အေး... အဲဒီမန္တလေးထောင်က ထောင်ဆူပူမှုနဲ့ တို့စည်သာထောင်ကို ပြောင်းလိုက်တယ်ဆိုတဲ့ ထောင့်တစ်သက် လွတ်ရက်မရှိတဲ့ ရာဇဝတ်အကျဉ်းသား အောင်ကြီးကို ငါ့အိမ်မြန်မြန်လာပို့ကြစမ်းဟေ့..." ဟု စစ်ကဲကြီးက သူအလိုရှိသောကိစ္စကို ခပ်ပြတ်ပြတ် ခပ်တောင်းတောင်း ပြောဆိုလိုက်၏။

"ကောင်းပါပြီစစ်ကဲကြီး..." ထောင်အာဏာပိုင်နှစ်ဦးတို့သည် သံပြိုင်ပြောဆိုပြီးနောက် စစ်ကဲကြီး ရုံးခန်းအတွင်းမှ ချာခနဲပြန်လှည့် ထွက်လာခဲ့ကြ၏။ ယခုတစ်ကြိမ်တွင်ကား ထောင်အာဏာပိုင်နှစ်ဦးတို့သည် စစ်ကဲကြီး၏အမိန့်နှင့် ပတ်သက်၍ စည်သာမြို့စားကြီး အိမ်တော်သို့

ဝင်၍ သတင်းပို့ရန်အကြောင်းမရှိတော့ချေ။ သူတို့တာဝန်ယူ အုပ်ချုပ်နေကြရသော စည်သာလက်မရွှံ့ ထောင်ကြီးအတွင်းမှ မနက်ဖြန် နံနက်ထုတ်သတ်ရမည်ဆဲဆဲ အကျဉ်းသားတစ်ဦးပင်ဖြစ်စေ စစ်ကဲကြီးကသာ အလိုရှိသည်ဆိုလျှင် အချိန်မရွေး ထုတ်ပေးလိုက်ရမည်ဟု မြို့စားကြီးက အမိန့်ပေးထားခဲ့ပြီဖြစ်သည် မဟုတ်သလော။ ထို့ကြောင့် စစ်ကဲကြီး ဦးရွှေနှောင်း၏ အမိန့်အတိုင်း အလျင်အမြန် ဆောင်ရွက်ရန်အတွက် အကျဉ်းထောင်အာဏာပိုင်နှစ်ဦးတို့သည် သူတို့ လုပ်ခွင်သို့ ခပ်သုတ်သုတ်ကလေး ထွက်လာခဲ့ကြ၏။

❐

## ကြေးစား အောင်ကြီး

[ ၁ ]

ထောင့်တစ်သက်လွတ်ရက်မရှိသော ရာဇဝတ်အကျဉ်းသားများကို ကိုင်တွယ်အုပ်ချုပ်ရသော အလုပ်သည် သက်ဆိုင်ရာ ထောင်အာဏာပိုင်များအတွက် အလွန်တရာ သိပ်မွေ့ခက်ခဲသော ကိစ္စဖြစ်၏။ လူ့ရပ်လူ့ရွာသို့ ပြန်လမ်းမရှိတော့ဘဲ အကျဉ်းထောင်အတွင်း၌သာ အရိုးထုတ်ရမည့် နောက်ဆုံးနေ့ရက်နှင့် နာရီများကို ပင်ပင်ပန်းပန်းစောင့်ဆိုင်းနေရသော နှစ်ကြီးအကျဉ်းသားများကို အခြားတစ်ပါးသော ရာဇဝတ်အကျဉ်းသားများလို ကိုင်တွယ်သကဲ့သို့ ကိုင်တွယ်အုပ်ချုပ်၍မဖြစ်၊ တစ်မျိုးတစ်ဖုံ ကိုင်တွယ်ရ၏။ သူတို့အပေါ်စိတ်ရှည်ရ၏။ ဘဝလမ်းဆုံးသို့ ရောက်ရှိနေသော သတ္တဝါတစ်ကောင်အနေနှင့် ထော်လော်ကန့်လန့်လုပ်သော် မခက်ပါသလော။

မြို့စားကြီး၏ အာဏာကုန်လွှဲအပ်ထားသော စစ်ကဲကြီးက အမိန့်ချမှတ်လိုက်သဖြင့် ရာဇဝတ်အကျဉ်းသား အောင်ကြီးကို သူ၏နေအိမ်သို့သွားရောက် ပို့ဆောင်ရန်ရှိသော အကျဉ်းထောင် အာဏာပိုင်များ

သည် များစွာ ခေါင်းခဲ နေကြပုံရ၏။ မည်ကဲ့သို့ အရေးအခင်းနှင့် အကြောင်းကိစ္စများရှိ၍ စစ်ကဲကြီးသည် အောင်ကြီးကို တန်းထဲမှ ထုတ်၍ သူ့နေအိမ်သို့ အပို့ခိုင်းသည်ကိုကား ထောင်ပိုင်နှင့် ထောင်မှူးတို့သည် သိရှိခွင့်ရသူများမဟုတ်ကြပေ။ အထက်အမိန့်အတိုင်း နာခံ ထမ်းဆောင်ကြရသူများသာ ဖြစ်၏။ အကယ်၍များ သူတို့ ထိန်းသိမ်းထားရန် တာဝန်ရှိသော အကျဉ်းသားအောင်ကြီးသည် လမ်းခုလတ်၌ ကိုးရိုးကားရားလုပ်ခဲ့သော် သူတို့တွင်တာဝန်မရှိသလော၊ ထမင်းအိုးကွဲကာ ဒုက္ခလှလှကြီး မတွေ့နိုင်သလော။

ထောင့်တစ်သက်လွတ်ရက်မရှိသော ရာဇဝတ်အကျဉ်းသား အောင်ကြီးကို စစ်ကဲကြီးနေအိမ်သို့ ဆောင်ကြဉ်းရန်အတွက် ပထမအဆင့် အနေနှင့် တန်းတံခါးကိုဖွင့်၍ အတွင်းသို့ဝင်ရောက်ခြင်းပြုကြရသော အခါ ထောင်ပိုင်နှင့် ထောင်မှူးတို့သည် သူတို့ချည်း မဝံ့မရဲလှသဖြင့် လက်နက်ကိုင် အာဏာသားနှစ်ဦးကို အကာအရံအဖြစ်ဖြင့် တစ်ပါတည်း ခေါ်ဆောင်လာခဲ့ကြ၏။ အာဏာသားများသည် အားခွန်ဗလ ကောင်းမွန်ကြရုံမျှသာမက ရက်စက်ကြမ်းကြုတ်သူများလည်း ဖြစ်ကြ၏။

တန်းအတွင်းသို့ အချိန်မဟုတ် တံခါးဖွင့်ဝင်လာသော လူသံများကို ကြားရသဖြင့် ကြမ်းပြင်ပေါ်တွင် ကျောခင်းကာ လဲနေရာမှ အောင်ကြီးသည် ခေါင်းထောင်၍ကြည့်ရှု၏။ ထို့နောက် သူ၏ အလုပ်အပျက် မခံနိုင်သူတစ်ဦးကဲ့သို့ မူလအတိုင်း ဦးခေါင်းကို ကြမ်းပြင်ပေါ်သို့ ပြန်ချထားလိုက်၏။ မျက်လုံးများကိုလည်း မှေးထား၏။

ထောင်မှူးနှင့် ထောင်ပိုင်တို့သည် တစ်ဦးမျက်နှာကို တစ်ဦးက လှမ်းကြည့်လိုက်ကြပြီးနောက် "ဗျို့ ကိုအောင်ကြီး" ဟု ထောင်မှူးကြီးက အသံပြုလိုက်၏။

အောင်ကြီးသည် မှေးထားသော မျက်လုံးကို အသာအယာဖွင့်၍



ကြည့်၏။ သို့ရာတွင် လှုပ်လည်းမလှုပ်၊ ဘာမျှလည်း ပြန်လည်ပြောဆိုခြင်းမပြု။

"ကိစ္စတစ်ခုရှိလာလို့ ခဏလောက် ထစမ်းပါဦးဗျ" ဟု ထောင်ပိုင်က တောင်းတောင်းပန်ပန်နှင့် ထထိုင်ရန် တိုက်တွန်းပြောကြားလိုက်၏။

"ဩော်... ကျုပ်ကိုတန်းထဲကထုတ်ကြတော့မလို့လားဗျ" ဟု ရာဇဝတ်အကျဉ်းသားက ပေါ့ပေါ့ဆဆ ပြန်မေးရင်း ထထိုင်ရုံမျှမဟုတ်ဘဲ ဝုန်းခနဲထရပ်လိုက်၏။

တင်းပုတ်များကို ကိုင်ဆောင်ထားကြသောအာဏာသားနှစ်ယောက်တို့သည်ပင် အောင်ကြီး၏လှုပ်ရှားမှုကြောင့် ရှဲခနဲ ဖြစ်သွားကြ၏။

"ကျုပ်တို့နဲ့ အပြင်ဘက်ကို ခဏလောက် လိုက်ခဲ့ပါ ကိုအောင်ကြီး" ဟု ထောင်ပိုင်သည် ပြောဆိုပြီးနောက် ရှေ့မှ ဦးဆောင်ကာ ထွက်သွားတော့မည်အပြုတွင် "ဒါထက်နေစမ်းပါဦးဗျ၊ ကျုပ်ကိုဘယ်သူက ဘာကိစ္စနဲ့ တွေ့ချင်လို့ ဘယ်ကိုခဏလောက် လိုက်ရမှာလဲဆိုတာကို တော့ ပြောဦးမှပေါ့ဗျာ..." ဟု အောင်ကြီးက ပြန်ပြောလိုက်သဖြင့် ထောင်ပိုင်လုပ်သူ၏ ခြေလှမ်းများသည် တုံ့ခနဲရပ်သွား၏။

"ခင်ဗျားကိုကိစ္စတစ်ခုအတွက် လူကြီးတစ်ယောက်က အခေါ်ခိုင်းလိုက်လို့ပါ ကိုအောင်ကြီးရဲ့" ဟု ထောင်မှူးကြီးက ကြားဝင်၍ပြောဆို၏။

"ကျုပ်သိချင်လို့ မေးနေတဲ့ ဘယ်လိုအကြောင်းကိစ္စနဲ့ ဘယ်သူဘယ်ဝါက ကျုပ်လိုလူတစ်ယောက်ကို တွေ့ချင်လို့ ဘယ်အထိ လိုက်ရမှာလဲဆိုတာကို ပြောပြစမ်းပါဦးဗျ၊ ခုတော့ ခင်ဗျားတို့မှာက လူတစ်ယောက်ကို ကြက်ကလေး၊ ငှက်ကလေးတစ်ကောင်လို လုပ်နေကြတာလားဗျာ" ဟု အောင်ကြီးက သူသိရှိလိုသော အကြောင်းကိုသာ ဖွတ်ခံ၍မေးလေ၏။

"ကိစ္စကိုတော့ ကျုပ်တို့လည်း မသိဘူးဗျ... တွေ့ချင်တဲ့လူကတော့ တခြားလူမဟုတ်ဘူး၊ စည်သာစစ်ကဲကြီးဗျ"ဟု များစွာ စိတ်မရှည်သော အမူအရာဖြင့် ထောင်ပိုင်က ခပ်ဆတ်ဆတ်ကလေးပြန်လည်ပြောဆို၏။

အောင်ကြီးသည် တွေဝေ၍ သွား၏။ အတန်ကြာမျှလည်း ငိုင်နေ၏။ စည်သာစစ်ကဲကြီးက သူ့ကိုခေါ်တွေ့စရာအကြောင်း ဘာများရှိနိုင်သနည်း။ သူသည် အဘယ်သို့မျှ ဆက်စပ်၍မရနိုင်အောင် ရှိနေ၏။ မစဉ်းစားတတ်အောင်လည်း ဖြစ်နေ၏။

"စည်သာစစ်ကဲကြီးက ခင်ဗျားနဲ့လူချင်းတွေ့ စကားပြောစရာရှိလို့ ကျုပ်တို့ကိုအခေါ်ခိုင်းလိုက်တဲ့အတွက် တာဝန်ရှိနေတဲ့အမှုထမ်းတွေအနေနဲ့ ခင်ဗျားကိုကျုပ်တို့က လာခေါ်ရတာပါဗျ၊ ကိစ္စကိုတော့ခင်ဗျားနဲ့ စည်သာစစ်ကဲကြီးတို့ နှစ်ယောက် လူချင်းတွေ့စကားပြောကြရတဲ့အခါတော့ သိရလိမ့်မယ်ပေါ့ဗျာ..."ဟု ထောင်မှူးက ကြားဝင်၍ ပြောကြား၏။

အောင်ကြီးသည် သက်ပြင်းကို ခပ်လေးလေးချလိုက်၏။ ပြီးတော့မှ "စည်သာစစ်ကဲကြီးနဲ့ ကျုပ်နဲ့လူချင်းတွေ့ စကားပြောစရာအကြောင်း ကျုပ်မှာတော့ ဘာမှမရှိဘူးဗျ၊ တကယ်လို့ ခင်ဗျားတို့ရဲ့အထက်လူကြီးဖြစ်နေတဲ့ စစ်ကဲကြီးမှာ အကြောင်းကိစ္စရှိနေလို့ ကျုပ်နဲ့လူချင်းမတွေ့မဖြစ် တွေ့ပြီး စကားစမြည် ပြောစရာရှိသပဆိုရင်လည်း ကျုပ်ရှိရာ အရပ်ကိုသာ ခင်ဗျားတို့စစ်ကဲကြီးကို လွှတ်လိုက်ပေါ့ဗျာ"ဟု သူ၏သဘောထားကို ပြန်လည်ပြောကြားကာ အောင်ကြီးသည် ရပ်နေရာမှ ပြန်ထိုင်ပြီးနောက် ခပ်ဇော်ဇောကလို ကြမ်းခင်းပေါ်၌ ကျောခင်းနေလိုက်၏။

ထောင်ပိုင်ရော ထောင်မှူးပါ ဘာပြော၍ ဘာဆိုကာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် ဖြစ်သွားကြပုံရ၏။ သည်အချိုးနှင့် ခုပုံအတိုင်းသာဆိုရင် စည်သာစစ်ကဲကြီးနှင့် ထောင်တစ်သက် လွတ်ရက်မရှိသော ရာဇဝတ်အကျဉ်းသားတို့၏ ပဋိပက္ခကို အဘယ်နည်းအဘယ်ပုံ ကိုင်



တွယ် ဖြေရှင်းကြဦးမည်နည်း။ ယင်းသို့ အကျဉ်းထောင်အာဏာပိုင်များ ဘာလုပ်၍ ဘာကိုင်ရမှန်း မစဉ်းစားတတ်လောက်အောင် ဘေးကျပ်နံကျပ် ဖြစ်နေခိုက် ထောင်အမှုထမ်းတစ်ဦးသည် တန်းတံခါးဝသို့ ရောက်ရှိလာ၏။ ထို့နောက် စစ်ကဲကြီးအိမ်မှနောက်ထပ် စေလွှတ်လိုက်သော လူနှစ်ယောက် ထောင်ပိုင်နှင့် ထောင်မှူးတို့ကိုတွေ့လို၍ ထောင်ဘူးဝတွင် စောင့်နေကြောင်း သတင်းပေး၏။ ထို့ကြောင့် "ခင်ဗျား ဒီမှာပဲ နေရစ်ခဲ့လေဗျာ... စစ်ကဲကြီးဆီက လွှတ်လိုက်တဲ့ လူတွေကို ကျွန်တော်သွားတွေ့လိုက်ဦးမယ်"ဟု မှာကြားထားခဲ့ပြီးနောက် ထောင်ပိုင်သည် တန်းထဲမှ ကတိုက်ကရိုက် ပြန်ထွက်သွား၏။

ထောင်ဘူးထဲတွင် စစ်ကဲကြီးအမိန့်နှင့် ထောင်မှ ထုတ်ပေးလိုက်ရသော မြို့စောင့်တပ်မှူးဟောင်း ဗိုလ်မြမင်းနှင့် အိမ်တော် အမှုထမ်းတစ်ဦးတို့ရောက်ရှိနေသည်ကို တွေ့ရသောအခါ "ဘယ်လိုအကြောင်း ကိစ္စများရှိလို့လဲဗျ"ဟု ထောင်ပိုင်က မေးမြန်းလိုက်၏။

"သူအပို့ခိုင်းထားတဲ့လူကို ခုထက်ထိလာမပို့သေးလို့ ကျွန်တော်တို့နှစ်ယောက်ကို လွှတ်လိုက်တာပါ"ဟု ဗိုလ်မြမင်းက သူတို့လိုက်လာရသောအကြောင်းပြောဆို၏။

"ကျွန်တော်တို့လည်း စစ်ကဲကြီး အလိုရှိနေတဲ့ ရာဇဝတ်အကျဉ်းသားအောင်ကြီးကိုလာပို့ဖို့ ကြိုးစားနေကြတုန်းပဲဗျ၊ ဗိုလ်မြမင်း....ဒါပေမဲ့ ဒီလူဟာ ခပ်ပေပေခပ်ကတ်ကတ်ထဲကနဲ့တူပါရဲ့ဗျာ"ဟု ထောင်ပိုင်က ရှင်းလင်းပြောကြားလိုက်၏။

"ဘယ်လိုဖြစ်နေလို့လဲဗျ"

"ဒီလူက ကိစ္စရှိလို့ သူ့ကိုတွေ့ချင်တဲ့သူက သူ့ကိုလာမတွေ့ဘဲနဲ့ သူ့အနေနဲ့ လိုက်တွေ့စရာအကြောင်း ဘာမှမရှိဘူးဆိုပြီး ဖွတ်ပေခံနေတယ်ဗျ"ဟု ထောင်ပိုင်က သူရင်ဆိုင်နေရသော အကျပ်အတည်းကိုပြော

ဆို၏။

"ဒီလိုဆိုရင် ကျွန်တော်လိုက်ပြီး အကျိုးအကြောင်းပြောပြခွင့်ပြုပါလားခင်ဗျား"ဟု ဗိုလ်မြမင်းက သူတတ်နိုင်သမျှ အကူအညီပေးလိုကြောင်း ပြောဆိုလိုက်သောအခါ ထောင်ပိုင်သည် တစ်ခါတည်း သဘောတူညီလိုက်ပြီးလျှင် ဗိုလ်မြမင်းကို ထောင်ဘူးဝမှ တန်းထဲသို့ခေါ်ဆောင်သွား၏။ တန်းထဲသို့ ထောင်ပိုင်နှင့် လူပိုတစ်ယောက် နောက်ထပ်ပြန်ဝင်လာရသော ခြေသံများကြားရသောအခါ ကြမ်းပြင်ပေါ်တွင် ကျောခင်းကာ မှေးနေရာမှ အောင်ကြီးသည်ရုတ်တရက် ခေါင်းထောင်၍ကြည့်၏။

"ဟော့လူ ကိုအောင်ကြီး... ကျုပ်မြမင်းပါဗျ"ဟု ဗိုလ်မြမင်းက နှုတ်ဆက်လိုက်သောအခါ အောင်ကြီးသည် ကျောခင်းနေရာမှ ပျာပျာသလဲထကာ "ခင်ဗျားဘယ်လို ဖြစ်လာရပြန်တာလဲဗျ... ဗိုလ်မြမင်း... ဒါနောက်ထပ်ပြန်အသွင်းခံရတာများလား"ဟု လှမ်း၍မေး၏။

"နိမိတ်မရှိ နမာမရှိဗျာ... အရေးကြီးတဲ့ အလုပ်ကိစ္စတစ်ခုအတွက် ခင်ဗျားနှင့် လူချင်းတွေ့ပြီး စကားပြောချင်လို့ စည်သာစစ်ကဲကြီးက အခေါ်လွှတ်လိုက်တာ တော်တော်နဲ့ပေါ်မလာနိုင်လို့ ကျုပ်ကိုလိုက်သွားစမ်းပါဆိုပြီး ထပ်လွှတ်လို့လာခဲ့ရတာဗျ..."ဟု ဗိုလ်မြမင်းသည် အောင်ကြီး၏ ပခုံးကိုရင်းရင်းနှီးနှီးဖက်ရင်း ပြောဆို၏။

အောင်ကြီးသည် ခေတ္တမျှတွေဝေစဉ်းစားလိုက်ပြီးနောက် "လုပ်ရမယ့် အလုပ်က နေ့စားလား... ပုတ်ပြတ်လားဗျ... ပြီးတော့ ရော့ ပတ္တမြားရော့နဂါးပေးမှာလား"ဟု သူစိတ်ဝင်စားသိရှိလိုသော အလုပ်ကိစ္စ၏ သဘာဝနှင့် စည်းကမ်းကို မေးမြန်းလိုက်၏။

"အလုပ်ကိစ္စကတော့ ခင်ဗျားစိတ်တိုင်းကျ လုပ်ရမယ့်အလုပ်ပါဗျ... နောက်ပြီး အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားနဲ့ လူချင်းတွေ့စကားပြောရမယ့် လူကလည်းတခြားမဟုတ်ဘူး... နေပြည်တော်က ဗန်းမော်၊



မိုးကောင်းကို မြန်မာတပ်တွေချီတက်ကြတုန်းက ခင်ဗျားရဲ့ တပ်မှူးကြီးပါဗျ..."ဟု ဗိုလ်မြမင်းက ရှင်းလင်းပြောကြားလိုက်သောအခါ "ဒါဖြင့် စိန်တယ်ဗျို့...."ဟု ပြန်ပြောရင်း အောင်ကြီးသည် ဗိုလ်မြမင်းရဲ့ပခုံးကို ပြန်ဖက်လိုက်၏။

## [၂]

စည်သာစစ်ကဲကြီး၏နေအိမ်အတွင်း၌ အိမ်ရှင်နှင့် လက်မရွံ့ထောင်ကြီးအတွင်းမှ ထုတ်ယူထားခဲ့သော ရာဇဝတ်သား အကျဉ်းသား နှစ်ဦးတို့သာရှိကြ၏။ ယင်းသို့ လူသုံးဦးစကားပြောဆိုနေကြသော စစ်ကဲကြီး၏ ရုံးခန်း အနီးအနားတစ်ဝိုက်တွင် အိမ်တော်အမှုထမ်းများပင် တစ်ယောက်တလေမျှ မကပ်ကြရပေ။ ခပ်ဝေးဝေးက စောင့်ကြရ၏။

သူတည်ခင်းပေးထားသော ကောက်ညှင်းပေါင်းနှင့် ငါးကြော်များကို ပလုတ်ပလောင်း စားသောက်နေသော ဧည့်သည်ကို မသိမသာအကဲခတ်ကြည့်ရှုရင်း "မင်းအခုလုပ်ရကိုင်ရမယ့် အလုပ်ကိစ္စကတော့ ပေါ့ပေါ့သေးသေးမဟုတ်ဘူးကွ အောင်ကြီး၊ ပြီးတော့လည်း သိပ်သိပ်သည်းသည်းနဲ့ ကျစ်ကျစ်လျစ်လျစ် လုပ်ရမယ့်အလုပ်အမျိုးအစားထဲပဲ..."ဟု စစ်ကဲကြီးက အောင်ကြီးကို ပေးအပ်မည့်အလုပ်တာဝန်နှင့်ပတ်သက်သော သဘောသဘာဝကို ရှေးဦးစွာရှင်းလင်းပြောကြားခြင်းပြု၏။

အောင်ကြီးကတော့ ဘာမျှ ပြန်လှန်ပြောခြင်းသော်လည်းကောင်း၊ မေးမြန်းခြင်းသော်လည်းကောင်း မရှိ။ မတွေ့မမြင်၊ မစားမသောက်ရသည်မှာ ကာလများစွာ ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် ငါးကြော်များကိုသာ တစ်ကောင်ပြီးတစ်ကောင် ဖွဲ့ရွှဲ့စားသောက်နေ၏။

"မင်းအခု လုပ်ရကိုင်ရမယ့် လုပ်ငန်းနှင့်ပတ်သက်လို့ ငါနဲ့ ဗိုလ်မြမင်းနှစ်ယောက်ကလွဲရင် သိတဲ့လူ တစ်ယောက်ပဲရှိတယ်ကွ... အဲဒီ

လူကတော့ တခြားလူမဟုတ်ဘူး… စည်သာမြို့စားကြီး ဦးကျော်ခေါင်ပေါ့ကွာ…”သူပေးအပ်ရမည့်အလုပ်တာဝန်နှင့် ပတ်သက်၍ တစ်ဖက်သား လေးနက်ခြင်းရှိသည်ထက် ရှိစေရန် စစ်ကဲကြီးသည် ထပ်မံ ပြောကြားလျက်ရှိ၏။

“ဒီလိုအလုပ်မျိုး အကိုင်မျိုး ကျွန်တော်လုပ်ကိုင်ခဲ့ဖူးတာကိုလည်း စစ်ကဲကြီး အသိသားမဟုတ်လား… ဒါလောက်ပြောရင် ကျွန်တော်နားလည်ပါတယ်…”ဟု အောင်ကြီးက အလုပ်ကိစ္စအကြောင်း ကြားနာလိုဟန်ဖြင့် ပြန်လည်ပြောကြား၏။

“တို့အုပ်ချုပ်နေတဲ့ စည်သာနယ် မင်းဝံချောင်းရိုးမှာ ခိုးဆိုးတိုက်ခိုက်နေတဲ့ တောပုန်းဓားပြမိုးကျော်ရယ်လို့ရှိတယ်”

“ဟုတ်ကဲ့”

“တောပုန်းဓားပြဆိုပြီး အထင်တော့ မသေးလိုက်နဲ့ဦးကွ၊ သူ့မှာ လက်နက်အပြည့်အစုံနဲ့ တပည့်တပန်းလေးငါးခြောက်ဆယ်ထက် မနည်းရှိတယ်… ရွာအတော်များများမှာလည်း သြဇာရှိတယ်”

“ဟုတ်ကဲ့…”

“မိုးကျော်ကို လူအင်အား တစ်ရာကျော်လောက်ရှိတဲ့ တပ်ဖွဲ့တစ်ဖွဲ့စေလွှတ်ပြီး အရဖမ်းဖို့စမ်းကြည့်ခဲ့ဖူးတယ်… တို့တာဝန်ပေးလိုက်တဲ့ တပ်မှူးကြီး ခေါင်းပြတ်ပြီး တို့တပ်ဖွဲ့ကြီးတစ်ဖွဲ့လုံးက ကစဥ့်ကလျားဖြစ်ခဲ့ရတယ်… တောပုန်းကြီး မိုးကျော်ကို ထားစမ်းပါဦးကွာ… သူ့တပည့်တပန်းတစ်ယောက်တလေမှတောင် တို့ဘက်က မရခဲ့ကြဘူးကွာ” အောင်ကြီးရင်ဆိုင်ခြင်းပြုရမည့်ရန်သူ၏ အကြောင်းကိုကောင်းစွာသဘောပေါက်နားလည်ထားစေလိုသော ရည်ရွယ်ချက်ဖြင့် စစ်ကဲကြီး ဦးရွှေနှောင်းသည် ဘုရင့်တပ်မတော်နှင့် တောပုန်းကြီးမိုးကျော်၏ တပ်ဖွဲ့များဖြစ်ပွားခဲ့ရသော အရေးအခင်းကို လုံးစေ့ပတ်စေ့ပြောကြားလျက်



ရှိ၏။

လေးနက်ရမည့်ကိစ္စနှင့် နေရာမျိုးတွင် အလွန်တရာလေးနက်ပုံရသော အောင်ကြီးသည် စစ်ကဲကြီး ပြောကြားသွားသော တောပုန်းဓားပြကြီးမိုးကျော်၏အကြောင်းကို စူးစိုက်နားထောင်နေ၏။

ဘုရင့်အစိုးရ၏ လက်နက်ကိုင်အင်အားတစ်ရာခန့်မျှရှိသော တပ်ဖွဲ့ကြီးတစ်ဖွဲ့ကို ကစဥ့်ကလျား ဖြစ်သွားအောင် ထိုးနှက်တိုက်ခိုက်နိုင်စွမ်းရှိသော တစ်ဖက်မှလက်နက်ကိုင်များသည် တော်ရိလျော်ရိလူများထဲကတော့ မဟုတ်တန်ရာ၊ တကယ့်လူများသာဖြစ်တန်ရာ၏။ ထို့ကြောင့် သူရင်ဆိုင်ခြင်းပြုရမည့် တောပုန်း၊ ဓားပြကြီးမိုးကျော်သည် သူလိုငါလို လူသာမန်ထဲက မဟုတ်နိုင်ဘဲ လူထက် လူမြက်ထဲကသာ ဖြစ်ရမည်ဖြစ်ကြောင်း အောင်ကြီးသည်တွက်ချက်လျက်ရှိ၏။ ထို့ကြောင့် ထိုကဲ့သို့သော လူစားမျိုးကိုလေးလေးနက်နက်နှင့် စေ့စေ့စပ်စပ်ယှဉ်ပြိုင်ရလိမ့်မည့်အကြောင်းကိုလည်း သဘောပေါက်ပုံရ၏။

“အခုငါပြောသွားတဲ့တောပုန်းမိုးကျော်ဆိုတဲ့ အကောင်ဟာ တို့လက်လှမ်းမမီတဲ့ အရပ်နေရာတွေမှာ သူ့ဟာသူ ခိုးဆိုးတိုက်ခိုက်ပြီး လုယက်စားသောက်မနေသေးဘဲ မကြာခင်က စည်သာမြို့တွင်းကို အလစ်ဝင်လာပြီး ဂုဏ်သရေရှိမိကောင်းဖခင်သားသမီးထဲက မိန်းကလေးတစ်ယောက်ကို အတင်းဆွဲခေါ်သွားလိုက်သေးတယ်ကွ…”

“တောပုန်းတွေက ငွေကလေးဘာကလေးလိုချင်လို့ ပြန်ပေးဝင်ဆွဲတာများလား စစ်ကဲကြီး…”ဟု အောင်ကြီးကဖြစ်နိုင်စရာလည်းရှိ၍ သူစိတ်ဝင်စား သိရှိလိုသောကိစ္စကို တိုတိုတုတ်တုတ်မေးမြန်း၏။ မြို့ရိုးရှိသော မြို့ကြီးတစ်မြို့အတွင်းသို့ စွန့်စွန့်စားစားဝင်ရောက်သော အလုပ်သည် လွယ်ကူလှသော အလုပ်မဟုတ်ပေ၊ သူသည် အနည်းအံ့သြသွားပုံလည်းရ၏။

"ပြန်ပေးဆွဲတာလို့ ပြောရမှာလည်း မဟုတ်ဘူး... ဘာပြုလို့လဲ ဆိုတော့ တောပုန်းတွေက ခုထက်ထိ ငွေတောင်းတာတို့ ဘာတို့လည်း မလုပ်ကြသေးလို့ပေါ့ကွာ..."

"ဒါဖြင့် ဒီလိုအဆွဲခံရတဲ့ မိန်းကလေးဟာ တောပုန်းမိုးကျော်ရဲ့ ချစ်သူ ရည်းစားများကောမဖြစ်နိုင်ဘူးလား ခင်ဗျာ..."ဟု အောင်ကြီးက သူသေ ချာစွာသိရှိလိုသော ကိစ္စကို စေ့စေ့စပ်စပ်မေး၏။

"ဒီလိုလည်း မဟုတ်ဘူးဆိုတာတော့ သေချာတယ်ကွ... တို့လည်း စုံစမ်းထောက်လှမ်းခဲ့ပြီးပြီ..."

"ဒါဖြင့်ရင် ဒီလိုမိုက်ရူးရဲအလုပ်မျိုးကို တောပုန်းမိုးကျော် ဘာပြု လို့ လုပ်ရသလဲဆိုတာကို စစ်ကဲကြီးတို့ စဉ်းစားဖူးကြသလား..."ဟု အောင်ကြီးက စိတ်ဝင်စားသိရှိသော စကားကိုထောက်၍ မေးလိုက်ပြန် ၏။

"အကြောင်းကတော့ ဒီလိုရှိတယ်ကွ အောင်ကြီး..."

"အမိန့်ရှိပါ စစ်ကဲကြီး..."

"တောပုန်းမိုးကျော် စည်သာမြို့တွင်း ဝင်ပြီးဆွဲသွားတဲ့ မိန်းကလေး က တခြားမဟုတ်ဘူး... စည်သာမြို့စားကြီး ဦးကျော်ခေါင်နဲ့ လက်ထပ် ထိမ်းမြားတော့မယ့်ဆဲဆဲ သတို့သမီးကွ... သတို့သမီးနာမည်က ခင်အုံ လို့ခေါ်တယ်..."

"ဒီလိုဆိုရင် တောပုန်းမိုးကျော်က မြို့စားကြီး ဦးကျော်ခေါင်နဲ့ ခင် အုံတို့ လက်ထပ်မင်္ဂလာပွဲကို ကဖျက်ယဖျက်ဖြစ်သွားအောင် အခုလို ဝင်ရမ်းကားသွားတာ ဖြစ်လိမ့်မယ်ထင်တယ်..."

"အဖြစ်အပျက်ကတော့ ဒီလောက်ပဲ ပြောစရာရှိတယ်ကွဲ့..."

"ဟုတ်ကဲ့... အဖြစ်အပျက်ကိုတော့ ကျွန်တော်သိရပါပြီ... ဒီကိစ္စ မှာ ကျွန်တော် ဘယ်လိုအလုပ်ဝင်ရမယ်ဆိုတာကိုသာ အမိန့်ရှိပါခင်



ဗျာ..."ဟု အောင်ကြီးက သူ၏အလုပ်တာဝန်နှင့်ပတ်သက်၍ သူတိတိ ကျကျ သိရှိကြားနာလိုသော ကိစ္စကို မေးလိုက်၏။

"မင်းလုပ်ရမယ့် အလုပ်ကတော့ တောပုန်းမိုးကျော် ဆွဲခေါ်သွား တဲ့ တို့မြို့စားကြီးရဲ့ ကြင်ရာလောင်းခင်အုံကို စည်သာမြို့ကို ပြန်ရောက် လာအောင် ဆွဲခေါ်လာပေးဖို့ကတော့ အဓိကပဲ... ဒီထက်ဖြစ်နိုင်သေး ရင်တော့ တောပုန်းမိုးကျော်ခေါင်းပြတ်ကိုလည်း ဆွဲလာခဲ့ပေါ့ကွာ..." အလုပ်ကိစ္စစကား ပြောဆိုရာတွင် တိတိကျကျနှင့် ပီပီပြင်ပြင် ပြတ်ပြတ် သားသား ပြောတတ်ပုံရသော စည်သာစစ်ကဲကြီးက အောင်ကြီးလုပ်ရ မည့် အလုပ်ကိစ္စအကြောင်းကို ပြောလာ၏။

"ဒါဖြင့် နံပါတ်တစ်အနေနဲ့ သတို့သမီးခင်အုံကို ကျွန်တော်က ပြန် လုပေးဖို့ဖြစ်ပြီး နံပါတ်နှစ်အနေနဲ့ကတော့ ဖြစ်နိုင်မယ်ဆိုရင် မိုးကျော် ခေါင်းပြတ်ယူလာပေးဖို့ပေါ့ခင်ဗျာ၊ ဟုတ်ပါသလား စစ်ကဲကြီး..."ဟု အောင်ကြီးက သူ၏ အလုပ်တာဝန်နှင့်ပတ်သက်၍ တိကျသေချာခြင်း ရှိအောင်မေး၏။

"ခု မင်းပြောတဲ့ အတိုင်းပါပဲကွာ"ဟု စစ်ကဲကြီးက အောင်ကြီး ပြောပုံ ဆိုပုံကို သဘောကျသွားပုံရသကဲ့သို့ ခပ်ပြုံးပြုံး ပြန်ဖြေ၏။

"ကျွန်တော် လုပ်ရကိုင်ရမယ့် အလုပ်တာဝန်ကိစ္စအကြောင်းကိုတော့ ပြောလို့ဆိုလို့ပြီးပါပြီ... လုပ်ခကိုင်ခအတွက် ကြေးအကြောင်းကိုပဲ ပြော ကြဖို့လိုတော့တာပေါ့ စစ်ကဲကြီး"ဟု အောင်ကြီးက သူလုပ်ကိုင်ပေးရ မည့် လုပ်ခအကြောင်းကို စကားစလိုက်၏။

"မင်းလိုချင်တဲ့ကြေးကို တောင်းပေါ့ကွာ"ဟု စစ်ကဲကြီးက ခပ်ပြုံး ပြုံး ပြန်ပြော၏။

"မြို့စားကြီးနဲ့ စစ်ကဲကြီးတို့ လက်နက်ကိုင် လူတစ်ရာလောက်နဲ့ လုပ်ကိုင်လို့ မအောင်မြင်ခဲ့တဲ့အလုပ်ကို လုပ်ရကိုင်ရမှာက သေးလှ၊

လွယ်ကူလှတဲ့ကိစ္စ မဟုတ်တန်ရာဘူးဆိုတာကိုတော့ မြို့စားကြီးရော စစ်ကဲကြီးပါ စဉ်းစားထားမိကြပြီးဖြစ်လိမ့်မယ် ထင်ပါတယ်..."

"မင်းလိုချင်တဲ့ အခကြေးငွေကိုသာ တောင်းပါကွာ"

"မြို့စားကြီးရဲ့ ကြင်ရာလောင်း ခင်အုံဆိုတဲ့ မိန်းကလေးကို ပြန်ရဖို့အရေးအတွက် ထောင်တစ်သက်လွတ်ရက်မရှိအကျဉ်းခံနေရတဲ့ ကျွန်တော့်လို ရာဇဝတ်အကျဉ်းသားတစ်ယောက်ကို ခြွင်းချက်မရှိ ကွင်းလုံးကျွတ် လွတ်ပေးရမယ်ခင်ဗျ..."

"စိန်တယ်ဟေ့... အောင်ကြီး..." စစ်ကဲကြီးက တစ်ခါတည်း သဘောတူညီလိုက်၏။

"တောပုန်းစားပြကြီး မိုးကျော်ခေါင်းကို ယူလာပေးဖို့အတွက်တော့ ကျွန်တော်အာမမခံပါရစေနဲ့... ခရီးသွားဟန်လွှဲ အလုပ်ဖြစ်ခဲ့ရင်တော့ လုပ်ခဲ့ကိုင်ခဲ့ပါ့မယ်..."

"မိုးကျော် ခေါင်းကိုယူလာပေးနိုင်ရင် မင်းကိုမြင်းတစ်စီးနဲ့ ငွေချိန်ခွက် တစ်ဆယ်ဆုချမယ်ဟေ့..."

"ထားပါတော့လေ... ဒါပေမဲ့ ကျွန်တော့်ဘက်က ပြောစရာရှိသေးတယ်ဗျ စစ်ကဲကြီး..."

"မင်း အလိုရှိတာသာပြောပါ..."

"ခု စစ်ကဲကြီးနဲ့ ကျွန်တော်သဘောတူထားတဲ့ အလုပ်ကိုလုပ်ဖို့အတွက် ကျွန်တော့်မှာ မရှိမဖြစ်တဲ့ လူနှစ်ယောက်လောက်လိုနေတယ်..."

"မင်းအလိုရှိတဲ့ လူနှစ်ယောက်ကို ကြိုက်သလို ဆွဲခေါ်နိုင်တယ်ဟေ့..."

"ပထမခေါ်သွားချင်တဲ့ လူကတော့ လက်ထောက်တပ်မှူးကြီး ဗိုလ်မြမင်းပဲဗျ... အဲသလို ဗိုလ်မြမင်းကို ခေါ်သွားလို့ လုပ်ငန်းအောင်မြင်ပြီးစီးလာတဲ့အခါကျရင် ဗိုလ်မြမင်းကို သူ့နဂိုရာထူးပြန်ပေးဖို့လည်း စစ်



ကဲကြီးတာဝန်ခံရလိမ့်မယ်..."

"စိန်တယ်ဟေ့... အောင်ကြီး..."

"နောက်တစ်ယောက်ကတော့ မင်းဝံချောင်းရိုးနယ်မြေကောင်းကောင်းသိတဲ့ လူတစ်ယောက်လောက်ရချင်တယ်...ဒီလူကိုတော့ ကျွန်တော်နဲ့ ဗိုလ်မြမင်းတို့နှစ်ယောက် တိုင်ပင်ပြီး ရွေးသွားပါ့မယ်..."

"မင်းတို့သဘောအတိုင်း ဖြစ်ရပါစေမယ်ကွာ..."

"ဒါထက် လက်ထောက်တပ်မှူးကြီး ဗိုလ်မြမင်းကကော ကျွန်တော့်အစီအစဉ်ကို သဘောတူလက်ခံနိုင်ပါရဲ့လားခင်ဗျာ..."ဟု ရာဇဝတ်အကျဉ်းသား အောင်ကြီးက ဗိုလ်မြမင်းဘက်သို့လှည့်၍ သူ၏သဘောထားကို လေးလေးစားစား တောင်းခံခြင်းပြုလိုက်၏။

"စိန်တယ်ဗျို့... ကိုအောင်ကြီး..."ဟု ဗိုလ်မြမင်းက အားတက်သရော ပြန်ပြော၏။

ဗိုလ်မြမင်းဘက်မှ အောင်ကြီးသည် စစ်ကဲကြီးဘက်သို့ လှည့်လိုက်ပြီးနောက် "ကျွန်တော်လုပ်ကိုင်ရမယ့်အလုပ်ကိစ္စအတွက် အရပ်ရပ်အခြေအနေကို အကဲခတ်လေ့လာဖို့နဲ့ ပြင်ဆင်စရာရှိတာကို ပြင်ဆင်ဖို့အတွက် သီတင်းတစ်ပတ်လောက် အချိန်ပေးစေချင်ပါတယ် စစ်ကဲကြီး..."ဟု သူ၏လိုလားချက်ကိုပြောဆိုတောင်းခံ၏။

"နောက်ထပ်လိုတာရှိရင်လည်း ပြောသာပြောပါ...."

"တခြားတော့မလိုပါဘူး၊ လမ်းစရိတ်အတွက်ငွေတစ်ပိဿာ ငါးဆယ်သားလောက်ပဲ ထုတ်ပေးစေချင်တယ်..."

"လက်နက် ခဲယမ်း မီးကျောက်တွေကိုကော မလိုဘူးလားဟင်..."

"ကျွန်တော့်အလုပ်မှာ မရှိမဖြစ်လိုအပ်တဲ့ အရာဝတ္ထုတွေမှာ စစ်ကဲကြီးပြောတဲ့ ဝတ္ထုပစ္စည်းတွေ မပါဘူးခင်ဗျ..."ဟု ယဉ်ယဉ်ကျေးကျေးတုံ့ပြန်ပြောကြားရင်း သူ့ရှေ့ရှိ ပန်းကန်ပြားထဲတွင် ကျန်ရှိသေးသော

ငါးကြော်တစ်ကောင်ကို ဆတ်ခနဲ လှမ်းယူလိုက်ပြီးနောက် ရာဇဝတ် အကျဉ်းသားအောင်ကြီးသည် ကလေးသူငယ်တစ်ယောက်လို ပလုတ် ပလောင်းစားသောက်နေ၏။

❐

## မင်းဝံချောင်းများ

[ ၁ ]

အောင်ကြီးနှင့် သူ၏အဖွဲ့ငယ် လုပ်ငန်းစတင်ရသော အချိန်ရာသီမှာ စည်သာမြို့၏ ကျောထောက်နောက်ခံဖြစ်သော မင်းဝံချောင်းရိုးတစ်ဝိုက်တွင် ကိုင်းရုံနှင့် လယ်ယာများ လုပ်ကိုင်သိမ်းဆည်းပြီးစအချိန်ဖြစ်၏။ ထို့ကြောင့် ချောင်းရိုးတစ်လျှောက်ရှိ ကျေးရွာကြီးငယ်များမှ ရွာသူရွာသားများသည် အလုပ်ခွင်များမှ အားလပ်ခွင့်ရရှိကာ သူတို့လက်ထဲတွင် ရောင်းချရန် ကုန်ပစ္စည်းများရှိနေကြသလို သူတို့အလိုရှိသော ကုန်စည်များကိုဝယ်ခြမ်းရန်အတွက် အဆင်သင့်ရှိနေကြချိန်လည်းဖြစ်၏။

ထိုကဲ့သို့ ရာသီဥတုနှင့် အချိန်ကာလများတွင် စည်သာမြို့မှ ကုန်သည်ပွဲစားနှင့် ဈေးသည်များသည် လှေများနှင့်ဖြစ်စေ၊ ပခုံးထမ်းခေါင်းရွက်များနှင့်ဖြစ်စေ မင်းဝံချောင်းရိုးအတိုင်း တစ်ရွာဝင်တစ်ရွာထွက် ဆန်တက်လှော်ရှိကြ၏။ ယင်းကျေးရွာကြီးငယ်များမှ မြို့တွင်းကုန်စည်များဖြစ်ကြသော ဆန်စပါး၊ ဝါဂွမ်း၊ ပဲ၊ နှမ်း၊ ငရုတ်၊ ကြက်သွန်နှင့် ဆေးရွက်ကြီး အစရှိသော ကုန်ပစ္စည်းများကို ဝယ်ခြမ်းလှော်ရှိကြပြီး သူတို့

နှင့်အတူပါရှိသွားကြသော ဆား၊ ငါးပိ၊ ငံပြာရည်၊ ပန်းကန် အိုးခွက်နှင့် အထည်အလိပ် စသော ကျေးရွာသုံးပစ္စည်းများကို ရောင်းချတတ်ကြ၏။

ယင်းသို့ တစ်မိုးနှင့် တစ်ဆောင်း မိမိတို့၏ အားများ၊ ချွေးများနှင့် ရင်းနှီးလုပ်ကိုင်ထားကြရသော မြေယာထွက်ကုန်ပစ္စည်းကလေးများ ကုန်သည်ပွဲစားများထံ ရောင်းချ၍ မိမိတို့အတွက် မသုံးမဖြစ်သော ကုန်စည်ကလေးများကို ယင်းတို့ထံမှပင် ဝယ်ခြမ်းကြပြီးသောအခါများတွင် ရွာသူရွာသားများထံ၌ ငွေစကလေးများ ရွှင်ပျနေတတ်ကြ၏။ ထိုကဲ့သို့သော ဥတုရာသီနှင့် အချိန်ကာလမျိုးတွင် ပေါ့ပေါ့ပါးပါးနှင့် ရွှင်ရွှင်ပျပျနေထိုင်တတ်ကြသော မြန်မာလူမျိုးများပီပီ အလှူအတန်းလုပ်ကိုင်နိုင်သူများက အလှူအတန်းလုပ်ကြ၏။ သောက်စားမူးယစ် တတ်သူများက ခေါင်းမထူနိုင်လောက်အောင် မူးယစ်သောက်စားလျက်ရှိနေကြပြီး အပျော်အပါးဘက်တွင် အထုံဝါသနာအားကြီးသူများကလည်း ကြက်တိုက်၊ ဖဲရိုက်၊ ဇာတ်ပွဲကြည့်နှင့် မိုးမမြင် လေမမြင် ဖြစ်နေတတ်ကြ၏။

ဤကဲ့သို့ မင်းဝံချောင်းရိုးတစ်လျှောက်ရှိ ကျေးရွာများတွင် ခြေခင်းလက်ခင်းသာကာ ပွဲလမ်းသဘင်များ တခြိမ့်ခြိမ့်နှင့် လူဝင်လူထွက်အလွန်တရာ ရှုပ်ထွေးများပြားနေသော အချိန်ကာလမျိုးတွင် တောပုန်းကြီးမိုးကျော် လွှမ်းမိုးကြီးစိုးနေသော မင်းဝံချောင်းဖျားတစ်ဝိုက်သို့ ကြေးစားအောင်ကြီးနှင့် သူ၏အဖွဲ့ငယ်သည် ပိပိရိရိနှင့် ထိုးဖောက်ဝင်ရောက်ခြင်းပြုခဲ့ကြ၏။ အောင်ကြီးသည် စည်သာမြို့မှမထွက်မီ ပခုံးထမ်းဈေးသည်အဖွဲ့ငယ်ကလေးတစ်ခုကိုဖွဲ့၏။ ထိုပခုံးထမ်းဈေးသည်အဖွဲ့ငယ်တွင် သူပါနှင့် လူစုစုပေါင်း သုံးဦးမျှသာပါရှိ၏။ ကျန်နှစ်ဦးအနက်တစ်ဦးမှာ တပ်မှူးဟောင်းမြမင်းဖြစ်သည်။ သို့ရာတွင် စည်သာမြို့မှ



ပခုံးထမ်းနှင့် စထွက်လာရသောအချိန်မှစတင်ကာ မြမင်းသည် တပ်မှူးဟောင်း မြမင်းမဟုတ်တော့၊ သျှောင်တစ်လုံးအဆုံးခံထားရသော နဝလီအထမ်းသမားထွန်းမြတ်ဖြစ်လာ၏။ ထွန်းမြတ်အပြင် ကျန်အထမ်းသမားတစ်ဦးသည်ကား အောင်ကြီး၏အလုပ်တာဝန်အကြောင်း ဘာမျှမသိရှိရသော ပခုံးထမ်းသမားစစ်စစ်ဖြစ်၏။ ထိုပခုံးထမ်းသမားသည် နွေရာသီကာလများတွင် ထိုအလုပ်အကိုင်မျိုးကို လုပ်ကိုင်နေကျဖြစ်၏။ ထို့ကြောင့် မင်းဝံချောင်းရိုးတစ်ဝိုက်ရှိ ကျေးရွာအတော်များများအကြောင်းကိုလည်းကောင်း၊ လူအတော်များများကိုလည်းကောင်း ကောင်းစွာသိရှိ၏။ မြသောင်းအမည်ရှိသော ထိုကြေးစား ပခုံးထမ်းသမားကို အောင်ကြီးသည် စေ့စေ့စပ်စပ် စစ်ဆေးရွေးချယ်ခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် တောပုန်းကြီးမိုးကျော် လွှမ်းမိုးကြီးစိုးရာနယ်မြေအတွင်းသို့ ပခုံးထမ်းဈေးသည်ကလေးများအနေနှင့် ထိုးဖောက်ဝင်ရောက်လာခဲ့ကြသော အောင်ကြီး၏အဖွဲ့ငယ်တွင် သူတို့တကယ်လုပ်ရမည့် အလုပ်တာဝန်အကြောင်းကို သိရှိသူလူနှစ်ဦးမျှသာပါ၏။ ကျန်တစ်ဦးမှာကား သူတို့၏လျှို့ဝှက်လုပ်ငန်းအကြောင်း ဘာမျှမရိပ်မိ မသိရှိသောကြေးစား ပခုံးထမ်းသမားသက်သက်တစ်ဦးမျှသာဖြစ်၏။

စည်သာမြို့မှ ပခုံးထမ်းကိုယ်စီနှင့် ထွက်လာခဲ့ကြပြီးနောက် အောင်ကြီး၏အဖွဲ့ငယ်သည် မင်းဝံချောင်းရိုးအတိုင်း တစ်ရွာဝင်တစ်ရွာထွက်ကာ သူတို့တွင်ပါလာသော မုန့်ပဲသရေစာများကို ခပ်လေးလေး ခပ်မှန်မှန်ရောင်းချ၍ ကြေးစားပခုံးထမ်းသမား မြသောင်းက အသိအကျွမ်းပေါများသူဖြစ်သည့်အလျောက် သူ၏အသိမိတ်ဆွေများအိမ်တွင် စခန်းချတည်းခိုနိုင်ကြောင်း အဖွဲ့၏ ခေါင်းဆောင်ဖြစ်သူ အောင်ကြီးကို နှစ်ကြိမ်သုံးကြိမ်အထိ ပြောဆိုပြီး အောင်ကြီးသည် မြသောင်း၏အဆိုပြုချက်ကို လက်ခံခြင်းမပြု၊ ကိုယ့်စီးပွား ကိုယ်ရှာရာတွင် တစ်ပါးသူကို

တာဝန်မပေးသင့်ဟု အကြောင်းပြကာ မည်သည့်အိမ်တွင်မျှ တည်းခိုခြင်းမပြု၊ လူအများနှင့်သက်ဆိုင်သော ဘုန်းကြီးကျောင်းနှင့် ဇရပ်များတွင်သာ ခပ်ကုပ်ကုပ် ခပ်လျှိုလျှို တည်းခိုပြီးလျှင် မိမိတို့နှင့်အတူပါလာသော အိုးခွက်ပန်းကန်များဖြင့် ဖြစ်တတ်သလို ချက်ပြုတ်စားသောက်ကြ၏။ ဖြစ်တတ်သလိုအိပ်စက်ကြရ၏။

ပန်းထမ်းအဖွဲ့ငယ်၏ ခေါင်းဆောင်အောင်ကြီးသည် ထွန်းမြတ်ခေါ် မြမင်းကို စခန်းစောင့်အဖြစ် အလုပ်တာဝန်ခွဲဝေပေး၏။ သို့ရာတွင် နားနှင့်မျက်စိများကို ကောင်းစွာဖွင့်ပြုထားရန် အထူးမှာကြားထား၏။ သူ့တာဝန်ကို ကောင်းစွာသိရှိသော စခန်းစောင့်ကလည်း စခန်းတွင် ခပ်ကုပ်ကုပ် ခပ်လျှိုလျှိုနေထိုင်ရင်း ရသမျှသတင်းကိုစုဆောင်း၏။ ရောင်းရင်းဝယ်တာဘက်တွင် အတွေ့အကြုံများပြားပြီး အဆက်အသွယ်ပေါများသူ မြသောင်းကိုမူကား ပါလာသော ပစ္စည်းကလေးများကို ရောင်းချရန်တာဝန်လွှဲ၍ သူကိုယ်တိုင်ကတော့မူ ကြက်ဝိုင်း၊ ကစားဝိုင်းနှင့် အရက်ဝိုင်းများတွင်သာ အချိန်ကုန်လေ့ရှိ၏။ ကြက်ဝိုင်းနှင့် ကစားဝိုင်းများတွင် အရပ်ရပ်အနယ်နယ်မှ လူပေါင်းစုံတွေ့ရ၏။ လူပေါင်းစုံသဖြင့် သတင်းလည်းစုံတတ်၏။ အရက်ဝိုင်းများတွင်မူကား အရက်မူးလာပြီဆိုလျှင် ဦးခေါင်းကိုထိန်းသိမ်းနိုင်စွမ်းမရှိတော့သော အမူးသမားများ၏ ပါးစပ်မှသတင်းစုံ စုဆောင်းနိုင်သည်မဟုတ်သလော။

ယင်းသို့အောင်ကြီးက စခန်းအပြင်သို့ ကစားသမားလိုလို၊ အရက်သမားလိုလိုလုပ်၍ တောပုန်းမိုးကျော်၏ အရပ်ရပ်လှုပ်ရှားသွားလာမှုများနှင့်ပတ်သက်၍ သတင်းအတိုအစကလေးများကို စုဆောင်းရှာဖွေလျက်ရှိစဉ် စခန်းစောင့်အဖြစ်ကျန်ရစ်သော ထွန်းမြတ်ခေါ် မြတ်မင်းကလည်း သူ့အရပ်ဌာနမှ ရနိုင်သမျှသတင်းအတိုအထွာများကို ရှာဖွေစုဆောင်း၏။ သူသည် ဘုန်းတော်ကြီးများကအစ ကိုရင်ကလေးများ၊



ကျောင်းသားကလေးများပါမကျန် စကားပြောဆို၏။ ဘုန်းကြီးကျောင်းသို့ အကြောင်းတစ်မျိုးမဟုတ် တစ်မျိုးနှင့် ဝင်ထွက်လေ့ရှိကြသော ရွာသူရွာသားများနှင့်လည်း စကားမရှိ စကားရှာကာ စကားပြောဆို၏။ နောက်ဆုံးကျောင်းအောက်ထပ်တွင် ခိုကပ်နေရသော ကပ္ပိယအိုကြီးကိုပင် အလွတ်မပေး၊ အကြမ်းခြောက်နှင့် အနုဆုပ်ကလေး လက်ဆောင်ပေးရင်း စကားနှိုက်၏။

ယင်းသို့ အောင်ကြီးနှင့် ထွန်းမြတ်ခေါ် မြတ်မင်းတို့ သူတို့အကြံအစည်နှင့် သူတို့လုပ်ကိုင်နေကြသော လျှို့ဝှက်လုပ်ငန်းအကြောင်း ဘာမျှမရိပ်မိ မသိရှိသော အထမ်းသမား မြသောင်းကတော့မူ နေဝင်မိုးချုပ်လျှင် စောင်ခေါင်းမြီးခြုံ၍ တရှူးရှူးအိပ်စက်၏။ မြသောင်း စောင်ခေါင်းမြီးခြုံကာ အိပ်မောကျနေချိန်များတွင် အောင်ကြီးနှင့် မြမင်းတို့သည် ၎င်းတို့စခန်းချသော ရွာမှ သူတို့အသီးသီး စုဆောင်းရရှိလာကြသော သတင်းအတိုအထွာများနှင့် အစအနကလေးများကို ပေါင်းစပ်ကာ ရက်ရှယ်ကြည့်တတ်ကြ၏။ စဉ်းစားတတ်ကြ၏။

ထိုနေ့အဖို့ ကြက်ဝိုင်းတစ်ဝိုင်းတွင် သူတွေ့ခဲ့ရသော တောပုန်းမိုးကျော်၏ ဂိုဏ်းသားနှင့်တူသော ကြက်သမားတစ်ဦးထံမှ သူကြားသိခဲ့ရသော သတင်းအတိုအစကလေးများအကြောင်းကို အောင်ကြီးက မြမင်းအား ပြန်ပြော၏။ မြမင်းကလည်း ကျောင်းကပ္ပိယကြီးထံမှ သူကြားခဲ့ရသော ဗိုလ်မိုးကျော်၏ အကြောင်းသာမဟုတ်၊ သူ၏လက်ထောက်ဖြစ်သူ ဗိုလ်တောက်ထွန်း၏ သတင်းအစအနကလေးများကို အောင်ကြီးအား ပြန်ပြောပြ၏။

“ဒီတောပုန်းဓားပြလို လူတစ်ယောက်ကို ရွာသားတွေက ခင်ခင်မင်မင်နဲ့ လေးလေးစားစား သဘောထားနေကြတာကို ကျုပ်အနေနဲ့ ဘယ်လိုစဉ်းစားရမှန်း မသိပါဘူးဗျာ...”ဟု အောင်ကြီးသည် သူစဉ်းစားနား

လည်နိုင်ပုံမရသော ကိစ္စတစ်ရပ်ကို ထုတ်ဖော်ပြောကြားလိုက်မိ၏။

တကယ်ဆိုတော့ တောပုန်း၊ ဓားပြဆိုသူများက အကာအကွယ်ကင်းမဲ့နေသော ပြည်သူပြည်သားများအပေါ် လက်နက်ကိုင်ဆောင်၍ အနိုင်ကျင့် ခြိမ်းခြောက်တတ်ကြသူများသာဖြစ်သည်မဟုတ်၊ သူတို့အပေါ် ယင်းသို့အဓမ္မပြုကျင့်ဆက်ဆံတတ်သူများကို ပြည်သူများက ခင်မင်လေးစားနေကြစရာ အကြောင်းမရှိပေ။

"ဒါတွေကို ခေါင်းအလေးခံ အရှုပ်ခံပြီး စဉ်းစားမနေစမ်းပါနဲ့ ကိုအောင်ကြီးရာ...၊ ခင်ဗျားနဲ့ ကျုပ် နှစ်ယောက်တာဝန်ယူလာခဲ့ကြတဲ့ အလုပ်ကိစ္စကိုသာ ချောချောမောမောနဲ့ အောင်အောင်မြင်မြင် ပြီးစီးဖြစ်မြောက်သွားအောင် ခပ်မြန်မြန်ကလေးလုပ်ဖို့ပဲ အရေးကြီးတယ် မဟုတ်လားဗျ"ဟု မြမင်းက သူ၏ပခုံးကိုပုတ်ကာ သူတို့နှစ်ဦး လုပ်ရကိုင်ရမည့် အလုပ်ကိစ္စအကြောင်းကိုသာ သတိပေး ပြောကြားခြင်းပြု၏။

"ဟုတ်ပါတယ်လေ... အခုကျုပ်တို့ စုဆောင်းရထားသမျှ သတင်းအတိုအစကလေးတွေကို ပေါင်းစည်းကြည့်လိုက်ရင် ဗိုလ်မိုးကျော်ဆိုတဲ့ လူဟာ မင်းဝံချောင်းဖျားဘက်လောက်မှာသာ အနေအထိုင်များပြီး ချောင်းတောင်ဘက်ပိုင်းကို လာခဲပြုခဲတယ်လို့ သိရလိမ့်မယ်ဗျ"

"ဟုတ်တယ်ဗျ... ကိုအောင်ကြီး သာမန်အကြောင်းကိစ္စရှိရုံလောက်နဲ့ ဗိုလ်မိုးကျော်ဆိုတဲ့ လူဟာ ချောင်းတောင်ဘက်ပိုင်းကို သူကိုယ်တိုင်လာလေ့မရှိဘဲ သူ့လက်ထောက်ဖြစ်တဲ့ ဗိုလ်တောက်ထွန်းဆိုသူကိုသာ လွှတ်လေ့လွှတ်ထရှိပုံရတယ်"

"ခက်နေတာက ကျုပ်တို့အရေးတကြီး ရှာဖွေကြရမယ့် မြို့စားကြီးဦးကျော်ခေါင်ရဲ့ ကြင်ရာလောင်းသတင်းနဲ့ပတ်သက်လို့ အခုထိ ဘာအစအနကလေးလောက်မှ မရသေးတဲ့ကိစ္စဘဲဗျ... ဗိုလ်မြမင်းရဲ့"အောင်ကြီးက ညည်းညူပြောဆိုလိုက်၏။



"တောပုန်းကြီးမိုးကျော်နဲ့ မြို့စားကြီးကြင်ရာလောင်းခင်အုံတို့ သတင်းတွေကို ရက်အကုန်ခံ၊ လူအပင်ပန်းခံပြီး စုံစမ်းထောက်လှမ်းနေမယ့်အစား မိုးကျော်ရဲ့လက်ထောက်နဲ့ လူရင်းဖြစ်တဲ့ ဗိုလ်တောက်ထွန်းသတင်းကို ကျုပ်တို့ မိမိရရစုံစမ်းထောက်လှမ်းဖို့အရေးကြီးတယ်ဗျ... တောက်ထွန်းဆိုတဲ့ သတ္တဝါကို ကျုပ်တို့ အမိအရဖမ်းနိုင်ရင် ကျန်တဲ့ ပြဿနာတွေ အားလုံးတစ်ခါတည်း ရှင်းလင်းပြေလည်မသွားနိုင်ပေဘူးလားဗျာ..."ဟု သူ့ဟာသူ စဉ်းစားကြံဆထားသောကိစ္စကို မြမင်းက ထုတ်ဖော်ပြောကြား၏။

မြမင်း၏ အကြံအစည်သည် အတော်ကလေး ချက်ကျသဖြင့် အောင်ကြီးသည် အလေးထား စဉ်းစားနေပုံရ၏။ သူ၏တင်ပြချက်ကို အောင်ကြီးအလေးထား စဉ်းစားနေပုံရကြောင်းအကဲခတ်မိသောအခါ "မိုးကျော်ရဲ့ လက်ထောက်နဲ့ လူရင်းဆိုတော့ တောက်ထွန်းဆိုတဲ့ အကောင်ဟာ သူ့ဆရာဝင်တတ်၊ ထွက်တတ်၊ ခိုတတ်၊ အောင်းတတ်တဲ့ အရပ်နေရာနဲ့ စခန်းတွေလောက်သာ မကဘူး မြို့စားကြီးရဲ့ ကြင်ရာလောင်းခင်အုံကို ဖွက်ထားတဲ့ အရပ်နေရာပါ သိနိုင်စရာအကြောင်းမရှိပေဘူးလား ခင်ဗျာ"ဟု မြမင်းက သူ၏စဉ်းစားပုံ စဉ်းစားနည်းရော တွက်ချက်ပုံတွက်ချက်နည်းပါ ထပ်လောင်းပြောကြားလိုက်ပြန်၏။

အောင်ကြီးသည် မြမင်း၏ စဉ်းစားတွက်ချက်ပုံကို တစ်စထက်တစ်စ လေးနက်လာပုံရ၏။ ထို့ကြောင့် "ခင်ဗျားပြောတာလည်း စဉ်းစားစရာပဲဗျ ဗိုလ်မြမင်း..."ဟု ပြန်လည်ပြောကြားပြီးနောက် သူ့ဟာသူ ဆက်လက်စဉ်းစားနေပုံရ၏။

"တောက်ထွန်းဆိုတဲ့ အကောင်ဟာ ပျော်ပျော်ပါးပါး နေတတ်ထိုင်တတ်တဲ့ သတ္တဝါတစ်ကောင်နဲ့ တူတယ်ဗျ... ကိုအောင်ကြီး... သူ့ အကြောင်း ဟိုကဒီက ပြောသံဆိုသံ ကြားထားရသလောက်ကတော့ ဒီ

သတ္တဝါဟာ ကြက်ဝိုင်းကောင်းကောင်းတွေ့ရင်လည်း ဝင်ထိုင်တတ်ပြီး ထန်းရည်ဝိုင်းကောင်းကောင်းတွေ့ရင်လည်း ဝင်ရောတတ်နှောတတ် တယ်တဲ့ဗျ..."

"အင်း... အင်း... အင်း..."

"ရယ်စရာ မောစရာလည်း ပြောတတ်ပြီး အတီးအမှုတ်နဲ့ အကအ ခုန်ဘက်မှာလည်း အထုံဝါသနာ အားကြီးတယ်တဲ့ဗျ..."

"ဗိုလ်တောက်ထွန်း တောပုန်းဓားပြဂိုဏ်းထဲ မရောက်ခင်က ဘာ လုပ်ဖူးသတဲ့လဲဗျ..."ဟု အောင်ကြီးက ဗိုလ်တောက်ထွန်းအား သိရှိ ထားတန်သလောက် သိရှိထားလိုဟန်ဖြင့် မေးမြန်းလိုက်၏။

"အဲဒါတော့ ကျုပ်မသိဘူးဗျ... ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ... မိုးကျော်လို သတ္တဝါထက်စာရင် တောက်ထွန်းဆိုတဲ့ အကောင်ကို ကျုပ်တို့ လိုက် ဖို့ ကိုင်ဖို့လွယ်လိမ့်မယ်ထင်တာဘဲဗျ..."ဟု မြမင်းက သူ၏တွက်ကိန်း ကိုပြောဆိုလိုက်သောအခါ "ဟုတ်တယ်ဗျို့၊ ဒီအတိုင်းသာဆိုရင်တော့ မိုးကျော်ထက် တောက်ထွန်းကို လိုက်ရတာ ကျုပ်တို့ကို လွယ်စရာအ ကြောင်းရှိတယ်။ အလုပ်ဖြစ်နိုင်စရာ အကြောင်းလည်းရှိတယ်ဗျ ဗိုလ် မြမင်း..."ဟု အောင်ကြီးကလည်း မြမင်းစဉ်းစားလျက်ရှိသော အတွေး လမ်းကြောင်းအတိုင်း စဉ်းစားတွေးတောလေ့လာဟန်ဖြင့် အားပါးတရ ပြောဆိုလိုက်၏။

## [၂]

ယင်းသို့ ရာဇဝတ်အကျဉ်းသားအောင်ကြီး ဦးစီးသော ပခုံးထမ်း ဈေးသည်အဖွဲ့ငယ်သည် စည်သာမြို့မှ ထွက်လာခဲ့ကြပြီး နောက်သီတင်း တစ်ပတ်သာသာ နှစ်ပတ်ခန့်လောက်အကြာတွင် သူတို့ကျစ်ကျစ်လျစ် လျစ်နှင့် သိပ်သိပ်သည်းသည်း လုပ်ကိုင်နေကြရသော အလုပ်ကိစ္စနှင့်



ပတ်သက်၍ အရေးပါသော သတင်းနှင့် အချက်အလက်အတော်များ များ တစ်စထက်တစ်စ စုဆောင်းရရှိလာခဲ့ကြ၏။ ကိုယ်နှင့် အဘယ်ကဲ့ သို့မျှ ရင်းနှီးကျွမ်းဝင်ခြင်းလည်းမရှိသော ရန်သူ့နယ်မြေအတွင်းသို့ သတိ ကိုသာ ကတုတ်လုပ်၍ ထိုးဖောက်ဝင်ရောက်လာခဲ့ကြပြီးနောက် သူ၏ ခြေရာလက်ရာများကို နောက်ယောင်ခံလိုက်ရသော အလုပ်သည် သာ မန်စွန့်စားရသော အလုပ်အကိုင်မျိုး မဟုတ်ပေ။ အလွန်တရာ ဘေး အန္တရာယ် ထူပြောကြီးမားသော အလုပ်ဖြစ်၏။ ထိုအလုပ်အကိုင်မျိုး သည် အနည်းငယ်မျှ အတိမ်းအစောင်း အမှားအယွင်းမခံတတ်၊ သာမန် တိမ်းစောင်းရုံမျှနှင့် အသက်ပေးကြရသောလုပ်ငန်းဖြစ်၏။ ထို့ကြောင့် ရန်သူ၏ခြေရာလက်ရာကို နောက်ယောင်ခံလိုက်ရင်း ကိုယ့်ခြေရာ လက် ရာများ ပေါ်မသွားရအောင်နှင့် ရန်သူက မရိပ်စားမိသွားအောင် ကြီးစွာ သော သတိဝီရိယများထားရှိရ၏။ ကြောင့်ကြစိုက်လုံးပန်းရ၏။ သတိ လစ်၍ မိမိ၏ခြေရာလက်ရာများသာ ပေါ်သွားပါက အသက်နှင့်ကိုယ် မြဲ၍ ကိုယ့်အိမ်ကိုယ့်ရာနှင့် ကိုယ့်ရပ်ကိုယ့်ရွာသို့ပြန်လည်ရောက်ရှိရန် အခွင့်အလမ်းမရှိတော့ပေ။ ရန်သူ့နယ်မြေအတွင်း ခွေးသေဝက်သေ သေ ရမည် မဟုတ်သလော။

ကြေးစားသမား တစ်ဦးပီပီ အောင်ကြီးသည် သူ၏အဖွဲ့ငယ်ကိုဦး ဆောင်၍ သူ၏အလုပ်တာဝန်ကို ထမ်းဆောင်ခြင်းပြုရာတွင် ပိရိသိပ် သည်းခြင်းရှိသလောက် ဇွဲစပ်သေချာမှုနှင့်လည်းပြည့်စုံ၏။ ရန်သူကို ထိုးနှက်ဖို့အရေးထက် ကိုယ့်တပ်ဖွဲ့၏လုံခြုံရေးကို ဦးစားပေးတတ်၏။ ကိုယ်ကစားဖို့အရေးထက် ကိုယ်အစားမခံရဖို့ အရေးသည် အဓိကဖြစ် သည်မဟုတ်သလော။ ကိုယ်ကစားတော့မည်ဆိုလျှင်လည်း အလွန်တ ရာမိလောက်၊ ပိုင်လောက်၍ စိတ်ချသေချာလောက်မှသာ စားရာသည် မဟုတ်သလော။ တစ်ဝက်တစ်ပျက်သေချာသော အလုပ်မျိုးကိုအသက်

ထက်ဆုံးရှောင်ကြဉ်၏။ သူကသာ ရန်သူကို ရှာဖွေနေသော်လည်း ထိုအကြောင်းကို ရန်သူက အဘယ်သို့မျှမရိပ်မိ၊ မသိရှိရအောင် သူ့ကိုယ်သူ ဖျောက်တတ်၏။

မိမိထက် အဘက်ဘက်တွင် သာလွန်အားကြီးနေသော ရန်သူကို ကြံစည်ရာတွင် အချိန်သည် များစွာစကားပြော၏။ တကယ်ဆိုတော့ သူသည် အချိန်ကိုလှု၍ သို့မဟုတ် အချိန်နှင့် နပန်းလုံးကာ လုပ်ရကိုင်ရသော အလုပ်အကိုင်တစ်ခုကိုလုပ်ကိုင်နေရသော တပ်မှူးကြီးလည်း ဖြစ်၏။ ထို့ကြောင့် အချိန်ကို များစွာအလေးထားရ၏။ လုလည်းလုရ၏။ တစ်ချိန်တည်းမှာပင် အချိန်ကိုကောင်းစွာယူရပြန်၏။ ယင်းသို့ အခက်အခဲအကျပ်အတည်းနှင့် ပဋိပက္ခပေါင်းမြောက်မြားစွာတို့ကို ကျော်လွှားဖြတ်သွားရင်း အောင်ကြီးသည် သူ၏တပ်ဖွဲ့ငယ်ကိုဦးဆောင်၍ ချီတက်လာခဲ့ရ၏။ မင်းဝံချောင်းရိုးအတိုင်း ပခုံးထမ်းဈေးသည်ကလေးများအသွင်ဖြင့် တစ်ရွာဝင် တစ်ရွာထွက် ဆန်တက်နိုင်ခဲ့၏။ ရွာပေါင်းလေးငါးဆယ်ရွာကို ဝင်ထွက်ဖြတ်သန်းရင်း ရန်သူ၏ခြေရာကိုခံကာ ကိုယ့်ခြေရာကိုဖျောက်ထားနိုင်စွမ်းရှိ၏။

ယင်းသို့ သတိကို ကတုတ်လုပ်ကာ ပိပိရိရိနှင့် ကျစ်ကျစ်လျစ်လျစ် သွားလာလှုပ်ရှားနိုင်ခဲ့ခြင်းကြောင့်သာ အောင်ကြီးတပ်မင်းလုပ်သောတပ်ဖွဲ့ငယ်သည် အတိမ်းအစောင်းနှင့် အမှားအယွင်းများမရှိသေးဘဲ ရန်သူ့နယ်မြေအတွင်းသို့ ခရီးဆန့်လာနိုင်ကြခြင်းလည်းဖြစ်၏။ သူတာဝန်ယူလာခဲ့သော အလုပ်ကိစ္စနှင့်ပတ်သက်၍ အရေးပါသော သတင်းနှင့် အချက်အလက်အတော်များများကိုလည်း တစ်စထက်တစ်စ စုဆောင်းရရှိလာခဲ့ကြခြင်းဖြစ်၏။ စည်သာမြို့မှ စတင်ခရီးထွက်လာခဲ့ပြီးနောက် သီတင်းတစ်ပတ်ခန့်သာသာ နှစ်ပတ်ခန့်အကြာတွင် အောင်ကြီး၏အဖွဲ့သည် ကျေးရွာပေါင်း လေးငါးဆယ်ရွာခန့် ဘေးမသီရန်မခ ဖြတ်သန်း



လာခဲ့ပြီးနောက် မင်းဝံချောင်းဖျားပိုင်းသို့ တဖြည်းဖြည်းခြေချလာနိုင်ခဲ့ကြ၏။ သို့ရာတွင် မင်းဝံချောင်းဖျားဘက်ရှိ ကျေးရွာများသည် အောက်ပိုင်းဘက်မှ ကျေးရွာများကဲ့သို့ မဟုတ်ကြပေ။ မင်းဝံချောင်းရိုး၏ အောက်ဘက်ပိုင်းကျေးရွာများသည် တောပုန်းကြီးမိုးကျော် လွှမ်းမိုးကြီးစိုးလျက်ရှိသော ချောင်းဖျားဒေသနှင့် မြို့စားကြီးဦးကျော်ခေါင်၏ အာဏာစက်စူးရှသော စည်သာမြို့အကြားတွင်ရှိ၍ နှစ်ဖက်ခွထားကြသော ကျေးရွာများဖြစ်၏။ ထိုကျေးရွာသူ ရွာသားများသည် ရတနာပုံနေပြည်တော်ရှိ မြန်မာဘုရင့်အစိုးရ၏ တန်ခိုးအာဏာစက်ကို ကိုယ်စားပြုသော စည်သာမြို့စားကြီးနှင့်လည်း အထိုက်အလျောက် ဆက်ဆံတတ်ကြသလို မင်းဝံချောင်းဖျားကို ချုပ်ကိုင်ထားသော တောပုန်းကြီးမိုးကျော်ကိုလည်း ပြေပြေပြစ်ပြစ်ဆက်ဆံကြ၏။ သို့ရာတွင် မည်သည့်ဘက်သို့မျှ တိတိလင်းလင်း ဘက်မလိုက်ကြသေးပေ။ သူတို့၏အတွင်းစိတ်များကတော့မူ မိုးကျော်ဘက်သို့များစွာ ကိုင်းရိုင်းတိမ်းညွတ်လျက်ရှိကြောင်း ကောင်းစွာအကဲခတ်နိုင်၏။ သို့ရာတွင် မင်းဝံချောင်းဖျားတစ်ဝိုက်ရှိ ကျေးရွာများနှင့် ရွာသူရွာသားများမှုကား ထိုကဲ့သို့မဟုတ်ကြတော့ချေ။ စည်သာအုပ်ချုပ်ရေးကို ခါးခါးသီးသီးဆန့်ကျင်ကာ တောပုန်းကြီးမိုးကျော်ဘက်တွင် ပြတ်ပြတ်သားသားရပ်သူများဖြစ်ကြ၏။ သူတို့က မိုးကျော်ကို တောပုန်းကြီးဟူ၍မခေါ် ဗိုလ်မင်းကြီးဟု အလေးအမြတ်ခေါ်ဝေါ်တတ်ကြ၏။ မိုးကျော်၏လူများကိုလည်း အရေးတော်ပုံတပ်သားများဟု ခေါ်ဝေါ်ရည်ညွှန်းလျက်ရှိကြ၏။ တကယ်ဆိုတော့ မင်းဝံချောင်းဖျားဒေသကို တောပုန်းကြီးမိုးကျော်သည် အခိုင်အခံ့စည်းရုံးသိမ်းသွင်းထားပြီးဖြစ်ပုံရ၏။

မင်းဝံချောင်းဖျားအစပ်ရှိ ကျေးရွာ နှစ်ရွာ၊ သုံးရွာခန့်မျှလောက် ဝင်ထွက်မိလျှင်ပင် ရှေ့လျှောက် သူဖြတ်သန်းသွားလာရမည့်နယ်မြေဒေသ

သည် သူ၏ကျောနောက်တွင် ကျန်ရစ်ခဲ့ပြီဖြစ်သော အရပ်ဒေသများကဲ့သို့မဟုတ်တော့ဘဲ များစွာအလေးထားသွားလာလှုပ်ရှားခြင်းပြုရမည့် နယ်မြေကြီးဖြစ်ကြောင်း အောင်ကြီးသည် ကောင်းစွာသတိထား လေ့လာမိ၏။ သူတို့အဖွဲ့ငယ်၏ ဇာတိပကတိရုပ်ကို အတတ်နိုင်ဆုံး ဖုံးဖိခြင်းပြုနိုင်စွမ်းရှိဖို့အရေးသည် တကယ့်အရေးနှင့် မဟာအရေးဖြစ်ကြောင်း ကောင်းစွာသဘောပေါက်နားလည်လာ၏။ ရန်သူနှင့် ရန်သူ၏မိတ်ဆွေများ ဝိုင်းဝိုင်းလည်နေသော အရပ်ဒေသမျိုးတွင် အနည်းငယ်မျှ မှားယွင်းချွတ်ချော်၍မဖြစ်၊ အလွန်သတိဝီရိယထားရှိရလိမ့်မည်ဖြစ်၏။ ဤကဲ့သို့ မိမိတို့ကိုယ်ကို လုံခြုံအောင်ထိန်းသိမ်းစောင့်ရှောက်နိုင်လျှင် ထိုကဲ့သို့နယ်မြေမျိုး၌ အလုပ်လုပ်ရန် သက်သာချောင်ချိနိုင်၏။ အဘယ့်ကြောင့်ဆိုသော် သူတို့၏ အမာခံဒေသမျိုးတွင် ရန်သူနှင့် ရန်သူ၏မိတ်ဆွေများသည် သတိလက်လွှတ်နေထိုင်ပြောဆိုတတ်ကြသောကြောင့်ပင်ဖြစ်၏။

ထိုကဲ့သို့ အကျိုးအပြစ်များကို အဘက်ဘက်မှ စဉ်းစားတွက်ချက်၍လာပုံရသော အောင်ကြီးက "ချောင်းဖျားဒေသဘက်ကို ဝင်လာခဲ့ကြပြီးတဲ့နောက်ပိုင်းမှာ အရင်ကထက် ကျုပ်တို့သတိဝီရိယရှိပြီးကျစ်လျစ်သိပ်သည်းဖို့ လိုလိမ့်မယ်ထင်တယ်"ဟု သူ၏ လုပ်ဖော်ကိုင်ဖက်ကို သတိပေးစကားပြောဆိုလိုက်၏။

"ကျွန်တော်လည်း ခင်ဗျားအခုပြောလိုက်တဲ့ အချက်ကို စဉ်းစားနေတယ်ဗျ ကိုအောင်ကြီး... ဒီအပိုင်းက လူတွေဟာ ဗိုလ်မိုးကျော်နဲ့ တစ်စိတ်တစ်ဝမ်းတည်းလိုဖြစ်နေကြပုံရတယ်" ဟု မြမင်းကလည်း သူအကဲခတ် လေ့လာရထားသမျှကို ထုတ်ဖော်ပြော၏။

"ဒါပေမဲ့ ကျွန်တော်တို့အဖို့ အခွင့်အလမ်းသာလာတာတစ်ခုတော့ တွေ့ရတယ်... ဒီအရပ်ကလူတွေဟာ ဘာမှ အကြောက်အလန့်မရှိဘဲ



ဗိုလ်မိုးကျော်နဲ့ သူ့လူတွေအကြောင်းကို ပြောရိုးပြောစဉ်အတိုင်း အော်ကျယ်ဟစ်ကျယ်ပြောတတ်ဆိုတတ်ကြတဲ့ ကိစ္စပဲဗျ"

"ဟုတ်တယ် ကိုအောင်ကြီး... ဒီလူတွေ ခုလိုပြောကြ ဆိုကြပုံမျိုးနဲ့ဆိုရင် ကျုပ်တို့ အရေးတကြီးကြားချင်သိချင်နေကြတဲ့ သတင်းတွေကို ခပ်လွယ်လွယ်နဲ့ ရနိုင်လိမ့်မယ်ထင်တယ်"

"မနေ့က ညနေဘက် ကျုပ်ချောင်းဝကြီးထဲ ရေချိုးအဆင်းမှာ ရွာသားနှစ်ယောက် နွားရေတိုက်ရင်းပြောနေကြတဲ့ ဗိုလ်မိုးကျော်အကြောင်းတောင် ကြားလာခဲ့ရတယ်"

"ဘယ်လိုအကြောင်းလဲဗျ..."

"လူကြီးတစ်ယောက်က ဗိုလ်မိုးတစ်ယောက် ခုတလော သူတို့ရွာပေါ်မလာတာ တော်တော်ကလေး ကြာသွားပြီဆိုတဲ့အကြောင်း တမ်းတမ်းတတနဲ့ ပြောတော့... ကျန်တဲ့တစ်ယောက်က ဗိုလ်မိုးကျော် တို့ရွာဘက် ဘယ်လာပါ့မလဲကွာ... သူ့ခမျာ ချောင်းဖျားက ညောင်နီပင်ဘက်ချည်း ခရီးလှည့်နေရလို့နဲ့တူပါတယ်လို့ ပြောသံကြားလိုက်ရတယ်ဗျ...၊ အဲဒီတော့ ညောင်နီပင်ဆိုတဲ့ရွာအကြောင်း ခင်ဗျား ထူးထူးခြားခြားသိထားတာ ဘာများရှိသလဲဗျ ဗိုလ်မြမင်း"ဟု ဗိုလ်မိုးကျော်နှင့် ပတ်သက်၍ သူကြားလာခဲ့ရသော သတင်းအကြောင်းပြောကြားရင်း သူကြားသိလိုသော ညောင်နီပင်ရွာအကြောင်းကို အောင်ကြီးကမေး၏။

"ညောင်နီပင်ဆိုတဲ့ရွာက ချောင်းဖျားအကျဆုံး ရွာကြီးတစ်ရွာဆိုတဲ့အကြောင်းလောက်ပဲ ကျွန်တော်ကြားဖူးတယ်။ ညောင်နီပင် အထက်ဆိုရင် ရိုးမပဲရှိတော့တယ်"ဟု မြမင်းက သူကြားဖူးနားဝရှိသလောက် ညောင်နီပင်ရွာ၏ အကြောင်းကို ပြန်လည်ဖြေကြား၏။

"ခုတလော မိုးကျော်ညောင်နီပင်ဘက်ချည်း ခရီးလှည့်နေရတာကိုထောက်ရင် အဲဒီရွာမှာ သူ့အဖို့အရေးကြီးတာ တစ်ခုခုပဲဖြစ်ဖြစ်၊ ထူး

ခြားတာတစ်ခုခုပဲဖြစ်ဖြစ် ရှိနေလို့သာဖြစ်နိုင်စရာအကြောင်း မရှိပေဘူးလားဗျ ဗိုလ်မြမင်း"

"ဗိုလ်တောက်ထွန်းသတင်းနဲ့ပတ်သက်လို့လည်း သူတို့ရွာဘက်မဝင်တာ မထွက်တာ ကြာပြီဖြစ်တဲ့အကြောင်းနဲ့ ညောင်နီပင်ဘက်ကို ခြေဦးလှည့်နေပုံရတယ်ဆိုတဲ့အကြောင်း သူတို့ရွာသားတွေအချင်းချင်း ပြောသံဆိုသံလည်း ကျွန်တော်ကြားထားရတာရှိတယ်ဗျို့ ကိုအောင်ကြီး"

အောင်ကြီးသည် အတန်ကြာ ငိုင်၍ စဉ်းစားနေပြီးမှ "ဒီလိုဆိုရင် ညောင်နီပင်ကအကြောင်း ကျွန်တော်တို့ အလေးထားပြီး ပိပိရိရိ စုံစမ်းဖို့လိုအပ်လာပြီထင်တယ်"ဟု သူ၏ ထင်မြင်ချက်ကို ပြောဆို၏။

"ဗိုလ်မိုးကျော်ရော ဗိုလ်တောက်ထွန်းပါ အဝင်အထွက်များနေတဲ့ ညောင်နီပင်အကြောင်းကို စုံစမ်းထောက်လှမ်းဖို့အကြောင်းလိုအပ်တာလည်း မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ အဓိက ဦးတည်ချက်ဖြစ်တဲ့ မြို့စားကြီးရဲ့ ကြင်ရာလောင်း ခင်အုံနဲ့ပတ်သက်လို့ ဘာသတင်းအစအနကလေးမှ မရသေးတာက ခက်တယ် ကိုအောင်ကြီး"ဟု မြမင်းက ညည်းညူပြောကြားလိုက်၏။

"ခင်ဗျားသတိပေးတာဟုတ်တယ်ဗျ ဗိုလ်မြမင်း၊ ကျုပ်တို့ ခရီးထွက်လာတာ သီတင်းနှစ်ပတ်တောင် သာလာခဲ့ပြီ၊ ကနေ့ထိ ခင်အုံအကြောင်း ဘာသတင်းအစအနမှ မရကြသေးဘူးဗျာ"

"သူတို့ ခက်ခက်ခဲခဲ စွန့်စွန့်စားစား ဆွဲလာခဲ့တဲ့ မြို့စားကြီးရဲ့ ကြင်ရာလောင်းကိုတော့ တောပုန်းကြီးမိုးကျော်တို့လူသိုက်ဟာ အင်မတန်လုံခြုံစိတ်ချရတဲ့ ချောင်ကောင်းကောင်းတစ်နေရာမှာ ဖွက်ထားလိမ့်မယ်ထင်တယ်။ ခင်အုံကိုဖွက်ထားတဲ့ နေရာကိုလည်း မိုးကျော်ဟာ သူတို့လူတွေကိုတောင် အသိပေးချင်မှလည်း ပေးလိမ့်မယ်ထင်တယ်"

"ဒါပေမဲ့ သူ့လက်ထောက်နဲ့ လူရင်းဖြစ်တဲ့ ဗိုလ်တောက်ထွန်း တစ်



ယောက်လောက်ကိုတော့ မိုးကျော်အနေနဲ့ အသိပေးထားနိုင်စရာအကြောင်းကော မရှိနိုင်ပေဘူးလားဗျာ"

"ခင်ဗျားစဉ်းစားပုံ ကျွန်တော်သဘောကျတယ်ဗျို့ ဗိုလ်မြမင်း၊ တကယ်လို့သာ ဗိုလ်တောက်ထွန်းကို အမိအရဖမ်းနိုင်မယ်ဆိုရင် ခင်အုံကိုပါ ရနိုင်စရာအကြောင်းမရှိပေဘူးလားဗျာ"

"ခင်ဗျားပြောတာဟုတ်တယ် ကိုအောင်ကြီး၊ ကျွန်တော်တို့ တကယ်လုပ်ရမယ့် အလုပ်က ဗိုလ်တောက်ထွန်းကို အမိအရလိုက်ဖို့ပဲ ရှိတော့တယ်ဗျ"ဟု ဗိုလ်မြမင်းက အားတက်သရော ပြောဆိုလာ၏။

"တစ်ခါက ခင်ဗျားပြောဖူးသလို သောက်သောက်စားစားနဲ့ ပေါ့ပေါ့ပါးပါးနေတတ်ထိုင်တတ်တဲ့ ဗိုလ်တောက်ထွန်းလို လူတစ်ယောက်ကို ခြေရာခံရတာကော လုပ်ရ ကြံရတာကော လွယ်ပါတယ်။ အဲဒီတော့ ... ဥစ္စာရင်လို ဥစ္စာရင်ခဲဆိုတဲ့ စကားအတိုင်း စည်သာမြို့စားကြီး အငမ်းမရအလိုရှိနေတဲ့ သူ့ကြင်ရာလောင်းခင်အုံကို အမြန်ဆုံးရနိုင်ဖို့အတွက် ခုအချိန်ကစပြီး ဗိုလ်တောက်ထွန်းကိုခြေရာခံပြီး မရအရကြံဖို့ လုပ်ရကိုင်ရလိမ့်မယ်။ ဒါပေမဲ့ ဗိုလ်တောက်ထွန်းဆိုတာကို လူချင်းတွေ့ဖူးမြင်ဖူးတာမဟုတ်တော့ ရွာလယ်လမ်းမကြီးမှာ ကျွန်တော့်ကိုပခုံးချင်း ဝင်တိုက်သွားတာတောင် ဘယ်လိုလုပ်သိပါ့မလဲဗျ"

"ကျွန်တော်လည်း တိုက်ပွဲသာ ဖြစ်ခဲ့ဖူးပေမဲ့ ဒီလူကို လူချင်းမတွေ့ဖူးဘူးဗျ"

"ကျွန်တော်တို့ မသိပေမဲ့ သူ့ကိုသိနေ ကျွမ်းနေတဲ့ ရွာသားတစ်ယောက်ယောက်ဆီက တစ်ဆင့်သိနိုင်စရာ အကြောင်းရှိပါတယ်ဗျာ"

တောပုန်းကြီးမိုးကျော် ကောင်းစွာ သိမ်းသွင်းစည်းရုံးထားပုံရသော မင်းဝံချောင်းဖျားဘက်သို့ နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက်လာနိုင်ခဲ့သည်နှင့်အမျှ အောင်ကြီး၏အဖွဲ့ငယ်သည် သူတို့သတိဝီရိယကြီး

မားစွာဖြင့် လုပ်နေကိုင်နေရသော အလုပ်ကိစ္စနှင့်ပတ်သက်၍ တစ်စထက်တစ်စ သတင်းနှင့် အချက်အလက်များ ကောင်းစွာစုဆောင်းရရှိလာ၏။ ယင်းသို့ သတင်းနှင့် အချက်အလက်များ ကြွယ်ကြွယ်ဝဝရှိလာသည်နှင့်အမျှ သူတို့နှင့် သူတို့၏ လုပ်ငန်းခွင်သည် ဘာမျှအလှမ်းမဝေးလှတော့ဘဲ အလွန်တရာ နီးစပ်လျက်ရှိနေပြီဖြစ်ကြောင်းကို ကောင်းစွာ ရိပ်မိသိရှိလာကြ၏။ ထို့ကြောင့် အဖွဲ့ငယ်၏ အကြီးအမှူးဖြစ်သော အောင်ကြီးသည် ပိုမို၍ သတိဝီရိယထားရှိလာရ၏။ သူ့ခြေသံကိုလုံအောင်ထိန်း၍ ရန်သူ့ခြေသံကို ကြားနိုင်သမျှကြားအောင် နားကိုစွင့်ရ၏။ တကယ်ဆိုတော့ သူတို့အဖွဲ့ငယ်နှင့် ရင်ဆိုင်ရမည့်ရန်သူသည် သူတို့ထက် အဆပေါင်းများစွာ ကြီးမားသာလွန်သူများသာဖြစ်ကြသည် မဟုတ်သလော။ တိုက်ပွဲဆင်ရသည့် နယ်မြေသည်လည်း ကြားနယ်မြေမျှပင်မဟုတ်၊ သူ့နယ်မြေဖြစ်၏။ ထို့ကြောင့် ကိုယ့်ဘက်က လက်ဦးမှုနှင့်အပေါ်စီးမရရအောင် ယူတတ်ဖို့ အလွန်တရာအရေးကြီး၏။ သို့ရာတွင် လက်ဦးမှုနှင့် အပေါ်စီးရရှိသည့်တိုင်အောင် အချိန်ကိုရအောင်လုဖို့ကျန်ရှိနေသေး၏။ အချိန်ကို ရအောင်မလုနိုင်ပါက သူ့နယ်မြေအတွင်းဖြစ်၍ မိုးကျော်၏လူများက သူတို့အဖွဲ့ငယ်ကို အမဲဖျက်သလို ဝိုင်းဖျက်ကြလိမ့်မည်ဖြစ်သည်မဟုတ်သလော။ အချိန်ကို ချုပ်ကိုင်မိသည့်တိုင်အောင်လည်း နယ်မြေကိုလုဖို့ ကျန်ရှိနေသေး၏။ ကျယ်ဝန်းလှသောရန်သူ့နယ်မြေအတွင်းမှ မိန်းမသားတစ်ယောက်ကို ထမ်းပိုးသယ်ဆောင်၍ လွတ်မြောက်အောင် ထွက်ရမည့်အရေးသည် သေးငယ်လှသော အမှုကိစ္စမဟုတ်ပေ။ သူတို့လုပ်ရကိုင်ရတော့မည့်လုပ်ငန်းသည် လက်ဦးမှုရှိရှိနှင့် အပေါ်စီးမရရအောင် ယူပြီးနောက် အချိန်တိုအတွင်း ကိုယ့်နယ်မြေကို မရောက်ရောက်အောင် ပြန်ပြေးရမည့် လုပ်ငန်းဖြစ်၏။

ထောင့်တစ်သက် လွတ်ရက်မရှိသော ရာဇဝတ်အကျဉ်းသားဘဝ



မှ လွတ်မြောက်ရေးအတွက် သူ့ဘဝတစ်လျှောက်လုံး ကြေးစားလုပ်ငန်းမျိုးသာ လုပ်ကိုင်စားသောက်လာခဲ့သော အောင်ကြီးသည် သူ့ကိုယ်သူကောင်းစွာပြင်ဆင်၏။ သူ၏လက်ထောက်ဖြစ်သူ ဗိုလ်မြမင်းကိုလည်းရပ်ပိုင်းအရရော စိတ်ဓာတ်အရပါ သူတို့လုပ်ကိုင်ရတော့မည့်လုပ်ငန်းနှင့်အံဝင်ခွင်ကျဖြစ်အောင် ပြင်ဆင်၍ပေး၏။

❐

# ဗိုလ်တောက်ထွန်း

## [ ၁ ]

မင်းဝံချောင်းဖျားဘက်ရှိ ကျေးရွာကြီးတစ်ရွာ၌ သူတို့တွင်ကျန်ရှိနေသေးသော ကုန်ပစ္စည်းကလေးများကို အပြီးသတ်ရှင်းလင်းရောင်းချလိုက်ကြပြီးနောက် တောပုန်းဓားပြဂိုဏ်းကြီးကို ဦးစီးရှေ့ဆောင်နေကြသော ဗိုလ်မိုးကျော်နှင့် ဗိုလ်တောက်ထွန်းတို့နှစ်ဦး အဝင်အထွက်ရှိသည်ဆိုသော ညောင်နီပင်ရွာသို့ မသိမသာကူးကာ တစေ့တစောင်း အကဲခတ်လေ့လာရန် စဉ်းစားတိုင်ပင်နေကြခိုက် တစ်နေ့သောအခါ အောင်ကြီးသည် ဗိုလ်တောက်ထွန်းနှင့် ပတ်သက်၍ အလေးထား စိတ်ဝင်စားစရာသတင်းတစ်ခုကို မမျှော်လင့်ဘဲ ရရှိလာခဲ့၏။ ထိုသတင်းကို ရရှိလာခဲ့သော အရပ်နေရာမှာ ထန်းရည်ဝိုင်းဖြစ်၏။ ထန်းရည်ဝိုင်းဆိုသည်မှာ ပျော်ချင်ပါးချင်၍ သောက်စားမူးယစ်တတ်သူများ စုစည်းပေါင်းဆုံရာ အစည်းအရုံးတစ်ခုဖြစ်သည် မဟုတ်သလော။ တစ်ချိန်တည်းမှာပင် အရပ်လေးမျက်နှာမှ သိလာကြားလာခဲ့သော သတင်းအတိုအထွာ အရပ်ရပ် တစ်ယောက်တစ်ပေါက် ပြောဆိုရာ အရပ်နေရာလည်းဖြစ်၏။





ထန်းရည်မူးတော့ ကျွဲခိုးပေါ်ဆိုသော စကားရှိသည့်အတိုင်း ရွာဦးကျောင်းဘုန်းတော်ကြီးနှင့် သူ၏ ကျောင်းအစ်မကြီးတို့ ငြိစွန်းနေကြသည်ဆိုသော ရပ်ရေးရွာရေး သတင်းမျိုးကအစ နေပြည်တော်၌ သီပေါဘုရင့် အစိုးရကို ဘုံဘောဘားမားသစ်တော ကုမ္ပဏီကိစ္စနှင့်ပတ်သက်၍ အင်္ဂလိပ် အစိုးရမင်းများက တင်းတင်းမာမာ ရာဇသံပေးပို့ထားကြသည်ဆိုသော တိုင်းရေးပြည်ရေးသတင်းမျိုးအထိ ရောက်တတ်ရာရာနှင့် ပေါက်ကရ ပြောတတ်ဆိုတတ်ကြသည်မဟုတ်သလော။

ထန်းရည်ဝိုင်းမှာ ရွာအပြင်ဘက် ထန်းတောအတွင်းရှိ ထန်းသမားတဲ၏ဘေး၊ ဘူးစင်အောက်တွင်ဖြစ်၏။ အရိပ်အာဝါသကလည်းကောင်းသည့်အပြင် မျက်စိပသာဒအနေနှင့် စိမ်းစိမ်းစိုစို ဝေဝေဆာဆာရှိ၏။ ထိုကဲ့သို့ စိမ်းစိမ်းစိုစိုနှင့် အရိပ်အာဝါသကောင်းသော အရပ်နေရာမျိုးတွင် ငှက်ခါးတောင်ပင်ကျရည်ကို ခွက်လှည့်သောက်ကြရင်း ထန်းရည်သမားများသည် ရောက်တတ်တတ်ရာရာ ပြောဆိုလျက်ရှိနေကြရာမှ အောင်ကြီးသည် မမျှော်လင့်ဘဲ ဗိုလ်တောက်ထွန်း၏ လှုပ်ရှားမှုသတင်းကို ရရှိလာခဲ့ခြင်းဖြစ်၏။

အောင်ကြီးဝင်ထိုင်မိသော ထန်းရည်ဝိုင်းတွင် ရွာခံလူနှစ်ယောက်နှင့် အခြားရွာ တစ်ရွာရွာမှ ဖြစ်ဟန်တူသော လူတစ်ယောက်အပါအဝင် စုစုပေါင်း လူလေးယောက်ရှိ၏။ ထန်းရည်ဝိုင်းတွင် ကိုယ့်ရည်ရွယ်ချက်နှင့်ကိုယ် ဝင်ရောက်သူဖြစ်၍ အောင်ကြီးသည် မူးယစ်လောက်အောင် သောက်စားခြင်း မပြုချေ။ ရေကောင်းအောင်လောက်သာ သောက်၏။ ထိုသို့ရောနှော၍ သောက်ရင်း အခြားအသောက်သမားများနှုတ်မှ ထွက်လာသော စကားများကိုသာ အလေးဂရုပြု၍ နားထောင်ခြင်းပြုတတ်၏။ ထိုသို့နားထောင်ရင်း သူစိတ်ဝင်စားသိရှိလိုသော အချက်အလက်များကို တစ်ခါတစ်ခါဝင်၍ ထောက်တတ်၏။

ထိုနေ့ညနေက ထန်းရည်ဝိုင်းတွင် အစပထမက ရွာခံလူနှစ်ယောက်နှင့် အောင်ကြီးတို့ သုံးဦးတည်းသာ ရှိ၏။ ထိုရွာခံအသောက်သမားနှစ်ဦးစလုံးပင် အောင်ကြီးနှင့် ထန်းရည်ဝိုင်းတွင် ဆုံဖူးပြုဖူးသူများ ဖြစ်၍ ကောင်းစွာ မျက်မှန်းတန်းမိကြပြီးလည်းဖြစ်၏။ အောင်ကြီးထက် အရင်ကြို၍ ရောက်နှင့်နေကြသော ရွာခံများက အောင်ကြီးထန်းတောထဲသို့ ဝင်လာလျှင် ကြိုဆိုနှုတ်ဆက်ကြ၏။ သူ၏ အရောင်းအဝယ်ကိစ္စကိုလည်း မေး၏။ အောင်ကြီးကလည်း သူတို့တွင်ပါလာသော ကုန်ပစ္စည်းများ ရောင်းချ၍ ကုန်ခန်းသွားပြီဖြစ်သဖြင့် တစ်ရက်နှစ်ရက်အတွင်း ဆိုသလို ပြန်ရန်စီစဉ်နေကြောင်း ပြန်လည်ပြောဆိုပြီးနောက် ထန်းရည်နှစ်မြုံမျှ မှာလိုက်၏။

ယင်းသို့အောင်ကြီးနှင့် ရွာခံနှစ်ဦးတို့ ထန်းရည်သောက်စားနေကြခိုက် အခြားရွာတစ်ရွာမှ ဧည့်သည်နှင့်တူသူတစ်ဦးထန်းတောထဲသို့ ဝင်လာ၏။ ထိုသူနှင့် ဘာပစ္စည်းမျှတော့ ပါမလာ၊ လွယ်အိတ်တစ်လုံးသာလွယ်လာ၏။ ထိုသူကိုလှမ်းမြင်လိုက်လျှင် မြင်လိုက်ချင်း တစ်ယောက်သောရွာခံက "လာဗျို့ ဆရာအောင်" ဟု နှုတ်ဆက်ခေါ်ဝေါ်၍ ကျန်တစ်ယောက်ကတော့မှု "ဒါဘယ်ကလှည့်ဝင်လာတာလဲဗျ မင်းသားကြီး" ဟု နှုတ်ဆက်မေးမြန်း၏။

"ကျုပ်အဖို့မှ ကျန်သေးရဲ့လား ကိုရင်တို့..."ဟု ခပ်လှမ်းလှမ်းလောက်ကတည်းကပင် မင်းသားကြီး ဆရာအောင်သည် ရယ်မောမေးမြန်းရင်း အောင်ကြီးတို့ ထန်းရည်ဝိုင်းဘက်သို့ တန်းတန်းမတ်မတ်ဝင်လာ၏။

မင်းသားကြီး ဆရာအောင်ဆိုသူကို အောင်ကြီးသည် မသိမသာလှမ်းကြည့်လိုက်၏။ ဆရာအောင်သည် အသက်လေးဆယ် ပတ်ဝန်းကျင်လောက်တွင်သာ ရှိနိုင်ရာ၏။ လူပုံပန်းကတော့ ခပ်ပျပ်ပျပ် ခပ်နွဲ့



နွဲ့ထဲကဖြစ်၏။ ဆံပင်ကို တစောင်းထုံးထား၏။ မင်းသားကြီး ဆရာအောင်သည် သူစိမ်းဖြစ်နေသူ အောင်ကြီးရှိနေစေကာမူ ရွာခံလူနှစ်ယောက်အကြားတွင်ဝင်၍ ထိုင်ရင်း "နေပူမိလာတာနဲ့ ဝမ်းအေးသွားအောင် တစ်မြုလောက်တော့ ဝင်မော့လိုက်ဦးမှဆိုပြီး ဝင်လာခဲ့တာပဲ" ဟု ပြောဆို၏။

"ဆရာအောင် တစ်ယောက်လည်း ကျုပ်တို့ဘက်ပေါ်မလာတာကြာပါပကောလားဗျ... ဘယ်ရွာတွေများ ထွက်ကနေရလို့လဲ"ဟု ရွာခံတစ်ယောက်က အုန်းမှုတ်ခွက်နှင့် ငှဲ့ထားသောထန်းရည်ကို လှမ်းပေးရင်း မေးမြန်း၏။

"ငွားမယ့်ရမ်းမယ့်လူမရှိလို့ ဇာတ်မကရတာလည်း ကြာပါပြီဗျာ" ဟု ထန်းရည်ခွက်ကို လှမ်းယူကာ တစ်ငုံမျှမြည်းစမ်းရင်း ဇာတ်ရပ်သေး မင်းသားကြီး ဆရာအောင်က သူ၏စီးပွားရေးအခြေအနေကို ညည်းတွားပြောဆို၏။

"ဒါထက် ဆရာအောင် ခုဘယ်ကဘယ်လိုလှည့်ပြီး ကျုပ်တို့ဆီဝင်လာခဲ့တာလဲဗျ..." ကျန်တစ်ယောက်သော ရွာခံက စကားဖောင်ဖွဲ့လိုဟန်ဖြင့် မေး၏။

မင်းသားကြီး ဆရာအောင်သည် ဒုတိယရွာခံ၏မေးခွန်းကို ရုတ်တရက်ဖြေကြားခြင်း မပြုသေးဘဲ "ဒီကိုရင်ကြီးက ဘယ်ကလဲဗျ..." ဟု အောင်ကြီးကို မေးငေါ့၍ ပြရင်း မေးနေ၏။

"အောက်ရွာပိုင်းက ဈေးရောင်းလာတဲ့ ဧည့်သည်ပါဗျ ဆရာအောင်" ဟု ပထမရွာခံက ရှင်းလင်းပြောပြလိုက်တော့မှ "ကျုပ်က တောက်ထွန်းတစ်ယောက် တွေ့စရာကလေး ရှိတာနဲ့ ညောင်နီပင်ကို သွားရာကအပြန် ကိုရင်တို့ဘက် မပေါက်မရောက်တာကြာလို့ ကိုယ့်ပေါင်းဟောင်းသင်းဟောင်းတွေနဲ့ တွေ့ရပြုရအောင် တမင်လှည့်ဝင်လာခဲ့တာပါဗျ"

ဟု မင်းသားကြီး ဆရာအောင်က သူ၏အရပ်ရပ် လှုပ်ရှားမှုများကို ဝါကျတစ်ကြောင်းတည်းနှင့် ရှင်းလင်းပြောကြားပြီးနောက် အုန်းမှုတ်ခွက်ထဲတွင် ကျန်ရှိနေသေးသော ထန်းရည်ကို ရှင်းလင်းလိုက်၏။

ရွာခံတစ်ယောက်က ဆရာအောင့်လက်ထဲရှိ အုန်းမှုတ်ခွက်ထဲသို့ ထန်းရည်နောက်ထပ် ငှဲ့ပေးနေခိုက် "ခင်ဗျားတူ ဗိုလ်တောက်ထွန်းတစ်ယောက်ကော ညောင်နီပင်မှာ တွေ့ခဲ့ရရဲ့လားဗျ" ဟု တစ်ယောက်သောရွာခံက မေးလိုက်၏။

ထန်းရည်ကို အငမ်းမရသောက်ချင်နေပုံရသော မင်းသားကြီးသည် ဦးခေါင်းကိုညိတ်ပြလိုက်ပြီးနောက် သူ့အတွက် ငှဲ့ပေးထားသော ထန်းရည်ကို တကွတ်ကွတ်မြည်အောင် တစ်ခါတည်း မော့ချလိုက်၏။ ယင်းသို့ ထန်းရည်ကို နေသာထိုင်သာရှိသွားအောင်သောက်၍ ပြီးစီးတော့မှ "လူချင်းတွေ့ခဲ့ရလို့ ပြောစရာဆိုစရာကိစ္စလည်း ပြောလို့ဆိုလို့ပြီးခဲ့ပါပြီ" ဟု ပြန်လည်ပြောဆိုနိုင်၏။

"ခင်ဗျားတူ ဗိုလ်တောက်ထွန်းတစ်ယောက်လည်း ကျုပ်တို့ဆီ ပေါ် မလာတာကြာပြီဗျ... တော်တော်နေနိုင်တဲ့လူတစ်ယောက်ပဲ" ဟု ရွာခံတစ်ယောက်က သူ့တူနှင့်ပတ်သက်၍ သူ၏မကျေမချမ်းဖြစ်နေသောကိစ္စကို သူ့ဦးလေး လုပ်သူအား တိုင်ကြားပြောဆို၏။

"ကိုရင်တို့ရွာကို မရောက်တာကြာလို့ မနက်ဖြန်တစ်ညလောက်တော့ ဝင်အိပ်သွားဦးမယ့်အကြောင်းနဲ့ သူ့အတွက် ထန်းရည်နှစ်မြူလောက် ချန်ထားပေးဖို့အကြောင်းပါ မှာလိုက်သေးတယ်"

ဘေးမှ ငုတ်တုတ်ထိုင်ကာ ငြိမ်သက်စွာ နားထောင်နေခဲ့သော အောင်ကြီးသည် အသက်ရှူရမှန်း သတိမရနိုင်လောက်အောင် ဖြစ်နေပုံရ၏။ သူသည် တုတ်တုတ်မျှပင် မလှုပ်၊ ဗိုလ်တောက်ထွန်း၏ ဦးလေးဆိုသူ မင်းသားကြီးဆရာအောင် ပြောဆိုမည့်စကားကိုသာ နားစွင့်နေ၏။



"ဒီလိုဆိုရင် ဗိုလ်တောက်ထွန်းအတွက် ကြက်မတမ်းမတစ်ကောင်လောက်ရိုက်ပြီး အဆင်သင့်ပြုတ်ထားဦးမှပဲလေ" ထိုရွာသို့ ဗိုလ်တောက်ထွန်း လှည့်ဝင်လာတတ်သောအခါများတိုင်း တည်းခိုအိပ်စက်နေကျဖြစ်ဟန်တူသော အိမ်ရှင်ရွာခံက ပြောဆိုလိုက်၏။

"သူ့အတွက် ထန်းရည်နှစ်မြူကိုတော့ ကျုပ်တာဝန်ယူလိုက်ပါရစေဗျာ" ဟု ကျန်ရွာခံက သူတာဝန်ယူလိုသော ထန်းရည်ကိစ္စ ပြောဆို၏။

"လူချင်းတစ်ခါမှ မတွေ့မဆုံဖူးပေမဲ့ ဗိုလ်တောက်ထွန်းကို အင်မတန် ခင်မင်လေးစားနေတဲ့ လူတစ်ယောက်အနေနဲ့ အခါအခွင့်သင့်တုန်းနဲ့ ကြုံတုန်းကြိုက်တုန်း သူ့ကိုပြုစုဖို့အတွက် အရပ်ရပ် ကုန်ကျစရိတ်ကို ကျွန်တော်တာဝန်ယူပါရစေလားခင်ဗျာ..." ဟု ငြိမ်သက်စွာ နားထောင်လျက် ရှိနေခဲ့ရာမှ အောင်ကြီးသည် ကြားဝင်ပြောရင်း သူ၏ အင်္ကျီအိတ်ကပ်အတွင်းမှ ဒင်္ဂါးပြားငါးပြားကို ကတိုက်ကရိုက်နှိုက်ယူကာ ပထမရွာခံလက်ထဲသို့ အတင်းထည့်လိုက်၏။

ငွေဒင်္ဂါးငါးပြားမျှ လက်ထဲသို့ အထည့်ခံလိုက်ရသူသည် များစွာကျေနပ်သွားပုံရ၏။ ထို့ကြောင့် "ဗိုလ်တောက်ထွန်းနဲ့ လူချင်းတွေ့ဖူးသွားအောင် ကိုရင်ကြီးလည်း မနက်ဖြန်ညစာ ကျုပ်အိမ်မှာ လာစားပေါ့ဗျာ... ဟုတ်လား" ဟု ထိုသူက ပြန်ပြော၏။

အောင်ကြီးသည် နှုတ်မှပြန်မပြောတော့ဘဲ ဦးခေါင်းကိုသာ သွက်လက်စွာညိတ်ပြလိုက်၏။

## [ ၂ ]

ထန်းရည်ဝိုင်းမှလူစုကွဲ၍ သူတည်းခိုနေထိုင်လျက်ရှိသော ဇရပ်သို့ အောင်ကြီးပြန်ရောက်သောအခါ နေဝင်ကာ တော်တော်ကလေးမှောင်စပြုနေပြီဖြစ်၏။ ထို့ကြောင့်ဇရပ်သို့ ပြန်ရောက်လျှင်ရောက်ချင်း ချောင်းဝ

ကြီးဘက်သို့ ရေချိုးသွားရအောင်ဆိုကာ မြမင်းကို အသာလက်တို့၍ ခေါ်လာခဲ့၏။ သူတို့ရေချိုးရာမှ ပြန်လာလျှင် ညစာစားသောက်ဖို့ အသင့်ပြင်ဆင်ထားရန် အထမ်းသမားမြသောင်းကို လမ်းမှာထားခဲ့၏။

မှောင်နေပြီဖြစ်၍ ချောင်းဝကြီးဘက်တွင် လူသူ ရှင်းလင်း၍ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ထို့ကြောင့် အောင်ကြီးနှင့် မြမင်းတို့နှစ်ဦးသည် ၎င်းတို့၏ အကြံအစည်နှင့် အလုပ်အကိုင်များအကြောင်းကို အေးအေးဆေးဆေးနှင့် လွတ်လွတ်လပ်လပ် တိုင်ပင်ပြောဆိုနိုင်ကြ၏။ စဉ်းစားကြံစည်နိုင်၏။ သို့ရာတွင် သူတို့သည် သတိကို အလစ်မပေး၊ တိုးတိုးတိတ်တိတ်နှင့် တိုတိုတုတ်တုတ် ပြောဆိုကြ၏။

ဗိုလ်တောက်ထွန်း၏ လှုပ်ရှားမှုနှင့်ပတ်သက်၍ ညနေပိုင်းက ထန်းရည်ဝိုင်းတွင် မင်းသားကြီးဆရာအောင် ဆိုသူထံမှ သူကြားသိလာခဲ့ရသော အကြောင်းအရာများကို အောင်ကြီးက ရှင်းလင်းပြောပြ၏။ ထိုရွာတွင် တစ်ညအိပ် လာရောက်လည်ပတ်ခြင်းပြုသူ ဗိုလ်တောက်ထွန်းနှင့် ထန်းရည်သမားတစ်ဦး၏ အိမ်တွင် ကြက်သားဟင်းနှင့် ညစာ စားသောက်ရန် အခွင့်သာထားသော ကိစ္စကိုပါ ပြောပြကြ၏။ ယင်းသို့ မျှော်လင့်မထားဘဲ ရုတ်တရက် ကြားသိလိုက်ရသောအခါ မြမင်းသည် ဘာက စ၍ ဘာပြန်ပြောရမှန်း မသိနိုင်လောက်အောင် ဖြစ်သွားပုံရ၏။

"မနက်ဖြန်တစ်ညတော့ ဗိုလ်တောက်ထွန်း ဒီရွာမှာ အိပ်မှာသေချာသလောက်ပဲဗျ ဗိုလ်မြမင်း၊ အဲဒီတော့ ရုတ်တရက် မမျှော်လင့်နိုင်ဘဲ ဒီလိုအခွင့်အရေးမျိုးကို ရတုန်းရခိုက် ကျွန်တော်တို့က လက်ဦးမှုရှိရှိနဲ့ ပိုင်ပိုင်နိုင်နိုင် အသုံးချဖို့ပဲလိုတယ်" ဟု အောင်ကြီးက ပြောကြားလိုက်တော့မှ မြမင်းသည် ၎င်းတို့ လက်မြန်ခြေမြန် လုပ်ရကိုင်ရမည့်အလုပ်တာဝန်ကို သတိရလာ၏။

"မနက်ဖြန်ညစာကို ဗိုလ်တောက်ထွန်းနှင့်အတူ စားဖို့ရထားတဲ့



အခွင့်အရေးကိုပဲ အသုံးချဖို့ လိုလိမ့်ဦးမယ်ဗျ... ကိုအောင်ကြီး" ဟု မြမင်းက သူစဉ်းစားမိသောအချက်ကို ပြောဆိုလိုက်၏။

"ညစာအတူစားရုံတွင်မကသေးဘူးဗျ... ထန်းရည်ဝိုင်းမှာလည်း အတူထိုင်သောက်နိုင်စရာအလားအလာပါရှိတယ်..."

"အရေးကြီးတာကတော့ ဗိုလ်တောက်ထွန်းနဲ့ မနက်ဖြန်လူချင်းတွေ့ရတဲ့အခါ ဒီလူဘယ်အချိန်လောက် ဒီရွာကခရီးထွက်လိမ့်မယ်ဆိုတာနဲ့ ဘယ်လမ်းက ဘယ်ရွာကို သွားလိမ့်မယ်ဆိုတဲ့ အချက်နှစ်ချက်ကိုသာ ရအောင် နှိုက်နိုင်ဖို့ပဲ အရေးကြီးတယ်ကိုအောင်ကြီး..." ဟု မြမင်းက သူစဉ်းစားမိသော အချက်များကို ပြောကြား၏။

"ဒီသတင်းကိုတော့ သူ့နှုတ်ကထွက်လာအောင် ကျွန်တော့်အနေနဲ့ လုပ်ဖို့ သိပ်မတော်ဘူးထင်တယ်... သင်္ကာမကင်း ဖြစ်သွားမှာ စိုးရတယ်ဗျ...."

"ဗိုလ်တောက်ထွန်းနှုတ်က နှိုက်မယူသင့်ပေမဲ့ တစ်နည်းနည်းနဲ့ ရအောင် လုပ်ဖို့ကတော့ လိုလိမ့်မယ်ဗျကိုအောင်ကြီး"

"မနက်ဖြန်ညနေပိုင်းထန်းတောထဲမှာပဲဖြစ်ဖြစ်... ညစာထမင်းစားဝိုင်းမှာပဲဖြစ်ဖြစ် တစ်နည်းမဟုတ်ရင် တစ်နည်းနည်းနဲ့တော့ ဒီလူရဲ့ လှုပ်ရှားမှုသတင်းကို တိတိကျကျ ရထားအောင် လုပ်ရလိမ့်မယ်ဗျ... ဒီလိုကြုံတောင့်ကြုံခဲရလာတဲ့ အခွင့်အရေးမျိုးကိုတော့ ဘယ်နည်းနဲ့မှ လက်လွှတ်ခံလို့ မဖြစ်ဘူး..." ဟု အောင်ကြီးက အလေးအနက်ထား ပြောဆိုလျက်ရှိ၏။

"ဒီသတင်းသာ ရမယ်ဆိုရင် ဒီလူထွက်မယ့် လမ်းခုလတ်က အသာစောင့်ပြီး သူ့ကိုမရအရ ဖမ်းရုံဘဲ ကျန်မယ်... ဒီလူကိုသာ ရလိုက်ရင်တော့ မြို့စားရဲ့ ကြင်ရာလောင်း ခင်အုံ ကျွန်တော်တို့လက်ထဲပြန်ရောက်မှာ သေချာသလောက်ပဲဗျ..."

ကြီးဘက်သို့ ရေချိုးသွားရအောင်ဆိုကာ မြမင်းကို အသာလက်တို့၍ ခေါ်လာခဲ့၏။ သူတို့ရေချိုးရာမှ ပြန်လာလျှင် ညစာစားသောက်ဖို့ အသင့်ပြင်ဆင်ထားရန် အထမ်းသမားမြသောင်းကို လမ်းမှာထားခဲ့၏။

မှောင်နေပြီဖြစ်၍ ချောင်းဝကြီးဘက်တွင် လူသူ ရှင်းလင်း၍ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ထို့ကြောင့် အောင်ကြီးနှင့် မြမင်းတို့နှစ်ဦးသည် ၎င်းတို့၏ အကြံအစည်နှင့် အလုပ်အကိုင်များအကြောင်းကို အေးအေးဆေးဆေးနှင့် လွတ်လွတ်လပ်လပ် တိုင်ပင်ပြောဆိုနိုင်ကြ၏။ စဉ်းစားကြံစည်နိုင်၏။ သို့ရာတွင် သူတို့သည် သတိကို အလစ်မပေး၊ တိုးတိုးတိတ်တိတ်နှင့် တိုတိုတုတ်တုတ် ပြောဆိုကြ၏။

ဗိုလ်တောက်ထွန်း၏ လှုပ်ရှားမှုနှင့်ပတ်သက်၍ ညနေပိုင်းက ထန်းရည်ဝိုင်းတွင် မင်းသားကြီးဆရာအောင် ဆိုသူထံမှ သူကြားသိလာခဲ့ရသော အကြောင်းအရာများကို အောင်ကြီးက ရှင်းလင်းပြောပြ၏။ ထိုရွာတွင် တစ်ညအိပ် လာရောက်လည်ပတ်ခြင်းပြုသူ ဗိုလ်တောက်ထွန်းနှင့် ထန်းရည်သမားတစ်ဦး၏ အိမ်တွင် ကြက်သားဟင်းနှင့် ညစာ စားသောက်ရန် အခွင့်သာထားသော ကိစ္စကိုပါ ပြောပြကြ၏။ ယင်းသို့ မျှော်လင့်မထားဘဲ ရုတ်တရက် ကြားသိလိုက်ရသောအခါ မြမင်းသည် ဘာက စ၍ ဘာပြန်ပြောရမှန်း မသိနိုင်လောက်အောင် ဖြစ်သွားပုံရ၏။

“မနက်ဖြန်တစ်ညတော့ ဗိုလ်တောက်ထွန်း ဒီရွာမှာ အိပ်မှာသေချာသလောက်ပဲဗျ ဗိုလ်မြမင်း၊ အဲဒီတော့ ရုတ်တရက် မမျှော်လင့်နိုင်ဘဲ ဒီလိုအခွင့်အရေးမျိုးကို ရတုန်းရခိုက် ကျွန်တော်တို့က လက်ဦးမှုရှိရှိနဲ့ ပိုင်ပိုင်နိုင်နိုင် အသုံးချဖို့ပဲလိုတယ်” ဟု အောင်ကြီးက ပြောကြားလိုက်တော့မှ မြမင်းသည် ၎င်းတို့ လက်မြန်ခြေမြန် လုပ်ရကိုင်ရမည့်အလုပ်တာဝန်ကို သတိရလာ၏။

“မနက်ဖြန်ညစာကို ဗိုလ်တောက်ထွန်းနှင့်အတူ စားဖို့ရထားတဲ့



အခွင့်အရေးကိုပဲ အသုံးချဖို့ လိုလိမ့်ဦးမယ်ဗျ... ကိုအောင်ကြီး”ဟု မြမင်းက သူစဉ်းစားမိသောအချက်ကို ပြောဆိုလိုက်၏။

“ညစာအတူစားရုံတွင်မကသေးဘူးဗျ... ထန်းရည်ဝိုင်းမှာလည်း အတူထိုင်သောက်နိုင်စရာအလားအလာပါရှိတယ်...”

“အရေးကြီးတာကတော့ ဗိုလ်တောက်ထွန်းနဲ့ မနက်ဖြန်လူချင်းတွေ့ရတဲ့အခါ ဒီလူဘယ်အချိန်လောက် ဒီရွာကခရီးထွက်လိမ့်မယ်ဆိုတာနဲ့ ဘယ်လမ်းက ဘယ်ရွာကို သွားလိမ့်မယ်ဆိုတဲ့ အချက်နှစ်ချက်ကိုသာ ရအောင် နှိုက်နိုင်ဖို့ပဲ အရေးကြီးတယ်ကိုအောင်ကြီး...” ဟု မြမင်းက သူစဉ်းစားမိသော အချက်များကို ပြောကြား၏။

“ဒီသတင်းကိုတော့ သူ့နှုတ်ကထွက်လာအောင် ကျွန်တော့်အနေနဲ့ လုပ်ဖို့ သိပ်မတော်ဘူးထင်တယ်... သင်္ကာမကင်း ဖြစ်သွားမှာ စိုးရတယ်ဗျ....”

“ဗိုလ်တောက်ထွန်းနှုတ်က နှိုက်မယူသင့်ပေမဲ့ တစ်နည်းနည်းနဲ့ ရအောင် လုပ်ဖို့ကတော့ လိုလိမ့်မယ်ဗျကိုအောင်ကြီး”

“မနက်ဖြန်ညနေပိုင်းထန်းတောထဲမှာပဲဖြစ်ဖြစ်... ညစာထမင်းစားဝိုင်းမှာပဲဖြစ်ဖြစ် တစ်နည်းမဟုတ်ရင် တစ်နည်းနည်းနဲ့တော့ ဒီလူရဲ့ လှုပ်ရှားမှုသတင်းကို တိတိကျကျ ရထားအောင် လုပ်ရလိမ့်မယ်ဗျ... ဒီလိုကြုံတောင့်ကြုံခဲရလာတဲ့ အခွင့်အရေးမျိုးကိုတော့ ဘယ်နည်းနဲ့မှ လက်လွှတ်ခံလို့ မဖြစ်ဘူး...” ဟု အောင်ကြီးက အလေးအနက်ထား ပြောဆိုလျက်ရှိ၏။

“ဒီသတင်းသာ ရမယ်ဆိုရင် ဒီလူထွက်မယ့် လမ်းခုလတ်က အသာစောင့်ပြီး သူ့ကိုမရအရ ဖမ်းရုံဘဲ ကျန်မယ်... ဒီလူကိုသာ ရလိုက်ရင်တော့ မြို့စားရဲ့ ကြင်ရာလောင်း ခင်အုံ ကျွန်တော်တို့လက်ထဲပြန်ရောက်မှာ သေချာသလောက်ပဲဗျ...”

အောင်ကြီးသည် သူတို့နဖူးတွေ့ဒူးတွေ့ လုပ်ကိုင်ရတော့မည့်လုပ်ငန်း၏ အကြောင်းကို စဉ်းစားနေပုံရ၏။ ယခုမှပင် သူတို့တကယ်လုပ်ရမည့် အလုပ်အကြောင်းကိုလည်း လေးလေးနက်နက် စဉ်းစားလာမိဟန်တူ၏။ ထို့ကြောင့် အတန်ကြာ ငိုင်စဉ်းစားနေပြီးမှ "ခင်ဗျား တွက်ထားသလို မြို့စားကြီးရဲ့ ကြင်ရာလောင်းကို ပြန်ရတယ်ထားပါဦး၊ ရှေ့ဆက်လုပ်ရမယ့် အလုပ်တွေက ရှိနေသေးတယ်ဗျ... ဗိုလ်မြမင်း..." ဟု ပြန်လည် ပြောကြားလိုက်၏။

အောင်ကြီးက ထိုကဲ့သို့သတိပေး ပြောကြားလိုက်တော့မှပင် မြမင်းသည်လည်း ထိုအကြောင်းကို စဉ်းစားမိလာပုံရ၏။ ထို့ကြောင့် သူသည် နှုတ်မဟတော့ဘဲ ငြိမ်နေ၏။

"ခင်အုံကို ကျွန်တော်တို့လက်ထဲ ပြန်ရောက်အောင် လုပ်နိုင်တယ်ထားပါဦး၊ ဗိုလ်မိုးကျော်ရဲ့ တပည့် တပန်းတွေ ပေါ်များပြီး သူအင်မတန်ဩဇာညောင်းတဲ့ နယ်မြေဒေသကြီးထဲက ကျွန်တော်တို့ လွတ်လွတ်ကျွတ်ကျွတ် ပြန်ထွက်နိုင်ဖို့ ကိစ္စကြီးက ရှိသေးတယ်ဗျ ဗိုလ်မြမင်း..."

မြမင်းသည် ယခုမှပင် သူတို့လုပ်ငန်း တကယ်စရတော့မည့် အကြောင်းကို လေးလေးနက်နက် စဉ်းစားမိလာပုံရ၏။ ထို့ကြောင့် "မနက်ဖြန်က စရတော့မယ့် ကျွန်တော်တို့အလုပ်တာဝန်ဟာ ခဲရာခဲဆစ်အပိုင်းကို ရောက်လာပြီဗျ... ဒါကြောင့် လုပ်စရာရှိတဲ့ အလုပ်ကို ပိုင်ပိုင်နိုင်နိုင်နဲ့ မြန်မြန်ဆန်ဆန် လုပ်သွားတတ်ဖို့ လိုလိမ့်မယ်ထင်တယ်..." ဟု ပြောဆို၏။

"ဟုတ်တယ် ဗိုလ်မြမင်း... မနက်ဖြန် ဗိုလ်တောက်ထွန်းနဲ့ လူချင်းတွေ့ပြီး သူ့လှုပ်ရှားမှုသတင်းကို နှိုက်ရတဲ့အလုပ်ကစပြီး ခင်အုံကို စည်သာမြို့တွင်း ရောက်အောင်သယ်ပို့ ဆောင်ကြဉ်းသွားဖို့အထိ ကျွန်တော်တို့ လုပ်ရ ကိုင်ရမယ့် အလုပ်တွေဟာ တစ်ခုနဲ့တစ်ခု တစ်ဆက်



တည်း တစ်စပ်တည်းမဟုတ်လား... ပထမဦးဆုံး ဗိုလ်တောက်ထွန်းရဲ့ လှုပ်ရှားမှုသတင်းကို ရအောင်လုပ်ရမယ့်ကိစ္စက စဉ်းစားရတာ လွယ်ပေမဲ့ တကယ်လက်တွေ့ လုပ်ရတဲ့အခါ မလွယ်ဘူးဗျ..."

ဟုတ်တယ်ဗျို့ ကိုအောင်ကြီး..."

"ဗိုလ်တောက်ထွန်းရဲ့လှုပ်ရှားမှုသတင်းကို ရထားမှ ဒီလူ့ကို ကျွန်တော်တို့ ကိုင်နိုင်မှာမဟုတ်လား... ဗိုလ်တောက်ထွန်းကို ကိုင်နိုင်ဦး၊ ဒီလူ့ပါးစပ်က ခင်အုံရှိတဲ့ နေရာကို ထုတ်ပြောလာအောင် လုပ်ရကိုင်ရမယ့် အလုပ်က ရှိနေသေးတယ်ဗျ..."

"ဟုတ်တယ်ဗျို့... ကိုအောင်ကြီး..."

"ခင်အုံသတင်းကို ရလာပြီးတာနဲ့ နောက်ပိုင်းမှာတောင် ဒီအမျိုးသမီးကို ကျွန်တော်တို့လက်ထဲ ရောက်လာအောင် လုပ်ရကိုင်ရမယ့်ကိစ္စက ရှိနေသေးတယ်..."

မြမင်းသည် အောင်ကြီး ပြောဆိုသွားသော အချက်အလက်များကို ယခုမှပင် စဉ်းစားမိလာသူ တစ်ဦးကဲ့သို့ မျက်မှောင်ကုတ်၍ နားထောင်နေ၏။

"နောက်ဆုံးမြို့စားကြီးရဲ့ ကြင်ရာလောင်း ခင်အုံကို ကျွန်တော်တို့ ချုပ်ကိုင်မိတယ်ပဲ ထားပါဦး... ဒီနယ်ကြီးထဲက ဖောက်ထွက်ရဖို့ အလုပ်ကရှိနေသေးတယ် မဟုတ်လား... ဗိုလ်မိုးကျော်ဆိုတဲ့ လူတစ်ယောက်က စည်သာမြို့ထဲ သူစွန့်စွန့်စားစား ဝင်ပြီးလုပ်သွားကိုင်သွားခဲ့တဲ့ အလုပ်တစ်ခုကို ခုလိုနှောင့်ယှက်ဖျက်ဆီးလာတဲ့ ကျွန်တော်တို့လူစုကို အေးအေးဆေးဆေး လက်ပိုက်ကြည့်နေလိမ့်မယ်တော့ မဟုတ်ဘူးဗျ... တရကြမ်း လိုက်မှာကတော့ သေချာတယ်..."

"ဟုတ်တယ်ဗျ... ဟုတ်တယ်"

"စည်သာမြို့တွင်းကို ပြန်မရောက်မချင်း မင်းဝံချောင်းရိုးတစ်လျှောက်

ကျွန်တော်တို့ သချိုင်းအတွက် မြေနေရာတွေ အများကြီး ရှိနိုင်တယ်... ဒါကြောင့် အချိန်တိုအတွင်းမှာ ကျွန်တော်တို့ လုပ်စရာရှိတဲ့ အလုပ်တွေကို တစ်ခုပြီးတစ်ခု ပိပိရိရိ မြန်မြန်ဆန်ဆန် လုပ်ရ ကိုင်ရလိမ့်မယ်ဗျ ဗိုလ်မြမင်း"

ချောင်းဝကြီးဘက်သို့ ထွက်ကာ ရေချိုးရင်း တိုင်ပင်ညှိနှိုင်းစရာရှိသော အလုပ်ကိစ္စများကို တိုင်ပင် ညှိနှိုင်းကြပြီးမှ အောင်ကြီးနှင့် မြမင်းတို့နှစ်ယောက်သည် ဇရပ်သို့ ပြန်လာကြ၏။ ဇရပ်သို့ ပြန်ရောက်သောအခါ သူတို့၏ လူငှားမြသောင်းအဆင်သင့် ချူးခပ်ပြင်ဆင်ထားသော ညစာကို စားသောက်ကြ၏။ သို့ရာတွင် တစ်ဦးနှင့်တစ်ဦး စကားပြောဆိုခြင်းကား မရှိကြတော့။ မနက်ဖြန်မှ စတင်ရတော့မည့် သူတို့၏ အလုပ်တာဝန်အကြောင်းကိုသာ ကိုယ့်ဟာကိုယ် တွေးတောစဉ်းစားနေပုံရ၏။

# [ ၃ ]

ဗိုလ်တောက်ထွန်းနှင့်အတူ ထန်းရည်သောက်ရင်း ညစာစားပြီးနောက် အချိန်ကိုလု၍ အလုပ်လုပ်ရမည်ဖြစ်သော အောင်ကြီးသည် ဇရပ်သို့ ခပ်သုတ်သုတ်ပြန်လာခဲ့၏။ ဇရပ်သို့ပြန်ရောက်သောအခါ တော်တော်ကလေး ညဥ့်နက်လျက်ရှိ၏။

မြမင်းသည် အောင်ကြီးအပြန်ကို စောင့်ရင်း အိပ်ပျော်သွားဟန်တူ၏။ အထမ်းသမားမြသောင်းကတော့မူ တခေါခေါနှင့် ဟောက်များပင် ဟောက်လျက်ရှိ၏။ အိပ်မောကျနေပုံလည်း ရ၏။ ထို့ကြောင့် အောင်ကြီးသည် ခရီးရောက်မဆိုက်ပင် "ဗိုလ်မြမင်း... ဗိုလ်မြမင်း..." ဟု မြမင်းနားအနီးသို့ ကပ်၍ ခပ်တိုးတိုး ခပ်အုပ်အုပ်ခေါ်ရင်း လှုပ်၍ နှိုးရ၏။

မြမင်းသည် အအိပ်ဆတ်သူဖြစ်၏။ ထို့ကြောင့် ချက်ချင်းပင် အိပ်နေရာမှ ထထိုင်၏။ သို့သော် အိပ်ချင်မူးတူး ဖြစ်နေလင့်ကစား "အဆင်



ပြေခဲ့ရဲ့လားဗျ ကိုအောင်ကြီး"ဟု အောင်ကြီး၏ လုပ်ငန်း၏ အခြေအနေကို မေး၏။

အောင်ကြီးက ဦးခေါင်းကိုညိတ်ပြရုံမျှ ညိတ်ပြပြီးနောက် မြမင်းကို အသာလက်တို့ကာ ကျောင်းဝင်းအတွင်းရှိ သိမ်ဘက်သို့ ရှေ့ဆောင်ခေါ်ဝင်သွား၏။ မြမင်းကလည်း နောက်ထပ် ဘာမျှ မေးမြန်းပြောဆိုခြင်းပြုမနေတော့ဘဲ အိပ်ချင်မူးတူးထလိုက်သွား၏။

သိမ်အဆောက်အအုံသည် ကျောင်းနှင့်ရော ဇရပ်နှင့်ပါ တော်တော်ကလေး လှမ်း၏။ ထို့ကြောင့် လုံခြုံရေးအတွက် စိတ်ချရ၏။ သို့ရာတွင် ကြေးစားသမားအောင်ကြီးသည် သူ၏အလုပ်ကို လုပ်ကိုင်ရာတွင် ဇေ့စပ်သေချာသူတစ်ဦးဖြစ်၏။ သိမ်အတွင်းသို့ မဝင်မီ တစ်ပတ်ပတ်၍ အကဲခတ်ကြည့်ရှုခြင်းပြု၏။ ပြီးတော့မှ မြမင်းကို အသာလက်ကုတ်ကာ မှောင်မည်းတိတ်ဆိတ်နေသော သိမ်အတွင်းသို့ ဝင်၏။

သိမ်အတွင်း၌နှစ်ယောက်သား ထိုင်မိကြလျှင် "ဗိုလ်တောက်ထွန်းတစ်ယောက် မနက်လင်းအားကြီးအချိန်လောက် ဒီရွာကထွက်ပြီး ထန်းတောကြီးရွာဘက်ကို ကူးလိမ့်မယ်ဗျ၊ ဗိုလ်မြမင်း... အဲဒီတော့ ဒီအချိန်ကစပြီး ကျွန်တော်တို့ အထမ်းသမားမြသောင်းကို ဒီမှာပဲ လမ်းခွဲထားခဲ့ပြီး ကျွန်တော်တို့ အလုပ်ကို စကြရလိမ့်မယ်..."ဟု အောင်ကြီးက စတင်ပြောဆို၏။

"ဒီလိုဆိုရင် ဒီရွာနဲ့ ထန်းတောကြီးအကြား လမ်းခုလတ်ကစောင့်ပြီး ဗိုလ်တောက်ထွန်းကို ကျွန်တော်တို့ဖမ်းကြရမှာပေါ့ဟုတ်လား ကိုအောင်ကြီး"ဟု မြမင်းက လုပ်ငန်းအစီအစဉ်အကြောင်း သိလိုဇောဖြင့် မေးလိုက်၏။

"ဗိုလ်တောက်ထွန်းကို အမိဖမ်းရတာကတော့ ဟုတ်ပါရဲ့၊ ဒီလူကတော်တော်ကလေး ဗလကောင်းတဲ့အပြင် ကိုယ်ခံပညာလည်း ရှိထားပုံ

ရတယ်ဗျ၊ ဒါကြောင့် ဒီလူကို ကျွန်တော်တို့ လက်ဦးမှုရှိရှိနဲ့ မိမိရရကိုင်နိုင်ဖို့ အရေးကြီးတယ်…"

"နှစ်ယောက်နဲ့ တစ်ယောက်ပဲဗျ…"

"ဒီလူမှာ မြင်းတစ်စီးနဲ့ ဓားကောင်းကောင်းတစ်ချောင်းအပြင် သေနတ်တစ်လက်လည်း ပါလာသေးတယ် ဗိုလ်မြမင်း… ဒါကြောင့် ကျွန်တော်တို့က လက်ဦးမှုရှိဖို့ အရေးကြီးတယ်လို့ ပြောရတာပါ"

"လူလုံးလူဖန်ကကော ခင်ဗျားလောက်ကောင်းရဲ့လားဗျ… ကိုအောင်ကြီး" သူတို့ရင်ဆိုင်ရမည့် ရန်သူ၏ အခြေအနေကိုစိတ်ဝင်စားသိရှိထားလိုပုံရသော မြမင်းက မေး၏။

"အရပ်အမောင်းက ကျွန်တော့်လောက်သာမရှိတတ်ပေမဲ့ အလုံးအပေါက်ကတော့ နင်လားငါလားနေလိမ့်မယ်။ နောက်ပြီးတော့ ဗိုလ်တောက်ထွန်းဆိုတဲ့ လူဟာ မျက်စိတော်တော်လျင်ပြီး လှုပ်ရှားရာမှာလည်း တော်တော်ကြီးဖျတ်လတ်သွက်လက်ပုံရတယ်ဗျ… ဗိုလ်မြမင်း"

"သူ့ဓားက ဘယ်လိုဓားအမျိုးအစားလဲဗျ ကိုအောင်ကြီး"

"လင်းကင်းဓားအမျိုးအစားထဲကပဲဗျ… ဓားရိုးပါနဲ့ဆိုရင် တစ်တောင့်ထွာလောက်ရှိတတ်လိမ့်မယ် ထင်တယ်"

"သူ့သေနတ်ကရောဗျ… ယမ်းထိုးလား၊ ကျည်ထည့်ပစ်တဲ့သေနတ်လား"ဟု စစ်သားဟောင်းမြမင်းက ရန်သူ့လက်နက်များအကြောင်းကို စေ့စေ့စပ်စပ်မေးမြန်းလျက်ရှိ၏။

"သေနတ်က ပြင်သစ်လုပ်ကျည်နဲ့ပစ်တဲ့ သေနတ်ပဲဗျ… ကျည်လည်း အစိတ်သုံးဆယ်လောက်ပါလိမ့်မယ်ထင်တယ်"

"ကိုယ့်ရန်သူအခြေအနေနဲ့ အကြောင်းသိထားရအောင်လို့သာမေးရတာပါ ကိုအောင်ကြီး၊ တကယ်တော့ ဗိုလ်တောက်ထွန်းကို လမ်းခုလတ်ကနေချောင်းပြီးအလစ်ဖမ်းရတဲ့ အလုပ်မျိုးကတော့ အပန်းလည်းမကြီး



… မခက်လည်း မခက်လှပါဘူးဗျ…"

"ကျွန်တော်တို့ဘက်က အခွင့်သာတဲ့ အချက်တွေကတော့ အများကြီးရှိပါတယ်။ တစ်ယောက်နှစ်ယောက်လည်း ဖြစ်တယ်၊ သူ့အကြောင်းနဲ့ သူ့လှုပ်ရှားမှုကို ကျွန်တော်တို့ကသာ သတင်းရထားပြီး သူကတော့ ကျွန်တော်တို့ကို ရှိနေမှန်းတောင် သိထားတာမှမဟုတ်ဘဲ… နောက်တစ်ခုက ဗိုလ်တောက်ထွန်းဟာ သူတို့ချုပ်ကိုင်ထားတဲ့ နယ်မြေဒေသအတွင်းမှာ သွားလာလှုပ်ရှားနေရတာဖြစ်တော့ သူ့လုံခြုံရေးအတွက် သတိထားမိမှာမဟုတ်ဘဲ ခပ်ပေါ့ပေါ့ဖြစ်နေလိမ့်မယ်ဗျ"

"ဒါထက် ဗိုလ်တောက်ထွန်းဆိုတဲ့လူရဲ့ စိတ်နေသဘောထားပုံကို ခင်ဗျားဘယ်လိုများအကဲခတ်လို့ ရထားသလဲ ကိုအောင်ကြီး"ဟု မြမင်းက သူတို့ယှဉ်ပြိုင်ရမည့် ရန်သူ၏ စိတ်ဓာတ်အခြေအနေကို ကြိုတင်၍ သိရှိထားလိုဟန်ဖြင့် အကြောင်းအရာအသစ်ကို စ၍မေး၏။

"ကျွန်တော်အကဲခတ်လို့ ရသလောက်ကတော့ ဒီလူဟာ ရည်ရွယ်ချက်ကြီးကြီးမားမားရှိလှမယ့် လူစားထဲကမဟုတ်နိုင်ဘူးဗျ၊ ခပ်ပေါ့ပေါ့ ခပ်ပျော့ပျော့နေတတ် ထိုင်တတ်တဲ့ လူစားထဲကလို့ အကဲခတ်ရတယ် … ပြီးတော့ အစားကောင်း အသောက်ကောင်းကိုလည်း ခုံမင်တပ်မက်ပုံရတယ်ဗျ… ဗိုလ်မြမင်း…"

"ဒီအတိုင်းသာမှန်ရင်တော့ ဒီလူကိုအရဖမ်းနိုင်ရင် မြို့စားကြီးရဲ့ ကြင်ရာလောင်းခင်အုံကို ကျွန်တော်တို့ရမှာတော့ သေချာသလောက်ပဲဗျကိုအောင်ကြီး"ဟု မြမင်းက သူ၏တွက်ကိန်းကို ရဲရဲတင်းတင်းနှင့် ခိုင်ခိုင်မာမာပြောဆိုလိုက်၏။

"ခင်ဗျား ဟောကိန်းထုတ်သလို လွယ်လွယ်နဲ့ ဖြစ်ချင်လည်း ဖြစ်နိုင်ပါတယ်… လွယ်လွယ်နဲ့ ဖြစ်မလာရင်လည်း မဖြစ်ဖြစ်တဲ့နည်းနဲ့ဖြစ်အောင် လုပ်ဖို့အတွက်လည်း စဉ်းစားထားရလိမ့်မယ် ဗိုလ်မြမင်း" အောင်

ကြီးက သူ၏စဉ်းစားထားပုံကို သူ၏ဦးနှောက်အတွင်း၌ သိုသိပ်မထားတော့ဘဲ အပြင်သို့အန်ထုတ်လိုက်၏။

"တင်းခံနေရင်လည်း ပေါင်တွင်းကြောကို ဓားမြှောင်နဲ့ နှစ်ခါအပြင်သုံးခါတော့ မထိုးရမဆွရပါဘူး ကိုအောင်ကြီးရာ" ရန်သူ့သတင်းကိုဖမ်းမိထားသော ရန်သူ့တပ်သားများထံမှ သတင်းထုတ်ယူခြင်းပြုရသောနည်းဟောင်းကြီးကို တပ်မှူးဟောင်းမြမင်းက ခပ်လွယ်လွယ် ခပ်ပေါ့ပေါ့ပြောဆိုသွား၏။

အောင်ကြီးသည် ထိုအကြောင်းနှင့်ပတ်သက်၍ အငြင်းပွားခြင်းမပြုလိုဟန်ဖြင့် တိတ်တိတ်နေလိုက်၏။ အချိန်မဟုတ်၊ နေရာမဟုတ် လူနှစ်ယောက်ရောက်ရှိနေသော သိမ်အတွင်း၌မူကား မှောင်မည်းတိတ်ဆိတ်လျက်သာရှိနေ၏။

❐

## ကညွှာရုံနှင့် အနိဌာရုံ

[ ၁ ]

အရဏ်မတက်မီကပင် ထန်းတောကြီးကျေးရွာသို့ မြင်းတစ်စီးနှင့်အေးအေးလူလူ ထွက်လာခဲ့သူ တောပုန်းကြီးဗိုလ်တောက်ထွန်းသည် သူလှုပ်ရှားသွားလာရာလမ်းခရီးအကြားတွင် ဘေးအန္တရာယ်သည် သူ့ကိုချောင်းမြောင်းစောင့်ဆိုင်းလျက်ရှိသည့်အကြောင်းကို အဘယ်သို့ ရိပ်စားသိရှိနိုင်ပါမည်နည်း။ တကယ်ဆိုတော့ မင်းဝံချောင်းဖျားဒေသတစ်ဝိုက်သည် သူတို့ဩဇာနှင့် အာဏာလွှမ်းမိုးကြီးစိုးရာ နယ်မြေဖြစ်သည်မဟုတ်သလော။ ရတနာပုံနေပြည်တော်၌ ထီးမွေကိုမတရားသဖြင့် သိမ်းမြန်းခဲ့သော သီပေါမင်းသားအစိုးရနှင့် ၎င်း၏ကျွန်ယုံတော် စည်သာမြို့စားကြီးတို့၏ အဓမ္မမှုမျိုးကိုခုခံတွန်းလှန်နေကြသော သူတို့လူသိုက်ကို ရွာသူရွာသားများသည် စိတ်ရောကိုယ်ပါ အားပေးထောက်ခံနေကြသည် မဟုတ်သလော။ အဘက်ဘက်မှ ကူညီရိုင်းပင်းနေကြသည်မဟုတ်သလော။ သူတို့ တောပုန်းဂိုဏ်းသားများသည် မည်သည့်အချိန်နှင့် မည်သည့်ရွာတွင်မဆို တံခါးမရှိ၊ ဓားမရှိဘဲ ဝင်နိုင်ထွက်နိုင်ကြ၏။ အိမ်တိုင်း၊ အိမ်တိုင်းမှာ သူတို့တစ်တွေကို အိမ်ဦးခန်းတွင်တင်၍ စားဦးစားဖျားကျွေးမွေးတတ်ကြ၏။

စ၍ ခရီးထွက်ရာ ကျေးရွာမှ ဗိုလ်တောက်ထွန်းသည် မြင်းတစ်စီးနှင့် စိတ်အေးလက်အေး ခရီးထွက်လာခဲ့ပြီးနောက် ထိုရွာနှင့် ခရီးတစ်တိုင်ခန့်အရောက်တွင် တောတန်းကလေးတစ်ခုကိုဖြတ်ရ၏။ တောတန်းကလေးအတွင်းသို့ စတင်ဝင်ရောက်ရသောအချိန်လောက်တွင် အရဏ်တက်၊ ထို့ကြောင့် တောတန်းအတွင်းသို့ဝင်မိလျှင် အိပ်တန်းမှဆင်းကြရန် ဟန်ပြင်နေကြသော ကျေးငှက်များ၏ အသံဗလံများကို ကြားရ၏။ တောကြက်များ တောင်ပံခတ်သံနှင့် တွန်မြည်သံများကိုလည်း ကြားရ၏။ ယင်းသို့ သာယာညွတ်နူးဖွယ်ရာကောင်းသော တောတန်းသို့ မြင်းတစ်စီးနှင့် တစ်ယောက်တည်းဖြတ်ခြင်းပြုရစဉ် တောပုန်းကြီးဗိုလ်တောက်ထွန်းသည် ရုတ်တရက်စိတ်ကူးရလာသော တေးသီချင်းတစ်ပုဒ်ကို ကောက်ကာငင်ကာသီဆိုလိုက်၏။

"ညဉ့်နက် ကလေးရယ်တဲ့ ချိန်သန်းခေါင်... ကျရွှေမိုးမှောင်၊ သန်းခေါင်ယံ လေပြည်ဖြန်းတော့ ချမ်းရှာလိမ့်လေး... သန်းခေါင်ကျော် လေချိုသွေးတော့... အေးရှာလိမ့်လေး..." တကယ်ဆိုတော့ တောပုန်းကြီး ဗိုလ်တောက်ထွန်းသည် ရုပ်သေးမင်းသားကြီးဆရာအောင်၏တူဖြစ်သည် မဟုတ်သလော။ သူသည် အသံကောင်းသလို အဆိုလည်း တတ်ကျွမ်းသူပါဖြစ်၏။

အသံကလည်းကောင်း၊ အဆိုကလည်း ခပ်ပိုင်ပိုင်နှင့် တောပုန်းကြီးဗိုလ်တောက်ထွန်း ယင်းသို့ သီချင်းတစ်ပုဒ်ကို တောတန်းအလယ်တွင် ကောက်ခါငင်ခါသီဆိုလိုက်သောအခါ ကျေးငှက်နှင့် တောကြက်သံများ ရုတ်တရက်ရပ်ဆိုင်းသွား၏။ သူ၏တေးသံသည်သာ တောတန်းတစ်ခုလုံးကို လွှမ်းမိုးချုပ်ကိုင်လျက်ရှိ၏။ တောသတ္တဝါများသည် သူတို့ထက်များစွာသာလွန်သော လူသတ္တဝါကို လက်မြှောက်ကာ အရှုံးပေးလိုက်ကြခြင်းဖြစ်သလော။ ထို့ကြောင့် ဗိုလ်တောက်ထွန်းသည် သူ့ဟာသူ



အားတက်မြူးကြွလာဟန်ဖြင့် ပထမအပိုဒ်ကထက် သူ၏အသံကိုမြှင့်ကာ ဒုတိယအပိုဒ်ကိုဆက်၏။

"ဖိုးကောင်ကြွေး ကြော်... မန်းတောင်ရိုးပေါ်... ပြည်တော်ကို မျှော်လိုက်စမ်းတော့..."

သို့ရာတွင် တောပုန်းကြီးဗိုလ်တောက်ထွန်းခမျာ သူများစွာ ကြိုက်နှစ်သက်ပုံရသော ထိုသီချင်းကိုပြီးဆုံးအောင် အော်ဟစ်ဆိုခွင့်ကိုမူကား မရရှိလိုက်တော့ချေ။ စောစောကကျေးသံ၊ ငှက်သံနှင့် ကြက်သံများ ရုတ်တရက်ရပ်သွားသလို သူ့အသံသည်လည်း ရုတ်တရက် ရပ်သွား၏။

## [ ၂ ]

တောတန်းအတွင်း လူသွားလမ်း၏ ဘေးတစ်ဖက်တစ်ချက်ရှိ ချုံပုတ်များအတွင်းမှ လူနှစ်ယောက်ဗြုန်းခနဲ ခုန်ထွက်လာကြ၏။ တစ်ယောက်သောသူက ဗိုလ်တောက်ထွန်းစီးလာသော မြင်း၏ပါးချပ်ကြိုးကို ဆတ်ခနဲဆောင့်၍ဆွဲလိုက်သဖြင့် မြင်းသည်လန့်၍ခုန်၏။ မြင်းကလန့်၍ ခုန်သဖြင့် မြင်းကုန်းနှီးထက်တွင် သူ့ကိုယ်သူ ဟန်ချက်ညီအောင် မြင်းစီးသူသည် အားထုတ်ကြိုးပမ်းနေရခိုက် ကျန်တစ်ယောက်က ဗိုလ်တောက်ထွန်းကိုခုန်အုပ်၍ မြင်း၏ကျောကုန်းထက်မှ ဆွဲချ၏။

ဗိုလ်တောက်ထွန်းသည် ထိုအဖြစ်ကို အဘယ်သို့မျှ မျှော်လင့်ထင်မှတ်နိုင်စရာမရှိသော အချိန်နှင့်အရပ်နေရာတွင် ခံလိုက်ရခြင်းလည်းဖြစ်၏။ ထို့ကြောင့် ခံသာခံလိုက်ရသည်၊ သူ့ဟာသူ ဘာဖြစ်နေမှန်းပင် သတိထားလိုက်မိပုံမရချေ။

တစ်ယောက်သော သူက ငှက်ကြီးတောင်ဓားနှင့် သူ့ကိုမိုးထား၏။ ကျန်တစ်ယောက်က သူနှင့်အဆင်သင့်ပါလာသော ကြိုးတစ်ချောင်းနှင့် လက်ပြန်ကြိုးချည်၏။ ယင်းသို့ ခံလိုက်ရတော့မှပင် အမျိုးအမည်မသိ

ရသော ရန်သူများလက်တွင်းသို့ကျရောက်နေရပြီဆိုသော သူ၏အဖြစ်ကို ဗိုလ်တောက်ထွန်းသည် ဝိုးတဝါးရိပ်မိသိရှိစပြုလာပုံရ၏။ သို့ရာတွင် သူ၏ရန်သူများက လက်ဦးမှုရယူသွားကြပြီဖြစ်သည်မဟုတ်သလော။ လက်ပြန်ကြိုးတုပ်ကာ ဓားအမိုးခံထားရပြီဖြစ်သော အခြေမျိုးတွင် သူ့အနေနှင့် ဘာများတတ်နိုင်ဦးမည်နည်း။

ဟန်ကိုယ့်ဖို့ဆိုသော ဩဝါဒစကားကို ဗိုလ်တောက်ထွန်းသည် တဖြည်းဖြည်းသတိရလာမိဟန်တူ၏။ ထို့ကြောင့် သူတစ်ပါးပြုသမျှနှခံရမည့်ဘဝမှာပင် မျက်နှာကို တင်းတင်းထားကာ "မင်းတို့ဘယ်သူတွေလဲ ဟေ့"ဟု ခပ်မာမာ မေးလိုက်၏။

"ဖြည်းဖြည်းပေါ့ ဗိုလ်တောက်ထွန်းရာ" လက်ပြန်ကြိုးကို အပြီးသတ် ချည်နှောင်ရန် အောင်ကြီးက လေခပ်အေးအေး ခပ်ပျော့ပျော့နှင့် ပြန်လည်ပြောဆို၏။

"ဟေ့ မင်းအသံကို ငါကြားဖူးပါတယ်၊ မင်းဘယ်သူလဲ"

"ကျုပ် ဘယ်သူဘယ်ဝါဆိုတာလည်း ဖြည်းဖြည်းတော့ သိရမှာပေါ့ဗျာ..."

"နေစမ်းပါဦးကွ၊ မင်းဘယ်သူ့တပ်ဖွဲ့ထဲကလဲဟင်... ဗိုလ်မိုးကျော်နဲ့ ငါ့တပ်စုတွေထဲက အကောင်တော့မဟုတ်နိုင်ဘူး"

"ကျုပ်အသံကို ကြားဖူးတယ်ဆိုတာတော့ ဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့ ကျုပ်ကတော့ ဘယ်သူ့တပ်ဖွဲ့ထဲကအကောင်မှ မဟုတ်ပါဘူးဗျ ဗိုလ်တောက်ထွန်း..." သူ၏ သားကောင်ကို ကောင်းစွာချည်နှောင် ပြီးစီးသွားသောအခါ မြင်းကုန်းနှီးထက်တွင် ထိုးထားသော ဗိုလ်တောက်ထွန်း၏ ပြင်သစ်လုပ်ကျည်ထိုးသေနတ်ကို လှမ်းယူရင်း လေခပ်အေးအေးနှင့်ပင် အောင်ကြီးက ပြောဆို၏။

"ဒါဖြင့် မင်းဘယ်သူလဲကွ..."



"ခုထက်ထိ ကျုပ်ဘယ်သူ ဘယ်ဝါဆိုတာကို ခင်ဗျားမစဉ်းစားမဆုံးဖြတ်နိုင်သေးဘူးလားဗျ... ဗိုလ်တောက်ထွန်း..."

"ရန်သူမှန်းတော့ သိသားပေါ့ကွ"

"ရန်သူတို့၊ မိတ်ဆွေတို့ဆိုတာတွေဟာ မြဲတဲ့တရားတွေ မဟုတ်ပါဘူးဗျ ဗိုလ်တောက်ထွန်း... အကျိုးစီးပွားချင်း ညီရင် မိတ်ဆွေဖြစ်သလိုဆန့်ကျင်တဲ့အခါ ရန်သူဖြစ်တတ်တယ် မဟုတ်လားဗျ..."

"မင်း ဘာပြောချင်တာလဲကွ"

"ကျုပ် အရေးတကြီးအလိုရှိနေတဲ့ အကျိုးစီးပွားကိစ္စကို ခင်ဗျားကူညီလိုက်လျောနိုင်မယ်ဆိုရင်တော့ ခင်ဗျားနဲ့ကျုပ် အဆွေခင်ပွန်းဖြစ်နိုင်စရာအကြောင်းရှိပါတယ်"

"မင်းအကျိုးစီးပွားကိစ္စဆိုတာက ဘာကိုပြောချင်တာလဲ၊ လိုရင်းကိုတိုတိုတုတ်တုတ်နဲ့ ပီပီပြင်ပြင် ပြောစမ်းပါကွာ"

"ဗိုလ်မိုးကျော် စည်သာမြို့ထဲဝင်ပြီးဆွဲထုတ်သွားတဲ့ ခင်အုံဆိုတဲ့ အမျိုးသမီးတစ်ယောက်ကို ပြန်ရချင်တာကတော့ ကျုပ်ကိစ္စပဲ ဗိုလ်တောက်ထွန်း၊ ဒီကိစ္စအတွက် ခင်ဗျားဟာ အကူအညီပေးချင်ရင်လည်း ပေးနိုင်တဲ့ လူတစ်ယောက်မို့လို့ ကျုပ်အနေနဲ့ မလွှဲသာ မရှောင်သာ ခင်ဗျားကို ခုလိုရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံခဲ့ရတာကိုတော့ ခွင့်လွှတ်စေချင်ပါတယ်" အောင်ကြီးသည် သူ၏ လိုရင်းအမှုကိစ္စအကြောင်းကို ယဉ်ယဉ်ကျေးကျေးပြောဆို၏။

အောင်ကြီးထံမှ မျှော်လင့်နိုင်စရာမရှိသောစကားကိုကြားလိုက်ရသောအခါ တောပုန်းကြီးဗိုလ်တောက်ထွန်းသည် များစွာအံ့အားသင့်သွားပုံရ၏။ သူသည် ဓားကိုင်ထားသော မြမင်းနှင့် သေနတ်ကိုင်ထားသော အောင်ကြီးတို့ကို တစ်လှည့်စီကြည့်နေ၏။ သို့ရာတွင် နှုတ်ကိုတော့မူ စောင့်စည်းထား၏။

အောင်ကြီးသည် သေနတ်ကို မောင်းလျှော့ကာ ကျည်တစ်တောင့်ကို ခပ်အေးအေး သွင်းလိုက်၏။ ထို့နောက် ဗိုလ်တောက်ထွန်း၏အဖြေကို စောင့်ဆိုင်း၍နေ၏။ သို့ရာတွင် ဗိုလ်တောက်ထွန်း၏ ဦးခေါင်းထက်တွင် ဓားမိုး၍စောင့်ကြပ်နေသော စစ်ရှုံးခဲ့ဖူးသူ စစ်သူကြီးတစ်ယောက်ကတော့မူ ကြေးစားအောင်ကြီး ကိုင်ပုံတွယ်ပုံနှင့်ပတ်သက်၍ များစွာမချင့်မရဲနှင့် အားမလို အားမရ ဖြစ်နေပုံရ၏။ တကယ်ဆိုတော့ တောပုန်း၏လက်ချက်ကို တစ်ကြိမ်က မြမင်းသည် ခပ်ဆတ်ဆတ် ခပ်နာနာကလေး ခံခဲ့ရဖူးသူဖြစ်သည် မဟုတ်သလော။ ယခုကဲ့သို့ မိမိက အပေါ်စီးရနေသော အချိန်အခါမျိုးတွင် တောပုန်းကြီး ဗိုလ်တောက်ထွန်းကို သူ့အနေနှင့် ခပ်ဆတ်ဆတ်ကလေး ကိုင်ချင်တွယ်ချင်ပုံပေါက်၏။ ထို့ကြောင့် သူ၏တပ်မှူးနှင့် အကြီးအကဲလူဖြစ်နေသော အောင်ကြီး၏မျက်နှာကို မကြာမကြာ လှမ်းကြည့်နေ၏။

သူ့ဟာသူ စဉ်းစားချိန်ဆရင်း တွေဝေနေပုံရသော တောပုန်းကြီးဗိုလ်တောက်ထွန်းကို အောင်ကြီးသည် ထိုက်သင့်သလောက် အချိန်ပေးလိုဟန်ရှိ၏။ သူသည် အတန်ကြာမျှ သည်းညည်းခံစောင့်ဆိုင်း၏။ သို့ရာတွင် ဗိုလ်တောက်ထွန်းသည် အင်းမလှုပ် အဲမလှုပ် ရှိနေသောအခါ "ကျုပ်တို့ဟာ ကိုယ့်အလုပ်ကို အချိန်တိုအတွင်းမှာ အပြေးအလွှားနဲ့ အလုအယက်လုပ်နေကိုင်နေကြရတဲ့ အလုပ်သမားတွေဗျ ဗိုလ်တောက်ထွန်း... ဒါကြောင့် ခင်ဗျားလိုသလောက် အချိန်ကိုတော့ မပေးနိုင်ဘူး" ဟု ခပ်မာမာ ခပ်တင်းတင်း အမိန့်ပေးပြောကြားလိုက်၏။

"ဒါထက် ကျုပ်မသိတာလေးတစ်ခုတော့ မေးစမ်းပါရစေဦးခင်ဗျ..." ဗိုလ်တောက်ထွန်းသည် သူ၏ပရိယာယ်နှင့် သူအချိန်ဆွဲနေလိုသဖြင့် ပြောကြားခြင်းဖြစ်၏။

"တိုတိုတုတ်တုတ်မေးပေါ့" အောင်ကြီးက လိုက်လျောလိုက်၏။



"ခင်အုံနဲ့ ခင်ဗျားတို့ ဘယ်လိုဆိုင်လို့ ကျုပ်တို့နယ်မြေထဲ ခုလိုစွန့်စွန့်စားစားဝင်လာပြီး အင်မတန်ဘေးအန္တရာယ်များလှတဲ့ အလုပ်မျိုးကို လုပ်နေကြရတာလဲဗျာ..."

"ဒီမေးခွန်းမျိုး ကျုပ်တို့ကို မေးနေစရာအကြောင်း ဘာမှမရှိဘူးထင်တယ်... ဗိုလ်တောက်ထွန်း..."ဟု အောင်ကြီးက သေနတ်ကိုမြှောက်ကိုင်ရင်း ခပ်ဆတ်ဆတ်ကလေး ပြောကြားလိုက်၏။

"ခင်ဗျားတို့သတ္တိနဲ့ လုပ်ရည်ကိုင်ရည်ကိုတော့ ချီးကျူးပါတယ်ဗျာ..."ဟု ဗိုလ်တောက်ထွန်းက ခပ်ထေ့ထေ့ပြောကြားလျက်ရှိ၏။

အောင်ကြီးသည် သေနတ်ကို မောင်းဆွဲ၍တင်လိုက်၏။ ထို့နောက် "တစ်နေ့က ခင်ဗျားနဲ့ ညောင်နီပင်မှာ လူချင်းတွေ့ခဲ့ကြတဲ့ ခင်ဗျားဦးလေး မင်းသားကြီးဆရာအောင်ကို ကျုပ်တို့စစ်ပြီး၊ ဆေးပြီးပြီဗျ ဗိုလ်တောက်ထွန်း... ခင်အုံကို ဘယ်သူ့အိမ်မှာဖွက်ထားသလဲဆိုတာလောက်ပဲ ကျုပ်တို့ တိတိကျကျ သိချင်တယ်... ကျုပ်တို့ အလုပ်ကိစ္စကို ကူညီရင် ခင်ဗျားအသက်ချမ်းသာရာရမှာပဲ"ဟု အောင်ကြီးက လေခပ်အေးအေးနှင့် ပြောဆိုရင်း သေနတ်ပြောင်းကို ဗိုလ်တောက်ထွန်း၏ ဦးခေါင်းကို ချိန်ရွယ်လိုက်၏။

တောပုန်းကြီးဗိုလ်တောက်ထွန်းသည် မျက်နှာငယ်ကလေးနှင့် အောင်ကြီးကို မော့၍ကြည့်၏။ ထို့နောက် ဇက်ကျိုး၍သွား၏။ သူသည် မိမိရင်ဆိုင်နေရသော သတ္တဝါတစ်ကောင်၏ အကြောင်းကို ကောင်းစွာသဘောပေါက် နားလည်သွားပုံလည်း ရ၏။ ထို့ကြောင့် "ခင်ဗျားတို့က လက်ဦးသွားတော့ ခင်ဗျားတို့ကိစ္စကိုလည်း ကူညီရတော့မှာပေါ့ဗျာ" ဟု ခပ်တိုးတိုး ခပ်အုပ်အုပ် ပြန်လည်ပြောဆို၏။

## [၃]

တောတန်း၏အတွင်းဘက် ခပ်ကျကျဖြစ်သော မျောက်ချောပင်ကြီးတစ်ပင်တွင် တောပုန်းကြီးဗိုလ်တောက်ထွန်းကို ကြိုးများနှင့် အခိုင်အခံ့တုပ်နှောင်ကာ မြမင်းအား ဓားတစ်ချောင်းနှင့် အစောင့်ထားခဲ့ပြီးနောက် အောင်ကြီးသည် မြို့စားကြီး၏ကြင်ရာ ခင်အုံထားရှိသည့် ညောင်နီပင်ရွာဘက်သို့ မြင်းကိုကြိမ်တို့ကာ ခပ်သုတ်သုတ်ကလေး စိုင်းထွက်လာခဲ့၏။ သူတို့၏အလုပ်ကိစ္စတွင် ပထမအရစ်ကို ချောချောမောမော လုပ်ကိုင်၍ ပြီးစီးသွားခဲ့ပြီဖြစ်၏။ သို့ရာတွင် ခင်အုံကိုရဖို့အရေးဖြစ်သော ဒုတိယအရစ်ရှိသေး၏။ ထိုအလုပ်ကို အဘယ်သို့ အဘယ်ပုံလုပ်ကိုင်ခြင်းပြုရန် အောင်ကြီးတွင် အစီအစဉ်မရှိသေးပေ၊ စဉ်းစားခြင်းလည်း မပြုရသေးပေ။ ညောင်နီပင်ရွာဘက်သို့ ထွက်လာရင်း မြင်းကုန်းနှီးထက်တွင် စဉ်းစားကြံစည်ရ၏။

အောင်ကြီးသည် ညောင်နီပင်ရွာသို့ ကိုယ်တိုင်ကိုယ်ကျ ရောက်ဖူး၊ ပေါက်ဖူးသူ တစ်ဦးတော့ကားမဟုတ်ပေ။ သို့ရာတွင် ထိုရွာသို့ အဘယ်ပုံအဘယ်နည်း သွားလာရသည်ဆိုသော အကြောင်းကိုတော့ စူးစမ်းလေ့လာထားပြီးဖြစ်၏။ တစ်ဆက်တည်းမှာပင် တောပုန်းကြီးမိုးကျော် ခင်အုံကိုဝှက်ထားသော အိမ်ရှင်များ မည်သူမည်ဝါဖြစ်သည်ဆိုတာ သိရှိထားခဲ့ပြီဖြစ်သော်လည်း ထိုအိမ်သည် ဘယ်အပိုင်း ဘယ်နေရာတွင် ရှိကြောင်းကိုလည်း မသိရှိသေးပေ။

အချိန်ကိုလု၍ အလုပ်လုပ်နေရသူပီပီ မြင်းကုန်းနှီးထက်တွင် အောင်ကြီးသည် သူ၏ဦးနှောက်ကို အလုပ်များစွာပေးခဲ့၏။ ညောင်နီပင်ရွာသို့ ရောက်ရှိသွားပြီးနောက် ခင်အုံကိုထားရှိသော အိမ်ကို တွေ့သော်လည်း ထိုမိန်းမလှတစ်ယောက်ကို သူ၏ မြင်းကုန်းနှီးထက်သို့ရောက်အောင် အဘယ်သို့တင်ဆောင်ရမည်နည်း။ တရကြမ်းဝင်ဆွဲ၍ တင်



ဆောင်ရမည်လော၊ သို့မဟုတ် ပရိယာယ်တစ်ခုခုကို ရှာကြံဖန်တီးရမည်လော။ ယင်းသို့ ချီတုံချတုံ စဉ်းစားကြံစည်ရင်းက အောင်ကြီးသည် ညောင်နီပင်ရွာအဝင်သို့ ရောက်ရှိလာ၏။

ရွာအဝင်တွင်ရှိသော ညောင်ပင်ကြီးတစ်ပင်အောက်တွင် ဂုံညင်းထိုးတမ်း ကစားနေကြသော အသက်ဆယ့်သုံးလေးနှစ်အရွယ် ကလေးသုံးလေးယောက်ကိုတွေ့ရသဖြင့် အောင်ကြီးသည် သူစီးလာသော မြင်းကို ဇက်သတ်ကာ ကလေးများ၏ ဂုံညင်းဝိုင်းအနီးသို့ ချဉ်းကပ်ရ၏။ ကလေးများသည် အောင်ကြီးကို လူချင်းမတွေ့ဖူး၊ မကျွမ်းဖူးရကား ခပ်စိန်းစိန်းကြည့်နေကြ၏။ သို့ရာတွင် အောင်ကြီးစီးလာသော မြင်းကိုမူကား ကောင်းစွာတွေ့မြင်ဖူးကြဟန်ရှိ၏။ ထို့ကြောင့် သူစိမ်းစီးလာသော မြင်းသည် သူတို့ရွာသို့ မကြာခဏ လာနေကျဖြစ်သော ဗိုလ်တောက်ထွန်း၏မြင်းဖြစ်ကြောင်း သူတို့ဟာသူတို့ အချင်းချင်း တီးတိုးပြောဆိုလျက် ရှိကြ၏။

အောင်ကြီးသည် အချိန်ကိုလု၍ အလုပ်လုပ်နေရသူဖြစ်၏။ ထို့ကြောင့် ဗိုလ်တောက်ထွန်းသတင်းပေးလိုက်သော အိမ်ရှင်များအိမ်တွင် ရှိ၊ မရှိနှင့် ထိုအိမ်သည် ရွာ၏မည်သည့်အပိုင်းတွင် ရှိကြောင်း ကလေးများထံ မေးမြန်းစုံစမ်းကြည့်ရတော့၏။

ကလေးသူငယ်များသာ ဖြစ်ကြစေကာမူ သူတို့အဖို့ မျက်နှာစိမ်းဖြစ်နေသော အောင်ကြီး၏မေးခွန်းကို လွယ်လွယ်နှင့် ဖြေကြားပြောဆိုခြင်း မပြုကြပေ။ သို့ရာတွင် သူတို့အထဲမှ ခပ်လည်လည်ဝယ်ဝယ်ရှိပုံရသော ကလေးတစ်ယောက်က အောင်ကြီးကို အတန်ကြာမျှ စူးစိုက်ကြည့်နေပြီးမှ "ဦးလေးက ဘယ်ရွာကလဲ"ဟုပင် သူ့ကိုစစ်ဆေးမေးမြန်းခြင်းပြု၏။

"ဩော်... ဦးလေးက ဗိုလ်မိုးကျော်နဲ့ ဗိုလ်တောက်ထွန်းတို့ရဲ့လူ

ပါကွ... မင်းတို့ရွာကို လာခဲ့ရတဲ့အကြောင်းကလည်း အရေးကြီးတဲ့ကိစ္စတစ်ခုအတွက်နဲ့ ဗိုလ်တောက်ထွန်းတို့က မင်းတို့ရွာကို ခိုင်းလိုက်လို့ လာခဲ့ရတာပါကွာ..."ဟု အောင်ကြီးက မှင်သေသေနှင့် ပြန်လည်ဖြေကြား၏။

"ဩော်ဦးလေးက ဗိုလ်မိုးကျော်နဲ့ ဗိုလ်တောက်ထွန်းတို့လူလား... ဦးလေးမေးတဲ့ ဦးဖိုးရှင်းနဲ့ ဒေါ်ငွေတင်တို့အိမ်က ရွာလယ်ပိုင်းလောက်မှာရှိတယ်... သူတို့အိမ်ရှေ့မှာ မန်ကျည်းပင်တစ်ပင်တွေ့လိမ့်မယ်...ဒါပေမဲ့ အဘိုးကြီး အဘွားကြီးလင်မယားနှစ်ယောက်စလုံး အိမ်မှာမရှိကြဘူးနဲ့တူတယ်... တစ်ဖက်ရွာက သူတို့သားချင်းထဲကအလှူကို သွားနေကြတယ်ခင်ဗျ" ခပ်လည်လည်ဝယ်ဝယ်ရှိသော ကလေးကပင် သူ့ကို ပြန်ပြော၏။

"အိမ်မှာ သူတို့မရှိကြရင် သူတို့အိမ်ကဧည့်သည်အမျိုးသမီးကော ရှိရဲ့လားကွဲ့"

"စောစောကတော့ တွေ့ခဲ့သားပဲ..."

သူအလိုရှိသော အဖြေနှင့်အချက်အလက်များကိုရလျှင် "ဦးလေးကိစ္စက အရေးကြီးလို့ သွားလိုက်ဦးမယ်ကွာ"ဟု ကလေးများကို နှုတ်ဆက်ပြီးနောက် အောင်ကြီးသည် ရွာလယ်လမ်းမကြီးအတိုင်း မြင်းကို ခပ်သွက်သွက်ကလေး စီးချလာခဲ့၏။ ရွာလယ်ပိုင်းသို့ရောက်သောအခါ ကလေးများက သတင်းပေးလိုက်သော ဦးဖိုးရှင်းနှင့် ဒေါ်ငွေတင်တို့အိမ်နှင့်တူသော အိမ်တစ်ဆောင်တွေ့ရ၏။ အိမ်ရှေ့တွင်လည်း မန်ကျည်းပင်ကိုပါ တွေ့ရ၏။ ထို့ကြောင့် အောင်ကြီးသည် အိမ်ဝင်းအတွင်းသို့မြင်းစီး၍ ဝင်လာခဲ့၏။

အိမ်ဝင်းအတွင်းသို့ လူတစ်ယောက် မြင်းစီးဝင်လာသော အသံတစ်သံကြားရသဖြင့် ခင်အုံသည် အိမ်တွင်းမှ ပျာပျာသလဲထွက်လာခဲ့ပြီးနောက် အိမ်ရှေ့ပြတင်းပေါက်မှ ခေါင်းပြူ၍ ကြည့်လိုက်၏။ သို့ရာတွင် သူမျှော်လင့်ထားသူ တစ်ဦးမဟုတ်ဘဲ မျက်နှာစိမ်းတစ်ဦးဖြစ်နေသည်ကိုတွေ့ရသဖြင့် အကဲခတ်ကြည့်ရှုနေပုံရ၏။ ထိုလူစိမ်းစီးလာသောမြင်းကို ဗိုလ်တောက်ထွန်း၏မြင်းမှန်း ကောင်းစွာသိရှိထားသဖြင့် "ဘယ်လိုအကြောင်းကိစ္စများရှိပါသလဲရှင်..."ဟု ယဉ်ယဉ်ကျေးကျေး ပြန်လည်မေးမြန်းလိုက်၏။

"ကျွန်တော် ဗိုလ်မိုးကျော်နဲ့ ဗိုလ်တောက်ထွန်းတို့က အရေးတကြီးတာဝန်တစ်ခုနဲ့ မခင်အုံဆီကိုလွှတ်လိုက်လို့ လာခဲ့ရတဲ့ တပ်သားတစ်ယောက်ပါ ခင်ဗျာ..."ဟု အောင်ကြီးသည် မြင်းပေါ်မှလွှားခနဲဆင်းကာ ပြောကြားရင်း အိမ်ပေါ်သို့ခပ်သုတ်သုတ် တက်လာခဲ့၏။

သူနှင့်ပတ်သက်နေသော ဗိုလ်မိုးကျော်နှင့် ဗိုလ်တောက်ထွန်းတို့ထံမှ သူ့ထံသို့အရေးကြီးသော တာဝန်တစ်ခုအတွက်နှင့် လာရသည်ဆိုသောကြောင့် အိမ်ရှင်အမျိုးသမီးသည် ထိုလူစိမ်းကို နောက်ထပ်အကဲခတ်လေ့လာခြင်းနှင့် စစ်ဆေးမေးမြန်းခြင်းများ ပြုလုပ်ရန်သတိမထားမိတော့ဘဲ အိမ်တံခါးကိုလွယ်လွယ်ကူကူ ဖွင့်ပေးလိုက်၏။ ထို့နောက် "ဘယ်လိုအရေးကြီးတဲ့ကိစ္စများရှိလို့ပါလဲရှင်..."ဟု ပျာပျာသလဲမေး၏။

"ဗိုလ်မိုးကျော်နဲ့ ဗိုလ်တောက်ထွန်းတို့ နှစ်ယောက်စလုံးကပဲ မခင်အုံရဲ့ လုံခြုံရေးအတွက် ညောင်နီပင်ရွာက ထန်းတောကြီးရွာကို အမြန်ဆုံး ပြောင်းရွှေ့ထားရမယ်ဆိုလို့ မခင်အုံ ခုတစ်ခါတည်း ကျွန်တော်နဲ့လိုက်မှဖြစ်လိမ့်မယ်... ပြီးတော့ အချိန်လည်း သိပ်ရှိတော့တာ မဟုတ်ဘူးခင်ဗျ"ဟု အောင်ကြီးက ရေးကြီးသုတ်ပျာ အမူအရာမျိုးဖြင့် ပြောဆို၏။

"ဘယ်လိုက ဘယ်လိုဖြစ်လာတာမို့လဲဟင်..."ဟု ခင်အုံက ပျာပျာသလဲ အမူအရာဖြင့် ပြန်၍မေး၏။

"ခင်အုံကို မရရတဲ့နည်းနဲ့ ပြန်ယူမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ စည်သာ

မြို့စားကြီးကိုယ်တိုင် ဦးစီးပြီးတပ်သားတစ်ထောင်လောက်နဲ့ ညောင်နီပင်ရွာဘက်ကို ဦးတည်ချီတက်လာနေကြတယ်ခင်ဗျ... အဲဒီလိုမြို့စားကြီး ချီတက်လာကြတဲ့ ရန်သူတွေကိုရသမျှ တပ်သားတွေစုဆောင်းပြီး လမ်းခုလတ်က ခုခံတိုက်ခိုက်နေရာက ဗိုလ်မိုးကျော်နဲ့ ဗိုလ်တောက်ထွန်းတို့ နှစ်ဦးစလုံးက ကျွန်တော့်ကိုတာဝန်ပေး စေလွှတ်လိုက်လို့ မခင်အုံရှိရာကိုလာခဲ့ရတာပါခင်ဗျာ..."

"ဟင်... စည်သာမြို့စားကြီး ကိုယ်တိုင်ပါသတဲ့လား"ဟု ခင်အုံက မျက်စိပျက် မျက်နှာပျက်နှင့်မေး၏။

"အချိန်က သိပ်မရှိတော့ဘူး မခင်အုံ... ခုလောက်ဆိုရင်ပဲ စည်သာမြို့စားကြီးရဲ့ တပ်တွေဟာ ညောင်နီပင်ရွာနဲ့ သိပ်ဝေးလှတော့တာမဟုတ်လို့ ကျွန်တော်နှင့်အတူ ထန်းတောကြီးရွာဘက်ကို ခုတစ်ခါတည်းလိုက်မှဖြစ်မယ်"ဟု အောင်ကြီးက မှင်သေသေနှင့် ခြောက်လှန့်ပြောဆိုလိုက်သောအခါ "ဒီလိုဆိုရင် ဒီသေနာကောင် သေခြင်းဆိုးကြီး လက်ထဲတော့ ဘယ်နည်းနဲ့မှပြန်အရောက်မခံနိုင်ဘူးရှင့်... ရှင်နဲ့ခုပဲ ထန်းတောကြီးဘက်ကို ခင်အုံလိုက်ပါ့မယ်ရှင်..."ဟု အသံကလေး ကတုန်ကယင်ဖြင့် ပြောကြားရင်း စည်သာမြို့၏လှခေါင်မင်းသည် စည်သာမြို့စားနှင့် ကြေးညှိထားသော ကြေးစားသမားအောင်ကြီးဆိုသူနောက်သို့ လိုက်ပါရန် ကမန်းကတန်းပြင်ဆင်၏။

## [ ၄ ]

စည်သာမြို့၏လှခေါင်မင်းကို မြင်းပေါ်တွင် တင်ဆောင်ကာ ညောင်နီပင်ရွာမှ အောင်ကြီးထွက်ခွာလာသောအခါ ဗိုလ်တောက်ထွန်း၏မြင်းသည် ခါတိုင်း လူတစ်ကိုယ်စာ သယ်ပိုးနေရခြင်းမှ လူနှစ်ကိုယ်စာမျှ ရုန်းကန်ရခြင်းဖြစ်၏။ ထို့ကြောင့် ညောင်နီပင်သို့ အလာခရီးမှာတုန်းကကဲ့သို့ သွက်လက်ခြင်းမရှိတော့ပေ။ ကြိမ်တဖျပ်ဖျပ် တို့နေသည့်အကြားမှပင် ခြေဆွဲလျက်ရှိ၏။ အချိန်ကို လုနေရသောအောင်ကြီးသည် ဗိုလ်တောက်ထွန်းနှင့် ထားခဲ့ရသော မြမင်းရှိရာသို့ အမြန်ဆုံးရောက်ချင်နေ၏။ မြမင်းနှင့် လူချင်းပြန်ဆုံကြပြီးမှ သူတို့လုပ်ရမည့် တတိယအရစ်ကို စနိုင်မည်ဖြစ်သည်မဟုတ်သလော။ သူတို့လူသုံးယောက်အတွက် မြင်းတစ်စီးမျှသာရှိ၏။ ထို့ကြောင့် ကျယ်ဝန်းသော ရန်သူ့နယ်မြေကြီးကို အဘယ်သို့ကျော်လွှား ဖောက်ထွက်ကြမည်နည်း။ ၎င်းပြင် သူလှည့်ပတ်ခေါ်ဆောင်လာခဲ့သော ခင်အုံသည်အဖြစ်မှန်ကို စတင်သိရှိသွားသော အချိန်တွင် အေးအေးသက်သာနှင့် ငြိမ်ငြိမ်သက်သက်လိုက်ပါလာလိမ့်မည်တော့မဟုတ်ပေ။ အောင်ကြီးသည် တစ်လမ်းလုံးစဉ်းစားတွက်ချက်လာခဲ့၏။



ညောင်နီပင်သို့ အလာခရီးထက် ညောင်နီပင်မှအပြန်ခရီးသည် အချိန်နှစ်ဆနီးပါးခန့်မျှ ကြာညောင်း၏။ မြင်းသည် များစွာပင်ပန်းကာ တစ်ကိုယ်လုံး ချွေးပြန်လျက်ရှိ၏။

ဗိုလ်တောက်ထွန်းနှင့် မြမင်းနှစ်ယောက်ကို ထားပစ်ခဲ့သော တောတန်းနေရာသို့ ရောက်ရှိလာသောအခါ ခင်အုံနှင့် မြင်းကို လူသွားလမ်းကလေးဘေးတွင် ခေတ္တထားခဲ့ရပြီးနောက် အတွင်းဘက်သို့ ဝင်၍ကြည့်ရ၏။ သို့ရာတွင် ဗိုလ်တောက်ထွန်းကို ကြိုးများဖြင့်ချည်နှောင်ထားခဲ့သော မျောက်ချောပင်ကြီးကိုသာတွေ့ရပြီး ဗိုလ်တောက်ထွန်းရောအစောင့်ထားခဲ့သော မြမင်းကိုပါ အစအနမျှမတွေ့ရတော့ချေ။ အောင်ကြီး၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွား၏။ တစ်ကိုယ်လုံးလည်း လှုပ်ရှားခါယမ်းသွား၏။ အဘယ်သို့ဖြစ်ကုန်ကြပြီနည်း။

သူညောင်နီပင်ရွာသို့ ထွက်သွားတုန်းအခိုက် တောပုန်းကြီး ဗိုလ်မိုးကျော်နှင့် ဗိုလ်တောက်ထွန်းတို့၏ တပည့်တပန်းများသည် ဤအရပ်

နေရာသို့ ရောက်ရှိလာပြီးနောက် ဗိုလ်တောက်ထွန်းကို ကယ်တင်ကာ မြမင်းကိုများ ဖမ်းဆီးသွားကြပြီလော။ ဤအတိုင်းသာမှန်ခဲ့လျှင် အောင်ကြီးသည် တောပုန်းများလွှမ်းမိုးကြီးစိုးရာ နယ်မြေအတွင်းမှ ဖောက်ထွက်၍ဖြစ်နိုင်ပါဦးမည်လော။ ယခုလောက်ဆိုလျှင် သူ၏ရန်သူများသည် သူ့နောက်သို့ ခြေရာခံ လိုက်နေကြတော့မည်သာဖြစ်၏။ အောင်ကြီးသည် မျောက်ချောပင်ရင်းတွင် အတန်ကြာမျှ ငိုင်၍စဉ်းစားနေ၏။ ယင်းသို့ အောင်ကြီးငိုင်နေခိုက် မလှမ်းမကမ်းရှိ ချုံပုတ်အတွင်းမှ ယင်မမည်းရိုင်းများသည် ဝေါခနဲ လန့်၍ပျံ၏။ ထို့ကြောင့် အောင်ကြီးသည် အတွေးရပ်သွားပြီး ယင်များပျံနေရာ ချုံပုတ်ဘက်သို့ လှမ်း၍ကြည့်လိုက်၏။ ချုံပုတ်မှာ ရိုးရိုးမဟုတ်ဘဲ အခြားသစ်ကိုင်းများနှင့်ပါ အုပ်ထားသည်ကိုတွေ့ရ၏။ ထို့ကြောင့် သင်္ကာမကင်းဖြစ်လာပုံရသော အောင်ကြီးသည် ချုံပုတ်ရှိရာသို့ လျှောက်လာခဲ့၏။ ယင်များသည် ချုံပုတ်အတွင်းမှ ဝေါခနဲ ထပျံကြပြန်၏။

ချုံပုတ်အတွင်း၌ ဦးခေါင်းမရှိတော့ပြီဖြစ်သော ဗိုလ်တောက်ထွန်း၏အလောင်းကိုတွေ့လိုက်ရလျှင်ပင် အောင်ကြီးသည် တရားခံ မည်သူမည်ဝါဖြစ်ကြောင်းနှင့် မည်ကဲ့သောရည်ရွယ်ချက်များဖြင့် ထိုရာဇဝတ်မှုကြီးကို ကျူးလွန်သွားကြောင်း တစ်ခါတည်း တွက်ဆစဉ်းစားမိ၏။ ဗိုလ်တောက်ထွန်း၏ ခေါင်းကိုဖြတ်ယူသွားသူမှာ ဓားတစ်ချောင်းနှင့် အစောင့်ထားရစ်ခဲ့သော မြမင်းမှတစ်ပါး အခြားမည်သူ ဖြစ်နိုင်ဦးမည်နည်း။ ထိုသတ္တဝါတွင် သွေးကြွေးဆပ်လိုသောစေတနာရှိကောင်းရှိနိုင်၏။ ၎င်းပြင် ဗိုလ်တောက်ထွန်း၏ ဦးခေါင်းကိုပြ၍ စည်သာမြို့စားကြီးနှင့် စစ်ကဲကြီးတို့ထံတွင် အမှတ်ယူနိုင်သည် မဟုတ်သလော။

အောင်ကြီးသည် မြမင်း၏အမူအကျင့်ကို များစွာစက်ဆုပ်ရွံရှာသွားမိ၏။ ထို့ကြောင့် "အလကားလူ"ဟု ပြစ်တင်လိုက်၏။ ရန်သူဖြစ်ခဲ့



လင့်ကစား ကိုယ့်လက်တွင်းသို့ သုံ့ပန်းအဖြစ်ကျရောက်လာခဲ့သူတစ်ဦးတစ်ယောက်ကို ဤသို့ ရက်စက်ရိုင်းစိုင်းရသလော။ မိမိ၏ တစ်ကိုယ်ကောင်း၊ တစ်ယောက်ကောင်း ချမ်းသာကောင်းစားရေးအတွက် ဤမျှရိုင်းစိုင်းယုတ်မာသောအလုပ်အကိုင်မျိုးကို လုပ်ကိုင်ရသလော။ "တော်တော်လည်း ယုတ်ကန်းတဲ့ သတ္တဝါတစ်ကောင်ပဲ"ဟုလည်း ထပ်မံ ပြစ်တင်လိုက်ပြန်၏။

ယင်းသို့ မြမင်း၏ တစ်ကိုယ်ကောင်း၊ တစ်ယောက်ကောင်းဆန်လှသော လုပ်ရပ်နှင့်အမူအကျင့်ကို စဉ်းစားဝေဖန်ရင်းက အောင်ကြီးသည် သူ၏အမူအကျင့်နှင့် လောလောဆယ် သူလုပ်ကိုင်လျက်ရှိသော လုပ်ငန်းအကြောင်းကိုပါ ထည့်သွင်းစဉ်းစားလာမိပုံရ၏။ တကယ်ဆိုတော့ သူကကော အလကားလူနှင့် ယုတ်ကန်းသောသတ္တဝါတစ်ကောင်ဟုဆိုရသော တပ်မှူးဟောင်း မြမင်းနှင့် ဘာထူးခြားသနည်း၊ ဘာသာသေးသနည်း။

သူသည် သူ့အပြစ်နှင့်သူ၊ သူ့ပယောဂနှင့်သူ မင်းပြစ်မင်းဒဏ်သင့်သဖြင့် ထောင့်တစ်သက် လွတ်ရက်မရှိ ကျခံနေရသော ရာဇဝတ်အကျဉ်းသားတစ်ဦးမျှသာဖြစ်၏။ သူသည် မိမိ၏ကိုယ်ကျိုးစီးပွားတစ်ခုတည်းအတွက် အလုပ်အကိုင်မရွေး ကြေးစားလုပ်လာကိုင်လာခဲ့သော လူလွန်မသားတစ်ဦး တစ်ယောက်လည်းဖြစ်သည်မဟုတ်သလော။ ထို့ကြောင့် သူနှင့် ငှားရမ်းစေခိုင်းသူ လုပ်ငန်းရှင်၏အကျိုးစီးပွားများလောက်ကိုသာ အလေးထားခဲ့ပြီး တတိယပုဂ္ဂိုလ်၏ အကျိုးစီးပွားကို လားလားမျှ ထည့်သွင်းစဉ်းစားခဲ့ခြင်းမပြုခဲ့စဖူး။

သူ၏ကိုယ်ကျိုးစီးပွားအတွက် တောပုန်းကြီး ဗိုလ်တောက်ထွန်း၏ ဦးခေါင်းကို ရိုင်းရိုင်းစိုင်းစိုင်း ဖြတ်ယူသွားသော တပ်မှူးဟောင်း ဗိုလ်မြမင်းကိုသာ "အလကားလူ၊ တော်တော်လည်း ယုတ်ကန်းတဲ့ သတ္တဝါ

တစ်ကောင်ပဲ”ဟူ၍ သူက သူတော်ကောင်းကြီးလုပ်ကာ အပြစ်တင်နေ၏။ တကယ်ဆိုတော့ သူကကော ဘယ်လိုလူစားမျိုးလဲ၊ တကယ့်လူလော၊ တော်တော်ယဉ်ကျေးသော သတ္တဝါတစ်ဦးလော။

ရက်ရက်စက်စက် ဦးခေါင်းအဖြတ်ခံသွားခဲ့ရသော ဗိုလ်တောက်ထွန်းနှင့်တကွ ၎င်း၏ အကြီးအကဲဖြစ်သော ဗိုလ်မိုးကျော်အပါအဝင် တောပုန်း၊ ဓားပြဆိုသူများသည် တကယ်ဆိုတော့ ရတနာပုံနေပြည်တော်ရှိ သီပေါဘုရင်အစိုးရနှင့် စည်သာမြို့စားကြီးတို့၏ အဓမ္မမှုများကို မခံမရပ်နိုင်ကြလွန်း၍သာ ယခုကဲ့သို့ တောများကို အကာအကွယ်ယူကာ ခုခံတွန်းလှန်နေကြသူများဖြစ်သည်မဟုတ်သလော။ မင်းဝံချောင်းရိုးတစ်လျှောက်ရှိ ကျေးရွာများနှင့် ရွာသူရွာသားများသည် ထိုတောပုန်း၊ ဓားပြဆိုသူများကို အကြောင်းမဲ့လက်ခံထားစရာ အကြောင်းမရှိ၊ ရွာသူရွာသားများက ယင်းတို့ကို ကောင်းစွာအားပေးကူညီနေကြခြင်း၌ အကြောင်းတစ်ခုခုတော့ ရှိရပေလိမ့်မည်။ ကိုယ်၏အကျိုးစီးပွားနှင့် မပတ်သက်သူတစ်ဦးကို အဘယ်သူသည် လက်ခံအားပေးရိုးရှိသနည်း။

ထိုလှယမင်းကို တန်ခိုးအာဏာရှိသော စည်သာမြို့စားကြီးက ကာယကံရှင်အလိုမတူဘဲ အတင်းအဓမ္မယူငင်ရန် ကြံစည်၏။ ပြင်ဆင်၏။ ထိုအဓမ္မမှုကို ကြည့်မနေနိုင်၍ မိုးကျော်အမှူးပြုသော တောပုန်းများသည် စည်သာမြို့အတွင်းသို့ စွန့်စွန့်စားစားဝင်ရောက်ကာ ထိုအမျိုးသမီးကို ကယ်တင်သွားခဲ့ကြခြင်းမျှသာဖြစ်၏။ ကယ်တင်သွားခဲ့သည်ဆိုသောစကားသည် မှန်၏။

အောင်ကြီးသည် အတန်ကြာမျှ ငိုင်၍စဉ်းစားလျက်ရှိ၏။

သူသည် ကိုယ့်အပြစ်နှင့်ကိုယ် မင်းပြစ်မင်းဒဏ် ခံနေရသော ထောင့်တစ်သက်လွတ်ရက်မရှိ ရာဇဝတ်အကျဉ်းသားတစ်ဦးဖြစ်၏။ အဘယ်အကျဉ်းသားတစ်ဦးတစ်ယောက်သည် အကျဉ်းထောင်အတွင်းမှ မလွတ်မြောက်ချင်ဘဲ ရှိပါမည်နည်း။ ကိုယ်၏ လွတ်မြောက်ရေး တစ်ခုတည်း



အတွက်ကိုသာ မျက်စိစပါးမွေးတစ်ဆုံးမျှလောက် တိုတိုတောင်းတောင်းကြည့်ရှုကာ မည်သို့မျှမလုပ်သင့်၊ မလုပ်ကောင်းသော အလုပ်တစ်ခုကိုလုပ်ကိုင်ရန် သဘောတူ လက်ခံခဲ့၏။ ထိုလုပ်ငန်းကိုလည်း တစ်ရစ်ပြီးတစ်ရစ် အောင်အောင်မြင်မြင်လုပ်ကိုင်ခဲ့ရာ ယခုအခါ တစ်ရစ်မျှသာကျန်ရှိတော့၏။ စည်သာမြို့စားကြီး ဦးကျော်ခေါင် အငမ်းမရဖြစ်နေသော ထိုအမျိုးသမီးကိုသာ စည်သာမြို့သို့ ရောက်အောင်ဆောင်ကြဉ်းသွားမည်ဆိုပါက ထောင့်တစ်သက် လွတ်ရက်မရှိမျှခံနေရသော လက်မရှံ့အကျဉ်းထောင်၏ ရာဇဝတ်အကျဉ်းသားဘဝမှ လွတ်မြောက်ခွင့်ရရှိတော့မည်မဟုတ်သလော။ သို့ရာတွင် မိမိ၏ လွတ်လပ်မှုအတွက်သူတစ်ပါး၏ လွတ်လပ်မှုကို လုယက်ဖျက်ဆီး၍ သင့်ပါမည်လော။

သူ၏ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ကိုယ်ကျိုးစီးပွားအတွက် သူနှင့်အတူ လိုက်ပါလာခဲ့သော တပ်မှူးဟောင်း မြမင်းသည်များစွာ မလုပ်သင့် မလုပ်ထိုက်သော အလုပ်အကိုင်တစ်ခုကို ရှိုင်းရှိုင်းစိုင်းစိုင်းနှင့် ပက်ပက်စက်စက် လုပ်ကိုင်သွားခဲ့ပြီဖြစ်၏။ သွေးသံရဲရဲနှင့်ဦးခေါင်း ပြတ်နေသော တောပုန်းကြီးဗိုလ်တောက်ထွန်း၏အလောင်းကိုတစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက် အောင်ကြီးသည် ထိုအရပ်နေရာမှချာခနဲ လှည့်ထွက်လာခဲ့၏။

ဗိုလ်တောက်ထွန်း၏ မြင်းဆိုးကြီးသည် အရှင်သခင်မဟုတ်သောသူ့ကို စိတ်ရှည်လက်ရှည် စောင့်ဆိုင်းလျက်ရှိ၏။ စည်သာမြို့၏ လှခေါင်မင်းသည်လည်းမြင်း၏ ကျောကုန်းထက်တွင် တင်ပါးလွှဲထိုင်ကာသူ့ကိုအားကိုးတကြီးနှင့် မျှော်နေပုံရ၏။ ဘာမျှလည်းမမေး၊ ပြောလည်းမပြော။

အောင်ကြီးသည် မြင်းပေါ်သို့ လွှားခနဲတက်လိုက်ပြီးနောက် အနားယူထားတန်သလောက် ယူထားရပြီးဖြစ်သော ဗိုလ်တောက်ထွန်း၏မြင်းကို ကြိမ်နှင့်ခပ်ဆတ်ဆတ်ကလေးတို့လိုက်၏။ အားပြည့်တန်သလောက်

ပြည့်နေသောမြင်းသည် တစ်ရှိန်ထိုးထွက်သွား၏။ အောင်ကြီးသည် တောတန်းကို ထမင်းအိုးတစ်လုံးချက်ရသလောက် ဖြတ်သန်းလာခဲ့ရပြီးသောအခါ ထန်းတောကြီးရွာအဝင်သို့ ဆိုက်၏။ ရွာအဝင်ဝတွင် ရွာနာမည်နှင့်လိုက်အောင် ထန်းတောကြီးတစ်တောရှိ၏။

ထန်းပင်တစ်ပင်အောက်တွင် အောင်ကြီးသည် မြင်းဇက်ကိုသတ်လိုက်၏။ သူသည် ရှေးဦးစွာ မြင်းကျောပေါ်မှ လွှားခနဲဆင်းပြီးနောက် သူနှင့်အတူ တစ်လမ်းလုံး စကားတစ်ခွန်းတစ်ပါဒမျှ မပြောဘဲ ငြိမ်သက်စွာလိုက်ပါလာခဲ့သူ အမျိုးသမီးကို မြင်းပေါ်မှ ချပေး၏။ ယင်းသို့ ခင်အုံကို မြင်းကျောကုန်းပေါ်မှ မြေပြင်ပေါ်သို့ ကောင်းစွာချပေးပြီးစီးသောအခါ "ကျေးဇူးတင်လိုက်တာရှင်..."ဟု ခင်အုံက စကားတစ်ခွန်းပြော၏။

လှပယဉ်ကျေးသော အမျိုးသမီး၏ ကျေးဇူးတင်မှုကို သူ့အနေနှင့် အဘယ်သို့တရားသဖြင့် လက်ခံ၍ ဖြစ်နိုင်ပါ့မည်နည်း။ ထို့ကြောင့် အောင်ကြီးသည် ဘာမျှပြန်လည်ပြောဆိုခြင်းမပြုဘဲ မြင်းကုန်းနှီးထက်သို့သာ လွှားခနဲ တက်လိုက်၏။ ထို့နောက် စည်သာမြို့၏ လှခေါင်မင်းကို ပြန်၍ပင် လှည့်မကြည့်တော့ဘဲ သူ့မြင်းကို တရကြမ်း ကြိမ်သွင်းကာ ဒုန်းစီး၍ ထွက်လာခဲ့၏။

စည်သာမြို့စားကြီး၏ လက်တွင်းသို့ ထပ်မံမကျရောက်ရအောင် သူ့ကို ကယ်တင်ခဲ့သည်ဆိုသော အမျိုးအမည်မသိရသူကို ထန်းပင်ရင်းတွင်ရပ်ကာ ခင်အုံသည် မျက်စိတစ်ဆုံး ငေးမောကြည့်ရှုရင်းကျန်ရစ်ခဲ့၏။ မိုးကုပ်စက်ဝိုင်းအလွန်တွင် မြင်းစီးသမား ပျောက်ကွယ်၍သွားတော့မှပင် ခင်အုံသည် ထိုသူကို မေတ္တာပို့ရင်း ထန်းတောရွာကြီးအတွင်းသို့ စိတ်အေးချမ်းသာ ဝင်လာခဲ့၏။

စည်သာမြို့၏ လှခေါင်မင်းကို ထန်းတောကြီးရွာအဝင်တွင် ကောင်းစွာချထားပေးခဲ့ပြီးနောက် မြင်းကို အနားမပေးဘဲ ကြိမ်တို့ပြီးရင်း တို့လာခဲ့သော ကြေးစားသမားအောင်ကြီးသည် နေဝင်သွားပြီးနောက် ညီအစ်ကို မသိတသိ အချိန်လောက်တွင် စည်သာမြို့၏ မြို့တံခါးဝသို့ဆိုက်လာ၏။ စည်သာမြို့အဝင်တံခါးဝသို့ရောက်ရှိသောအခါ အောင်ကြီးသည် မြင်းကုန်းနှီးထက်မှ လွှားခနဲခုန်ဆင်းလိုက်၏။ ထို့နောက် ကွယ်လွန်သူတောပုန်းကြီးဗိုလ်တောက်ထွန်း၏ မြင်းဆိုးကြီးကို မင်းဝံချောင်းရိုးဘက်သို့ ခေါင်းလှည့်ကာ ကြိမ်နှင့် လေးငါးချက်မျှ ဆင့်ကာ ဆင့်ကာ ရိုက်သွင်းလိုက်၏။ ကုန်းနှီးထက်တွင် ဝန်မရှိတော့သဖြင့် ဗိုလ်တောက်ထွန်း၏မြင်းဆိုးကြီးသည် မင်းဝံချောင်းရိုးအတိုင်း ကဆုန်ပေါက်၍ပြေး၏။




စည်သာမြို့စောင့်တံခါးမှူးက တံခါးဖွင့်မပေးမီ အောင်ကြီးသည် မြို့အပြင်ဘက်တွင်ရပ်ကာ ဘာမျှမမြင်ရလောက်အောင် မှောင်နှင့်မည်းမည်းဖြစ်နေသော မင်းဝံချောင်းဖျားဘက်ဆီသို့ လှမ်းမျှော်၍ ကြည့်ရှုလျက်ရှိ၏။ ထိုသို့ လှမ်းမျှော်ကြည့်ရှုလျက်ရှိစဉ် သူ၏ မနောအာရုံတွင် အနိဋ္ဌာရုံတစ်ခုနှင့် ဣဋ္ဌာရုံတစ်ခုကိုလည်း ပြန်လည်မြင်ယောင်နေပုံရ၏။ အနိဋ္ဌာရုံဆိုသည်မှာ ဦးခေါင်းပြတ်နေသော တောပုန်းကြီးဗိုလ်တောက်ထွန်း၏ ရုပ်ကလာပ်ကြွင်းဖြစ်၏။ ဣဋ္ဌာရုံဆိုသည်မှာတော့ ကြေးစားသမားကြီးတစ်ဦးကို "ကျေးဇူးတင်လိုက်တာရှင်" ဟု ပြောဆိုသွားခဲ့သော မိန်းမလှတစ်ဦးဖြစ်၏။

စည်သာမြို့စောင့်တံခါးမှူးက ပိတ်ထားသော မြို့တံခါးကိုဖွင့်ပေးလိုက်သောအခါ ကြေးစားအောင်ကြီးသည် သက်ပြင်းကိုချရင်း သူ့အတွက် ထောင့်တစ်သက် လွတ်ရက်မရှိနိုင်သော နယ်မြေအတွင်းသို့ တစ်လှမ်းချင်း လေးလေးလံလံဝင်လာခဲ့လေ၏။

**တင်အောင်**

❐

စည်သာမြို့စောင့်တံခါးမှူးက တံခါးဖွင့်မပေးမီ
အောင်ကြီးသည် မြို့အပြင်ဘက်တွင် ရပ်ကာ
ဘာမျှ မမြင်ရလောက်အောင် မှောင်နှင့်မည်းမည်းဖြစ်နေသော
မင်းဝံချောင်းဖျားဘက်ဆီသို့ လှမ်းမျှော်၍ ကြည့်ရှုလျက်ရှိ၏။
ထိုသို့ လှမ်းမျှော်ကြည့်ရှုလျက်ရှိစဉ်
သူ၏ မနောအာရုံတွင် အနိဋ္ဌာရုံတစ်ခုနှင့်
ဣဋ္ဌာရုံတစ်ခုကိုလည်း ပြန်လည်မြင်ယောင်နေပုံရ၏။
အနိဋ္ဌာရုံဆိုသည်မှာ ဦးခေါင်းပြတ်နေသော
တောပုန်းကြီးဗိုလ်တောက်ထွန်း၏ ရုပ်ကလာပ်ကြွင်းဖြစ်၏။
ဣဋ္ဌာရုံဆိုသည်မှာတော့
ကြေးစားသမားကြီးတစ်ဦးကို "ကျေးဇူးတင်လိုက်တာရှင်" ဟု
ပြောဆိုသွားခဲ့သော မိန်းမလှတစ်ဦးဖြစ်၏။
စည်သာမြို့စောင့်တံခါးမှူးက
ပိတ်ထားသော မြို့တံခါးကိုဖွင့်ပေးလိုက်သောအခါ
ကြေးစားအောင်ကြီးသည် သက်ပြင်းကိုချရင်း
သူ့အတွက် ထောင့်တစ်သက် လွတ်ရက်မရှိနိုင်သော
နယ်မြေအတွင်းသို့ . . .



# မင်းမော်တင်အောင်

## ကြေးစား

ISBN 9789997130709
BMT16
9 789997 130709
3,000.00 KS